293

အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ပဋ္ဌာန်းပါဠိတော်ရေးထားတော်

ဒုတိယတွဲ

သာသနာရေး ဦးစီးဌာန သို့
အရှင် ဂ၊ဝိဒမှ
လှူမျိုးပါသည်။

သာသနာ ၂၅၁၉ ခေါင်း ၁၃၃၃ စက်တင်ဘာလ ၁၉၇၅

ဆဋ္ဌသင်္ဂီတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
၁၃၃၈-ခု၊ ဝါခေါင်လတွင် ရိုက်ကူးသည်။

အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး

၃တိယတွဲ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၉ ခေါဇာ ၁၃၃၇ စက်တင်ဘာ ၁၉၇၅

ထုတ်ဝေသူ။ ။ဦးညိုမောင်၊ မှတ်ပုံတင်အမှတ် (၀၁၆၇၇၀)၊ တွဲဘက်အကျိုးဆောင် အတွင်းရေးမှူး ဗုဒ္ဓသာသနာနှင့်ဟာအဖွဲ့ချုပ်၊ အမှတ် ၁၆၊ သာသနာ့ရိပ်သာ ဟာမစ်တစ်လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၇၃၂၀)

၂၄၇၂ခု

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူး ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၇၇၉) က ပုံနှိပ်သည်။

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ဆဋ္ဌမပိုင်း	**၁-မှ-၇၇**
(ဆဋ္ဌမပိုင်း) တရားအနုသန္ဓေ	၁
အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ	၁
သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ	၂
ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးတွေ	၃
ဝိညာဏ်ကြောင့် နာမ်ရူပ်ဖြစ်သည်	၃
အာယတနကြောင့် ဖဿဖြစ်သည်	၈
ခေတ်ပေါ် ဝတ္ထုအာရုံတွေကို တွေ့နေတာမျိုးပါဘဲ	၉
အာရုံကို တွေ့တော့ ခံစားမှုဖြစ်သည်	၁၀
ဝေဒနာပစ္စယာ တဏှာ	၁၃
နတ်တွေဟာ ပြိတ္တာနဲ့ တူတယ်	၁၄
တဏှာ ၆-ပါး	၁၅
သဘောအာရုံကို တောင့်တပုံ	၁၆
တဏှာ ၆-ပါးမှ ၁၀۸-ပါး	၁၇
ဝေဒနာကြောင့် တဏှာဖြစ်ပုံ	၁۸
တဏှာဖြစ်လျှင် သံသရာစက် လည်သွားသည်	၂၁
တဏှာမဖြစ်လျှင် သံသရာစက် ပြတ်သည်	၂၂
အောက်မင်္ဂလာဖြင့်လဲ ငြိမ်းတန်သမျှ ငြိမ်းတယ်	၂၅
ဝိပဿနာဖြင့်လဲ တဒင်္ဂတော့ ငြိမ်းပါတယ်	၂၅
ငြိမ်းဘူးတဲ့ သာဓက မဟာတိဿမထေရ်ဝတ္ထု	၂၇
ကြက်တူရွေးတောင် ထင်နိုင်ပါသေးတယ်	၂۸
ကြက်တူရွေးဝတ္ထု	၂۸

အကြောင်းအရာ	စာမျက်နှာ
မဟာတိဿမထေရ်ဝတ္ထုအဆက်	၃၀
ရှုတိုင်း ရှုတိုင်း ကိလေသာ, ကံ, ဝိပါက် ငြိမ်းတယ်	၃၂
ပစ္စုပ္ပန်အကျိုးကို မြှီပြီး အကြောင်းတရား ဖြစ်ပေါ်လာပုံ	၃၂
ချုပ်စပ်သော့ချက်က ဖြတ်တဲ့နည်း	၃၅
ဥဒေါင်းမင်းဝတ္ထု	၄၀
စောင်းသံကြောင့် သေရတဲ့ အမျိုးသမီး	၄၀
ကြားရမှု မမြဲတာကတော့ အလွန်ထင်ရှားပါတယ်	၄၁
စားသီမှုက အရေးကြီးတယ်	၄၁
ထိတာနဲ့ သိတာကတော့ အများဆုံး မှတ်ရတာဘဲ	၄၃
ရှုပုံ ရှုနည်းကို ပြရခြင်းအကြောင်း	၄၄
ဝေဒနာကြောင့် တဏှာ ၃-ပါး ဖြစ်ပေါ်ပုံ	၄၅
သတ္တမပိုင်း	**၄၈-မှ-၁၀၀**
တဏှာပစ္စယာ ဥပါဒါနံ	၄၈
ဥပါဒါန် ၄-ပါး	၄၈
(၁) ကာမုပါဒါန်	၄၉
ရူပါရုံ ကာမဂုဏ်	၄၉
သဒ္ဒါရုံ ကာမဂုဏ်	၅၁
ဂန္ဓာရုံ ကာမဂုဏ်	၅၁
ရသာရုံ ကာမဂုဏ်	၅၂
ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်	၅၃
အခြေခံ ကာမဂုဏ်	၅၄
တဏှာမှ ကာမုပါဒါန် ဖြစ်လာပုံ	၅၅
(၂) ဒိဋ္ဌုပါဒါန်	၅၆
ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိဖြစ်ပုံ	၅၈
မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ	၆၃

အကြောင်းအရာ	စာမျက်နှာ
ဒသဝတ္ထုက သမ္မာဒိဋ္ဌိဖြစ်ပုံ	၆၄
ဒါနဏ် တမလွန်အကျိုးလဲ ထင်ရှားသည်	၆၄
ကောင်းမှု မကောင်းမှု၏ အကျိုး	၆၆
မိဘကျေးဇူး	၆၇
တပါးသော လောကကို တွေ့မြင်နိုင်တဲ့နည်း	၆၈
မုခ္ဂ ကိန်းသေ ဆင်ခြင်ပုံ	၇၀
ပါရမီဆိုတာ ပညာသင်ရတာမျိုးဘဲ	၇၁
ဘုရားအလောင်းလို စွန့်ရဲပါ့မလား	၇၃
ဒိဋ္ဌပါဒါန်၌ အတိုချုပ်မှတ်ရန်	၇၄
(၃) သီလဗွတုပါဒါန်	၇၅
နွားလို ကျင့်ခြင်း	၇၆
ခွေးလို ကျင့်ခြင်း	၇၆
သတ္တဝါတို့၏ အလိုအကြိုက်က သိပ်ဆန်းကြယ်တာဘဲ	၇၇
ကောရခတ္တိယဝတ္ထု	၇၈
ယုတ်ညံ့သူက ယုတ်ညံ့တဲ့ အကျင့် နည်းလမ်းကို ကြိုက်သည်	၇၈
အနာဂတ်ဟော မိန့်ခွန်းတော်	၈၁
သီလဗွတခေါ်တဲ့ အလေ့အကျင့် အမျိုးမျိုး	၈၆
သီလဗွတုပါဒါန်၌ အတိုချုပ် မှတ်ရန်	၈၇
သောတာပန်မှာ သီလဗွတုပါဒါန် ကင်းပုံ	၈၈
ပုထုဇဉ်မှာ ဆရာများသည်	၉၀
လမ်းဆုံးထင်လျှင် စျာန်လဲ သီလဗွတမည်တာဘဲ	၉၁
ဥဒကရသေ့၏ စဲ့လမ်းပုံ	၉၂
(၄) အတ္တဝါဒုပါဒါန်	၉၃
အတ္တစဲ့ အမျိုးမျိုး	၉၅
သာမီအတ္တစဲ့	၉၆
နိဝါသီ အတ္တစဲ့	၉၇

အကြောင်းအရာ	စာမျက်နှာ
ကာရက အတ္တစ္ခဲ	၉၇
ဝေဒက အတ္တစ္ခဲ	၉၈
ခန္ဓာငါးပါး မဟုတ်ဟု ငြင်းပေမဲ့	၉၈
အတ္တဝါဒုပါဒါန်၌ အတိုချုပ်မှတ်ရန်	၉၈
တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ	၉၉

	အဌမပိုင်း	**၁၀၁-မှ-၁၅၅**
ဥပါဒါနပစ္စယာ ဘဝေါ		၁၀၁
(၁) ကမ္မဘဝ		၁၀၁
(၂) ဥပပတ္တိဘဝ ၉-ပါး		၁၀၂
မေဏ္ဍကသေဋ္ဌေးကြီးဝတ္ထု		၁၀၃
ဆုတောင်းပြည့်ပုံ		၁၀၇
ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံ		၁၀၈
ပုဗ္ဗရတ္တဇာတ်		၁၀၉
ကမ္မဘဝဖြစ်ပုံ အဆက်		၁၁၀
ကောင်းမှုကလဲ **အ**မှားအမှန် ၂-မျိုးရှိတယ်		၁၁၁
ကောင်းမှုကံ မှားတွေ		၁၁၁
မှန်ကန်သောတရား ကြားရလျှင် ကောင်းမှုဖြစ်တယ်		၁၁၄
ကောင်းမှုမှန် စိစစ်ချက်		၁၁၅
ကုသိုလ်ကမ္မဘဝဖြစ်ပုံ		၁၁၆
ကမ္မဘဝကြောင့် ဇာတိပေါ်ပုံ		၁၁၇
ကံ ၄-ပါး		၁၁၈
အဇာတသတ်မင်းဝတ္ထု		၁၁၉
ကြင်းသော ကံကြီး ၃-ပါး		၁၂၉
အာစိဏ္ဏကံခေါ် ဗဟုလကံ		၁၃၀
အာသန္နကံ		၁၃၁

အကြောင်းအရာ	စာမျက်နှာ
သုတရှင်တို့ စဉ်းစားဘွယ်	၁၃၂
ကဋ္ဌတ္ထာဝကံ	၁၃၃
ဇာတိပေါ်လာပုံ	၁၃၃
ဇာတိကြောင့် ဇရာမရဏ စသည် ပေါ်လာပုံ	၁၃၆
လူ့ဘဝမှာဖြစ်မိယင် အိုနာသေကို ရှောင်လို့မရ	၁၃၆
အို, နာ, သေဘေး ရှောင်ပြေးလို့ မလွတ်	၁၃၇
စိုးရိမ်ပူဆွေးခြင်း	၁၃၉
ငိုကြွေးရခြင်း	၁၄၂
ကိုယ်ဆင်းရဲအမျိုးမျိုး	၁၄၂
စိတ်ဆင်းရဲအမျိုးမျိုး	၁၄၃
ဆူး ၂-ချောင်း စူးတာနဲ့ တူတယ်	၁၄၃
စိတ်ဆင်းရဲ၏ အကြောင်းများ	၁၄၄
စိတ်နှလုံး ပြင်းစွာ ပူပန်ခြင်း	၁၄၅
အားလုံး ဆင်းရဲချည်းဘဲ	၁၄၅
နတ်ဘဝ၌ ဇာတိ ဇရာ မရဏ စသည်ဖြစ်ပုံ....	၁၄၇
သုဗြဟ္မနတ်သားဝတ္ထု	၁၄၉
ကာမုပါဒါန်ကြောင့် ရူပ, အရူပ, ကမ္မဘဝ စသည် ဖြစ်ပုံ	၁၅၂
အားကြီးတဲ့ တဏှာဟူသမျှကို ကာမုပါဒါန် ခေါ်သည်.... ...	၁၅၃
ဇရာမရဏကတော့ ဘယ်မှာဘဲဖြစ်ဖြစ် ရှိနေတာဘဲ	၁၅၄
နံဝမပိုင်း	**၁၅၆-မှ ၁၉၂**
ဒိဋ္ဌုပါဒါန်ကြောင့် ဘဝဖြစ်ပုံ	၁၅၆
နန္ဒကပေတဝတ္ထု	၁၅၇
သဿတဒိဋ္ဌုပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံ	၁၆၀
ဒိဋ္ဌမင်္ဂလာအစဲ့ စသည်ကြောင့်လဲ ကမ္မဘဝဖြစ်သည်	၁၆၀
စိတ္တသမ္ဘူတဇာတ်အကျဉ်း	၁၆၀

အကြောင်းအရာ	စာမျက်နှာ
ကောကမ္ဘူဆိုးဝတ္ထု	၁၆၈
ဒိဋ္ဌမင်္ဂလာအစဲ့ စသည်ကြောင့် ကုသိုလ်ကံလဲ ဖြစ်နိုင်ပါတယ်	၁၆၆
ကောသလမင်း၏ ယင်ဗအစီအရင်	၁၆၇
ဒု-သ-နု-သော ၏ အဓိပ္ပါယ်	၁၆၉
ဘာသာအယူအစဲ့ကြောင့်လဲ ကမ္မဘဝဖြစ်နိုင်တယ်	၁၇၁
ဝါဒစဲ့ကြောင့်လဲ ကမ္မဘဝ ဖြစ်နိုင်တယ်	၁၇၁
သီလဗ္ဗတုပါဒါန်ကြောင့် ဘဝဖြစ်ပုံ	၁၇၂
အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ	၁၇၅
ကောသလ အမေးနှင့် မလ္လိကာ အဖြေ	၁၇၆
ကိုယ့်ကိုယ်ဟာ အချစ်ဆုံး	၁၇၇
လောကဝေါဟာရ အတ္တကို ရည်ရွယ်ပါတယ်	၁၇၉
အမိသော်မ သားတော်ခဲ့	၁၈၀
အတ္တစဲ့ကြောင့် ကံဖြစ်ပုံ	၁၈၀
အရိယာမှာ ကာမုပါဒါန်သာ ရှိတယ်	၁၈၂
ဥဂ္ဂါသူကြွယ်ဝတ္ထု	၁၈၂
ဝိပဿနာကုသိုလ်ကံက ဘယ်ဥပါဒါန်ကြောင့်ဖြစ်သလဲ	၁၈၈
ဝိပဿနာကံကြောင့် ဘဝသစ် ဖြစ်ပါသေးသလား	၁၈၉
ဝိပဿနာက ဘဝမှ လွတ်မြောက်စေပုံ	၁၈၉
ဝိပဿနာ မရှုနိုင်လျှင် သံသရာစက် လည်သည်	၁၉၁

ဒသမပိုင်း

	၁၉၃-မှ ၂၃၇
အင်္ဂါ ၁၂-ပါး	၁၉၃
မူလ ၂-ပါးနဲ့ ဘဝစက် ၂-ပါး	၁၉၃
ကာလ ၃-ပါး	၁၉၄
အတိတ်အကြောင်းငါးပါး	၁၉၄
သခ်ါရနှင့် ကမ္မဘဝခဲ့ပုံ	၁၉၆

အကြောင်းအရာ	စာမျက်နှာ
အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်ပုံ	၁၉၇
ပစ္စုပ္ပန်အကျိုးငါးပါး....	၁၉၈
ခေါင်းစဉ် အမည်လောက် ရထားတဲ့သူက အထင်သေးတတ်တယ်	၂၀၀
အကျဉ်းချုပ် သုတမယဉာဏ်	၂၀၀
ပစ္စုပ္ပန်အကြောင်းငါးပါး ဖြစ်ပေါ်လာပုံ	၂၀၄
ပစ္စုပ္ပန်အကြောင်းကို ပယ်ပုံ	၂၀၇
ရဟန္တာ၏ အမြင် .... –	၂၀၉
သေရတာလဲ အလိုမရှိ၊ နေရတာလဲ အလိုမရှိ	၂၁၀
ပုဂ္ဂိုလ်သေပျက်တာ မဟုတ်၊ ဆင်းရဲငြိမ်းတာ	၂၁၂
ပရိနိဗ္ဗာန်ကို သဘောမပေါက်လျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တတ်သည်	၂၁၃
ယမကရဟန်းဝတ္ထု	၂၁၄
ဆင်းရဲငြိမ်းပုံ အကျဉ်းချုပ်	၂၁၇
ဝဇိရာထေရီဝတ္ထု	၂၁၇
ပရမတ္ထအားဖြင့် နာမ်ရုပ် အကြောင်းအကျိုးမျှသာ ရှိသည်	၂၁၉
အလ္ဘာ ၄-ခု	၂၂၁
အခြင်းအရာ သရုပ် ၂၀-ရှိတယ်	၂၂၂
ဝဋ် ၃-ပါး လည်နေပုံ	၂၂၂
သံသရာဝဋ်ဆင်းရဲ ပြတ်ပုံ	၂၂၃
ကမ္မဝဋ်, ဝိပါကဝဋ်မျှဖြင့် ဘဝ်ဖြစ်ပုံ	၂၂၄
နည်းလေးပါး	၂၂၆
ကေတ္တနည်း	၂၂၆
သာတိရဟန်းဝတ္ထု	၂၂၇
နာနတ္တနည်း	၂၃၀
အဗျာပါရနည်း	၂၃၄
ဝေဒနာမူတာနည်း	၂၃၅

| အကြောင်းအရာ | | |

| အကြောင်းအရာ | | |

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး. ဒုတိယတွဲ၌ ပြင်ဖတ်ရန်

မျက်နှာ	စာကြောင်း	ရှိရင်း	ပြင်ဖတ်ရန်
၂၆	၁၉	အာရုံတိုင်းမှာ	အာရုံတိုင်းမှာ
၃၃	၁၃	ဒါလိုဆိုယင်	ဒီလိုဆိုယင်
၆၀	၂၀	ဥပပတ်	ဥပပါတ်
၇၀	၂၂	ကမတာ့	ကတော့
၇၇	၂၆	ပုဏ္ဏကသရဏာဂုံ	ပုဏ္ဏ–က သရဏာဂုံ
၁၁၆	၁၇	ရှိသည် ဖြစ်၏။	ရှိသည် ဖြစ်၍
၁၁၉	၉	မကယ်နှိုင်	မကယ်နှိုင်
၁၃၃	၃	အရောင်းအလင်း	အရောင်အလင်း
၁၄၈	၁၂	စိတ်ဆင်းနေရတာ	စိတ်ဆင်းရဲနေရတာ
၂၃၅	၁၂	ကိန်းသေး	ကိန်းသေ
၂၃၆	၂၅	သင့်အမျှ	သင့်သမျှ
၂၄၀	၁	အစပ်လို့ဘဲ	အစပ်လို
၂၇၉	၂၂	ရုပ်သခ်ါရတွေက	ရုပ်နာမ်သခ်ါရတွေက

စာမျက်နှာအညွှန်းအတွက် သတိပြုရန်

၁၀၂	၁ (ပဌမအုပ် နှာ ၄၈-မှာ) ဤသို့သော အညွှန်းများမှာ ယခု ဒုတိယအကြိမ်ရိုက် စာအုပ်မှ စာမျက်နှာ ဖြစ်ပါသည်။

ပဋ္ဌာန်းသမုဒ္ဒါဒိ တရားတော်ကြီး

ဒုတိယတွဲ

၁၃၂၄-ခု၊ ဝါဆိုလကွယ်နေ့ ဟောသည်။

ဆဋ္ဌမပိုင်း

[ဤဆဋ္ဌမပိုင်းသည် ဒုတိယတွဲ၏ အစပိုင်းဖြစ်သောကြောင့် ဤအပိုင်း၌ နောက်ကြောင်းပြန်၍ ဟောထားသော အနုသန္ဓေစကားရပ်တို့ကိုလည်း မချုံးဘဲ မူလက ဟောခဲ့ရင်း အတိုင်းပင် ဖော်ပြအုံ၊ အလိုမရှိလျှင် ယင်းအနုသန္ဓေကို ကျော်၍ ဖတ်ပါ။]

(ဆဋ္ဌမပိုင်း) တရားအနုသန္ဓေ

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီးကို လွန်ခဲ့တဲ့ ၅-သိတင်းက ဟောခဲ့တာဟာ "ဖဿပစ္စယာ ဝေဒနာ-ဖဿကြောင့် ဝေဒနာဖြစ်သည်"ဆိုတဲ့ အပိုဒ်ထိအောင် ပြီးခဲ့ပြီ၊ ယနေ့ ဟောဘို့ရာကတော့ "ဝေဒနာပစ္စယာ တဏှာ-ဝေဒနာကြောင့် တဏှာဖြစ်သည်"ဆိုတဲ့အပိုဒ်ကို ဟောဘို့ပါဘဲ။ ဆောင်ပုဒ်လက်ခံအရဆိုယင်လဲ–

အမှန်မသွား အမှားမြင်ကာ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး ရည်မြော်ကိုးလျက် သုံးမျိုးမှုကံ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်–ဆိုတဲ့ အပိုဒ်အထိ ဟောပြီးခဲ့ပါပြီ။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ

အဲဒီမှာ နောက်ကြောင်းကလေး နဲနဲပြန်ပြောလိုက်ကြဦးစို့။ သစ္စာလေးပါး တရားတွေကို အမှန်အတိုင်း မသိလို့ ပြောင်းပြန်အထင်မှားပြီးသိတာက အဝိဇ္ဇာ

တဲ့။ ဘယ်လိုအထင်မှားသလဲဆိုယင်–မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ထင်ရှားတွေ့နေရတာတွေက ဒုက္ခသစ္စာ-ဆင်းရဲအမှန်တရားတွေချည်းဘဲ၊ ခဏမစဲ ဖြစ်ပျက်နေလို့ ဘာမျှအားမကိုးလောက်တဲ့ တရားတွေချည်းဘဲ။ ဒါပေမဲ့ ခဏမစဲ ဖြစ်ပျက်နေတာကို မသိရတဲ့အတွက် အဲဒါတွေကို အမြဲတည်နေတယ် ချမ်းသာကောင်းစားတယ်လို့ ထင်နေကြတယ်။ ဒါကြောင့် အဲဒီချမ်းသာတွေကို ရချင်လို့ တနေ့ထက်တနေ့ ချမ်းသာလိမ့်နိုးနိုး၊ တဘဝထက် တဘဝ ချမ်းသာလိမ့်နိုးနိုးနဲ့ ရည်ရွယ်မြော်ကိုးပြီး စိတ်ကူး စဉ်းစားကြံစည်နေကြတယ်၊ နေ့ရှိသမျှ အချိန်ရှိသမျှ စိတ်ကူးကြံစည်နေကြတာဟာ ကောင်းစားချမ်းသာဘို့ချည်းဘဲ၊ မကောင်းဘို့ ဆင်းရဲဒုက္ခရောက်ဖို့ ဆိုတာကိုတော့ ဘယ်သူမျှ မစဉ်းစား မရည်ရွယ်ဘူး၊ ကောင်းဘို့ချည်း စိတ်ကူးစဉ်းစားနေကြတယ်။ အဲဒါဟာ စိတ်ကူးသက်သက်ဆိုယင် စိတ္တာသခ်ါရခေါ်တဲ့ မနောကံဘဲ။ ကြံစည်တဲ့အတိုင်း နှုတ်ကပြောဆိုယင် ဝစီသခ်ါရခေါ်တဲ့ ဝစီကံဘဲ။ ကိုယ်လက်လှုပ်ရှားပြီး ပြုလုပ်အားထုတ်ယင် ကာယသခ်ါရခေါ်တဲ့ ကာယကံဘဲ။ ဒါကြောင့် အမှန်မသွား အမှားမြင်ကာ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး ရည်မြော်ကိုးလျက် သုံးမျိုးမှကံ ပြုစီမံ၍-လို့ ဆိုထားပါတယ်။

ဟနည်းအားဖြင့် ဒီကံသုံးပါးကို ကုသိုလ်ကံဆိုယင် ပုညာဘိသခ်ါရခေါ်တယ်၊ အကုသိုလ်ကံဆိုယင် အပုညာဘိသခ်ါရခေါ်တယ်၊ အရူပကုသိုလ်ကိုတော့ အာနေဉ္ဇာဘိသခ်ါရ ခေါ်တယ်။ ဒီသုံးမျိုးထဲမှာ အာနေဉ္ဇာဘိသခ်ါရဆိုတာလဲ ကုသိုလ်ပါဘဲ။ ဒါကြောင့် အကျင့်ချုပ်အားဖြင့်ဆိုယင် ကြံစည်သမျှ ပြုလုပ်သမျှ ပြောဆိုသမျှအမှုတွေဟာ ကုသိုလ်ကံနဲ့ အကုသိုလ်ကံတွေချည်းပါဘဲ။

သခ်ါရကြောင့် ဝိညာဏ်ဖြစ်ပုံ

အဲဒီသခ်ါရသုံးမျိုးဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံဖြစ်တော့ ဒီကံကြောင့် ဘဝသစ်ဝိညာဏ်ဖြစ်ရတယ်။ ဖြစ်ပုံကတော့–သေခါနီးကာလမှာ မိမိကိုယ်တိုင် ပြုထားတဲ့ အမှုကလေးယင်လဲ ပေါ်လာတယ်၊ အဲဒီအမှုပြုလုပ်တုန်းက တွေ့ခဲ့ရတဲ့ အခြေအနေတွေယင်လဲ ပေါ်လာတယ်၊ အဲဒီကံကြောင့် ဖြစ်ရမည့်ဘဝက အခြေအနေတွေယင်လဲ ပေါ်လာတယ်။ အဲဒီသုံးမျိုးထဲက တမျိုးမျိုး ထင်ပေါ်

နေတုန်းမှာ ဘဝဟောင်းက စိတ်အစဉ်ပြတ်စဲသွားတယ်။ အဲဒီလို ဘဝဟောင်းက စိတ်အစဉ်ပြတ်ပြီး သေလိုက်တာနဲ့တပြိုင်နက် သေခါနီးက ထင်ပေါ်ခဲ့တဲ့ အာရုံကိုစွဲပြီး ဘဝသစ်မှာ စိတ်အသစ်ဖြစ်ပေါ်လာတယ်၊ အဲဒီစိတ်အသစ်က ဆက်ပြီး အဲဒီတဘဝလုံး စိတ်အစဉ်မပြတ် ဖြစ်သွားပြန်တယ်။ အဲဒါဟာ သင်္ခါရ-ပစ္စယာ ဝိညာဏံ–သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံပါဘဲ။ အဲဒီဝိညာဏ်ဟာ အာရုံအကြောင်းအထူးမရှိယင် သေခါနီးက စွဲခဲ့တဲ့အာရုံကိုဘဲ အာရုံပြုပြီး ထပ်ကာထပ်ကာ မပြတ်ဖြစ်နေတယ်၊ အဲဒါကို "ဘဝင်-ဘဝင်စိတ်"လို့ ခေါ်တယ်။ ဘဝင်ဆိုတာဘဝ၏အစိတ်အပိုင်းလို့ ဆိုလိုပါတယ်၊ အဲဒီဘဝင်စိတ် အရှိန်အဟုန် မကုန်သေးလို့ ထပ်ကာထပ်ကာ ဖြစ်နေသမျှကာလပတ်လုံး အဲဒီဘဝမှာ အသက်ရှင်နေတယ်လို့ဆိုရတယ်။

အာရုံအထူးတွေ ထင်ပေါ်လာတဲ့ အခါမှာတော့ အဲဒီဘဝင်စိတ်က နိုးလာသလိုဘဲ မြင်သိတဲ့စိတ်, ကြားသိတဲ့စိတ် စသည်တွေ ဖြစ်ပေါ်လာတယ်။ အဲဒီလို ဖြစ်ပုံကို "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"စသည်ဖြင့် ဟောထားပါတယ်။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ၊ မျက်စိနဲ့အဆင်းကို စွဲမှီ၍။ စက္ခုဝိညာဏံ၊ မြင်သိမှု စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ မျက်စိထဲမှာ အဆင်းရူပါရုံ ထင်ပေါ်လာတဲ့အခါ မြင်သိမှုကလေး ဖြစ်သွားတယ်၊ အဲဒါဟာ စက္ခုဝိညာဏ် ခေါ်တဲ့ စိတ်ပါဘဲ၊ သူလဲ သင်္ခါရကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ်အရထဲမှာ ပါဝင်ပါတယ်။ သင်္ခါရကြောင့် စိတ်ဝိညာဏ်ဖြစ်တယ်ဆိုတာဟာ ပဋိသန္ဓေကစပြီး စုတိတိုင်အောင် တဘဝလုံးက စိတ်ဝိညာဏ်တွေ အကုန်လုံးကို ဆိုလိုပါတယ်။ ဒါကြောင့် မြင်သိတဲ့ စက္ခုဝိညာဏ်စိတ်ဟာ အဲဒီတဘဝလုံးက စိတ်တွေထဲမှာ တစိတ်တပိုင်းအဖြစ်နဲ့ ပါဝင်နေပါတယ်။

ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးတွေ

ဒီမြင်တဲ့စိတ်ဟာ ကောင်းတာကို မြင်တာလဲ ရှိတယ်၊ မကောင်းတာကို မြင်တာလဲ ရှိတယ်။ ကောင်းတာကို မြင်တာက ကုသလဝိပါက်စက္ခုဝိညာဏ်တဲ့၊ ရှေးဘဝ ရှေးကာလက ပြုခဲ့တဲ့ကုသိုလ်ကြောင့်ဖြစ်တဲ့ မြင်သိစိတ်လို့ ဆိုလိုပါတယ်၊ ရှေးကပြုထားတဲ့ ကုသိုလ်ကံများတဲ့ သူတွေမှာ လှလှပပ တင့်တင့်

တယ်တယ် ရှုချင်စဖွယ် အကောင်းတွေကို မြင်တွေ့နေရတာဘဲ မျှားပါတယ်၊ အပေါင်းအဖော်တွေ အိမ်သူအိမ်သားတွေ အဝတ်အထည်တွေ နေရာထိုင်ခင်းတွေ စသည်ဖြင့် အကောင်းတွေကိုချည်း မြင်ရတာမျှားတယ်၊ အဲဒါဟာ ကုသိုလ်သခ်ါရကြောင့် ဖြစ်ပေါ်တဲ့ ကောင်းကျိုးဝိပါက်စိတ်ပဲ။ မကောင်းတာတွေကို မြင်ရတာကတော့ အကုသလဝိပါက်စက္ခုဝိညာဏ်တဲ့၊ ရှေးဘဝ ရှေးကာလက ပြုခဲ့တဲ့ အကုသိုလ်ကြောင့်ဖြစ်တဲ့ မြင်သိစိတ်လို့ ဆိုလိုပါတယ်၊ ရှေးကပြုထားတဲ့ အကုသိုလ်ကံမျှားတဲ့ သူတွေမှာ ရုံစရာ မုန်းစရာ ကြောက်စရာကောင်းတဲ့ အမြင်ဆိုးတွေကို မြင်တွေ့နေရတာဘဲ မျှားနေတတ်တယ်၊ အပေါင်းအဖော်တွေ အိမ်သူအိမ်သားတွေကလဲ အရုပ်ဆိုးတွေ, အဝတ်အထည် နေရာထိုင်ခင်းတွေကလဲ အဟောင်းအညှံ့ အစုတ်အနုပ်တွေ, ဘေးပတ်ဝန်းကျင်ကလဲ ကြောက်စရာ လန့်စရာတွေ ဒီလို အမြင်ဆိုးတွေကိုချည်း မြင်ရတာ မျှားနေတတ်တယ်၊ အဲဒါဟာ အကုသိုလ်သခ်ါရကြောင့် ဖြစ်ပေါ်တဲ့ မကောင်းကျိုး ဝိပါက်စိတ်ပဲ။ အဲဒီ အကောင်းအဆိုး မြင်ရတာတွေဟာ ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ သခ်ါရကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ်ချည်းပါဘဲ။

ထိုအတူ "သောတဉ္စ ပဋ္ဌိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ" ဆိုတဲ့ ဒေသနာတော်နှင့်အညီ နားနဲ့အသံကို စွဲမှီပြီး ကြားသိမှု သောတဝိညာဏ်စိတ် ဖြစ်ပေါ်တယ်၊ အဲဒါလဲ "သခ်ါရပစ္စယာ ဝိညာဏံ" ဆိုတဲ့ ဒေသနာတော်နှင့် အညီ သခ်ါရကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ်ဘဲ၊ ကုသိုလ်ကံသခ်ါရကြောင့် ကောင်းတဲ့အသံ ချိုချိုသာသာပြောတဲ့ စကားလေးတွေကို ကြားရတယ်၊ အကုသိုလ်ကံ သခ်ါရကြောင့် ဆိုးတဲ့အသံ ဆဲဆိုခြင်း ခြိမ်းချောက်ခြင်း မာန်မဲခြင်းအစရှိတဲ့ အသံဆိုးတွေ မကြားကောင်း မနာသာတွေကို ကြားရတယ်။ ကံကောင်းတဲ့ သူမှာ ချိုချိုသာသာနဲ့ ပြောမည့်သူတွေကို တွေ့ရတယ်၊ ကံမကောင်း အကြောင်းမသင့်တဲ့ သူတွေမှာတော့ ဆဲဆို ငေါက်ငမ်းမဲ့သူတွေ ကြိမ်းမောင်းမဲ့ သူတွေကိုသာ တွေ့နေရတတ်တယ်။ အဲဒါက လူ့လောကမှာ တွေ့ရပုံပဲ။ တိရစ္ဆာန်လောက ပြိတ္တာလောကမှာတော့ ကြောက်စရာ လန့်စရာ အသံတွေ မကောင်းတဲ့အသံတွေကို ကြားနေရတာကဘဲ မျှားပါတယ်။ ငရဲလောကမှာ တော့ ကောင်းတဲ့အသံဆိုယင် မကြားရသလောက်ပဲ ရှိနေပါတယ်၊ ဒါကြောင့်

အဲဒီဝရဲဘုံတေ့ကို **ဆဖဿာယတနိကဒုက္ခ**ဌာနတေ့လို့ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်၊ မြင်တိုင်း ကြားတိုင်း တေ့တိုင်း ကြုံသိတိုင်း ဒုါရ ၆-ပါးက ဖဿ ၆-ပါးဖြစ်တိုင်း ဒုက္ခဝေဒနာ-ဆင်းရဲကဲ့ ခံစားမှုဖြစ်ဖို့ရာ အဆိုးတေ့ကို ချည်း တေ့ရတဲ့ ဌာနတေ့လို့ ဆိုလိုပါတယ်။ အချုပ်အားဖြင့် ပြောရယင် ကောင်းတာကို ကြားရတာက ကုသိုလ်၏အကျိုးဝိပါက်စိတ် မကောင်းတာကို ကြားရတာက အကုသိုလ်၏ အကျိုးဝိပါက်စိတ်၊ ဒါကြောင့် ကြားသိရတာ ဟူသမျှဟာ ကုသိုလ်ကံ အကုသိုလ်ကံ သင်္ခါရကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ် ချည်းပါဘဲ။

ထို့အတူ နံသိမှု ဖြစ်ရာမှာလဲ ကောင်းတဲ့အနံ့ကို နံရယင် ကုသိုလ်၏အကျိုး ဝိပါက်စိတ်, မကောင်းတဲ့အနံ့ကို နံရယင် အကုသိုလ်၏ အကျိုးဝိပါက်စိတ်၊ ဒါကြောင့် နံသိရတာဟူသမျှလဲ ကုသိုလ်ကံ အကုသိုလ်ကံ သင်္ခါရကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ်ချည်းပါဘဲ။

ထို့အတူ စားသိရာမှာလဲ ကောင်းတာကို စားရယင် ကုသိုလ်၏အကျိုး ဝိပါက်စိတ်, မကောင်းတာကို စားရယင် အကုသိုလ်၏ အကျိုးဝိပါက်စိတ်ပဲ။ တချို့မှာ ရှေးကံကညံ့တော့ ရောဂါဝေဒနာက နှိပ်စက်လို့ အမြဲတမ်းလိုဘဲ မကျန်းမမာ ဖြစ်နေတယ်၊ ကောင်းတဲ့အရသာတေ့ကို မစားရဘူး၊ စားလဲ မစားဝံ့ဘူး၊ အစာအာဟာရအညံ့တေ့ကိုသာ စားနေရတယ်၊ အရသာဆိုးတဲ့ ဆေးတေ့ကိုသာ စားသောက်နေရတယ်၊ အဲဒါဟာ အကုသိုလ်၏ အကျိုးဖြစ်တဲ့ ဇီဝါဝိညာဏ်စိတ်တေ့ မျှားစွာ ဖြစ်နေတာပါဘဲ။ ဒါကြောင့် စားသိရတာဟူသမျှလဲ ကုသိုလ်ကံ အကုသိုလ်ကံ သင်္ခါရကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ်ချည်းပါဘဲ။

ထို့အတူ ကိုယ်က တေ့ထိရာမှာလဲ နူးညံ့ချောညက်တဲ့ အတေ့, အလောတော်တဲ့ အနွေးအအေးအတေ့, နေကောင်း ထိုင်သာ ကျန်းမာတဲ့ ကိုယ်တွင်း အတေ့ အစရှိတဲ့ အတေ့ကောင်းမျှားနဲ့ တေ့ထိရတာက ကုသိုလ်၏ အကျိုး ဝိပါက်စိတ်ပဲ၊ ရှေးကံကောင်းတဲ့သူမှာ ကိုယ်အလိုရှိတဲ့ အတေ့အာရုံတေ့နဲ့ အလို ရှိတိုင်း တေ့ပြီး ခံစားနေရတယ်။ ကြမ်းတမ်းတဲ့ ဆူးငြောင့်ခလုပ်စသော အတေ့, အလွန်ပူ အလွန်အေးတဲ့ ဥတုကြမ်း အတေ့, ရောဂါဆိုးအတေ့ အစ ရှိတဲ့ အတေ့ဆိုးမျှားနဲ့ တေ့ထိရတာက အကုသိုလ်၏ အကျိုးဝိပါက်စိတ်ပဲ၊ ကံ

မကောင်း အကြောင်းမသင့်တဲ့သူတွေမှာ ဒီလိုအတွေ့ဆိုးတွေနဲ့တွေ့ပြီး ဒုက္ခရောက်နေကြရတယ်။ တချို့မှာ ရောဂါဆိုးအတွေ့တွေနဲ့ တွေ့ထိပြီး အမြဲလိုလိုဘဲ အတိဒုက္ခရောက်နေကြရတယ်၊ အဲဒါဟာ သူတပါးကို ညှဉ်းဆဲနှိပ်စက်ခဲ့ဘူးတဲ့ အကုသိုလ်ရဲ့ အကျိုးဘဲလို့ ယူရပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက—

ဗဟုဒုက္ခသံဝတ္တနိကာ ခေသာ မာဏဝ ပဋ္ဌိပဒါ ယဒိဒံ သတ္တာနံ ဝိဟေဋ္ဌကဇာတိကော ဟောတိ–

လို့ ဟောတော်မူပါတယ်။ (မ ၃-၂၄၅)

မာဏဝ၊ သုဘလုလင်။ ယဒိဒံ-ယော အယံ၊ အကြင်သူသည်။ သတ္တာနံ၊ သတ္တဝါတို့ကို။ ဝိဟေဋ္ဌကဇာတိကော၊ ညှဉ်းဆဲတတ်သော အလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူ၏။ ခေသာ ပဋ္ဌိပဒါ၊ ဤညှဉ်းဆဲသော အကျင့်သည်။ ဗဟုဒုက္ခသံဝတ္တနိကာ၊ အနာများခြင်းကို ဖြစ်စေတတ်သော အကျင့် ပေတည်း–တဲ့။

သူတပါးကို နှိပ်စက်ညှဉ်းဆဲတာဟာ အနာများခြင်း, မကျန်းမမာခြင်း၏ အကြောင်းဖြစ်တယ်တဲ့။ အဲဒီက ပြောင်းပြန် ပြန်ပြီး သူတပါးကို ကိုယ်ချင်းစာတရားနဲ့ သနားငဲ့ညှာပြီး မညှဉ်းဆဲတဲ့အကျင့်ဟာ အနာရောဂါကင်းခြင်း, ကျန်းမာခြင်း၏ အကြောင်းဖြစ်တယ်ဆိုတဲ့ အကြောင်းလဲ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါသေးတယ်။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်ကလေး စီထားတယ်။

ညှဉ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်-တဲ့။ အဲဒါကို ဆိုကြရမယ်။

ညှဉ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်။ (ဆို)

အဲဒါကတော့ အနာကင်းရှင်း ကျန်းမာချင်ကြလို့ရှိယင် ညှဉ်းဆဲမှုမှ ကြဉ်ရှောင်ကြဘို့ သြဝါဒပေးတဲ့ စကားပါဘဲ။ ယခု ဒီနေရာမှာ မှတ်သားထားဘို့ လိုရင်းကတော့ ကိုယ်တွင်းက အတွေ့နဲ့ဘဲ ဖြစ်ဖြစ်, ကိုယ်ပက အတွေ့နဲ့ဘဲ ဖြစ်ဖြစ်, ကောင်းတဲ့ အတွေ့နဲ့ဘဲ ဖြစ်ဖြစ်, ဆိုးတဲ့အတွေ့နဲ့ဘဲ ဖြစ်ဖြစ် ထိသိမှု

ဟူသမျှဟာ ကုသိုလ်ကံ အကုသိုလ်ကံ သခ်ါရကြောင့် ဖြစ်တဲ့ စိတ်ဝိညာဏ်ချည်း ဘဲလို့ မှတ်သားထားဘို့ပါဘဲ။

စိတ်ကူးစဉ်းစားကြံသိမှု ဖြစ်ရာမှာတော့ မနောဒ္ဒါရခေါ်တဲ့ ဘဝင်စိတ်ရယ်, နှလုံးသွင်းဆင်ခြင်တဲ့ အာဝဇ္ဇာန်းစိတ်ရယ်, မှီရာ ဝတ္ထုရူပ်ရယ်, ထင်ပေါ်လာတဲ့ အာရုံရယ်–ဒါတွေကို စွဲမှီပြီး ကြံသိမှုဆိုတဲ့ မနောဝိညာဏ် ဖြစ်တယ်၊ အဲဒါဟာ ဇော (၇) ကြိမ်နဲ့ တဒါရုံ (၂) ကြိမ်ဆိုတဲ့ စိတ်တွေပါဘဲ။ အဲဒီစိတ်တွေထဲမှာ တဒါရုံဆိုတာကတော့ ကုသိုလ်ကံ အကုသိုလ်ကံ သခ်ါရကြောင့်ဖြစ်တဲ့ ဝိပါက်ဝိညာဏ် အစစ်ပါဘဲ။ ကောင်းတဲ့အာရုံကို ကြုံမိတဲ့အခါ ကုသိုလ်၏အကျိုးဝိပါက် ဝိညာဏ်ဖြစ်တယ်၊ မကောင်းတဲ့အာရုံကို ကြုံမိတဲ့အခါမှာ အကုသိုလ်၏ အကျိုးဝိပါက်ဝိညာဏ် ဖြစ်တယ်။ ဒါကြောင့် တဒါရုံစိတ်တွေဟာ "သခ်ါရပစ္စ-ယာ ဝိညာဏံ" ဆိုတဲ့ ဒေသနာတော်နှင့်အညီ သခ်ါရကြောင့်ဖြစ်တဲ့ ဝိညာဏ်အစစ်ပါဘဲ။ ဇောဆိုတဲ့ စိတ်ကတော့ မုချအားဖြင့် သခ်ါရ၏အကျိုးမဟုတ်ပေဘူး၊ ဒါပေမဲ့ သခ်ါရ၏ အကျိုးဖြစ်တဲ့ ဘဝင်မှ ထပြီး ဖြစ်ပေါ်လာတဲ့အတွက် အာဘိဓမ္မာနည်းအရအားဖြင့် အဲဒီဇောစိတ်ကိုလဲ သခ်ါရကြောင့်ဖြစ်တဲ့ ဝိညာဏ်လို့ ဆိုရပါတယ်။

အဲ ယခုပြောခဲ့တာတွေဟာ သခ်ါရကြောင့် (မြင်သိမှု အစရှိတဲ့) ဝိညာဏ် ၆-ပါး ဖြစ်ပုံတွေပါဘဲ။ အဲဒါကို အလျင်သီတင်းတွေကလဲ ပြောခဲ့ပါပြီ။ ယခုထပ်ပြီး ပြောရတာကတော့ ဒီကနေ့ဟောမည့် တရားအသစ်နဲ့ ဆက်စပ်မိအောင်လို့ ပါဘဲ။ အဲဒီ ဝိညာဏ် ၆-ပါး ဖြစ်ပုံကို ဆောင်ပုဒ်လက်ဝဲထဲမှာ "သုံးမျိုးမှုကံ ပြုစီမံ၍ ဝိညာဏ်တွယ်စပ်"လို့ ဆိုထားပါတယ်။ ပြုမိတဲ့ ကံသုံးမျိုးကြောင့် ဘဝသစ်မှာ ဝိညာဏ် ၆-ပါး ဆက်စပ်ပြီးဖြစ်သွားတယ်လို့ ဆိုလိုတာပါဘဲ။

ဝိညာဏ်ကြောင့် နာမ်ရူပ်ဖြစ်သည်

အဲဒီလို ဝိညာဏ် ၆-ပါး ဆက်စပ်ပြီး ဖြစ်တော့ အဲဒီစိတ် ဝိညာဏ် ဖြစ်တိုင်း ဖြစ်တိုင်း တဲ့ဘက်စေတသိက် နာမ်ဘရားနဲ့ ရူပ်တရားတွေလဲ တပါတည်းပူးတွဲပြီး ဖြစ်ကြတယ်။ အဲဒါကို ဆောင်ပုဒ်ထဲမှာ "ဝိညာဏ်တွယ်စပ် နာမ်ရူပ်ကပ်လျက်" လို့ ဆိုထားပါတယ်။ အဲဒါဟာ "ဝိညာဏပစ္စယာ နာမရူပံ–ဝိညာဏ်ကြောင့်

နာမ်ရုပ်ဖြစ်ပေါ်တယ်” ဆိုတာကို ဖော်ပြတာပါဘဲ။ စိတ်ဝိညာဏ်ဖြစ်ယင် နာမ်ရုပ်တွင် မကသေးဘူး၊ သဠာယတနခေါ်တဲ့ အာယတန ၆-ပါးလဲ ထိုက်သည်အားလျော်စွာ ပါဝင်ပြီး ဖြစ်သေးတယ်၊ ဖဿ ၆-ပါးလဲ ပါဝင်ပြီး ဖြစ်သေးတယ်။ ဒါကြောင့် “ဝိညာဏ်တွယ်စပ် နာမ်ရုပ်ကပ်လျက် ၆-ရပ် အာယတန ဖဿ ၆-ဖြာ” လို့လဲ ဆောင်ပုဒ်မှာဆက်ပြီး ပြဆိုထားပါတယ်။ အဲဒါဟာ “နာမရူပပစ္စယာ သဠာယတနံ–နာမ်ရုပ်ကြောင့် အာယတန ၆-ပါး ဖြစ်ပေါ်သည်။ သဠာယတနပစ္စယာ ဖဿော–အာယတန ၆-ပါးကြောင့် ဖဿဖြစ်ပေါ်သည်” ဆိုတဲ့ ဒေသနာအရ ဖော်ပြထားတာတွေ့ ပါဘဲ။

အာယတနကြောင့် ဖဿဖြစ်သည်

စက္ခုဠ္ဠ ပဋ္ဌိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-စသည်ဖြင့် စက္ခုဝိညာဏ်စသော ဝိညာဏ် ၆-ပါး ဖြစ်ပုံက စပြီး ပြတဲ့ ဒေသနာမှာတော့ ဝိညာဏ်ဖြစ်ပြီး ဖဿဖြစ်ပုံကို “တိဏ္ဏံ သင်္ဂတိ ဖဿော”လို့ ပြထားပါတယ်။ တိဏ္ဏာ၊ ဒ္ဒါရ, အာရုံ, ဝိညာဏ်ဟူသော ၃-ပါးသော တရားတို့၏။ သင်္ဂတိ၊ ဆုံမိခြင်းသည်။ ဖဿော၊ အာရုံကိုတွေ့မှု ဖဿပေတည်း။ ဝါ၊ ဂရားသုံးပါး ဆုံမိခြင်းကြောင့် ဖဿဖြစ်ပေါ်သည်–တဲ့။

မြင်ဆဲခဏာ၌ မျက်စိရယ်, အဆင်းရယ်, မြင်သိမှုရယ်–ဒီတရားသုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ မြင်ရတဲ့ အဆင်းအာရုံကို မြင်သိစိတ်ထဲမှာ ထင်ရှားတွေ့သွားတယ်၊ အဲဒါဟာ ဖဿဘဲ။ ကြားဆဲခဏာ၌ နားရယ်, အသံရယ်, ကြားသိမှုရယ် ဒီတရားသုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ ကြားရတဲ့ အသံ အာရုံကို ထင်ရှားတွေ့သွားတယ်၊ ဒါလဲ ဖဿဘဲ။ နံဆဲခဏာ၌ နှာခေါင်းရယ်, အနံ့ရယ်,နံသိမှုရယ်–ဒီတရားသုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ နံရတဲ့ အနံ့အာရုံကို ထင်ရှားတွေ့သွားတယ်၊ ဒါလဲ ဖဿဘဲ။ စားဆဲခဏာ၌ လျှာရယ်, အရသာရယ်, အရသာသိမှုရယ်–ဒီတရားသုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ အရသာအာရုံကို ထင်ရှား တွေ့သွားတယ်၊ ဒါလဲ ဖဿဘဲ။ ထိသိဆဲခဏာ၌ ကာယပသာဒခေါ်တဲ့ ကိုယ်အကြည်ရုပ်ရယ်, အတွေ့ရယ်, ထိသိမှုရယ်–ဒီတရားသုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ ထိသိရတဲ့ အတွေ့အာရုံကို ထင်ရှားတွေ့သွားတယ်၊ ဒါလဲ ဖဿဘဲ။ ဒီ ကိုယ်အတွေ့

ဖယောကတော့ အလွန်ထင်ရှားပါတယ်၊ ကောင်းတဲ့ အတွေ့ကလေးတွေကို တွေ့ရတဲ့အခါ ကိုယ်ထဲမှာ အလွန်နေလို့ကောင်းပြီး ကိုယ်ရောစိတ်ပါ အလွန်ရှင်လန်းတက်ကြွနေတယ်၊ ကောင်းလိုက်တာ ကောင်းလိုက်တာနဲ့လဲ ချီးကျူးနေတတ်တယ်။ မကောင်းတဲ့ အတွေ့ဆိုးတွေကို တွေ့ရတဲ့အခါမှာတော့ ကိုယ်ထဲမှာ မခံမရပ်နိုင်အောင် မနေသာ မထိုင်သာဖြစ်ပြီး ကိုယ်ရောစိတ်ပါ အလွန်ညှိုးနွမ်းနေတယ်၊ နာလိုက်တာ ပူလိုက်တာ ဆင်းရဲလိုက်တာ စသည်ဖြင့် ညည်းညူလဲ ညည်းညူနေတတ်တယ်။

စိတ်ကူး စဉ်းစား ကြံသိဆဲခဏမှာတော့ နှလုံးရယ်, ကြံမိတဲ့ သဘောအာရုံရယ်, ကြံသိမှုရယ် – ဒီတရားသုံးပါး ဆုံမိတယ်၊ အဲဒီအခါမှာ ကြံမိတဲ့အာရုံကို စိတ်ကူးထဲမှာ ထင်ရှားတွေ့သွားတယ်၊ ဒါလဲ ဖယောပဲ။ ဒီဖယောကလဲ အလွန်ထင်ရှားပါတယ်၊ စိတ်ကူးကြံစည်တဲ့ အာရုံက တကယ်ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ, ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ စိတ်ကူးလိုက်တဲ့အတိုင်း အာရုံကတော့ ထင်ရှားပေါ်နေတာပဲ၊ အဲဒီအာရုံကို စိတ်ကူးထဲမှာ ထင်ရှားတွေ့နေတာပဲ။

ခေတ်ပေါ် ဝတ္ထုအာရုံတွေကို တွေ့နေတာမျိုးပါဘဲ

တနေ့က ခေတ်ပေါ် ဒဏ္ဍာရီဝတ္ထုဖတ်တဲ့ အကြောင်းကို ပြောခဲ့ပါတယ်။ အဲဒီခေတ်ပေါ် ဝတ္ထုစာအုပ်ကို ဖတ်တဲ့သူမှာ သူ့စာအုပ်ထဲက ပြထားတဲ့အတိုင်း အကုန်လုံး ထင်ရှားတွေ့နေတယ်၊ ရှာနေပုံ မြှိုနေပုံ လမ်းနေပုံ မြစ်ချောင်းနေပုံ တောတောင်နေပုံ အိမ်တိုက်အဆောက်အဦနေပုံ လူကြီးမိဘတွေပြောဆိုလုပ်ကိုင်နေပုံ လူငယ်လူရွယ်တွေရဲ့ အခြေအနေနဲ့ ဆက်သွယ်ပြုမူနေပုံ စသည်တွေကို စာဖတ်နေရင်း ထင်ရှား တွေ့နေတယ်၊ တွေ့တာမှ ရိုးတိုးရိပ်တိတ် မဟုတ်ဘူး၊ မဟုတ်မှန်း သိလျက်သားနဲ့ ဖျောက်လို့မရအောင် အထင်အရှားကို တွေ့ရတာ၊ ဒါကြောင့် ပျော်စရာအခက်းကို ဖတ်တဲ့အခါ ပျော်နေတယ်၊ ရယ်စရာအခက်းကို ဖတ်တဲ့အခါ ပြုံးရ ရယ်ရတယ်၊ စိတ်ဆိုးစရာအခက်းကို ဖတ်တဲ့အခါ စိတ်ဆိုးရတယ်၊ ဝမ်းနည်းစရာအခက်းကို ဖတ်တဲ့အခါ ဝမ်းနည်းရတယ်၊ သနားစရာအခက်းကို ဖတ်တဲ့အခါ သနားရတယ်။ အမှန်စင်စစ်ကတော့ အဲဒီ ခေတ်ပေါ် ဝတ္ထုထဲက အကြောင်းအရာတွေဟာ ဘာမျှမဟုတ်ဘူး၊ စာရေးဆရာက စိတ်ကူးသက်သက်နဲ့ ရေးထားတာတွေဘဲ။ ဒါပေမဲ့ စာဖတ်တဲ့သူမှာ အဟုတ်တကယ်ရှိ

သလိုဘဲ တွေ့နေပါတယ်၊ အဲဒါဟာ စိတ်ကူးကြံတွေ့မှု ဖဿထင်ရှားပုံပါဘဲ။ ယခုပြောခဲ့တာဟာ အာရုံ ၆-ပါးကို တွေ့တဲ့ ဖဿ ၆-ပါးဖြစ်ပုံဘဲ၊ အဲဒါ တော်တော်စုံသွားပါပြီ။

အာရုံကိုတွေ့တော့ ခံစားမှုဖြစ်သည်

အဲဒီလို အာရုံကို တွေ့ရတော့ အဲဒီ အာရုံခံစားတဲ့ဝေဒနာ ဖြစ်ပေါ်လာတယ်၊ ခလုတ်တိုက်ယင် ဆူးစူးယင် နာတဲ့သဘောမျိုးပါဘဲ။ အဲဒါကို "ဖဿပစ္စယာ ဝေဒနာ–အာရုံကိုထင်ရှားတွေ့မှုကြောင့် ခံစားမှုဝေဒနာ ဖြစ်သည်" လို့ ဟော ထားပါတယ်။

ဆောင်ပုဒ်မှာ "ဖဿ ၆-ဖြာ ဝေဒနာကြောင့်" လို့ အတိုချုပ်လောက်ပဲ ပြထားတယ်။ ဆိုလိုတာကတော့ အာရုံ ၆-ပါးကို တွေ့တဲ့ ဖဿ ၆-ပါးကြောင့် ခံစားမှုဝေဒနာ ၆-မျိုးဖြစ်ပေါ်တယ်လို့ ဆိုလိုပါတယ်။ ဝေဒနာ ၆-မျိုးဖြစ်တယ် ဆိုတာလဲ အကျဉ်းဘဲ ရှိသေးတယ်၊ အပြည့်အစုံဆိုယင်တော့ အာရုံတမျိုးတမျိုး မှာ အကောင်း, အဆိုး, အလတ်စားအားဖြင့် ခံစားမှုဝေဒနာက ၃-မျိုး ၃-မျိုး ဖြစ်ပါတယ်၊ အာရုံ ၆ မျိုးမှာဆိုတော့ ၆-ခု ၃-လီ ၁၈-မျိုးပေါ့။

ကောင်းတဲ့ အဆင်းအာရုံကို မြင်တွေ့ရတဲ့ အခါမှာ ကောင်းတဲ့ ခံစားမှုဖြစ်တယ်၊ ကြည့်လို့ မြင်လို့ကောင်းတဲ့ သဘောပါဘဲ၊ အဲဒါကို ပါဠိလို သုခဝေဒနာ ခေါ်တယ်။ မကောင်းတဲ့ အဆင်းအာရုံကို မြင်တွေ့ရတဲ့ အခါမှာ မကောင်းတဲ့ ခံစားမှုဖြစ်တယ်၊ ကြည့်လို့ မြင်လို့ မကောင်းတဲ့ သဘောပါဘဲ၊ အဲဒါကို ပါဠိလို ဒုက္ခဝေဒနာ ခေါ်တယ်။ မကောင်း မဆိုး ရိုးရိုး မြင်နေကျ အဆင်းအာရုံကို မြင်တွေ့ရတဲ့အခါမှာတော့ မကောင်း မဆိုးအလယ်အလတ် ခံစားမှုဖြစ်တယ်၊ အဲဒါကို ပါဠိလို ဥပေက္ခာဝေဒနာခေါ်တယ်။ အဲဒါဟာ မြင်တွေ့မှုကြောင့် ခံစားမှုဝေဒနာ ၃-မျိုး ဖြစ်ပုံပါဘဲ။ အလျင်နေ့မျှားကလဲ ပြောခဲ့ပါပြီ။

ထို့အတူ အသံကောင်းကို ကြားတွေ့ရတဲ့အခါ သုခဝေဒနာ ဖြစ်တယ်၊ အသံဆိုးကို ကြားတွေ့ရတဲ့အခါ ဒုက္ခဝေဒနာ ဖြစ်တယ်၊ မကောင်းမဆိုး ရိုးရိုး အသံကို ကြားတွေ့ရတဲ့အခါ ဥပေက္ခာဝေဒနာ ဖြစ်တယ်။ ဒါက ကြားတွေ့မှုကြောင့် ဝေဒနာ ၃-မျိုး ဖြစ်ပုံဘဲ။

အနံ့ကောင်းကို နံတွေ့ရတဲ့အခါ သုခဝေဒနာ ဖြစ်တယ်၊ အနံ့ဆိုးကို နံတွေ့ရတဲ့အခါ ဒုက္ခဝေဒနာဖြစ်တယ်၊ ရိုးရိုးအနံ့ကို နံတွေ့ရတဲ့အခါ ဥပေက္ခာဝေဒနာ ဖြစ်တယ်။ ဒါက နံတွေ့မှုကြောင့် ဝေဒနာ ၃-မျိုးဖြစ်ပုံဘဲ။

အဘိဓမ္မာနည်းအရအားဖြင့် မြင်ခိုက် ကြားခိုက် နံခိုက် စားသိခိုက်မှာ ဥပေက္ခာဝေဒနာသာ ဖြစ်တယ်လို့ ဆိုရတယ်။ ဒါပေမဲ့ ကုသိုလ်အကျိုး ဥပေက္ခာ-က သုခသဘောရှိတယ်၊ အကုသိုလ်၏အကျိုးဥပေက္ခာက ဒုက္ခသဘောရှိတယ်။ အဲဒါဟာ အနံ့ကောင်းကလေးများကို နမ်းရှူရတဲ့အခါ ခံသာပုံ ကောင်းပုံ၊ အနံ့ဆိုးကို နမ်းရှူရတဲ့အခါ မခံသာပုံ အခံရခက်ပုံနဲ့ ထောက်ဆကြည့်ယင် အင်မတန် ထင်ရှားပါတယ်။ အဆိပ်နံ့ကို နမ်းရှူမိယင် သေသည်အထိ ဒုက္ခရောက်သွားနိုင်ပါတယ်။ ဒါကြောင့် သုတ္တန်နည်းအရအားဖြင့် မြင်ခိုက် ကြားခိုက် နံခိုက် စားသိခိုက်မှာလဲ သုခဝေဒနာ ဒုက္ခဝေဒနာဖြစ်ပုံကို မှတ်သားရပါတယ်။

နောက်ပြီးတော့ စားခိုက်မှာ အရသာကောင်းကို စားတွေ့ရတဲ့အခါ သုခ-ဝေဒနာဖြစ်တယ်၊ စားလို့ သိပ်အရသာရှိတယ်၊ သိပ်မြိန်ရှက်တယ်လို့တောင် ပြောတတ်ကြပါသေးတယ်။ ဆေးခါးကြီးအစရှိတဲ့ အရသာဆိုးကို စားတွေ့ရတဲ့အခါ ဒုက္ခဝေဒနာဖြစ်တယ်။ တခါက မျက်စိနဲ့ပတ်သက်တဲ့ ဒိဋ္ဌစက္ခုရောဂါတဲ့ ဆေးကို သောက်ဘူးတယ်၊ အလွန်ခါးတဲ့ ဆေးပါဘဲ၊ နဲနဲလောက် သောက်ပြီး ကတည်းက ဆက်ပြီးမသောက်နိုင်တော့ဘူး၊ အတင်းပေပြီး မျိုချဘို့ကြိုးစား ပေမယ်လို့ အော့ချင် အန်ချင် ဖြစ်လာတာနဲ့ ရပ်ထား လိုက်ရတယ်။ အဲဒီ ဆေးက လျှာပေါ်မှာစွဲပြီး ခါးနေတယ်၊ ကွမ်းတယာပလောက် စားပြီးလို့လဲ အခါး က မပျောက်သေးဘူး၊ တော်တော်ကို ခါးတဲ့ဆေးပါဘဲ။ အဲဒီလိုအခါမှာ အခံ ခက်တဲ့ ဒုက္ခဝေဒနာတွေ့ဖြစ်တာ အလွန်ထင်ရှားပါတယ်၊ အဆိပ်ပါတဲ့အရသာ စားမိယင်တော့ သေသည်အထိ ဒုက္ခဖြစ်သွားနိုင်ပါတယ်။ မကောင်း မဆိုး ရိုးရိုး အရသာကို စားတွေ့ရတဲ့အခါမှာတော့ ရိုးရိုးခံစားမှု ဥပေက္ခာဝေဒနာဖြစ်တယ်။ ဒါက စားတွေ့မှုကြောင့် ဝေဒနာ ၃-မျိုး ဖြစ်ပုံဘဲ။

ထိတွေ့ရာမှာတော့ အတွေ့ကောင်းကို တွေ့ရတဲ့အခါမှာ သုခဝေဒနာဖြစ်-တယ်၊ အတွေ့ဆိုးကို တွေ့ရတဲ့အခါမှာ ဒုက္ခဝေဒနာဖြစ်တယ်။ ဒါကတော့ ကိုယ်တွေ့အားဖြင့် အလွန်ထင်ရှားပါတယ်။ ကိုယ်ထဲမှာ အေးနေတဲ့အခါ ပူနွေး

တဲ့စောင်နဲ့ ခြုံထွေးပြီးနေရယင် အင်မတန်နေသာပြီး ကောင်းသွားတယ်။ ပူအိုက်နေတဲ့အခါ လေအေး ရေအေးကလေးမျှားနဲ့ တွေ့လိုက်ရယင် နေသာပြီး ကောင်းသွားတယ်။ ကျောညောင်းနေတဲ့အခါ နှုးညံ့တဲ့ အိပ်ရာပေါ်မှာ လဲအိပ်လိုက်ရယင် နေသာပြီး ကောင်းသွားတယ်။ ဒီနည်းဖြင့် အတွေ့ကောင်းတွေနဲ့ တွေ့ရတဲ့အခါ ကိုယ်ထဲမှာ နေကောင်းတဲ့ သဘောတွေဖြစ်တာ အလွန်ထင်ရှားပါတယ်။ ခလုတ်တိုက်တဲ့အခါ ဆူးစူးတဲ့အခါ မကောင်းတဲ့ အတွေ့နဲ့တွေ့ပြီး အင်မတန်နာကျင် အခံခက်တယ်၊ မီးလောင်တဲ့အခါ ပူလောင်ပြီး အခံခက်တယ်၊ အဖျားတက်တဲ့အခါ အနာပေါက်တဲ့အခါ ခေါင်းကိုက်ခြင်း သွားနာခြင်း ယားယံခြင်း စသည်ဖြစ်တဲ့အခါ မကောင်းတဲ့အတွေ့တွေနဲ့ တွေ့ပြီး အင်မတန် အခံခက်တယ်။ဒီနည်းဖြင့် အတွေ့ဆိုးတွေနဲ့ တွေ့ရတဲ့အခါ ကိုယ်ထဲမှာ မခံသာတဲ့ အခံခက်တဲ့သဘောတွေဖြစ်တာ အလွန်ဘဲ ထင်ရှားပါတယ်။ နဲနဲတွေ့ယင် နဲနဲအခံရခက်တယ်၊ မျှားမျှားကြီးတွေ့ယင် မျှားမျှားကြီး အခံရခက်တယ်။ ဆူးစူးတာနဲ့ နှိုင်းယှဉ်ပြီးကြည့်ပါ၊နဲနဲစူးယင် နဲနဲနာတယ်၊ မျှားမျှားစူးယင် မျှားမျှားနာတယ်။

ဒီကိုယ်အတွေ့မှာတော့ အဘိဓမ္မာနည်းအရဆိုယင် သုခနဲ့ ဒုက္ခသာရှိပါတယ်၊ ဥပေက္ခာရယ်လို့ မရှိဘူး၊ ဒါပေမဲ့ အဝတ်အထည် နေရာထိုင်ခင်း အစရှိတဲ့ သာမန်အတွေ့မျှားနဲ့ တွေ့ရတဲ့အခါမှာ မခံသာတဲ့ ဒုက္ခသဘောလဲ မထင်ရှားဘူး၊ ခံသာတဲ့ ကောင်းတဲ့ သုခသဘောလဲ မထင်ရှားဘူး၊ မဆိုးမကောင်း အလယ်အလတ် ဥပေက္ခာသဘောသာ ထင်ရှားတယ်။ အဲဒါကို အဘိဓမ္မာနည်းအရတော့ သိမ်မွေ့တဲ့ သုခလို့ ဆိုရမှာဘဲ။ သုတ္တန် နည်းအရအားဖြင့်တော့ ဥပေက္ခာဝေဒနာလို့ဘဲ ဆိုရပါတယ်။ ယခုပြောခဲ့တာဟာ ထိတွေ့မှုကြောင့် ဝေဒနာ ၃-မျိုး ဖြစ်ပုံဘဲ။

ကြုံသိခိုက်မှာတော့ ရှေးက ကောင်းစား ချမ်းသာခဲ့တာတွေ, ယခုကောင်းစား ချမ်းသာနေတာတွေ, နောင်ကောင်းစား ချမ်းသာဘို့ရာတွေ ဆိုတဲ့ ဒီလို အာရုံကောင်းတွေကို စိတ် ကူးထဲထင်ရှားတွေ့ရတဲ့အခါ ရှင်လန်းဝမ်းသာတဲ့ သဘောတွေဖြစ်တယ်၊ သောမနဿလို့ခေါ်တဲ့ သုခဝေဒနာတွေပါဘဲ။ ရှေးက ဆင်းရဲခဲ့တာတွေ၊ ယခုဆင်းရဲနေတာတွေ၊ နောင်ဆင်းရဲဘို့ရာတွေ ဆိုတဲ့ အာရုံ

ဆိုးတွေကို စိတ်ကူးထဲ ထင်ရှားတွေ့ရတဲ့အခါ စိတ်နှလုံးမသာခြင်း, ဝမ်းနည်းခြင်း ဖြစ်တယ်၊ ဒေါမနဿလို့ခေါ်တဲ့ ဒုက္ခဝေဒနာတွေပါဘဲ။ သာမန်ရိုးရိုး အာရုံတွေကို စိတ်ကူးထဲ တွေ့နေတဲ့အခါမှာတော့ ဝမ်းလဲမသာဘူး၊ နှလုံးမသာလဲ မရှိဘူး၊ အလယ်အလတ် ဥပေက္ခာဝေဒနာဘဲ ဖြစ်တယ်၊ ဒါကြောင့် အဲဒီလိုအခါမှာ ခံစားမှုဝေဒနာက မထင်ရှားဘဲ ရှိနေတတ်တယ်။ ယခုပြောခဲ့တာဟာ စိတ်ကူးထဲမှာ ကြုံတွေ့မှုကြောင့် ဝေဒနာသုံးပါးဖြစ်ပုံဘဲ။ အဲဒီတော့ ဖဿ ၆-ပါးကြောင့် အကျင့်အားဖြင့် ဝေဒနာ ၆-ပါး၊ အကျယ်အားဖြင့် ဝေဒနာ ၁၈-ပါးဖြစ်ပေါ်ပုံ စုံသွားပြီ။

အတိုချုပ် ပြောရယင်တော့ အမြင်ကောင်း အကြားကောင်း အစရှိတဲ့ အကောင်းတွေကိုတွေ့ယင် ကိုယ်ထဲစိတ်ထဲမှာ ကောင်းတဲ့သဘော သုခဝေဒနာ ဖြစ်ပေါ်လာတယ်၊ အမြင်ဆိုး, အကြားဆိုး အစရှိတဲ့အဆိုးတွေကို တွေ့ယင် ကိုယ်ထဲစိတ်ထဲမှာ မခံသာတဲ့သဘော ဒုက္ခဝေဒနာဖြစ်ပေါ်လာတယ်၊ မကောင်းမဆိုး ရိုးရိုးအာရုံကိုတွေ့ယင် မကောင်းမဆိုး ရိုးရိုးခံစားတဲ့သဘော ဥပေက္ခာဝေဒနာဖြစ်ပေါ်လာတယ်၊ ဒါပါဘဲ။ အဲဒါကို ဆိုကြဦးစို့—

ကောင်းတာကိုတွေ့လျှင် သုခဝေဒနာ ဖြစ်ပေါ်သည်။
မကောင်းတာကိုတွေ့လျှင် ဒုက္ခဝေဒနာ ဖြစ်ပေါ်သည်။
မကောင်းမဆိုး ရိုးရိုးအာရုံကိုတွေ့လျှင် ဥပေက္ခာဝေဒနာ ဖြစ်ပေါ်သည်။

တရားအနုသန္ဓေ ဆက်စပ်မိအောင် နောက်ကြောင်း ပြန်ပြောနေရတာနဲ့ အချိန်က အတော်ကုန်သွားပြီ။ ယခုဒီကစပြီး တရားအသစ်ကို ဟောရမယ်။ ဝေဒနာပစ္စယာ တဏှာ-ဝေဒနာကြောင့် တဏှာ ဖြစ်ပေါ်သည် – ဆိုတာကစပြီး ဟောရမယ်။

ဝေဒနာပစ္စယာ တဏှာ

ခုတင်က ပြောခဲ့တဲ့အတိုင်း အာရုံ အကောင်းအဆိုးတွေကို တွေ့ပြီး ခံစားရတဲ့ အတွက် ဆာလောင်တပ်မက်မှု တဏှာဖြစ်လာတယ်။ တဏှာဆိုတာ အာရုံကို ဆာလောင်တဲ့သဘောဘဲ။ ဒါကြောင့် သူ့ကို ဝစနတ္ထပြုလျှင် "တဿတိ ပရိ-

တဿတိတိ တဏှာ”လို့ ပြုရတယ်။ တဿတိ၊ ဆာလောင်တတ်၏။ ပရိတဿတိ၊ ထက်ဝန်းကျင် အခါခပ်သိမ်း အရာရာမှာ ဆာလောင်တတ်၏။ ဣတိ·တသ္မာ၊ ထိုကြောင့်။ တဏှာ၊ တဏှာမည်ပါတယ်တဲ့။ ဘာတွေကို ဆာသလဲဆိုတော့ အာရုံတွေကို ဆာလောင်တောင့်တနေတာပါဘဲ။ မရသေးတာကို ရချင်တယ်၊ ရပြီးဟာမျိုးကိုလဲ တိုးပြီးရချင်တယ်၊ မခံစားရသေးတာကို ခံစားချင်တယ်၊ ခံစားဘူးတာကိုလဲ တိုးပြီး ခံစားချင်တယ်။ သူက ထမင်းဆာနေတာနဲ့ အင်မတန်တူပါတယ်။ ထမင်းဆာတာကမှ ဝမ်းဗိုက်ပြည့်အောင် စားပြီးတဲ့အခါ ခေတ္တခဏတော့ အဆာပြေနေသေးတယ်၊ ဒီတဏှာကတော့ ဘယ်လောက်များများ ခံစားရပေမဲ့ ဝ တယ် အဆာပြေဘယ်လို့ မရှိဘူး၊ အခါခပ်သိမ်း အမြဲတမ်းဆာနေတာဘဲ။ ဒါကြောင့် “ပရိတဿတိ၊ ထက်ဝန်းကျင် အခါခပ်သိမ်း ဆာလောင်တတ်တယ်”လို့ သူ့ကို ဆိုထားပါတယ်။ ကာမဂုဏ် အာရုံတွေနဲ့ ဘယ်လို ကျေးကျေး သူက ဝ-တယ် အဆာပြေတယ်လို့ မရှိဘူး။

နတ်တွေဟာ ပြိတ္တာနဲ့ တူတယ်

ဒါကြောင့် နတ်သားကယောက်က ဒီလိုပြောပါတယ်၊ နတ်တွေဟာ ကာမဂုဏ် အာရုံတွေကို အလိုရှိတိုင်း ခံစားနေရပေမဲ့ ဝ-တယ်လို့ မရှိဘူး၊ ဆာနေတာဘဲ၊ ဒါကြောင့် နတ်တွေဟာ ပြိတ္တာတွေနဲ့ တူပါတယ်တဲ့။ ပြိတ္တာဆိုတာ ပြိတ္တာဘုံရောက်ကတည်းက တခါမျှမစားရ မသောက်ရဘူး၊ အလွန်ဆာမှာပေါ့၊ အဲဒါနဲ့တူတယ်တဲ့။

အဲဒါဟာ တော်တော်သဘာဝကျတဲ့စကားဘဲ။ တာဝတိ ံသာ နတ်တွေမှာ လူတို့၏နှစ်နဲ့ နှစ်ပေါင်း သုံးကုဋေနှင့် ခြောက်သန်း အသက်ရှည်တယ်။ အဲဒီလောက် ရှည်လျားတဲ့ကာလပတ်လုံး ကာမဂုဏ်အာရုံတွေကို မပြတ်မစဲ ခံစားနေကြတယ်။ ဒါပေမဲ့ သူတို့မှာ ဝ-တယ် အဆာပြေတယ်လို့ မရှိဘူး၊ ယာမာဘုံက အဲဒါထက် ၄-ဆ အသက်ရှည်တယ်၊ တုသိတာဘုံက ယာမာထက် ၄-ဆ အသက်ရှည်တယ်၊ နိမ္မာနရတိဘုံက တုသိတာထက် ၄-ဆ အသက်ရှည်တယ်၊ ပရနိမ္မိတ-ဝသဝတ္တီဘုံက နိမ္မာနရတိထက် ၄-ဆ အသက်ရှည်တယ်၊ လူတို့၏ နှစ်နဲ့ဆိုယင် နှစ်ပေါင်းကိုးရာနှစ်ဆဲ့တစ်ကုဋေနှင့် ခြောက်သန်း (၉,၂၁၆,၀၀၀,၀၀၀) အသက်

ရှည်တယ်။ အဲဒီဘုံကနတ်တွေဟာ အဲဒီလောက် ရှည်လျားတဲ့ ကာလပတ်လုံး ကာမဂုဏ်အာရုံတွေကို မပြတ်ခံစားနေကြတယ်၊ သူတို့မှာ ဒီပြင်အလုပ်လဲမရှိဘူး၊ ဒီအာရုံခံစားတဲ့အလုပ်ပဲရှိတယ်။ ဒီလိုနှစ်ပေါင်း ကုဋေကိုးရာကျော်အောင် ခံစားနေရပေမဲ့ သူတို့မှာ ဝ-တယ် အဆာပြေတယ်လို့တော့ မရှိဘူး။ ဒါကြောင့် နတ်တွေဟာ အမြဲတမ်းအာရုံဆာနေလို့ ပြိတ္တာတွေနဲ့တူတယ်-ဆိုတဲ့ စကားဟာ အလွန်သဘာဝကျတဲ့ စကားပါဘဲ။ ဒီလို အဆာမပြေတာကလဲ. တခြားကြောင့် မဟုတ်ဘူး၊ ဒီတဏှာက အဆာမပြေလို့ပါဘဲ။

နတ်တွေဆိုတာက မမြင်ရလို့ ထားလိုက်ပါဦးတော့၊ လူတွေကိုဘဲချင့်ချိန်ကြည့်ပါဦး၊ ပစ္စည်းမဲ့ဆင်းရဲသားတွေမှာလဲ သူစွမ်းနိုင်သမျှ ရှာကြံပြီး ကာမဂုဏ်အာရုံတွေကို ကျွေးနေရတယ်၊ ဒါပေမဲ့ ဝ-တယ်လို့ဟော့ မရှိဘူး။ အဲဒါက ဆင်းရဲသားမို့ မပြည့်စုံရှာလို့ဘဲလို့ ဆိုစရာရှိပါသေးတယ်၊ ကဲ ချမ်းသာကြွယ်ဝတဲ့သူတွေ ရာထူးဌာနန္တရကြီးတဲ့သူတွေ အထက်တန်းပုဂ္ဂိုလ်တွေကို ကြည့်ပါဦး၊ သူတို့မှာလဲ အာရုံ အဆာပြေတယ် ဝ-တယ်လို့ မရှိကြပါဘူး။ အဲဒါဟာ တဏှာဆိုတဲ့ တရားကဆာလောင်တတ်တဲ့ သဘောမို့ မဝနိုင်တာ အဆာမပြေနိုင်တာပါဘဲ။ ဒီတဏှာက သူ့ကို အစာကျွေးလေလေ ပိုပိုပြီး ဆာလောင်လေလေဘဲ၊ ဆင်းရဲတဲ့ သူတွေထက်, ချမ်းသာတဲ့သူတွေမှာ သာပြီး ဆိုးနေတတ်တယ်၊ ဆင်းရဲတဲ့ နိုင်ငံမှာထက် ချမ်းသာတဲ့ နိုင်ငံတွေမှာ သာပြီးဆိုးသေးတယ်။ ပြည့်စုံလေလေ သာသာပြီး လိုချင်တောင့်တမှု မျှားလေလေဘဲ။ အဲဒါဟာ တဏှာက အဆာမပြေတဲ့ သဘောပါဘဲ။ ဒါကြောင့် ဒီတဏှာကို ဆာလောင်တတ်တဲ့ သဘောလို့ ဆိုတာဘဲ။

တဏှာ ၆-ပါး

ဒီတဏှာက အဆင်းရူပါရုံကိုလဲ ဆာတယ်၊ လှပတင့်တယ်တဲ့ ရူပါရုံ, ကိုယ်ကြည့်ချင်တဲ့ မိန်းမ ယောကျ်ား အာရုံတွေကို ကြည့်လို့ မြင်လို့ အားမရနိုင်ဘူး၊ ထပ်ကာထပ်ကာ တိုးတိုးပြီး ကြည့်ချင် မြင်ချင်နေတာဘဲ။ ထို့အတူ အသံအာရုံကိုလဲ ဆာတယ်၊ အသံကောင်းကလေးတွေ, ကိုယ်နှားထောင်ချင်တဲ့ အသံကလေးတွေကို နှားထောင်လို့ ကြားနာလို့ အားမရနိုင်ဘူး၊ ထပ်ကာထပ်ကာ

ကြားချင်နေကြတာဘဲ၊ တချို့လူတွေက သွားရင်း လာရင်းတောင် အိတ်ထောင့်ထဲ ရေဒီယိုထည့်ပြီး နားထောင်နေကြသေးတယ်။ ထို့အတူ အနှံ့ကောင်း အာရုံကိုလဲ ဆာတယ်၊ အရသာကောင်း အာရုံကိုလဲ ဆာတယ်၊ အရသာကောင်းဆိုယင် စားပြီးရင်း စားချင်ရင်းနဲ့ ဝ-တယ်လို့ကို မရှိဘူး၊ စားချင်နေတာဘဲ။ ဒီနေရာမှာတော့ သေရည်အရက် ကြိုက်တတ်တဲ့သူတွေရဲ့ တဏှာက စံပြပါဘဲ။ ထို့အတူ အတွေ့အထိ အာရုံကိုလဲ ဆာတယ်၊ ဒါကတော့ ကာမဘုံသားတွေအတွက် အဆိုးဆုံးလို့ ဆိုရမှာဘဲ။ ထို့အတူ သဘောအာရုံကိုလဲ ဆာတယ်၊ သဘောအာရုံဆိုတာ မျက်စိနဲ့လဲ မမြင်နိုင်ဘူး၊ နားနဲ့လဲ မကြားနိုင်ဘူး၊ နှာခေါင်းနဲ့လဲ မနံနိုင်ဘူး။ လျှာနဲ့လဲ မသိနိုင်ဘူး၊ ကိုယ်နဲ့လဲ မတွေ့ထိနိုင်ဘူး၊ စိတ်ကူးသက်သက်နဲ့သာ သိနိုင်တဲ့ အာရုံဘဲဖြစ်တယ်။ ကျမ်းဂန်အရ ပြောရယင် ပဿာဒရုပ်ခေါ်တဲ့ အကြည်ရုပ် ၅-ပါးလဲ သဘောအာရုံဘဲ၊ အာပေါဓာတ်အစရှိတဲ့ သုခုမရုပ်တွေလဲ သဘောအာရုံဘဲ၊ စိတ်စေတသိက်တွေလဲ သဘောအာရုံဘဲ။ မိန်းမယောကျ်ား မျက်နှာ အစရှိတဲ့ ပုံသဏ္ဌာန်ပညတ်, ချိုးမွမ်းဘွယ် ဂုဏ်ပညတ်, အမည်ပညတ် ဒီလိုပညတ်တွေလဲ သဘောအာရုံဘဲ။ ဒီလိုသဘောအာရုံတွေကိုလဲ တဏှာက ဆာလောင်တောင့်တနေတယ်။

သဘောအာရုံကို တောင့်တပုံ

ဘယ်လိုလဲဆိုယင် မျက်စိကြည်လင်ချင်တယ်၊ နားကြည်လင်ချင်တယ်၊ ကိုယ်အသားအသွေးကောင်းပြီး အတွေ့အထိ ကောင်းချင်တယ်။ ဒါတွေဟာ ပဿာဒရုပ်သဘောအာရုံကို ဆာလောင်တောင့်တနေတာပါဘဲ။ နောက်ပြီးတော့ လည်ချောင်း အာခေါင်စသည်မှာ မချောက်စေချင်ဘူး၊ စိုနေစေချင်တယ်၊ ကိုယ်မှာ အသားအသွေးတွေ စိုနေစေချင်တယ်၊ ဒီပုံဒီနည်းဖြင့် ကိုယ်ထဲမှာ အစိုဓာတ်တွေကို အလိုရှိနေတာဟာ အာပေါဆိုတဲ့ သုခုမရုပ် (သိမ်မွေ့တဲ့ရုပ်)ကိုဆာလောင်နေတာပါဘဲ။ ကိုယ့်သန္တာန်က မိန်းမဖြစ်ကြောင်းရုပ်နဲ့ သူမျှားသန္တာန်ကယောကျ်ားဖြစ်ကြောင်း ရုပ်ဆိုတာတွေကို အမသတ္တဝါတွေက သာယာနှစ်သက်နေကြတယ်။ ကိုယ့်သန္တာန်က ယောကျ်ားဖြစ်ကြောင်း ရုပ်နဲ့ သူမျှားသန္တာန်ကမိန်းမဖြစ်ကြောင်း ရုပ်ဆိုတာတွေကို အဖိုသတ္တဝါတွေက သာယာနှစ်သက်နေကြတယ်။ အဲဒါဟာ ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်ဆိုတဲ့ သုခုမရုပ်ကို ဆာလောင်တောင့်

တနေတာဘဲ။ အသက်ရှည်ချင်တယ်၊ ဇီဝိတခေါ်တဲ့ သုခုမရူပ်ကို ဆာလောင်တောင့်တတာဘဲ။ကိုယ်ကာယ ပေါ့ပါးလျင်မြန်စွာနဲ့ သွားလာ လှုပ်ရှားနိုင်တာကို နှစ်သက်သာယာတယ်၊ ကာယလဟုတာအစရှိတဲ့ သုခုမရူပ်ကို ဆာလောင်တောင့်တတာဘဲ။ အမြဲတမ်း စိတ်ကြည်လင်ရှင်ပျ နေချင်တယ်၊ ကိုယ်ရောစိတ်ရော အမြဲတမ်းချမ်းသာချင်တယ်၊ အမှတ်သတိကောင်းချင်တယ်၊ ဉာဏ်ကောင်းချင်တယ်၊ ဒီလိုဟာတွေကတော့ စိတ်စေတသိက် သဘောအာရုံကို ဆာလောင်တောင့်တနေတာတွေဘဲ။ အမသတ္တဝါတွေက မိမိတို့ရဲ့ ပုံသဏ္ဌာန် အခြေအနေကိုလဲ နှစ်သက်သာယာနေတယ်၊ ယောကျ်ားတွေရဲ့ ပုံသဏ္ဌာန်အမူအရာတွေကိုလဲ နှစ်သက် သာယာနေတယ်၊အဖိုသတ္တဝါတွေကလဲ ထို့အတူဘဲ နှစ်သက်သာယာနေကြတယ်၊ အားလုံးကပင် အချီးမွမ်းခံချင်ကြတယ်၊ ဂုဏ်သတင်း ကျော်စောချင်ကြတယ်။ ဒါတွေဟာ ပညတ်သဘောအာရုံကို ဆာလောင်တောင့်တနေတာတွေဘဲ။

တဏှာ ၆-ပါးမှ ၁၀၈-ပါး

ယခုပြောခဲ့တဲ့အတိုင်း အာရုံတပါးတပါးမှာ ဆာလောင်တောင့်တမှု တဏှာတပါးတပါးဆိုတော့ အာရုံ ၆-ပါးမှာ တဏှာ ၆-ပါးဖြစ်တယ်။ အဲဒီ ၆-ပါးဟာ ကာမဂုဏ်ကို သာယာတဲ့ အနေသက်သက်နဲ့ ဖြစ်တာလဲ ရှိတယ်၊ အဲဒါကို ကာမတဏှာ ခေါ်တယ်။ အဲဒီအာရုံကို မပျက်စီးဘဲ အမြဲတမ်း တည်ရှိတဲ့အနေနဲ့ သာယာတာလဲရှိတယ်၊ အဲဒါကို ဘဝတဏှာလို့ခေါ်တယ်၊ သဿတဒိဋ္ဌိနဲ့ ယှဉ်တဲ့ ပြီးဖြစ်တဲ့ တဏှာပါဘဲ။ အဲဒီအာရုံကို သေပြီးတဲ့နောက် လုံးလုံးပြတ်စဲ သွားမည့်အနေနဲ့ သာယာတာလဲ ရှိတယ်၊ မသေခင် အခွင့်ရသမျှ ခံစားရမယ်ဆိုတဲ့ အနေနဲ့ ဖြစ်တဲ့တဏှာပါဘဲ၊ အဲဒါကို ဝိဘဝတဏှာလို့ ခေါ်တယ်၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်တဲ့ ပြီးဖြစ်တဲ့ တဏှာပါဘဲ။ အဲဒီတော့ ကာမတဏှာက ၆-ပါး၊ ဘဝတဏှာက ၆-ပါး၊ ဝိဘဝတဏှာက ၆-ပါး=ပေါင်းလိုက်ယင် တဏှာ ၁၈-ပါးရတယ်။ အဲဒီ ၁၈-ပါးဟာလဲ ကိုယ်တွင်းသန္တာန်က အာရုံမှာ ဖြစ်တာလဲရှိတယ်၊ အပြင်ပ သူတပါးသန္တာန်က အာရုံမှာဖြစ်တာလဲ ရှိတယ်၊ ဒီတော့ ၁၈-ပါး ၂-လီ ၃၆-ပါး၊ ရတယ်။ တဖန် အဲဒီ ၃၆-ပါးဟာလဲ အတိတ် အာရုံနဲ့ စပ်တာလဲ ရှိတယ်၊ အနာဂတ်အာရုံနဲ့ စပ်တာလဲ ရှိတယ်၊ ပစ္စုပ္ပန်အာရုံနဲ့ စပ်တာလဲ ရှိတယ်၊

ဒီတော့ ၃၆-ပါးကို ကာလ ၃-ပါးနဲ့ မြှောက်လိုက်ယင် တဏှာ ၁၀၈-ပါးရတယ်။ အဲဒီ ၁၀၈-ပါးကိုပြန်ပြီး ချုံးလိုက်မယ်ဆိုယင် အာရုံ ၆-ပါးကို ဆာဇလောင်တဲ့ တဏှာ ၆-ပါးမျှဘဲ ဖြစ်ပါတယ်။ အဲဒါကိုလဲ ချုံးလိုက်ယင် ကာမတဏှာ, ဘဝတဏှာ,ဝိဘဝတဏှာဆိုတဲ့ တဏှာ ၃-ပါးမျှဘဲ ဖြစ်ပါတယ်။ အဲဒါကိုလဲ ချုံးလိုက်ယင် ဆာလောင်တဲ့ နှစ်သက်သာယာတဲ့ သဘောအားဖြင့် တဏှာတပါးတည်းဘဲ ဖြစ်ပါတယ်။

ဝေဒနာကြောင့် တဏှာဖြစ်ပုံ

ဝေဒနာအကြောင်းလဲ ပြောခဲ့ပြီ၊ တဏှာအကြောင်းလဲ ပြောခဲ့ပြီ။ ယခု ဝေဒနာကြောင့် တဏှာ ဖြစ်ပေါ်လာပုံကို ပြောရမယ်။ မကောင်းတဲ့ အာရုံ တွေ့နဲ့တွေ့ပြီး ဆင်းရဲဒုက္ခရောက်နေတဲ့သူက ချမ်းသာကိုတောင့်တတယ်၊ အပူနဲ့ တွေ့ယင် အအေးကို တောင့်တတယ်၊ အလွန်အေးပြန်တော့လဲ အပူအနွေးကို တောင့်တတယ်။ ကိုယ်ထဲမှာ နာကျင်မှုစသည်နဲ့ တွေ့ရတော့၊ အဲဒီ နာကျင်မှု စသည် ပျောက်ပြီး ချမ်းချမ်းသာသာနဲ့ နေချင်တယ်။ စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ဖြစ်တော့ အဝတ်အစား ပြည့်စုံချင်တယ်။ လမ်းဆိုးကိုသွားနေရတော့ လမ်းကောင်းနဲ့ ချမ်းချမ်းသာသာ သွားချင်တယ်။ ဒီပုံဒီနည်းဖြင့် ဒုက္ခဝေဒနာ ခံစားရတော့ သုခကို တောင့်တတယ်။ အဲဒါဟာ ဒုက္ခကြောင့် သုခကို တောင့်တတဲ့ တဏှာဖြစ်လာတာဘဲ။ ဒါကြောင့် အဋ္ဌကထာမှာ—

ဒုက္ခီ သုခံ ပတ္ထယတိ၊ ဒုက္ခီ၊ ဆင်းရဲသောသူသည်။ သုခံ၊ ချမ်းသာကို။ ပတ္ထယတိ၊ တောင့်တတယ်လို့ ဆိုထားပါတယ်။ အဲဒါဟာ အင်မတန် ထင်ရှားပါတယ်။ အမြင်ဆိုးကို တွေ့မြင်ရယင် အမြင်ကောင်းကို အလိုရှိတယ်။ မကောင်းတာကို ကြားရ တွေ့ရယင် ကောင်းတာကို ကြားချင်တယ်၊ လူကြီးမိဘ ဆရာသမားတွေက အပြစ်ပြုပြီး ခပ်ကြမ်းကြမ်း ပြောဆိုဆုံးမယင်တောင်မှ ချိုချိုသာသာ ပြောပါတော့လို့ တောင့်တတတ်သေးတယ်။ မကောင်းတာကို နှံရ, စားရယင် ကောင်းတာကို နှံချင်,စားချင်တယ်။ မကောင်းတာကို တွေ့ထိရယင် ကောင်းတာကို တွေ့ထိချင်တယ်၊ အောက်ထစ်ဆုံးအားဖြင့် မကောင်းတဲ့ အတွေ့အထိမှ လွတ်မြောက်ချင်တယ်၊ ဒါလဲ ချမ်းသာကို တောင့်တတာပါဘဲ။ ဆင်းရဲ

ကင်းတာကို ချမ်းသာလို့ ခေါ်ရတယ် မဟုတ်လား။ စိတ်မချမ်းသာစရာ အာရုံတွေ စိတ်ထဲရောက်နေယင် အဲဒီ အာရုံဆိုးတွေမှ လွတ်မြောက်ချင်တယ်၊ ဒါလဲ ချမ်းသာကို တောင့်တတာဘဲ။ စားရမဲ့ သောက်ရမဲ့ အတိဒုက္ခ ရောက်နေတဲ့ သူက မှန်မှန် စားသောက်နေထိုင်ရရုံ အကောင်အသင့် ချမ်းသာလောက်ပဲ တောင့်တဘတ်ပါတယ်။ ဒါပေမဲ့ အတောင်အတန် ပြည့်စုံလာတော့ အဲဒါထက် တိုးပြီး တောင့်တတတ်ပြန်တာဘဲ။ ဒါက တဏှာရဲ့ ဆာလောင်မှု သဘောဘဲ။ ဒါကြောင့် အဋ္ဌကထာမှာ—

သုခီ ဘိယျောပိ ဣစ္ဆတိ။ သုခီ၊ ချမ်းသာနှင့် ပြည့်စုံသောသူသည်။ ဘိယျောပိ၊ တိုးၦချမ်းသာခြင်းကိုလည်း။ ဣစ္ဆတိ၊ အလိုရှိပြန်တယ်-လို့ ဆိုထားပါတယ်။ ရလေလိုလေ အို တစ္ဆေဆိုတာလိုဘဲ၊ နဲနဲလောက် ချမ်းသာလာယင် မျှားမျှား ချမ်းသာချင်လာတယ်။ တကြိမ်ဘခါလောက် အရသာကောင်းကို ခံစားရလို့ရှိယင် အဲဒါမျိုးကို ထပ်ကာထပ်ကာလဲ ခံစားချင်တယ်။ အဲဒါထက် ကောင်းတာကိုလဲ ခံစားချင်တယ်။ တခုလောက်ရလာယင် ၂-ခု, ၃-ခု လိုချင်လာတယ်။ ၂-ခု, ၃-ခု ရလာပြန်တော့ ၄-ခု, ၅-ခု စသည်ဖြင့် လိုချင်ပြန်တယ်။ အဲဒီလောက် ရလာပြန်တော့လဲ တဆယ်, တရာ စသည်ဖြင့် လိုချင်လာပြန်တယ်။ တော်ပါပြီ မလိုချင်ပါဘူးလို့ ရပ်တန့်ခြင်း မရှိဘူး၊ ရတိုင်းရတိုင်း လိုချင်နေတာဘဲ။ အဲဒါဟာ ဝေဒနာကြောင့် တဏှာတွေ ပွါးပွါးလာတာပါဘဲ။ ဂဲ ဆိုကြပါဦး—

ဆင်းရဲနဲ့တွေ့တော့ ချမ်းသာကို တောင့်တသည်။
ချမ်းသာပြန်တော့ တိုးၦတိုးၦ ချမ်းသာချင်သည်။

ဒီလိုဆိုယင် အလယ်အလတ် ခံစားမှု ဥပေက္ခာနဲ့တွေ့တဲ့အခါ တဏှာက ဘယ်လိုဖြစ်သလဲလို့ ဆိုတော့ —"ဥပေက္ခာ ပန သန္တတ္တာ သုခမိစ္ဆေ၀ ဘာသိ-တာ"လို့ အဋ္ဌကထာက ဆိုထားပါတယ်။

ဥပေက္ခာ ပန၊ အလယ်အလတ် ခံစားမှု ဥပေက္ခာ၀ေဒနာကိုမူကား။ သန္တတ္တာ၊ ငြိမ်သက် သိမ်မွေ့သည်၏ အဖြစ်ကြောင့်။ သုခမိစ္ဆေ၀၊ ချမ်းသာဟူ၍ သာလျှင်။ ဘာသိတာ၊ ဆိုအပ်ပါတယ်တဲ့။ မကောင်းမဆိုး ရိုးရိုးအဆင်းကို မြင်ရတဲ့အခါ, ရိုးရိုးအသံကို ကြားရတဲ့အခါ, ရိုးရိုးအနံ့ကို နံရတဲ့အခါ, ရိုးရိုးအရ

သာကို စားရတဲ့အခါ, ရိုးရိုးအတွေ့နဲ့ တွေ့ထိရတဲ့အခါမှာ မခံသာတဲ့သဘော ဆင်းရဲတဲ့သဘောလဲ မထင်ရှားဘူး၊ ခံသာတဲ့သဘော ကောင်းတဲ့သဘောလဲ မထင်ရှားဘူး၊ မဆိုးမကောင်း အလယ်အလတ် ဖြစ်နေတယ်၊ အဲဒါဟာ ဥပေက္ခာဘဲ၊ သူက သိမ်မွေ့တယ်၊ ဒါကြောင့် သုခ-ချမ်းသာတဲ့သဘော၊ နေသာတဲ့သဘော ရှိပါတယ်တဲ့။ နေသာတဲ့အတွက် သုခ-ချမ်းသာထဲမှာ ထည့်သွင်းပြီး ယူရပါတယ်။ ချမ်းသာထဲ ထည့်သွင်းယူလိုက်တော့ "ချမ်းသာပြန်တော့ တိုး၍ တိုး၍ ချမ်းသာချင်တယ်"လို့ ဆိုတဲ့အတိုင်း အဲဒီလို မဆိုးမကောင်း အလယ်အလတ် ဖြစ်နေရုံမျှနဲ့ အားမရနိုင်ဘဲ၊ အထင်အရှား ချမ်းသာချင်လာတာပေါ့။ အဲဒါကို ခေါင်းအုံးပေါ်မှာ ခေါင်းတင်ပြီး အိပ်နေရာက အားမရလို့ လက်ပေါ် ခေါင်းအုံးပြီး အိပ်တာနဲ့လဲ နှိုင်းဆပြီး သဘောပေါက်နိုင်ပါတယ်။ ဂဲ ဆိုကြဦးမို့—

ဥပေက္ခာက သိမ်မွေ့လို့ သုခသဘော ရှိသည်။
ဥပေက္ခာကိုလဲ အားမရလို့ သုခကို အလိုရှိသည်။

မကောင်းမဆိုး ရိုးရိုးအဝတ်အထည် အိပ်ရာနေရာ စသည်ကို မြင်နေရတဲ့ အခါမှာ မမြင်ချင် မကြည့်ချင်အောင် မခံသာတဲ့သဘောလဲ မရှိဘူး၊ ဝမ်းသာ အားရလဲ မရှိလှဘူး၊ မြင်လို့ မကောင်းတကောင်း အလယ်အလတ်မျှဘဲ ဖြစ်နေတယ်။ အဲဒါဟာ ဥပေက္ခာသဘောဘဲ၊ သူက သိမ်မွေ့ပါတယ်၊ သုခနဲ့ နီ.စပ်ပါတယ်၊ အဲဒီလိုအခါမှာ အဲဒါတွေ့ထက်ကောင်းတဲ့ အဝတ်အထည် နေရာထိုင်ခင်း စသည်တွေကို လိုချင်တောင့်တတတ်တယ်။ အဝတ်ဆိုယင် ဝတ်နေကျရိုးရိုးထက် အသွေးအရောင်ကောင်းတဲ့ လှပတင့်တယ်တဲ့ အဝတ်ကို လိုချင်တယ်၊ နေရာထိုင်ခင်းဆိုယင်လဲ ထိုအတူဘဲ သာပြီး လှပတင့်တယ်တဲ့ ဟာတွေကို လိုချင်တယ်။ ဒါကြောင့် ပစ္စည်းအင်အားရှိတဲ့ လူတွေဟာ အဝတ်သစ် နေရာထိုင်ခင်း အသစ် စသည်ကို လဲလှယ်ပြီး သုံးစွဲနေကြတာဘဲ။ အပေါင်း အသင်း အတူနေပုဂ္ဂိုလ်တောင်မှ ရိုးသွားယင် ပြောင်းလဲချင်တတ်ကြတယ်။

နောက်ပြီးတော့ ကြားနေကျ ရိုးရိုးအသံကို ကြားရတဲ့အခါ, နံနေကျ ရိုးရိုး အနံ့ကို နံရတဲ့အခါ, စားနေကျ ရိုးရိုးအစာကို စားရတဲ့အခါ, တွေ့ထိနေကျ

ရိုးရိုးအတွေ့ကို တွေ့ထိရတဲ့ အခါမျှားမှာလဲ မကောင်းမဆိုး အလယ်အလတ် ခံစားမှု ဥပေက္ခာ ဖြစ်တယ်၊ အဲဒါလဲ သိမ်မွေ့လို့ သုခသဘော ရှိပါတယ်။ ဒါပေမဲ့ အဲဒါလောက်နဲ့ အားမရလို့ အဲဒါထက် ကောင်းတဲ့ အသံ, အနံ့, အရသာ, အတွေ့တွေကို လိုချင်တယ်၊ ဒါဟာ အလယ်အလတ်ခံစားမှု ဥပေက္ခာ ဝေဒနာ ကြောင့် ချမ်းသာကိုတောင့်တတဲ့ တဏှာဖြစ်တာဘဲ။ နောက်ပြီးတော့ ရွှေရေး နောက်ရေး မြှောင်တွေးကြည့်တဲ့အခါ, ယခု လောလောဆယ် အခြေအနေကို စဉ်းစားကြည့်တဲ့အခါမျှားမှာ မတိုးမဆုတ် မထူးခြားတဲ့ အခြေအနေကို တွေ့ရယင် ဝမ်းသာရှင်ပျခြင်းလည်း မရှိ၊ နှလုံးမသာ ညှိုးနွမ်းခြင်းလည်း မရှိ၊ အလယ်အလတ် သဘောမျှသာ ဖြစ်လျက်ရှိနေတယ်၊ အဲဒါလဲ ဥပေက္ခာဘဲ၊ သိမ်မွေ့ပါတယ်၊ သိမ်မွေ့တဲ့အတွက် အဲဒီလိုအခါမှာ ခံစားမှု မရှိဘူးလို့တောင် ထင်ရတတ်ပါတယ်၊ ဒါကြောင့် သုခသဘောရှိပါတယ်။ ဒါပေမဲ့ အဲဒါကို အားမရနိုင်တဲ့အတွက် ဝမ်းမြောက် ဝမ်းသာ ဖြစ်ဘို့ရာကို မြှောင်လင့် တောင့်တနေတတ်တယ်၊ အဲဒါဟာ ဥပေက္ခာကို အားမရလို့ သုခကို တောင့်တတဲ့ တဏှာ ဖြစ်လာတာပါဘဲ။

အတိုချုပ် ပြောရမယ်ဆိုယင်တော့ အာရုံကောင်းနဲ့တွေ့လို့ ကောင်းတာကို ခံစားရယင် အဲဒီ ကောင်းတဲ့ ခံစားမှုကိုလဲ နှစ်သက်သာယာတယ်၊ အဲဒါထက် သာပြီးကောင်းတာကိုလဲ လိုချင် တောင့်တတယ်။ အာရုံဆိုးနဲ့တွေ့လို့ ဆင်းရဲ ယင်တော့ အဲဒီဆင်းရဲမှု လွတ်ပြီး ချမ်းသာချင်တယ်။ မကောင်းမဆိုး ရိုးရိုးဖြစ် နေတဲ့အခါကျတော့ အဲဒါကို အားမရလို့ ချမ်းသာတာ ကောင်းတာကို လိုချင် တောင့်တတယ်။ ဒါတွေဟာ ဝေဒနာကြောင့် တဏှာ ဖြစ်နေတာတွေပါဘဲ။

တဏှာဖြစ်လျှင် သံသရာစက်လည်သွားသည်

ယခုပြောခဲ့တဲ့အတိုင်း မြင်သိမှု, ကြားသိမှု အစရှိသော ဝိညာဏ် ၆-ပါး ဖြစ်တိုင်း ဖြစ်တိုင်း နာမ်နဲ့ ရုပ်လဲ တပါတည်း ပူးတွဲပြီးဖြစ်တယ်။ အာယတန ၆-ပါးလဲ ထိုက်သည့်အားလျော်စွာ ပါဝင်ပြီးဖြစ်တယ်။ အာရုံကိုတွေ့တဲ့ ဖဿလဲ ပါဝင်ပြီးဖြစ်တယ်။ ခံစားမှုဝေဒနာတမျိုးမျိုးကလဲ မြင်တိုင်း ကြားတိုင်း နံတိုင်း

စားသိတိုင်း ထိသိတိုင်း ကြဲသိတိုင်း ပါဝင်ပြီး ဖြစ်တယ်။ အဲဒီလို ခံစားမှု ဝေဒနာ ဖြစ်တိုင်း ဖြစ်တိုင်း ကိလေသာ မကင်းသေးတဲ့ သာမန် ပုဂ္ဂိုလ်တွေမှာ သာယာတောင့်တတဲ့ တဏှာ ဖြစ်တယ်။ တဏှာ ဖြစ်မှတော့ စွဲလမ်းတဲ့ ဥပါဒါန်လဲ ဖြစ်တော့တာဘဲ၊ စွဲလမ်းမိတဲ့အတိုင်း ကမ္မဘဝခေါ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ တခုခုကိုလဲ ပြုမိတော့တာဘဲ။ အဲဒီကံက အကြောင်းညီညွတ်တဲ့ အခါမှာ ဘဝအသစ်ကို ဖြစ်စေတယ်။ အဲဒီဖြစ်ရာဘဝမှာ အိုရတယ်၊ နာရတယ်၊ သေရတယ်၊ စိုးရိမ် ပူဆွေးရတယ်၊ ငိုကြွေးရတယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အမျိုးမျိုး ဖြစ်ရတယ်။ ဒါဟာ ခံစားမှုဝေဒနာမှ ဆက်ပြီး တဏှာ ဖြစ်မိယင် သံသရာဆင်းရဲတွေ တပတ်လည်ပြီး ဖြစ်သွားပုံပါဘဲ။ ဒီတော့ ခံစားမှုဝေဒနာမှ ဆက်ပြီး တဏှာ မဖြစ်ရအောင် အားထုတ်ဘို့ လိုပါတယ်။

တဏှာမဖြစ်လျှင် သံသရာစက်ပြတ်သည်

မြင်သိမှု, ကြားသိမှု အစရှိတဲ့ စိတ်ဝိညာဏ်တခုခုဖြစ်လျှင် နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာဆိုတဲ့ တရား ၄-မျိုးလဲ တပါတည်း အတူတကွ ဖြစ်ကြတော့တာဘဲ၊ အဲဒါတွေကို မဖြစ်အောင် ဘယ်သူမျှ မဘတ်နိုင်ဘူး၊ ဘုရား ရဟန္တာ ပုဂ္ဂိုလ်တွေမှာလဲ ကောင်းတာကို မြင်ရ, ကြားရ, သိရယင် သုခဝေဒနာ ဖြစ်တာဘဲ။ မကောင်းတာကို မြင်ရ, ကြားရ, သိရယင် ဒုက္ခသဘောရှိတဲ့ အကုသလ ဝိပါက် ဥပေက္ခာနှင့် ဒုက္ခဝေဒနာ ဖြစ်တာဘဲ။ ဒါကြောင့် ဘုရား ရဟန္တာများမှာလဲ ဆူးစူးယင် နေပူ မီးပူနဲ့ထိယင် ရောဂါဖြစ်ယင် အခံခက်တဲ့ ဒုက္ခဝေဒနာ ကတော့ ဖြစ်တာဘဲ။ ဒါပေမဲ့ စိတ်ဆင်းရဲကတော့ မဖြစ်ဘူး၊ ချမ်းသာကို တောင့်တမှုလဲ မဖြစ်ဘူး၊ ချမ်းသာကို ခံစားနေရပေမဲ့ နှစ်သက်သာယာမှုလဲ မဖြစ်ဘူး။ ဒီလို နှစ်သက်သာယာဘဲ့ တဏှာမဖြစ်တဲ့အတွက် စွဲလမ်းမှုဥပါဒါန်လဲ မဖြစ်ဘူး၊ ပြုလုပ်အားထုတ်မှု ကံလဲမဖြစ်ဘူး။ အဲဒီလို ကံမဖြစ်တဲ့အတွက် ဘဝဆင်းရဲတွေလဲ မဖြစ်ရတော့ဘူး၊ ဘဝသစ် ရုပ်နာမ် ဆင်းရဲပေါ်သိမ်း အကုန်ငြိမ်းသွားတယ်။ ဒါက ကိလေသာလုံးဝ ကင်းငြိမ်းပြီးတဲ့ ဘုရား ရဟန္တာမှာ ဆင်းရဲငြိမ်းပုံဘဲ။

ဒါကြောင့်—

တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ—

လို့ ဟောထားပါတယ်။

တဿာယေဝ တဏှာယ၊ အကောင်းအဆိုးကို ခံစားမှုကြောင့် ဖြစ်တတ်သော ထိုတဏှာ၏ပင်လျှင်။ အသေသဝိရာဂနိရောဓာ၊ အရိယာမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ ဝါ၊ အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ စွဲလမ်းမှု ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အရဟတ္တမဂ် မရောက်သေးတဲ့သူတွေမှာ အာရုံ အကောင်းအဆိုးကို ခံစားရတဲ့အတွက် အကောင်းတွေကို နှစ်သက်လိုချင်တဲ့ တဏှာ ဖြစ်တတ်တယ်၊ ဒါဟာ ကိလေသာမကင်းသေးတဲ့ သာမန်ပုဂ္ဂိုလ်တို့သန္တာန်မှာ ဖြစ်ရိုးဖြစ်စဉ်ဘဲ။ ဝိပဿနာ ဘာဝနာကို အားထုတ်လို့ ဝိပဿနာဉာဏ်စဉ် အရိယာမဂ်ဉာဏ်စဉ် အတိုင်းတက်ပြီး အရဟတ္တမဂ်ကိုရောက်တဲ့ ပုဂ္ဂိုလ်မှာတော့ အဲဒီ အရဟတ္တမဂ်ဉာဏ်၏ အစွမ်းကြောင့် နှစ်သက်သာယာမှု ဆာလောင်တောင့်တမှု တဏှာတွေ အကုန်ကင်းသွားတယ်၊ ဘယ်လို ကောင်းတဲ့အာရုံကို တွေ့ပြီး ခံစားရပေမဲ့ နှစ်သက်သာယာမှု မဖြစ်တော့ဘူး၊ အဲဒါဟာ ပကတိလူတွေအနေနဲ့ ဆိုယင်တော့ ယုံစရာတောင် မရှိဘူး၊ အင်မတန်ထူးပါတယ်။ ဘယ်လို အမြင်ကောင်းတွေကို မြင်ရပေမဲ့ နှစ်သက်သာယာမှု မဖြစ်ဘူး၊ ဘယ်လို အသံကောင်းတွေကိုကြားရပေမဲ့ နှစ်သက်သာယာမှု မဖြစ်ဘူး၊ ဘယ်လိုအနံ့ကောင်း, အရသာကောင်း, အတွေ့ကောင်းတွေကို ခံစားရပေမဲ့ နှစ်သက် သာယာမှု မဖြစ်ဘူး၊ ဘယ်လိုကြီးပွါးချမ်းသာရေးတွေ ကောင်းစားရေးတွေကိုပေမဲ့ စိတ်မဝင်စားဘူး၊ မနှစ်သက်မသာယာဘူး။ နှစ်သက်သာယာမှု လုံးဝမရှိတဲ့အတွက် စွဲလမ်းမှုလဲ မရှိတော့ဘူး၊ အဲဒါကို ဥပါဒါန် ချုပ်တယ်လို့ ဆိုပါတယ်၊ စွဲလမ်းမှု လုံးဝကင်းသွားတယ်၊ လုံးဝမရှိတော့ဘူး မဖြစ်တော့ဘူးလို့ ဆိုလိုပါတယ်။ တဏှာကင်းလျှင် ဥပါဒါန်

သာ ကင်းတာမဟုတ်သေးဘူး၊ ပြုလုပ်အားထုတ်မှုကံလဲ ကင်းသွားတယ်၊ ဘဝ အသစ်ဖြစ်မှုလဲ ကင်းသွားတယ်၊ အိုရခြင်း သေရခြင်းအစရှိသော သံသရာဆင်းရဲ ဟူသမျှတွေလဲ တပါတည်း အကုန်ကင်းသွားတယ်။ ဒါကြောင့်—

ဥပါဒါနနိရောဓာ၊ စွဲလမ်းမှု ဥပါဒါန်၏ ချုပ်ခြင်းကြောင့်။ ဘဝနိရောဓာ၊ ဘဝအသစ်ဖြစ်ကြောင်း ပြုလုပ်အားထုတ်မှုကံ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝအသစ်ဖြစ်ကြောင်း ကံ၏ချုပ်ခြင်းကြောင့်။ ဇာတိ-နိရောဓာ၊ ဘဝအသစ်ဖြစ်မှု ဇာတိ၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ-နိရောဓာ၊ ဇာတိ၏ ချုပ်ခြင်းကြောင့်။ ဇရာမရဏံ၊ အိုရခြင်း သေရခြင်းသည်။ နိရုဇ္ဈတိ၊ ချုပ်လေတော့၏။ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ၊ စိုးရိမ်ပူဆွေးရခြင်း ငိုကြွေးရခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းပြင်းစွာ ပူလောင်ခြင်းတို့သည်လည်း။ နိရုဇ္ဈန္တိ၊ ချုပ်ငြိမ်းလေကုန်တော့၏။ ဧवं၊ ဤဆိုခဲ့သော အခြင်းအရာဖြင့်။ ဧတဿ ကेवလဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲအစုမျှ သက်သက်၏။ နိရောဓော၊ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်တယ်–လို့ ဟောထားပါတယ်။

အဲဒါဟာ အလွန်ရှင်းနေပါတယ်။ အရဟတ္တမဂ်၏ အစွမ်းကြောင့် တဏှာ ဖြစ်နိုင်ခွင့်မရှိတော့ဘဲ လုံးဝ ချုပ်ငြိမ်းသွားလျှင် တဏှာမှုဆက်ပြီး ဖြစ်မည့် အကြောင်းအကျိုးတရားတွေ အကုန်လုံးမဖြစ်ပေါ်နိုင်တော့ဘဲ ချုပ်ငြိမ်းသွားတယ်၊ လုံးဝကင်းသွားတယ်။ အဲဒီလိုချုပ်ငြိမ်းကင်းပြတ်သွားတာတွေဟာ မပြတ်ဖြစ်ပျက်နေတဲ့ ဆင်းရဲသက်သက်မျှဘဲ၊ အိုခြင်း နာခြင်း သေခြင်းစသည်သဘောရှိတဲ့ ဆင်းရဲတွေချည်းဘဲ၊ ချမ်းသာဆိုယင် ဘာတခုမျှမပါဘူး၊ ဒါကြောင့် ချမ်းသာတွေ ပျောက်သွားတာလဲ မဟုတ်ဘူး၊ အသက်ရှင်နေတဲ့ သတ္တဝါအကောင်လိုက် ပျောက်သွားတာလဲ မဟုတ်ဘူး၊ အမှန်စင်စစ်ကတော့ အိုတတ် နာတတ် သေတတ်တဲ့ စိုးရိမ်ပူဆွေးခြင်းစသည်ကို ဖြစ်စေတတ်တဲ့ ခဏမစဲ ဖြစ်ပျက်နေတဲ့ အကြောင်းအကျိုး အစဉ်အဆက် ရုပ်နာမ်ဆင်းရဲ အစုအဝေးမျှ ချုပ်ငြိမ်းပြတ်စဲသွားခြင်းသာဖြစ်တယ်၊ မီးပုံကြီး ငြိမ်းသွားတာလို ဆင်းရဲအစု ဆင်းရဲအပုံကြီး ငြိမ်းသွားခြင်းသာ ဖြစ်တယ်လို့ ဆိုလိုပါတယ်။

အောက်မဂ်မျှားဖြင့်လဲ ငြိမ်းတန်သမျှ ငြိမ်းတယ်

အရဟတ္တမဂ်ဖြင့် တဏှာအကြွင်းမဲ့ ချုပ်ငြိမ်းသလို အနာဂါမိမဂ်ဖြင့်လဲ ကာမတဏှာ ချုပ်ငြိမ်းတယ်။ ဒါကြောင့် ကာမတဏှာနဲ့ပတ်သက်တဲ့ ဥပါဒါန် ကံ ကာမဘဝ၌ ဖြစ်ရခြင်း အိုရ သေရခြင်း စသည်တွေ အကုန်ငြိမ်းသွားတယ်။ သောတာပတ္တိမဂ်ဖြင့်လဲ အပါယ်ကျစေနိုင်တဲ့ တဏှာ, ခုနစ်ဘဝထက်ပိုပြီး ဖြစ်စေနိုင်တဲ့ တဏှာတွေ အကုန်ငြိမ်းတယ်။ ဒါကြောင့် သောတာပန်မှာ အပါယ်ဘဝနဲ့ဆိုင်တဲ့ ဆင်းရဲတွေ အကုန်ငြိမ်းသွားတယ်၊ ကာမသုဂတိမှာလဲ ခုနစ်ဘဝထက် ပိုပြီးဖြစ်မည့် ဘဝဆင်းရဲတွေ အကုန်ငြိမ်းသွားတယ်။ ဒါတွေလဲ "တဿာ-ယေဝ တဏှာယ အသေသဝိရာဂနိရောဓော ဥပါဒါနနိရောဓော" အစရှိတဲ့ ဒေသနာထဲမှာ သြမဂနည်းအားဖြင့် အတွင်းဝင်ပါတယ်၊ အလွန်အကဲကို ယူတာ မဟုတ်ပဲ ယူသင့်ယူထိုက်သမျှ လျှော့ယူတာကို သြမဂနည်းလို့ ခေါ်ပါတယ်။

ဝိပဿနာဖြင့်လဲ တဒင်္ဂတော့ ငြိမ်းပါတယ်

ဒီ သြမဂနည်းအရအားဖြင့်ဆိုလျှင် ဝိပဿနာဉာဏ်ဖြင့်လဲ တဒင်္ဂတော့ ငြိမ်းတယ်လို့ မှတ်ရမယ်။ ဘယ်လိုလဲဆိုယင် မျက်စိ နား အစရှိတဲ့ ဒ္ဒါရ ၆-ပါးမှာ အာရုံအကောင်းအဆိုး တမျိုးမျိုးပေါ်လာတဲ့အခါ ခံစားမှု အကောင်းအဆိုး ဝေဒနာ တမျိုးမျိုးဖြစ်တယ်။ အဲဒီအခါမှာ ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်း မသိယင် တဏှာဖြစ်ပေါ်လာတယ်၊ တဏှာဖြစ်ပေါ်လာတော့ ဥပါဒါန် ကမ္မဘဝ ဇာတိ ဇရာ မရဏ စသည်တွေလဲ ထိုက်သည်အားလျှော်စွာ ဖြစ်ပေါ်လာကြတော့ တာဘဲ။ ဝိပဿနာဉာဏ် ကင်းမဲ့တဲ့ သူတွေမှာ ဒီပုံ ဒီနည်းဖြင့် သံသရာဝဋ်ဆင်းရဲတွေ မပြတ်ဆက်စပ်ပြီး ဖြစ်နေတယ်။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ်ရှုနေတဲ့သူမှာ ဝိပဿနာဉာဏ်ရင့်တဲ့အခါ တရိပ်ရိပ်နဲ့ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတဲ့ သဘောတွေကိုသာ တွေ့ရတယ်၊ မမြဲတဲ့သဘော, ဆင်းရဲတဲ့ သဘော, အတ္တကောင်မဟုတ်တဲ့ သဘောတွေကိုသာ တွေ့ရတယ်။ အဲဒီလိုအခါမှာ အကောင်းအဆိုး ဝေဒနာတမျိုးမျိုး ထင်ရှားပေါ်လာယင်လဲ တခဏချင်း ပျက်သွားတာကိုသာ တွေ့ရတယ်။ ဒီတော့

အဲဒီထင်ပေါ်လာတဲ့ ဝေဒနာကိုလဲ မနှစ်သက် မသာယာဘူး၊ တခြားဝေဒနာကိုလဲ မတောင့်တဘူး၊ တရိပ်ရိပ်နဲ့ ခဏမစဲ ဖြစ်ပျက်နေတဲ့ သဘောတွေနဲ့စပ်ပြီး နှစ်သက်သာယာမှု ဆာလောင်တောင့်တမှု တဏှာဟာ ဖြစ်နိုင်ခွင့်မရှိဘဲ လုံးဝကင်းနေတယ်။ အဲဒါဟာ "တဿာယေဝ တဏှာယ၊ ခံစားမှု ဝေဒနာကြောင့် ဖြစ်တတ်သော ထို တဏှာ၏ပင်လျှင်။ အဇ္ဈတ္တိကဝိရာဂနိရောဓာ၊ အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့်"လို့ ဆိုတဲ့ ဒေသနာထဲမှာ သြမက နည်းအရ အားဖြင့် ပါဝင်နေပါတယ်။ ဒီနေရာမှာ ထူးတာကတော့ အရိယာမဂ်ဖြင့် ငြိမ်းတာက မဂ်ဖိုလ်ရတဲ့ပုဂ္ဂိုလ်၏ သန္တာန်မှာ အစဉ်ထာဝရ ငြိမ်းတယ်၊ အာရုံတိုင်းမှာလဲ ငြိမ်းတယ်။ ဝိပဿနာဖြင့် ငြိမ်းတယ်ဆိုတာကတော့ ရှုမိတဲ့ တအာရုံ တအာရုံမှာသာ ငြိမ်းတယ်၊ မရှုမိတဲ့ အာရုံတွေမှာတော့ မငြိမ်းဘူး။ အစဉ်ထာဝရငြိမ်းတာလဲ မဟုတ်ဘူး၊ ရှုနေဆဲမှာသာ ငြိမ်းတယ်။ ဒါကြောင့် ဒီဝိပဿနာဖြင့် ငြိမ်းတာကို "တဒင်္ဂနိဗ္ဗုတိ=တဒင်္ဂအားဖြင့် ငြိမ်းတယ်"လို့သာ ဆိုရတယ်။ ရှုမိတဲ့ ဝိပဿနာကုသိုလ်တစိတ်၏အစွမ်းဖြင့် ရှုမိတဲ့အာရုံနဲ့ဆိုင်တဲ့ ကိလေသာ တစိတ် ငြိမ်းတယ်လို့ ဆိုလိုပါတယ်။

အဲဒီလို ရှုမိတဲ့ အာရုံနဲ့စပ်ပြီး နှစ်သက်သာယာမှု လိုချင်တောင့်တမှု တဏှာ မဖြစ်ပဲ ငြိမ်းသွားယင် အဲဒီ တဏှာကဆက်ပြီးဖြစ်မည့် ဥပါဒါန် ကံနှင့် ဘဝသစ် ဖြစ်ခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ပူဆွေးခြင်းအစရှိသော အကျိုးဆက်ဆင်းရဲတွေလဲ ဖြစ်ခွင့်မရှိတော့ဘဲ အကုန်လုံး ချုပ်ငြိမ်းသွားတယ်။ ဒီလိုရှုမိတဲ့ အာရုံတိုင်းမှာ ငြိမ်းငြိမ်းသွားတာကို "တဒင်္ဂနိရောဓ=တစိတ် တပိုင်းအားဖြင့် ချုပ်ခြင်း၊ တဒင်္ဂနိဗ္ဗုတိ=တစိတ်တပိုင်းအားဖြင့် ငြိမ်းခြင်း"လို့ ခေါ်တယ်။ အဲဒါဟာ ဝေဒနာကနေပြီး တဏှာမဖြစ်ပဲ သံသရာဇက် ပြတ်သွားအောင်ရှုပုံပါဘဲ။ မြင်တိုင်း မြင်တိုင်း မှတ်ယင် မြင်တိုင်း မြင်တိုင်း မြင်ရုံမျှတွင်ဘဲ ရပ်တန့်သွားတယ်၊ အဲဒီမြင်ဘာနဲ့စပ်ပြီး တဏှာမဖြစ်ရတော့ဘူး။ တဏှာ မဖြစ်ခင်တော့ ဥပါဒါန် ကံ ဘဝသစ် စသည်လဲ မဖြစ်ရတော့ဘူး၊ အကုန်လုံး ငြိမ်းသွားတယ်။ ထို့အတူ ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း မှတ်ယင်လဲ ကြားရုံမျှ စသည်ဘွင်ဘဲ ရပ်တန့်သွားတယ်၊ အဲဒီ ကြားမှု စသည်နှင့် စပ်ပြီး တဏှာ မဖြစ် ရတော့ဘူး၊ တဏှာမဖြစ်တော့ ဥပါဒါန် ကံ ဘဝသစ် စသည်လဲ

မဖြစ်ရတော့ဘူး၊ အကုန်လုံးငြိမ်းသွားတယ်။ အဲဒီလို ငြိမ်းပုံကို သမထ, ဝိပဿနာ နှစ်မျိုးလုံးဖြင့် ငြိမ်းဘူးတဲ့ သာဓကနှင့် နှိုင်းဆပြီး သိနိုင်ပါတယ်။

ငြိမ်းဘူးတဲ့ သာဓက မဟာတိဿမထေရ်ဝတ္ထု

သီဟိုဠ်ကျွန်း မဟိန္ဒလေ့ခေါ်တဲ့ မဟိန္ဒဟောင် တောကျောင်းမှာ သီတင်းသုံးနေတဲ့ မဟာတိဿ မထေရ်ဟာ တနေ့သောအခါ နံနက် စောစော ကျောင်းကထွက်ပြီး အနုရာဓမြို့ဆီကို ဆွမ်းခံရန်ကြွလာခဲ့ပါတယ်၊ အဲဒီအချိန်မှာ အနုရာဓမြို့က အမျိုးသမီးတယောက်လဲ သူ့ခင်ပွန်းနဲ့ ရန်ဖြစ် စိတ်ဆိုးပြီး အိမ်ကထွက်လာခဲ့ပါတယ်၊ ဒီလို ထွက်လာရင်း မဟာတိဿမထေရ်နဲ့ ခရီးရင်ဆိုင်တွေ့တယ်၊ တွေ့တဲ့အခါ ဒီအမျိုးသမီးက တပ်မက်တဲ့ ရာဂစိတ်နဲ့ ဖောက်ပြန်ပြီး ကျယ်လောင်တဲ့ အသံ ထွက်သွားအောင် ပြင်းစွာ ရယ်မိပါသတဲ့။ ဒီတော့ မဟာတိဿမထေရ်က လှမ်းကြည့်လိုက်တဲ့အခါ အဲဒီ အမျိုးသမီးရဲ့ သွားတွေကို တွေ့ရတယ်၊ မူလကလဲ အရိုးစုကမ္မဋ္ဌာန်းကို နှလုံးသွင်း အားထုတ်နေတဲ့အတွက် အဲဒီလို သွားကိုမြင်လိုက်တာနဲ့ အဲဒီအမျိုးသမီးရဲ့ တကိုယ်လုံးပင် အရိုးစုအနေနဲ့ ကမ္မဋ္ဌာန်း အာရုံ ထင်ပေါ်လာပါတယ်၊ အဲဒီ ထင်ပေါ်လာတဲ့ အရိုးစု အာရုံ နိမိတ်ကိုဘဲ အာရုံပြုပြီး စျာန်ကိုလဲ ရသွားတယ်၊ အဲဒီ စျာန်စိတ်နဲ့ အရိုးစု အာရုံကို ဝိပဿနာရှုပြီးတော့ အရဟတ္တ မဂ်ဖိုလ်ရောက်ပြီး ရဟန္တာလဲ ဖြစ်သွားတော်မူပါတယ်။

အဲဒီလို ရဟန္တာဖြစ်ပြီးတဲ့နောက် မဟာတိဿ မထေရ်လဲ ဆွမ်းခံရန် ခရီးဆက်ပြီး ကြွသွားတော်မူပါတယ်၊ အဲဒီလို ကြွနေရင်း အဲဒီအမျိုးသမီးလိုက်ရှာတဲ့ သူခင်ပွန်း အမျိုးသားကိုလဲ တွေ့ရပြန်တယ်၊ တွေ့တဲ့အခါမှာ အဲဒီ အမျိုးသား ဒကာက "ဒီလမ်းမှာ မိန်းမတယောက် သွားတာကို တွေ့ခဲ့ပါသလား အရှင်ဘုရား"လို့ မေးပါတယ်။ ဒီတော့ မဟာတိဿ မထေရ်က ဒီလို ဖြေကြားလိုက်ပါတယ်—

နာဘိဇာနာမိ ဣတ္ထိ ဝါ၊ ပုရိသော ဝါ ဣတော ဂတော။
အပိ စ အဒ္ဓိသယ်ာတော၊ ဂစ္ဆတေသ မဟာပထေ။

ဣတော ဂတော၊ ဤအရပ် ဤလမ်းမှ သွားလေသော သူသည်။ ဣတ္ထံ ဝါ၊ မိန်းမဖြစ်သည်ဟူ၍ရင်း။ ပုရိသော ဝါ၊ ယောကျ်ား ဖြစ်သည်ဟူ၍ရင်း။ နာဘိ-ဇာနာမိ၊ ငါ မသိပါ။ အပိ စ၊ စင်စစ်သော်ကား။ သေ အဋ္ဌိသင်္ခါတော၊ အရိုးစုဖြစ်သော ဤအကောင်သည်။ မဟာပထေ၊ လမ်းမကြီး၌။ ဂစ္ဆတေ၊ သွားလေ၏-တဲ့။

အဲဒါ မဟာတိသမထေရ်ရဲ့ပြောပုံဘဲ။ သူမြင်တုန်းက သွားရိုးကိုသာ မြင်တယ်၊ အဲဒါကို အရိုးစုလို့ နှလုံးသွင်းလိုက်တော့ အဲဒီမိန်းမ၏ တကိုယ်လုံးဟာ အရိုးစုလို့သာ သူမှာထင်ပေါ်ခဲ့တယ်၊ မိန်းမအနေအားဖြင့် မထင်ခဲ့ဘူး။ ဒါကြောင့် မိန်းမအနေနဲ့ အာရုံပြုပြီး ကိလေသာစိတ်တွေ သူမှာဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ နောက်ပြီးတော့ အဲဒီလို အရိုးစုထင်တဲ့ ဈာန်စိတ် ဖြစ်ရာက ဝိပဿနာရှုလိုက်ပြန်တဲ့အတွက် အဲဒီ မဟာတိသ မထေရ်ဟာ ကိလေသာ လုံးဝကင်းငြိမ်းတဲ့ ရဟန္တာအဖြစ်သို့လဲ ရောက်သွားတော်မူပါတယ်။

ကြက်တူရွေးတောင် ထင်နိုင်ပါသေးတယ်

ဒီမဟာတိသမထေရ်ရဲ့ဝတ္ထုထဲမှာ သွားကိုမြင်ရုံနဲ့ အရိုးစုထင်တယ်ဆိုရာမှာ ကမ္မဋ္ဌာန်းလက်မဲ့ပုဂ္ဂိုလ်တွေက ယုံမှားတွေးတောစရာ ရှိပါတယ်။ ဒါပေမဲ့ ဘာဝနာဆိုတာ ကိုယ်တိုင်အားထုတ်ကြည့်မှ သူ့သဘောသတ္တိကို သေသေချာချာ သိနိုင်ပါတယ်၊ အလေ့အကျင့် မရှိဘဲနဲ့ အနည်းငယ်လောက် ဆင်ခြင်ကြည့်ရုံနဲ့တော့ ဒီလို အာရုံနိမိတ် မထင်နိုင်ပါဘူး၊ အမြဲမပြတ် ကြာရှည်စွာ နှလုံးသွင်းနေမှ ထင်နိုင်ပါတယ်၊ အာရုံထင်တယ်ဆိုတာ သညာရဲ့ အစွမ်းဘဲ၊ ထပ်ကာထပ်ကာ နှလုံးသွင်းနေတော့ သညာဟာ အားကောင်းပြီး ခိုင်မြဲလာတယ်၊ အရိုးစု အရိုးစုလို့ နှလုံးသွင်းနေယင် ကိုယ့်ကိုယ်ကြီးကိုလဲ အရိုးစုအနေနဲ့ ထင်တယ်၊ သူများ ကိုယ်တွေကိုလဲ အရိုးစုအနေနဲ့ ထင်တယ်။ လူမပြောနဲ့ ကြက်တူရွေးတောင် ထင်နိုင်ပါသေးတယ်။

ကြက်တူရွေး ဝတ္ထု

ဘုရားလက်ထက်တုန်းက ကုရုတိုင်း ကမ္မာသဓမ္မအရပ်မှာ သတိပဋ္ဌာန်တရား အားထုတ်သူများပြားပုံကို အဋ္ဌကထာက ကြက်တူရွေးဝတ္ထုနဲ့ ပြထားတယ်။

ကခြေသည် တဦးဟာ ဘိုကျွန်မကျောင်းတခုမှာ ဝင်ရောက်တည်းခိုပြီး ထွက်သွားတဲ့အခါကျတော့ စကားပီ နားလည်တဲ့ ကြက်တူရွေးလိမ္မာတကောင် ကျန်နေရစ်သတဲ့၊ အဲဒီကြက်တူရွေးကို သာမဏေရိမကလေးတွေက မွေးမြူပြုစုထားတယ်၊ ဗုဒ္ဓရက္ခိတလို့လဲ အမည်ပေးထားတယ်။ တနေ့သောအခါမှာ ကျောင်းအုပ်ထေရိမကြီးက "ဟေ့ ဗုဒ္ဓရက္ခိတ....ဘာတရားကို နှလုံးသွင်းသလဲ"လို့ မေးတယ်။ ကြက်တူရွေးက "ဘာတရားကိုမှ နှလုံးမသွင်းပါဘူး အရှင်မ"လို့ ပြောတယ်။ ရှင်ရဟန်း သူတော်ကောင်းတွေ နေရာမှာ နေတဲ့သူဟာ ဘာတရားကိုမှ နှလုံးမသွင်းဘဲ နေလို့တော့ မသင့်လျော်ဘူး၊ ကမ္မဋ္ဌာန်းတခုခုကိုတော့ နှလုံးသွင်းရတယ်၊ သင်ကတော့ မျှားမျှား နှလုံးသွင်းနိုင်မှာမဟုတ်ဘူး၊ "အဋ္ဌိ,အဋ္ဌိ=အရိုးစု, အရိုးစု"လို့ အဲဒါဘဲ နှလုံးသွင်းနေပေတော့လို့ ထေရိမကြီးက ကမ္မဋ္ဌာန်းပေးထားတယ်၊ ကြက်တူရွေးကလဲ အရိုးစု, အရိုးစုလို့ မပြတ်နှလုံးသွင်းနေသတဲ့။

တနေ့သော နံနက်ခင်းအခါ တံခါးတိုင်ပေါ်မှာ နေပူစာလှုံနေတုန်း အဲဒီဗုဒ္ဓရက္ခိတကြက်တူရွေးကို သိန်းဌက်က သုတ်သွားတယ်၊ ဒီတော့ သာမဏေရိမကကေးတွေက "ဗုဒ္ဓကို့ခိတကို သိန်းဌက်သုတ်သွားတယ် – ဟေး – ဟေး" စသည်ဖြင့် ကျယ်လောင်စွာ ဟစ်အော်ပြီး ခဲနဲ့ ဒုတ်နဲ့ လိုက်ချောက်ကြတယ်။ ဒါနဲ့ သိန်းဌက်က လန့်ပြီး လွှတ်ချထားခဲ့တယ်။ သာမဏေရိမကလေးတွေက ဗုဒ္ဓ-ရက္ခိတကို ကောက်ယူလာပြီး ထေရိမကြီးရှေ့မှာ ချထားတယ်၊ ဟေ့-ဗုဒ္ဓရက္ခိတသင့်ကို သိန်းက သုတ်သွားတဲ့အခါ ဘယ်လို နှလုံးသွင်းသလဲလို့ ထေရိမကြီးက မေးတယ်။ ဒီတော့ ကြက်တူရွေးက "တခြားကိုတော့ နှလုံးမသွင်းမိပါဘူး၊ အရိုးစုတခုက အရိုးစုတခုကို သုတ်ချီသွားတယ်၊ ဘယ်နေရာကျယင် ဒီအရိုးစုကို ဖရိုဖရဲ ကြဲပစ်လိုက်မလဲမသိဘူးလို့ ဒါကိုဘဲ နှလုံးသွင်းမိပါတယ်" လို့ ပြောသတဲ့။အေးကွယ်....သာခု-သာခု၊ သင့်မှာ ဒီလို နှလုံးသွင်းတာဟာ နောင်အခါ ဘဝမှလွတ်မြောက်ရေးအတွက် အကြောင်းအထောက်အပံ့ ဖြစ်ပါလိမ့်မယ်လို့ ထေရိမကြီးက အားပေးစကား ပြောကြားသတဲ့။

စိတ်ဆိုတာ ထပ်ကာထပ်ကာ နှလုံးသွင်းနေယင် ကြာတော့စွဲမြဲသွားတာ့ဘဲ၊ ကြက်တူရွေးတောင် အရိုးစုထင်အောင် နှလုံးသွင်းနိုင်သေးယင် လူပုဂ္ဂိုလ်ကဘာကြောင့် နှလုံးမသွင်းနိုင်ဘဲ ရှိရမှာလဲ။ အဲဒီကြက်တူရွေးဟာ သူ့ကိုယ်ကိုလဲ

အရိုးစုမျှဘဲလို့ နှလုံးသွင်းနေတယ်၊ သူမျှားကိုယ်ကိုလဲ အရိုးစုမျှဘဲလို့ နှလုံးသွင်းနေတယ်။ ဒါကြောင့် သိန်းက သုတ်သွားတဲ့အခါမှာ ကြောက်ခြင်း လန့်ခြင်းမရှိဘူး၊ စိုးရိမ်ပူပန်ခြင်းမရှိဘူး၊ တော်တော် သက်သာခွင့် ရနေတယ်၊ အဲဒီလိုသာ ကမ္မဋ္ဌာန်းနှလုံးသွင်းမှုမရှိယင်တော့ သိန်းသုတ်သွားစဉ်က ကြက်တူရွေးမှာ ကြောက်လန့်ခြင်း စိုးရိမ်ပူပန်ခြင်းတွေဟာ အမျှားကြီးဖြစ်ရရှာလိမ့်မယ်၊ သိန်းအပေါ်မှာလဲ အမျှားကြီး ဒေါသဖြစ်လိမ့်မယ်၊ ငါ့ကို တနေရာကျယင် သတ်စားလိမ့်မယ်လို့လဲ ကြံတွေးမိလိမ့်မယ်။ ယခုတော့ သူ့မှာကိုယ်လဲအရိုးစုဘဲ၊ သူလဲ အရိုးစုဘဲ၊ အရိုးစုတခုက အရိုးစုတခုကို ချီဆောင်သွားတာဘဲလို့ ဒီလိုနှလုံးသွင်းနေတဲ့အတွက် အဲဒီလို ကြောက်လန့်တာတွေ စိတ်ဆိုးတဲ့ အမျက်ဒေါသတွေ ငါ့ကိုသတ်စားလိမ့်မယ်လို့ ကြံတွေးတာတွေ ဘာမျှမဖြစ်ရတော့ဘူး၊ သူ့ဟာ တော်တော်နေရာကျတာဘဲ။

အဲဒီလို ဖြစ်ပုံမျိုးကိုဘဲ ရည်ရွယ်ပြီးတော့ "သောကပရိဒေဝါနံ သမတိက္ကမာယ=စိုးရိမ်ပူဆွေးမှု ငိုကြွေးမှုတို့ကို ကျော်လွှန်ရန်အတွက်လဲ ဖြစ်ပါတယ်။ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ=ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ချုပ်ငြိမ်းရန်အတွက်လဲဖြစ်ပါတယ်" စသည်ဖြင့် သတိပဋ္ဌာန်ဘာဝနာအလုပ်ကို ချီးမွမ်းထားပေတာဘဲ။

ယခုပြောခဲ့တဲ့အတိုင်း ကြက်တူရွေးတောင် နှလုံးသွင်းလို့ အရိုးစုထင်သေးယင် လူဆိုတော့ ပြောစရာတောင် မလိုတော့ပါဘူး၊ ဒါပေမဲ့ တရားထဲစိတ်မဝင်စားလို့ တရားနှလုံးသွင်းမှုက မရှိတဲ့အတွက် ကြက်တူရွေးလောက်တောင် နေရာမကျတဲ့လူတွေကလဲ အမျှားကြီး ရှိပေလိမ့်မယ်။အဲဒီတော့ ကမ္မဋ္ဌာန်းတရား အားထုတ်မှုနဲ့စပ်ပြီး ကြက်တူရွေးထက် သာအောင် အားထုတ်မယ်လို့ ဒီလိုတော့ နှလုံးသွင်းထားဘို့ လိုပါတယ်။

မဟာတိဿမထေရ် ဝတ္ထုအဆက်

ခုတင်ကပြောခဲ့တဲ့ အရှင်မဟာတိဿမထေရ်ကတော့ မူလကတည်းက အရိုးစုကမ္မဋ္ဌာန်းကို လေ့လာ ပွါးများနေတဲ့အတွက် ရယ်တဲ့ မိန်းမရဲ့သွားကို မြင်လိုက်တာနဲ့ အဲဒီမိန်းမရဲ့တကိုယ်လုံးပင် အရိုးစုကြီးအနေနဲ့ ထင်သွားပါတယ်၊ အဲဒီလို

ထင်ပြီး စျာန်ကိုလဲ ရသွားပါတယ်၊ အဲဒီစျာန်ကို အခြေခံပြုပြီး ဝိပဿနာရှုလိုက်တဲ့အတွက် ထိုနေရာမှာဘဲ ရဟန္တာ ဖြစ်တော်မူသွားပါတယ်။

အကယ်၍သာ မဟာတိသမထေရ်ဟာ ရယ်တဲ့မိန်းမကို မြင်စဉ်က အရိုးစုအနေနဲ့မရှုဘဲ မိန်းမတယောက်အနေနဲ့ ကြည့်မိ နှလုံးသွင်းမိလို့ရှိယင် အဲဒီအချိန်မှာလဲ ကာမရာဂ ကိလေသာတွေ ဖြစ်နိုင်တယ်၊ ရာဂဖြစ်ရုံတွင်တောင် မကဘူး၊ အဲဒီမိန်းမက တပ်မက်တဲ့ရာဂနဲ့ ဖောက်ပြန်နေတဲ့အတွက် တောစခန်းမှာ ဆိတ်ကွယ်ရာကလဲရနေတော့ ရဟန်းသိလတောင် ပျက်စီးသွားစရာ အကြောင်းရှိနေပါသေးတယ်။ အဲဒီအချိန်က ရာဂမဖြစ်ခဲ့တောင် ပြုံးရယ်နေပုံကို နှလုံးသွင်းမှတ်စဲ့ထားမိယင် နောင်တချိန်မှာ ရာဂကိလေသာတွေ ဖြစ်လာနိုင်ပါတယ်။ ယခု အရှင်မဟာတိသမထေရ်မှာတော့ ပြုံးရယ်နေပုံကို နှလုံးသွင်းမည့်အစား အရိုးစုလို့လဲ နှလုံးသွင်းမိတယ်၊ အဲဒီကနောက် ဝိပဿနာဉာဏ်နဲ့လဲ ဆက်ပြီးရှုသွားတယ်။ ဒါကြောင့် အဲဒီ မဟာတိသမထေရ်မှာ အဲဒီမိန်းမကို မြင်မှုနဲ့ စပ်ပြီး ဘာကိလေသာမျှ မဖြစ်ရတော့ဘူး၊ ကိလေသာမှဆက်ပြီးဖြစ်မည့် ဥပါဒါန်တို့ကံတို့ ဘဝသစ်ဆင်းရဲတို့ ဖြစ်ဖို့ဆိုတာကတော့ ဝေးရော့ဘဲ။ အဲဒါဟာ မြင်သိမှု ဝိညာဏ်နှင့်တကွ နာမ်ရုပ် အာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရားတွေ ဖြစ်ပေါ်လာရာမှာ ဝေဒနာအကျိုးတရားမှ ဆက်ပြီး တဏှာမဖြစ်ရတော့ဘဲ သံသရာစက် ပြတ်သွားပုံသာဓကပါဘဲ။ အဲဒီမှာ ဝိပဿနာရှုမိတဲ့အတွက် မြင်ရတဲ့အာရုံနဲ့စပ်ပြီး တဏှာမဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားတာက "တဒင်္ဂနိရောဓ=တစိတ်တပိုင်းအားဖြင့် ချုပ်တာ၊ တဒင်္ဂနိဗ္ဗုတိ=တစိတ် တပိုင်းအားဖြင့် ငြိမ်းတာ" လို့ မှတ်ရမယ်။ အရဟတ္တမဂ်ဖြင့် ငြိမ်းတာကတော့ "သမုစ္ဆေဒ=အမြစ်ပြတ် အကြွင်းမဲ့ချုပ်တာ ငြိမ်းတာ" လို့ မှတ်ရမယ်။

ဒါကြောင့် "တဿာယေဝ တဏှာယ၊ ခံစားမှုဝေဒနာကို အကြောင်းပြု၍ ဖြစ်နိုင်သော ထိုတဏှာ၏ပင်လျှင်။ အသေသ ဝိရာဂ နိရောဓာ၊ အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ စွဲလမ်းမှုဥပါဒါန်၏ ချုပ်ခြင်းမဖြစ်ပေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏" စသည်ဖြင့် တဏှာကဆက်ပြီး ဖြစ်မည့် အကျိုးအဆက်ဆက်တွေ မဖြစ်ပေါ်လာတော့ဘဲ ချုပ်ငြိမ်းသွားကြကြောင်းကို ဟောထားပါတယ်။

ရှုတိုင်းရှုတိုင်း ကိလေသာ,ကံ,ဝိပါက် ငြိမ်းတယ်

ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း အနိစ္စ ဒုက္ခ အနတ္တ သဘောကိုမြင်အောင် ရှုနိုင်ယင် ရှုတိုင်း ရှုတိုင်း တဏှာ ဥပါဒါန် ကံတို့နှင့်တကွ ဘဝသစ်ဝိပါက်ခန္ဓာတွေ တဒင်္ဂအားဖြင့် ငြိမ်းငြိမ်း သွားကြတယ်။ ဝိပဿနာ ရှုတယ်ဆိုတာ ဒီကိလေသာ, ကံနဲ့ ဝိပါက်ခန္ဓာဆိုတဲ့ ဝဋ္ဋဆင်းရဲတွေ ငြိမ်းအောင် ရှုရတာဘဲ၊ သေးသေး သိမ်သိမ် အလုပ်မဟုတ်ဘူး၊ အင်မတန် ကြီးကျယ်တဲ့ အလုပ်ဘဲ။ ဒါကြောင့် သံသရာဝဋ္ဋဆင်းရဲမှ ထွက်မြောက်လိုတဲ့သူတိုင်း ဒီဝိပဿ-နာအလုပ်ကိုလုပ်သင့်တယ်။ ဝိပဿနာ မရှုနိုင်ယင်တော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြုံသိတိုင်း အကောင်းအဆိုး ခံစားမှုဝေဒနာ ဖြစ်ပြီးယင် တပ်မက်သာယာမှု တောင့်တမှု တဏှာဆိုတာက ဖြစ်တော့တာဘဲ၊ တဏှာဖြစ်ပြီးယင် ဥပါဒါန်နဲ့ ကံလဲ ဖြစ်တော့တာဘဲ၊ ကံဖြစ်တော့ အဲဒီကံ၏အကျိုး ဘဝသစ်ခန္ဓာလဲ ဖြစ်တော့တာဘဲ၊အဲဒါတွေဖြစ်ပုံကိုတော့ နောက်ရက်တွေကျမှ အကျယ်ပြောရမယ်။ ဒီကနေ့တော့ ပစ္စုပ္ပန်အကျိုးငါးပါးက ဆက်ပြီး တဏှာဖြစ်ပုံလောက်ပဲ မျှားမျှားပြောရမယ်။

ပစ္စုပ္ပန်အကျိုးကိုမှီပြီး အကြောင်းတရား ဖြစ်ပေါ်လာပုံ

ယခု အဆင်းအာရုံ အကောင်းအဆိုးတွေကို မြင်တာဟာ စက္ခုဝိညာဏ်ဘဲ၊ ဒီဝိညာဏ်ဟာ ရှေးဘဝက ပြီးစီးခဲ့တဲ့ အဝိဇ္ဇာနဲ့သင်္ခါရကြောင့် ဖြစ်ပေါ်လာတယ်၊ ယခု တဘဝလုံး မြင်တိုင်း မြင်တိုင်း ရှေးဘဝက အဝိဇ္ဇာနဲ့ သင်္ခါရကြောင့် မြင်ရတာချည်းဘဲ။ မြင်တယ်ဆိုယင် သူနဲ့တွဲဘက် နာမ်ရုပ်လဲပါတယ်၊ သဋ္ဌာယတနဆိုတဲ့ အာယတနလဲပါတယ်၊ အာရုံနဲ့တွေ့တဲ့ ဖဿလဲပါတယ်၊ အကောင်းအဆိုးကို ခံစားတဲ့ ဝေဒနာလဲပါတယ်၊ ဒါကြောင့် မြင်တိုင်း မြင်တိုင်း ဝိညာဏ်, နာမ် ရုပ်, အာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးတရား ငါးပါးလုံး တပေါင်းတည်း ဖြစ်ကြတာဘဲ။ ဒေသနာမှာဟော့ အကြောင်းအကျိုး ဆက်စပ်ပြီး အသေးစိတ်အားဖြင့် တပါးချင်း ဟောထားတယ်၊ အဲဒါက အသေးစိတ်အားဖြင့် ခွဲခြားပြီး မှတ်ရအောင်လို့ ဟောထားတာဘဲ၊ ဒါပေမဲ့ အဲဒီလို တခုပြီးမှတခု အသီးအသီး ဖြစ်နေတာတော့ မဟုတ်ဘူး။

သခ်ၢိရကြောင့် ဝိညာဏ် ဖြစ်တယ်ဆိုယင် အဲဒီဝိညာဏ်နဲ့ဆိုင်တဲ့ နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာတွေလဲ တပေါင်းတည်း ဖြစ်ကြတော့တာဘဲ။ အဲဒါတွေဟာ ရှေးကံ သခ်ၢိရကြောင့်ဖြစ်တဲ့ အကျိုးတရားတွေဘဲ၊ ဝိပါကဝဋ္ဋ တရားတွေလို့လဲ ခေါ်ရတယ်။ ဝဋ္ဋဆိုတာ အလှည့်ကျအားဖြင့် လည်နေတဲ့ တရားဘဲ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ္ဋကြောင့် ကံနဲ့ သခ်ၢိရ ဆိုတဲ့ ကမ္မဝဋ္ဋ ဖြစ်ပေါ်လာတယ်၊ အဲဒီ ကမ္မဝဋ္ဋကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဝိပါကဝဋ္ဋ ဖြစ်ပေါ်လာတယ်၊ အဲဒီဝိပါက ဝဋ္ဋကိုမှီပြီး တဖန် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ္ဋ ဖြစ်ပေါ်လာပြန်တယ်။ ဒီလို တလှည့်စီလည်ပြီး ဖြစ်နေလို့ ကိလေသာရယ်, ကံရယ်, ဝိပါက်ရယ် ဒီသုံးပါးကို ဝဋ္ဋသုံးပါးလို့ ခေါ်ရတယ်။ အဲဒီသုံးပါးထဲက ယခု ပြောနေတဲ့ ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာဆိုတဲ့ တရား ငါးပါးကိုတော့ ဝိပါကဝဋ္ဋလို့ ခေါ်ဟယ်။

မြင်ဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ အဲဒီ ဝိပါကဝဋ္ဋ ငါးပါးကို မြင်တယ်လို့ဘဲ အမျှားအားဖြင့် ပြောလေ့ရှိကြပါတယ်။ တခါတရံလောက်တော့ "မျက်စိ ကြည်တယ်၊ မကြည်ဘူး၊ မြင်တွေ့တယ်၊ မြင်လို့ကောင်းတယ်၊ မကောင်းဘူး" စသည်ဖြင့် ပြောတာလဲ ရှိပါသေးရဲ့။ ဒါပေမဲ့ အမျှားအားဖြင့်တော့ မြင်တယ်လို့ဘဲ ပြောလေ့ရှိကြပါတယ်။ ဒီတော့ မြင်တယ်ဆိုတာဟာ "ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာ" ဆိုတဲ့ အကျိုးတရားငါးပါး အပေါင်းဘဲ။ ထို့အတူ ကြားတယ်ဆိုတာလဲ အကျိုးတရားငါးပါး အပေါင်းဘဲ။ နံတယ် ဆိုတာလဲ အကျိုးတရားငါးပါး အပေါင်းဘဲ။ စားသိတယ်ဆိုတာလဲ အကျိုးတရား ငါးပါး အပေါင်းဘဲ။ ထိသိတယ်ဆိုတာလဲ "ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာ" ဆိုတဲ့ အကျိုးတရား ငါးပါးအပေါင်းဘဲ။ ကြံသိတယ်ဆိုတာလဲ "ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာ" ဆိုတဲ့ အကျိုးတရား ငါးပါး အပေါင်းဘဲ။

ဘယ်လိုလဲဆိုယင် မြင်ဆဲခဏမှာ မြင်သိတာက စက္ခုဝိညာဏ်ဘဲ။ အဲဒီ ဝိညာဏ်နဲ့တွဲပြီး မြင်ရတဲ့အာရုံကို နှလုံးသွင်းတဲ့ မနသိကာရ၊ မြင်မှုကိစ္စ ပြီးအောင် စေ့ဆော်အားထုတ်တဲ့ စေတနာအစရှိသော သဘောတရားတွေက

နာမ်၊ မြင်မှု၏မှီရာ ပျက်စီးကြည်လင်တာက ရုပ်၊ ဒီနှစ်မျိုးက နာမ်နဲ့ရုပ်ပဲ။ ပျက်စီးကြည်တာက စက္ခာယတန၊ မြင်ရတဲ့အဆင်းက ရူပါယတန၊ မြင်သိတာက မနာယတန၊ နှလုံးသွင်းမှု စသည်က ဓမ္မာယတန၊ ဒီအာယတန ၄-ပါးလဲ ပါဝင်တယ်။ မြင်ရတဲ့အဆင်းကို တွေ့ရတာက ဖဿဘဲ၊ မြင်လို့ကောင်းတာ မကောင်းတာက ဝေဒနာဘဲ။ ယခုပြောခဲ့တဲ့ "စက္ခုဝိညာဏ်, နာမ်နဲ့ရုပ်, အာယတန ၄-ပါး, ဖဿ, ဝေဒနာ" ဆိုတဲ့ အကျိုးတရား ငါးပါးဟာ မြင်တိုင်း မြင်တိုင်း ပါဝင်ပြီး ဖြစ်နေတယ်။

ထို့အတူ ကြားဆဲခဏမှာ ကြားသိတဲ့ သောတဝိညာဏ်နဲ့ နာမ်ရုပ်အစရှိတဲ့ အကျိုးတရား ငါးပါးဘဲ။ နံဆဲ ခဏမှာလဲ နံသိတဲ့ ဃာနဝိညာဏ် အစရှိတဲ့ အကျိုးတရား ငါးပါးဘဲ။ စားသိဆဲ ခဏမှာလဲ အရသာသိတဲ့ ဇိဝှါဝိညာဏ် အစရှိတဲ့ အကျိုးတရား ငါးပါးဘဲ။ ထိသိဆဲ ခဏမှာလဲ ထိသိတဲ့ ကာယဝိညာဏ် အစရှိတဲ့ အကျိုးတရား ငါးပါးဘဲ။ ကြံသိဆဲ ခဏမှာလဲ ကြံတိုင်း ကြံတိုင်း ကြံသိတဲ့ မနောဝိညာဏ်အစရှိတဲ့ အကျိုးတရား ငါးပါးဘဲ။

ဒီ မြင်သိမှု ကြားသိမှု အစရှိတဲ့ အကျိုးငါးပါး ငါးပါးအပေါင်း ဆိုတဲ့ သဘောတရားတွေဟာ ခဏမစဲ တမျိုးပြီးတမျိုး ဆက်ကာ ဆက်ကာ ဖြစ်နေတယ်။ အဲဒီလို ဆက်ကာ ဆက်ကာ မပြတ်ဖြစ်နေတဲ့ မြင်မှု ကြားမှု အစရှိတဲ့ အကျိုးတရားအပေါင်းတွေကိုဘဲ လူလို့လဲ ခေါ်ရတယ်၊ နတ်လို့လဲ ခေါ်ရတယ်၊ မိန်းမလို့လဲ ခေါ်ရတယ်၊ ယောကျ်ားလို့လဲ ခေါ်ရတယ်၊ ပုဂ္ဂိုလ် သတ္တဝါလို့လဲ ခေါ်ရတယ်။ အဲဒါဟာ လောကပေါ်ဟာရအားဖြင့် ခေါ်ဝေါ်ရုံမျှပါဘဲ၊ အမှန်စင်စစ်ကတော့ ရှေးဘဝက ပြီးခဲ့တဲ့ အဝိဇ္ဇာနဲ့ သင်္ခါရကြောင့် ယခုဘဝ ပဋ္ဌိသန္ဓေကစပြီး အဆက်ဆက် မပြတ်ဖြစ်နေတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးတရား ငါးပါးအပေါင်းမျှသာ ဖြစ်ပါတယ်။ အမြဲတမ်း တကြွံတည်း တလုံးတခဲတည်း တည်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါရယ်လို့တော့ မရှိပါဘူး။ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ် လိုက်ပြီး ရှုနိုင်ယင် ယခု ပြောခဲ့တဲ့အတိုင်း ခဏမစဲ အသစ် အသစ်ဖြစ်ပြီး ပျက်ပျက်သွားတဲ့ သဘောတရားမျှသာရှိတယ်၊ အမြဲတမ်း တကြွံတည်း တလုံးတခဲတည်း တည်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါရယ်လို့တော့ မရှိဘူးဆိုတာကို အမှန်

အတိုင်း သိရတယ်၊ ဒီလိုသိတဲ့အတွက် ခံစားမှုဝေဒနာမှ ဆက်ပြီးဖြစ်ပေါ်မည့် တပ်မက်သာယာမှု တောင့်တမှု တဏှာဆိုတာ မဖြစ်ရတော့ဘူး၊ အဲဒါကို တဏှာချုပ်တယ်လို့ ဆိုပါတယ်။ တဏှာမဖြစ်ရတော့ တဏှာက ဆက်ပြီး ဖြစ်မည့် စွဲလမ်းမှု ဥပါဒါန်လဲ မဖြစ်ရတော့ဘူး၊ ဘဝသစ်ဖြစ်ကြောင်း ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတဲ့ ကမ္မဘဝလဲ မဖြစ်ရတော့ဘူး၊ ကံမဖြစ်ရတော့ ဘဝအသစ်ဖြစ်ရခြင်း, အိုရခြင်း, သေရခြင်း အစရှိတဲ့ သံသရာဝဋ္ဋဆင်းရဲတွေလဲ ကင်းပြတ်သွားတယ်။

ဒါကြောင့် "တဿာယေဝ တဏှာယ၊ ခံစားမှုဝေဒနာကြောင့် ဖြစ်တတ်သော ထိုတဏှာ၏ပင်လျှင်။ အသေသဝိရာဂနိရောဓော၊ အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ စွဲလမ်းမှုဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏"စသည်ဖြင့် ဟောထားပါတယ်။

ချုပ်စပ်သော့ချက်က ဖြတ်တဲ့နည်း

အဲဒါဟာ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ကြီး မပြတ်လည်နေရာမှ ရပ်စဲသွားအောင် "ဝေဒနာပစ္စယာ တဏှာ"ဆိုတဲ့ ချုပ်စပ်သော့ချက်ကနေပြီး ဖြုတ်လိုက် ဖြတ်လိုက်တဲ့နည်းပါဘဲ။ ဒါကြောင့် သံသရာစက်ကြီး မလည်စေချင်ယင် မြင်တိုင်း မြင်တိုင်း ဝေဒနာကဆက်ပြီး တဏှာမဖြစ်အောင် ရှုရတယ်၊ ကြားတိုင်း ကြားတိုင်းလဲ ရှုရတယ်၊ နံတိုင်း စားတိုင်း တွေ့ထိတိုင်း စိတ်ကူးစဉ်းစား ကြံစည်တိုင်းလဲ ရှုရတယ်။ အကျဉ်းချုပ်အားဖြင့်ဆိုယင် ဒီ ၆-ဌာနက မပြတ်ရှုမှတ် နေရုံပါဘဲ၊ ဒီ ၆-ဌာနထဲမှာ တွေ့ထိတယ်ဆိုတာက မဟာဘုတ်ရုပ်ကြွမ်းတွေ့မှု အထင်အရှားဆုံးပါဘဲ။ ဒါကြောင့် တရားအားထုတ်ခါစပုဂ္ဂိုလ်ဟာ အဲဒီတွေ့ထိရာဌာနကစပြီး ရှုမှတ်ရတယ်။

အဲဒီလိုရှုဘို့ရာ မြတ်စွာဘုရားက "ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ"စသည်ဖြင့် သတိပဋ္ဌာန်သုတ်မှာ ဟောထားပါတယ်။ သွားလျှင် သွားတယ်လို့ သိပါစေတဲ့။ သိအောင် ဘယ့်နှယ်လုပ်မလဲ၊ သွားတယ်-သွားတယ်စသည်ဖြင့် ရှုရတယ်၊ မှတ်ရတယ်၊ နှလုံးသွင်းရတယ်၊ ရှုတယ် မှတ်တယ်ဆိုတာ သိအောင်လို့ နှလုံးသွင်းလိုက်တာကို ဆိုတာပါဘဲ။ ထို့အတူ ရပ်လျှင်လဲ ရပ်တယ်လို့ ရှုရတယ်၊

ထိုင်လျှင်လဲ ထိုင်တယ်လို့ ရှုရတယ်၊ လဲလျောင်းအိပ်လျှင်လဲ လျောင်းတယ် အိပ်တယ်လို့ ရှုရတယ်၊ လက်ချေများကို ကွေးလျှင် ဆန့်လျှင်လဲ ကွေးတယ် ဆန့်တယ်လို့ ရှုရတယ်၊ ကိုယ်အမူအရာ တစုံတခုကို ပြုလုပ်တိုင်း အဲဒီကိုယ်အမူအရာကို ရှုရတယ်။ အဲဒီ ကိုယ်အမူအရာတွေကိုရှုယင် ကိုယ်ထဲက တွေ့ထိတဲ့သဘောကို သိတာပါဘဲ။ ကိုယ်အမူအရာ အထူးမထင်ရှားတဲ့ အခါမှာတော့ ကိုယ်ထဲမှာ တနေရာရာက ထိမှုကို စူးစိုက်ပြီး ထိတယ် ထိတယ်လို့ ဒီလို ရှုမှတ်နေရတယ်၊ အသက်ရှူတိုင်း ရှိုက်တိုင်း ဝမ်းဗိုက်က ဖောင်းတက်လာလိုက် ပိန်ကျသွားလိုက်နဲ့ လှုပ်ရှားနေတာလဲ ဝါယောဓာတ်ပဲ၊ ဒါကြောင့် အဲဒါကို ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေယင် ဝမ်းဗိုက်ထဲက အတွေ့အထိကို သိတာဘဲ။ ဒါကြောင့် ဘုန်းကြီးတို့က ဘာမျှ အထူးမှတ်စရာမရှိတဲ့အခါ အဲဒီဖောင်းတာ ပိန်တာကိုဘဲ ရှုမှတ်နေဘို့ ညွှန်ကြားနေပါတယ်။ ဒါပေမဲ့ အဲဒီ ဖောင်းတာ ပိန်တာ ၂ ခုထဲ မှတ်ဘို့တော့ မဟုတ်ပါဘူး၊ စိတ်ကူးကြံစည်မှုပေါ်လာယင် အဲဒါကိုလဲ မှတ်ရတယ်၊ အဲဒါက စိတ္တာနုပဿနာဘဲ။ ဒုက္ခ သုခဝေဒနာတမျိုးမျိုး ပေါ်လာယင် အဲဒါကိုလဲ မှတ်ရတယ်၊ အဲဒါက ဝေဒနာနုပဿနာဘဲ။ ကွေးခြင်း, ဆန့်ခြင်း, ပြုပြင်လှုပ်ရှားခြင်း အစရှိတဲ့ ကိုယ်အမူအရာ အထူးပေါ်လာယင် အဲဒါကိုလဲ မှတ်ရတယ်၊ သွားတာရပ်တာ ထိုင်တာ လျောင်းတာတွေလဲ မှတ်ရတယ်၊ ဒါတွေကတော့ ဖောင်းတာပိန်တာကို မှတ်တာနဲ့ အတူတူပါဘဲ၊ ကာယာနုပဿနာ ချည်းပါဘဲ။

နောက်ပြီးတော့ ကြည့်တာ မြင်တာကိုလဲ မှတ်ရတယ်၊ နားထောင်တာ ကြားတာကိုလဲ မှတ်ရတယ်၊ အနံ့နံတာကိုလဲ မှတ်ရတယ်၊ စားသောက်တာကိုလဲ မှတ်ရတယ်၊ ကျင်ကြီးကျင်ငယ်စွန့်တာ၊ တာင် မှတ်ရသေးတာဘဲ၊ ဒွါရ ၆-ပါးမှာ ထင်ပေါ်လာသမျှကို အကုန်လုံးဘဲ မှတ်ရတယ်၊ ဘာမျှမကျန်ပါဘူး။ ဒါကြောင့် သမာဓိဉာဏ်ရင့်ကျက်လာတဲ့အခါမှာ ဒွါရ ၆-ပါးက ထင်ပေါ်လာသမျှ ဂိုဏ်ဘာဏ်, နာမ်ရုပ်, သဋ္ဌာယတန, ဖဿ, ဝေဒနာဆိုတဲ့ သဘောတရားတွေဟာ ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်နဲ့ မမြဲတဲ့တရားတွေချည်းဘဲလို့လဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းရှင်း လင်းလင်း သိရတယ်၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲချည်းဘဲလို့လဲ သိရတယ်၊ သူ့သဘောအတိုင်း သူ့ဟာသူ ဖြစ်ပျက်နေတဲ့ အနတ္တသဘောတရားမျှဘဲလို့လဲ သိ

ရတယ်။ ဒီလိုသိရတဲ့အတွက် အဲဒီ မြင်မှု, ကြားမှု, တွေ့မှု, ကြံသိမှု, ခံစားမှုတွေ နဲ့စပ်ပြီး တောင့်တသာယာမှု တဏှာမဖြစ်ရတော့ဘူး။ တဏှာမဖြစ်ရတော့ ဥပါဒါန်ကံနှင့် ဘဝသစ် ဆင်းရဲတွေလဲ မဖြစ်ရတော့ဘူး။ ဒါဟာ ဝေဒနာကြောင့် တဏှာဖြစ်တတ်တယ်ဆိုတဲ့ သော့ချက်ကနေပြီး တဏှာမဖြစ်အောင် ဖြတ်ပြီး ပဋ္ဌိစ္စသမုပ္ပါဒ်သံသရာစက်ကြီးကို မလည်နိုင်အောင် ဖြတ်ပုံပါဘဲ။

အဲဒီလို ဖြတ်ပုံကို သဘောပေါက်နားလည်ထားဘို့ အရေးကြီး ပါတယ်။ နားမလည်ယင် သံသရာစက်ကြီးကို ရပ်ချင်ပေမဲ့ ရပ်လို့ မဖြစ်ဘူး။ ယခုခေတ်မှာ သိပ္ပံပညာနဲ့ တည်ထွင်ထားတဲ့ စက်ကြီးတွေဆိုတာရှိတယ်။ အဲဒီ စက်ကြီးတွေကို နားမလည်ယင် လည်အောင်လဲ မလုပ်နိုင်ဘူး၊ လည်နေတာကိုရပ်အောင်လဲ မလုပ်နိုင်ဘူး။ တတ်သိနားလည်တဲ့ သူကတော့ လိုရင်းသော့ချက် ခလုတ်ကလေးကို တင်လိုက်, ချလိုက်တာနဲ့ လည်လဲလည်စေနိုင်တယ်၊ ရပ်လဲ ရပ်စေနိုင်တယ်။ ဒါလိုပါဘဲ ဒီပဋ္ဌိစ္စသမုပ္ပါဒ်သံသရာစက်ကြီးမှာလဲ သူ့သော့ချက်က ဝေဒနာကြောင့် တဏှာဖြစ်တတ်တယ်ဆိုတဲ့ အချက်ပဲ။ ဒါလိုဆိုယင် ဝေဒနာဖြစ်တိုင်း တဏှာဖြစ်သလားလို့ဆိုတော့ သန္တာနာနုသယ, အာရမ္မဏာနုသယဆိုတဲ့ အကြောင်းကလဲရှိပါမှ တဏှာဖြစ်နိုင်ပါတယ်။ အဲဒီ အနုသယနှစ်မျိုး မရှိယင်တော့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်များမှာ အာရုံ အမျိုးမျိုးတွေကို မြင်, ကြား, တွေ့, သိပြီး ခံစားမှုဝေဒနာဖြစ်ပေမဲ့ တပ်မက်သာယာမှု တဏှာကတော့ မဖြစ်တော့ဘူး။ အဲဒါဟာ အနုသယနှစ်မျိုးလုံးကင်းနေလို့ မဖြစ်နိုင်တာပါဘဲ။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်များမှာ ဥပါဒါန်လဲ မရှိတော့ဘူး၊ ကံအသစ်လဲ မဖြစ်တော့ဘူး၊ကံအဟောင်းကလဲ ဘဝသစ်ကို မဖြစ်စေနိုင်တော့ဘူး။ ဒါကြောင့် ပရိနိဗ္ဗာန်စုတိစိတ်ချုပ်သွားပြီးတဲ့နောက် ဘဝသစ် ရုပ်နာမ်ခန္ဓာတွေလဲ မဖြစ်လာတော့ဘူး၊ တခါတည်း အပြီးတိုင် ငြိမ်းအေးသွားတယ်။

ကိုလေသာမကင်းသေးတဲ့ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တွေမှာကော့ သန္တာနာနုသယဆိုတာက ရှိနေတယ်။ သန္တာနာနုသယဆိုတာ အရိယမဂ်ဖြင့် မပယ်ရသေးလို့ ရုပ်နာမ်အစဉ်သန္တာန်မှာ အဓိကြောင်းညီညွှတ်တဲ့ အခါ ဖြစ်နိုင်တဲ့ ကိုလေသာကိုဆိုတာပါဘဲ။ အဲဒီ ကိုလေသာက တနေရာရာမှာအောင်းပြီးတည်ရှိနေတာတော့ မဟုတ်ပါဘူး၊ အဖျားရောဂါမပြတ်စဲသေးတဲ့သူမှာ အဖျားကျနေ

တဲ့ အခါပေမဲ့ အကြောင်းညီညွတ်ယင် အဖျားက တက်လာဦးမှာမို့ ဖျားနေပါတယ်၊ အဖျားရောဂါ ရှိနေပါတယ်လို့ ပြောရသလို၊ အကြောင်းညီညွတ်ယင် ဖြစ်ပေါ်လာဦးမှာမို့ အဲဒီကိလေသာမျိုးကို ကိန်းနေတယ် ရှိနေတယ်လို့ ဆိုရတာပါဘဲ။ အဲဒီလို သန္တာနာနုသယကိလေသာရှိနေတဲ့ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တွေမှာ ဖြစ်ပေါ်လာတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတနာ, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးဝိပါက် တရားတွေကို ဝိပဿနာဉာဏ်ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ ထင်အောင် မရှုနိုင်လို့ရှိယင် အဲဒီ မရှုမိတဲ့ အာရုံကို အကြောင်းပြုပြီး နိစ္စ-မြဲတယ်၊ သုခ-ချမ်းသာတယ်၊အတ္တ-ငါကောင်,သတ္တဝါကောင်ဘဲလို့ ထင်မှတ်ပြီး လောဘ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာတွေ ဖြစ်နိုင်တယ်၊ အဲဒီလို မရှုမိတဲ့ အာရုံနဲ့စပ်ပြီး ဖြစ်နိုင်တဲ့ ကိလေသာတွေကို အာရမ္မဏာနုသယလို့ ခေါ်ပါတယ်။ ဒီနေရာမှာ သန္တာနာနုသယနဲ့ အာရမ္မဏာနုသယ ဒီနှစ်မျိုးကို ရှင်းရှင်းလင်းလင်း မှတ်သားထားရအောင် ဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

သတ္တဝါတဦး၏ သန္တာန်၌ အရိယမဂ်ဖြင့် မပယ်ရသေးသောကြောင့် အကြောင်းညီညွတ်တိုင်း ဖြစ်ပေါ်နိုင်သော ကိလေသာကို သန္တာနာနုသယ-ဟု ခေါ်သည်။

ထင်ရှားသိရသော အာရုံဟူသမျှ၌ ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်း မသိလျှင် အကြောင်းညီညွတ်တိုင်း ဖြစ်ပေါ်နိုင်သော ကိလေသာကို အာရမ္မဏာနုသယ-ဟု ခေါ်သည်။

ယခု မြင်ဘူးတာတွေ ကြားဘူးတာတွေ တွေ့ဘူး သိဘူးတာတွေနဲ့ စပ်ပြီး လောဘ, ဒေါသ ဖြစ်နေကြတာတွေဟာ အဲဒီ အာရမ္မဏာနုသယရဲ့ အစွမ်းကြောင့်ပါဘဲ။ မြင်စဉ် ကြားစဉ် တွေ့သိစဉ် ကာလတုန်းက ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တ သဘောမျှဘဲ ဆိုတာကို အမှန်အတိုင်း မသိခဲ့ရဘူး၊ အမြဲတမ်းတည်ရှိနေတဲ့ ချမ်းသာကောင်းစားတဲ့ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ားမိန်းမ အနေနဲ့သာ အထင်အရှား သိခဲ့ရတယ်၊ သုံးဆောင်ဘွယ် အရာဝတ္ထု အနေနဲ့သာ အထင်အရှား သိခဲ့ရတယ်။ ဒါကြောင့် အဲဒီလို သိမှတ်ထားတဲ့ အာရုံဂတ္ထုတွေဟာ ပြန်လည်စဉ်းစားကြည့်ဝိုင်း အယင် မြင်ခဲ့စဉ် ကြားခဲ့စဉ် တွေ့သိခဲ့စဉ်က အတိုင်းဘဲ စိတ်ကူးထဲ ပေါ်နေတယ်၊ ဓာတ်ပုံရိုက်ထားတဲ့ ရုပ်ပုံ

ကလေးကို ပြန်ကြည့်ရသလိုပါဘဲ၊ ချစ်စရာကောင်းတဲ့အနေ မုန်းစရာကောင်းတဲ့ အနေအားဖြင့် ထင်ရှား ပေါ်နေပါတယ်။ ဒါကြောင့် ချစ်စရာ ကောင်းတယ် ထင်ယင် ချစ်ခင်နှစ်သက်တဲ့ လောဘ ဖြစ်တယ်၊ မုန်းစရာကောင်းတယ်ထင်ယင် အမျက်ထွက်တဲ့ စိတ်ဆိုးတဲ့ ဒေါသဖြစ်တယ်၊ အမြဲတည်ရှိနေတဲ့ သာမန်အာရုံ ဝတ္ထုအနေအားဖြင့် ထင်ယင်တော့ အမြဲတည်နေတဲ့ပုဂ္ဂိုလ် ဝတ္ထုအနေအားဖြင့် မှတ်ထင်တဲ့ မောဟဖြစ်တယ်။

ဒီအထဲမှာ လောဘဆိုတာကတော့ တဏှာဘဲ၊ ဒါကြောင့် လောဘ ဖြစ်တာဟာ ကောင်းတဲ့ခံစားမှုဆိုတဲ့ သုခဝေဒနာကြောင့် တဏှာ ဖြစ်တာပါဘဲ။ မကောင်းတဲ့အာရုံကို ခံစားရမှုဆိုတဲ့ ဒုက္ခဝေဒနာကြောင့် ဒေါသဖြစ်ပြန်ယင်လဲ ကောင်းတာကို လိုချင်တောင့်တတဲ့ တဏှာ ဖြစ်ပြန်တာဘဲ။ မောဟ ဖြစ်ယင်လဲ အဲဒီလို ဖြစ်နေရတာကို မမှန်းနိုင်ဘူး၊ မစဉ်နိုင်ဘူး၊ သာယာနေတာဘဲ၊ နောက်ပြီးတော့ အဲဒါထက် ကောင်းတာကို မြော်လင့်တောင့်တတဲ့ တဏှာလဲ ဖြစ်ပြန်တာဘဲ။ ဒါကြောင့် လောဘ, ဒေါသ, မောဟဖြစ်တိုင်း ဝေဒနာကြောင့် တဏှာ ဖြစ်တယ်၊ တဏှာဖြစ်ယင် ဥပါဒါန်နဲ့ ကံလဲဖြစ်ပြီး ဘဝသစ်ဆင်းရဲတွေ ဖြစ်တော့တာဘဲ၊ ဒီပုံဒီနည်းဖြင့် သံသရာစက်ကြီး မပြတ်လည်နေတာဘဲ။ အဲဒါဟာ မြင်စဉ် ကြားစဉ် တွေ့သိစဉ်က မရှုမမှတ်နိုင်လို့ အာရမ္မဏာနုသယ ကိန်းပြီးတော့ "ဝေဒနာပစ္စယာ၊ တဏှာ-ဝေဒနာကြောင့် တဏှာ ဖြစ်တယ်"ဆိုတဲ့ သော့ချက်က ပွင့်ပြီး သံသရာစက် လည်နေပုံပါဘဲ။

မြင်စဉ်ကတည်းက ရှုမှတ်လို့ မြင်ကာမျှ ဖြစ်ပျက်သွားကာမျှ အနေအားဖြင့် အမှန်အတိုင်း သိသွားယင်တော့ အဲဒီ မြင်မှု ခံစားမှုနဲ့စပ်ပြီး သာယာမှုနှစ်သက်မှု လိုချင်မှု တောင့်တမှုဆိုတဲ့ တဏှာဟာ မဖြစ်နိုင်တော့ဘူး။ တဏှာ မဖြစ်တော့ ဥပါဒါန် ကံ အစရှိတဲ့ ဝဋ္ဋဆင်းရဲတွေလဲ မဖြစ်နိုင်တော့ဘူး။ ဒီမှာ အကုန်လုံး တခါတည်း ငြိမ်းသွားတယ်။

ထို့အတူ ကြားစဉ်ကတည်းက ရှုမှတ်လို့ ကြားကာမျှ ဖြစ်ပျက်သွားကာမျှ အနေအားဖြင့် အမှန်အတိုင်း သိသွားယင်လဲ ကြားမှု ခံစားမှုနဲ့စပ်ပြီး တဏှာ မဖြစ်ရတော့ဘူး။ မရှုမမှတ်နိုင်လို့ မသိနိုင်ယင်တော့ နာ၊ ထောင်လို့ ကြားလို့ ကောင်းတဲ့ သဘောကလေးကို သဘောကျနေတတ်တယ်။ ကြားပြီးတဲ့ နောက်

လဲ အဲဒါကလေးကို တအောက်မေ့မေ့နဲ့ ဖြစ်နေတတ်တယ်၊ အဲဒီအသံနဲ့ စပ်ဆိုင်တဲ့သူကိုလဲ နှစ်သက်နေတတ်တယ်၊ ဒါတွေဟာ ဝေဒနာကြောင့်ဖြစ်တဲ့ တဏှာတွေပါဘဲ။ တဏှာဖြစ်ယင် စဲ့လမ်းမှုအစရှိသော ဝဋ္ဋဆင်းရဲတွေလဲ ဖြစ်တော့တာဘဲ။ ဒီတဏှာက ယခုဘဝတွင်လဲ ဆင်းရဲဒုက္ခ ရောက်စေတတ်ပါတယ်။

ဥဒေါင်းမင်းဝတ္ထု

မောရဇာတ်မှာ ဘုရားအလောင်း ရှေ့ဥဒေါင်းကြီးဟာ နံနက် နေထွက်ချိန် အိပ်တန်းက ဆင်းတဲ့အခါ "ဥဒေတယံ စက္ခုမာ ကေရုဇာ"ဆိုတဲ့ ဂါထာကို ရွတ်ဆိုပြီး ဆင်းလေ့ရှိတယ်၊ ညနေ အိပ်တန်းတက်တဲ့အခါလဲ "အပေတယံ စက္ခုမာ ကေရုဇာ"ဆိုတဲ့ ဂါထာကို ရွတ်ဆိုပြီး တက်လေ့ရှိတယ်၊ ဒါကြောင့် နှစ်ပေါင်း ခုနစ်ရာပတ်လုံး မှုဆိုးက ကျေ့ကွင်းပေါင်း မျှားစွာနဲ့ ထောင်ဖမ်းသော်လဲ မမိဘူး၊ တနေ့သောအခါမှာ မှုဆိုးက ဒေါင်းမကလေးတကောင်ကို ယူသွားပြီး နံနက်စောစောမှာ ကျေ့ကွင်းတွေ အသင့်ထောင်ထားပြီးတော့ ဒေါင်းမကလေးကို မြည်တွန်စေတယ်။ ဒေါင်းမရဲ့ အသံကိုကြားရတော့ ရှေ့ဥဒေါင်းကြီးဟာ အခါတိုင်းလို ပရိတ်ဂါထာကို ရွတ်ဖို့ရာ သတိမရတော့ဘဲ အိပ်တန်းက ကဗျာကရာနဲ့ဆင်းပြီး ဒေါင်းမကလေးဆီ ပျံသွားလိုက်လို့ မှုဆိုးရဲ့ ကျေ့ကွင်းထဲမှာ မိသွားတယ်။ အဲဒါဟာ အသံကြားရာက တဏှာ ဖြစ်ပြီး လက်ငင်း ဒုက္ခရောက်ရပုံပါဘဲ။

စောင်းသံကြောင့် သေရတဲ့အမျိုးသမီး

ရှေးက ဗာရာဏသီပြည်မှာ ဂုတ္တိလဆိုတဲ့ စောင်းဆရာတယောက် ရှိခဲ့တယ်၊ အဲဒီစောင်းဆရာက အမျိုးသမီးတဦးထံ ဝင်ရောက်ထောင်ပေးပြီး ဆက်သွယ်တယ်၊ အမျိုးသမီးက ပြက်ရယ်ပြုပြီး လွှတ်လိုက်တယ်။ အဲဒါကို အခဲမကြေတာနဲ့ စောင်းဆရာက ညဉ့်ဦးယာမ်အချိန်မှာ အဲဒီအမျိုးသမီးရဲ့ အိမ်ရှေ့ မျက်နှာစာ အိမ်ကနေပြီး အလွန်သာယာတဲ့အသံနဲ့သီဆိုပြီး စောင်းကိုတီးလိုက်တယ်။ အဲဒီ အမျိုးသမီးဟာ သီချင်းနဲ့စောင်းသံကိုကြားရတော့ မအောင့်နိုင်တော့ဘူး၊ စောင်းတီးဂုအရပ်ကို သွားဘို့ရည်ရွယ်ပြီး ပြူတင်းပေါက်က မှားဆင်းလိုက်တာ လိမ့်ကျ

ပြီး သေရှာပါရောတဲ့။ ဒါလဲ ကြားရုက တဏှာဖြစ်ပြီး လက်ငင်း ဒုက္ခရောက်ရပုံပါဘဲ။ (အံ-ဌ ၁-၂၁) ထူးတာကတော့ ခုတင်က ဝတ္ထုက အမသံကြောင့် ဒုက္ခရောက်ပုံကို ပြတယ်၊ ယခု နောက်ဝတ္ထုကတော့ အဖိုသံကြောင့် ဒုက္ခရောက်ပုံကို ပြတယ်၊ ဒါလောက်ပဲ ထူးပါတယ်။

ကြားရမှု မမြဲတာကတော့ အလွန်ထင်ရှားပါတယ်

ကြားရတယ် ဆိုတာဟာ သေသေချာချာ စဉ်းစားကြည့်ယင် ဘာမျှမဟုတ်ဘူး၊ ကြားပြီးရင်း ပျောက်သွားရင်း၊ ကြားပြီးရင်း ပျောက်သွားရင်းနဲ့ မမြဲတာ အလွန် ထင်ရှားပါတယ်။ ယခု ဟောနေတဲ့ တရားသံကို ကြားတိုင်း ကြားတိုင်း မှတ်ကြည့်ပါ၊ တလုံးပြီး တလုံး ကြားပြီးယင် ပျောက် ပျောက် သွားတာချည်းဘဲ။ သာယာတဲ့ သီချင်းသံ စောင်းသံ ဗုံသံ စကားသံဆိုတာတွေလဲ ဒါလိုပါဘဲ၊ ကြားပြီးယင် ချက်ခြင်း ပျောက်ပျောက် သွားတာချည်းဘဲ၊ လူတွေက ပိုင်းခြားပြီး မရှုနိုင် မမှတ်နိုင်ကြတဲ့အတွက် ရှေအသံနဲ့ နောက်အသံတွေ တပေါင်းတည်း ဆက်စပ်ပြီး သာယာဘွယ် ဖြစ်နေတာ။ အဲဒါကို ကြားရုံမျှပေါ်လာပြီး ပျောက်ပျောက်သွားရုံမျှ အမှန်အတိုင်းထင်အောင် "ကြားတယ် ကြားတယ်"လို့ ပိုင်းခြားပြီး ရှုမှတ်ဖို့ လိုပါတယ်။ အဲဒီလို ရှုမှတ်နိုင်ယင် သမာဓိဉာဏ် အားကောင်းလာတဲ့အခါမှာ ချက်ခြင်း ပျောက်ပျောက်သွားလို့ မမြဲဘူးဆိုတာ ထင်ရှားသိရပါတယ်၊ ဒီလိုသိတော့ အဲဒီကြားမှု ခံစားမှုနှင့် စပ်ပြီး တပ်မက်မှုတဏှာ မဖြစ်ရတော့ဘူး၊ တဏှာမဖြစ်ရတော့ ဥပါဒါန် ကံနဲ့ ဘဝသစ်ဆင်းရဲတွေလဲ မဖြစ်ရတော့ဘူး၊ အကုန်လုံး ငြိမ်းသွားတယ်။

နံမှု ဆိုတာကတော့ တရားအားထုတ်နေတဲ့ ယောဂီမှာ တွေ့ရခဲပါတယ်၊ တွေ့ယင် အဲဒါကိုလဲ တပ်မက်သာယာမှု တဏှာဖြစ်ခွင့်မရအောင် ရှုမှတ်ရတာဘဲ။

စားသီမှုက အရေးကြီးတယ်

စားသောက်ရာမှာတော့ ရှုမှတ်ပြီးသိဘို့ အရေးကြီးပါတယ်၊ မရှုမမှတ်နိုင်ယင်တော့ အရသာကောင်းကလေးတွေကို စားသောက်ရတဲ့အခါ နှစ်သက်သာယာတယ်၊ သဘောကျတယ်၊ စားသောက်ရတဲ့အရသာကိုလဲ ကြိုက်တယ်၊

ဒဲ့ဒီ အရသာ ခံစားရတာကိုလဲ ကြိုက်တယ်၊ နောင်လဲ ဒီလိုအရသာကောင်းတွေကို စားသောက် ခံစားချင်တယ်၊ နောက်နောက် ဘဝတွေမှာလဲ ဒီလိုဘဲ စားသောက်ခံစားနေချင်တယ်။ ဒီလို စားသောက်ခံစားနေချင်တဲ့ တဏှာဟာ သေးတဲ့ဟာမဟုတ်ဘူး။ ဒီတဏှာကြောင့် မကောင်းတာတွေကို စားရတဲ့ဘဝမျိုးလဲ ရောက်သွားတတ်တယ်။ လူ့ဘဝ နတ်ဘဝမှာ အရသာကောင်းတွေကို သာယာတပ်မက်ပြီး စားနေရတဲ့သူကြီးဟာ မကောင်းမှုကံပြုမိလို့ အဲဒီ မကောင်းမှုကံက အကျိုးပေးတဲ့အခါမှာ နွားကဲ့သို့ ဆင် မြင်း အစရှိတဲ့ တိရစ္ဆာန်မျိုးတွေဖြစ်ပြီး မြက် သစ်ရွက်တွေလဲ စားနေရတတ်တယ်၊ ကြက် ဝက် ခွေး အစရှိတဲ့ တိရစ္ဆာန်မျိုးတွေဖြစ်ပြီး မစင်ကိုလဲ စားနေရတတ်တယ်လို့ မြတ်စွာဘုရားက ဗာလပဏ္ဍိတသုတ်မှာ ဟောထားပါတယ်။

မကောင်းတာကို စားရယင်လဲ ကောင်းတာကို တောင့်တတဲ့ တဏှာဖြစ်တတ်တယ်။ ဒါကြောင့် စားသောက်ရာမှာ တဏှာမဖြစ်အောင်, စားသောက်ဖို့ ပြင်ဆင်တာကစပြီး မှတ်ရတယ်။ ဘယ်လိုလဲဆိုယင် ထမင်းပွဲကိုကြည့်ယင် ကြည့်တယ် မြင်တယ်လို့ မှတ်ရတယ်၊ လက်ကြုံယင် ကြုံတယ် ကြုံတယ် လှုမ်းတယ် လှုမ်းတယ် စသည်ဖြင့် မှတ်ရတယ်။ ထမင်းနဲ့ထိယင် ထိတယ်၊ ယက်ယင် ယက်တယ်၊ ထမင်းလုပ်ပြင်ယင် ပြင်တယ်၊ ဆုပ်ပြီးကိုင်ယင် ကိုင်တယ်၊ မြှောက်ပြီးယူလာတော့ ယူတယ် ယူတယ်လို့ မှတ်ရတယ်၊ ဖြည်းဖြည်းချင်းဘဲ ပြုလုပ်ရတယ်။ ပါးစပ်ကို ထိတာ ပါးစပ်ဖွင့်တာ ပါးစပ်ထဲခွဲ့ ထည့်တာ ပါးစပ်ပြန်ပိတ်တာ လက်ပြန်ချတာ ပန်းကန်ပြားနဲ့ထိတာ ဒါတွေကို အစဉ်အတိုင်း မှတ်ပြီးတော့ ဝါးတဲ့အခါမှာ ဝါးတိုင်း ဝါးတိုင်း ဝါးတယ် ဝါးတယ်လို့ မှတ်ရတယ်၊ ဝါးနေရင်း ချိုတဲ့ချဉ်တဲ့ အရသာကိုသိယင် ချိုတယ် ချဉ်တယ် သိတယ် စသည်ဖြင့် မှတ်ရတယ်၊ စားသိတယ်ဆိုတာ ဒီအရသာသိတာကို ပြောတာပါဘဲ။ အဲဒီကနောက် မျိုချလိုက်တော့ မျိုတယ် မျိုတယ်လို့ မှတ်ရတယ်။ လည်ချောင်းတလျှောက်မှာ ထိသွားတာကိုလဲ မှတ်နိုင်ယင် ထိတယ် ထိတယ်လို့ မှတ်ရသေးတယ်။ အဲဒါဟာ ထမင်းတလုပ်စားရာမှာ မှတ်ပုံအကျဉ်းချုပ်ပါဘဲ။ အဲဒီအထဲမှာ ချိုတဲ့ ချဉ်တဲ့ အရသာကလေးများကို ကောင်းတယ်ထင်ယင် ကောင်းတယ်လို့ မှတ်လိုက်ရသေးတယ်၊ အဲဒါဟာ စားသိမှုနဲ့စပ်ပြီးဖြစ်တဲ့ သုခဝေဒနာကို

မှတ်သိတာပါဘဲ။ အဲဒီလို စူးစိုက်ပြီး မှတ်နေယင် ဧတ်အမှုအရာ ကိုယ်အမှုအရာ တွေဟာ တခုပြီးတခု ပျောက်ပျောက်သွားလို့ မမြဲဘူးဆိုတာကိုလဲ ကိုယ်ပိုင် ဉာဏ်ဖြင့် ထင်ရှားသိပြီး သဘောပေါက်သွားပါလိမ့်မယ်၊ ချိုတာ ချဉ်တာ ကောင်းတာကလေးတွေလဲ တခဏချင်း ပျောက်ပျက်သွားလို့ မမြဲဘူးဆိုတာ ကိုလဲ ထင်ရှားသိရပါလိမ့်မယ်။ ဒီလို သိတဲ့အတွက် တချိုယောဂီမှာစားနေ ရင်း မစားချင်တဲ့ စိတ်တွေဟောင် ဖြစ်တတ်ပါသေးတယ်၊ အဲဒါဟာ စားသိမှု ခံစားမှုနှင့်စပ်ပြီး တပ်မက်သာယာမှု တဏှာ ကင်းငြိမ်းသွားတာပါဘဲ၊ တဏှာ ကင်းတော့ အဲဒီတဏှာက ဆက်ဖြစ်မည့် ဥပါဒါန် ကံနဲ့ ဘဝသစ်ဆင်းရဲတွေလဲ အကုန်လုံး ငြိမ်းသွားကြတယ်။

ထိတာနဲ့ သိတာကတော့ အများဆုံးမှတ်ရတာဘဲ

နောက်ပြီးတော့ ထိတယ်ဆိုတာ တကိုယ်လုံးမှာ အမြဲလိုဘဲ ရှိနေပါတယ်၊ တကိုယ်လုံးမှာ ဘယ်နေရာကဘဲဖြစ်ဖြစ် စဉ်းစားကြည့်လိုက်ယင် ထိသိမှု တမျိုး မျိုးဟာ ရှိနေတာဘဲ၊ နောက်ပြီးတော့ ကြုံသိမှုဆိုတာကလဲ အိပ်ပျော်နေတဲ့ အခါ မဟုတ်ယင် အမြဲတမ်းရှိနေတာဘဲ။ ဒါကြောင့် ဒီထိတာနဲ့ သိတာကိုတော့ မှတ်ရတာ အများဆုံးပါဘဲ။ ဒါကြောင့် ဘာမျှ ထူးထူးခြားခြား မှတ်သိစရာ မရှိယင် ကိုယ်ထဲက ထိသိတာကိုဘဲ ရှုမှတ်နေရတယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် မှတ်နေရတယ်၊ ဒီလိုမှတ်နေရင်း ကွေးမှု ဆန့်မှု လှုပ်ရှားပြုပြင်မှု အစရှိသော ကိုယ်အမှုအရာအထူးတွေ ပေါ်လာယင် အဲဒီထိမှု အထူးတွေကို လိုက်မှတ်ရတယ်၊ တွေ့ထိရာက ညောင်းမှု ပူမှု နာကျင်မှု မခံသာမှု ကောင်းမှုဆိုတဲ့ ဝေဒနာအထူးတွေ ပေါ်လာယင် အဲဒါတွေကိုလဲ လိုက်မှတ် ရတယ်၊ ဒါတွေဟာ အကုန်လုံး ထိသိပြီးခံစားရတဲ့ ဝေဒနာတွေချည်းပါဘဲ။

နောက်ပြီးတော့ စိတ်ကူးစဉ်းစား ကြုံစည်မှုဖြစ်ပေါ်လာယင် အဲဒါကို ရှုမှတ် ရတယ်။ ကောင်းတဲ့စိတ်ကူးလဲ မှတ်ရတယ်၊ မကောင်းတဲ့ စိတ်ကူးလဲ မှတ်ရတယ်။ တရားအားမထုတ်ဘဲ အလွတ်နေတဲ့ ပုဂ္ဂိုလ်တွေ, အားထုတ်ခါစ ပုဂ္ဂိုလ်တွေမှာ အများအားဖြင့် ကိုယ်လုပ်နေကျ ကိုင်နေကျ ကြုံစည်နေကျ အမှုကိစ္စတွေကို ကြုံ နေတာဘဲ များတတ်ပါတယ်။ တရားအားထုတ်လို့.သမာဓိဉာဏ် ရင့်ကျက်လာတဲ့

အခါကျတော့ အဲဒီလိုကြုံစည်မှုတွေဟာ မရှိသလောက်ပဲ ကင်းငြိမ်းသွားပါတယ်၊ ဒါပေမဲ့ တရားနဲ့စပ်တဲ့ စိတ်ကူးကြုံစည်မှုတွေကတော့ အခု၂ိုပုဂ္ဂိုလ်မှာ မကြာခဏ ဖြစ်ပေါ်နေတတ်တယ်၊ အဲဒါတွေလဲ ရှုမှတ်ရတယ်၊ အဲဒီလိုရှုမှတ်ပြီး "ချက်ခြင်း ပင် ပျောက်ပျက်သွားလို့ မမြဲတဲ့တရားတွေဘဲ "ဆိုတာ သိသိသွားယင် အဲဒီ ကြုံစည်မှုထဲမှာပါတဲ့ဝေဒနာကြောင့် ဖြစ်မည့်တဏှာဟာ ဖြစ်ခွင့်မရှိဘဲ ငြိမ်း သွားပါတယ်၊ တဏှာငြိမ်းတော့ ဥပါဒါန်ကံနဲ့ ဘဝသစ် ဆင်းရဲတွေလဲ အကုန် ငြိမ်းသွားတယ်။ ဒါဟာ ဝေဒနာကြောင့် တဏှာဖြစ်တတ်သည်ဆိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် အလယ်ပိုင်းမှ တဏှာမဖြစ်ပဲ ငြိမ်းပြတ်သွားအောင် အားထုတ်ပုံ အားထုတ် နည်း ပါဘဲ။

ရှုပုံရှုနည်းကို ပြရခြင်းအကြောင်း

ဒီနေရာမှာ ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ဆိုပြီး ဝိပဿနာရှုပုံ ရှုနည်းတွေကို ဘာကြောင့် ပြောနေရသလဲလို့ တခ၊ိုက မေးချင်ကောင်း မေးချင်ကြပေ လိမ့်မယ်။ အဲဒါကို ရှင်းပြပါဦးမယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာ သူ့ဆိုင်ရာ ဆိုင်ရာ အကြောင်းကြောင့် သူ့ဆိုင်ရာဆိုင်ရာ အကျိုးတရား အဆက်ဆက် ဖြစ်ပေါ်ပြီး သံသရာဝဋ္ဌဆင်းရဲတွေ မပြတ်ဖြစ်နေပုံကို ပြတဲ့တရားပါဘဲ။ ဒါပေမဲ့ ဒီတရားကို ဟောတာက သံသရာဝဋ္ဌဆင်းရဲ မပြတ်ဖြစ်နေပုံကို သိရုံမျှအတွက်သာ ရည်ရွယ် ပြီး ဟောတာမဟုတ်ဘူး၊ အဲဒီသံသရာဝဋ္ဌဆင်းရဲတွေ ပြတ်စဲသွားအောင် အား ထုတ်ဖို့အတွက် ပဓာနပြုပြီး ဟောထားတာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင် ရာမှာ သံသရာဝဋ္ဌဆင်းရဲ ပြတ်စဲသွားအောင် ကျင့်ပုံကျင့်နည်းကို ထည့်သွင်းပြ ရပါတယ်၊ ပုံစံထုတ်ပြရယင် "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်၊ သင်္ခါရကြောင့် ပဋ္ဌိသန္ဓေဝိညာဏ်ဖြစ်သည်"လို့ ဆိုရာမှာ ဘဝသစ် ပဋ္ဌိသန္ဓေဝိညာဏ် မဖြစ်စေ လိုလျှင် အကြောင်းသင်္ခါရနဲ့ အဝိဇ္ဇာကင်းအောင် ကျင့်ရလိမ့်မည်၊ အဲဒါဘယ်လို ကျင့်ရမည်လဲလို့ သိဘို့ လိုလာပါတယ်။ ဒါကြောင့် အဲဒီ'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' ဆိုတဲ့အပိုဒ်မှာ ဝိဇ္ဇာဉာဏ်ဖြစ်ပြီး အဝိဇ္ဇာကင်းအောင် ရှုမှတ်ပုံကို အတော်အသင့် ပြခဲ့ပါတယ်။ နောက်ပြီးတော့ ယခုမြင်လိုက် ကြားလိုက် တွေ့ထိလိုက်နဲ့ ခံစား နေရတာဟာ အဲဒီအဝိဇ္ဇာနဲ့ သင်္ခါရဆိုတဲ့ အတိတ်ဘဝက အကြောင်းကြောင့် ယခုတဘဝလုံးမှာ မပြတ်ဖြစ်ပေါ်နေတဲ့ "ဝိညာဏ်, နာမ်ရูပ်, သဠာယတန,

ဖဿ, ဝေဒနာ”ဆိုတဲ့ အကျိုးတရားငါးပါး ဖြစ်ပါတယ်။ ဒီအကျိုးတရားငါးပါး လုံးပင် အဝိဇ္ဇာနှင့်တကွ တဏှာဖြစ်စရာ အခြေခံတရားတွေ ဖြစ်ပါတယ်၊ အထူး အားဖြင့်ဆိုယင်တော့ ဒီအကျိုးတရားငါးပါးထဲက ဝေဒနာဟာ တဏှာဖြစ်စရာ အခြေခံတရား ဖြစ်ပါတယ်၊ အဲဒီဝေဒနာကို အကြောင်းပြုပြီး တဏှာဖြစ်မိယင် ဥပါဒါန်နဲ့ ကံဖြစ်ပြီး နောင်အနာဂတ်ဘဝသစ်ဆင်းရဲတွေ ဖြစ်ပေါ်သွားတော့မှာ ကေန်ဘဲ။ ဒါကြောင့် အနာဂတ်ဘဝဆင်းရဲ မဖြစ်စေချင်ယင် ဝေဒနာမှ တဏှာ မဖြစ်အောင် ကျင့်ဘို့ လိုလာပြန်ပါတယ်။ ဒါက ဒီမှာ အရေးအကြီးဆုံး လိုရင်း အချက် ဖြစ်ပါတယ်။ ဒါကြောင့် ဝေဒနာမှ ဆက်ပြီး တဏှာမဖြစ်အောင် ကျင့်ကြံ အားထုတ်နည်းကို ကောင်းကောင်းသဘောပေါက်အောင်လို့ ဒီနေရာမှာ ဝိပဿနာရှုပုံရှုနည်းကို ထပ်ကာထပ်ကာ အကျယ်ပြန်ခြင်း ဖြစ်ပါတယ်။

ဝေဒနာကြောင့် တဏှာ ၃-ပါး ဖြစ်ပေါ်ပုံ

ဝေဒနာကြောင့်တဏှာ ၃-ပါး ဖြစ်ပေါ်ပုံကို အကျဉ်းသရုပ်လောက်တော့ ရှေ့နားက ပြောခဲ့ပါပြီ၊ ဒါပေမဲ့ သဘောသဘာဝအားဖြင့်တော့ မပေါ်လွင်လှသေးဘူး၊ ဒါကြောင့် ယခုအဲဒါကို နည်းနည်းချဲ့ပြီး ပြောလိုက်ဦးမယ်။ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း ဖြစ်ပေါ်လာတဲ့ ခံစားမှုကို အနိစ္စ, ဒုက္ခ, အနတ္တ အနေအားဖြင့် ရှုမှတ်ပြီး မသိလျှင် အဲဒီခံစားမှု ဝေဒနာကိုအကြောင်းပြုပြီး တဏှာ ၃-ပါးထဲက တပါးပါး ဖြစ်ပေါ်လာတယ်။ တဏှာ ၃-ပါးဆိုတာ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဆိုတဲ့ ဒီ ၃-ပါးပါဘဲ။

ကာမတဏှာ ဆိုတာ ကာမဂုဏ်အာရုံတွေကို **သာယာနှစ်သက်**တဲ့သဘောဘဲ၊ လှပတင့်တယ်တဲ့ **အဆင်းအာရုံ**တွေ၊ **သာယာ**တဲ့ **အသံအာရုံ**တွေ၊ မွှေးကြိုင်တဲ့ **အနံ့အာရုံ**တွေ၊ ချိုမြိန်တဲ့ **အရသာ** အာရုံတွေ၊ နူးညံ့ချောညက်တဲ့ **အတွေ့** **အာရုံ**တွေ၊ ဒီလို လိုချင်နှစ်သက်ဖွယ်အာရုံဝတ္ထုတွေကို ကာမဂုဏ်လို့ခေါ်တယ်၊ ဒီ ကာမဂုဏ် အာရုံဝတ္ထုတွေကို နှစ်သက်သာယာတာ လိုချင်တောင့်တတာက ကာမ တဏှာဘဲ။ ကာမ**ဘုံ**သားတွေမှာ ဒီကာမတဏှာက အများဆုံး ဖြစ်တတ်ပါတယ်။

ဘဝတဏှာ ဆိုတာကတော့ သဿတဒိဋ္ဌိနှင့် တွဲပြီးဖြစ်တဲ့ နှစ်သက်သာယာမှုတဲ့၊ မြင် ကြား တွေ့ သိရတဲ့ သူတပါးတွေရော, မိမိရော **အ**မြဲတည်နေတယ်၊ ရုပ်ကိုယ်

ကြမ်းကြီးက သေပျက်သွားပေမဲ့ အတွင်းသားအသက်ကောင် အတ္တကောင်က တော့ ဒီဘဝမှ ဟိုဘဝသို့, အဲဒီဘဝမှလဲ တခြားဘဝသို့ ဤပုံဤနည်းဖြင့် ပြောင်းရွှေ့ပြီး တည်မြဲတည်နေတယ်၊ ဘယ်တော့မှ ပျက်ခြင်းမရှိဘူးလို့ ဒီလိုအယူအဆကို သဿတဒိဋ္ဌိလို့ခေါ်တယ်၊ ဒီသဿတအယူက ဗုဒ္ဓသာသနာဝင်တွေထဲမှာ တော့ ခိုင်ခိုင်မြဲမြဲကြီး မရှိပါဘူး၊ မဂ်ဖိုလ်ကို အန္တရာယ်ပြုလောက်အောင် အစွဲမသန်လှပါဘူး။ ဗုဒ္ဓသာသနာမှ အပြင်ပဘာသာဝင်တွေထဲမှာတော့ ဒီသဿတ အစွဲက သိပ်အစွဲသန်တယ်၊ ဒါကြောင့် သူတို့မှာ မဂ်ဖိုလ်ရအောင် ကျင့်ရေး အတွက် အန္တရာယ်ဖြစ်နေပါတယ်။ အဲဒီသဿတ အယူရှိတဲ့ သူတွေမှာ အဲဒီ သဿတအယူအတိုင်း ပျက်စီးခြင်းမရှိဘဲ တည်မြဲနေတာကို နှစ်သက်တာလဲ ဘဝ-တဏှာဘဲ၊ အဲဒီလိုအယူရှိပြီး ထိုထိုအာရုံဝတ္ထုတွေကို နှစ်သက်တာလဲ ဘဝတဏှာ ဘဲ။ သူက ဘယ်လိုဖြစ်တတ်သလဲဆိုယင် ယခုကောင်းစား ချမ်းသာသလို နောင်လဲ ငါဘဲ ကောင်းစားချမ်းသာမယ်လို့ မြော်လင့်ပြီးတော့လဲ ဖြစ်တတ်တယ်၊ ငါ တဒေယာဂ်ထဲက ခံစားနေရတဲ့ အနေနဲ့လဲ ဖြစ်တတ်တယ်၊ အမြဲတမ်း တည်ရှိနေတဲ့ အနေနဲ့ သာယာနှစ်သက်တဲ့ သဘောပါဘဲ။

ဝိဘဝတဏှာ ဆိုတာကတော့ ဥစ္ဆေဒဒိဋ္ဌိနှင့် တွဲပြီးဖြစ်တဲ့ နှစ်သက်သာယာ မှု-တဲ့၊ မိမိရော, သူတပါးရော သေပြီးယင် ဘာမျှမရှိတော့ဘူး၊ နောက်ဘဝဆို တာ မရှိဘူး၊ မသေခင်သာ ရှိတယ်၊ မသေခင် ယခုဘဝအတွင်းမှာ ချမ်းသာကို ခံစားနိုင်တယ်လို့ ဒီလိုထင်မြင်တဲ့ အယူအဆကို ဥစ္ဆေဒဒိဋ္ဌိခေါ်တယ်။ ဒီဥစ္ဆေဒ အယူကတော့ ဗုဒ္ဓသာသနာဝင်တွေမှာ မရှိဘူး၊ ဒီ အယူရှိလျှင်လဲ ဗုဒ္ဓသာသနာ ဝင် မဟုတ်ဘူး။ အဲဒီ အယူအတိုင်း သေပြီး အလိုလို ဘဝပြောင်သွားတာကို သာယာနှစ်သက်တာလဲ ဝိဘဝတဏှာဘဲ၊ သေပြီးတဲ့နောက် ဘာမျှမရှိတော့ဘူး၊ မသေခင်အတွင်း ရသမျှကို ခံစားမယ်ဆိုတဲ့အနေနဲ့ ထိုထိုအာရုံတွေကို သာ ယာနှစ်သက်တာလဲ ဝိဘဝတဏှာဘဲ။

မြင်တိုင်း, ကြားတိုင်း, တွေ့သိတိုင်း ဖြစ်ပေါ်လာတဲ့ဝေဒနာကို ရှုမှတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တ အနေနဲ့ အမှန်အတိုင်း မသိလျှင် ဒီတဏှာသုံးပါးထဲက တပါး ပါးဖြစ်တယ်၊ တဏှာဖြစ်ယင် ဥပါဒါန်နဲ့ ကံလဲ ဖြစ်ပြီး ဘဝသစ်ဆင်းရဲတွေ ဖြစ် သွားမယ်။ ဒါကြောင့် အဲဒီ ဘဝသစ်ဆင်းရဲတွေမဖြစ်ရအောင် ဝေဒနာနှင့်တကွ

မြင်မှု, ကြားမှု စသည်ကို အမှန်အတိုင်း သိသိသွားအောင် ရှုမှတ်ဖို့လိုပါတယ်။ ဒီကနေ့တော့ "ဝေဒနာပစ္စယာ တဏှာ=ဝေဒနာကြောင့် တဏှာဖြစ်သည်" ဆိုတဲ့ ဒီအပိုဒ်တွင်ဘဲ ရပ်ကြည့်စို့ ။ နောက်သီတင်းကျမှ တဏှာကြောင့် စဲ့လမ်းမှ ဥပါဒါန်ဖြစ်ပုံကို ဟောရမယ်။ ကဲ ဆောင်ပုဒ်ကို လိုက်ဆိုကြ။

အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မြော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာ ၆-တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ ဖြစ်ရပြန်ရာ၊ အိုကာသေရေး၊ ပူအာဆွေးနှင့်၊ ငိုကြွေးကိုယ်နှမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်။ ။ လုံးဝဆင်းရဲစုသာတည်း။

ဤ ပဋ္ဌိစ္စသမုပ္ပါဒ်တရားဒေသနာတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝန ဥက္ကဋ္ဌကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ အကြောင်းအကျိုး ဆက်စပ်လျက် မပြတ်ဖြစ်နေသော ရုပ်နာမ်တရားတို့ကို အမှန်အတိုင်းသိအောင် ရှုမှတ်ပွါးများအားထုတ်နိုင်ကြပြီး အထူးအားဖြင့် ဝေဒနာမှဆက်၍ တဏှာ ဖြစ်တတ်ရာဝယ် ထိုသို့ တဏှာဆက်၍ ဖြစ်ခွင့်မရအောင် ဖြစ်ပေါ်လာတိုင်းသော ဝေဒနာတို့ကို ပိုင်ပိုင်နိုင်နိုင် မှတ်သိနိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....၊သာဓု....၊သာဓု....။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး ဆင်ခြေမပိုင်း ပြီး၏။

ပဋ္ဌိစ္စသမုပ္ပါဒ်ဟရားကော်ကြီး

၁၃၂၄-ခု၊ ဝါခေါင်လဆန်း (၇) ရက်နေ့ ဟောသည်။

သဗ္ဗာဓိပိုင်း

တဏှာပစ္စယာ ဥပါဒါနံ

ဝါဆိုလကွယ်နေ့က "ဝေဒနာကြောင့် တဏှာဖြစ်သည်"ဆိုတဲ့အပိုဒ်ကို ဟောခဲ့တယ်၊ အဲဒီမှာ တဏှာဖြစ်ပုံရော တဏှာငြိမ်းပုံရော တော်တော်ကျယ်ကျယ် ပြန့်ပြန့် ဟောခဲ့တယ်။ ဒီကနေ့တော့ "တဏှာပစ္စယာ ဥပါဒါနံ=တဏှာကြောင့် ဥပါဒါန်ဖြစ်သည်"ဆိုတဲ့ အပိုဒ်ကို ဟောရမယ်။

ဥပါဒါနပုဒ်မှာ ဥပနှင့် အာဒါန တဲ့စပ်ထားတယ်၊ ဥပ-က လွန်စွာ-ပြင်းစွာ-မြဲမြံစွာ-လို့ အဓိပ္ပါယ်ရှိတယ်၊ အာဒါန-က ယူတယ်-ဆုပ်ကိုင်တယ်-လို့ အဓိပ္ပါယ်ရှိတယ်။ နှစ်ပုဒ်ပေါင်းစပ်လိုက်တော့ လွန်စွာ ဆုပ်ကိုင်တယ်၊ ပြင်းစွာ ဆုပ်ကိုင်တယ်၊ မြဲမြံစွာ ယူတယ်၊ မြဲမြံစွာဆုပ်ကိုင်တယ်-လို့ အနက်ရတယ်၊ စိတ်နဲ့ မြဲမြံစွာ ဆုပ်ကိုင်တယ်ဆိုတာဟာ စွဲလမ်းတာပါဘဲ၊ ဒါကြောင့် ဥပါဒါန်ဆိုတာ စွဲလမ်းတာပါဘဲ။ ဘာကို စွဲလမ်းသလဲဆိုယင် သာယာနှစ်သက် တပ်မက်တဲ့ဟာတွေကို စွဲလမ်းတာပါဘဲ။ သာယာနှစ်သက်တပ်မက်ရာက အားကြီးပြီး လွန်ကဲလာတဲ့ အခါမှာ ဒီစွဲလမ်းမှု ဥပါဒါန်ဖြစ်တယ်။ ဒါကြောင့် "တဏှာပစ္စယာ၊ သာယာနှစ်သက် တပ်မက်မှုဟာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ စွဲလမ်းမှု ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်သည်"လို့ ဟောထားပါတယ်။

ဥပါဒါန် ၄-ပါး

ဒီ ဥပါဒါန်က (၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊ (၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တဝါဒုပါဒါန်-လို့ ဒီလို ၄-ပါးရှိတယ်။

(၁) ကာမုပါဒါန် ဆိုတာ လိုချင်နှစ်သက်ဖွယ် ကာမဂုဏ်အာဝဇ္ဇံဝတ္ထုတွေကို လိုချင်နှစ်သက် တပ်မက်ပြီး ခိုင်ခိုင်မြဲမြဲ စွဲလမ်းတဲ့သဘောပါဘဲ။ (၂) ဒိဋ္ဌုပါဒါန် ဆိုတာ ကံ-ကံ၏အကျိုး မရှိ စသည်ဖြင့် မြဲမြံစွာစွဲလမ်းတဲ့ အယူ အစွဲပါဘဲ။ (၃) သီလဗ္ဗတုပါဒါန် ဆိုတာ မဂ္ဂင်အကျင့် မပါဘဲ တစုံတခုသော အလေ့အကျင့်မျှဖြင့် သံသရာဆင်းရဲတွေမှ လွတ်မြောက်တယ်လို့ မြဲမြံစွာ စွဲလမ်းတဲ့ အယူအစွဲပါဘဲ။ (၄) အတ္တဝါဒုပါဒါန် ဆိုတာ အတ္တကောင် အသက်ကောင် တကယ်ရှိတဲ့အနေ အားဖြင့် မြဲမြံစွာ စွဲလမ်းတဲ့ အယူအစွဲပါဘဲ။ အဲဒီဥပါဒါန် ၄-ပါးကို တခုချင်း အကျယ်ရှင်းပြီးပြောမယ်။

(၁) ကာမုပါဒါန်

ကာမုပါဒါန် ဆိုတာ ကာမနဲ့ဥပါဒါန်-နှစ်ပုဒ် တွဲစပ်ထားတယ်၊လိုချင်နှစ်သက်ဖွယ် ကာမဂုဏ်အာရုံတွေကို ကာမလို့ ခေါ်တယ်၊ လိုချင်နှစ်သက်တပ်မက်ပြီး စွဲလမ်းတာကို ဥပါဒါန်ခေါ်တယ်။ လိုချင်နှစ်သက်ဖွယ် ကာမဂုဏ် အာရုံ ဝတ္ထုတွေကို လိုချင်နှစ်သက် တပ်မက်စွဲလမ်းတာက ကာမုပါဒါန်တဲ့။ ဂဲ အဲဒါကလေး ဆိုကြရမယ်။

> လိုချင်နှစ်သက်ဖွယ် ကာမဂုဏ် အာရုံဝတ္ထုတွေကို လိုချင်နှစ်သက် တပ်မက်စွဲလမ်းတာက ကာမုပါဒါန်။ (ဆို ၃-ခေါက်)

ကာမဂုဏ် အာရုံတွေ ဆိုတာ ကာမရာဂ မကင်းသေးတဲ့သူတွေက လိုချင်နေတဲ့ဟာတွေပါဘဲ၊ ဒီလူကလဲ လိုချင်တယ်၊ ဟိုလူကလဲ လိုချင်တယ်၊ ဒီနတ်ကလဲ လိုချင်တယ်၊ ဟိုနတ်ကလဲ လိုချင်တယ်၊ မိန်းမကလဲ လိုချင်တယ်၊ ယောကျ်ားကလဲ လိုချင်တယ်၊ ကာမရာဂမကင်းသေးတဲ့သူတိုင်းက လိုချင်နေကြတယ်။ အဲဒါတွေက ဘာတွေလဲ ဆိုယင် တနေ့က ပြောခဲ့တဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့-ဆိုတဲ့ ဒီ အာရုံငါးပါးပါဘဲ။

ရူပါရုံ ကာမဂုဏ်

အဆင်းရူပါရုံ ဆိုတာ မျက်စိနဲ့ ကြည့်လို့ မြင်လို့ကောင်းတဲ့ လှုပတင့်တယ်တယ်လို့ ထင်ရတဲ့ အဆင်းအာရုံပါဘဲ၊အာရုံကိုက တကယ်လှုပတင့်တယ်တဲ့ ဣဋ္ဌာရုံ

အစစ်လဲ ရှိတယ်၊အဲဒါကို သဘာဝဓာတ်ခွဲခေါ်တယ်။အာရုံက မလှပေမဲ့ ကြည့်တဲ့သူရဲ့မျက်စိနဲ့ တဲ့နေလို့ လှတယ်ထင်ရတဲ့ ဓာတ်ခွဲ အတုလဲ ရှိတယ်၊အဲဒါကို ပရိကပ္ပဓာတ်ခွဲလို့ ခေါ်တယ်၊ ကြည့်တဲ့သူက ကောင်းတဲ့အနေနဲ့ ကြံဆပြီးကြည့်လို့ လိုချင်စရာဖြစ်နေတဲ့ အာရုံလို့ ဆိုလိုပါတယ်။ ဒီနေရာမှာတော့ အစစ်ရော အတုရော နှစ်မျိုးလုံးကို ရူပါရုံကာမဂုဏ်လို့ ခေါ်ပါတယ်။ ဒါကြောင့် ရူပါရုံကာမဂုဏ်ကို သရုပ်ဖော်ပြီး ဟောတဲ့အခါမှာ ဒီလို ဟောထားပါတယ်။

စက္ခုဝိညေယ္ယာ၊ မျက်စိဖြင့် မြင်ရကုန်သော။ ဓာတ်ခွဲ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။ ပိယရူပါ၊ ချစ်ဖွယ်သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ်ဂုဏ်နှင့် စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနီယာ၊ တပ်စွဲဘွယ်ကောင်းကုန်သော။ ရူပါ၊ အဆင်းအာရုံတို့လဲ ကာမဂုဏ်တပါး-လို့ ဒီလို ဟောထားပါတယ်။

ဒီ လိုချင်နှစ်သက်ဖွယ် ရူပါရုံ ကာမဂုဏ်က ဘယ်မှာ တည်ရှိနေတာလဲဆိုယင် မိန်းမ ယောကျ်ားတို့ရဲ့ သန္တာန်မှာ အလွန်အကဲဆုံး တည်ရှိနေပါတယ်၊ အသုံးအဆောင် ဝတ္ထုပစ္စည်းတွေမှာလဲ တည်ရှိနေပါတယ်၊ အဖိုသတ္တဝါတွေရဲ့အကြိုက် အဆင်းရူပါရုံက အမသတ္တဝါတွေရဲ့ သန္တာန်မှာရှိတယ်၊ အမသတ္တဝါတွေရဲ့အကြိုက် အဆင်းရူပါရုံက အဖိုသတ္တဝါတွေရဲ့ သန္တာန်မှာ ရှိတယ်။ နှစ်ဦးလုံးရဲ့အကြိုက် အဆင်းရူပါရုံကတော့ အင်္ဂါလုံချည် ရှေ့ဝှေ့ကျောက်သံပတ္တမြား ကျွန်းဆင်မြင်း အစရှိတဲ့ အသုံးအဆောင် အဝတ်ဖြစ်ကွေမှာ ရှိတယ်၊ ဒါကြောင့် တပ်မက်သာယာမှု စွဲလမ်းမှုဖြစ်တဲ့အခါကျတော့ အဆင်းသက်သက်တွင် ကွက်ပြီး တပ်မက်စွဲလမ်းတာ မဟုတ်ဘူး၊တည်ရာဖြစ်တဲ့ အထည်ဝတ္ထုကြီးပါ တပ်မက်ပြီး စွဲလမ်းတယ်၊ မိန်းမသန္တာန်က အဆင်းရူပါရုံကို တပ်မက်စွဲလမ်းတယ်ဆိုယင် မိန်းမရဲ့ တကိုယ်လုံးပါ တပ်မက်စွဲလမ်းတယ်၊ ယောကျ်ားသန္တာန်က အဆင်းရူပါရုံကို တပ်မက်စွဲလမ်းယင်လဲ နည်းတူဘဲ တကိုယ်လုံးပါ တပ်မက်စွဲလမ်းတယ်၊ အသုံးအဆောင်တွေ တပ်မက်စွဲလမ်းရာမှာလဲ ဒီနည်းအတိုင်းဘဲ တပ်မက်စွဲလမ်းတယ်။ အဆင်းရူပါရုံကတော့ သူ့ရဲ့တည်ရာဖြစ်တဲ့ အထည်ဒြပ်နဲ့ ဆက်သွယ်ပေးတဲ့ သဘောရှိပါတယ်။ ဥပမာ အသံကို ကြားရယင် အသံရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်ဆီ စိတ်ရောက်သွားသလို ပါဘဲ။ တောလိုက်တဲ့ မှုဆိုးများဟာ တောကောင်သတ္တဝါရဲ့

အသံကိုကြားရယင် သူတို့အလိုရှိနေတဲ့အကောင် ဒီနေရာမှာရှိတယ်လို့ သိရတယ်၊ အဲဒီလိုသိရာမှာ အသံက ဒီမှာရှိတယ်လို့ ဖော်ပြသလို ဆက်သွယ်ပေးသလို ဖြစ်နေပါတယ်။ အဲဒါလိုပါဘဲ လိုချင်နှစ်သက်ဖွယ်အဆင်းကို မြင်ရယင် အဲဒီအဆင်းရဲ့တည်ရာ မိန်းမ ယောကျ်ားတကိုယ်လုံး အထည်ခြုပ် ဝတ္ထုတခုလုံးကိုပါ တပ်မက်စဲ့လမ်းတော့တာဘဲ၊ အဲဒီမှာ အဆင်းရှုပါရုံက တပ်မက်စဲ့လမ်းဘို့ရာ ဆက်သွယ်ပေးသလို ဖြစ်နေပါတယ်။

သဒ္ဒါရုံ ကာမဂုဏ်

အသံအာရုံ ကာမဂုဏ် ဆိုတာ နားထောင်လို့ ကြားလို့ကောင်းတဲ့ နားဝင်ချိုတယ်လို့ ထင်ရတဲ့ မိန်းမ ယောကျ်ားတွေရဲ့ စကားသံ သီချင်းသံ တီးမှုတ်တဲ့ တူရိယာသံတွေပါဘဲ၊ ဒီအသံမှာလဲ တကယ်သာယာတဲ့ ဂုဏ်ရုံအစစ်နဲ့ မသာယာသော်လဲ သာယာတယ်လို့ ထင်ရတဲ့ ဂုဏ်ရုံအတုအားဖြင့် နှစ်မျိုးရှိတာဘဲ။ အဲဒီ အသံအာရုံ ကာမဂုဏ်ကိုလဲ မြတ်စွာဘုရားက—

သောတဝိညေယျာ၊ နားဖြင့် ကြားရကုန်သော။ ဂုဏ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။ ပိယရူပါ၊ ချစ်ဖွယ်သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ် ဂုဏ်နှင့် စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနီယာ၊ တပ်စဲ့ဘွယ်ကောင်းကုန်သော။ သဒ္ဒါ၊ အသံအာရုံတို့လဲ ကာမဂုဏ်တပါး-လို့ ဒီလို ဟောထားပါတယ်။

ဒီ အသံအာရုံ ကာမဂုဏ်ကို တပ်မက်စဲ့လမ်းတဲ့အခါလဲ အသံသက်သက်တင် ကွက်ပြီး တပ်မက်စဲ့လမ်းတာ မဟုတ်ဘူး၊ အသံရှင် မိန်းမ ယောကျ်ား တကိုယ်လုံးကိုပါ တပ်မက်စဲ့လမ်းတယ်၊ သီဆို တီးမှုတ်တဲ့သူကိုလဲ တပ်မက်စဲ့လမ်းတယ်၊ အသံမြည်တဲ့ တူရိယာကိုလဲ တပ်မက်စဲ့လမ်းတယ်။ အဲဒီလို တပ်မက်စဲ့လမ်းဘို့ရာ အသံအာရုံက ဆက်သွယ်ပေးတယ်။

ဂန္ဓာရုံ ကာမဂုဏ်

အနံ့အာရုံ ကာမဂုဏ် ဆိုတာ ရေမွှေးနံ့ ပန်းနံ့ နံ့သာနံ့အစရှိတဲ့ နမ်းရှူလို့ကောင်းတယ်ထင်ရတဲ့ အနံ့တွေပါဘဲ၊ အထူးအားဖြင့် လူးလိမ်းထားလို့ဖြစ်စေ,

သူပင်ကိုယ်ရင်းအတိုင်းဖြစ်စေ မိန်းမယောကျ်ားတို့၏ ကိုယ်မှထွက်လာတဲ့ အနံ့ပါဘဲ၊ အဲဒီအနံ့ကို နှစ်သက်တပ်စွဲကြတယ်၊ ဒါကြောင့် သူတပါးနှစ်သက်တပ်စွဲအောင် မိမိတို့ကိုယ်ကို နံ့သာရေမွှေးစသည်ဖြင့် လူးလိမ်းပေးနေကြတာဘဲ။ ဒီအနံ့ကလဲ ဣဋ္ဌာရုံအစစ် အတု နှစ်မျိုးလုံးရှိတာဘဲ။ အဲဒီ အနံ့အာရုံ ကာမဂုဏ်ကိုလဲ မြတ်စွာဘုရားက—

ဃာနဝိညေယ္ယာ၊ နှာခေါင်းဖြင့် နံသိအပ်ကုန်သော။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအမ်ကုန်သော။ ပိယရူပါ၊ ချစ်ဖွယ်သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ်ဂုဏ်နှင့် စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနီယာ၊ တပ်စွဲဘွယ်ကောင်းကုန်သော။ ဂန္ဓာ၊ အနံ့အာရုံတို့လဲ ကာမဂုဏ်တပါး-လို ဒီလို ဟောထားပါတယ်။

ဒီ အနံ့အာရုံ ကာမဂုဏ်ကို တပ်မက်စွဲလမ်းတဲ့အခါလဲ အနံ့သက်သက်တွင် ကွက်ပြီး တပ်မက်စွဲလမ်းတာ မဟုတ်သေးဘူး၊ အနံ့ထွက်လာခဲ့ရာ မိန်းမယောကျ်ားတကိုယ်လုံးကိုပါ တပ်မက်စွဲလမ်းတယ်၊ အနံ့၏ တည်ရာ ပန်းနံ့သာစသည်ကိုလဲ တပ်မက်စွဲလမ်းတယ်။

ရသာရုံ ကာမဂုဏ်

အရသာအာရုံကာမဂုဏ်ဆိုတာ စားလို့ သောက်လို့ကောင်းတဲ့ တမင်း ဟင်းမုံ့ အဖျော်ယမကာစသည်မှာပါတဲ့ အရသာပါဘဲ၊ ဒီအရသာမှာလဲ ဣဋ္ဌာရုံအစစ် အတု နှစ်မျိုးလုံးရှိတာဘဲ၊ အညစ်အကြေးကို စားနေကြတဲ့ ခွေး ဝက် အစရှိတဲ့ သတ္တဝါတွေမှာ အညစ်အကြေးလဲ အရသာကောင်း ဖြစ်နေတယ်၊ အဲဒါဟာ ဣဋ္ဌာရုံအတုပါဘဲ၊ အခု၊ကြ အလွန်ပူတာ အလွန်စပ်တာ အလွန်ခါးတာတွေကို ကြိုက်နေတယ်၊ သေရည်အရက်ကို ကြိုက်နေတယ်၊ ဒါတွေလဲ ဣဋ္ဌာရုံအတုတွေပါဘဲ။ ဘာကြောင့်လဲ အလေ့အကျင့်မရှိတဲ့ သာမန်လူတွေဟာ ဒီလိုပြင်းထန်တဲ့ အရသာတွေကို မသုံးဆောင်နိုင်ဘူး၊ ဒါကြောင့်ပါဘဲ။ ဒီနေရာမှာတော့ စားရတာကိုသာ အရသာလို့ခေါ်တာ မဟုတ်သေးဘူး၊ တစုံတယောက်က ပြုပြင်ပေးတာ ပြုစုတာတွေလဲ သာယာဘွယ်ဖြစ်တဲ့အတွက် ပရိဘောဂရသလို့ ခေါ်သေးတယ်။ အဲဒါကလဲ လူတွေမှာ အရသာရှိသလို ဖြစ်နေပါတယ်၊ ဥပမာအားဖြင့်

အိမ်ထောင်ရှင်တွေမှာ ကိုယ့်အိမ်သူက ပြုစုပေးတာကို ပိုပြီးကောင်းသလို ထင်နေတတ်တယ်၊ အိပ်ရာကလေးပြင်ပေးတာ၊ စားသောက်ဖွယ်ကို ချက်ပြုတ်ပြုပြင်ပေးတာ၊ ဆေးလိပ်မီးညှိပေးတာ၊ ဒီလိုဟာတွေကို ပိုပြီးမြိန်ရှက်တတ်တယ်၊ အဲဒါဟာ ပရိဘောဂရသကို နှစ်သက်တာပါဘဲ။ အဲဒီ အရသာနှစ်မျိုးထဲက လိုရင်းပဓာနဖြစ်တဲ့ အရသာအာရုံ ကာမဂုဏ်ကို မြတ်စွာဘုရားက—

ဇိဝှါဝိညေယျာ၊ လျှာဖြင့် စားသိအပ်ကုန်သော။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။ ပိယရူပါ၊ ချစ်ဖွယ်သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ်ဂုဏ်နှင့်စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနီယာ၊ တပ်စွဲဘွယ်ကောင်းကုန်သော။ ရသာ၊ အရသာအာရုံတို့လဲ ကာမဂုဏ်တပါး–လို့ ဒီလိုဟောထားပါတယ်။

ဒီ အရသာအာရုံကို တပ်မက်စွဲလမ်းတဲ့ အခါမှာလဲ အရသာ သက်သက်တွင်ကျက်ပြီး တပ်မက်စွဲလမ်းတာ မဟုတ်သေးဘူး၊ အရသာ၏တည်ရာ စားကောင်းသောက်ဖွယ်တွေ, စားသောက်ဖွယ်၏ အရင်းခံဖြစ်တဲ့ ဆန် စပါး ကြက် ဝက် စသည်တွေ, အရသာပေါ်အောင် ပြုပြင်ဆောင်ရွက်ပေးတဲ့သူတွေ ဒါတွေကိုပါ အကုန်လုံး တပ်မက်စွဲလမ်းတယ်၊ အဲဒီလို တပ်မက်စွဲလမ်းဘို့ရာ အရသာက ဆက်သွယ်ပေးတယ်။

ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်

အတွေ့အာရုံ ကာမဂုဏ်ဆိုတာ တွေ့ထိလို့ကောင်းတယ်ထင်ရတဲ့ နူးညံ့ချောညက်တဲ့ အတွေ့အာရုံစသည်တွေပါဘဲ၊ နူးညံ့ချောညက်တဲ့ အိပ်ရာနေရာအတွေ့, အင်္ကျီ လုံချည် အဝတ်အထည် အတွေ့, ချမ်းအေးနေတဲ့အခါ ပူနွေးတဲ့အတွေ့, ပူအိုက်နေတဲ့အခါ အေးတဲ့အတွေ့—ဒီလိုဟာတွေပါဘဲ။ အထူးအားဖြင့် အဖို့, အမ သတ္တဝါတွေမှာ အမ, အဖို့ သတ္တဝါတွေရဲ့ ကိုယ်အတွေ့တွေပါဘဲ။ဒီအတွေ့အာရုံ ကာမဂုဏ်ကိုလဲ မြတ်စွာဘုရားက—

ကာယဝိညေယျာ၊ ကိုယ်ဖြင့် ထိသိအပ်ကုန်သော။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။

ပိယရှုပါ၊ ချစ်ဖွယ်သဘောရှိကုန်သော။ ကာမဗူပသံဟိတာ၊ လိုချင်နှစ်သက်ဖွယ် ဂုဏ်နှင့်စပ်ယှဉ်ကုန် ပြည့်စုံကုန်သော။ ရဇနီယာ၊ တပ်စွဲဘွယ်ကောင်းကုန်သော။ ဖောဋ္ဌဗ္ဗာ၊ အတွေ့အာရုံတို့လဲ ကာမဂုဏ်တပါး-လို ဒီလို ဟောထားပါတယ်။

ဒီ အတွေ့အာရုံကို တပ်မက်စွဲလမ်းတဲ့အခါမှာလဲ တွေ့ထိရတာကလေး သက်သက်တင် ကွက်ပြီး တပ်မက် စွဲလမ်းတာ မဟုတ်သေးဘူး၊ တွေ့ထိရတဲ့ လူတကိုယ်လုံးကိုပါ တပ်မက်စွဲလမ်းတယ်၊ နူးညံ့တဲ့အတွေ့ စသည်၏တည်ရာ အသုံးအဆောင် ဝတ္ထုတွေပါ အကုန်လုံးကို တပ်မက်စွဲလမ်းတယ်၊ အဲဒီလို တပ်မက်စွဲလမ်းဘို့ရာ အတွေ့အာရုံက ဆက်သွယ်ပေးတယ်။

အခြေခံ ကာမဂုဏ်

ကာမဂုဏ်ငါးပါး အကြောင်းကတော့ တော်တော် ပြည့်စုံသွားပါပြီ။ နောက်ပြီးတော့ ဒီကာမဂုဏ်ငါးပါး ရဘို့ရာ, သုံးဆောင်ဘို့ရာ အခြေခံဖြစ်တဲ့ကာမဂုဏ်ဝတ္ထုတွေဆိုတာလဲ ရှိသေးတယ်၊ ဘာတွေလဲဆိုလျှင် ရွှေ, ငွေ, ကျောက်, သံ, ပတ္တမြား, ဆန်, စပါး, ကျွဲ, နွား, ဆင်, မြင်း, ကြက်, ဝက်, ဆိတ်, ဘဲ, ယာဉ်, ရထား, ကား, အိမ်, လယ်, ယာ, အခြွေအရံ စသည်တွေပါဘဲ။ ယခု လူတွေ နေ့စဉ်မပြတ် တလှုပ်လှုပ် တရွရွနဲ့ အားထုတ် လုပ်ကိုင်နေကြရတာ ဘာအတွက်လဲ ဒီ ကာမဂုဏ်ဝတ္ထုတွေ ရဘို့အတွက်ပဲ မဟုတ်လား၊ ဒီကာမဂုဏ်ဝတ္ထုတွေနဲ့ ပြည့်စုံမှ ကိုယ်အလိုရှိတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ခံစားနိုင်မယ်။ ထမင်းကောင်း စားရအောင် ထမင်းဘိုးရှာရတယ်၊ အဝတ်ကောင်းဝတ်ရအောင် အဝတ်ဘိုးရှာရတယ်၊ အိပ်ရာကောင်းနဲ့ အိပ်ရအောင် နေရာထိုင်ခင်းအဘိုး ရှာရတယ်၊ ပွဲကောင်းကြည့်ရအောင် ပွဲခ ရုံဝင်ခကိုရှာရတယ်၊ ဒါတွေဟာ ကာမဂုဏ်ငါးပါး အတွက်ချည်းပါဘဲ။ ဘာကြောင့်ရှာရသလဲ၊ ဒီအာရုံတွေကို လိုချင် တပ်စွဲနေလို့ပါဘဲ၊ ဒါကြောင့် ဒီအာရုံတွေကို " ကာမိယတီတိ=အလိုရှိအပ်, နှစ်သက်အပ်, တောင့်တအပ်သောကြောင့်။ ကာမော=ကာမဂုဏ်မည်တယ်"လို့ ဆိုပါတယ်။ ကာမဂုဏ်ဆိုတာ လိုချင်စရာတွေဘဲ၊ မရသေးယင် ရချင်တယ်၊ ရပြီးဖြစ်ယင်လဲ အဲဒါကိုမစွန့်လွှတ်ပဲနဲ့ အမြဲသိမ်းပိုက်ထားချင်တယ်။

တဏှာမှ ကာမုပါဒါန် ဖြစ်လာပုံ

အဲဒီလို နှစ်သက်လိုချင်ရာမှာ ပဌမ နှစ်သက်သာယာရုံမျှ လိုချင်ရုံမျှဆိုယင်တော့ တဏှာတဲ့၊ ဆာလောင်ရုံမျှ ရှိသေးတဲ့သဘောပါဘဲ။ အဲဒီအာရုံကိုလိုချင်နှစ်သက်ရာက တော်တော်ကြာတော့ စွဲစွဲလမ်းလမ်းကြီး ဖြစ်လာတယ်၊ မရယင် မဖြစ်တော့ဘူးဆိုတဲ့အနေနဲ့ မြဲမြံစွာ စွဲလမ်းလာတယ်၊ မခွါနိုင် မခွဲနိုင်တော့ဘူးဆိုတဲ့အနေနဲ့စွဲလမ်းလာတယ်၊ အဲဒီလို စွဲလမ်းတဲ့ အဆင့် ရောက်လာယင် ကာမုပါဒါန်ခေါ်တယ်။ ဥပမာ ဆေးလိပ်မသောက်တတ်တဲ့လူဟာ ပဌမစပြီး ဆေးလိပ်သောက်ခါစမှာတော့ နှစ်သက်ရုံလောက်ပဲ ရှိသေးတယ်၊ မစွဲလမ်းသေးဘူး၊ သောက်ဖန်များးတော့ စွဲလာတယ်၊ မသောက်ရယင် မနေနိုင်တော့ဘူးဆိုတဲ့အနေကို ရောက်လာတယ်။ တနည်း ဥပမာကတော့ ကွမ်းမကြိုက်သေးတဲ့ လူဟာ ကွမ်းကိုစပြီး စားကြည့်တဲ့အခါ နှစ်သက် သဘောကျရုံလောက်ပဲ ရှိသေးတယ်၊ မစွဲသေးဘူး၊ စားဖန်များလာတဲ့ အခါကျတော့ ကြိုက်လာတယ်၊ မစားရယင် မနေနိုင်လောက်အောင် စွဲလာတယ်။ တနည်း ဥပမာကတော့ လဖက်မကြိုက်သေးတဲ့သူဟာ စပြီး စားခါစမှာ နှစ်သက်ရုံ သဘောကျရုံလောက်ပဲ ရှိသေးတယ်၊ မစွဲသေးဘူး၊ စားဖန်များလာတဲ့ အခါကျတော့ ကြိုက်လာတယ်၊ တချို့များ သူ့အချိန်ကျယင် မစားရဘဲ မနေနိုင်သလိုတောင် ဖြစ်နေတယ်၊ စွဲလမ်းတဲ့သဘောပါဘဲ။ ယခုပြောခဲ့တဲ့ ဥပမာတွေလိုပါဘဲ၊ နှစ်သက်ဖွယ် ကာမဂုဏ်အာရုံကို တွေ့ခါစမှာတော့ လိုချင်နှစ်သက်ရုံ သဘောကျရုံလောက်ပဲ ရှိပါတယ်၊ အဲဒီအာရုံကို ထပ်ကာ ထပ်ကာ နှလုံးသွင်း ဆင်ခြင်နေလို့ အတန်ကြာလာယင်တော့ လိုချင်မှု နှစ်သက်မှုတွေက အားကြီးလာတတ်တယ်၊ အဲဒီ အာရုံဝတ္ထုကို မရယင် နေမဖြစ်တော့ မလိုဘဲ အလွန်အကဲ ဖြစ်လာတတ်တယ်၊ ရပြီးဆိုယင်လဲ မစွန့်နိုင် မခွါရက်အောင် တစွဲတလမ်းကြီး ဖြစ်လာတတ်တယ်၊ အဲဒါဟာ တဏှာက ရင့်ကျက်ပြီး ဥပါဒါန်ခေါ်တဲ့ စွဲလမ်းမှု ဖြစ်လာတာပါဘဲ။ ဒါကြောင့် "တဏှာပစ္စယာ-လိုချင်နှစ်သက်မှု တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ–စွဲလမ်းမှု ဥပါဒါန်သည်။ သမ္ဘဝတိ–ဖြစ်သည်" လို့ ဟောထားတာဘဲ။

လိုချင်နှစ်သက်မှု တဏှာရှိမှ ဒီဥပါဒါန်က ဖြစ်တယ်၊ လိုချင်နှစ်သက်မှု တဏှာမရှိယင်တော့ ဒီဥပါဒါန်က မဖြစ်နိုင်ဘူး။ နိုင်ငံခြား လူမျိုးခြားတွေရဲ့ အတီးအမှုတ် တူရိယာတွေ သီချင်းတွေ ရှိတယ်၊ အဲဒါတွေထဲမှာ အချို့တူရိယာသံ သီဆိုသံတွေဟာ ဗမာလူမျိုးတွေရဲ့ နားနဲ့ မကိုက်ဘူး၊ ဒါကြောင့် အဲဒီလို အသံတွေကို ဗမာလူမျိုးတွေက မကြိုက်ဘူး၊ မကြားချင်ဘူး၊ တဏှာမဖြစ်တဲ့ သဘောပါဘဲ၊ ဒါကြောင့် အဲဒီအသံမျိုးတွေကို နားထောင်ချင်ပါဘိတော့တယ်လို့ စဲ့လမ်းမှု ဥပါဒါန် မဖြစ်ဘူး။ နောက်ပြီးတော့ ဗမာလူမျိုးတွေက ခွေးသားကို စားလေ့ မရှိဘူး၊ ဒါကြောင့် တချို့လူမျိုးတွေ ခွေးသားစားတာကို တွေ့ရသည်ဖြစ်စေ, ကြားရသည်ဖြစ်စေ ဗမာတွေမှာ ခွေးသားစားချင်တဲ့စိတ် မဖြစ်ဘူး၊ ရွံတဲ့စိတ်သာဖြစ်တယ်၊ တဏှာမဖြစ်တဲ့ သဘောပါဘဲ၊ ဒါကြောင့် ခွေးသားစားချင်ပါဘိတော့တယ်လို့ စဲ့လမ်းမှုလဲ မဖြစ်ဘူး။ ဒါလောက်ဆိုယင် တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်၊ ကာမုပါဒါန်ဖြစ်တယ်–ဆိုတာ သဘောပေါက်လောက်ပါပြီ။

(၂) ဒိဋ္ဌုပါဒါန်

ဒိဋ္ဌုပါဒါန်ဆိုတာ ဒိဋ္ဌိနဲ့ ဥပါဒါန်နှစ်ပုဒ် တွဲစပ်ထားတာဘဲ၊ ဒိဋ္ဌိ–ဆိုတာက မှားသောအယူ+ဥပါဒါန်–ဆိုတာက စဲ့လမ်းတာ=နှစ်ခုပေါင်းလိုက်တော့ အယူမှားကို စဲ့လမ်းတာ၊ စဲ့လမ်းတဲ့ အယူမှားလို့ ဆိုလိုပါတယ်။ ဒီ ဒိဋ္ဌုပါဒါန်က ကျယ်ပြန့်ပါတယ်၊ နံပါတ် ၃-သီလဗေဒတုပါဒါန်နဲ့ နံပါတ် ၄-အတ္တဝါဒုပါဒါန်တို့မှတပါး အယူမှားဟူသမျှကို ဒိဋ္ဌုပါဒါန်လို့ ခေါ်ပါတယ်။ မိစ္ဆာဒိဋ္ဌိ–အယူမှားဆိုတာ အစဲ့အလမ်း ချည်းပါဘဲ။ ကမ္ဘာပေါ်မှာ ဘာသာ အယူဝါဒတွေ ဟူသမျှဟာ ကိုယ့်ဟာမှ မှန်တယ်လို့ချည်း စဲ့လမ်းယူဆနေကြတာချည်းဘဲ။ ဒါကြောင့် အယူမှားဆိုယင် ဥပါဒါန်မဟုတ်တာရယ်လို့ မရှိဘူး၊ စဲ့လမ်းမှု ဥပါဒါန်အဆင့် ရောက်နေတာချည်းပါဘဲ။ အဲဒီ အယူမှား အမျိုးမျိုးထဲမှ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိကို ဒီနေရာမှာ အကျယ်ဖွင့်ပြီး ဟောထားပါတယ်။ ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိဆိုတာ စဲ့လမ်းချက် ဆယ်ပါးရှိတဲ့ အယူမှားလို့ ဆိုလိုပါတယ်။

ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ ဖြစ်ပုံ

(၁) အဲဒီ ဆယ်ပါးထဲက အမှတ် (၁) က "နတ္ထိ ဒိန္နံ=ပေးလှူခြင်း အကျိုးမရှိဘူး"တဲ့။ ပေးလှူတဲ့အတွက် ကောင်းကျိုးပေးတတ်တဲ့ ကုသိုလ်လဲ မဖြစ်ဘူး၊ ကောင်းကျိုးကိုလဲ မရဘူး၊ ပစ္စည်းကုန်ရုံမျှဘဲ-လို့ ဆိုလိုပါတယ်။ ဒီအယူက ကုသိုလ်က် အကုသိုလ်ကံ မရှိ၊ အဲဒီကံရဲ့ အကျိုးလဲ မရှိ-လို့ ယူဆ ထားတဲ့ အယူဖြစ်တယ်၊ ဒါကြောင့် ပေးလှူတာ အကျိုးမရှိဘူး-လို့ ယူဆ ထားတာ။ ပေးလှူခြင်းမှာ အကျိုးရှိတာကတော့ ထင်ရှားနေတာပါဘဲ၊ အလှူခံ ပုဂ္ဂိုလ်မှာ ရသ္ဌားရုံနဲ့ဘဲ ဝမ်းမြောက် ဝမ်းသာတဲ့အကျိုး ရှိသ္ဌားတာ ဘဲ။ အဲဒီ အလှူဝတ္ထုကို သုံးဆောင်ရတဲ့အတွက် ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်ခြင်းအကျိုး ရှိသ္ဌားတယ်၊ စားစရာမရှိလို့ သေလုသေခါနီး ဖြစ်နေတဲ့ သူမှာ ဆိုယင် အသက်မသေဘဲ အသက်ရှည်ခြင်း အစရှိသော အကျိုးတွေကိုလဲ ရသ္ဌားတယ်၊ အဲဒါတွေကို ဆင်ခြင်ကြည့်လိုက်လျှင် ပေးလှူတဲ့သူမှာလဲ ဝမ်း မြောက်ခြင်းစသော အကျိုးတွေကို ရတယ်။ နောက်ပြီးတော့ ပေးလှူတဲ့သူကို အမျှားက ချစ်ခင်ကြည်ညိုကြတယ်၊ အရပ်ထဲမှာ ကိစ္စကြီးငယ်ရှိလို့ အလှူငှေ ကောက်ခံတဲ့အခါ စေတနာ ထက်ထက်သန်သန်နဲ့ ပေးလှူတဲ့ပုဂ္ဂိုလ်ကို ကြည် ညိုလေးစားကြတယ်၊ သူတော်ကောင်းတွေကလဲ ပေးလှူတဲ့သူကို အထူးသဖြင့် ချဉ်းကပ်ပြီး ချီးမြှောက်ကြတယ်၊ ပေးလှူတဲ့သူမှာ ချီးမွမ်းဘွယ် ဂုဏ်သတင်း ကျော်စောတယ်၊ ဘယ်ပရိသတ် အစည်းအဝေးတက်တက် ပေးလှူတဲ့ ပုဂ္ဂိုလ် ဟာ မျက်နှာမငယ်ရဘူး၊ ဒါတွေဟာ မျက်မှောက်တွင်ဘဲ အထင်အရှား တွေ့ရ တဲ့ အကျိုးတွေပါဘဲ။ သေသည်၏ အခြားမဲ့မှာ နတ်ရှာသုဂတိကို ရောက်ရ တယ်၊ ဒါကတော့ သေပြီးမှရမည့် အကျိုးဘဲ၊ မျက်မှောက် မတွေ့နိုင်ဘူး။ မယုံ ချင်တဲ့သူကို ယုံအောင်ပြောဘို့ ခက်တယ်။ ဒါပေမဲ့ ဒီ တမလွန်အကျိုး ဆိုတာ က အဘိညာဉ်နဲ့ ပြည့်စုံတဲ့ ဘုရား, ရဟန္တာ, အဘိညာဉ်ရ ပုဂ္ဂိုလ်တို့၏ အရာ သာ ဖြစ်ပါတယ်၊ ကိုယ်တိုင်တွေ့ချင်လျှင် အဲဒီ အဘိညာဉ်တွေကို ရအောင် အားထုတ်ပြီးကြည့်ပါ၊ အဲဒီ အဘိညာဉ်တွေထဲမှာ ဒိဗ္ဗစက္ခု အဘိညာဉ်ဆိုတာ ရှိတယ်၊ အဲဒီ အဘိညာဉ်ကို ရယင်တော့ ပေးလှူတဲ့ ပုဂ္ဂိုလ်တွေ နတ်ပြည်ရောက် ပြီး ချမ်းသာနေကြတာကို ထောင်သောင်းများစွာ တွေ့နိုင်ပါတယ်၊ ပေးလှူ

ခြင်းမရှိဘဲ အကုသိုလ်များတဲ့သူတွေ ငရဲဘုံ ပြိတ္တာဘုံတွေ ရောက်ပြီး အတိဒုက္ခ ရောက်နေတာကိုလဲ ထောင်သောင်းများစွာ တွေ့မြင်နိုင်ပါတယ်။ အဲဒီလို အဘိညာဉ်ကို မရသေးဘဲနဲ့တောင်မှ တချို့ ယောဂီတွေဟာ သမာဓိအစွမ်းဖြင့် ကုသိုလ်ကံကြောင့် နတ်ပြည် ရောက်နေတဲ့သူတွေ, အကုသိုလ်ကံကြောင့် ငရဲဘုံ ပြိတ္တာဘုံ ရောက်နေတဲ့ သူတွေကို တွေ့မြင်နေကြပါသေးတယ်။ အဲဒီလို တွေ့တာတွေက တကယ် ဟုတ်ပါ့မလား၊ စိတ်ကူးတွေများ မဖြစ်ပေဘူးလား လို့ မေးစရာ ရှိပါတယ်။ တဦးသောပုဂ္ဂိုလ်က တွေ့မြင်ပြီး ပြောထားတဲ့ အတိုင်း နောက် တဦးနှစ်ဦး စသည်က မကြားဘူးဘဲနဲ့ ထပ်တူထပ်မျှ တွေ့မြင်ပြီး ပြောတယ်ဆိုယင် အစစ် အမှန်ဘဲလို့ ယုံကြည် ဆုံးဖြတ်ဖို့ရှိပါတယ်။ ဒါကြောင့် "ပေးလှူခြင်း အကျိုးမရှိ" ဆိုတဲ့ယူဆချက်ဟာ မှားယွင်းတဲ့ မိစ္ဆာအယူရဲ့ အစိတ်အပိုင်း တခု ဖြစ်ပါတယ်။

(၂) နောက် အမှတ် (၂) ကတော့ "နတ္ထိ ယိဋ္ဌံ=အကြီး အကျယ် ပူဇော်ခြင်းအကျိုး မရှိ" တဲ့၊ အလှူပွဲကြီး အကြီးအကျယ်လုပ်ပြီး ပေးလှူ ပူဇော်တာလဲ အကျိုးမရှိဘူးလို့ ဆိုလိုပါတယ်။

(၃) အမှတ် (၃) ကတော့ "နတ္ထိ ဟုတံ=ညှဉ်ခံခြင်း အစရှိတဲ့ အသေးအဖွဲ ပေးလှူပူဇော်ခြင်း အကျိုးမရှိ" တဲ့၊ ညှဉ်သည်ကို ညှဉ်ခံကျွေးမွေးခြင်း, မင်္ဂလာကိစ္စ၌ ကျွေးမွေးပေးကမ်းခြင်း, နှစ်သစ်ကူးပွဲ စသည်၌ လက်ဆောင်ပေးကမ်းခြင်း ဤသို့သော ပေးကမ်း ကျွေးမွေးခြင်းများဟာ ဘာမျှ အကျိုးမရှိဘူးလို့ ဆိုလိုပါတယ်။ ဒီအမှတ် (၂-၃) ကတော့ အမှတ် (၁)နဲ့ သဘောအားဖြင့် အတူတူပါဘဲ။ ဟိုခေတ်တုန်းက အိန္ဒိယမှာ ပြုလေ့ရှိတဲ့ ကောင်းမှု အမျိုးကဲ့ကလေးများ ဖြစ်တဲ့ အတွက် အဲဒီခေတ်တုန်းက မိစ္ဆာ အယူရှိတဲ့ သူက အသီးအသီး ခွဲခြားပြီး ပယ်မြစ်ပုံကို ဟောထားတာပါဘဲ။

(၄) အမှတ် (၄) ကတော့ "နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလं ဝိပါ-ကော=ကောင်းစွာပြုတဲ့ ကောင်းမှုကံ, မကောင်းစွာ ပြုတဲ့ မကောင်းမှု ကံတို့၏ အကျိုးရင်း အကျိုးဖျားမရှိ" တဲ့။ ဒါကတော့ ကောင်းမှု မကောင်းမှု အဖြစ်နဲ့ ယုံကြည်ပြီး ပြုလုပ် နေကြတဲ့ အမှုဟူသမျှဟာ ဘာမျှ အကျိုး မရှိဘူး၊

ပင်ပန်းရုံမျှဘဲလို့ ဆိုလိုပါတယ်။ အမှတ် (၁) မှာ ပြခဲ့သလိုဘဲ ကောင်းမှုကံ၏ ကောင်းကျိုးတွေ, မကောင်းမှုကံ၏ မကောင်းကျိုးတွေကို မျက်မှောက်တွင်ဘဲ အများကြီး တွေ့မြင်ရပါတယ်၊ တမလွန်မှာလဲ အဘိညာဉ် မျက်စိနဲ့ တွေ့မြင်ပါတယ်။ ဒါပေမဲ့ ကာမဂုဏ်တွေမှာ တပ်မက်တဲ့ တဏှာအားကြီးတဲ့ ပုဂ္ဂိုလ်က ကာမဂုဏ် ခံစားမှုလောက်သာ အခွင့်အရေး ပေးချင်တယ်၊ ကာမဂုဏ် ခံစားရေးအတွက် အနှောင့်အယှက် ဖြစ်စေနိုင်တဲ့ ကုသိုလ်အလုပ်ကိုလဲ အလိုမရှိဘူး၊ မကောင်းမှုမှ ကြဉ်ရှောင်ရတဲ့ အလုပ်ကိုလဲ အလိုမရှိဘူး။ ဘာကြောင့်လဲဆိုယင် ကောင်းမှုကံ မကောင်းမှုကံ၏ ကောင်းကျိုး ဆိုးကျိုးရှိတယ်လို့ ယူတဲ့သူမှာ ကောင်းမှုကို လုပ်ရတဲ့အတွက် စီးပွါးရေးအလုပ် အကိုင်တွေ လစ်ဟင်းသွားနိုင်တယ်၊ ပျက်သွားနိုင်တယ်၊ လျော့ပါးသွားနိုင်တယ်၊ စီးပွါးရေးနဲ့ ပတ်သက်တဲ့ မကောင်းမှု အလုပ်တွေကို ရှောင်နေရတဲ့ အတွက်လဲ မကြီးပွါးနိုင်ဘူးလို့ ဒီအယူဝါဒရှင်က ယူဆတယ်။ ဒါကြောင့် ကောင်းမှုကံ မကောင်းမှုကံအကျိုး ရှိတယ်ဆိုတဲ့ ဘက်ကို သူက မစဉ်းစားတော့ဘူး၊ အကျိုးမရှိဘူးဆိုတဲ့ဘက်ကသာ အလေးပေးပြီး အကြောင်းယုတ္တိ အမျိုးမျိုးနဲ့ သူကစဉ်းစားတယ်။ ဒါဟာ အရင်းစစ်လိုက်တော့ ကာမတဏှာအားကြီးတဲ့အတွက် ဖြစ်ပေါ်လာတဲ့ စွဲလမ်းမှု ဥပါဒါန်ပါဘဲ။ ဒါကြောင့် "တဏှာပစ္စယာ ဥပါဒါနံ" လို့ ဟောထားပေတာဘဲ။

(၅) နောက် အမှတ်(၅)ကတော့ "နတ္ထိ မာတာ=အမိရယ်လို့ အထူးအလေးပြုစရာ မရှိဘူး"တဲ့၊ မွေးသမိခင်ကျေးဇူးရှင်ဆိုပြီး ပညာရှိ သူတော်ကောင်းတွေက အမိကို ရိုသေလေးစားရမယ်၊ ကျေးဇူးတုံ့ပြန်ပြီး ပြုစုရမယ်၊ ကျွေးမွေးရမယ်လို့ ဟောပြောညွှန်ကြားနေကြပါတယ်။ အဲဒါကို ဒီမိစ္ဆာအယူရှင်က လက်မခံဘူး၊ ပယ်ချတယ်၊ မိဘတွေ သားသမီး ရလာတာဟာ သူတို့ကိစ္စ ပြုလုပ်ရင်း မတော်တဆ ရလာတာဘဲ၊ သူတို့ စောင့်ရှောက်မွေးမြူလာတာလဲ တာဝန်ဝတ်တရား အရ ဆောင်ရွက်လာတာဘဲ၊ ဘာမျှ ကျေးဇူးတင်စရာ မရှိဘူးလို့ ဒီမိစ္ဆာအယူရှင်က ယူဆထားတယ်၊ သူမှာ ကုသိုလ် အကုသိုလ် မရှိဘူးလို့ ယူထားတဲ့အတွက် အမိကို ပြုစုသော်လဲ ဘာမျှ အကျိုးမရှိဘူး၊ ပြစ်မှားသော်လဲ ဘာမျှ အပြစ် မရှိဘူးလို့လဲ ယူဆထားတယ်။ ဒါကြောင့် အမိရယ်လို့ မရှိဘူးလို့ ဒီမိစ္ဆာအယူရှင်က ဆိုတာ၊ အမိရယ်လို့ အထူး ရိုသေလေးစားစရာမရှိဘူးလို့ ဆိုလိုပါတယ်။

အတော်ကြောက်စရာကောင်းတဲ့ အယူဘဲ။ သူ့အယူအတိုင်းဆိုယင် သူ့သား သမီးတွေကလဲ သူ့ကို ရိုသေလေးစားကြတော့မှာ မဟုတ်ဘူး၊ အဲဒီ အကျိုးရှိတို့ ကတော့ သေချာနေပါတယ်။

(၆) အမှတ် (၆) ကတော့ "နတ္ထိ ပိတာ=အဘရယ်လို့ အထူးအလေးပြု စရာ မရှိဘူး"တဲ့။ ဒီအဆိုကတော့ အမှတ် (၅)နှင့် အတူတူပါဘဲ။

(၇) အမှတ် (၇) ကတော့ "နတ္ထိ အယံ လောကော=ဤ လောကဆိုတာ မရှိဘူး"တဲ့၊ တပါးသော လောကမှ သေပြီး ဒီလူ့လောကမှာ ဖြစ်တယ်ဆိုတာ မရှိဘူးလို့ ဆိုလိုပါတယ်။ ဒီမိစ္ဆာ အယူရှိတဲ့သူက မျက်မြင်မတွေ့ရတဲ့ နတ်ပြည် လောက, ငရဲလောက, ပြိတ္တာလောက ဆိုတာတွေကို အယုံအကြည် မရှိဘူး။ ဒါကြောင့် သူ့အလိုအားဖြင့် တပါးသော လောကဆိုတာ တိရစ္ဆာန်လောကဘဲ ရှိတယ်၊ အဲဒီ တိရစ္ဆာန်လောကမှ သေပြီး ဒီလူ့ပြည်လောကမှာ ဖြစ်တာမရှိ ဘူးလို့ ဆိုလိုပါတယ်။

(၈) အမှတ် (၈) ကတော့ "နတ္ထိ ပရော လောကော=တပါးသော လောက ဆိုတာ မရှိဘူး"တဲ့၊ လူ့လောကမှ သေပြီး နတ်ပြည်မှာ ဖြစ်တယ်၊ ငရဲမှာ ဖြစ်တယ်၊ ပြိတ္တာ ဖြစ်တယ်၊ ကျွဲနွားစသော တိရစ္ဆာန်ဖြစ်တယ်ဆိုတာ မရှိဘူး၊ အသက်ရှင်ဆဲ ဘဝက သေပြီးယင် ဘာမျှ မရှိတော့ဘူးလို့ ဆိုလိုပါတယ်။

(၉) အမှတ် (၉)ကတော့ "နတ္ထိ သြပပါတိကာ သတ္တာ=ဘဝဟောင်းက သေပြီးတဲ့နောက် ဘဝသစ်မှာ ကပ်ရောက်ပြီးဖြစ်တာ မရှိဘူး၊ သေပြီးယင် ဘာမျှ မဖြစ်တော့ဘူး"တဲ့။ ဒီအနက်အရဆိုယင် ခုတင်က အမှတ် (၇-၈) နှင့် အတူတူဘဲ ဖြစ်နေပါတယ်။ တနည်းအားဖြင့် သြပပါတိကာ-ပုဒ်ကို ဥပပတ် ပဋ္ဌိသန္ဓေရှိတဲ့ သတ္တဝါတွေလို့လဲ ပြန်သင့်ပါတယ်။ ဒီအနက်အရ အားဖြင့်တော့ ကိုယ်အင်္ဂါအပြည့်အစုံ အထင်အရှား အနီးအပါးမှာ ကျလာသကဲ့သို့ ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူးလို့ ယူရပါမယ်၊ အဲဒီလို သတ္တဝါတွေက ဘယ်ဟာတွေလဲ ဆိုယင် ဗုဒ္ဓဝါဒအရအားဖြင့် နတ်တွေ ဗြဟ္မာတွေ ငရဲ သတ္တဝါတွေ ပြိတ္တာတွေ အသုရကာယ်သတ္တဝါတွေ ကမ္ဘာဦးက သတ္တဝါတွေ ဒီသတ္တဝါတွေပါဘဲ။ ယခု ပြောနေတဲ့ မိစ္ဆာ ဝါဒရှင်အလိုအားဖြင့် အဲဒီ နတ်တို့ ဗြဟ္မာတို့ ငရဲသတ္တဝါတို့

ပြိတ္တာတို့ဆိုတာတွေဟာ မျက်မြင်အားဖြင့် မတွေ့ရတဲ့အတွက် မရှိဘူးလို့ ဆိုလို့ပါတယ်။ အဲဒါကတော့ တော်တော်ကို ယုတ္တိမတန်တဲ့ ဝါဒပါဘဲ။ ဘာကြောင့်လဲ ဆိုယင် အရပ်ရပ် အနယ်နယ်မှာ နတ်ဆိုးတွေ နတ်ကောင်းတွေဆိုတာ မကြာခဏ တွေ့နေကြရတာဘဲ၊ ရုက္ခစိုးတွေဆိုတာလဲ တွေ့ရတတ်တယ်၊ သူသစ်ပင်ကို ဖျက်ဆီးလို့ ချက်ခြင်း ဒုက္ခရောက်သွားကြရတဲ့ လူတွေလဲရှိကြတယ်။ ဥစ္စာစောင့်တွေဆိုတာလဲ တခါတရံ တွေ့ရတတ်တယ်။ နောက်ပြီးတော့ မြော်ဆရာတွေရဲ့ အစွမ်းလဲ တွေ့တန်သမျှ တွေ့နေကြရတာဘဲ။ အဲဒီလို တွေ့နေကြရတဲ့အတွက် နတ် ဗြဟ္မာ စသည်တွေ့ မရှိဘူးဆိုတာကတော့ ယုတ္တိမတန်ပါဘူး။ တရားအားထုတ်တဲ့ သူတွေမှာတော့ သမာဓိ၏ အစွမ်းဖြင့် အဲဒီ နတ်တွေ ဗြဟ္မာတွေ ငရဲသတ္တဝါတွေ ပြိတ္တာတွေဆိုတာကို မျက်မှောက်ပဲ တွေ့မြင်ရပါတယ်။ ဒါကြောင့်လဲ ယုတ္တိမတန်ဘူးလို့ ဆိုပါတယ်။

(၁၀) အမှတ် (၁၀) ကတော့ "နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ သယံ အဘိညာ သစ္ဆိကတ္တာ ပဝေ-ဒေန္တိ"တဲ့၊ ဒီအချက်ကတော့ အလွန်အရေးကြီးတဲ့ အချက် ဖြစ်ပါတယ်။ ဒါကြောင့် အနက်ပြန်ပြီး ရှင်းပြောရမယ်။

ယေ **သ**မဏဗြာဟ္မဏာ၊ **အ**ကြင်ရဟန်းသူမြတ်တို့သည်။ ဣမဉ္စ လောကံ၊ ဤမျက်မှောက်လောကကိုရင်း။ ပရဉ္စ၊ အခြားတပါးသော မျက်ကွယ်လောကကိုရင်း။ သယံ အဘိညာ၊ ကိုယ်တိုင် အထူးသိ၍။ သစ္ဆိကတ္တာ၊ မျက်မြင်တွေ့၍။ ပဝေဒေန္တိ၊ ဟောကြားကုန်၏။ သမ္မဂ္ဂတာ၊ ကောင်းမွန်ဖြောင့်မှန်စွာ သွားကုန်သော။ သမ္မာပဋိပန္နာ၊ ဖြောင့်မှန်စွာ ကျင့်ကုန်သော။ တေ သမဏဗြာဟ္မဏာ၊ ထိုသို့သော ရဟန်းသူမြတ်တို့သည်။ လောကေ၊ လောကဌ။ နတ္ထိ၊ မရှိကြဘူး-တဲ့။

ဆိုလိုတာကတော့ လောကမှာ ဘာသာရေးတရားတွေကို တိတ်ထွင်ဟောကြားနေကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ မျက်မှောက်လူ့လောက အကြောင်းကိုရော နတ်လောက ငရဲလောက အစရှိတဲ့ မျက်ကွယ်လောက အကြောင်းကိုရော ကိုယ်ပိုင်ဉာဏ်ဖြင့် ထူးထူးခြားခြား တွေ့မြင်ပြီး ဟောနိုင်တဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ အပြောနှင့်အလုပ် ဖြောင့်မှန်တဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ မသိဘဲနဲ့ အရမ်းကြံတွေးပြီး ဟောနေကြတာချည်းဘဲလို့ ဆိုလိုပါတယ်။ ဒါကြောင့် ဘာသာတရားတွေဆို

တာ ကောင်းတာ မှန်တာရယ်လို့ မရှိဘူးလို့လဲ ဆိုလိုပါတယ်။ ရှေးကသာ မဟုတ်ဘူး၊ ယခုကာလမှာလဲ ဘာသာရေးကို အလိုမရှိတဲ့သူတွေက ဒီလိုဘဲ ဆိုနေကြပါတယ်။

ဒီအချက်ဖြင့် လောကမှာ ကျင့်ကြံအားထုတ်ပြီး လောကအကြောင်းကို အမှန်အတိုင်း သိမြင်တဲ့ ဘုရားရဟန္တာဆိုတာ မရှိဘူးလို့ ပယ်ချလိုက်ပါတယ်။ ဒီနေရာမှာ ပညာရှိအနေနဲ့ ဆင်ခြင်ဘို့ရာကတော့ ဒီလိုယူဆပြောဆိုတဲ့ ပုဂ္ဂိုလ်လဲ သူများလိုဘဲ ကိုယ်တိုင်က ဘာမျှ ထူးထူးခြားခြား သိတာမရှိဘဲနဲ့ ကြုံတွေ့ပြီး ပြောဆိုတာဘဲ ဆိုတာကိုတော့ သူ့စကားအရအားဖြင့် မှန်ကန်ပေတယ်လို့ ဆင်ခြင်ဆုံးဖြတ်ရပေလိမ့်မယ်။ ဒီတော့ မသိတဲ့သူပြောတဲ့ စကားကို အတည်ပြုပြီး ယုံကြည် ယူဆထားဘို့ကတော့ မသင့်ပေဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ နက်နက်နဲနဲ စဉ်းစားဆင်ခြင်ဘို့ လိုပါတယ်။

လောကမှာ ဘာသာဟရားတွေဆိုတာ များစွာဘဲ ရှိကြပါတယ်။ တချို့ဘာသာတရားတွေက ကိုယ်တိုင် မမြင်မတွေ့ရဘဲ ကြုံဆပြီး ဟောထားတယ်ဆိုတာ သူ့ဆိုင်ရာကျမ်းစာတွေထဲမှာဘဲ ဝန်ခံထားပြီး ဖြစ်နေပါတယ်။ နောက်ပြီးတော့ ကျင့်ကြံအားထုတ်သူတွေကိုယ်တိုင် တွေ့နိုင်တဲ့သဘောလဲ မရှိဘူး။ အဲဒီလို ဘာသာတရားတွေကတော့ ပညာရှိတွေအနေနဲ့ ကျေနပ်ဖွယ် မရှိပေဘူး။ ဗုဒ္ဓတရားတော်ကတော့ "သယံ အဘိညာ ဒေသိတာ=ကိုယ်တိုင် ထူးခြားသော ဉာဏ်ဖြင့် သိပြီးမှ ဟောတယ်"လို့လဲ ဝန်ခံထားပါတယ်၊ အဲဒီလို ဝန်ခံထားတဲ့ အတိုင်း ကျကျနနကျင့်လျှင် ယခုလဲ ကိုယ်တိုင်တွေ့ရပါတယ်၊ သိပ္ပံနည်းအရ အားဖြင့်လဲ ဘုရားဟောထားတာတွေမှန်ကန်ကြောင်း ထောက်ခံချက်တွေ များစွာရှိပါတယ်။ နောက်ပြီးတော့ တရားတော်ဟုတ်မဟုတ်ကို ကျကျနန ကျင့်ကြုံလေ့လာကြည့်မှလဲ သိနိုင်ပါတယ်။ ဒါကြောင့် ဒီအမှတ် (၁၀) အရ အယူရှိနေသူဆိုလျှင် ဗုဒ္ဓတရားတော်ကိုကျကျနန လေ့လာကျင့်သုံး ကြည့်သင့်ပါတယ်။

ဘုရားလက်ထက်တော်က ဒီအယူဝါဒကို ဟောပြောနေတဲ့ ပုဂ္ဂိုလ်ကတော့ "အဇိတ"ဆိုတဲ့လူ ဖြစ်ပါတယ်၊ သူက ဆံပင်ဖြင့်ရက်တဲ့အဝတ်ကို ဝတ်နေလို့ သူ့ကို "ကေသကမ္မလ"လို့လဲ ခေါ်တယ်၊ သူက ဘုရားမပွင့်ခင်ကတည်းက ဒီဝါဒကို ဟောပြောနေခဲ့ပါတယ်။ ဒါကြောင့် သူပဌမဟောစဉ်တုန်းက ပယ်မြစ်တဲ့ ရဟန်း

သူမြတ်တွေထဲမှာ ဗုဒ္ဓမြတ်စွာဘုရားနှင့် ဘုရား၏တပည့် ရဟန္တာတွေ မပါသေး ဘူးလို့ ဆိုရမှာဘဲ။ ဒါပေမဲ့ သူဟာက အကန့်အသတ်မရှိဘဲ ရဟန်းသူမြတ်တွေကို အကုန်လုံး ပယ်ပစ်လိုက်တော့ ဘုရားရဟန္တာတွေလဲ ပါသွားတယ်လို့ ဆိုရမှာဘဲ။ နောက်ပြီးတော့ ဗုဒ္ဓမြတ်စွာဘုရားပွင့်လာတဲ့နောက်ကာလမှာလဲ သူက ဟောမြဲ အတိုင်းပင် ဟောနေတာပါဘဲ၊ ဒါကြောင့် ဘုရားရဟန္တာတွေလဲ သူ့ပယ်မြစ် ချက်ထဲ ပါသွားတယ်လို့ ဆိုရပါတယ်။

မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ

ကံနှင့်ကံ၏အကျိုးမရှိဘူးလို့ ယူလိုက်ယင် ခုတင်ကပြောခဲ့တဲ့ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ ဖြစ်တော့တာဘဲ။ ဘာကြောင့်လဲဆိုလျှင် ပေးလှူခြင်းအကျိုးမရှိ၊ အကြီးအကျယ် ပေးလှူပူဇော်ခြင်းအကျိုး မရှိ၊ ညှဉ်ခံ ကျွေးမွေးခြင်းအကျိုး မရှိ၊ ကောင်းမှုကံ မကောင်းမှုကံ၏ အကျိုးရင်း အကျိုးဖျားမရှိ-ဆိုတဲ့ ဒီ ၄-ချက် ဟာ ကံ, ကံ၏ အကျိုး မရှိဆိုတာထဲမှာ အတွင်းဝင်သွား ပါတယ်။ အမိ မရှိ၊ အဘ မရှိဆိုတဲ့ဒီနှစ်ချက်လဲ ရိုသေမှု ပြစ်မှားမှုကံ၏ အကျိုးအပြစ် မရှိတာကို ရည်ရွယ်သောကြောင့် အဲဒီ ၂-ချက်လဲ ပါဝင်သွားပါတယ်။ ဤလောက မရှိ၊ တပါးသော လောက မရှိ၊ ဥပပါတ်သတ္တဝါ မရှိဆိုတဲ့ ဒီ ၃-ချက်လဲ ဘဝသစ်ကိုဖြစ် စေနိုင်တဲ့ ကံ မရှိဘူးလို့ ဆိုလိုတဲ့အတွက် အဲဒီ ၃-ချက်လဲ အတွင်းဝင်သွားပါတယ်။ ဘုရားရဟန္တာတွေ မရှိ-ဆိုတဲ့နောက်ဆုံးအချက်မှာလဲ ဒါနအစရှိသော ပါရမီ ကုသိုလ်ကံရှိလျှင် အဲဒီပါရမီ ကံတွေကြောင့် ဘုရားရဟန္တာဖြစ်ရမယ်၊ ဘုရား ရဟန္တာမရှိဘူးလို့ ဆိုလိုက်တော့ ဒါနအစရှိသော ပါရမီကံ မရှိဘူးလို့ ပယ်ရာ ရောက်ပါတယ်၊ ဒါကြောင့် အဲဒီ နောက်ဆုံးအချက်လဲ ကံ,ကံ၏အကျိုး မရှိဆိုတဲ့ အယူထဲမှာ ပါဝင်သွားပါတယ်။ ဒါကြောင့် ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိဟာ ကံ, ကံ၏ အကျိုး မရှိဆိုတဲ့ မိစ္ဆာအယူနဲ့ အတူတူဘဲလို့ မှတ်ရမယ်။

ထို့အတူပင် "ပေးလှူခြင်းအကျိုးရှိ၏"စသည်ဖြင့် ပြဆိုထားတဲ့ ဒသဝတ္ထုက သမ္မာဒိဋ္ဌိဟာလဲ ကံ, ကံ၏အကျိုးရှိတယ်ဆိုတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ အတူ တူဘဲလို့ မှတ်ရမယ်။ အဲဒါက အရေးကြီးတဲ့အချက်ဖြစ်တဲ့အတွက် နဲနဲခဲ့ ပြောရ ဦးမယ်။

ဒသဝတ္ထုကသမ္မာဒိဋ္ဌိ ဖြစ်ပုံ

(၁) ကံရှိတယ်၊ ကံ၏အကျိုးလဲ ရှိတယ်လို့ အယူရှိတဲ့သူမှာ "အတ္ထိ ဒိန္နံ= ပေးလှူခြင်းအကျိုးရှိတယ်"လို့ ဆိုတဲ့အယူမှန်လဲ ဖြစ်တော့တာဘဲ။ ပေးလှူမှု အကျိုးရှိပုံကို ထုတ်ဖော်ပြောရဦးမယ်။ လူတယောက်ကို အသုံးကျတဲ့ ပစ္စည်း တခုပေးကြည့်ပါ၊ အဲဒီပစ္စည်းရသွားတဲ့လူက ပေးတဲ့လူကို **အောက်ထစ်ဆုံး** ခင်မင်ကြည်ညိုမှာကတော့ သေချာနေတာဘဲ၊ ကိုက်တတ်တဲ့ခွေးတောင် ထမင်း ကျွေးလိုက်လျှင် ယဉ်ပါး သွားသေးတာဘဲ၊ အကြပ်အတည်း ကျနေတဲ့ သူကို ပေးကမ်း မ, စလိုက်ယင် သာပြီး ကျေးဇူး တင်လိမ့်မယ်၊ အဲဒီလူက တတ်နိုင်လို့ရှိယင် အကူအညီပေးမယ်၊ ဘေးရန်အန္တရာယ်ရှိယင်လဲ ကာကွယ် စောင့်ရှောက်မယ်၊ ပေးကမ်းတဲ့သူရဲ့ အပြစ်ကို တစုံတယောက်က ပြောနေယင် အဲဒီလို မပြောဘို့ရာ သူကတားမြစ်မယ်၊ ကောင်းတဲ့ဂုဏ်ကျေးဇူးကို ထုတ်ဖော် ပြောလိမ့်မယ်။ ဒီလိုစေတနာသက်သက်နဲ့ ပေးလှူရာမှာ ကျေးဇူးတင်တာကို တော့ အထူးပြောစရာမလိုပါဘူး၊ အလုပ်ကိစ္စအတွက် အခကြေးငွေကို ပေးရာ မှာတောင် လွယ်လွယ်ကူကူနဲ့ ပြည့်ပြည့်ဝဝ ပေးတယ်ဆိုယင် အဲဒီလို ပေးတဲ့ သူကို ချစ်ခင်ကြည်ညိုကြသေးတာဘဲ။ နောက်ပြီးတော့ ပေးလှူခြင်း အကျိုး မရှိဆိုတဲ့ မိစ္ဆာအယူနဲ့စပ်ပြီး ခုတင်က ပြောခဲ့တဲ့အတိုင်းပင် ပေးလှူတဲ့သူမှာ ချီးမွမ်းဘွယ်ဂုဏ်နှင့် ပြည့်စုံတယ်၊ အချီးမွမ်း ခံရတယ်၊ ကောင်းသတင်း ကျော် စောတယ်၊ သူတော်ကောင်းတွေရဲ့ ချဉ်းကပ်ခြင်း, ချီးမြှောက်ခြင်းကို အထူး သဖြင့် ခံယူရတယ်၊ ပေးလှူလေ့ရှိတဲ့လူဟာ ဘယ်ပရိသတ် ဘယ်အစည်းအဝေး တက်တက် မျက်နှာမငယ်ရဘူး၊ မိမိကိုယ်တိုင်လဲ ပေးလှူနိုင်တဲ့ဂုဏ်ကို အာရုံ ပြုပြီး ဝမ်းမြောက်ရတယ်၊ ဒါတွေဟာ မျက်မှောက်ဘဝတွင် ကိုယ်တိုင်တွေ့မြင် နိုင်တဲ့ အကျိုးတွေပါဘဲ၊ ဒီလို မျက်မှောက်အကျိုးတွေ အထင်အရှားရှိနေ တာကိုလဲ ရည်ရွယ်ပြီးတော့ "အတ္ထိ ဒိန္နံ = ပေးလှူခြင်းအကျိုးရှိတယ်"ဆိုတဲ့ သမ္မာဒိဋ္ဌိ–အယူမှန် ဖြစ်ပေါ်လာပါတယ်။

ဒါန၏ တမလွန်အကျိုးလဲ ထင်ရှားသည်

နောက်ပြီးတော့ ပေးလှူမှု-ဒါနကုသိုလ်နှင့် ပြည့်စုံတဲ့သူဟာ မျက်မှောက်ဘဝ က ရုပ်နာမ်ခန္ဓာပျက်စီးလို့ သေရတဲ့အခါမှာ ကုသိုလ်အာရုံနိမိတ်တွေ ထင်ပြီး

မတွေ့မဝေဘဲ ရှင်ရှင်ပျပျ ကြည်ကြည်လင်လင်နဲ့ သေရတယ်၊ သေပြီးတဲ့အခါလဲ ချမ်းသာပြည့်စုံတဲ့ လူ့ဘဝ နတ်ဘဝ သုဂတိဘဝကိုရောက်ပြီး လူ့ချမ်းသာ နတ်ချမ်းသာတွေကို ခံစားရမယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်တောင့်တပြီး ပြုတဲ့ ဒါနကုသိုလ်ဆိုယင် အဲဒီကုသိုလ်ကြောင့် နောင်ဘဝတခုခုမှာ တရားနာခြင်း, ကျင့်ခြင်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုလဲ ရနိုင်တယ်၊ ဗုဒ္ဓမြတ်စွာဘုရားအလောင်းလျှောတွေလဲ ဒီဒါနဆိုတဲ့ ပါရမီကုသိုလ်ကို အရင်းခံပြုပြီး ပါရမီတော်တွေကို ဖြည့်ကျင့်ခဲ့လို့ နောက်ဆုံး ဘဝမှာ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူကြရတယ်၊ ပစ္စေကဗုဒ္ဓါအလောင်း သာဝကအလောင်းတွေလဲ နည်းတူဘဲ မိမိတို့နှင့် သက်ဆိုင်တဲ့ ဒါနအစရှိသော ပါရမီတွေကို ဖြည့်ကျင့်ခဲ့ကြလို့ နောက်ဆုံးဘဝမှာ ပစ္စေကဗုဒ္ဓါ အရိယာသာဝကတွေ ဖြစ်ကြရတယ်။ ဒါတွေကတော့ နောင်တမလွန်ကျမှ တွေ့ရမည့်အကျိုးတွေဘဲ ယခုမျက်မှောက်မှာတော့ မတွေ့နိုင်ဘူး။ ဒါပေမဲ့ ဒေသနာတရားတော်ကိုမှီပြီး အနုမာနအားဖြင့်တော့ တွေ့နိုင်ပါသေးတယ်၊ လူလူချင်း တူနေပါလျက်နဲ့ အကျိုးပေးပုံ ကွာနေတာကို ထောက်ဆကြည့်ယင် ကောင်းစားချမ်းသာအောင် ဆင်းရဲအောင် စီမံဖန်တီးပေးနေတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ ရှိနေဘယ်ဆိုတာ ယုံကြည်ဆုံးဖြတ်နိုင်ပါတယ်၊ တချို့လူတွေဟာ စိုက်ပျိုးရေးလုပ်ငန်း အတူတူလုပ်ကြတာဘဲ၊ ကုန်သည်လုပ်ငန်း လခစားလုပ်ငန်းစသည်ကို အတူတူလုပ်ကြတာဘဲ၊ ဒါပေမဲ့ အကျိုးပေးပုံက ခြားနားခြင်း ရှိနေတယ်၊ တချို့က ဆင်းရဲမြဲ ဆင်းရဲနေတယ်၊ တချို့က တနှစ်တမျိုးဆိုသလိုဘဲ တိုးတက်ကြီးပွါး လာတယ်၊ ချမ်းသာကြွယ်ဝ လာတယ်၊ ရာထူးဌာနန္တရ တိုးတက်လာတယ်၊ ဤပုံဤနည်းဖြင့် အကျိုးပေးပုံခြားနားနေတာကို တွေ့ကြရတယ်၊ အဲဒါကို တွေ့ရတဲ့အတွက် ဒါနကုသိုလ်နည်းတဲ့သူမှာ အလိုရှိတိုင်း မပြည့်စုံဘူး၊ ဘယ်လိုပင်ကြိုးစားအားထုတ်ပေမဲ့ ရည်ရွယ်တဲ့အတိုင်း မအောင်မြင်ဘူး၊ ဒါနကုသိုလ်မျှားတဲ့သူမှာ အလိုရှိတိုင်း ပြည့်စုံတယ်၊ ပင်ပန်းကြီးစွာနဲ့ အားမထုတ်ရဘဲ သက်သက်သာသာ အလွယ်တကူနဲ့ ရည်ရွယ်ချက်အတိုင်း အောင်မြင်တယ်ဆိုတာကို ယုံကြည်ဆုံးဖြတ်နိုင်ပါတယ်။ ဒီလိုတမလွန်အကျိုးတွေ ထင်ရှားရှိနေတာကိုလဲ ရည်ရွယ်ပြီးတော့ "အတ္ထိ ဒိန္နံ=ပေးလှူခြင်း အကျိုးရှိတယ်ဆို"တဲ့ သမ္မာဒိဋ္ဌိ-အယူမှန် ဖြစ်ပေါ်လာပါတယ်။

ပဋ္ဌိစ္စသမုပ္ပါဒ် (၃) ၅—ပ-မ-သ-စ

(၂) နောက်ပြီးတော့ "အတ္ထိ ယိဋ္ဌံ= အကြီးအကျယ် ပေးလှူပူဇော်ခြင်း အကျိုး ရှိတယ်"ဆိုတဲ့ အယူမှန်လဲ ကမ္မဿကတာသမ္မာဒိဋ္ဌိရှိတဲ့သူမှာ ဖြစ်တော့ တာဘဲ။

(၃) "အတ္ထိ ဟုတံ= ညှဉ်ခံကျွေးမွေးခြင်း လက်ဆောင်ပေးခြင်း အစရှိတဲ့ အသေးအဖွဲ ပေးလှူပူဇော်ခြင်းအကျိုးရှိတယ်ဆို"တဲ့ အယူမှန်လဲ ဖြစ်တော့ တာဘဲ။

ကောင်းမှုမကောင်းမှု၏အကျိုး

(၄) အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော = ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုးရင်း, အကျိုးဖျား ရှိတယ်ဆိုတဲ့ အယူမှန်လဲ ဖြစ်တော့ တာဘဲ။ ဒီနံပါတ် (၄) အယူမှန်ထဲမှာ သင်းမယ်ဆိုယင် နံပါတ် (၁-၂-၃) အယူမှန် တွေလဲ ဝင်နိုင်ပါတယ်၊ ဒါပေမဲ့ ဟိုရှေးခေတ်တုန်းက ကောင်းမှုထူးအနေနဲ့ ထင် ရှားနေတဲ့ဒါန, ယိဋ္ဌ, ဟုတတို့ကို သီခြားထုတ်ပြီး ပြဆိုထားခြင်း ဖြစ်ပါတယ်။ ကောင်းတဲ့အလုပ်ကို လုပ်ယင် ကောင်းကျိုးရတယ်၊ မကောင်းတဲ့ အလုပ်ကို လုပ် ယင် မကောင်းကျိုးရတယ်ဆိုတာ လောကတွင်ဘဲ အလွန်ထင်ရှားနေပါတယ်။ ငယ်ငယ်ရွယ်ရွယ်က စပြီးတော့ ဆရာမိဘတို့ရဲ့ စကားကို နားထောင်ပြီး လိမ်လိမ် မာမာ နေလာတဲ့သူဟာ ငယ်ငယ်ကတည်းကစပြီး လူကြီးလူကောင်းတွေရဲ့အချီး မွမ်း ခံရတယ်၊ အများထံမှ အကူအညီ အစောင့်အရှောက်ကိုလဲရတယ်၊ လူချစ် လူခင်များတယ်၊ ကြီးလာတဲ့အခါကျတော့လဲ လူကြီးလူကောင်း တယောက် ဖြစ်ပြီး ကြီးပွါးချမ်းသာတယ်၊ ဒါတွေဟာ ကောင်းတဲ့အလုပ်ကို လုပ်တဲ့အတွက် ရလာတဲ့ ကောင်းကျိုးတွေပါဘဲ။ ထို့အတူ ဘဝတပါးမှာလဲ ကောင်းမှုရှိတဲ့ သူဟာ ကောင်းကျိုးတွေကို ရသွားတယ်၊ အမိဝမ်းထဲမှာ ပဋိသန္ဓေ နေကတည်း က မိဘတွေက ရိုရိုသေသေ စောင့်ရှောက်တယ်၊ မွေးလာတဲ့အခါလဲ ကောင်းကောင်းမွေးမြူပြုစုတယ်၊ အဲဒီလို ပြုစုဘို့ရာ ပစ္စည်းဥစ္စာကလဲ ပြည့်စုံ နေတယ်၊ ရောဂါကင်းပြီး ကျန်းမာတယ်၊ အရုပ်အဆင်း လှပတင့်တယ်တယ်၊ ချစ်ခင်တဲ့သူ များတယ် စသည်ဖြင့် ဒီလိုကောင်းကျိုးတွေကို ရတာလဲ အနုမာန အားဖြင့် မှန်းဆကြည့်ယင် ထင်ရှားပါတယ်။ မကောင်းမှုရှိတဲ့သူမှာ မျက်မှောက်

ဘဝမှာရော တမလွန်ဘဝတွေမှာရော မကောင်းကျိုး ရသွားပုံကတော့ ကောင်းမှု၏ ကောင်းကျိုးနဲ့ ပြောင်းပြန် ပြန်ပြီးကြည့်ပေတော့၊အဲဒီ မကောင်းကျိုးတွေက သာပြီး ထင်ရှားပါသေးတယ်၊ မကောင်းမှုကို ပြုလွယ်ကြတဲ့ အတွက် သတ္တဝါတွေဟာ မကောင်းကျိုး ခံစားနေရတာတွေက များနေတာဘဲ။ ဒါကြောင့် ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုးရင်း, အကျိုးဖျားရှိတယ်ဆိုတဲ့ ဒီအယူမှန်ကတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိထဲမှာ တထပ်တည်းကျပြီး ပါဝင်နေပါတယ်။

မိဘကျေးဇူး

(၅) နောက်ပြီးတော့ "အတ္ထိ မာတာ=အမိဆိုတာ ရှိတယ်၊ အမိကို ရိုသေခြင်း, မရိုသေခြင်း၏ ကောင်းကျိုး, ဆိုးကျိုးရှိတယ်" ဆိုတဲ့ အယူမှန်လဲ ကမ္မဿကတာသမ္မာဒိဋ္ဌိရှိတဲ့သူမှာ ဖြစ်တော့တာဘဲ။

(၆) အတ္ထိ ပိတာ=အဘ ဆိုတာ ရှိတယ်၊ အဘကို ရိုသေခြင်း, မရိုသေခြင်း၏ ကောင်းကျိုး, ဆိုးကျိုး ရှိတယ်-ဆိုတဲ့ အယူမှန်လဲ ဖြစ်တော့တာဘဲ။ အမိအဘ ကျေးဇူးဆိုတာ အလွန် များပါတယ်၊ ပဋ္ဌိသန္ဓေ ကိုယ်ဝန် ရှိလာကတည်းက ယုယုယယနဲ့ စောင့်ရှောက်လာခဲ့ကြတယ်၊ ဝမ်းထဲက သူငယ်ကလေးဟာ ချမ်းသာစွာနဲ့ ကြီးပွါးပြီး ချမ်းသာစွာနဲ့ ဖွားမြင် လာပါစေလို့ မနောက်ဖြင့်လဲ မေတ္တာပွါးခဲ့ကြတယ်၊ ကာယက်ဖြင့်လဲ မေတ္တာပွါးပြီး မိခင်ဖြစ်တဲ့ သူက အထူးသဖြင့် ဆင်ခြင်ပြီး စောင့်ရှောက်ခဲ့တယ်၊ အလွန်ပူတာ, အလွန် အေးတာတွေ အစပ်, အချဉ်, အပူတွေကို စားချင်ပေမဲ့ မစားမသောက်ပဲ ရှောင်ကြဉ်လာခဲ့တယ်၊ ကိုယ်လက်လှုပ်ရှားရာမှာလဲ ဝမ်းထဲက ခလေး မဆင်းရဲ ရအောင် အထူးသတိပြုပြီး စောင့်ရှောက်ခဲ့တယ်၊ ကျန်းမာရေးကိုလဲ ဂရုစိုက်တယ်၊ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်နေတဲ့ ဗုဒ္ဓသာသနာဝင် မိခင်ဆိုလျှင် မိမိ၏ ဝမ်းထဲက သူငယ်လဲ သူတော်ကောင်းတရား အရှိန်အဝါ ရပါစေ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဥပုသ်သီတင်း သီလများကို အထူး ဆောက်တည်ပြီး သူတော်ကောင်း တရားတွေကို ပွါးများခဲ့တယ်၊ ဘုရား, တရား, သံဃာ၏ ဂုဏ်ကျေးဇူးတွေကို တတ်သိသမျှ နှလုံးသွင်းခဲ့တယ်၊ ဒီလို ပြုကျင့်ပုံတွေကို ရည်ပြီးတော့

ရက်ချုပ်မှတ်တမ်းမှာ "ရတနာသုံးပါး ဦးထိပ်ထား၍ မာတာမိခင် ဖွားသန့်စင်သည်" စသည်ဖြင့် ရေးမှတ်လေ့ ရှိကြပါတယ်။

ဖွားမြင်ပြီးတဲ့နောက်လဲ မလှုပ်မလှုံ နိုင်တဲ့ အရွယ်ကစပြီး နို့ရည်တိုက်ကျွေးခြင်း, အညစ်အကြေး သုတ်သင်ပေးခြင်း, ရေချိုးပေးခြင်း, အဝတ်အထည်ဖြင့် ခြုံရုံပေးခြင်း, မညောင်းရ မပူရအောင် ပြုပြင်ပေးခြင်း, ခြင် ယင် စသည်ကို ချောက်ပေးခြင်း စသည်ဖြင့် ယုယုယယ စောင့်ရှောက်လာခဲ့တယ်။ အချိန်တန်တဲ့ အခါ ပညာသင်ပေးတယ်၊ အရင်းအနှီး ပစ္စည်းဥစ္စာ အမွေအနှစ်ကိုလဲ ပေးတယ်၊ ဒါတွေဟာ မိဘကျေးဇူး တွေဘဲ၊ ကျေးဇူးရှိတဲ့သူကို ကျေးဇူးတုံ့ပြန်ရတယ် ဆိုတာဟာ လောကဝတ်တရား အနေအားဖြင့် အလွန်ထင်ရှားနေပါတယ်၊ ဒါကြောင့် ကျေးဇူးရှင် မိဘမျှားကို ရိုသေစွာ ပြုစု လုပ်ကျွေးယင် ကောင်းကျိုးကိုရတယ်၊ မရိုမသေပြစ်မှားယင် ဆိုးကျိုးကို ရတယ် ဆိုတာလဲ သဘာဝကျပြီးထင်ရှားနေပါတယ်၊ အယုတ်ဆုံးအားဖြင့် မိဘကို ရိုသေလျှင် သူ၏ သားသမီးတွေကလဲ သူ့ကို ရိုသေကြပါလိမ့်မယ်၊ မိဘကို မရိုမသေ ပြစ်မှားယင်တော့ အဇာတသတ်မျိုးတွေလို သူ့ သားသမီးတွေကလဲ သူ့ ကို ပြစ်မှားကြမှာဘဲ။ ဒါကြောင့် ကံ, ကံ၏အကျိုးရှိတယ်လို့ ယူတဲ့ သမ္မာဒိဋ္ဌိ-အယူမှန်ထဲမှာ မိဘရှိတယ်၊ မိဘကိုရိုသေခြင်း, မရိုသေခြင်း၏ အကျိုးအပြစ် ရှိတယ်လို့ဆိုတဲ့ ဒီ အယူမှန်လဲ ပါဝင်သွားတော့ တာပါဘဲ။

တပါးသောလောကကို တွေ့မြင်နိုင်တဲ့နည်း

(၇) နောက်ပြီးတော့ "အတ္ထိ အယံ လောကော=ဤ မျက်မှောက်လောက ရှိတယ်၊ (၈) အတ္ထိ ပရော လောကော=တပါးသော မျက်ကွယ်လောကရှိတယ်၊ (၉) အတ္ထိ သြပပါတိကာ သတ္တာ=ဘဝသစ်၌ ကပ်ရောက်၍ဖြစ်သော သတ္တဝါတွေ ရှိတယ်၊ ကိုယ်ထင်ရှားဖြစ်တဲ့ နတ်အစရှိသော ဥပပါတ် သတ္တဝါတွေ ရှိတယ်" ဆိုတဲ့ ဒီအယူမှန် သုံးပါးလဲ ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိတဲ့သူမှာ ဖြစ်တော့တာဘဲ။ ဘာကြောင့်လဲ ဆိုယင် ကံနဲ့ ကံ၏အကျိုး ရှိတယ်ဆိုတော့ နတ်လောက, တိရစ္ဆာန်လောက အစရှိတဲ့ တပါးသောလောကမှ သတ္တဝါတွေဟာ လူဖြစ်ဖို့ ကုသိုလ်ကံရှိလျှင် အဲဒီလောကမှ သေပြီးတဲ့အခါ ဒီလူ့ပြည်

လောကမှာ ဖြစ်နိုင်တယ်၊ လူ့ပြည်လောကမှ သေပြီးလျှင်လဲ အဲဒီတပါးသော လောကတွေမှာ ကံအား လျော်စွာ ဖြစ်နိုင်တယ်၊ ဒီလိုဖြစ်ပုံကို သက်သေ အထောက်အထားနဲ့ပြနိုင်ပါရဲ့လားဆိုလျှင် ပြတန်သလောက်တော့ ပြနိုင်ပါတယ်၊ ပြတဲ့သူက ပြပေမဲ့ ကြည့်တဲ့သူမှာ ဉာဏ်မျက်စိ ရှိဘို့လဲ လိုပါတယ်၊ ဥပမာ ဇာတ်ပဲ့ ရုပ်ရှင်ပဲ့တွေ ပြရာမှာ မျက်စိရှိတဲ့ သူတွေမှသာ မြင်နိုင်သလိုပါဘဲ။ ဘယ်လို ဉာဏ်မျက်စိ ရှိရမှာလဲဆိုယင် အဘိညာဉ်မျက်စိ, ဝိပဿနာမျက်စိ, အနုံမာနဉာဏ်မျက်စိ ဆိုတဲ့ ဒီလို မျက်စိရှိဘို့လိုပါတယ်။

သမထစျာန်လမ်းက အားထုတ်လျှင် ရှေးဘဝတွေကို သိနိုင်တဲ့ ပုဗ္ဗေနိဝါသ အဘိညာဉ်ကိုလဲ ရနိုင်တယ်၊ အဆင်း ရှုပါရုံ ဟူသမျှနှင့်တကွ ဘဝဟောင်းမှ သေပြီး ဘဝသစ်မှာ ဖြစ်ပုံတွေကို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုလဲ ရနိုင်တယ်၊ အဲဒီ အဘိညာဉ်မျက်စိတွေကို ရအောင် အားထုတ်ဖို့ လိုပါတယ်၊ အဲဒီ အဘိညာဉ်မျက်စိတွေ ရှိနေယင်တော့ ဘဝဟောင်းမှ ဘဝသစ်၌ ဖြစ်နေတာဇတ္တ ကို ကိုယ်တိုင်မျက်မှောက် တွေ့မြင် နိုင်ပါတယ်။ နောက်ပြီးတော့ ဝိပဿနာ လမ်းက အားထုတ်ယင်လဲ သမာဓိ အတော်အတန်ကောင်းတဲ့အခါ အခ္ခါ ပုဂ္ဂိုလ် မှာ ဒီလိုဉာဏ်အမြင်မျိုးကို ရတတ်ပါတယ်၊ အဲဒီလို မမြင်ရ တောင်မှ ဘဝဟောင်း က သေပြီး ဘဝသစ် ဖြစ်ပုံကိုတော့ သဘောပေါက်နိုင်ပါတယ်။

အဲဒီလို အားမထုတ်နိုင်ယင်တော့ အနုမာနဉာဏ်နဲ့ ပြည့်စုံဘို့ လိုပါတယ်၊ ဘဝဟောင်းက အဖြစ်အပျက်တွေကို အောက်မေ့နိုင်တဲ့ သူတွေဟာ ဟိုအရပ် ဒီအရပ်မှာ အနည်းငယ်စီတော့ ရှိတတ်ပါတယ်၊ ဒီလိုလူကို ဗုဒ္ဓစာပေထဲမှာ ဇာတိဿရဉာဏ်ရှိတဲ့သူလို့ ဆိုပါတယ်၊ ဘဝဟောင်းကို အောက်မေ့နိုင်တဲ့သူလို့ ဆိုလိုပါတယ်၊ မြန်မာတွေကတော့ အဲဒီလိုလူကို လူဝင်စားလို့ ခေါ်ပါတယ်၊ အဲဒီလို ဘဝဟောင်းကို အမှတ်ရတဲ့သူတွေထဲမှာ တချို့က ရှေးဘဝက လူဖြစ်ခဲ့ ပုံကို ပြောကြတယ်၊ တချို့က နတ်တို့ တစ္ဆေတို့ ဖြစ်ခဲ့ပုံတွေကို ပြောကြတယ်၊ တချို့က နွားဖြစ်ခဲ့ပုံ, ခွေးဖြစ်ခဲ့ပုံ, ဝက်ဖြစ်ခဲ့ပုံ, မျောက်ဖြစ်ခဲ့ပုံ စသည်တွေကို ပြောကြတယ်၊ တချို့ကတော့ လူ့ဘဝမှ နတ်တို့ တစ္ဆေတို့ဖြစ်ပြီး လူပြန်ဖြစ် လာပုံကိုလဲ ပြောကြတယ်၊ အဲဒါတွေကို ထောက်ဆပြီးတော့ ဤလောကမှ တပါးသော လောကဟု ဖြစ်တာလဲရှိတယ်၊ တပါးသောလောကမှ ဤလောကဟု

ဖြစ်တာလဲရှိတယ်၊ အပြည့်အစုံ ကိုယ်ထင်ရှားဖြစ်တဲ့ ဥပပါတ် သတ္တဝါတွေလဲ ရှိတယ်ဆိုတာ အနုမာနဉာဏ်ဖြင့် မှန်းဆပြီး ယုံကြည်ဆုံးဖြတ်နိုင်ပါတယ်။ ဒီလို မှန်းဆနိုင်တဲ့ အနုမာနဉာဏ်တောင်မှ မရှိတဲ့သူကိုတော့ ဒီအချက်ကို သဘောကျ အောင် ပြောပြဘို့ ခက်ပါတယ်။

မုချကိန်းသေ ဆင်ခြင်ပုံ

ဒီနေရာမှာ မလဲနိုင်တဲ့ မုချကိန်းသေ ဆင်ခြင်ပုံဖြစ်လို့ "အပဏ္ဏကပဋိပဒါ" ခေါ်တဲ့ ပညာရှိတို့၏ စူးစမ်းဆင်ခြင်ပုံကို ပြောပြချင်သေးတယ်။ အဲဒါက ဘယ်လိုလဲဆိုလျှင်၊ လူတယောက်က ကံ, ကံ၏အကျိုး မရှိဘူး၊ တမလွန်လောက မရှိဘူးလို့ ယူတယ်၊ အခြားလူတယောက်က ရှိတယ်လို့ ယူတယ်၊ ဒီလူ၂ယောက်ထဲက ပဌမလူဟာ ဒါ့နဿီလ အစရှိသော ကောင်းမှုကိုလဲ မပြုပေဘူး၊ သတ်မှု, ခိုးမှု, လုယက်မှု စသော မကောင်းမှုကိုလဲ မရှောင်ပေဘူး၊ အခွင့်သာလျှင် စိတ်အလိုအတိုင်း သူလုပ်ချင်တာတွေကို လျှောက်လုပ်လိမ့်မယ်၊ ဒါကြောင့် သူ့မှာ မျက်မှောက်ဘဝတွင်လဲ ချီးမွမ်းဖွယ် ကြည်ညိုဖွယ်ဂုဏ်မရှိဘူး၊ ကိုယ့်ဟာ ကိုယ် ဝမ်းမြောက်ဖွယ်ဂုဏ်လဲ မရှိဘူး၊ အကယ်၍ သူယူတဲ့အတိုင်း မဟုတ်ပါဘဲ ကံ, ကံ၏အကျိုးကလဲ ရှိနေမယ်၊ တမလွန်လောကကလဲ ရှိနေမယ်ဆိုယင်တော့ အဲဒီလူဟာ သေသည်နှင့်တပြိုင်နက် မီးပုံကြီးထဲ ခုန်ချလိုက်ရသလို ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပါယ်ဘုံတွေကို ရောက်သွားမယ်၊ သူ့မှာ ကုသိုလ် အထောက်အပံ့က ဘာမျှ မရှိတဲ့အတွက် ဘာမျှ ထောက်တည်ရာမရဘဲ အပါယ်သံသရာမှာ ဘဝပေါင်းများစွာ အတီဒုက္ခ ရောက်သွားရပေလိမ့်မယ်။

ကံ, ကံ၏အကျိုးလဲရှိတယ်၊ တမလွန်လောကလဲ ရှိတယ်လို့ ယူတဲ့ ဒုတိယလူကမတော့ သူဌေးဆဲသတ်ဖြတ်ခြင်း, လုယက်ခိုးယူခြင်း စသော မကောင်းမှုမှလဲ ကြဉ်ရှောင်လိမ့်မယ်၊ ဒါန သီလ အစရှိသော ကောင်းမှုတွေကိုလဲ စွမ်းနိုင်သမျှ ပြုလိမ့်မယ်၊ ဒါကြောင့် ကံ, ကံ၏အကျိုး မရှိစေကာမူ, တမလွန်လောကမရှိစေကာမူ သူဟာ့ မျက်မှောက်ဘဝမှာတော့ သူတော်ကောင်းအဖြစ်ဖြင့် အချီးမွမ်းခံရမယ်၊ ကောင်းတဲ့ဂုဏ်သတင်းလဲ ကျော်စောမယ်၊ မိမိပြုခဲ့တဲ့ ကောင်းမှု

တွေ့ကို အာရုံပြုပြီးတော့လဲ ဝမ်းမြောက်ဝမ်းသာရမယ်၊ မသင့်မတော်တာကို မပြုတဲ့အတွက် လောကအပြစ် ရာဇဝတ်အပြစ်တွေမှလဲ လွတ်ကင်းနေပေလိမ့်မယ်၊ ဒါတွေကတော့ တမလွန်လောကမရှိတောင် မုခ္ဂရနိုင်တဲ့ အကျိုးတွေဘဲ။ အကယ်၍ သူယူတဲ့အတိုင်း ကံ, ကံ၏ အကျိုးကလဲရှိမယ်၊ တမလွန်လောကကလဲ ရှိမယ်ဆိုယင်တော့ ယခုပြောခဲ့တဲ့ မျက်မှောက်အကျိုးတွေကို ရတဲ့အပြင် တမလွန်မှာလဲ လူ, ချမ်းသာ နတ်ချမ်းသာတွေကို ဘဝပေါင်းများစွာမှာ ရရှိသွားပေလိမ့်မယ်။ ဒါကြောင့် မျက်မှောက်မှာရော တမလွန်မှာရော နှစ်ဖက်လုံးမှာ မုခ္ဂ အကျိုးရှိနိုင်သည့်အယူကိုသာ ငါယူမယ်၊ ကံ, ကံ၏ အကျိုးလဲ ရှိတယ်၊ တမလွန်လောကလဲ ရှိတယ်ဆိုတဲ့ အယူကိုသာ ငါယူမယ်လို့ ဒီလို စူးစမ်းဆင်ခြင်တာဟာ "အပဏ္ဏကပဋိပဒါ" ခေါ်တဲ့ မလွဲနိုင်တဲ့ မုခ္ဂကိန်းသေ လမ်းစဉ်ဖြစ်တဲ့ အကြောင်းကို မြတ်စွာဘုရားက မဇ္ဈိမနိကာယ် အပဏ္ဏကသုတ်မှာ ဟောထားပါတယ်။ ဒါကြောင့် ကံ, ကံ၏အကျိုး, တမလွန်လောကတို့နှင့် စပ်ပြီး ကိုယ်တိုင်သိနိုင်တဲ့ အဘိညာဉ် ဉာဏ်ထူးကိုရအောင် အားမထုတ်နိုင်လျှင် အဲဒီ အပဏ္ဏကလမ်းစဉ်အတိုင်း ဆင်ခြင်ပြီး ယူဆတာဟာ အကောင်းဆုံးပါဘဲ။

ပါရမီဆိုတာ ပညာသင်ရတာမျိုးဘဲ

(၁၀) ပြီးတော့ နောက်ဆုံးအချက်က "အတ္ထိ လောကေ သမဏပြောဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ သယံ အဘိညာ သစ္ဆိ-ကတ္ဝာ ပဝေဒေန္တိ" တဲ့၊ ဤလောက တပါးသောလောကအကြောင်းကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိပြီး ဟောနိုင်တဲ့ ကောင်းသောအကျင့်ရှိတဲ့ ဖြောင့်မတ်မှန်ကန်တဲ့ ဘုရား, ရဟန္တာ, ရဟန်းသူမြတ်တွေ လောကမှာ ရှိတယ်ဆိုတဲ့ အယူလဲ ကံ, ကံ၏အကျိုး ရှိတယ်လို့ အယူရှိတဲ့သူမှာ ဖြစ်တော့တာဘဲ။ ဘာကြောင့်လဲဆိုယင် ကံနဲ့ ဒါန အစရှိသော ပါရမီဟာ သဘောအားဖြင့် အတူတူပါဘဲ၊ ဒီတော့ ကံ၏အကျိုးရှိယင် ပါရမီ၏အကျိုးလဲ ရှိတော့တာဘဲ၊ ဘုရား, ရဟန္တာ ဖြစ်တယ်ဆိုတာ ဒါန အစရှိသော ပါရမီ၏ အကျိုးဆက်ပဲ။ ဒီတော့ ဘုရားဖြစ်ကြောင်း ရဟန္တာဖြစ်ကြောင်း ပါရမီတွေကို ဖြည့်ကျင့်နေလျှင် တချိန်ကျတော့ ဘုရားရဟန္တာ ဖြစ်မယ်ဆိုတာ သေချာနေတာဘဲ။ ပါရမီဆိုတာ လောကမှာ

ပညာသင်ရတာမျိုးပါဘဲ၊ ကလေးသူငယ်တွေဟာ လေး ငါး ခြောက်နှစ် အရွယ်ကစပြီး စာရေး စာဖတ် ဂဏန်းသင်္ချာ စသည့် ပညာရပ်တွေကို သင်ယူလေ့လာရတယ်၊ အဲဒီလို သင်ယူလေ့လာတဲ့ သူငယ်တွေဟာ တနေ့ တချိန်ကျတော့ လူကြီးဖြစ်လာတယ်၊ အဲဒီအခါမှာ ဘီအေ၊ ဘီအီးဒီ၊ အမ်အေ စသည်ဖြင့် ဘွဲ့ထူးဂုဏ်ထူးတွေရပြီး သူ့ဆိုင်ရာမှာ တကယ် တတ်သိနားလည်တဲ့ ပညာရှိကြီးတွေဖြစ်လာတယ်။ အဲဒါဟာ ငယ်ငယ်ကစပြီး တဖြည်းဖြည်းချင်း လေ့ကျက်လာလို့ဖြစ်တာဘဲ၊ မလေ့ကျင့်ရတဲ့ သူတွေမှာတော့ အဲဒီလို လူနဲ့တန်ရယ်တည်းဖြစ်ပေမဲ့ ဘာပညာမျှ မတတ်ဘူး၊ အဲဒီတော့ ပညာဟာ သင်ယူလေ့လာယင် တတ်တယ်၊ မသင်ယင် မတတ်ဘူးဆိုတာ အလွန် ထင်ရှားပါတယ်။

ပါရမီဆိုတာကလဲ အဲဒီလိုပါဘဲ၊ မလေ့လာ မဆည်းပူးယင် ဘာမျှ မဖြစ်ဘူး၊ လေ့လာဆည်းပူးယင် ရင့်ကျက်ပြီး ဘုရားဖြစ်သည်တိုင်အောင် ကျေးဇူးပြုပေးပါတယ်။ ယခု အခြို့ လူကြီးမိဘတွေက သားသမီး မြေးကလေးတွေကို ရုပ်ရှင်ပဲ့ ဇာတ်ပဲ့တွေကို ခေါ်ခေါ်သွားတယ်၊ အဲဒီ ကလေးတွေဟာ ရုပ်ရှင်ပဲ့ ဇာတ်ပဲ့တွေ ကြည့်ရှုတဲ့ အလေ့အကျင့် ရသွားတယ်၊ အဲဒီလို ပဲ့တွေကိုကြည့်ဘို့ရာ သူတို့မှာ စိတ်စောနေတယ်၊ ဒါလဲ မကောင်းတဲ့ဘက်က အလေ့အကျင့်တွေဘဲ။ တချို့မိဘတွေကတော့ ကလေးသူငယ်တွေကို ဘုရားတို့ ကျောင်းတို့ တရားပွဲတို့ တရားအားထုတ်ရာဌာနတို့ ဒီလိုနေရာတွေကို ခေါ်ခေါ်သွားတယ်၊ ကြာတော့ အဲဒီ ကလေးသူငယ်တွေဟာ ဘုရားသွားဘို့ ကျောင်းသွားဘို့ အလေ့အကျင့် ရသွားကြတယ်၊ ဘုရားကိုသွားချင်တယ်၊ ကျောင်းကို သွားချင်တယ်၊ တရားနာချင်တယ်၊ တရားအားထုတ်ချင်တယ်၊ ဒီလို အလေ့အကျင့်တွေ ရသွားတယ်၊ ဒါတွေဟာ ကောင်းတဲ့ အလေ့အကျင့်တွေဘဲ၊ ပါရမီတွေလို့လဲ ဆိုနိုင်ပါတယ်။ တချို့ကလေးသူငယ်တွေကတော့ သူတို့အလိုလိုဘဲ တရားအားထုတ်ချင်လွန်းလို့ မိဘတွေကိုငိုပြီးတောင်းတောင် တောင်းပန်နေတယ်ဆိုတာဘဲ၊ အဲဒါကတော့ ရှေးဘဝကတည်းက အလေ့အကျင့် ပါရမီ ပါလာတယ်လို့ ဆိုရမှာဘဲ။ ယခု ဟာရားအားထုတ်ချင်တဲ့စိတ် ထက်ထက်သန်သန်ရှိတဲ့သူတွေ, အပြည့်အစုံ တင်းတင်းရင်းရင်း အားထုတ်နိုင်တဲ့သူတွေဟာလဲ ရှေးက လေ့ကျင့်ခဲ့တဲ့ အထုံပါရမီရှိနေလို့ပါဘဲ၊ ဒီလို ရှေးပါရမီထက်သန်တဲ့ ပုဂ္ဂိုလ်က အားထုတ်တဲ့အခါမှာလဲ

ထက်သန်တယ်၊ သမာဓိဉာဏ် ဖြစ်ရာမှာလဲ ထူးခြားတယ်။ ဒါကြောင့် ပါရမီကံဟာ အရေးကြီးပါတယ်၊ ယခုလေ့ကျင့်ယင် နောင်တချိန်မှာ ရင့်ကျက်ပြီး ထူးခြားသွားနိုင်ပါတယ်။

ဘုရားအလောင်းလို စွန့်ရဲပါ့မလား

ဗုဒ္ဓမြတ်စွာဘုရားအဖြစ်သို့ ရောက်ရတယ်ဆိုတာလဲ ဒီလို တဖြည်းဖြည်းချင်းလေ့ကျင့်ပြီး ရောက်ရတာဘဲ၊ ဒီတဘဝထဲနဲ့ အလွယ်တကူ ဖြစ်ရတာ မဟုတ်ဘူး။ လေးသခြေ်နဲ့ ကမ္ဘာတသိန်းအတွင်းမှာ ဘဝပေါင်းများစွာက စွန့်ကြဲ ပေးကမ်းနိုင်ခဲတဲ့ ပစ္စည်းတွေကို စွန့်ကြဲ ပေးကမ်း လှူဒါန်းပြီး ဒါနပါရမီကို ဖြည့်ကျင့်ခဲ့ရတယ်၊ ပစ္စည်းနှင့်စပ်ပြီး ခင်မင်တွယ်တာမှုကို ဖြတ်နိုင်အောင် လေ့ကျင့်တဲ့သဘောပါဘဲ။ ထို့အတူ သီလပါရမီတွေကို ဖြည့်ကျင့်ခဲ့ရတယ်၊ ကိုယ်အမှု နှုတ်အမှုတွေ ယဉ်ကျေးသိမ်မွေ့အောင် လေ့ကျင့်တဲ့သဘောပါဘဲ။ သား မယား စသည်ကိုစွန့်ပြီး တောထွက်တဲ့ နေက္ခမ္မပါရမီကို ဖြည့်ကျင့်ခဲ့ရတယ်၊ အဲဒါက နောက်ဆုံးဘဝမှာ ယသောဓရာ အစရှိတဲ့ မိဖုရားမှစပြီး ထီးနန်းစည်းစိမ်ကို စွန့်လွှတ်နိုင်သည့်တိုင်အောင် ရင့်ကျက်ဖို့ လေ့ကျင့်တဲ့ သဘောပါဘဲ။ အဲဒါဟာ သေသေချာချာ စဉ်းစားကြည့်ယင် လွယ်ကူတဲ့အလုပ် မဟုတ်ကြောင်း ထင်ရှားပါတယ်။ ယခုလူတွေဟာ သံဝေဂရတယ်ဆိုပေမဲ့ ချမ်းသာပြည့်စုံနေတဲ့ ကိုယ်ပိုင်အိုးအိမ် စည်းစိမ်ကို ယတိပြတ်စွန့်လွှတ်ပြီး ရဟန်းပြုဘုရာဟာ မလွယ်ကူကြပါဘူး၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားရဲ့ စည်းစိမ်မျိုးဆိုယင်တော့ စွန့်ခွါဘုရာ စဉ်းစားလို့တောင် ရမယ် မဟုတ်ပါဘူး။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ တောထွက်တဲ့အခါ အသက်အရွယ်အားဖြင့် ၂၉-နှစ်ဆိုတော့ အငယ်ကလေး ရှိသေးတာဘဲ၊ အမျိုးအားဖြင့်လဲ သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် မာယာဒေဝီ မိဖုရားကြီးတို့မှ မွေးဖွားလာတဲ့ မင်းသားဖြစ်တယ်၊ စည်းစိမ် ဥစ္စာတွေမှာလဲ လိုလေသေးမရှိ ပြည့်စုံနေပါတယ်၊ ယသောဓရာ အမှုးရှိသော သက်တူရွယ်တူ မိဖုရားမောင်းမ အခြေအရံတွေကလဲ များစွာ ရှိနေပါတယ်၊ ဒါတွေကိုစွန့်ပြီး တောထွက်တယ် ဆိုတာဟာ ရှေးရှေးဘဝတွေက အလေ့အကျင့်မရှိဘဲနဲ့ မဖြစ်နိုင်ပေဘူး။ ဒါကြောင့်

ဘဝပေါင်းများစွာက တောထွက်ပြီး နေကွမ္မပါရမီကို ဖြည့်ကျင့်တော်မူခဲ့ရတယ်။ နောက်ပြီးတော့ ဘုရားအလောင်းတော်ဟာ ပညာပါရမီကိုလဲ ဘဝပေါင်းများစွာက လေ့ကျင့်လာခဲ့ရတယ်။ ဒါ့ကြောင့် နောက်ဆုံးဘဝမှာ သူတပါးထံမှ နည်းမခံဘဲနဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်ပြီး မှန်ကန်စွာ သိတော်မူတယ်၊ ခန္ဓာငါးပါး တရားတွေ, အဖြစ်အပျက် အနိစ္စလက္ခဏာစသည်တွေ အလုံးစုံကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူတယ်။ ဒါဟာ ရှေးရှေးဘဝတွေက လေ့ကျင့်ခဲ့တဲ့ ပါရမီကုသိုလ်တွေရဲ့ အစွမ်းသတ္တိဘဲ။ ဒီပြင် ဝိရိယပါရမီစသည်တွေကို ဖြည့်ကျင့်ရတာတွေလဲ ဒီနည်းချည်းပါဘဲ။ အဲဒီလို ပါရမီကုသိုလ်တွေကို ဘဝပေါင်းများစွာက လေ့ကျင့်ခဲ့လို့ နောက်ဆုံးဘဝမှာ ဤလောကကိုရော တပါးသော လောကကိုရော ကိုယ်ပိုင်ဉာဏ်ဖြင့် မျက်မှောက်သိပြီး ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူရပါတယ်။ ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာတွေလဲ ဒီနည်းအတိုင်းဘဲ မိမိတို့နဲ့ဆိုင်တဲ့ ပါရမီတွေကို ဖြည့်ကျင့်လာခဲ့လို့ နောက်ဆုံးဘဝမှာ ပစ္စေကဗုဒ္ဓါ ဖြစ်ကြရတယ်၊ သာဝကရဟန္တာ ဖြစ်ကြရတယ်။

ဒါကြောင့် ကံ, ကံ၏ အကျိုးရှိတယ်လို့ အယူမှန်ရှိတဲ့သူမှာ ပါရမီ ကုသိုလ်ကံကြောင့် ဤလောက တပါးသောလောက အကြောင်းကို သိနိုင်တဲ့ ဘုရားဆိုတာလဲ ဖြစ်နိုင်တယ်၊ ပစ္စေကဗုဒ္ဓါ ရဟန္တာဆိုတာတွေလဲ ဖြစ်နိုင်တယ်လို့ ယုံကြည် ယူဆထားပါတယ်။ ဒီလို ယုံကြည် ယူဆထားတဲ့အတွက် ဤလောက တပါးသော လောကအကြောင်းကို သိပြီး ဟောပြောနိုင်တဲ့ ဘုရားအစရှိသော ရဟန်းသူမြတ်တွေဟာ လောကမှာရှိတယ်ဆိုတဲ့ အယူမှန်လဲ သူ့သန္တာန်မှာ ဖြစ်တော့တာပါဘဲ။ ဒါကြောင့် ဒသဝတ္ထုကသမ္မာဒိဋ္ဌိဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ သဘောအားဖြင့် အတူတူဘဲလို့ မှတ်ရမယ်။

ဒိဋ္ဌုပါဒါန်ဌ အတိုချုပ်မှတ်ရန်

ဒီတော့ "ပေးလှူခြင်းအကျိုး မရှိ" စသည်ဖြင့်ဆိုတဲ့ ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိဟာ "ပေးလှူခြင်းအကျိုး ရှိတယ်"စသည်ဖြင့် ဆိုတဲ့ ဒသဝတ္ထုကသမ္မာဒိဋ္ဌိနဲ့ ဆန့်ကျင်ဘက်ဖြစ်သလို ကံ, ကံ၏ အကျိုးရှိတယ်ဆိုတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့လဲ ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ ကံ,ကံ၏ အကျိုးမရှိဘူးလို့ ဆိုတဲ့

မိစ္ဆာဒိဋ္ဌိနဲ့လဲ ထပ်တူဖြစ်ပါတယ်။ ဒါကြောင့် ဒိဋ္ဌုပါဒါန် ဆိုတာ အတိုချုပ် အားဖြင့် ကံ,ကံ၏ အကျိုးမရှိဘူးလို့ ယူတဲ့ မိစ္ဆာဒိဋ္ဌိပါဘဲ။ ကဲ ဆိုကြရမယ်—

ကံ,ကံ၏အကျိုးမရှိဟု ထင်တာ ယူတာက ဒိဋ္ဌုပါဒါန်။ (၃-ခေါက်)

ဒီ ဒိဋ္ဌုပါဒါန်ဟာ ဘုရားလက်ထက်ဆီတုန်းကဆိုပေါ့ တယ် အဖြစ်မများ သေးဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း တရာကျော်လောက်ဆီကတောင် သိပ်မများလှ သေးဘူး၊ ဒါပေမဲ့ ယခုနေအခါမှာတော့ ဟိုနိုင်ငံ ဒီနိုင်ငံက ရေးထုတ်လိုက်တဲ့ ဒီလို ဝါဒစာအုပ်တွေကို ခေတ်မီပညာအနေနဲ့ ကြည့်ရှု လေ့လာကြလို့ တော်တော်ကို အဖြစ်များနေပါပြီ။ ဒိဋ္ဌိဟာ လောဘ ရာဂကြောင့် ဖြစ်တယ်လို့ ကျမ်းဂန်တွေမှာ ပြဆိုထားတဲ့အတိုင်း လူတွေမှာ စားဝတ်နေရေးနဲ့ပတ်သက်ပြီး လောဘတွေက ပူပြီးများလာတဲ့အတွက် နောက်ကြာလေ ကြာလေ ဒီ ဒိဋ္ဌုပါဒါန် တွေဟာ လူတွေရဲ့သန္တာန်မှာ တိုးပွါးတိုးပွါးသွားမည့် အခြေအနေရှိနေပါတယ်။ ဒီတော့ ဒီ ဒိဋ္ဌုပါဒါန် မိမိတို့ သန္တာန်မှာ မရောက်လာအောင် အထူးကြိုးစား အားထုတ်သင့်လှပါပေတယ်။

နောက်ပြီးတော့ ဒီ ဒိဋ္ဌုပါဒါန်က ကံ, ကံ၏အကျိုးမရှိဆိုတဲ့ မိစ္ဆာအယူမျှတွင် မဟုတ်သေးပါဘူး၊ ယခုဆက်ပြီးပြောမည့် သီလဗွတုပါဒါန်နဲ့ အတ္တဝါဒုပါဒါန်တို့မှ တပါး မိစ္ဆာဒိဋ္ဌိဟူသမျှကိုလဲ ဒိဋ္ဌုပါဒါန်လို့ဘဲ ဟောထားပါတယ်။ ဒါကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိအစရှိသော မိစ္ဆာအယူဟူသမျှကိုလဲ ဒိဋ္ဌုပါဒါန်လို့ဘဲ မှတ်ရမယ်။ ကဲ ဆိုရမယ်—

သီလဗွတုပါဒါန်, အတ္တဝါဒုပါဒါန်တို့မှတပါး မိစ္ဆာဒိဋ္ဌိဟူသမျှကို ဒိဋ္ဌုပါဒါန်ဟု ခေါ်သည်။

(၃) သီလဗွတုပါဒါန်

ယခု သီလဗွတုပါဒါန်ကို ပြောရမယ်။ ဆင်းရဲငြိမ်းကြောင်း နိဗ္ဗာန်ရောက်ကြောင်းမဟုတ်တဲ့ အကျင့်မှားတွေကို ဆင်းရဲငြိမ်းကြောင်းနိဗ္ဗာန်ရောက်ကြောင်း အကျင့်အနေနဲ့ ယူဆစွဲလမ်းတာကို သီလဗွတုပါဒါန်ခေါ်တယ်။ သီလဆိုတာ အလေ့ဘဲ၊ ဝတဆိုတာ ကျင့်ဝတ်ပဲ၊ ဥပါဒါနဆိုတာ မြဲမြံစွာစွဲလမ်းတာဘဲ၊ နှဲ့,

ခွေးစသည်တို့၏ အလေ့အကျင့်ကို ကျင့်ခြင်းဖြင့် ဆင်းရဲမှု လွတ်မြောက်တယ်၊ ဆင်းရဲ၏ငြိမ်းရာကို ရောက်တယ်လို့ ယူဆ စွဲလမ်းတာဟာ သီလဗဒုတုပါဒါန်ပါဘဲ။ နွားလိုသွား, နွားလိုစား, နွားလိုအိပ်စသည်ဖြင့် နွားလိုအတုလိုက်ပြီး ပြုကျင့်တာကို ဂေါဝတ=နွားအကျင့်ခေါ်တယ်။ ခွေးလိုသွား, ခွေးလိုစား, ခွေးလိုအိပ်စသည်ဖြင့် ခွေးလိုအတုလိုက်ပြီး ပြုကျင့်တာကို ကုက္ကုရဝတ=ခွေးအကျင့်ခေါ်တယ်။

နွားလိုကျင့်ခြင်း

အဲဒီနှစ်မျိုးထဲမှာ နွားလိုကျင့်ပုံကတော့ နွားမှာ အဝတ်မဝတ်သလို အဲဒီအကျင့်ကို ကျင့်တဲ့သူကလဲ အဝတ်မဝတ်ဘူး၊ နွားမှာ ချိုနဲ့အမြီးရှိတာလို သူမှာလဲ ချိုနဲ့အမြီးအတု တပ်ထားရတယ်၊ နွားလို လေးဘက်ထောက် သွားရတယ်၊ လေးဘက်ထောက်လျက် စားရတယ်၊ လေးဘက်ထောက်လျက် ကျင်ကြီး,ကျင်ငယ်စွန့်ရတယ်၊ နွားလိုဘဲ မြေပြင်မှာ တုံးလုံးလဲအိပ်ရတယ် စသည်ဖြင့် နွားတို့၏ အပြုအမူတွေကို အတုလိုက်ပြီးကျင့်ရတယ်။ "ဒီလိုကျင့်တဲ့အတွက် မကောင်းမှုကံဟောင်းတွေ ကုန်သွားတယ်၊ မကောင်းမှုကံအသစ်လဲ မဖြစ်ဘူး၊ ဒါကြောင့် အဲဒီဘဝကသေလျှင် ဆင်းရဲမှု လွတ်မြောက်ပြီး အမြဲတမ်း ချမ်းသာရာကို ရောက်သွားတယ်"လို့ အဲဒီမိစ္ဆာအယူရှိတဲ့သူတွေက ယုံကြည်စွဲလမ်းကြတယ်။

ခွေးလိုကျင့်ခြင်း

ခွေးလိုကျင့်ပုံကတော့ ခွေးမှာ အဝတ်မရှိတာလို သူလဲ အဝတ်မဝတ်ဘူး၊ ခွေးလို လေးဘက်ထောက်သွားရတယ်၊ လေးဘက်ထောက်ပြီး ပါးစပ်နဲ့ဟပ်စားရတယ်၊ လေးဘက်ထောက်လျက် ကျင်ကြီး, ကျင်ငယ်စွန့်ရတယ်၊ ခွေးကိုတွေ့လျှင် ခွေးလိုဘဲ သွားဖြဲပြရတယ်၊ ခွေးလိုဘဲ မြေပြင်နှင့် ပြာပုံမှာ ခွေပြီးအိပ်ရတယ် စသည်ဖြင့် ခွေးတို့၏ အပြုအမူတွေကို အတုလိုက်ပြီး ကျင့်ရတယ်။ "ဒီလိုကျင့်တဲ့အတွက် မကောင်းမှုကံဟောင်းတွေ ကုန်သွားတယ်၊ ကံအသစ်လဲ မဖြစ်ဘူး၊ ဒါကြောင့် အဲဒီဘဝကသေလျှင် ဆင်းရဲမှု လွတ်မြောက်ပြီး အမြဲတမ်း ချမ်းသာရာကို ရောက်သွားတယ်"လို့ အဲဒီမိစ္ဆာအယူရှိတဲ့သူတွေက ယုံကြည်စွဲလမ်းကြတယ်။

သတ္တဝါတို့၏ အလိုအကြိုက်က သိပ်ဆန်းကြယ်တာဘဲ

ယခုပြောနေတဲ့ အယူအဆမျိုးဟာ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေ အနေနဲ့ဆိုယင် ရှိတယ်လို့တောင် ယုံကြည်စရာမကောင်းဘူး။ ဒါပေမဲ့ သတ္တဝါတွေရဲ့ အလိုအကြိုက်က သိပ်ဆန်းကြယ်တာဘဲ၊ ဟိုလူတစုက တမျိုး၊ ဒီလူတစုက တမျိုး၊ ဟိုအရပ်က တမျိုး၊ ဒီအရပ်က တမျိုး၊ ယူဆပုံ ကြိုက်ပုံချင်း မတူကြဘူး။ ဒါကြောင့် မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက နွားလိုကျင့်တဲ့ ပုဏ္ဏားဆိုတဲ့လူက တယောက်၊ ခွေးလိုကျင့်တဲ့ သေနိယဆိုတဲ့လူက တယောက် ဒီလို ထူးထူးဆန်းဆန်းကျင့်တဲ့ လူနှစ်ယောက် မြတ်စွာဘုရားထံ ရောက်လာကြတယ်။ ရောက်လာကြပြီးတော့ ပုဏ္ဏက သေနိယရဲ့ ခွေးလိုကျင့်တဲ့အကျင့်၏ အကျိုးကို မေးလျှောက်တယ်၊ သေနိယကလဲ ပုဏ္ဏရဲ့နွားလိုကျင့်တဲ့ အကျင့်၏အကျိုးကို မေးလျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက ၂-ကြိမ်တိုင်တိုင် မမေးဘူးတားမြစ်ပြီးတော့ ၃-ကြိမ်မြောက် ထပ်ပြီး မေးလျှောက်တဲ့အတွက် ဒီလို ဖြေကြားတော်မူပါတယ်။ ခွေးတို့၏ အလေ့အကျင့်ကို အပြည့်အစုံ မပြတ်မစဲ ကျင့်တဲ့သူဟာ သေသည်၏ အခြားမဲ့မှာ ခွေးဘဝရောက်တယ်၊ ခွေးဖြစ်သွားတယ်။ နွားတို့၏ အလေ့အကျင့်ကို အပြည့်အစုံ မပြတ်မစဲ ကျင့်တဲ့သူဟာ သေသည်၏အခြားမဲ့မှာ နွားဘဝရောက်တယ်၊ နွားဖြစ်သွားတယ်။ အကယ်၍ အဲဒီ ခွေးအကျင့်, နွားအကျင့်ဖြင့် နတ်ဖြစ်မယ်လို့ အယူရှိလျှင် အဲဒါဟာ မှားတဲ့မိစ္ဆာဒိဋ္ဌိဘဲ၊ မိစ္ဆာအယူရှိတဲ့သူဟာ သေလျှင် ငရဲနှင့် တိရစ္ဆာန်တမျိုးမျိုးမှာ ဖြစ်တတ်တယ်လို့ မြတ်စွာဘုရားက ဖြေကြားတော်မူပါတယ်။ အဲဒီလို ဖြေကြားပြီးတဲ့နောက် မြတ်စွာဘုရားက (၁) မည်းညစ်၍ မည်းညစ်သော အကျိုးကို ပေးတတ်သော အကုသိုလ်ကံ၊ (၂) ဖြူစင်၍ ဖြူစင်သောအကျိုးကို ပေးတတ်သော ကုသိုလ်ကံ၊ (၃) အမည်းအဖြူ ရောသော အကုသိုလ်နှင့် ကုသိုလ်ကံ၊ (၄) ကုသိုလ်ကံ, အကုသိုလ်ကံ ဟူသမျှကို ကုန်စေတတ်သော အရိယမဂ်ကံဆိုတဲ့ ကံ ၄-မျိုးကို ခွဲခြားပြီး ဟောတော်မူပါတယ်။

အဲဒီတရားကို ကြားနာပြီး နွားကျင့်ရှိတဲ့ ပုဏ္ဏကသရဏဂုံ ဆောက်တည်ပါတယ်၊ ခွေးကျင့်ရှိတဲ့ သေနိယကတော့ သာသနာတော်မှာ ရဟန်းပြုပြီး တရားကျင့်သုံးသဖြင့် ရဟန္တာဖြစ်သွားပါတယ်။ (ကုက္ကုရဝတိကသုတ် မ-၅၀)

ကောရခတ္တိယဝတ္ထု

နောက်ပြီးတော့ မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက ထူလူဆိုတဲ့ နယ်မှာ ဥတ္တရကာဆိုတဲ့ နိဂုံးရွာကြီးရှိတယ်။ အဲဒီ နိဂုံးရွာကြီးမှာ ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယဆိုတဲ့ လူဘယောက် ရှိတယ်၊ တနေ့သောအခါမှာ မြတ်စွာဘုရားက အဲဒီ ကောရခတ္တိယနေတဲ့ နေရာ အနီးအပါးက ဖြတ်ပြီး ကြွသွားတော်မူတယ်၊ အဲဒီတုန်းက မြတ်စွာဘုရား နောက်တော်က သုနက္ခတ္တဆိုတဲ့ လိစ္ဆဝီအမျိုးသား ရဟန်းကလေ ပါလာတယ်၊ အဲဒီ သုနက္ခတ္တဆိုတဲ့ ရဟန်းက ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယကို မြင်ရတော့ သူက ဒီလိုကြည်ညိုသွားသတဲ့—

အယံ သမဏော၊ ဣ ကောရခတ္တိယ ရဟန်းသည်။ သာခူရူပေါ ဝတ၊ ကောင်းသောသဘော ရှိပေစွတကား။ စတုက္ကဏ္ဍိတော၊ လေးဘက်ထောက်လျက်။ ဆမာနိကိဏ္ဏံ၊ မြေပေါ်၌ ပစ်ချထားသော။ ဘက္ခသံ၊ အစာကို။ မုခေနေဝ၊ လက်ဖြင့်မကိုင်ဘဲ ခံတွင်း ပါးစပ်ဖြင့်သာလျှင်။ ခါဒတိ၊ ခဲပေ၏။ မုခေနေဝ၊ ပါးစပ်ဖြင့်သာလျှင်။ ဘုဥ္ဇတိ၊ စားပေ၏-လို့ ဒီလို နှလုံးသွင်းပြီး ကြည်ညိုသတဲ့။

သုနက္ခတ္တ ဆိုလိုတာကတော့ "ကောရခတ္တိယဟာ ကိုလေသာ ကင်းငြိမ်းနေတဲ့ ရဟန္တာအစစ်ပေါ်၊ ငါတို့မှာ ရဟန်းဆိုပေမဲ့ သက်နှိုး သပိတ် ပရိက္ခရာတွေနဲ့ ပလိဗောဓ များနေသေးတာပါ၊ ကောရခတ္တိယမှာ အလိုနည်းတဲ့ အပ်ပ်ဆ္ဆာဂုဏ်နဲ့ ပြည့်စုံတဲ့အတွက် အဝတ်ကိုလဲ မသုံးဆောင်ဘူး၊ သပိတ်စားခွက်ကိုလဲ မသုံးဆောင်ဘူး၊ မြေပေါ်မှာ ပုံချထားတဲ့ အစာကို ပါးစပ်နဲ့ ဟပ်ပြီး စားနိုင်ပေတယ်၊ ပလိဗောဓနည်းပြီး အလွန်ကောင်းတဲ့ အကျင့်ကို ကျင့်နေပေတာပါ"လို့ ကြံစည်ပြီး ကြည်ညိုနေပါသတဲ့။

ယုတ်ညံ့သူက ယုတ်ညံ့တဲ့ အကျင့်နည်းလမ်းကို ကြိုက်သည်

ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယရဲ့ အကျင့်ဟာ သီလဗွတပရာမာသ အကျင့်ပါ၊ မဟုတ်မမှန်တဲ့အကျင့် မှားယွင်းတဲ့အကျင့်ပါ၊ ခုတင်ကပြောခဲ့တဲ့ ကုက္ကုရဝတိကသုတ်မှာ မြတ်စွာဘုရားက ဖြေကြားတော်မူခဲ့တဲ့အတိုင်း အပြည့်

အစုံကျင့်ယင် ခွဲးဖြစ်ဖို့ အကျင့်ဘဲ၊ အဲဒီ ခွဲးလိုကျင့်တာနဲ့ နတ်ဖြစ်မယ် နိဗ္ဗာန်ရောက်မယ်လို့ ယူယင် မိစ္ဆာအယူဖြစ်တယ်၊ အဲဒီ မိစ္ဆာအယူရှိယင် ငရဲနှင့် တိရစ္ဆာန် တမျိုးမျိုးဖြစ်ဖို့ဘဲ၊ အဲဒီမှာ ငရဲနှင့် တိရစ္ဆာန်ဆိုတာက နိဒဿနနည်းပါ၊ ပြိတ္တာနှင့် အသုရကာယ်လဲ ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဒီကောရခတ္တိယ သေတဲ့အခါ အသုရကာယ် ဖြစ်တယ်လို့ ဟောထားပါတယ်၊ အဲဒီတော့ ဒီ ခွဲးလိုကျင့်နေရာမှာ ဘာမျှ ကြည်ညိုစရာမရှိပါဘူး၊ အလိုအဗ္ဗာသယ မြင့်မြတ်တဲ့သူဆိုယင် ရှုံ့ရှာ စက်ဆုပ်ပြီး တံတွေးတောင် ထွေးမိကောင်း ထွေးမိလိမ့်ဦးမယ်။ ဒါပေမဲ့ သုနက္ခတ္တာမှာတော့ ဘဝပေါင်းများစွာက မှားယွင်းတဲ့ မိစ္ဆာအယူကို ကြိုက်လာခဲ့တယ်၊ ဒါကြောင့် အလိုအဗ္ဗာသယက ယုတ်ညံ့တဲ့အတွက် မဂ္ဂင်ရှစ်ပါး အကျင့်ထက် ခွဲးလိုကျင့် နေတာကို ပိုပြီး ကြိုက်နေတယ်။

သုနက္ခတ္တာသာ မဟုတ်ဘူး၊ အလို အဗ္ဗာသယ ယုတ်ညံ့တဲ့ သူတွေက သုနက္ခတ္တာလိုဘဲ မဟုတ်တာကိုမှ သဘောကျတတ် ကြည်ညိုတတ်တယ်။ မြတ်စွာဘုရား ဟောကြားထားတဲ့ ဒေသနာကော်နဲ့အညီ ဟောပြောနေတာ ကျင့်ကြံအားထုတ်နေတာကို မကြည်ညိုနိုင်ဘဲ တရားကျမ်းဂန်လွတ် စာလွတ် ပေလွတ် တွေးတော ဝေဘန်တာတွေ ဟောပြောတာတွေ စာလွတ် ပေလွတ် ကျင့်ကြံအားထုတ်တာတွေကိုမှ သဘောကျတဲ့ ကြည်ညိုတဲ့ သူတွေဟာ ဟိုတုန်းကလဲ ရှိတာဘဲ၊ ယခုလဲ ရှိနေတာဘဲ။ ဘဝများစွာက မဟုတ်တဲ့ဘက်က လေ့ကျက်လာယင် ဒီလိုဖြစ်တတ်တာဘဲ။ ဒါကြောင့် မှားယွင်းတဲ့ အလေ့ အကျင့်မျိုးကို မလေ့ကျင့်မိအောင် အထူးသတိပြုဘို့ လိုပါတယ်။

သုနက္ခတ္တာ-က မဟုတ်တဲ့အကျင့်ကို ကြည်ညိုနေကျ ဖြစ်တဲ့အတွက် ကောရခတ္တိယကို မြင်တဲ့အခါ သုနက္ခတ္တာ ဘယ်လိုမျိုး ကြံစည်မိသလဲလို့ မြတ်စွာဘုရားက စေတောပရိယ အဘိညာဉ်နဲ့ ဆင်ခြင်တော်မူပါတယ်၊ အဲဒီလို ဆင်ခြင်ကြည့်လိုက်တဲ့အခါ ခုတင်ကပြောခဲ့တဲ့အတိုင်း ကောရခတ္တိယရဲ့ အကျင့်ကို ကြည်ညိုနေပုံ ကောရခတ္တိယကို ရဟန္တာလို့ ထင်နေပုံတွေကို အကုန်လုံး မြတ်စွာဘုရားက သိမြင်တော် မူပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက သုနက္ခတ္တာကို——

မောဃပုရိသ၊ မင်ဖိုလ်မမှီး အချည်းနှီး ပုဂ္ဂိုလ်ဖြစ်သော သုနက္ခတ္တာ။ တံပိ၊ သင်လို လူကတောင်မှ။ သက္ကပုတ္တိယော သမဏော၊ သာကီဝင်နွယ်ဘွား ဘုရားတပည့် ရဟန်းဟူ၍။ ပဋ္ဌိဇာနိဿသိ၊ ဝန်ခံနေပါပေရဲ့—

လို့ မိန့်တော်မူပါတယ်။

ဆိုလိုတာကတော့ "သုနက္ခတ္တာ....သင်ဟာ ခွေးလို ကျင့်နေတာကိုလဲ ကြည်ညိုနေတယ်၊ အဲဒီလို ကျင့်နေဘဲ့ ကောရခတ္တိယကိုလဲ ရဟန္တာလို့ ထင်နေတယ်၊ ဒါလောက် ယုတ်ညံ့တဲ့ အကျင့်နဲ့ ဒါလောက် ယုတ်ညံ့တဲ့ ပုဂ္ဂိုလ်ကို ကြည်ညိုနေတဲ့ သင်ဟာ သာကီဝင်နွယ်ဘွား ဘုရားတပည့်တော်လို့ ဝန်မခံထိုက်တော့ဘူး၊ အဲဒီလို ဝန်မခံထိုက်ပါဘဲနဲ့ ဝန်ခံနေတာဟာ အံ့ပါရဲ့"ဆိုတဲ့ အနေမျိုးနဲ့ မြတ်စွာဘုရားက သူ့အမှုပေါ်လာအောင် ခပ်နာနာကလေး မိန့်တော်မူလိုက်တာပါဘဲ။

ဒီတော့ သုနက္ခတ္တာက "တပည့်တော်ကို မြတ်စွာဘုရားက ဘာကြောင့် နှိမ့်နှိမ့်ချချ မိန့်တော်မူရပါသလဲ"လို့ မေးလျှောက်ပါတယ်။

မြတ်စွာဘုရားက "သုနက္ခတ္တာ....သင်ဟာ ဘာမျှ ကြည်ညိုစရာ မရှိတဲ့ ခွေးလိုကျင့်နေ ဘဲ့ ကောရခတ္တိယကို ကောင်းသော သဘော ရှိပါပေတယ်၊ ရဟန္တာပေါ်-လို့ ထင်မှတ်နေတယ် မဟုတ်လား၊ ဒါကြောင့် ငါက သင့်ကို ဒီလို မိန့်တော်မူရတယ်"လို့ ဖြေကြားတော်မူပါတယ်။

ဒီတော့ သုနက္ခတ္တာ-က "သူမျှား ရဟန္တာဟုတ်တာကို မြတ်စွာဘုရားက ဝန်တိုနေပါသေးလား"လို့ ဘုရားကို ဝန်တိုခြင်း မစ္ဆရိယရှိတဲ့ အနေနဲ့ စွပ်စွဲပြီး ချေပပါတယ်။

မြတ်စွာဘုရားကတော့ မမှားသင့်တာ မမှားရအောင်လို့ ကရုဏာတော်ဖြင့် သနားပြီး ဆုံးမတဲ့အနေနဲ့ ပြောကြားတာပါဘဲ။ ဒါပေမဲ့ မသိနားမလည်တဲ့ ပုဂ္ဂိုလ်ကို ပြောရတာဟာ ခက်ပါတယ်။ သူကြည်ညိုနေတဲ့ပုဂ္ဂိုလ်ကို အမှန်အတိုင်း ထုတ်ဖော်ပြောယင် မကြိုက်တတ်ဘူး။ ယခုကာလမှာလဲ မဟုတ်တာကို ကြည်ညိုနေရာမှာ အမှန်အတိုင်းဝင်ပြောယင် မကြိုက်တတ်ဘူး၊ ဝန်တိုလို့ မနာ

လိုလို ပြောတယ်လို ထင်တတ် စွပ်စွဲတတ်တယ်။ ဒီလိုဟာမျိုးက အထူးသတိပြုရပါတယ်။

အနာဂတ်ဟော မိန့်ခွန်းတော်

အဲဒီလို စွပ်စွဲပြီး ချေပတော့ မြတ်စွာဘုရားက ဒီလိုရှင်းပြီး ပြောကြားတော်မူပါတယ်။ သုနက္ခတ္တာ....ငါက သူတပါးရဲ့ ရဟန္တာအဖြစ်ကို ဝန်တိုလို့ ပြောတာ မဟုတ်ဘူး၊ သင့်မှာ အယူမှားပြီး ကြာမြင့်စွာ ဆင်းရဲဒုက္ခ မရောက်ပါစေနဲ့လို့ ရည်ရွယ်ပြီး ငါက ပြောတာ၊ သင်ကြည်ညိုနေတဲ့ ကောရခတ္တိယဟာ ရဟန္တာလဲ မဟုတ်ဘူး၊ ရဟန္တာဖြစ်ဘို့အကျင့်လဲ သူ့မှာ မရှိဘူး၊ သင်ကြည်ညိုနေတဲ့ ကောရခတ္တိယဟာ ဒီကနေ့ကနောက် ခုနစ်ရက် လွန်မြောက်တဲ့နေ့မှာ အစာမကြေဘဲ စားပိုးနင့်ပြီး သေလိမ့်မယ်၊ သေပြီးတော့လဲ အသုရကာယ်မျိုးထဲမှာ အယုတ်အညံ့ဆုံးဖြစ်သော ကာလကဉ္စိကခေါ်တဲ့ အသုရ ဖြစ်လိမ့်မည်၊ သူ၏ အလောင်းကိုလဲ ပြိတ်မြက်ရှိသော သင်းချိုင်းမှာ စွန့်ပစ်ရလိမ့်မည်၊ သုနက္ခတ္တာ.... သင် အလိုရှိလျှင် ကောရခတ္တိယရဲ့ အလောင်းထံ သွားပြီးကော့ မေးပါလေ၊ ငါ့ရှင်ကောရခတ္တိယ....သင်၏ လားရာဂတိကို သိပါရဲ့လား၊ ယခု သင်ဘယ်မှာ ဖြစ်နေပါသလဲလို့ မေးပါ၊ အဲဒီလိုမေးလျှင် ကောရခတ္တိယသူသေကောင်က "သုနက္ခတ္တာ... ငါ၏ လားရာဂတိကို သိပါတယ်၊ အသုရကာယ်မျိုးထဲမှာ အယုတ်အညံ့ဆုံးဖြစ်တဲ့ ကာလကဉ္စိကအသုရ ဖြစ်နေပါတယ်"လို့ ပြောလိမ့်မည်ဟု မြတ်စွာဘုရားက အနာဂတ်အကြောင်းကို ကြိုတင်ပြီး ဟောလိုက်ပါတယ်။

ဒီလို ဟောရတာလဲ တခြားကြောင့် မဟုတ်ဘူး၊ သုနက္ခတ္တာက ဘုရားအပေါ်မှာ ယုံကြည်မှု သဒ္ဓါတရားပျက်နေလို့ သဒ္ဓါတရား ပြန်ဖြစ်စေလို့ သောကြောင့်ပါဘဲ။ သဒ္ဓါတရားပျက်ခြင်း၏ အကြောင်းကတော့ သူဟာ သမထလမ်းကတရားအားထုတ်လို့ စျာန်နဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်အထိ ရခဲ့ပါတယ်၊ အဲဒီအဘိညာဉ်နဲ့ နတ်ပြည်လောကကို ကြည့်လိုက်တဲ့အခါ နတ်သား နတ်သီးတွေကို သူမြင်ရတယ်၊ အလွန်လှပတင့်တယ်တဲ့ နတ်သား နတ်သီးတွေကို မြင်ရတော့ အဲဒီ နတ်သား နတ်သီးတွေရဲ့ ပြောဆိုသံကိုလဲ သူက ကြားချင်လာတယ်။ ဒါနဲ့ အဲဒီအသံကို ကြားနိုင်တဲ့ ဒိဗ္ဗသောတအဘိညာဉ်ကိုရအောင် အားထုတ်တဲ့နည်း

ကို မြတ်စွာဘုရားထံမှာ မေးလျှောက်တယ်။ သူ့မှာ ဒိဋ္ဌသေဝတအဘိညာဉ်ကို မရနိုင်အောင် တားမြစ်တဲ့ အကုသိုလ်ကရှိနေတာနဲ့ မြတ်စွာဘုရားက နည်းမပေးဘဲ ထားပါတယ်။ ဒီလို နည်းမပေးတာကလဲ တခြားကြောင့် မဟုတ်ပါဘူး၊ နည်းပေးလိုက်ပေမဲ့ သူ့မှာ အဲဒီအဘိညာဉ်ကို ရမှာ မဟုတ်ဘူး၊ မရတော့ "မဟုတ်မမှန်တဲ့နည်းမှားကို ပေးလိုက်တယ်"ဆိုပြီး သူက ဘုရားကို စွပ်စွဲဦးမယ်၊ အဲဒါကြောင့် နည်းမပေးလိုက်တာပါဘဲ။ ဒါပေမဲ့ သူ့အထင်ကတော့ "ဘုရားလဲ သာကီဝင်မင်းသားဘဲ၊ ငါလဲ လိစ္ဆဝီမင်းသားဘဲ၊ ဒီအချက်မှာလဲ ငါဟာ ဘုရားနဲ့ မင်းသားအဖြစ်ဖြင့် တန်းတူဖြစ်နေတယ်၊ နောက်ပြီးတော့ ဘုရားလဲဒိဋ္ဌစက္ခုအဘိညာဉ်ရပြီး အမြင်ပေါက်နေတယ်၊ ငါလဲ ဒိဋ္ဌစက္ခုအဘိညာဉ်ရပြီး အမြင်ပေါက်နေတယ်၊ ဒီအချက်မှာလဲ တန်းတူဖြစ်နေတယ်၊ ဒိဋ္ဌသေဝတ အဘိညာဉ်ကိုတော့ ဘုရားမှာသာ ရတယ်၊ ငါ့မှာ မရဘူး၊ ဒီအချက်တခုဘဲ မတူဘဲ ဖြစ်နေတယ်၊အကယ်၍ ဒိဋ္ဌသေဝတအဘိညာဉ်ကို ငါရသွားယင် ဘုရားနဲ့ ငါဟာ တန်းတူဖြစ်လာမယ်၊ ဒါကြောင့် တန်းတူမဖြစ်စေချင်လို့ ဒိဋ္ဌသေဝတအဘိညာဉ်ရအောင် အားထုတ်တဲ့နည်းကို ငါ့မပေးတာဘဲ"လို့ သူက အထင်မှားပြီး ဘုရားအပေါ်မှာ ယုံကြည်မှု သဒ္ဓါတရား ပျက်နေပါတယ်။ ဒါကြောင့် အဲဒီပျက်နေတဲ့ သဒ္ဓါတရားဟာ နောင်တချိန်မှာ ဖြစ်တန်သမျှ ဖြစ်ပြီး သဒ္ဓိခြေ ရင့်ကျက်တန်သမျှ ရင့်ပါစေဆိုတဲ့ ရည်ရွယ်ချက်ရှိတော်မူသောကြောင့် ဒီလို အနာဂတ်အရေးကို တင်ကြိုပြီး ဟောလိုက်ခြင်းဖြစ်ပါတယ်။

အဲဒီလို ဟောလိုက်တော့ သုနက္ခတ္တက ကောရခတ္တိယထံသွားပြီး အကြောင်းကြားပါတယ်၊ "ငါ့ရှင်ကောရခတ္တိယ....ရဟန်းဂေါတမက သင်ရဲ့ အနာဂတ်အရေးကို ဒီလိုဟောထားတယ်၊ ယနေ့မှ ခုနစ်ရက်မြောက်မှာ ကောရခတ္တိယဟာ စားပိုးနင့်ပြီး သေမယ်၊ သေပြီးတော့ ကာလကဉ္စိကအသုရာ ဖြစ်မယ်၊ အလောင်းကိုလဲ ပြိတ်မြက်ရှိတဲ့ သင်းချိုင်းမှာ စွန့်ပစ်ရမယ်-လို့ ဟောထားပါတယ်။ ဒါကြောင့် ငါ့ရှင် ကောရခတ္တိယ....ရဟန်းဂေါတမ၏ ဟောပြောချက်မမှန်ဘဲလဲမှားသွားအောင် အထူးသတိပြုပြီး အတိုင်းအရှည်နဲ့ စားသောက်ပါလေ"လို့ သတိပေးစကားလဲ ပြောပါတယ်။ သူ့အလိုကတော့ ဘုရားဟောလိုက်တဲ့စကား မှားစေချင်တာပါဘဲ၊ မှားယင် ဘုရားကို စွပ်စွဲဘို့ ရည်ရွယ်ချက်နဲ့ သွား

ပြောတာပါဘဲ။ အဲဒါကို ထောက်ဆကြည့်ယင် သုနက္ခတ္တဟာ ဘုရားအပေါ် သဒ္ဓါတရား လုံးဝပျက်စီးနေတယ် ဆိုတာ တင်ရှားနေပါတယ်။

ဒါပေမဲ့ ဘုရားစကားဆိုတာ လွဲမှားရိုးမရှိဘူး၊ မချွတ်ကေန် မှန်နေတာချည်းဘဲ။ ဒါကြောင့် မြတ်စွာဘုရားဟောတဲ့အတိုင်း အကုန်လုံး အမှန်ချည်း ဖြစ်သွားပါတယ်။ ဖြစ်ပုံကတော့—ကောရခတ္တိယဟာ သုနက္ခတ္တရဲ့စကားကို ကြားရတော့ ရဟန်းဂေါတမက ငါ့ကို ဒီလိုပြောရမလားလို့ မခံချင်တဲ့စိတ်ကလဲ ရှိတာနဲ့ စားပိုးနင့်ပြီး သေခြင်း မဖြစ်နိုင်အောင် အဲဒီနေ့က စပြီး သူက အစာမစားဘဲ နေသတဲ့။

သုနက္ခတ္တက သူ့ကိုယ်တော်ကို တယ်စိတ်မမျှတာနဲ့ နေ့စဉ်နေ့တိုင်း သွားပြီး သတိပေးနေတယ်၊ တရက်တော့ အောင်သွားပြီနော်၊ နောက် ၆-ရက်ပဲ လိုတော့တယ်၊ သတိပြုပါ၊ ၂-ရက်တော့ အောင်သွားပြီ၊ သုံးရက်, လေးရက်, ငါးရက်, ၆-ရက်တော့ အောင်သွားပြီ၊ တရက်ပဲလိုတော့တယ်၊ ကြပ်ကြပ်သတိပြုပါ-လို့ နေ့စဉ်သွားပြီး သတိပေးနေတယ်။ ဘုရားဟောတဲ့စကား မှားစေချင်လွန်းလို့ ကြိုးစားနေတဲ့ သဘောပါဘဲ၊ ယုတ်ညံ့တဲ့ အလိုရှိတာဟာ သိပ်ကြောက်စရာ ကောင်းတာဘဲ။

ဒီလို သုနက္ခတ္တကလဲ နေ့စဉ်သတိပေးလို့ ကောရခတ္တိယကလဲ အဟူးသတိပြုပြီးစောင့်ရှောက်နေပေမယ်လို့ ခုနစ်ရက်မြောက်နေ့ကျတော့ ကောရခတ္တိယရဲ့ ဆွမ်းဒကာက ငါ့အရှင် ကိုယ်တော်မြတ်ဟာ ဆွမ်းစားမကြွလာတာ ခုနစ်ရက်တောင်ရှိသွားပြီ၊ နေမကောင်းလို့လေလား–လို့ စဉ်းစားပြီး ဝက်သားဟင်းနဲ့ ဆွမ်းသွားပို့ပါသတဲ့။ ကောရခတ္တိယကို ဆွမ်းကျေးရတာကတော့ အင်မတန် လွယ်ပါတယ်၊ ခွေးကို အစာကျွေးသလိုဘဲ မြေကြီးပေါ်မှာ ပုံပြီး ကျွေးလိုက်ရုံပါဘဲ၊ အဲဒီလို ကျွေးလိုက်တော့ ထမင်းနဲ့ ဟင်းနဲ့ကို ရတဲ့အခါ ကောရခတ္တိယက သိပ်စားချင်လာတယ်၊ စားချင်မယ်ဆိုလဲ စားချင်စရာပေဘဲ၊ မစားရတာ ၆-ရက်တောင် ရှိသွားပြီ။ ဒါကြောင့် သူက စဉ်းစားတယ်၊ မစားဘဲနေလဲ အဆာ လွန်ပြီး သေသွားနိုင်တာဘဲ၊ ရဟန်းဂေါတမရဲ့ စကားဟာ မှန်ချင်လဲ မှန်ပါစေတော့၊ အစာ စားပြီး ဝဝလင်လင်နဲ့ သေရတာက ဆာလောင်ပြီး

သေရတ်ာထက်တော့ ကောင်းသေးတာဘဲ-လို့ ဆင်ခြင် ပြီးတော့ တတောင် နှစ်ဖက် ဒုံးနှစ်ဖက်နဲ့ လေးချောင်း ထောက်ပြီး အဲဒီ ထမင်း ဟင်းတွေကို ဝမ်းပြည့်သွားအောင် အမျှားကြီး စားလိုက်ပါရောတဲ့။ အဲဒီလို စားလိုက်တဲ့ အတွက် အစာမကြေဖြစ်ပြီး စားပိုးနင့်တဲ့ ရောဂါနဲ့ ကောရခတ္တိယဟာ အဲဒီ ညမှာဘဲ သေသွားရှာတယ်။ သေပြီးတော့ အယုတ်အညံ့ဆုံး ကာလကဋ္ဌက အသုရာမျိုးမှာ ဖြစ်သွားရှာတယ်။

အဲဒီလို သေသွားတော့ သူ့ဆိုင်ရာ တိတ္ထိဂိုဏ်းသားတွေက ရက်ကို တွက်ကြည့်ကြတယ်၊ "ဘုရားဟောတဲ့အတိုင်း ခုနစ်ရက်မြောက်နေ့မှာ သေမယ်၊ စားပိုးနင့်ပြီး သေမယ်" ဆိုတာတွေ့ မှန်နေကြောင်း တွေ့ကြရတယ်။ ဒါပေမဲ့ နောက်ဆက်တဲ့ ဟောပြောချက်ကိုတော့ လဲအောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြိတ်မြက်မရှိတဲ့ သင်းချိုင်းမှာ စွန့်ပစ်ဖို့ရာ အလောင်းကို နွယ်နဲ့ချည်ပြီး ခွေးသေကောင်မျှားလို့ ဆဲဆောင်သွားကြပါသတဲ့၊ အဋ္ဌကထာမှာ "အာဂစ္ဆန္တာ၊ ဂစ္ဆမာနာ=ဆဲဆောင်ကြတယ်" လို့သာ ဆိုထားပါတယ်၊ ထမ်းဆောင်ကြတယ် လို့တော့ မဆိုဘူး။ ဒါကြောင့် ခွေးသေကောင်ကို ဆဲသလို ဆဲဆောင်သွားကြတယ်လို့ ပြောရပါတယ်။ အဲဒီလို ဆဲသွားရင်း သင်းချိုင်းကုန်းတခုကို ရောက်သွားတယ်၊ အဲဒီမှာ စွန့်ပစ်မယ်လို့ ကြံစည်ကြပြီးတော့ ပြိတ်မြက် ရှိ-မရှိ စုံစမ်းကြည့်ရှုတဲ့အခါ ပြိတ်မြက် ရှိနေတာကို တွေ့ကြရတယ်၊ ဒါကြောင့် တခြားသင်းချိုင်းကို ပို့ဘို့ရာ ဆဲဆောင်ကြပြန်တယ်၊ အဲဒီအခါ ချည်ထားတဲ့ နွယ်ကပြတ်သွားပါရောတဲ့။ အဲဒီက နောက်မှာ အလောင်းကောင်ကို လှုပ်လို့တောင် မရတော့ဘူးတဲ့။ ဒါနဲ့ အဲဒီ တိတ္ထိဂိုဏ်းသားတွေဟာ ခြေကုန် လက်ပမ်း ကျပြီး မောကုန်တဲ့အတွက် အဲဒီ ပြိတ်မြက်ရှိတဲ့ သင်းချိုင်းမှာဘဲ အလောင်းကောင်ကို စွန့်ပစ်ထားခဲ့ကြပါရောတဲ့။

ကောရခတ္တိယ၏ အလောင်းကို ပြိတ်မြက်ရှိတဲ့ သင်းချိုင်းမှာဘဲ စွန့်ပစ်ခဲ့ကြရသတဲ့-ဆိုတဲ့ သတင်းကို ကြားရတဲ့အခါ သုနက္ခတ္တက ဒီလို စဉ်းစားပြန်တယ်၊ ရှေ့ပိုင်းက ဟောပြောချက်တွေတော့ မှန်ကုန်ပြီ၊ ဒါပေမဲ့ သူသေကောင်က ထပြီး စကားပြောရိုးတော့ မရှိဘူး၊ ဒီအချက်ကတော့ ကေန် မှားရမယ်လို့ စဉ်းစားပြီးတော့ အဲဒီ သင်းချိုင်းကိုသွားတယ်၊ ကောရခတ္တိယ၏

အလောင်းကို လက်နဲ့ပုတ်ပြီးတော့ "ငါ့ရှင် ကောရခတ္တိယ....သင်၏ လားရာဂတိ ကို သိပါရဲ့လား၊ ဘာဖြစ်နေသလဲ"လို့ မေးပါတယ်။ ဒီတော့ အလောင်းကောင် ကြီးက ထလာပြီးတော့ "သုနက္ခတ္တ....ငါ၏ လားရာ ဂတိကို ငါသိပါတယ်၊ အယုတ်အညံ့ဆုံး ဖြစ်တဲ့ ကာလကဏ္ဍိကအသုရာ ဖြစ်နေပါတယ်"လို့ ပြောပြီး ပြန်လဲကျသွားသတဲ့။ ကာလကဏ္ဍိက အသုရာဆိုတာ ပြိတ္တာလို့ အကောင်မျိုး ပါဘဲ၊ ကိုယ်ကောင်က ၃ ဂါဝုတ်၊ မိုင်အားဖြင့် ၆-မိုင်လောက်ရှိသတဲ့၊ ပါးစပ် ပေါက်က ထိပ်တဲ့တဲ့မှာ အပ်နဖားပေါက်လောက် ရှိသတဲ့၊ အဲဒီထိပ်က ပါးစပ်နဲ့ အောက်ကို စိုက်ပြီး စားဘို့ သောက်ဖို့ အားထုတ်ရတယ်၊ ရေလဲမသောက်ရ အစာလဲ ကောင်းကောင်းမစားရနဲ့ ပိန်ခြောက်နေတယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ အသေကောင်ဆိုတာ ထပြီး စကားပြောရိုးမရှိဘူး၊ ကောရ-ခတ္တိယအလောင်းဟာ ဘာကြောင့် ထပြီး စကားပြောသလဲလို့ စဉ်းစားစရာ ရှိပါတယ်။ မြတ်စွာဘုရားက တန်ခိုးတော်ဖြင့် အသုရကာယ်ပြိတ္တာကို အဲဒီ အလောင်းကောင်ထဲမှာ ဝင်စေပြီး ပြောစေတယ်လို့ အဋ္ဌကထာမှာ ပြထားပါ တယ်။ တချို့ မှော်ဆရာတွေတောင် ဒီလိုဟာမျိုးပြုလုပ်နိုင်သေးတာဘဲ၊ မြတ်စွာ ဘုရား၏ တန်ခိုးတော်အရဆိုတော့ ဘာမျှ သံသယဖြစ်စရာ မရှိတော့ပါဘူး။

အဲဒီလို ကောရခတ္တိယအလောင်းက ပြောလိုက်တော့မှ သုနက္ခတ္တဟာ သူ့ ထင်ခြေတွေ အကုန်လုံး ပျက်ကုန်တာနဲ့ စိတ်ပျက်ပြီး မြတ်စွာဘုရားထံ ပြန်လာ သတဲ့။ ဒီတော့ မြတ်စွာဘုရားက "ဘယ့်နှယ်လဲ သုနက္ခတ္တ....ငါဟောတာတွေ မှန်ရဲ့မဟုတ်လား" လို့ မေးတော်မူပါတယ်။ အကုန်လုံး မှန်တဲ့အကြောင်း လျှောက်ထားပါတယ်။ အဲဒါ အကြောင်းပြုပြီး သုနက္ခတ္တမှာ သဒ္ဓိန္ဒြေနဲ့တော့ ရင့်ကျက်သွားမှာပါဘဲ၊ ဒါပေမဲ့ မြတ်စွာဘုရားကို သူက ကောင်းကောင်းတော့ မကြည်ညိုဘူး။ ဒါကြောင့် သုနက္ခတ္တဟာ နောက်တချိန်ကျတော့ သာသနာ တော်ကတောင် လူထွက်ပြီး ဘုရားအကြောင်း မကောင်းသတင်းတောင် လှုံ့ နေသေးသတဲ့။ အဲဒါဟာ အလိုအဇ္ဈာသယက ယုတ်ညံ့လို့ ယုတ်ညံ့တဲ့ပုဂ္ဂိုလ် ယုတ်ညံ့တဲ့အယူကိုမှ ယုံကြည်သဘောကျ နေလို့ပါဘဲ။

ဒီဝတ္ထုထဲမှာ ကောရခတ္တိယ ကျင့်နေတဲ့ အကျင့်ဟာ သီလဗ္ဗတုပါဒါန်နဲ့ ဆိုင်တဲ့ အကျင့်ပါဘဲ။ အတိုချုပ်အားဖြင့်တော့ "နွားနဲ့ ခွေး စသည်တို့၏

အလေ့အကျင့်မျိုးဖြင့် ချမ်းသာ ကောင်းစားနိုင်သည်" ဟု ယုံကြည်စံ့လမ်း တာဟာ သီလဗဟုပါဒါန်ပါဘဲ။ ကဲ ဆိုကြရမယ်—

နွားနှင့် ခွေး စသည်တို့၏ အလေ့အကျင့်မျိုးဖြင့် ချမ်းသာကောင်းစား နိုင်သည်ဟု ယုံကြည်စံ့လမ်းတာက သီလဗဟုပါဒါန်။

သီလဗဟုတခေါ်တဲ့ အလေ့အကျင့် အမျိုးမျိုး

နွားနှင့် ခွေး စသည်တို့၏ အလေ့အကျင့်လို့ ဆိုရာမှာ စသည်အရ အလေ့ အကျင့်တွေက အများကြီး ရှိနေသေးတယ်။ မဟာနိဒ္ဒေသပါဠိတော်မှာ ဟတ္ထိ-ဝတိက-ဆင်အမူအရာ အတုလိုက်ပြီး ကျင့်တဲ့သူတဲ့၊ ဆင်ကို ကိုးကွယ်တဲ့အကျင့် ရှိတဲ့သူလဲ ဖြစ်သင့်ပါတယ်။ အဿဝတိက-မြင်းအမူအရာ အတုလိုက်ပြီး ကျင့်တဲ့ သူတဲ့၊ မြင်းကို ကိုးကွယ်တဲ့အကျင့် ရှိသူလဲ ဖြစ်နိုင်ပါတယ်။ တချို့ အရပ်ဒေသ က လူတွေဟာ ဆင်ရုပ် မြင်းရုပ်တွေကို ကိုးကွယ်နေကြတာ ရှိပါတယ်။ ကာက-ဝတိက-ကျီးအမူအရာ အတုလိုက်ပြီး ကျင့်တဲ့သူတဲ့၊ ဒီနေရာမှာတော့ ကျီးကို ကိုးကွယ်တာက ပိုပြီး သဘာဝကျဘွယ် ရှိပါတယ်။ ဝါသုဒေဝတိက-ဝါသုဒေဝ မင်းကို ကိုးကွယ်သူတဲ့၊ ဗလဒေဝတိက-ဗလဒေဝမင်းကို ကိုးကွယ်သူတဲ့၊ ဒီ အကျင့် ၂-ခုကတော့ လူလူချင်း အတုလိုက်ပြီး ကျင့်စရာမလိုပါဘူး၊ဗမာပြည်မှာ မင်းကလေးတို့, ၃၇-မင်းတို့, ဘိုးတော်ကြီးတို့ ကိုးကွယ်တာမျိုးဘဲ ဖြစ်သင့်ပါ တယ်။ ထူးတာကတော့ ဗမာပြည်က နတ်အမျိုးမျိုး ကိုးကွယ်ကြတာကတော့ နောင်ဘဝအတွက် သံသရာမှ လွတ်မြောက်ရေးအတွက် ရည်ရွယ်ပြီး ကိုးကွယ် ကြတာမဟုတ်ဘူး၊ မျက်မှောက်တွင်ဘဲ မ,စလိမ့်မယ်၊ စောင့်ရှောက်လိမ့်မယ်လို့ မြော်လင့်ပြီး ကိုးကွယ်ကြတာသာ ဖြစ်တယ်၊ ရာထူးဌာနန္တရရှိတဲ့ အထက် လူကြီးတွေကို အားကိုးတဲ့သဘောမျိုးပါဘဲ၊ ဒါကြောင့် သီလဗဟုပါဒါန် ဖြစ် တယ်လို့တော့ မဆိုရပါဘူး။ ဒါပေမဲ့ နတ်ကိုးကွယ်တဲ့သူတွေက အင်မတန် အစဲ့ အလမ်း ကြီးတယ်၊ **အစဲ့အလမ်း** ကြီးတဲ့အတွက် သားငါးတွေကို **သတ်**ပြီး ပူဇော်ပသ**တာ**တွေလဲ ရှိတယ်လို့ ကြားရတယ်၊ အဲဒါတွေကတော့ ဥပါဒါန် သဘော သက်ရောက်နေပါတယ်။

နောက်ပြီးတော့ အဂ္ဂိဝတိက-မီးကို ပူဇော်ကိုးကွယ်တဲ့သူတဲ့၊ ဒီအကျင့်မျှလဲ မီးကို အတုလိုက်ကျင့်လို့တော့ မဖြစ်ဘူး၊ ဒါကြောင့် မီးကို ပူဇော်ကိုးကွယ်တဲ့အကျင့်ကိုသာ ယူရမယ်။ နောက်ပြီးတော့ နာဂဝတ-နဂါးကို ကိုးကွယ်တဲ့အကျင့်၊ သုပဏ္ဏဝတ-ဂဠုန်ကို ကိုးကွယ်တဲ့အကျင့်၊ ယက္ခဝတ-ဘီလူးကို ကိုးကွယ်တဲ့အကျင့်၊ ဂန္ဓဗ္ဗဝတ-ဂန္ဓဗ္ဗနတ် ကိုးကွယ်တဲ့အကျင့်၊ မဟာရာဇဝတ-စတုမဟာရာဇ် နတ်မင်းကြီးတွေ ကိုးကွယ်တဲ့အကျင့်၊ စန္ဒဝတ-လ ကိုးကွယ်တဲ့အကျင့်၊ သူရိယဝတ-နေ ကိုးကွယ်တဲ့အကျင့်၊ ဣန္ဒဝတ-သိကြားမင်းကိုးကွယ်တဲ့အကျင့်၊ ဗြဟ္မဝတ-ဗြဟ္မာမင်းကိုးကွယ်တဲ့အကျင့်၊ ယခုကာလ ဖန်ဆင်းတဲ့ ထာဝရဘုရားသခင် ကိုးကွယ်တဲ့ အကျင့်မျိုးပါဘဲ။ ဒေဝဝတ-နတ်ကိုးကွယ်တဲ့အကျင့်၊ နောင်ဘဝချမ်းသာ ကောင်းစားအောင် သံသရာဆင်းရဲမှု လွတ်မြောက်အောင် ကယ်တင်နိုင်တယ်လို့ ယုံကြည်ပြီး ကိုးကွယ်လျှင် ဒါလဲ သီလဗွတုပါဒါန်ဖြစ်တာဘဲ။ ဒီသာဝတ-အရှေ့, အနောက်စသော အရပ်မျက်နှာကို ကိုးကွယ်တဲ့အကျင့်၊ ဒီနေရာမှာတော့ အဋ္ဌကထာက အရပ်မျက်နှာ ရှိခိုးတဲ့အကျင့်လို့ အထင်အရှား ဖွင့်ပြထားပါတယ်။ အဲဒီတော့ အတုလိုက်ပြီးကျင့်ဘို့ မဖြစ်သင့်ရာမှာ ပူဇော်ကိုးကွယ်တာကို ဝတ-လို့ ယူရမယ်၊ အတုလိုက်ပြီးတော့ ကျင့်ဘို့ဖြစ်နိုင်ရာမှာတော့ အတုလိုက်ပြီး ကျင့်တာရော, ပူဇော်ကိုးကွယ်တာရော နှစ်မျိုးလုံးကို ဝတ-လို့ ယူရမယ်။ စောစော ပိုင်းက ပြောခဲ့တဲ့ ဂေါဝတ, ကုက္ကုရဝတ-ဆိုတာတွေကိုလဲ ဒီနိဒ္ဒေသပါဠိတော်မှာ ပြထားပါသေးတယ်၊ အဲဒီမှာလဲ နွားကိုးကွယ်တဲ့အကျင့်၊ ခွေးကိုးကွယ်တဲ့အကျင့် တွေကိုလဲ ဝတ-လို့ ယူသင့်တာပါဘဲ။ ဘာကြောင့်လဲဆိုယင် အချို့လူမျိုးတွေက နွားကိုးကွယ်နေကြတယ်၊ အချို့က ခွေးကိုးကွယ်နေကြတယ်၊ ဒါကြောင့်ပါဘဲ။

သီလဗွတုပါဒါန်၌ အတိုချုပ်မှတ်ရန်

အဲဒါကြောင့် သီလဗွတ-ဆိုတာ နွား, ခွေး စသည်တို့၏ အလေ့အကျင့်ရော၊ အဲဒီ နွား, ခွေး စသည်ကို ကိုးကွယ်တဲ့အကျင့်ရော အဲဒါတွေကို ခေါ်တယ်လို့ မှတ်ရမယ်။ အတိုချုပ်အားဖြင့်ဆိုယင်တော့ သစ္စာ ၄-ပါးကို မြင်အောင် ကျင့်ရတာလဲ မဟုတ်ပါဘဲ၊ မဂ္ဂင်ရှစ်ပါးလဲ မပါဘဲ ကျင့်ရတဲ့ အလေ့အကျင့် ဟူသမျှကို သီလဗွတခေါ်တယ်၊ အဲဒီ အကျင့်မျိုးကို သံသရာမှ လွတ်မြောက်ကြောင်း ဆင်းရဲမှ လွတ်မြောက်ကြောင်း အကျင့်ကောင်းအနေနဲ့

ယုံကြည်စွဲလမ်းတာကို သီလဗွတုပါဒါန် ခေါ်တယ်လို့ မှတ်ရမယ်။ ဂဲ ဆိုကြရမယ်–

သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်တာ၊ မှတ်ပါသီလဗွတ။

ဗုဒ္ဓသာသနာတော်မှ အပြင်ဘက်မှာ ဆင်းရဲမှု လွတ်မြောက်ကြောင်းအနေနဲ့ ယုံကြည်ယူဆပြီး ကျင့်နေကြတာတွေဟာ အများအားဖြင့် သီလဗွတခေါ်တဲ့ အကျင့်ဘဲ များပါတယ်။ တချို့က ဂင်္ဂါမြစ်ရေချိုးရုံနဲ့ အပြစ်စင်ကြယ်တယ်လို့ ယူကြတယ်၊ တချို့ကလဲ ကောင်းကင်ဘုံက ထာဝရ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်ရုံနဲ့ အပြစ်မှ စင်ကြယ်တယ်၊ သေတဲ့အခါ ကောင်းကင်ဘုံ ရောက်တယ်လို့ ယူကြတယ်၊ တချို့ကလဲ နွားနို့ ဆိတ် စသည်ကို သတ်ပြီး ပူဇော်ရုံနဲ့ အပြစ်ကင်းတယ်လို့ ယူကြတယ်။ အဲဒီလို အကျင့်တွေထဲမှာ သစ္စာ ၄-ပါးကို မြင်အောင် ကျင့်ရတာလဲ မပါဘူး၊ မဂ္ဂင်ရှစ်ပါးဆိုတဲ့ သီလ, သမာဓိ, ပညာကို ပွါးစေရတာလဲ မပါဘူး၊ ဒါကြောင့် အဲဒီလို အလေ့အကျင့်မျိုးကို သံသရာမှ လွတ်မြောက်ကြောင်း နတ်ပြည် နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်း အနေနဲ့ ယူဆ စွဲလမ်းယင် အဲဒါဟာ သီလဗွတုပါဒါန်ဘဲ။

သောတာပန်မှာ သီလဗွတုပါဒါန်ကင်းပုံ

ဒုတိရ ၆-ပါးက ဖြစ်တိုင်းသော ရုပ်နာမ်တရားတွေကို ရှုမှတ်လို့ အောက်ထစ်ဆုံးအားဖြင့် သောတာပန် အရိယာ ဖြစ်နေတဲ့ ပုဂ္ဂိုလ်မှာတော့ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာ အကျင့်လမ်းမှန်ကို သိပြီးဖြစ်နေတယ်၊ ဒါကြောင့် အရိယာပုဂ္ဂိုလ်များဟာ ဒီ သီလဗွတခေါ်တဲ့ အလေ့အကျင့်မျိုးကို အကျင့်ကောင်းအနေနဲ့ ယုံကြည်ခြင်း ယူဆခြင်းမရှိတော့ဘူး၊ အဲဒါကို ရည်ပြီးတော့ ဘုန်းကြီးက ဉာဏ်စဉ်တရားထဲမှာ သောတာပန်က သီလဗွတပရာမာသ သံယောဇဉ်ကို ပယ်တဲ့အကြောင်း ဒီလို ဆောင်ပုဒ် စီထားပါတယ်—

သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ မယုံကြည်၊ ကုန်ပြီ သီလဗွတာတဲ့။

ဆိုလိုတာကတော့ သစ္စာ ၄-ပါးကို ရှုရခြင်း သိမြင်ရခြင်းလဲ မရှိပါဘဲ, မှတ်သိမှု·သမှာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး တရားတွေကိုလဲ ပွါးစေရခြင်း မရှိပါဘဲ

တစုံဟခုသော အလေ့အကျင့်ကို လေ့ကျင့်ရုံမျှဖြင့် ဆင်းရဲကင်းပြီး အမြဲတမ်း ချမ်းသာသွားမယ်၊ အမြဲတမ်း ချမ်းသာရာ ရောက်သွားမယ်လို့ ဒီလို ယုံကြည်ယူဆတဲ့ အယူအစဉ်ဟာ သောတာပန်မှာ လုံးဝကင်းသွားပြီ, ကုန်သွားပြီလို့ ဆိုလိုပါတယ်၊ အဲဒါ ဘာကြောင့်လဲဆိုယင် အကျင့်လမ်းမှန်ကိုသိပြီး ဖြစ်နေလို့ ပါဘဲ။ ဒုါရ ၆-ပါးက ဖြစ်ခိုက် ရုပ်နာမ်တရားတွေကိုရှုမှ အမှန်အတိုင်း သိမြင်တဲ့ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး တရားတွေဖြစ်တယ်၊ ခဏမစဲ ဖြစ်ပျက်နေလို့ ဆင်းရဲမျှဖြစ်တဲ့ ဒုက္ခသစ္စာ အစရှိတဲ့ သစ္စာ ၄-ပါးကို သိမြင်တယ်၊ ဒီလို သိမြင်မှ ဆင်းရဲချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက် တွေ့နိုင်တယ်ဆိုတာကို သောတာပန် ပုဂ္ဂိုလ်က သူကိုယ်တိုင် တွေ့ပြီး, သိပြီး ဖြစ်နေပါတယ်၊ ဒီလို လမ်းမှန်ကိုသိပြီး ဖြစ်နေတဲ့အတွက်ကြောင့် အဲဒီ အလေ့အကျင့်မျှဆိုတဲ့ လမ်းမှားတွေကို ယုံကြည်ခြင်း လက်ခံခြင်း မရှိတာပါဘဲ။

ဥပမာ – ဒီ သာသနာ့ရိပ်သာမှ ရှေတိုဂုံစေတီတော်ကို သွားဖူးမယ်ဆိုယင် ကုက္ကိုင်းလမ်းမကြီးအတိုင်း တောင်ဘက်ကို လျှောက်သွားရတယ်၊ ကန်တော်ကြီးစောင်းရောက်တော့ စေတီတော်ဆီ တဲ့တဲ့သွားတဲ့လမ်းကို လိုက်သွားယင် အရှေ့မုခ်ဝကိုရောက်တယ်၊ အဲဒီက တက်သွားတော့ စေတီယင်ပြင်ပေါ် ရောက်တယ်၊ အဲဒီလို မှတ်မှတ်သားသားနဲ့ တခါတခေါက် ရောက်ဘူးတယ်ဆိုယင် စေတီတော်ကိုသွားတဲ့ လမ်းစဉ်ကို သိတော့တာဘဲ၊ အဲဒီလို သိနေတဲ့လူဟာ ကုက္ကိုင်းလမ်းက မြောက်ဖက် လျှောက်သွားရတယ်လို့ တစုံတယောက်က ပြောယင် လက်မခံတော့ဘူး၊ မယုံတော့ဘူး၊ ဘာကြောင့်လဲ သူကိုယ်တိုင် သွားပြီးဖြစ်၍ လမ်းမှန်ကိုသိပြီး ဖြစ်သောကြောင့်ပါဘဲ။ အဲဒါလိုပါဘဲ သောတာပန်က နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်ကို သိပြီးဖြစ်နေပါတယ်၊ ဒါကြောင့် နွားနဲ့ ခွေး စသည်တို့၏ အကျင့်၊ နွားနဲ့ ခွေး စသည်ကို ကိုးကွယ်တဲ့အကျင့်၊ အရှင်ကြီး, နတ်, သိကြား, ဗြဟ္မာ ထာဝရဘုရားဆိုတာတွေကို ယုံကြည်ကိုးကွယ်တဲ့အကျင့်၊ ရေစိမ်တဲ့အကျင့်၊ နေလှန်းတဲ့အကျင့်၊ ကိုယ် ပင်ပန်းအောင် လုပ်တဲ့အကျင့် အစရှိတဲ့ ဒီလို အလေ့အကျင့်မျိုးတွေကို အကျင့်ကောင်း အနေနဲ့ ယုံကြည်ခြင်း ယူဆခြင်းမရှိဘဲ ကင်းနေတာပါဘဲ။

ပုထုဇဉ်မှာ ဆရာများသည်

တရားလမ်းမှန်ကို မသိသေးတဲ့ ပုထုဇဉ်တွေမှာတော့ အဲဒီ အလေ့အကျင့်မှားတွေကို အလေ့အကျင့်ကောင်းအနေနဲ့ ယုံကြည်ယူဆမှုက လုံးဝမကင်းသေးဘူး၊ မိစ္ဆာ အယူရှိနေတဲ့ မိဘတို့ ဆရာတို့, အပေါင်းအဖော်တို့ ဒီလိုပုဂ္ဂိုလ်တွေကို အမှီပြုပြီးတော့လဲ အဲဒီ သိလဗွတ အယူအစဲမျိုးကို သဘောကျ လက်ခံတတ်တယ်၊ အဲဒီ အယူဝါဒဆိုင်ရာ ကျမ်းစာကို ကြည့်မိလို့လဲ သဘောကျ လက်ခံဝတ်တယ်၊ စဉ်းစားကြည့်ပါ၊ အဲဒီလို မိစ္ဆာအယူရှိတဲ့ မိဘတွေရဲ့ သားသမီးဖြစ်ယင်, အဲဒီလို ဆရာတွေရဲ့ တပည့်ဖြစ်ယင်, အဲဒီလို မိတ်ဆွေတွေရဲ့ အပေါင်းအဖော်ဖြစ်ယင် အဲဒီ မိစ္ဆာအယူကို သဘောကျဘို့ လက်ခံဘို့ရာ အင်မတန် နီးစပ်နေပါတယ်၊ ကိုယ့်မှာဘာမျှ သုတအခံမရှိဘဲနဲ့ အဲဒီလို ကျမ်းစာကို လေ့လာမိယင်လဲ အဲဒီလို မိစ္ဆာအယူကို သဘောကျဘို့ လက်ခံဘို့ နီးစပ်နေပါတယ်။ ဘာကြောင့်လဲဆိုယင် ပုထုဇဉ်ဟာ နိဗ္ဗာန် ရောက်ကြောင်းအကျင့် လမ်းမှန်ကို ကိုယ်ပိုင် ဉာဏ်ဖြင့် မသိသေးတဲ့ အတွက် ဟိုဆရာက ဟုတ်နိုးနိုး ဒီဆရာက ဟုတ်နိုးနိုး၊ ဟိုအကျင့်က ဟုတ်နိုးနိုး ဒီအကျင့်က ဟုတ်နိုးနိုးနဲ့ ဆရာတွေများနေတယ်၊ ဒီလို ဆရာတွေများနေလို့ဘဲ ပုထုဇန-ပုထုဇဉ်လို့ခေါ်ရတာ။ အဲဒီတော့ ပုထုဇဉ်အဖြစ်နဲ့ သံသရာမှာ ကျင်လည်နေရယင် ဘဝတိုင်းဘဝတိုင်းမှာ ဆရာအမျိုးမျိုး အကျင့်အမျိုးမျိုးနဲ့ တွေ့နေရမယ်၊ ဆရာမှား အကျင့်မှားတွေနဲ့ တွေ့ရယင် "ပေါ့စေလိုလို ဆေးထိုး ဆေးအတွက်လေး"ဆိုတာလို ချမ်းသာချင်လို့ ကျင့်လိုက်မှ အကျင့်မှားအတွက် ဒုက္ခတွေ အများကြီးရောက်သွားနိုင်တယ်။ ကဲ့, နှား, ဆိတ်, ဝက် စသည်ကို သတ်ပြီး ပူဇော်တဲ့အကျင့်ဖြင့် နတ်ရွာနိဗ္ဗာန် ရောက်နိုင်တယ်လို့ ယုံကြည်ပြီး အဲဒီအကျင့်ကို ကျင့်မိယင် အပါယ်ငရဲရောက်ဖို့ရာ သေချာနေတာဘဲ၊ အင်မတန် ကြောက်စရာကောင်းပါတယ်။ အဝတ်မဝတ်ပဲ မစားမသောက်ပဲ ဣရိယာပုထ် မမျှစေပဲ ကိုယ်ပင်ပန်းအောင် ကျင့်ခြင်းဖြင့် ဆင်းရဲမှု လွတ်မြောက်တယ်လို့ ယုံကြည်ပြီး ကျင့်ယင်လဲ ဆင်းရဲပင်ပန်းရုံမျှ ရှိမှာဘဲ။

လမ်းဆုံးထင်လျှင် စျာန်လဲ သီလဗဟုတမည်တာဘဲ

တချို့က ရူပစျာန်မျှနဲ့ ဆင်းရဲမှု လုံးဝလွတ်မြောက်တယ်လို့ ယူဆကြတယ်၊ တချို့ကလဲ အရူပစျာန်မျှနဲ့ ဆင်းရဲမှု လုံးဝလွတ်မြောက်တယ်လို့ယူဆကြတယ်၊ ဒါတွေလဲ သီလဗဟုတအယူအစဲတွေပါဘဲ။ အချုပ်အားဖြင့်တော့ သစ္စာ ၄-ပါးကို သိမြင်နိုင်တဲ့ မဂ္ဂင်အကျင့်မဟုတ်တဲ့ အလေ့အကျင့်ဟူသမျှကို အမြဲတမ်း ချမ်းသာရာသို့ ရောက်ကြောင်း အကျင့်ကောင်းအဖြစ်နဲ့ ယူဆစဲ့လမ်းတာ ဟူသမျှဟာ သီလဗဟုပါဒါန်ချည်းဘဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ (၂-၃၃၃) မှာ—

> သုဒ္ဓိမဂ္ဂပရာမသနဝသေန ပဝတ္တိတံ ယံ ကိဉ္စि လောကိယံ သီလံ စျာနဉ္စ သီလဗဟုတမိစ္စေဝ ဣဓာဓိပ္ပေတံ—

လို့ မိန့်ဆို ထားပါတယ်။

သုဒ္ဓိမဂ္ဂပရာမသနဝသေန၊ သံသရာဝဋ်ဆင်းရဲမှု စင်ကြယ်ကြောင်း=လွတ်မြောက်ကြောင်း အကျင့်လမ်းကောင်းဟု သုံးသပ်မှတ်ယူသည်၏ အလို့အားဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ် ကျင့်သုံးအပ်သော။ ယံ ကိဉ္စि၊ အမှတ်မရှိ တစုံတခုသော။ လောကိယံ သီလံ စ၊ လောကီ သီလ ဟူသမျှကိုရင်း။ လောကိယံ စျာနဉ္စ၊ လောကီစျာန်ဟူသမျှကိုရင်း။ သီလဗဟုတမိစ္စေဝ၊ အလေ့အကျင့်ဟူ၍ သာလျှင်။ ဣဓ၊ တဏှာကြောင့် ဥပါဒါန်ဖြစ်သည့်, ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဟူသော ဤအရာ၌။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဝါ၊ ဆိုလိုအပ်၏တဲ့။

ဒီ ဋီကာ စကားရပ်ဖြင့် အလေ့အကျင့်ကောင်း ဖြစ်တဲ့ လောကီသီလ လောကီစျာန်တွေလဲ ဝိပဿနာမဂ် အရိယာမဂ် မပါဘဲ အဲဒီ သီလမျှ အဲဒီစျာန်မျှဖြင့်ပင် သံသရာမှ လွတ်မြောက်တယ်လို့ ယူဆ စဲ့လမ်းယင် သီလဗဟုပါဒါန်မည်ကြောင်း ထင်ရှားနေပါတယ်။ ဒါကြောင့် အာဌာရ ရသော, ဥဒကရသေတို့မှာ သူတို့ ရထားတဲ့ အရူပစျာန်မျှဖြင့် အရူပဘုံရောက်ပြီး မအို မသေစောဘဲ အမြဲတမ်း ချမ်းသာသွားမယ်၊ ဝဋ်ဆင်းရဲမှု လွတ်မြောက်မယ်လို့ ယုံကြည် စဲ့လမ်းတာလဲ ဒီသီလဗဟုပါဒါန်ထဲမှာ အတွင်းဝင်တယ်လို့ မှတ်ရမယ်။ အဲဒီ ရသော

၂-ပါးထဲက ဥဒကရသေ့၏ ယုံကြည်စွဲလမ်းပုံကို သံယုတ်ပါဠိ (၂-၃၀၄) ဥဒကသုတ်မှာ ဒီလို ပြထားပါတယ်။

ဥဒကရသေ့၏ စွဲလမ်းပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ရာမပုတ္တော၊ ရာမဆရာကြီး၏ သားဖြစ်သော။ဥဒကော၊ ဥဒကရသေ့သည်။ ဧဝံ ဝါစံ၊ ဤသို့သော စကားကို။ ဘာသတိ၊ ပြောဆို၏။ ဣဒံ၊ ဤဟာကို ပဋိဂ္ဂဏှိ။ အဟံ၊ ငါသည်။ ဇာတု၊ စင်စစ်။ ဝေဒဂူ၊ ဉာဏ်ဖြင့် ရောက်၏။ သဗ္ဗဇီ၊ ဝဋ္ဌဆင်းရဲအလုံးစုံကို အောင်ပြီ။ အပလိဒတံ ဂဏ္ဍမူလံ၊ မတူးဖြို့ မဖျက်ဆီးဘူးသေးသော ဆင်းရဲ၏ အမြစ်အရင်းကို။ ပလိခဏိ ၊ တူးဖြို့ ဖျက်ဆီးပြီးပြီ။ ဣတိ၊ ဤသို့ ဆို၏-စသည်ဖြင့် ပြထားပါတယ်။

အဲဒီမှာ "သဗ္ဗဇီ-ဝဋ္ဌဆင်းရဲ အလုံးစုံကို အောင်ပြီ"ဆိုတဲ့ စကားဖြင့် သူရထားတဲ့ နေဝသညာနာသညာယတန စျာန်မျှနဲ့ပင် ကိစ္စပြီးပြီ၊ ဆင်းရဲမှ လွတ်မြောက်ပြီလို့ ဆိုတာဘဲ၊ ဒါကြောင့် သီလဗဟုပါဒါန်အစွဲရှိနေကြောင်း ထင်ရှားပါတယ်၊ အဲဒီ ဥဒကရသေ့၏ စွဲလမ်းပုံကို ထောက်ဆသောအားဖြင့် အာဠာရရသေ့မှာလဲ နည်းတူဘဲ စွဲလမ်းမှု ရှိတယ်ဆိုတာ သိနိုင်ပါတယ်။

ဒါကြောင့် အဲဒီ အာဠာရ, ဥဒကတို့မှာ အဲဒီ ဥပါဒါန်ကြောင့် အာကိဉ္စညာ-ယတန ကုသိုလ်က, နေဝသညာနာသညာယတန ကုသိုလ်ကဆိုတဲ့ ကမ္မဘဝ ဖြစ်တယ်၊ အဲဒီ ကမ္မဘဝကြောင့် အာကိဉ္စညာ, နေဝသညာဆိုတဲ့ အရူပဘုံတွေမှာ ဘဝအသစ်ဖြစ်မှု-ဇာတိ ပေါ်ရတယ်၊ အဲဒါဟာ ဘဝမှ လွတ်မြောက်ရန် အားထုတ်ပါလျက် ဘဝထဲ ပြန်ကျနေတာပါဘဲ။ ဒါကြောင့် မြတ်စွာဘုရားက ဗကဗြဟ္မာကို ဆုံးမတဲ့အခါ—

ဘဝေ၀ါဟံ ဘယံ ဒိသ္မာ၊ ဘ၀ဥ္စ ဝိဘ၀ေသိနံ။
ဘ၀ံ နာဘိ၀ဒိ ကဉ္စိ၊ နန္ဒိဥ္စ နာ ဥပါဒိယိ —

လို့ မိန့်တော်မူပါတယ်။

ဘ၀ေ၊ ကာမ, ရူပ, အရူပ-ဟူသော သုံးပါးသော ဘ၀၌။ ဘယံ၊ ဖြစ်ခြင်း, အိုခြင်း, သေခြင်း အစရှိသော ကြောက်ဖွယ်ဘေးကို။ ဒိသ္မာ၀ေ၊ မြင်သော

ကြောင့်သာလျှင်။ ဝိဘဝေသိနှံ၊ ဘဝကင်းရာ နိဗ္ဗာန်ကို ရှာမှီးသောပုဂ္ဂိုလ်တို့၏။ ဘဝဟူ၊ ဘဝဌ်သာလျှင် ဖြစ်နေရခြင်းကိုလည်း။ ဒီသွေဝေ၊ မြင်သောကြောင့် သာလျှင်။ ကဠီ ဘဝံ၊ တစုံတခုသောဘဝကိုမျှ။ အဟံ၊ ငါသည်။ နာဘိဝဒိ၊ မချီးမွမ်းသတည်း။ နန္ဒီဟူ၊ ဘဝဌ် နှစ်သက်ပျော်ကာ တွယ်တာသော တဏှာကို လည်း။ နု ဥပါဒိယိ၊ ဆုပ်ကိုင်မထားဘဲ စွန့်လွှတ်ခဲ့ပေသတည်း-တဲ့။

အဲဒီ မိန့်ခွန်းတော်ထဲမှာ ဘဝကင်းရာကို ရှာတဲ့ပုဂ္ဂိုလ်ဟာ ဘဝထဲ ပြန်ဖြစ်နေတယ် ဆိုတာဟာ အာဠာဝရ, ဥဒကတို့လို ပုဂ္ဂိုလ်တွေကို ဆိုတာပါဘဲ။ မြတ်စွာဘုရား၏ တရားလမ်းမှန်ကို မသိရတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလိုချည်းပါဘဲ၊ အမြဲတမ်းချမ်းသာရာရောက်ဖို့ ရှာကြံကျင့်သုံးနေကြပေမဲ့ အကျင့်လမ်းတွေက သီလဗွတမျိုးမျှသာဖြစ်ပြီး လွဲမှားနေတဲ့အတွက် ဆင်းရဲမကင်းတဲ့ ဘဝထဲမှာဘဲ ဖြစ်နေကြရပါတယ်။ ဒါကြောင့် ယခုလို မြတ်စွာဘုရား၏ အကျင့်လမ်းမှန်ရနေတဲ့အခါ အဲဒီလမ်းမှန်ကို ကိုယ်ပိုင်ရသွားအောင် အားထုတ်ကြဘို့ အထူး လိုနေပါတယ်။ ယခုလို အခါကောင်းထဲမှာမှ အားမထုတ်ပဲ နေယင်တော့ သစ္စာ ၄-ပါး သိမြင်တဲ့ မဂ္ဂင်မပါသော အကျင့်တွေကိုလဲ အကျင့်ကောင်းလို့ ထင်မှတ်စွဲလမ်းတဲ့ ဒီ သီလဗွ-တုပါဒါန်နဲ့ တွေ့တွေ့နေဦးမှာဘဲ။ ဂဲ ဆိုကြရမယ်—

> သစ္စာမမြင် မဂ္ဂင်မပါသော အလေ့အကျင့် တစုံတခုကို သံသရာမှ လွှတ်မြောက်ကြောင်း အကျင့်ကောင်းဟု ထင်မှတ် စွဲလမ်းတာက သီလဗွတုပါဒါန်။

(၄) အတ္တဝါဒုပါဒါန်

သီလဗွတုပါဒါန်ကတော့ နားလည်လောက်ပါပြီ။ ယခု အတ္တဝါဒုပါဒါန်ကို ပြောရမယ်။ အတ္တဝါဒဆိုတာ အသက်ရှင်နေတဲ့အကောင် တကယ်ရှိတဲ့အနေအားဖြင့် ယူဆပြီး ပြောဆိုတာကို ခေါ်ပါတယ်၊ အတ္တဒီဋ္ဌိပါဘဲ၊ သက္ကာယဒီဋ္ဌိလို့လဲ ခေါ်ပါတယ်။ အဲဒီလို အတ္တကောင် အသက်ကောင် တကယ်ရှိနေတဲ့ အနေအားဖြင့် ယုံကြည်စွဲလမ်းတာကို အတ္တဝါဒုပါဒါန်လို့ ခေါ်ပါတယ်။ ဒီ ဥပါဒါန်က မိမိကိုယ်ကိုလဲ အသက်ရှင်နေတဲ့ အတ္တကောင်လို့

ထင်မှတ် စွဲလမ်းတယ်၊ သူ့ဘပါးတွေကိုလဲ အသက်ရှင်နေတဲ့ အတ္တကောင်တွေလို့ ထင်မှတ် စွဲလမ်းတယ်။ ကဲ ဆိုကြရမယ်။

မိမိကိုရော သူတပါးကိုရော အသက်ရှင်နေတဲ့ အတ္တကောင် တကယ် ဟုတ်သည်ဟု ထင်မှတ်စွဲလမ်းတာက အတ္တဝါဒုပါဒါန်။

ဒီ အတ္တစွဲက သာမန်အစွဲလဲရှိတယ်၊ သေသေချာချာ ခိုင်ခိုင်မြဲမြဲ စွဲလမ်းတာလဲရှိတယ်။ သာမန်အစွဲကတော့ မဂ္ဂင်္ဂဏာယ်ဖြစ်လောက်အောင် အရေးမကြီးလှပါဘူး၊ ဘယ်လိုဟာလဲဆိုယင် ဗုဒ္ဓသာသနာဝင်တွေထဲမှာ သုတနည်းတဲ့ သာမန်ပုဂ္ဂိုလ်တွေ စွဲလမ်းတာမျိုးပါဘဲ။ ဒါပေမဲ့ ဗုဒ္ဓသာသနာဝင်တွေမှာ မြတ်စွာဘုရားဟောထားတဲ့အဟိုင်း ရုပ်နာမ် ၂-ပါးမျှသာရှိတယ်၊ ရုပ်နာမ် အစုအဝေးမျှဘဲ၊ အမြဲတမ်း အသက်ရှင်နေတဲ့ အတ္တကောင် အသက်ကောင်ရယ်လို့တော့ မရှိဘူးဆိုတာကို ယုံကြည်လက်ခံထားတဲ့အတွက် ဒီအတ္တစွဲဟာ သိပ်မခိုင်ခဲ့ပါဘူး။ သုတမျှားတဲ့ ပုဂ္ဂိုလ်တွေမှာဆိုယင် သာပြီး အားနည်းပါသေးတယ်။ ဘယ်လို သုတမျှားရမလဲဆိုယင် မြင်တယ်ဆိုတာ မျက်စိနဲ့အဆင်းက ရုပ်၊ မြင်တာ သိတာက နာမ်၊ ဒီ ရုပ်နာမ် ၂-ပါးမျှသာရှိတယ်၊ မြင်တတ် သိတတ်တဲ့ အကောင်ရယ်လို့တော့ မရှိဘူးလို့ ဒီလိုလဲ ကြားနာမှတ်သားထားတဲ့ သုတရှိရမယ်။ ထို့အတူ ကြားတယ်ဆိုတာ နားနဲ့ အသံက ရုပ်၊ ကြားတာ သိတာက နာမ်၊ ဒီ ရုပ်နာမ် ၂-ပါးမျှသာရှိတယ်။ နံတယ်ဆိုတာ နှာခေါင်းနဲ့ အနံ့က ရုပ်၊ နံတာ သိတာက နာမ်၊ ဒီ ရုပ်နာမ် ၂-ပါးမျှသာရှိတယ်။ စားသိတယ်ဆိုတာ လျှာနဲ့ အရသာက ရုပ်၊ အရသာသိတာက နာမ်၊ ဒီ ရုပ်နာမ် ၂-ပါးမျှသာ ရှိတယ်။ ထိသိတယ်ဆိုတာ ကိုယ်နဲ့အတွေ့က ရုပ်၊ ထိတာ သိတာက နာမ်၊ ဒီ ရုပ်နာမ် ၂-ပါးမျှသာရှိတယ်။ ကြံသိတယ်ဆိုတာ ကြံသိရာဌာန နှလုံးက ရုပ်၊ ကြံသိတာက နာမ်၊ ဒီ ရုပ်နာမ် ၂-ပါးမျှသာရှိတယ်၊ ကြံသိတတ်တဲ့ အကောင်ရယ်လို့တော့ မရှိဘူးလို့ ဒီလိုလဲ ကြားနာ မှတ်သားထားတဲ့ သုတရှိရမယ်။ ဒါလောက်ကြားဘူးတဲ့ သုတရှိယင်ကို ဒီ အတ္တစွဲဟာ အတော်အားနဲနေပါပြီ။

ဒါပေမဲ့ အတ္တဒိဋ္ဌိဆိုတာ ကင်းခဲပါတယ်၊ ကင်းခဲတဲ့ အကြောင်းကို ဒုတိယ ပိုင်းတုန်းကလဲ ပြောခဲ့ပါပြီ။ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်မှာတောင် ရံဖန်ရံခါ ဝင်ဖြစ်နိုင်သေးတာဘဲ၊ အရိယမဂ်ကို မရောက်သေးယင် ဒီ အတ္တစွဲက ဖြစ်နိုင်တဲ့

သဘောရှိနေတာပါဘဲ။ သာမန်ပုဂ္ဂိုလ်တွေမှာတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ငါအနေနဲ့ ဒီ အတ္တစ္ဆဲက ဖြစ်နေတတ်တာဘဲ။

အတ္တစ္ဆဲ အမျိုးမျိုး

ဗုဒ္ဓသာသနာအပြင်က ပုဂ္ဂိုလ်တွေမှာတော့ ဒီအတ္တစ္ဆဲက သေးသေးချာချာ ခိုင်ခိုင်မြဲမြဲကို စွဲလမ်းနေပါတယ်။ တချို့က ရုပ်ကို အတ္တလို့ စွဲလမ်းတယ်၊ ကျွေးခြင်း, ဆန့်ခြင်း, လှုပ်ရှားခြင်း စသော ကိုယ်အမူအရာတွေ ပြုလုပ်နေတဲ့ ကိုယ်ကောင်ကြီးကို စွဲလမ်းတဲ့ သဘောပါဘဲ။ တချို့ကဝေဒနာကို စွဲလမ်းတယ်၊ အကောင်း အဆိုးတွေခံစားနေတာကို ငါကောင် သတ္တဝါကောင် အသက်ကောင် အနေနဲ့ စွဲလမ်းတာပါဘဲ။ တချို့က သညာကို စွဲလမ်းတယ်၊ ငယ်ရွယ်စဉ်မှစပြီး ယခုထက်ထိ အစစအရာရာကို မှတ်မိနေတာဟာ ငါကောင် သတ္တဝါကောင် အသက်ကောင်ဘဲလို့ စွဲလမ်းတာပါဘဲ။ တချို့က ပြုလုပ်မှုကို စွဲလမ်းတယ်၊ စိတ်နဲ့ ကြံစည်အားထုတ် ပြုလုပ်နေတာ, နှုတ်နဲ့ပြောဆိုနေတာ, ကိုယ်နဲ့ပြုလုပ်နေတာ, သွားမှုစသည်ကို ပြုလုပ်နေတာ, ဒီလိုအားထုတ် ပြုလုပ်နေတာကို ငါကောင် သတ္တဝါကောင်အနေနဲ့ စွဲလမ်းတာပါဘဲ၊ ဒီပြုလုပ်မှုကတော့ အရာလဲ အလွန်ကျယ်ပါတယ်၊ ပြခန်းလဲ ပြခန်းပါတယ်၊ နှစ်သက်တာ, မနှစ်သက်တာ, ချစ်တာ, မုန်းတာ, ကြောက်တာ, လန့်တာ, ကြည်ညိုတာ, သနားကာ စသည်ဖြင့် စိတ်အမူအရာတွေ အမျိုးမျိုးဟာ စိတ်နဲ့ပြုလုပ်မှုတွေဘဲ၊ ကျမ်းဂန်ဝေါဟာရ အားဖြင့်ဆိုယင် သင်္ခါရကွန္ဓာတွေပေါ့၊ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတွေ ဟူသမျှဟာ ဒီ သင်္ခါရကွန္ဓာနဲ့ချည်း လုပ်ရတာဘဲ။ ဒါကြောင့် အလွန်လဲ ပြခန်းပါတယ်။ တချို့က စိတ်ဝိညာဏ်ကို စွဲလမ်းတယ်၊ မြင်တာ, ကြားတာ, အာရုံသိတာ, ကြံသိတာကို ငါကောင် သတ္တဝါကောင် အသက်ကောင် အနေနဲ့ စွဲလမ်းတာပါဘဲ၊ အဲဒါကို တချို့က ဝိညာဉ်ကောင်လို့တောင် ခေါ်ကြပါသေးတယ်။ တချို့က အဲဒီ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ငါးမျိုးလုံးကို အတ္တကောင် ငါကောင် သတ္တဝါကောင်လို့ စွဲလမ်းတယ်။ တချို့ကတော့ အတ္တဟာ ခန္ဓာငါးပါး မဟုတ်ဘူး၊ ခန္ဓာနှင့် အတ္တ တခြားစီလို့လဲ ဆိုကြတယ်၊ ဒါပေမဲ့ သူတို့ရဲ့ စွဲလမ်းချက်ဟာလဲ ခန္ဓာ ငါးပါး

အပေါ်ဘဲ ရောက်နေပါတယ်၊ ဘာကြောင့်လဲဆိုတော့ ခန္ဓာ ငါးပါးလုံး မရှိယင် အဲဒီအတ္တမှာ ရုပ်အဏည်ဒြဗ်လဲ မရှိဘူး၊ အကောင်းအဆိုးလဲ မခံစားတတ်ဘူး၊ ဘာကိုမျှလဲ မမှတ်တတ်ဘူး၊ ဘယ်လိုအမှု ကိုမျှလဲ မပြုလုပ်တတ်ဘူး၊ ဘာကိုမျှလဲ မသိတတ်ဘူးလို့ ဆိုရလိမ့်မယ်၊ အဲဒီလိုဆိုတော့ ဒီ အတ္တဟာ ဘာမျှ အသုံးမကျပေဘူး၊ ဘယ်လိုဟာဘဲလို့လဲ ပြောပြလို့ မဖြစ်ပေဘူး။

သာမီအတ္တစ

အမှန်ကတော့ အတ္တဝါဒရှိတဲ့ ခေါင်းဆောင်ဆရာကြီးတွေက အတ္တဆိုတာ "သာမီ-ခန္ဓာအိမ်ကို အစိုးရတဲ့ပိုင်ရှင်ဘဲ" လို့လဲ ဆိုကြတယ်၊ ကိုယ်သွားချင်သွား ကိုယ်စားချင်စား ကိုယ်လုပ်ချင်လုပ် ကိုယ်ကြည့်ချင်ကြည့် စသည်ဖြင့် ကိုယ်အလိုရှိတိုင်း အစိုးရတယ်လို့ ဝါလိုပါတယ်။ အဲဒီလို အတ္တစ့ကို ရည်ပြီးတော့ မြတ်စွာဘုရားက အတ္တဝါဒရှိတဲ့ သစ္စကပရိဗိုဇ်ကြီးကို ဒီလို မေးတော်မပါတယ်---

"သစ္စက....သင်က ရူပ်ကို သင်၏အတ္တလို့ ဆိုတယ်၊ အတ္တဟုတ်လို့ရှိလျှင် ကိုယ့်ကိုယ်ကို အစိုးရရမယ်၊ သင်၏ရူပ်ကိုယ်ကြီးကို အကောင်းချည်းဖြစ်ပါစေ၊ မကောင်းတာတော့ မဖြစ်ပါစေနဲ့ စသည်ဖြင့် အစိုးရပါရဲ့လား၊ ရူပ်ကိုယ်ကြီးက သင်၏ အလိုအတိုင်းဖြစ်ပါရဲ့လား-လို့ မေးတော်မူပါတယ်။ ဒီတော့ သစ္စကပရိဗိုဇ်ကြီးက "အစိုးမရပါ၊ အလိုအတိုင်း မဖြစ်ပါ"လို့ ပြေကြား လျှောက်ထားပါတယ်။

ထို့အတူ ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏ်တို့ကိုလဲအစိုးရရဲ့လားလို့ မြတ်စွာဘုရားက မေးတော်မူပါတယ်။ သစ္စက ပရိဗိုဇ်ကြီးက အစိုးမရတဲ့အကြောင်း ပြေကြား လျှောက်ထားပါတယ်။

ဒါကြောင့် "ရူပ်၊ ရူပ်သည်။ အနတ္တာ၊ အစိုးမရ" စသည်ဖြင့် ရှေးဆရာမြတ်တွေက မြန်မာပြန်ဆိုကော် မူခဲ့ကြပါတယ်။ အဲဒါဟာ သာမီအတ္တဆိုတဲ့ အစ့ကိုရည်ပြီး ပြန်ဆိုတဲ့ အဓိပ္ပါယတ္ထ အနက်ဖြစ်ပါတယ်။ သဒ္ဒါနက်အားဖြင့် ဆိုယင်တော့ "အနတ္တာ၊ အစိုးရသော အတ္တကောင်မဟုတ်၊ အသက်ကောင်

လိပ်ပြာကောင် မဟုတ်" လို့ ပြန်ရပါမယ်။ အဲဒီလိုအတ္တဝါဒ ရှိသူတွေက အတ္တကို သာမိလို့ ဆိုကြတဲ့အတွက် ခန္ဓာကိုယ်ထဲ၌ အစိုးရတဲ့ အတ္တကောင် အသက်ကောင် ငါကောင်ရှိတယ်လို့ စဉ်လမ်းတာကို သာမီအတ္တစဉ်လို့ မှတ်ရမယ်။ ကဲ ဆိုကြရမယ်—

ခန္ဓာကိုယ်ထဲ၌ အလိုရှိတိုင်း အစိုးရတဲ့ အတ္တကောင် ငါကောင်ရှိသည်ဟု ထင်တာက သာမီအတ္တစဉ်။

ဒီ သာမီအတ္တစဉ်က ပုထုဇဉ် သတ္တဝါတိုင်းမှာ ရှိနေတယ်၊ ကိုယ်သွားချင် သွားနိုင်တယ်၊ ကိုယ်စားချင် စားနိုင်တယ်၊ ကိုယ်ကြည့်ချင် ကြည့်နိုင်တယ်၊ ကိုယ်လုပ်ချင်တာ လုပ်နိုင်တယ်-လို့ ဒီလို ထင်နေတာဟာ ဒီ သာမီအတ္တစဉ်ဘဲ။ ဝိပဿနာရှုလို့ သူ့အကြောင်းအားလျော်စွာ ဖြစ်ပျက်နေတဲ့ သဘောကို တွေ့ရတဲ့အခါကျမှ ဒီ သာမီအတ္တစဉ်က ကောင်းကောင်း ကင်းကွာသွားတယ်။

နိဝါသီ အတ္တစဉ်

နောက်ပြီးတော့ အတ္တဝါဒရှိတဲ့ ခေါင်းဆောင်ဆရာကြီးတွေက အတ္တဆိုတာ "နိဝါသီ=ခန္ဓာကိုယ်ထဲမှာ အမြဲတမ်းတည်ရှိနေတယ်" လို့လဲ ဆိုကြတယ်။ ငယ်ရွယ်စဉ်ကာလမှစ၍ ယခုထက်တိုင် ငါဟာ အမြဲရှိနေတယ်လို့ ထင်မှတ်နေတာဟာ ဒီ နိဝါသီ အတ္တစဉ်ပါဘဲ။ ကဲ ဆိုကြရမယ်—

ငါကောင်ဟာ ခန္ဓာကိုယ်ထဲ၌ အမြဲတမ်း တည်ရှိနေသည်ဟု ထင်တာက နိဝါသီ အတ္တစဉ်။

ကာရက အတ္တစဉ်

နောက်ပြီးတော့ အတ္တဆိုတာ "ကာရက=အမှုအရာ အမှုကိစ္စ အမျိုးမျိုးကို ပြုလုပ်တတ်တယ်" လို့လဲ ဆိုကြပါတယ်။ သခ်ၸိရကၠန္ဓာကို အတ္တလို့ စဉ်လမ်းရာ ရောက်ပါတယ်။ မြင်ခြင်း, ကြားခြင်း စသည်၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း စသည်၊ ကေးခြင်း, ဆန့်ခြင်း စသည် အမျိုးမျိုးသော အမှုကိစ္စ ဟူသမျှကို ငါကပင် ပြုလုပ်တယ်လို့ ထင်မှတ်စဉ်လမ်းတ ဟာ ဒီ ကာရက အတ္တစဉ်ပါဘဲ။ ကဲ ဆိုကြရမယ်။

အမှုအရာ အမှုကိစ္စဟူသမျှကို ငါကောင်ကပင် ပြုလုပ်သည်ဟု ထင်တာက ကာရကအတ္တစဉ်။

ဝေဒက အတ္တစ္ခဲ

နောက်ပြီးတော့ အတ္တဆိုတာ "ဝေဒက=ခံစားတတ်တဲ့ အကောင်ဘဲ"လို့ လဲ ဆိုကြပါတယ်။ ဝေဒနာကို အတ္တလို့ ဆိုရာရောက်ပါတယ်။ ဘာကြောင့်လဲ ဆိုလျှင် ဝေဒနာမှတပါး ခံစားတတ်တာ မရှိပါဘူး၊ ဒါကြောင့်ပါဘဲ။ ယခု လူတွေက အကောင်းအဆိုးတွေ စံစားနေတာဟာ ငါဘဲ၊ ငါကဘဲ ခံစားတယ်၊ ငါဘဲ ဆင်းရဲတယ်၊ ငါဘဲ ချမ်းသာတယ်လို့ ထင်မှတ်နေတာဟာ ဒီ ဝေဒက အတ္တစ္ခဲပါဘဲ။ ကဲ ဆိုကြရမယ်။

အကောင်းအဆိုး ဟူသမျှကို ငါ့ကောင်ကပင် ခံစားသည်ဟု ထင်တာက ဝေဒကအတ္တစ္ခဲ။

ခန္ဓာငါးပါး မဟုတ်ဟု ငြင်းပေမဲ့

ယခုပြောခဲ့တဲ့အတိုင်း အတ္တပါဒီ ဆရာကြီးတွေကပင် "အတ္တ ဆိုတာ သာမီ, နိုဝါသီ, ကာရက, ဝေဒကဘဲ" လို့ ဆိုထားတဲ့အတွက် အတ္တဟာ ခန္ဓာငါးပါးမဟုတ်ဘူးလို့ သူတို့က ငြင်းကြပေမဲ့ အမှန်စင်စစ်ကတော့ ခန္ဓာငါးပါးကိုဘဲ အတ္တကောင် ငါ့ကောင်လို့ ဆိုရာရောက်ပါတယ်။ အတ္တက ခံစား့တတ်တယ်လို့ဆိုတော့ ခံစားတတ်တဲ့ ဝေဒနာကို အတ္တလို့ ဆိုရာရောက်ပါတယ်။ တဖန် အတ္တက ပြုလုပ်တတ်တယ်လို့ ဆိုတော့ ပြုလုပ်တတ်တဲ့ သင်္ခါရကွန္ဓာကို အတ္တလို့ ဆိုရာရောက်ပါတယ်။ နောက်ပြီးတော့ သိတတ်တဲ့ဝိညာဏ်, မှတ်သားတတ်တဲ့ သညာတို့ကိုလဲ အတ္တလို့ ဆိုရာ ရောက်ပါဘယ်။ နောက်ပြီးတော့ လှုပ်ရှားတတ်တဲ့ ရုပ်ကိုလဲ အတ္တလို့ ဆိုရာ ရောက်ပါတယ်။ ဒါကြောင့် အတ္တကောင်အနေနဲ့ စဲ့လမ်းမှုဟူသမျှဟာ ခန္ဓာငါးပါးကို မှီပြီး ဖြစ်တာပါဘဲ။ ဝိပဿနာရှုလို့ ခန္ဓာငါးပါးကို အမှန်အတိုင်းသိတဲ့အခါမှာ ဒီ အတ္တစ္ခဲဟာ လုံးဝ ကင်းသွားပါတယ်။ ဒီလို အတ္တစ္ခဲ အတ္တဝါဒုပါဒါန် ကင်းအောင်လို့ဘဲ ဝိပဿနာ ရှုရပါတယ်။

အတ္တဝါဒုပါဒါန်၌ အတိုချုပ်မှတ်ရန်

ဒီနေရာမှာ လူတိုင်း လူတိုင်း အလွယ်ဘကနဲ့ သိနားလည်ထားဘို့ကတော့ သွားမှု, ရပ်မှု, ထိုင်မှု, ကွေးမှု, ဆန့်မှု, လှုပ်ရှားမှု, ပြောဆိုမှု, မြင်မှု,

ကြားမှု, ခံစားမှု, ကြံစည်မှု အစရှိသော ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာ ဟူသမျှကို ငါကောင် သတ္တဝါကောင်ဟု ထင်မှတ်စွဲလမ်းယင် အဲဒါဟာ အတ္တဝါဒုပါဒါန်ဘဲ။ ကဲ အဲဒါကလေးကို မှတ်မိအောင် ဆိုလိုက်ကြဦးနို့—

သွားမှု, ရပ်မှု, ထိုင်မှု, ကွေးမှု, ဆန့်မှု, လှုပ်ရှားမှု, ပြောဆိုမှု, မြင်မှု, ကြားမှု, ခံစားမှု, ကြံစည်မှု အစရှိသော ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာ ဟူသမျှကို ငါကောင် သတ္တဝါကောင်ဟု ထင်မှတ် စွဲလမ်းတာက အတ္တဝါဒုပါဒါန်။

တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ

ယခုပြောခဲ့တဲ့ ဥပါဒါန် ၄-ပါးထဲက ကာမုပါဒါန်ဆိုတာ တရားကိုယ်အားဖြင့် တဏှာအရင့်စားဖြစ်တဲ့ အကြောင်း ပြောခဲ့ပြီ။ ဒိဋ္ဌုပါဒါန်, သီလဗွတုပါဒါန်, အတ္တဝါဒုပါဒါန်ဆိုတဲ့ ဒီ ဥပါဒါန် ၃-ပါးကတော့ စွဲလမ်းပုံမျှသာ ကွဲပြားပါတယ်၊ တရားကိုယ်အားဖြင့်တော့ ဒိဋ္ဌိချည်းပါဘဲ။ ရုပ်နာမ်ခန္ဓာတွေကို အတ္တကောင် အသက်ကောင် သတ္တဝါကောင်အနေနဲ့ စွဲလမ်းတဲ့ ဒိဋ္ဌိကို အတ္တ-ဝါဒုပါဒါန် ခေါ်တယ်၊ သံသရာမှ လွတ်မြောက်ကြောင်း မဟုတ်တဲ့ အလေ့အကျင့်ကို လွတ်မြောက်ကြောင်း အလေ့အကျင့်အနေနဲ့ ယူဆ စွဲလမ်းတဲ့ ဒိဋ္ဌိကိုသီလဗွတုပါဒါန်ခေါ်တယ်၊ အဲဒီ ဒိဋ္ဌိ ၂ မျိုးမှ တပါးသော အယူမှားဟူသမျှကို ဒိဋ္ဌုပါဒါန်ခေါ်တယ်၊ ဒီလိုစွဲလမ်းပုံလောက်သာ ကွဲပြားပါတယ်၊ အရတရား ကိုယ်ကတော့ မှားယွင်းတဲ့ မိစ္ဆာဒိဋ္ဌိအယူချည်းပါဘဲ။ မှားတဲ့အယူဆုံတာ နှစ်သက်သာယာတဲ့ တဏှာနဲ့တွဲပြီး ဖြစ်တာချည်းဘဲ၊ စဉ်းစားကြည့်ပါ၊ ကိုယ့်အယူအဆကိုတော့ မနှစ်သက်တဲ့လူ ဘယ်မှာရှိမလဲ၊ အနှစ်သက်ဆုံးဖြစ်လို့ဘဲ အဲဒီအယူကို စွဲလမ်းတာ၊ ဒါကြောင့် ဒီ ဒိဋ္ဌိအစွဲအလမ်း ဥပါဒါန် ၃-မျိုးဟာလဲ တဏှာကြောင့် ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ အဲဒါကြောင့် မြတ်စွာဘုရားက "တဏှာပစ္စယာ ဥပါဒါနံ = တပ်မက် ဆာလောင်တဲ့ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန် ဖြစ်တယ်"လို့ ဟောတော်မူခဲ့တာဘဲ။

အဲဒီတော့ ကာမဂုဏ်အာရုံတွေကို တပ်မက်စွဲလမ်းနေယင် နှစ်သက်ဆာလောင်မှု တဏှာကြောင့် စွဲလမ်းမှု ဖြစ်တယ်၊ နှစ်သက်ဆာလောင်တာက

အကြောင်း+စ္စံလမ်းတာက အကျိုး=ဒီအကြောင်းနဲ့ အကျိုးမျှဘဲလို့ မှတ်ရမယ်။ မြင်တာ ကြားတာ ကွေးတာ ဆန့်တာ ကြံစည်တာ စသည်ကိုပင် ငါကောင်ဟု ထင်မှတ်စ္စံလမ်းယင် မိမိအခြေအနေကို နှစ်သက်သာယာတဲ့ တဏှာကြောင့် စ္စံလမ်းမှု အတ္တဝါဒုပါဒါန်ဖြစ်တယ်၊ နှစ်သက်တာက အကြောင်း+ ငါကောင်လို့ ထင်မှတ်တာက အကျိုး=ဒီအကြောင်းနဲ့ အကျိုးမျှဘဲ ရှိတယ်လို့ မှတ်ရမယ်။ ကံ, ကံ၏ အကျိုးမရှိ၊ နောင်တမလွန်ဘဝမရှိဟု ထင်ယင်လဲ ထို့အတူဘဲ အကြောင်းနဲ့ အကျိုးမျှ ရှိတယ်လို့ မှတ်ရမယ်။ သတ္တဝါဟာ ဟိုဘဝ ဒီဘဝ ပြောင်းရွှေ့ပြီး ကျင်လည် နေတယ်၊ ပျက်စီးခြင်းမရှိဘူးလို့ ထင်လျှင်လဲ ထို့အကျ အကြောင်းနဲ့ အကျိုးမျှဘဲလို့ မှတ်ရမယ်။ သတ္တဝါဟာ သေပြီးလျှင် ဘာမျှမရှိတော့ဘူးလို့ ထင်လျှင်လဲ ထို့အတူ တဏှာအကြောင်းနဲ့ ဒိဋ္ဌိဥပါဒါန် အကျိုးမျှဘဲလို့ မှတ်ရမယ်။ နွားနဲ့ ခွေး စသည်တို့၏ အလေ့အကျင့်၊ နွားနဲ့ ခွေးစသည်ကို ကိုးကွယ်တဲ့ အကျင့်မျိုးကိုအကျင့်ကောင်းလို့ ထင်လျှင်လဲ ထို့အတူ နှစ်သက်သာယာတဲ့ တဏှာ အကြောင်းနဲ့ သီလဗွတုပါဒါန် အကျိုးမျှဘဲလို့ မှတ်ရမယ်။ အကျဉ်းချုပ်အားဖြင့်တော့ စ္စံလမ်းမှု ဥပါဒါန်တွေဟာ နှစ်သက်ဆာလောင်မှု တဏှာရှိနေလို့ ဖြစ်ရတယ်ဆိုတာ ကိန်းသေ မှတ်ထားကြရမယ်။ ဂဲ ဒီကနေ့တော့ ဒီတွင်ဘဲ ရပ်နားကြဦးစို့။

အမှန်မသွား အမှားမြင်ကာ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး။ပ။ ဝေဒနာကြောင့်၊ တဏှာ၊ ဖ-တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အိုကာသေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေးကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်၊ ၊လုံးဝဆင်းရဲစုသာတည်း။

ဤပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို ရှိသေစွာ နာယူမှတ်သားကြရသော။ပ။ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....၊သာဓု....၊သာဓု။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး သတ္တမပိုင်း ပြီး၏။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး

၁၃၂၄-ခု၊ ဝါခေါင်လဆုတ် (၇)ရက်နေ့ ဟောသည်။

အဋ္ဌမပိုင်း

ဥပါဒါနပစ္စယာ ဘဝေါ

လွန်ခဲ့တဲ့ လဆန်း (၇)ရက် သီတင်းဇနေ့က ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို ဟောခဲ့တာဟာ တဏှာပစ္စယာ "ဥပါဒါနံ= တဏှာကြောင့် ဥပါဒါန်ဖြစ်သည်"ဆိုတာ အထိပြီးခဲ့ပြီ။ "ဒီကနေ့တော့ ဥပါဒါနပစ္စယာ ဘဝေါ=စဲ့လမ်းမှ ဥပါဒါန်ကြောင့် ဘာဖြစ်သည်"ဆိုတဲ့ အပိုဒ်ကစပြီး ဟောရမယ်။

အဲဒီ စဲ့လမ်းမှကြောင့်ဖြစ်တဲ့ ဘဝက ၂-မျိုး ရှိတယ်၊ (၁) ကမ္မဘဝ၊ (၂) ဥပပတ္တိဘဝဆိုတဲ့ ဒီ ၂-မျိုးပါဘဲ။

(၁) ကမ္မဘဝ

ကမ္မဘဝဆိုတာ ဘဝအသစ်ဖြစ်ကြောင်း ကံပါဘဲ၊ အဲဒါကို မြတ်စွာဘုရားက ဒီလိုဝေဘန်ပြီး ဟောထားပါတယ်။

ပရိတ္တဘူမကော ဝါ သေးနှုပ်သော ကာမဘုံဌမူလည်း ဖြစ်သော။ မဟာဘူ-မကော ဝါ၊ ကြီးမြတ်မသော ရူပ, အရူပဘုံဌမူလည်း ဖြစ်သော။ ပုညာဘိသင်္ခါ-ရော၊ ပုညာဘိသင်္ခါရဝင်း။ အပုညာဘိသင်္ခါရော၊ အပုညာဘိသင်္ခါရဝင်း။ အာ-နေဉ္ဇာဘိသင်္ခါရော၊ အာနေဉ္ဇာဘိသင်္ခါရဝင်း။ အယံ၊ ဤသင်္ခါရသုံးပါးကို။ ကမ္မဘဝေါ၊ ကမ္မဘဝဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ၊ ဘဝ သစ်ကို ဖြစ်စေတတ်သော ကံ အလုံးစုံကိုလည်း။ ဝုစ္စတိ၊ ကမ္မဘဝဟု ခေါ်ဆိုအပ်၏လို့ ဟောထားပါတယ်။

ပုဉ္ဇာဘိသင်္ခါရဆိုတာ ပဌမပိုင်းတုန်းက (ပဌမအုပ် နှာ ၄၈ မှာ)ပြောခဲ့တဲ့ ကာမကုသိုလ်စေတနာ ၈-ပါးနှင့် ရူပကုသိုလ် စေတနာ ၅-ပါး၊ ဒီ ၁၃-ပါးပါဘဲ။ အပုဉ္ဇာဘိသင်္ခါရဆိုတာ အကုသိုလ်စေတနာ ၁၂-ပါးပါဘဲ။ အာနေဉ္ဇာဘိ-သင်္ခါရဆိုတာ အရူပကုသိုလ်စေတနာ ၄-ပါး ပါဘဲ။ ဘဝသစ်ကို ဖြစ်စေတတ်တဲ့ ကံဆိုတာထဲမှာ ကာမကုသိုလ် စေတနာနဲ့တွဲပြီးဖြစ်တဲ့ (၁) အနဘိဇ္ဈာ=သူတပါး၏ စည်းစိမ်ကို ကိုယ့်စည်းစိမ်အဖြစ်ဖြင့် မတရားမကြံစည်ခြင်း။ (၂) အဗျာပါဒ=သူတပါးတို့ကို သေပျက်စေရန် မကြံစည်ခြင်း။ (၃) သမ္မာဒိဋ္ဌိ=မှန်သော အယူအမြင်ဆိုတဲ့ ဒီသုံးပါးလဲ ပါဝင်တယ်၊ ဒီသုံးပါးကတော့ ပုဉ္ဇာဘိသင်္ခါရထဲမှာ အတွင်းဝင်သွားပါတယ်။ အတိုချုပ်အားဖြင့်တော့ ကမ္မဘဝဆိုတာ ဘဝသင်္ဏာကို ဖြစ်စေတတ်တဲ့ ကုသိုလ်, အကုသိုလ် စေတနာပါဘဲ။

(၂) ဥပပတ္တိဘဝ ၉-ပါး

ဥပပတ္တိဘဝဆိုတာကတော့ ၉-ပါး ရှိပါတယ်။ (၁) ကာမဘဝ=ကာမဘုံသားတို့၏ သန္တာန်မှာရှိတဲ့ (ဝိညာဏ် နာမ် ရူပ် သဠာယတန ဖဿ ဝေဒနာ-လို့ခေါ်တဲ့) ကံ၏အကျိုး ရူပ် နာမ်ခန္ဓာတွေပါဘဲ၊ အဲဒါတွေကိုဘဲ လူ့ဘဝ နတ်ဘဝ တိရစ္ဆာန်ဘဝ ပြိတ္တာဘဝ ငရဲဘဝ-လို့ ခေါ်ရပါတယ်။ (၂) ရူပဘဝ=ရူပ်ရှိတဲ့ ဗြဟ္မာတွေရဲ့ ခန္ဓာတွေပါဘဲ။ (၃) အရူပဘဝ=ရူပ်မရှိတဲ့ ဗြဟ္မာတွေရဲ့ နာမ်ခန္ဓာတွေပါဘဲ။ (၄) သညီဘဝ=ရှုန့်ရင်းကြွမ်းတမ်းတဲ့ အမှတ်သညာရှိတဲ့ သတ္တဝါတွေရဲ့ ရူပ် နာမ် ခန္ဓာတွေပါဘဲ၊ အသညသတ်နဲ့ နေဝသညာမှတပါး ၂၉-ဘုံက သတ္တဝါတွေရဲ့ ခန္ဓာတွေကို ဆိုပါတယ်။ (၅) အသ-ညီဘဝ=အသညသတ်ဗြဟ္မာတွေရဲ့ ရူပ် ခန္ဓာတွေပါဘဲ။ (၆) နေဝသညီနာသ-ညီဘဝ=အထက် ဘဝဂ်လို့ခေါ်တဲ့ ဘုံကဗြဟ္မာတွေရဲ့ နာမ်ခန္ဓာတွေပါဘဲ။ (၇) ဧကဝေါကာရ ဘဝ=ရူပ်ခန္ဓာ တပါးသာရှိတဲ့ ဘဝ၊ အသညီဘဝနဲ့ အတူတူပါဘဲ။ (၈) စတုဝေါကာရ ဘဝ=နာမ်ခန္ဓာ ၄-ပါးသာ ရှိတဲ့ဘဝ၊ အရူပဘဝနဲ့အတူတူပါဘဲ။ (၉) ပဉ္စဝေါကာရဘဝ=ရူပ် နာမ် ခန္ဓာ ငါးပါးလုံးရှိတဲ့ဘဝ၊ လူ နတ် စသည်တို့၏ ရူပ် နာမ် ခန္ဓာတွေပါဘဲ။ အဲဒါတွေဟာ ဥပပတ္တိဘဝတွေပါဘဲ၊ ဒီ ဥပပတ္တိဘဝတွေက ကံကြောင့်ဖြစ်တဲ့ ဘဝသစ် ရူပ် နာမ် ခန္ဓာတွေပါဘဲ၊ အဲဒါ တွေကိုဘဲ လူ့ဘဝ, နတ်ဘဝ စသည်ဖြင့် ခေါ်ရပါတယ်။ တရားကိုယ်အားဖြင့်

တော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဒီ အကျိုးတရား ငါးပါးပါဘဲ။

ဒီ ဘဝ ၂-မျိုးထဲက စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝဖြစ်တယ် ဆိုရာမှာ ကမ္မ-ဘဝ-က လိုရင်းပါဘဲ၊ ဥပပတ္တိဘဝကတော့ ကမ္မဘဝကြောင့် တဆင့်ဖြစ်ရတဲ့ အကျိုးဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံကိုသာ ပြောရမယ်။

ဖဿ ၆-ဖြာ၊ ဝေဒနာကြောင့်၊ တဏှာ ၆-တန်၊ ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း ကံဆင့်လောင်း၍-လို့ ဆိုထားတဲ့အတိုင်း အာရုံ ၆-မျိုး အကောင်းအဆိုးနဲ့ တွေ့ရလို့ အကောင်းအဆိုး ခံစားမှု ဝေဒနာ ၆-မျိုး ဖြစ်ရတယ်၊ အကောင်းအဆိုးတွေကို ခံစားရတဲ့အတွက် တပ်မက်သာယာမှု တဏှာ ၆-မျိုး ဖြစ်ရတယ်။ အဲဒီ တဏှာ ထက်သန် အားကောင်းလာတဲ့အခါ စွဲလမ်းမှု ဥပါဒါန်ဖြစ်လာတယ်၊ ကာမုပါဒါန်ဆိုယင် လိုချင်နှစ်သက်စရာ အာရုံဝတ္ထုတွေကို မရလျှင် မဖြစ်တော့ဘူးဆိုတဲ့ အနေနဲ့လဲ ဖြစ်လာတယ်၊ ရပြီးအာရုံဝတ္ထုဆိုယင်လဲ ငါ့ဥစ္စာ ငါ့သား ငါ့သမီး စသည်အနေဖြင့် မစွန့်မခွါနိုင်အောင် တစ်ဝတလမ်းကြီး ဖြစ်လာတယ်၊ ဘယ်လောက်အထိ စွဲလမ်းသလဲဆိုယင် ဒီဘဝတွင်တောင် မဟုတ်သေးဘူး၊ နောက်နောက်ဘဝတွေမှာလဲ ဒီလင် ဒီသား ဒီမယားနှင့် အတူတကွ ဖြစ်သွားပါရစေလို့တောင် စွဲလမ်းသေးတယ်၊ နိဗ္ဗာန်ဝင်တဲ့အခါတောင် အတူလက်တွဲဝင်မယ်ဆိုတဲ့ အနေမျိုးနဲ့ စွဲလမ်းသေးတယ်။ အဲဒါဟာ ကျမ်းဂန်နဲ့ ပြောရမယ် ဆိုယင် မေဏ္ဍကသေဋ္ဌေးကြီးဝတ္ထုဖြင့် ထင်ရှားပါတယ်။

မေဏ္ဍကသေဋ္ဌေးကြီးဝတ္ထု

မေဏ္ဍကသေဋ္ဌေးကြီးရဲ့ အလောင်းအလျာဟာ တခုသောဘဝမှာ သေဋ္ဌေးကြီးဘဲ ဖြစ်ခဲ့ပါတယ်၊ အဲဒီအခါတုန်းက စားနပ်ရိက္ခာ ရှားပါးတဲ့ဘေးကြီး သင့်လိမ့်မယ်-လို့ ပုရောဟိတ်ပုဏ္ဏားက ဟောထားတာနဲ့ စပါးတွေကို ရသမျှ စုဆောင်းထားတယ်၊ ဒါပေမဲ့ ရှားပါးတဲ့အခါ အခြေအရံတွေနဲ့တကွ ထုတ်ထုတ်ပြီး သုံးလိုက်တော့ နောက်ဆုံးမှာ စပါးဆန်တွေ မရှိတော့တဲ့အတွက် အခြေအရံအလုပ်သမားတွေကို သင့်လျော်ရာမှာ သွားပြီး နေထိုင်စားသောက်ဖို့ရာ

လွှတ်လိုက်ရတယ်၊ သေဋ္ဌေးကြီးရယ်, သေဋ္ဌေးကတော်ကြီးရယ်, သားရယ်, ချွေးမရယ်, မောင်ပုဏ္ဏာဆိုတဲ့ ကျွန်ရယ် ဒီငါးယောက်သာ ကျန်ရှိတော့တယ်၊ ဒီ ငါးယောက်မှာလဲ နောက်ဆုံး တနေ့ကျတော့ စားစရာလုံးဝ မရှိသလောက် ဖြစ်သွားတယ်၊ သေဋ္ဌေးကတော်ကြီးက နံရံအခြေမှာ လိမ်းကျံထားတဲ့ မြေညက်ထဲမှ ရေစိမ်ပြီး ထုတ်ယူထားတဲ့ စပါးကို ထောင်းထုယူထားတဲ့ ဆန်တစလယ်သာရှိတော့တယ်။ အဲဒီဆန်တစလယ်ကို ချက်ပြီးတော့ ငါးယောက်အတွက် ငါးပုံဝေပြီး ထမင်းစားမယ်လုပ်နေတုန်း ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါတပါးက ဆွမ်းအလှူခံ ကြွလာသတဲ့။ ဒီလိုကြွလာတာကလဲ အကြောင်းထူးရှိပါတယ်၊ သေဋ္ဌေးကြီးနှင့်တကွ အဲဒီ အိမ်သူအိမ်သားစု ငါးဦးက သူတို့စားမည့်ထမင်းကို လှူလိုက်လျှင် နေ့ချင်းပင် စပါးဆန်တွေကို သုံးမကုန်နိုင်အောင် ရမယ်၊ အဲဒီ သေဋ္ဌေးအိမ်သားစုကို အကြောင်းပြုပြီး ပတ်ဝန်းကျင် လူတွေလဲ စားနပ်ရိက္ခာ ပြည့်စုံသွားမယ်ဆိုတာကို မြင်တော်မူတဲ့အတွက် အရှင်ပစ္စေကဗုဒ္ဓါက နိရောဓ သမာပတ်မှ ထပြီး ကြွလာခြင်း ဖြစ်ပါတယ်။

သေဋ္ဌေးကြီးက အရှင်ပစ္စေကဗုဒ္ဓါကို မြင်ရတော့ ကြည်လင်တဲ့ သဒ္ဓါစိတ် ဖြစ်ပြီး ဒီလို ဆင်ခြင်ပါတယ်။ ငါဟာ ရှေးတုန်းက မပေးမလှူခဲ့တဲ့အတွက် ယခုလို အငတ်ဘေးနဲ့ တွေ့ရတယ်၊ ယခု ပြင်ထားတဲ့ ထမင်းကလေးကိုစားလိုက်ယင် တနေ့လောက်သာ အဆာခံမှာဘဲ၊ နောက်ရက်တွေကျယင် စားစရာလဲမရှိဘူး၊ ဆာလောင်ပြီးသေဘို့ဘဲ ရှိတော့တယ်၊ ဒီထမင်းကို ငါမစားဘဲ အရှင်မြတ်အား လှူလိုက်လျှင်တော့ ကမ္ဘာပေါင်း တကုဋေမက ငါ့အား စီးပွါးချမ်းသာကို ဖြစ်စေနိုင်လိမ့်မယ်-လို့ ဆင်ခြင်ပြီး အဲဒီ ထမင်းကို အရှင်ပစ္စေကဗုဒ္ဓါအား ကပ်လှူလိုက်ပါတယ်။ အဲဒီလို လှူပြီးတော့ ဆုတောင်းလိုက်ပုံက ဒီလိုတဲ့—

ဘန္တေ၊ အရှင်ဘုရား။နိဗ္ဗတ္တနိဗ္ဗတ္တဌာနေ၊ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝဌာနဌ်။ ဝေရူပံ ဆာတကဘယံ၊ ဤသို့သော အငတ်ဘေးကို။ ပုန၊ တဖန်။ မာ အဒ္ဒသံ၊ မတွေ့ရပါစေသတည်း။ ဣတော ပဋ္ဌာယ၊ ဤအခါမှစ၍။ သကလဇမ္ဗုဒီပဝါ-သီနံ၊ အလုံးစုံသော ဇမ္ဗုဒိပ် ကျွန်းသူကျွန်းသားတို့အား။ ဗီဇဘတ္တံ၊ ထမင်းမျိုးကို။ ဝါ၊ မျိုးစပါးနှင့် ထမင်းကို။ ဒါတုံ သမတ္ထော ဘဝေယျံ၊ ပေးကမ်းနိုင်ရပါလို၏။ သဟတ္ထေန၊ မိမိ၏လက်ဖြင့်။ ကမ္မံ ကတ္တာ၊ အလုပ်လုပ်၍။ ဇီဝိကံ၊

အသက်မွေးမှုကို။ နှ ကပ္ပေယျ၊ မပြုရပါစေသတည်း။ အဖုတေရသကောဋ္ဌသ-တာနိ၊ တထောင့်နှစ်ရာ့ငါးဆယ်သော စပါးကျီဂိုဒေါင်တို့ကို။ သောဓာပေတ္မာ၊ သုတ်သင်ရှင်းလင်းစေပြီး၍။ သီသံ နှာယိတ္မာ၊ ဦးခေါင်းလျှော်ပြီး၍။ ဝါ၊ ဦးခေါင်းလျှော် ရေချိုးပြီး၍။ တေသံ ဒ္ဒါရေ နိသိဒိတ္မာ၊ ထိုဂိုဒေါင်တို့၏ တံခါးဝ၌ ထိုင်လျက်။ ဥဒ္ဒံ သြလောကိတကွဏ္ဍေယေဝ၊ အထက်သို့ မော်ကြည့်သော ခဏ၌ပင်လျှင်။ ရတ္တသာလိဓာရာ ပတိတ္မာ၊ နီသော သလေးစပါးအယဉ်တို့သည် ကျလာကုန်၍။ မေ၊ အကျွန်ုပ်၏။ သဗ္ဗကောဋ္ဌေ၊ ဂိုဒေါင်အားလုံးတို့ကို။ ပူရေယျုံ၊ ပြည့်ပါစေကုန်သတည်း။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ စ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌လည်း။ အယမေဝ ဘရိယာ ဟောတု၊ ဤ မယားသည်ပင် မယားဖြစ်ပါစေ။ အယမေဝ ပုတ္တော၊ ဤသားသည်ပင် သားဖြစ်ပါစေ။ အယမေဝ သုဏိသာ၊ ဤချွေးမသည်ပင် ချွေးမဖြစ်ပါစေ။ အယမေဝ ဒါသော ဟောတူတိ၊ ဤ ပုဏ္ဏသည်ပင် ကျွန်အစေခံဖြစ်ပါစေဟူ၍။ ပတ္ထနံ ပဋ္ဌပေသိ၊ ဆုတောင်းလိုက်လေသတည်း–တဲ့။

သေဋ္ဌေးကြီး၏ ဆုတောင်းပုံကို ကြားကြရဲ့လား၊ ဖြစ်လေရာရာ ဘဝတိုင်းမှာ ဒီမယား ဒီသား ဒီချွေးမ ဒီကျွန်နဲ့ချည်းဘဲ အတူဖြစ်ရပါစေ လို့ ဆုတောင်းလိုက်တယ်။ သေဋ္ဌေးကြီးတွင် မဟုတ်သေးဘူး၊ သေဋ္ဌေးကတော်ကြီးကလဲ သူ့စားဘို့ထမင်းကို အရှင်ပစ္စေကဗုဒ္ဓါအား လှူပြီးတော့ နည်းတူဘဲ ဆုတောင်းတယ်၊ ဖြစ်လေရာရာ ဘဝတိုင်းမှာ ဒီလို အင်တင်ဘေးကို မတွေ့ပါရစေနဲ့၊ ထမင်းအိုးကို ရွှေမှာထားပြီးတော့ ဇမ္ဗူဒီပ် ကျွန်းသူကျွန်းသားအားလုံးကို ထမင်းပေးကမ်းနေလျှင် နေရာမှ မထမချင်း ထမင်းအိုးမှာ ပြည့်မြဲပင် ပြည့်နေပါစေ–တဲ့။ ဒီဆုတောင်းကတော့ ကောင်းတယ်လို့ ဆိုရမှာဘဲ။ ဒါပေမဲ့ နောက်ဆုံး နိဂုံးချုပ် ဆုတောင်းကတော့ ဒီလင် ဒီသား ဒီချွေးမ ဒီကျွန်သည်ပင်လျှင် လင် သား ချွေးမ ကျွန်ဖြစ်ပါစေ–တဲ့၊ ဒီလို ဆုတောင်းလိုက်ပါတယ်။

သားဖြစ်သူကလဲ သူ့စားဘို့ထမင်းကို လှူပြီးတော့ ယခုကာလမှစ၍ ဒီလို အင်တင်ဘေးကို မတွေ့ပါရစေနဲ့၊ ဌေဘထောင်ထုပ်ကို ကိုင်ပြီး ဇမ္ဗူဒီပ် ကျွန်းသူကျွန်းသား အားလုံးအား ပေးနေသော်လဲ ဌေထုပ်ဟာ ပြည့်မြဲပင် ပြည့်နေပါ

စေ၊ ဒီအမိ ဒီအဖ ဒီမယား ဒီကျွန်သည်ပင်လျှင် အမိ အဖ မယား ကျွန် ဖြစ်ပါစေ–လို့ ဆုတောင်းလိုက်ပါတယ်။

သေးငွေးကြီးရဲ့ ချွေးမကလဲ သူစားဘို့ ထမင်းကို လှူပြီးတော့ ယခုကာလ မှစ၍ ဒီလို အငတ်ဘေးကို မတွေ့ပါရစေနဲ့၊ စပါးတတောင်းကို ရွှေမှာထားပြီး ဇမ္ဗူဒီပ် ကျွန်းသူ ကျွန်းသား အားလုံးတို့အား မျိုးစပါး ပေးကမ်းနေသော်လဲ မကုန်ဘဲ ရှိပါစေ၊ ဘဝတိုင်းဌ ဒီယောကျ်ားမများ ဒီလင် ဒီကျွန်သည်ပင်လျှင် ယောကျ်ားမများ လင် ကျွန် ဖြစ်ပါစေ-လို့ ဆုတောင်းလိုက်ပါတယ်။

ယခု ပြောခဲ့တဲ့ သေငွေးကြီး လင်မယား သားနဲ့ ချွေးမတွေရဲ့ ဆုတောင်းပုံ တွေဟာ ကာမုပါဒါန်နဲ့ စဲ့လမ်းပုံကို အထင်အရှား ဖော်ပြနေပါတယ်။ ယခု ခေတ် လူတွေလဲ ဒီပုံ ဒီနည်း စဲ့လမ်းနေကြတာပါဘဲ။ အဲဒါထက် ဆိုးတဲ့ စဲ့လမ်း ပုံကတော့ ကျွန်ဖြစ်တဲ့ ပုဏ္ဏရဲ့ စဲ့လမ်းပုံပါဘဲ။ ပုဏ္ဏကလဲ သူ့အတွက် ထမင်းကို လှူပြီးတော့ ယခုကာလမှစ၍ ဒီလို အငတ်ဘေးကို မတွေ့ပါရပေနဲ့၊ ယခု လက်ရှိ အရှင်သခင်တွေ အားလုံးဟာ နောက်ဘဝများမှာလဲ အရှင်သခင်တွေ ဖြစ်ကြပါ စေ–လို့ ဆုတောင်းလိုက်သတဲ့။ အစ္ဓအလမ်းများ သိပ်ကြောက်စရာကောင်းတာ ဘဲ၊ ပုဏ္ဏဟာ အဲဒီအခါတုန်းက သေငွေးအဖြစ် မင်းအဖြစ်မျိုးကို ဆုတောင်း ယင်လဲ ရနိုင်ပါတယ်။ ဒါပေမဲ့ သူ့အရှင်သခင်တွေကို ခင်မင် တွယ်တာပြီး စဲ့လမ်း နေတဲ့အတွက် နောက်ဘဝတွေမှာလဲ ဒီသခင်တွေရဲ့ ကျွန်ဖြစ်ဖို့ရန်သာ ဆုတောင်း တယ်။ အဲဒါမျိုးဟာ ယခုခေတ်မှာလဲ ရှိနိုင်တာဘဲ။

ဘုန်းကြီးတို့ ငယ်စဉ်တုန်းက ရွာတရွာမှာ နာမည်ကောင်းရတဲ့ ရွာသူကြီး တယောက် ရှိတယ်၊ ဟို အချိန်တုန်းကတော့ အင်္ဂလိပ်လူမျိုးတွေ ကြီးစိုးနေတဲ့ အခါဖြစ်တယ်၊ ဝန်ထောက်တို့ အရေးပိုင်တို့ဆိုတာ မျှားသောအားဖြင့် အင်္ဂလိပ် လူမျိုးတွေဘဲ ဖြစ်တတ်ပါတယ်။ အဲဒီလို အရာရှိတွေကို အရိုအသေပြုရတဲ့ အတွက် အဲဒီ ရွာသူကြီးက သိပ်သဘောကျသတဲ့၊ အဲဒီအရာရှိတွေက သူ့အမည် ကို ခေါ်လိုက်လို့ "ဘုရား"လို့ ထူးလိုက်ရတာမျှား အင်မတန် အရသာ ရှိတယ် လို့ အဲဒီရွာသူကြီးက ထုတ်ဖော်ပြောသတဲ့။ အဲဒါဟာလဲ မောင်ပုဏ္ဏရဲ့ စဲ့လမ်းပုံ မျိုးပါဘဲ။

ဆုတောင်းပြည့်ပုံ

ကာမုပါဒါန်နဲ့ စ္ဓလမ်းပုံကတော့ တော်တော် သဘောပေါက်လောက်ပါပြီ။ ယခု သေဋ္ဌေးကြီးရဲ့ အိမ်သားစုများရဲ့ အလှူဒါနနဲ့ ဆုတောင်းက အကျိုးပေးပုံကို နဲနဲ ဆက်ပြောကြဦးစို့။

အရှင်ပစ္စေကဗုဒ္ဓါလဲ "ဣစ္ဆိတံ ပတ္ထိတံ တုယ္ဟံ၊ ခိပ္ပမေဝ သမိဇ္ဈတု"စသည်ဖြင့် "ဆုတောင်းသည့်အတိုင်း ဖြစ်စေ"လို့ အနုမောဒနာပြုပြီး ဂန္ဓမာဒနတောင်သို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားတယ်၊ ဆွမ်းဒကာတော့ မြင်အောင်လို့လဲ အဘိညာဉ်တန်ခိုးဖြင့် အဓိဋ္ဌာန်ပြုသွားတယ်။ ဒါကြောင့် သေဋ္ဌေးကြီး အိမ်သားစုတွေဟာ အရှင်ပစ္စေကဗုဒ္ဓါ ကြွသွားတာကို မျှော်ကြည့်ပြီး ကြည်ညိုနေကြတယ်၊ ဂန္ဓမာဒနတောင်ရောက်တော့ ငါးရာသော ပစ္စေကဗုဒ္ဓါတွေနဲ့ အဲဒီဆွမ်းကို ဝေဘန်ပြီး ဘုဉ်းပေးနေကြတာကိုလဲ မြင်ကြရတယ်။ ရုပ်ရှင်ထဲမှာ ကြည့်ရတာမျိုး နေမှာပေါ့။ အဲဒီ ဆွမ်းတစလယ်ချက်ဟာလဲ ကြွလာတဲ့ အရှင်ပြုပ်၊ ပုန်းပုန်းပုန်းပုန်း ဘုဉ်းပေးကြ၊ တာကိုလဲ မြင်ကြရတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ အင်မတန် ထက်သန်တဲ့ သဒ္ဓါတရားတွေ ဖြစ်ကြမှာပေါ့။

ပုန်းလဲတဲ့အခါမှာ သေဋ္ဌေးကတော်ကြီးက ထမင်းအိုးကို ဆေးကြောပြီး အဖုံးပိတ်ထားလိုက်တယ်။ သေဋ္ဌေးကြီးက ဆာလောင်တာနဲ့ အိပ်လိုက်တာ အိပ်မောကျသွားတယ်၊ အိပ်ရာကနိုးလာတဲ့အခါမှာ အလွန်ဆာတာနဲ့ သေဋ္ဌေးကတော်ကြီးကို မေးတယ်၊ ရှင်မရေ ဆာလိုက်တာကွယ်၊ ထမင်းအိုးမှာ ကပ်နေတဲ့ ထမင်းချိုးကလေးများ ရှိသေးသလား ကြည့်ပါဦး-လို့ ပြောတော့ သေဋ္ဌေးကတော်ကြီးက သူကိုယ်တိုင်ဆေးကြောပြီး သိမ်းထားတာကို သိပေမဲ့ သေဋ္ဌေးကြီးကို လေးစားသောအားဖြင့် "မရှိတော့ဘူး"လို့ မပြောဘူး၊ "ဖွင့်ကြည့်ပြီးမှ ပြန်ကြားပါမည်"လို့ ပြောပြီး ထမင်းအိုးဆီကို ထသွားတယ်၊ သွားပြီးတော့ ထမင်းအိုးကို ဖွင့်ကြည့်လိုက်တဲ့အခါ မြတ်လေးပန်းငုံနဲ့ တူတဲ့ ထမင်းတွေ ပြည့်နေတာကို တွေ့ရတယ်။

ဒီတော့ သေဌေးကတော်ကြီးမှာ တကိုယ်လုံး ပိတိဖြင့်ပြည့်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ "သေဌေးကြီး....ထထ၊ ထမင်းအိုးကို ကျမ အပြောင်အစင် ဆေးပြီးတော့ စလောင်းဖုံးနဲ့ ပိတ်ထားတယ်၊ အဲဒီ ထမင်းအိုးဟာ ယခု ထမင်းတွေနဲ့ ပြည့်နေတယ်၊ ကောင်းမှုများဟာ ပြုသင့်လှုပါပေတယ်၊ ဒါနကုသိုလ်ဟာ ပြုသင့်လှုပါပေတယ်၊ ကဲ အရှင်သေဌေးကြီး....ထပြီး သုံးဆောင်ပါ" လို့ ပြောပြီး ထမင်းကျွေးပါတယ်၊ သားအဖ ၂-ဦး စားပြီးတဲ့အခါ သေဌေးကတော်ကြီးက ချွေးမနဲ့အတူ စားတယ်၊ ကျွန်ပုဏ္ဏကိုလဲ ကျွေးတယ်၊ ထမင်းအိုးထဲမှာ ယူတိုင်း ယူတိုင်း ထမင်းက ပြည့်ပြည့်တက်လာသတဲ့၊ အဲဒါဟာ သေဌေးကတော်ကြီးရဲ့ ဆုတောင်း ပြည့်ပုံပါဘဲ။ ဒီအတူ သေဌေးကြီးရဲ့ ဆုတောင်းအတိုင်းလဲ ဂိုဒေါင် တဇထောင်နှစ်ရာ့ ငါးဆယ်မှာ စပါးတွေ ပြည့်နေသတဲ့။

ယခု ဂေါတမဘုရားလက်ထက်မှာ မဂဓတိုင်းနိုင်ငံထဲက ဘဒ္ဒိယမြို့မှာ အဲဒီ သေဌေး အိမ်သားစု ငါးဦးဟာ သူတို့ ဆုတောင်းအတိုင်းပင် မေဏ္ဍကသေဌေးကြီးနဲ့ သေဌေးကတော်ကြီးရယ်, ဓနဥယမည်သော သားနဲ့ သုဇာနီးရယ်, ကျွန်မောင်ပုဏ္ဏရယ် ငါ ဦးလုံး တစုတည်း အိမ်သားစုတွေ ဖြစ်နေကြတယ်၊ သူတို့ရဲ့ အသီးအသီး ဆုတောင်းအတိုင်းလဲ အုံ့သြဘွယ် ဂုဏ်ထူးတွေနဲ့ အကျိုးပေးနေပါတယ်၊ အဲဒီလိုအကျိုးပေးပုံတွေ ထူးဆန်းလှန်းလို့ ဘုရင်မင်းမြတ်ကတောင် အမတ်ကြီးတဦးကို စေလွှတ်ပြီး စုံစမ်းခိုင်းရတယ်၊ စုံစမ်းတဲ့အခါမှာလဲ တကယ်ဟုတ်နေတာကို တွေ့ရတဲ့အကြောင်း ဝိနည်းပါဠိတော်မှာ အထင်အရှား ပြဆိုထားပါတယ်။

ဥပါဒါန် စွဲလမ်းပုံနဲ့ စပ်ပြီး မေဏ္ဍကသေဌေးအကြောင်း ပြောမိတာနဲ့ စကားအဆက်အစပ်က နဲနဲ ပျောက်သွားတယ်၊ ယခု စွဲလမ်းမှု ဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပုံကို ဆက်ပြောရမယ်။

ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံ

လိုချင်နှစ်သက်စရာ အာရုံဝတ္ထုတွေကို မရလျှင် မဖြစ်တော့ဘူးဆိုတဲ့ အနေနဲ့ စွဲလမ်းတဲ့ ကာမုပါဒါန် ဖြစ်လာယင် အဲဒီ အာရုံဝတ္ထုတွေကို တနည်းနည်းနဲ့ မရ-ရအောင် အားထုတ် ပြုလုပ်တော့တာဘဲ၊ ခိုးမှုရမယ် ထင်ယင်လဲ ခိုးလိမ့်မယ်၊

လုယက်ယူမှ ရမယ်ထင်ယင်လဲ လုယက်လိမ့်မယ်၊ လိမ်မှ ရမယ်ထင်ယင်လဲ လိမ်လိမ့်မယ်၊ မတရားလုပ်မှ ရမယ်ထင်ယင်လဲ မတရားလုပ်လိမ့်မယ်၊ သတ်မှ ရမယ်ထင်ယင်လဲ သတ်လိမ့်မယ်၊ ယခုလောကမှာ ခိုးမှု, လုယက်မှု, လိမ်မှု, **မတရား**ပြုလုပ်မှု, သတ်မှုတွေ ဖြစ် နေတာဟာ ဒီစဲ့လမ်းမှကြောင့်ချည်းဘဲ။ တချို့အမှုက ကာမုပါဒါန်ကြောင့် ဖြစ်တယ်၊ တချို့အမှုက ဒိဋ္ဌုပါဒါန် ၃-မျိုးထဲက တမျိုးမျိုးကြောင့် ဖြစ်တယ်။ အများအားဖြင့်တော့ လိုချင်စရာတွေကို ရလိုတဲ့ ကာမုပါဒါန်ကြောင့် ဖြစ်တာကတဲ့ များပါတယ်။ ဒီလို ခိုးမှုစသည် ဖြစ်တာကလဲ ကိုယ့်အတွက်သာ မဟုတ်ဘူး၊ လင်, မယား, သား, သမီးစသည်ဖြင့် စဲ့လမ်းတဲ့ သူတွေအတွက်လဲ ဖြစ်တာဘဲ။ အဲဒါတွေဟာ ကာမုပါဒါန်ကြောင့် ဖြစ်တဲ့ အကုသိုလ်ကမ္မဘဝတွေပါဘဲ။ ဒီနေရာမှာ သူတပါးအတွက် ကာမုပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝဖြစ်ပုံကို ဇာတ်ဝတ္ထုတခုနဲ့ အတိုချုပ် ပြောချင်တယ်။

ပုပ္ပရတ္တဇာတ်

ရှေးတုန်းက ဗာရာဏသီပြည်မှာ သူဆင်းရဲတယောက် ရှိခဲ့တယ်၊ အဲဒီသူဆင်းရဲမှာ ထူထဲတဲ့ အဝတ်တစုံသာရှိတယ်၊ ကြတ္တိကာနက္ခတ်သဘင် ခေါ်တဲ့ တန်ဆောင်တိုင် ပွဲတော်မှာ ဝတ်ဖို့ အဲဒီ ဝတ်စုံကို လျှော်ဖွပ်ပြီး ပြုပြင်ထားတယ်၊ ဒါပေမဲ့ သူ့ဇနီးက အဲဒီ အဝတ်ဖြူကို မကြိုက်ဘူး၊ ပန်းရောင်အဝတ်ကို ဝတ်ချင်တယ်၊ ရှိတဲ့အဝတ်ကိုဘဲ ဝတ်ဖို့ အမျိုးမျိုး နှားချတယ်၊ လက်မခံဘူး၊ ဒါနဲ့ နောက်ဆုံးတော့ ဘုရင့်ဥယျာဉ်တော်က ဝတ်ပန်းကို ခိုးယူပြီး ဆိုးပေးဘို့ ညဉ့်အချိန်မှာ ဘုရင့်ဥယျာဉ်တော်ကို စည်းရိုးက ကျော်ပြီးဝင်တယ်။ အစောင့်အရှောက်တွေက အသံကြားလို့ ဝိုင်းဖမ်းပြီး ဘုရင့်ထံ ပြကြတယ်၊ ဘုရင်က တံကျင်လျှို့ဘို့ အမိန့်ချလိုက်တယ်။ မင်းချင်းယောကျ်ားတွေက အဲဒီ ဆင်းရဲသားပန်းသူခိုးကို မြို့ပြင်ထုတ်ပြီး တံကျင်မှာလျှိုထားတယ်၊ တံကျင်ဆိုတာ တံစို့ပါဘဲ၊ ဒါကြောင့် တံကျင်လျှိုတယ်ဆိုတာ တံစို့နဲ့ထိုးတာပါဘဲ။ တံကျင်လျှိုထားတော့ မလှုပ်နိုင်, မလွဲနိုင်နဲ့ မသေမရှင် ဖြစ်ပြီး နာကျင်တဲ့ ဒုက္ခဝေဒနာတွေကို အကြီးအကျယ် ခံစားနေရတာပေါ့။ နောက်ပြီးတော့ ကျီးတွေက မျက်စိကို လာပြီး ဆိတ်ကြသတဲ့၊ အကြီးအကျယ် ဒုက္ခရောက်နေရှာတာပါဘဲ။ ဒါပေမဲ့ သူက ဒီလို ညည်းတွားလိုက်သေးသတဲ့—

နယိဒံ ဒုက္ခံ အဒုံ ဒုက္ခံ၊ ယံ မံ တုဒတိ ဝါယသော။
ယံ သာမာ ပုပ္ဖရတ္တေန၊ ကတ္တိကံ နာနုဘောဿတိ။

ဝါယသော၊ ကျီးသည်။ မံ၊ ငါ့ကို။ ယံ တုဒတိ၊ အကြင်ဆိတ်လျက် ထိုးဆ၏။ ဣဒံ၊ ဤကျီး၏ထိုးဆိတ်ခြင်းသည်။ နု ဒုက္ခံ၊ ဆင်းရဲမဟုတ်သေး။ ဝါ၊ မဆင်းရဲလှသေးပါ။ သာမာ၊ ဝါဝင်းသောအသားအရေရှိသော ချစ်ဇနီးသည်။ ပုပ္ဖရတ္တေန၊ ဝတ်ပန်းဖြင့် ဆိုးအပ်သော ထမီခြုံထည်ဖြင့်။ ကဲတ္တိကံ၊ တန်ဆောင်တိုင်ပွဲတော်ကို။ ယံ နာနုဘောဿတိ၊ အကြင်မခံစားရ မပျော်ရဘဲ ရှိချေလတ္တံ့။ အဒုံ၊ ထိုချစ်ဇနီး၏ တန်ဆောင်တိုင်ပွဲတော်ကို ငါနှင့်အတူ မနှဲ့မပျော်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲလှပါပေတော့သည်·လို့ ညည်းတွား မြည်တမ်းနေသတဲ့၊ ဒီလို ညည်းတွား မြည်တမ်းရင်းဘဲ သေပြီး ငရဲကို ရောက်သွားရရှာပါသတဲ့။

ကမ္မဘဝဖြစ်ပုံ အဆက်

အဲဒါဟာ သူများအတွက် စွဲလမ်းမှု ဥပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝ ဖြစ်ပြီးတော့ "ဘဝပစ္စယာ ဇာတိ"လို့ ဟောထားတဲ့အတိုင်း အကုသိုလ် ကမ္မဘဝကြောင့် သူ၏အကျိုး ငရဲဘဝ ဇာတိ ဖြစ်ပေါ်သွားတာပါဘဲ။ ယခုကာလမှာလဲ ချစ်တဲ့သူတွေရဲ့ အပူကပ်မှုကြောင့် မတော်မဘာရား အလွဲသုံးစားပြုမှု ခိုးမှုလိမ်မှု စသည်တွေ အများကြီးရှိနေမှာဟဲ့၊ အဲဒီလို ဖြစ်ပေါ်လာတဲ့ အမှုကံတွေဟာ ဥပါဒါန်ကြောင့် ဖြစ်ပေါ်လာတဲ့ ကမ္မဘဝချည်းပါဘဲ၊ အပါယ် ၄-ပါးဘဝ ဖြစ်ဖို့ရာ အကြောင်းကံတွေချည်းပါဘဲ။ ယခုပြောခဲ့တဲ့အတိုင်း ကိုယ့်အတွက်ဖြစ်စေ, သူများအတွက် ဖြစ်စေ မျက်မှောက်ကာမဂုဏ် အာရုံတွေကို စွဲလမ်းမှု ကာမုပါဒါန်ကြောင့် အကုသိုလ် ကမ္မဘဝဖြစ်ပုံကို ဝိသုဒ္ဓိမဂ် (၃-၂၀၈)မှာ ဒီလို ပြထားပါတယ်။

သန္ဓိဋ္ဌိကေ ကာမေ၊ မျက်မှောက်ဘဝနှင့်ဆိုင်သော ကဲကာမဂုဏ်တို့ကို။ ပတ္ထယမာနော ဝါ၊ လိုချင်တောင့်တသောကြောင့်ဝင်း (ဟေတုမန္တကို ရည်သည်)။ ပဋ္ဌိလဒ္ဓေ၊ ရအပ်ပြီးသော ကာမဂုဏ်တို့ကို။ ဂေါပယမာနော ဝါ၊ စောင့်ရှောက်လိုသောကြောင့်ဝင်း။ ကာမုပါဒါနဝသေန၊ ကာမုပါဒါန်၏ အစွမ်းအားဖြင့်။ ကာယဒုစ္စရိတာဒီနိ၊ ကာယဒုစရိုက် စသည်တို့ကို။ ကဲရောတိ၊ ပြုလုပ်၏။

(သတ်ခြင်း, လုယက်ခိုးယူခြင်း, ကာမဂုဏ်တို့၌ မတော်မတရား ကျူးလွန်ခြင်း ဟူသော ဤ အမှု ၃-ပါးကို ကာယဒုစရိုက် ခေါ်သည်၊ အာဒီ=စသည်-ဟူသော စကားဖြင့် ဝစီဒုစရိုက်, မနောဒုစရိုက်တို့ကို ဆိုသည်၊ ထိုတွင် လိမ်ခြင်း, ဂုံးတိုက်ခြင်း, ဆဲရေးခြင်း, အပြိန်အဖျင်း ပြောဆိုခြင်းဟူသော ဤ အမှု ၄-ပါးကို ဝစီဒုစရိုက် ခေါ်သည်၊ သူတပါး၏ စည်းစိမ်ဥစ္စာကို မိမိဥစ္စာအဖြစ်ဖြင့် ကြံစည်ခြင်း, သူတပါးကို သေပျက်ပျောက်စေရန် ကြံစည်ခြင်း, ကံ,ကံ၏အကျိုး မရှိ စသည်ဖြင့် မှားယွင်းစွာ ကြံစည်ယူဆခြင်းဟူသော ဤအမှု ၃-ပါးကို မနောဒုစရိုက်ဟု ခေါ်သည်။) သော၊ ထိုဒုစရိုက်တို့ကို ပြုသောသူသည်။ ဒုစ္စရိတပါရိပူရိယာ၊ မကောင်းမှု ဒုစရိုက်ကံတို့၏ ပြည့်ခြင်းကြောင့်။ အပါယေ၊ အပါယ် ၄-ဘုံ၌။ ဥပပဇ္ဇတိ၊ ဖြစ်၏–လို့ ပြဆားပါတယ်။

အဲဒါဟာ မျက်မှောက်ဘဝမှာ မိမိ၏ ကောင်းစားချမ်းသာရေး, မိမိနဲ့ စပ်တဲ့သူတွေ၏ ကောင်းစားချမ်းသာရေးအတွက် ဒီအမှုကို ငါမလုပ်ယင် မဖြစ်တော့ဘူးဆိုတဲ့ အနေနဲ့ စဲ့လမ်းပြီး သတ်မှု, ခိုးမှု စသည်တွေကို ပြုလုပ်တဲ့အတွက် အကုသိုလ်ကမ္မဘဝဖြစ်ပြီး အပါယ် ၄-ပါး ဘဝသစ် ဇာတိဖြစ်ပေါ်လာပုံ ပါဘဲ။

ကောင်းမှုကလဲ အမှားအမှန် ၂-မျိုးရှိတယ်

တချို့ကလဲ နောင်ဘဝ နောင်ကာလမှာ ချမ်းသာရအောင်လို့ ရည်ရွယ်ပြီး ကောင်းမှုတွေကို ပြုကြတယ်။ ဒီလိုပြုရာမှာ ကောင်းမှုဆိုတာကလဲ အမှားနဲ့ အမှန် ၂-မျိုးရှိတယ်၊ ကောင်းမှုကံ အမှန်ဆိုတာက အပြစ်ကင်းတယ်၊ အပြစ်မကင်းတဲ့ အမှုဆိုယင်ရော ကောင်းမှုကံ အမှန်မဟုတ်ဘူး၊ အမှားပါဘဲ။ ကောင်းမှုကံ အမှားဆိုတာ မကောင်းမှု အကုသိုလ်ကံပါဘဲ။

ကောင်းမှုကံမှားတော

ဘယ်လိုဟာလဲဆိုယင် တချို့က "ခရူတို့, ယောက်သ္ဌားတို့ ဒီလိုအကောင်တွေဟာ ဝဋ်ခံနေရတာဘဲ၊ ဒီလိုအကောင်တွေကို မြန်မြန်သေအောင် ရေနွေးနဲ့ပြုတ်ခြင်းစသည်ဖြင့် သတ်လိုက်ယင် ဝဋ်ကျွတ်သ္ဌားတယ်၊ ဒါကြောင့် အဲဒီလို သတ္တဝါတွေကို မြန်မြန်သေအောင်လုပ်တာဟာ ကုသိုလ်ရတယ်၊ ကောင်းမှုဖြစ်တယ်" လို့ ယူဆကြတယ်။ အဲဒီလိုလုပ်ရာမှာ သေရမည့်သတ္တဝါတွေကို မေးကြည့်ယင်

ပူရိယာ၊ မကောင်းမှု ဒုစရိုက်ကံတို့၏ ပြည့်ခြင်းကြောင့်။ အပါယေ၊ အပါယ် ၄-ဘုံ ၌။ ဥပပဇ္ဇတိ၊ ဖြစ်၏-လို ပြဆိုထားပါတယ်။

အဲဒီ အဆိုထဲမှ "မှားယွင်းသော ဘာသာတရားကို ကြားနာရခြင်း စသည်ကလှည့်စားထားတယ်"လို့ ဆိုရာမှာ စသည်အရဖြင့် သူယုတ်မာကို ဆရာတင်ပြီး မှီဝဲခြင်း, ရှေးဘဝ ရှေးကာလက ပြုခဲ့တဲ့ ကောင်းမှုမရှိခြင်း, မိမိကိုယ်ကို ကောင်းစွာမထားခြင်းတို့ကိုလဲ ယူရမယ်လို့ ဋီကာက ပြဆိုထားပါတယ်။ မှန်ပေတယ်။ သူယုတ်မာ လူမိုက်ကို ဆရာတင်ပြီး မှီဝဲနေလျှင် အဲဒီလူမိုက်ရဲ့ လုပ်ကိုင်ပုံတွေကို အကောင်းထင်ပြီး လိုက်လုပ်တတ်တယ်။ ရှေးက ကောင်းမှုကို မပြုခဲ့ဘဲ မကောင်းမှုကို အပြုမျှားလျှင်လဲ မကောင်းမှု ပြုဘို့ရာ အလေ့အကျင့်ရပြီး လွယ်ကူနေတတ်တယ်၊ အလဲ့အမှားတွေကိုမှ သဘောကျတတ်တယ်။ မိမိကိုယ်ကို ကောင်းစွာ မစောင့်ထိန်းတဲ့ သူကလဲ မကောင်းမှုကို ပြုဘို့ရာ အလွန် လွယ်ကူနေတတ်တယ်။ ဒါကြောင့် သူယုတ်မာကို ဆရာတင်ပြီး မှီဝဲခြင်းစသည်တွေဟာလဲ မကောင်းမှု အကုသိုလ် ဖြစ်ပွါးကြောင်းတွေပါဘဲ။ အဲဒါတွေကိုလဲ သတိပြုပြီး ရှောင်ကြဉ်ရတယ်၊ ပြုပြင် ပြောင်းလဲပေးရတယ်။

မှန်ကန်သောတရား ကြားရလျှင် ကောင်းမှုဖြစ်တယ်

မှန်ကန်သော ဘာသာရေးတရားကို "သဒ္ဓမ္မ=သူတော်ကောင်းတရား"လို့ ခေါ်တယ်၊ အဲဒီ သူတော်ကောင်းတရား=မှန်ကန်သော ဘာသာရေးတရားကို ကျင့်သုံးနေတဲ့သူဟာ သူတော်ကောင်းဘဲ၊ အဲဒီလို သူတော်ကောင်းကို မှီဝဲရတဲ့ သူမှာ သူတော်ကောင်း တရားတွေကို ကြားနာရတယ်၊ သတ်ခြင်း, ခိုးခြင်း, ဖောက်ပြား ကျူးလွန်ခြင်းဆိုတဲ့ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ပြီး ကာယသုစရိုက်ကို ကျင့်ရတယ်။ လိမ်ခြင်း, ဂုံးတိုက်ခြင်း, ဆဲရေးခြင်း, အပြိန်အဖျင်းပြောဆိုခြင်းဆိုတဲ့ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ပြီး ဝစီသုစရိုက်ကို ကျင့်ရတယ်။ သူတပါးဥစ္စာကို ကိုယ့်ဥစ္စာ အဖြစ်ဖြင့် မတရား မကြံရဘူး၊ သူတပါးကို သေကြေပျက်စီးပါစေလို့ မပြစ်မှား မကြံစည်ရဘူး၊ ကံ, ကံ၏အကျိုးရှိတယ်၊ နောင်တမလွန်ဘဝရှိတယ် စသည်ဖြင့် အမြင်မှန် ရှိစေရမယ်၊ အဲဒီလို မတရား မကြံခြင်း, အမြင်မှန် ရှိခြင်းဆိုတဲ့ မနောသုစရိုက်ကို ပွါးစေရတယ် – စသည်ဖြင့်

သူတော်ကောင်းတရား မှန်ကန်သော ဘာသာရေး တရားတွေကို ကြားနာရတယ်။ အဲဒီလို ဘာသာရေး တရားမှန်တွေကို ကြားနာရတဲ့ သူတွေကတော့ ကောင်းစား ချမ်းသာရေးအတွက် ရည်ရွယ်ပြီးတော့ ဒါန, သီလ, ဘာဝနာ ဆိုတဲ့ ကုသိုလ်ကောင်းမှု အစစ်အမှန်တွေကို ပြုလုပ်ကြတယ်။

ကောင်းမှုမှန် စိစစ်ချက်

ဒါန, သီလ, ဘာဝနာကို ကုသိုလ်ကောင်းမှု အစစ်အမှန်လို့ ဆိုရခြင်း၏ အကြောင်းကတော့ အဲဒီ အမှုတွေမှာ အပြစ်ကင်းလို့ ဆိုရတာပါဘဲ။ စဉ်းစားကြည့်ပါ၊ သူတပါးအား စေတနာကောင်းနဲ့ ပေးကမ်းလှူဒါန်းယင် အပေးအကမ်း ခံရတဲ့ သူတိုင်းက လက်ခံနိုင်ပါတယ်၊ သဘောကျပါတယ်၊ အဲဒါဟာ ယုံမှားဘွယ် မရှိပါဘူး။ ဒါကြောင့် အပြစ်ကင်းပါတယ်၊ အပြစ်ကင်းတဲ့အတွက် ပေးလှူတဲ့ ဒါနဟာ ကုသိုလ်အစစ် ဖြစ်ပါတယ်။ ထို့အတူ သတ်ခြင်း, ခိုးခြင်း, ဖောက်ပြားကျူးလွန်ခြင်း, လိမ်ခြင်းစသည်မှ ကြဉ်ရှောင်တဲ့ သီလဟာလဲ အပြစ်ကင်းပါတယ်၊ စဉ်းစားကြည့်ပါ၊ အသတ် မခံရတဲ့အတွက် မသတ်တဲ့သူကို ဘယ်သူက အပြစ်တင်မလဲ၊ အခိုးမခံရတဲ့အတွက် မခိုးတဲ့သူကို ဘယ်သူက အပြစ်တင်မလဲ၊ ကိုယ့်သားမယားကို မပြစ်မှားတဲ့အတွက် မပြစ်မှားတဲ့သူကို ဘယ်သူက အပြစ်တင်မလဲ၊ အလိမ် မခံရတဲ့အတွက် မလိမ်တဲ့သူကို ဘယ်သူက အပြစ်တင်မလဲ၊ ဂုံးအတိုက် မခံရတဲ့အတွက် ညီညွတ်ရေး ပျက်စေတတ်တဲ့ ဂုံးတိုက်စကားး မပြောတဲ့သူကို ဘယ်သူက အပြစ်တင်မလဲ၊ အဆဲမခံရတဲ့အတွက် မဆဲတဲ့သူကို ဘယ်သူက အပြစ်တင်မလဲ။ ဒါကြောင့် သတ်ခြင်း, ခိုးခြင်းစသည်မှ ရှောင်ကြဉ်တဲ့ သီလအကျင့်ဟာ အပြစ်ကင်းပါတယ်၊ အပြစ်ကင်းတဲ့အတွက် သီလဟာလဲ ကုသိုလ်အစစ် ဖြစ်ပါတယ်။

ထို့အတူ အရိုအသေပေးတဲ့သူကို အရိုအသေ အပေးခံရတဲ့သူက အပြစ်မတင်ဘူး၊ ကူညီဆောင်ရွက်တဲ့သူကို အကူအညီခံရတဲ့သူက အပြစ်မတင်ဘူး၊ ကုသိုလ်အဖို့ အမျှပေးဝေတဲ့သူကို သဒ္ဓါတရားရှိတဲ့သူတွေက အပြစ်မတင်ဘူး၊ မိမိပြုလုပ်တဲ့ ကုသိုလ်အတွက် သာဓုခေါ်တဲ့သူ ချီးမွမ်းတဲ့သူကို ကုသိုလ်ရှင်က အပြစ်မတင်ဘူး၊ သင့်လျော်တဲ့အခါ တရားဟောယင် တရားနာယင် ဟောသူ နာသူအချင်း

ချင်းလဲ အပြစ်မတင်ဘူး၊ ဘာဝနာအလုပ်ကို အားထုတ်နေတာဟာလဲ ဘယ်သူ့အကျိုးကိုမျှ မထိခိုက်တဲ့အတွက် ဘယ်သူကမျှ အပြစ်တင်ဘွယ်မရှိဘူး၊ ဒါကြောင့် အရိုအသေပေးခြင်း, ကူညီဆောင်ရွက်ခြင်း, အမျှဝေခြင်း, သာဓုခေါ်ခြင်း, တရားဟောခြင်း, တရားနာခြင်း, ဘာဝနာအလုပ်ကို အားထုတ်ခြင်းဆိုတာတွေဟာလဲ ကုသိုလ်အစစ်ချည်းပါဘဲ။

ကုသိုလ်ကမ္မဘဝဖြစ်ပုံ

ယခုဘဝတွင်ဘဲ ကြီးပွါးချမ်းသာအောင် ဖြစ်စေ, နောင် ဘဝများမှာ လူ့ချမ်းသာ နတ်ချမ်းသာတွေကို ရအောင်ဖြစ်စေ ရည်ရွယ်ပြီးတော့ ယခုပြောခဲ့တဲ့ ဒါန, သီလအစရှိသော ကုသိုလ်အမှုတွေကိုပြုယင် အဲဒါတွေဟာ ကာမုပါဒါန်ကြောင့်ဖြစ်တဲ့ ကုသိုလ်ကမ္မဘဝတွေဘဲ၊ ဒီ ကုသိုလ် ကမ္မဘဝတွေကြောင့် အကြောင်းညီညွတ်တဲ့အခါ လူ့ ဘဝမှာလဲ ဖြစ်ရမယ်၊ နတ်ပြည် ၆-ထပ်က နတ်ဘဝတွေမှာလဲ ဖြစ်ရမယ်။ အဲဒီလို ဖြစ်ပုံကိုလဲ ဝိသုဒ္ဓိမဂ် (၃-၂၀၉)မှာ ဒီလိုပြဆိုထားပါတယ်—

အပရော၊ တပါးသောသူသည်။ (ရှေးနားက ပြောခဲ့တဲ့သူတွေမှ တပါးသောသူလို့ ဆိုပါတယ်။) သဒ္ဓမ္မသဝနာဒီဟိ၊ ဘာသာတရားမှန်ဟူသော သူတော်ကောင်းတရားကို ကြားနာရခြင်း စသည်တို့က။ ဥပဇ္ဈာဟိတဉ္ဉကော၊ ပွါးစေအပ်သော အသိအမြင် ရှိသည် ဖြစ်၏။ (မူလကပင် ကံ,ကံ၏ အကျိုးရှိတယ် စသည်ဖြင့် ယုံကြည် သိမြင်တဲ့ ကမ္မဿကတဉ္ဉာဏ် ရှိနေရာမှာ ကုသိုလ်ကံကို ပြုလျှင် လူ့လောကဌ် မင်းမျိုး, သေဋ္ဌေးမျိုး စသည်မှာ ဖြစ်နိုင်တယ်၊ စတုမဟာရာဇ် တာဝတိံသာစသော နတ်ပြည် ၆-ထပ်မှာ ဖြစ်နိုင်တယ်၊ နတ်တို့၏ အသက်က လူတို့၏ နှစ်အားဖြင့် အောက်ထစ်ဆုံး အနှစ် ကိုးသန်း အသက်ရှည်တယ်၊ နတ်စည်းစိမ် ချမ်းသာတွေက မည်သို့ မည်ပုံ ကြီးကျယ်တယ် စသည်ဖြင့် ဘာသာ တရားမှန်ကို ကြားနာရသောကြောင့် မူလက အသိအမြင်ထက် ကျယ်ပြန့်လာသည်ဟု ဆိုလို၏။) ဣမိနာဂကမ္မေန၊ မသတ်ခြင်း မခိုးခြင်း စသော ဤသုစရိုက် အမှုဖြင့်။ ကာမာ၊ လူ့လောက နတ်လောက ကာမဂုဏ်တို့သည်။ သမ္ပတ္တိ ဒေ ဒေ ဒီတိ၊ ပြည့်စုံကြလိမ့်မည်ဟူ၍။ မည်မာနော၊ ထင်မှတ် မြှော်လင့်လျက်။

ကာမုပါဒါနဝသေန၊ ကာမုပါဒါန်၏ အစွမ်းအားဖြင့်။ ကာယသုစရိတာဒီနိ၊ ကာယသုစရိုက် စသည်တို့ကို။ ကရောတိ၊ ပြုလုပ်၏။ သော၊ ထိုကာယသုစရိုက် စသည်တို့ကို ပြုသော သူသည်။ သုစရိတပါရိပူရိယာ၊ သုစရိုက်တို့၏ ပြည့်ခြင်းကြောင့်။ဒေဝေသု ဝါ၊ နတ်တို့၌သော်၎င်း။ မနုဿေသု ဝါ၊ လူတို့၌သော်၎င်း။ ဥပပဇ္ဇတိ၊ ဖြစ်၏–လို့ ပြဆိုထားပါတယ်။

ကမ္မဘဝကြောင့် ဇာတိပေါ်ပုံ

ယခု ပြောခဲ့တဲ့အတိုင်း အကုသိုလ်ကံကြောင့် အပါယ် ၄-ပါးမှာ ဖြစ်ရတာလဲ "ဘဝပစ္စယာ ဇာတိ"လို့ ဟောထားတဲ့အတိုင်း ကမ္မဘဝကြောင့် ဘဝအသစ် ဖြစ်ပေါ်မှုဇာတိဘဲ၊ ကုသိုလ်ကံကြောင့် လူ့ဘဝ နတ်ဘဝမှာ ဖြစ်ရတာလဲ ကမ္မဘဝကြောင့် ဘဝ အသစ် ဖြစ်ပေါ်မှုဇာတိဘဲ။ အဲဒါကို ဆောင်ပုဒ်မှာ "ဖဿ ၆-ဖြာ ဝေဒနာကြောင့်၊ တဏှာ ၆-တန် ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း ကံဆင့်လောင်းရ၊ ဆိုးကောင်းဘဝ ဖြစ်ရပြန်ရာ"လို့ ဆိုထားပါတယ်။

အာရုံ ၆-မျိုးနဲ့ ကွေ့ထိပြီး ခံစားရတဲ့အတွက် အဲဒီ အာရုံ ၆-မျိုးနဲ့ စပ်ပြီး တပ်မက်သာယာတဲ့ တဏှာ ၆-မျိုး ဖြစ်ပေါ်လာတယ်၊ အဲဒီတဏှာက ရင့်လာတော့ စွဲလမ်းမှု ဥပါဒါန် ဖြစ်လာတယ်၊ အဲဒီ စွဲလမ်းမှုကြောင့် စွဲလမ်းတဲ့အတိုင်း ပြည့်စုံရအောင် အကုသိုလ် အမှု, ကုသိုလ် အမှုတွေကို ပြုလုပ်တယ်၊ အဲဒီလို ပြုလုပ်တာဟာ ဘဝသစ်တဖန် ဖြစ်ဘို့ရန်အတွက် အကြောင်းကံ တဆင့် တိုးလာပြန်တာဘဲ။ ဒါကြောင့် "ဖြစ်ရန် အကြောင်း ကံဆင့် လောင်းရ" လို့ ဆိုထားပါတယ်။

ရှေးဘဝက အဝိဇ္ဇာ သင်္ခါရ အစရှိသော အကြောင်းကြောင့် ယခုဘဝ၌ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရား ငါးပါး ဖြစ်နေရာမှာ နောက်ထပ် တဖန် ဘဝသစ်ဖြစ်ဘို့ရာ တဏှာနဲ့ ဥပါဒါန်အရင်းခံပြီး ကံအသစ် နောက်ထပ် တိုးလာပြန်ပြီ-လို့ ဆိုလိုပါတယ်။ ဥပမာ အားဖြင့် ရာဇဝတ်အပြစ်မှု တခုကြောင့် ထောင်ကျ နေရာမှာ အမှုပြစ်တခုကို ထပ်ပြီး ကျူးလွန်မိတာနဲ့လဲ တူပါတယ်။ တနည်းအားဖြင့် ကြွေးတင်နေတဲ့ သူဟာ

ကြေးဟောင်းကို ဆပ်လို့မှ မပြေလယ်သေးခင် နောက်ထပ်ကြေးသစ် ယူရတာ နဲ့လဲ တူပါတယ်။

ဒီလို ကံအသစ်တွေကတော့ တဘဝ တဘဝအတွင်းမှာ နောက်ထပ် ဖြစ်တာ တွေဟာ သိန်းသန်းမက အများကြီး ရှိပါတယ်။ အဲဒီ ကံတွေထဲမှ အကြောင်း ညီညွတ်လျှင် တခုသော ကံက ယခုဘဝ သေခါနီးမှာ ထင်ပေါ် လာပြီးတော့ ဘဝသစ်ကို ဖြစ်စေတယ်၊ ကျန်တဲ့ကံတွေကတော့ နောက်ဘဝတွေမှာ အကြောင်း ညီညွတ်တဲ့အခါ ဘဝသစ်ကို ဖြစ်စေလိမ့်မယ်။ ရှေးဘဝတွေမှ ကံကြွင်းတွေက အားကြီးလို့ရှိယင် ယခုဘဝ ကံက အကျိုးပေးခွင့် မရဘဲ အဲဒီ ရှေးကံကဘဲ သေ ခါနီးမှာ ထင်ပေါ်လာပြီး ဘဝသစ်ကို ဖြစ်စေတယ်။ အဲဒီလို ကံသစ်ကြောင့် ဘဝသစ် ဖြစ်ရပြန်တယ်ဆိုတာကို ရည်ပြီးတော့ "ကံဆင့်လောင်းရ ဆိုးကောင်း ဘဝ ဖြစ်ရပြန်ရာ"လို့ ဆိုထားပါတယ်။ အကုသိုလ် ကံသစ်က အခွင့်သင့်လို့ အကျိုးပေးယင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဆိုတဲ့ အပါယ် ဘဝဆိုး တွေ ဖြစ်ရလိမ့်မယ်၊ ကုသိုလ်ကံသစ်က အကျိုးပေးယင် လူ့ဘဝ နတ်ဘဝဆိုတဲ့ ဘဝကောင်းတွေ ဖြစ်ရလိမ့်မယ်။ ဒီနေရာမှာ ကံက အကျိုးပေးပုံကို ကံ ၄-ပါး နဲ့ ခွဲပြီး ပြောဦးမယ်။

ကံ ၄-ပါး

အကျိုးပေးပုံ အစဉ် အားဖြင့် ကံဆိုတာ ဂရုကံ, ဗဟုလကံ, အာသန္နကံ, ကဋတ္တာကံ-လို့ ၄-ပါး ရှိပါတယ်။ ဂရုကံ ဆိုတာ အကုသိုလ်ဘက်က ဆိုလျှင် မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃ ဘေဒက ဆိုတဲ့ ကံကြီး ငါးပါးပါဘဲ၊ ကုသိုလ်ဘက်က ဆိုလျှင်တော့ ရူပ, အရူပ ကုသိုလ်ကံတွေပါဘဲ။ ဒီ ဂရုကံ ရှိနေလျှင် တခြားကံက အကျိုးမပေးနိုင်တော့ ဘူး၊ ဒီဂရုကံကဘဲ ဘဝသစ်အကျိုးကို ပေးတယ်။ အဲဒီ ဂရုကံတွေထဲမှာ ရူပ, အရူပစျာန် ကုသိုလ်ဆိုတဲ့ ဂရုကံတွေရှိနေလျှင် အဲဒီ စျာန်ကုသိုလ်ကံကဘဲ ရူပ ဘဝ, အရူပ ဘဝသစ်ကို ဖြစ်စေတယ်။ အဲဒီ စျာန်ကံ အကြောင်းကိုတော့ တော်တော်ကြာမှဘဲ ပြောရမယ်။

အကုသိုလ်ဂရုကံကြီးတွေ ရှိနေတဲ့ သူမှာတော့ စျာန်မဂ်ဖိုလ် တရားထူးတွေ ကိုလဲ မရနိုင်ဘူး၊ သေသည်၏ အခြားမဲ့မှာလဲ အဲဒီ အကုသိုလ် ဂရုကံကဘဲ

ငရဲဘဝကို ဖြစ်စေတယ်။ ဒါကြောင့် အဲဒီ ကံကြီးတွေကို "ပဉ္စာနန္တရိယကံ"လို့လဲ ခေါ်ပါတယ်၊ သေသည်၏ အခြားမဲ့မှာ ငရဲ ဘဝသို့ မုချ ရောက်စေတတ်တဲ့ ကံကြီးငါးပါးလို့ ဆိုလိုပါတယ်။ အဲဒီ ငါးပါးထဲက မာတုဃာတကကံ ဆိုတာ အမိရင်းကိုသတ်တဲ့ ကံဘဲ၊ ပိတုဃာတကကံ ဆိုတာ အဘ အရင်းကို သတ်တဲ့ ကံဘဲ၊ အဲဒီလို သတ်ရာမှာ အမိ အဘမှန်း သိပြီး သတ်သည် ဖြစ်စေ, မသိလို့ ရန်သူ ထင်မှတ်ပြီး သတ်သည်ဖြစ်စေ အမိအဘရင်းတွေ သေသွားလျှင် မာတုဃာတကကံ, ပိတုဃာတကကံ ထိုက်တော့တာဘဲ။ အဲဒီ ပုဂ္ဂိုလ်ဟာ ဒီဘဝမှာ စျာန်မဂ်ဖိုလ်တရားကို မရနိုင်တော့ဘူး၊ သေသည်၏အခြားမဲ့မှာလဲ ငရဲကို မုချ ရောက်ရတော့မှာဘဲ၊ ဘယ်လို ကုသိုလ်ကံကမျှ မကယ်နိုင်တော့ဘူး။ အဲဒါကို အဇာတသတ်မင်းဝတ္ထုဖြင့် သိနိုင်ပါတယ်။

အဇာတသတ်မင်းဝတ္ထု

အဇာတသတ်မင်းဆိုတာ မဂဓတိုင်းပြည် ရာဇဂြိုဟ်မြို့မှာ ထီးနန်းစိုက်ထူပြီး နေတဲ့ ဗိမ္ဗိသာရမင်းကြီး၏ သားတော်ဖြစ်ကြောင်း အမျှားလဲ သိကြပြီး ဖြစ်ပါတယ်။ အဲဒီ ဗိမ္ဗိသာရမင်းကြီး ဆိုတာ သာမန်ပုဂ္ဂိုလ် မဟုတ်ပါဘူး၊ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ကို ပဌမ ကြွလာစဉ်မှာ တသိန်းနှစ်သောင်းသော လူထု ပရိသတ်နှင့် ခရီးဦးကြိုဆိုပြီး တရားနာလို့ သောတာပန်လဲ ဖြစ်နေတယ်၊ ဝေဠုဝန်ခေါ်တဲ့ ဥယျာဉ်တော်ကြီးကိုလဲ ကျောင်းအဖြစ်ဖြင့် သိတင်းသုံးရန် မြတ်စွာဘုရားအား လှူတယ်၊ ဒါကြောင့် မြတ်စွာဘုရား၏ ကျောင်းဒကာ, ပစ္စည်းလေးပါး ဒကာကြီးလဲ ဖြစ်တယ်။ သူ့သားတော်ကို အဇာတသတ်လို့ ခေါ်တာကတော့ မမွေးခင်ကတည်းက မင်းကြီး၏ ရန်သူ ဖြစ်လိမ့်မယ်လို့ နိမိတ်ဖတ်ဟောကြားထားတဲ့အတွက် ခေါ်ခြင်းဖြစ်ပါတယ်။

အဲဒီလို ဖြစ်ပုံကတော့ အဲဒီမင်းသား ကိုယ်ဝန်ရှိစဉ်မှာ မယ်တော် မိဖုရားကြီးအား မင်းကြီး၏ လက္ခဏာလက်မောင်းသွေးကို သောက်လိုတဲ့ တောင့်တခြင်း(ချင်ခြင်း)ဖြစ်ပါတယ်။ ဒါပေမဲ့ မိဖုရားကြီးက "အင်မတန်ဝန်လေးတဲ့ မသင့်လျော်ရာမှာ ချင်ခြင်းဖြစ်တယ်၊ မပြောသင့်ဘူး" လို့ ယူဆပြီး လျှို့ဝှက်ထားတယ်၊ ချုပ်တီးသည်းခံပြီး နေတယ်။ ဒါနဲ့ တဖြည်းဖြည်းချင်း မိဖုရားကြီးဟာ ပိန်ချုံး

ကျလာတယ်။ အဲဒါကို မြင်ရတော့ ပိန်ချုံးရခြင်း၏ အကြောင်းကို မင်းကြီးက မေးတယ်။ ဒီအကြောင်း မမေးပါနဲ့လို့ မိဖုရားကြီးက တားမြစ်ပြီး မပြောဘဲ နေတယ်။ ရှင် မိဖုရား....သင်ဟာ ငါ့ကိုမှ မပြောယင် ဘယ်သူကို ပြောမှာလဲ-လို့ မေးတော့မှ မလွဲသာလို့ ထုတ်ဖော်ပြီး ပြောရတယ်။

အဲဒီလို ပြောတဲ့အခါကျတော့ "ဟဲ့ အမိုက်မ....ဒီအရာမှာ ဝန်လေးတယ်လို့ သင် ဘာကြောင့် ထင်မှတ်နေသလဲ၊ ဝန်မလေးပါဘူး"လို့ဆိုပြီး ဆေးဆရာခေါ်တယ်၊ လက်မောင်းသွေးကို ထုတ်စေပြီး ရေနဲ့ရောတိုက်တယ်။ အဲဒီ အကြောင်းကို ကြားသိရတော့ နိမိတ်ဖတ်ကြားတဲ့သူတွေက "မိဖုရားကြီးရဲ့ ဝမ်းထဲမှာရှိတဲ့ သူငယ်ဟာ မင်းကြီး၏ ရန်သူဖြစ်လိမ့်မယ်၊ မင်းကြီးကို သတ်လိမ့်မယ်"လို့ နိမိတ်ဖတ်ကြားကြတယ်။ အဲဒါကို အကြောင်းပြုပြီး မင်းသားကို "အဇာတသတ္တု"လို့ ပါဠိလို ခေါ်ကြပါတယ်။ အဇာတ=မမွေးခင်ကတည်းက+သတ္တု=ခမည်းတော် မင်းကြီးရဲ့ ရန်သူ=နှစ်ပုဒ် ပေါင်းလိုက်တော့ "မမွေးခင်ကတည်းက ရန်သူဖြစ်နေတယ်"လို့ ဆိုလိုပါတယ်၊ အဲဒီမှာ အဇာတသတ္တုဆိုတဲ့ ပါဠိကို "အဇာတသတ်"လို့ မြန်မာလို ပြန်ဆိုထားပါတယ်။

မိဖုရားကြီးက ငါ့ဗိုက်ထဲက သားဟာ မွေးလာယင် မင်းကြီးကို သတ်လိမ့်မယ်; ကိုယ်ဝန်ပျက်အောင် လုပ်မယ်လို့ ကြံပြီးတော့ ဥယျာဉ်ကို သွားသွားပြီး ဝမ်းဗိုက်ကို နှိပ်နယ်စေပါတယ်၊ ဒါပေမဲ့ မင်းကြီးရဲ့ကံနဲ့ သူ့ကံအကြောင်းက အားကြီးနေတော့ ကိုယ်ဝန်က မပျက်ဘူး။ ဥယျာဉ်ကို သွားသွားပြီး ကိုယ်ဝန်ပျက်အောင် နှိပ်နယ်စေတယ် ဆိုတဲ့ အကြောင်းကို မင်းကြီးက ကြားသိရတော့ "ရှင်မိဖုရားရေ.... ကိုယ့်ဗိုက်ထဲက သူငယ်ဟာ သားရယ်, သမီးရယ်-လို့ အတပ်မသိပါဘဲနဲ့ ဒီလို မလုပ်ပါနဲ့ကွယ်၊ မကောင်းသတင်း ကျော်ကြားသွားပါလိမ့်မယ်"လို့ ပြောပြီး တားမြစ်ပါတယ်။ အဲဒီလို မလုပ်ရအောင် အစောင့်အရှောက်လဲ ပေးထားပါတယ်။ ဒီလိုနဲ့ ဖွားမြင်ပြီး အရွယ်ရောက်လာတဲ့အခါမှာ အဇာတသတ်မင်းသားကို အိမ်ရှေ့မင်းအဖြစ် ပေးထားပါတယ်။

အရှင်ဒေဝဒတ်ဆိုတာ အမျှားဘဲ ကြားဘူးကြပါတယ်၊ အဲဒီ အရှင်ဒေဝဒတ်က အဇာတသတ်မင်းသားကို ဒီလို တန်ခိုးပြတယ်၊ သူ့ကိုယ်ကို သူငယ်ကလေးအသွင် အဘိညာဉ်တန်ခိုးဖြင့် ဖန်ဆင်းပြီးတော့ သူ့ခါးမှာ မြွေကိုပတ်ပြီး

အဇာတသတ်မင်းသားရဲ့ ရင်ခွင်ထဲမှာ ဝင်ထိုင်တယ်၊ ဒီတော့ အဇာတသတ်မင်းသားဟာ အလွန် ကြောက်လန့်သွားတယ်၊ အဲဒီအခါ အရှင်ဒေဝဒတ်က "မင်းသားကလေး....ကြောက်သလား"လို့ မေးတယ်။ ကြောက်ပါတယ်၊ သင် ဘယ်သူလဲလို့ မေးတော့ "ငါဟာ ဒေဝဒတ်ရဟန်းဘဲ"လို့ ပြောပါတယ်။ အရှင် ဒေဝဒတ်ဆိုယင် ရဟန်းအသွင်နဲ့ဘဲ တည်နေပါလို့ ဆိုတော့ မင်းသားရဲ့ရှေ့မှာ အရှင်ဒေဝဒတ်က ရဟန်းအသွင်နဲ့ ပကတိအတိုင်း ရပ်တည်နေပါတယ်။ အဲဒီလို တန်ခိုးပြတာကို မြင်ရတဲ့အတွက် အဇာတသတ်ဟာ အရှင်ဒေဝဒတ်ကို အလွန် အမင်း ကြည်ညိုသွားပါတယ်။

ဟုတ်တယ် လူတွေက တန်ခိုးပြတာကို သိပ်သဘောကျတယ်၊ ယခုကာလမှာ မော်ဆရာတွေ ဂိုဏ်းဆရာတွေက အထူးအဆန်း တခုလောက် ပြလိုက်ယင် သိပ်ယုံကြည်တတ်ကြတယ်၊ အကြားအမြင်သဘောကလေးတခုလောက် ကြားသိရယင်လဲ သိပ်ယုံကြည်တတ်ကြတယ်။ ဒါကြောင့် အဇာတသတ်မင်းသားလဲ အရှင်ဒေဝဒတ်ကို အလွန်ကြည်ညိုပြီး နေ့စဉ် နံနက်တကြိမ် ညနေတကြိမ် အခြေအရံ ရထားငါးရာနဲ့ အရှင်ဒေဝဒတ်ထံ သွားရောက် ဆည်းကပ်တယ်၊ ဩဝါဒခံတဲ့ သဘောပါဘဲ။ အဲဒီလို ရင်းရင်းနှီးနှီး ဆည်းကပ်တဲ့အခါ တနေ့ကျတော့ အရှင်ဒေဝဒတ်က ဒီလို ဩဝါဒပေးသတဲ့—

ကုမာရ၊ မင်းသား။ ပုဗ္ဗေ၊ ရှေးကာလ၌။ မနုဿာ၊ လူတို့သည်။ ဒီဃာယုကာ၊ အသက်ရှည်ကုန်၏။ တေရဟိ၊ ယခုအခါ၌မူ။ အပ္ပါယုကာ၊ အသက်တိုကုန်၏။ (အသက်တိုတဲ့အတွက် သင့်ခမည်းတော် နတ်ရွာစံပြီးမှ မင်းဖြစ်ရမယ်ဆိုယင် အဖိုးအိုကြီး ဖြစ်နေလိမ့်မယ်၊ စည်းစိမ်ခံဘို့အချိန် မရှိတော့ဘဲ ဖြစ်နေလိမ့်မယ်လို့ ဆိုလိုပါတယ်။) တေနဟိ၊ ထိုအကြောင်းကြောင့်။ ကုမာရ၊ မင်းသား။ တုံ၊ သင်သည်။ ပိတရံ ဟန္တွာ၊ ဖခင်မင်းကြီးကိုသတ်၍။ ရာဇာ ဟောဟိ၊ မင်းလုပ်ပါ။ အဟံ၊ ငါသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဟန္တွာ၊ သတ်၍။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ သင်က ခမည်းတော်မင်းကြီးကို သတ်ပြီး မင်းလုပ်၊ ငါကလဲ ဘုရားကိုသတ်ပြီး ဘုရားလုပ်မယ်လို့ ဒီလို ဩဝါဒပေးသတဲ့။ (ဒီဃ ၁၊၁၂၄)

တယ် ကြောက်စရာကောင်းတဲ့ သြဝါဒဘဲ၊ ဗာလခေါ်တဲ့ လူမိုက်ဆိုတာ ဒီလို မတော်တဲ့ သြဝါဒကို ပေးတတ်တာဘဲ၊ လူမိုက်တွေရဲ့ အမြင်နဲ့ ကြည့်ယင်တော့ မျက်မှောက် လက်ငင်း ကြီးပွါးချမ်းသာရေးကို ညွှန်ကြားတဲ့အတွက် သဘာဝကျတယ်လို့ ထင်မှာဘဲ၊ ယခုခေတ်မှာလဲ နောင်သံသရာကို လုံးဝပယ်ပြီး မျက်မှောက်အကျိုးလောက်သာ ယုံကြည်တဲ့သူတွေက ဒီ ဝါဒကို ထောက်ခံကြကောင်း ထောက်ခံကြပေလိမ့်မယ်၊ ဒါကြောင့်ဘဲ ယခုခေတ်မှာ ဒီလို သြဝါဒကို ပေးတဲ့သူကပေး ယုံတဲ့သူကယုံပြီး အဇာတသတ် လက်သစ်တွေ ပေါ်နေကြတာဘဲ။

ဒါပေမဲ့ အဇာတသတ် မင်းသားကတော့ ကုသိုလ်က် အကုသိုလ်ကံနဲ့ နောင်သံသရာကို မပယ်ပါဘူး၊ ယုံကြည်မှု ရှိပါတယ်။ ဒါကြောင့် "အဖကို ခေါ်ဖြင့် မသတ်ကောင်းဘူး မဟုတ်ပါလား" လို့ သူက ဆရာဒေဝဒတ်ကို မေးပါသေးတယ်။ ဒါပေမဲ့ အရှင်ဒေဝဒတ်ကို သူက အကြွင်းမဲ့ ယုံကြည်ထားတယ်၊ အရှင်ဒေဝဒတ် မသိတာမရှိဘူး၊ အကုန်လုံး သိတယ်လို့ ယုံကြည်ထားတယ်။ ဒါကြောင့် အရှင်ဒေဝဒတ်၏ သြဝါဒအဝိုင်း ဖခင်မင်းကြီးကို သတ်ရန် ကြိုးစားတယ်၊ အဲဒီလို ကြိုးစားရာမှာ လက်နက်နှင့်တက္ကဖမ်းမိလို့ မင်းကြီးထံ တင်ပြကြတယ်။ အဲဒီအခါ "သားတော်....ငါ့ကို ဘာကြောင့် သတ်ချင်ရသလဲ" လို့ မင်းကြီးက မေးတယ်။ မင်းဖြစ်ချင်လို့ပါ-လို့ မင်းသားက ဖြေတယ်။ ဒီတော့ မင်းကြီးက အဇာတသတ်ကို မင်းအဖြစ် ပေးလိုက်ပါတယ်။

ဒါပေမဲ့ သူ့ဆရာ အရှင်ဒေဝဒတ်က "ဒီလို မင်းအဖြစ်ကို လဲပြောင်းပေးရုံနဲ့ စိတ်မချရသေးဘူး၊ မကြာခင် သင့်အဖက ပြန်ပြီး မင်းလုပ်လိမ့်မယ်၊ အမြစ်ပြတ် သတ်ရမယ်" လို့ ညွှန်ကြားပြန်ပါတယ်။ ဒီတော့ အဇာတသတ်က "အဖကို ခေါ်ဖြင့် မသတ်ကောင်းဘူး မဟုတ်ပါလား" လို့ ခုတင်က ပြောခဲ့တဲ့ အတိုင်း ပြန်ပြီး မေးပါတယ်။ အစာဖြတ်ပြီး သတ်ဖို့ အရှင်ဒေဝဒတ်က ညွှန်ကြားတယ်။ အဲဒီညွှန်ကြားချက်အရ အဇာတသတ်က ခမည်းတော် မင်းကြီးကို အကျဉ်းထောင်ထဲ ချထားတယ်၊ မယ်တော်ကြီးမှတပါး မည်သူမျှ မဝင်စေရ-လို့လဲ အမိန့်ထုတ်ထားတယ်။

ဒီတော့ မယ်တော် မိဖုရားကြီးက ရှေထမင်းအုပ်ကို ခါးပိုက်ထဲမှာ ထည့်ပြီး မင်းကြီးထံ ဝင်တယ်၊ မင်းကြီးဟာ အဲဒီ မိဖုရားကြီး ယူလာတဲ့ ထမင်းနဲ့ မျှတပြီး နေရရှာတယ်။ နောက်တော့ အဲဒီလို ခါးပိုက်ထဲထည့်ပြီး မဝင်ဘဲ အမိန့်ထုတ်ပြန်တယ်။ ဒီတော့ မိဖုရားကြီးက ဆံထုံးထဲ ထည့်ပြီး ဝင်ပြန်တယ်၊ အဲဒါကိုလဲ တားမြစ်ပြန်တော့ ရှေခြေနင်းဘီနပ်ထဲ ထည့်ပြီး ဝင်ပြန်တယ်။ အဲဒါကိုလဲ တားမြစ်ပြန်တော့ နံ့သာရေနဲ့ စင်ကြယ်အောင် ရေချိုးပြီးတော့ ကိုယ်မှာ စတုမဓူနဲ့ လိမ်းကျံပြီး ဝင်ပြန်တယ်၊ မင်းကြီးလဲ မိဖုရားကြီးရဲ့ကိုယ်မှ စတုမဓူကို လျှာနဲ့ လျက်ပြီး မျှတနေရရှာတယ်။ အဲဒါကိုလဲ ကြားသိရတော့ မယ်တော် မိဖုရားကြီးအား ဝင်ခွင့်မပြုရန် အမိန့်ပေးလိုက်ပါတယ်။ အဲဒီအခါမှာ မိဖုရားကြီးလဲ ဝင်ခွင့်မရတာနဲ့ တံခါးဝကရပ်ပြီး နောက်ဆုံးစကားကို ဒီလို ပြောကြားလိုက်ပါသတဲ့—

သာမိ ဗိမ္ဗိသာရ၊ အရှင်ဗိမ္ဗိသာရရေ။ ငေါ်၊ ဤသားမိုက်ကို။ ဒဟရကာလေ၊ ငယ်စဉ်ကာလတုန်းက။ မာရေတုံ နှ အဒါသိ၊ သတ်ဖို့ အခွင့်မပေးခဲ့ချေ။ အတ္တနော သတ္တုံ၊ မိမိ၏ ရန်သူကို။ အတ္တနာဝ ပေါသေသိ၊ မိမိကိုယ်တိုင်ပင် မွေးမြူခဲ့ဘိ၏။ ဒါနိ၊ ယခုအခါ၌။ ဣဒံ၊ ဤ တွေ့မြင်ရခြင်းသည်။ ဝေ၊ သင် မင်းကြီးကို။ ပစ္ဆိမဒဿနံ၊ နောက်ဆုံး ဖူးမြင်ရခြင်း ဖြစ်ပါတော့သည်။ ဣတော ပဋ္ဌာယ၊ ယခုအခါမှ စ၍။ အဟံ၊ ကျွမသည်။ တုမှေ၊ အသင်မင်းကြီး တို့ကို။ ပဿိတုံ နှ လဘာမိ၊ ဖူးမြင်ခွင့် မရတော့ပါ။ မယုံ ဒေါသော၊ ကျွမ၏ အပြစ်သည်။ သစေ အတ္ထိ၊ အကယ်၍မျှား ရှိခဲ့ငြားအုံ့။ ခမထ ဒေဝါတိ၊ သည်းခံတော်မူပါ အရှင်မင်းကြီး ဟူ၍။ ရောဒိတ္ဝာ ကန္ဒိတ္ဝာ၊ ငိုကြွေးမြည်တမ်း၍။ နိဝတ္တိ၊ ပြန်သွားရှာ လေတော့သတည်း-တဲ့။

အဲဒါဟာ မိဖုရားကြီး ငိုချင်းချပြီး ပြန်သွားပုံကို ပြဆိုထားတဲ့ အဋ္ဌကထာ စကားပါဘဲ၊ လေးလေးနက်နက် စဉ်းစားကြည့်ယင် အတော်ကို ရင်နင့်စရာ ကောင်းပါတယ်။ အဲဒီနေ့ကစပြီး မင်းကြီးမှာ အစာအာဟာရ ပြတ်တော့ တာဘဲ၊ ဒါပေမဲ့ မင်ဖိုလ်ချမ်းသာနဲ့ စကြဲလျှောက်နေတဲ့အတွက် နေသာ ထိုင်သာ မျှတပြီးနေသတဲ့။ စကြဲလျှောက်နေလို့ မျှတနေတယ် ဆိုတာကို ကြားရပြန်တော့ အဇာတသတ်မင်းက စကြဲမလျှောက်နိုင်အောင် ဒီလို အမိန့်ပေးလိုက်သတဲ့—

မယုံ ပိတု၊ ငါ့ခမည်းတော်၏။ ပါဒေ၊ ခြေဖဝါးတို့ကို။ ခုရေန ဖာလေတ္တာ၊ သင်ဓုန်းဖြင့် ခွဲ၍။ လောဏတေလေန မက္ခေတ္တာ၊ ဆားနှင့်ရောသော ဆီဖြင့် လိမ်းကျံ၍။ ခဒိရင်္ဂါရေဟိ ဝိတစ္ဆိကေဟိ ပစထ၊ မီးလျှံကင်းသော ရှာမီး ကျီးတို့ဖြင့် ကင်မြှိုက်ကြလေ-လို့ အမိန့်ပေးပြီး ဆတ္တာသည်တွေကို စေလွှတ် လိုက်ပါသတဲ့။ (ဒီ ဌ ၁-၁၂၅)

ဆတ္တာသည်တွေလဲ အဇာတသတ်မင်း၏ အမိန့်အတိုင်း မင်းကြီးထံ သွားရောက်ပြီး ခြေဖဝါးတွေကို သင်ဓုန်းဓားနဲ့ အမြှာမြှာ လှီးခဲ့ ဆားနဲ့ရောသော ဆီနဲ့ လိမ်းကျံပြီး ရှာမီးကျီးနဲ့ မီးမြှိုက်ကြ ကင်ကြပါတယ်၊ ဗိမ္ဗိသာရ မင်းကြီး မှာ အကြီးအကျယ် ဒုက္ခဝေဒနာတွေ ဖြစ်ပြီး နတ်ရှာစံ ကံတော်ကုန် သွား ရှာပါတယ်။ မင်းကြီးက သောတာပန် ·ဖြစ်တဲ့အတွက် သေဆုံးခါနီးအထိ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်တွေကို အောက်မေ့ရင်း စုတိစိတ်ကျပြီး စတုမဟာရာဇ်နတ်ပြည်မှာ ဇနဝသဘ မည်သော နတ်ဘီလူးမင်း ဖြစ်သွားပါ သတဲ့။ အဲဒီမှာ ခြေဖဝါး ဓားနဲ့ အခွဲခံရခြင်း အကြောင်းကို အဋ္ဌကထာ (ဒီ ဌ၊၁-၁၂၆) မှာ ဒီလို ပြထားပါတယ်။

ရာဇာ၊ ဗိမ္ဗိသာရမင်းသည်။ ပုဗ္ဗေ၊ ရှေးဘဝတခု၌။ စေတိယင်္ဂဏော၊ စေတီ ယင်ပြင်၌။ သဉ္ဇပါဟနော၊ ဘိနပ်စီးလျက်။ အဂမာသိ ကိရ၊ သွားဘူးသတဲ့။ (ဒါလဲ အကြောင်းတခုလို့ ဆိုလိုပါတယ်။) နိသဇ္ဇနတ္ထာယ – (ဘိက္ခုသံဃနိသီ-ဒနတ္ထာယ) ပညတ္တကဋ္ဌသာရကဋ္ဌ၊ ရဟန်းသံဃာတော်တို့ ဂိုဏ်ဘို့ ခင်းထား သော သင်ဖျာကိုလည်း။ အဓောတေဟိ ပါဒေဟိ၊ မဆေးအပ်သော ခြေတို့ဖြင့်။ အဂ္ဂမိ ကိရ၊ နင်းခဲ့ဘူးသတဲ့။ အယံ၊ ဤ ခြေဖဝါးကို ဓားဖြင့် အခွဲခံရခြင်း သည်။ တဿ၊ ထိုစေတိယင်ပြင်၌ ဘိနပ်စီးခဲ့ခြင်း, ရဟန်းသံဃာတို့ ထိုင်ဘို့ ခင်းထားဌသော သင်ဖျာကို ခြေမဆေးဘဲ နင်းခဲ့ခြင်းဟူသော မကောင်းမှု၏။ နိဿန္ဒော ကိရ၊ အကျိုးဆက် ဖြစ်သတဲ့။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ရှေးဆရာတို့ က ဆိုကြပါတယ်တဲ့။ (ဒါဟာ ဘုရားဟော စကားတော့မဟုတ်ဘူး၊ ရှေးဆရာ တို့၏ စကားဘဲလို့သာ မှတ်ကြရမယ်။)

အဲဒီတုန်းက ဗိမ္ဗိသာရမင်းကြီးဟာ ဘယ်အရွယ် ရှိနေသလဲဆိုလျှင် ၆၇-နှစ် အရွယ် ရှိနေပြီလို့ ယူဆရပါတယ်။ ဒီလို ယူဆနိုင်ခြင်းရဲ့ အကြောင်းကတော့–

အဇာတသတ်မင်း၏ နန်းသက်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံမီက ရှစ်နှစ်၊ ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ၂၄-နှစ်လို့ ပြဆိုထားပါတယ်။ ဒါကြောင့် အဇာတသတ်မင်း နန်းတက်တာဟာ မြတ်စွာဘုရား အသက်တော် ၇၂-နှစ်ခန့်က ဖြစ်တယ်လို့ သိရပါတယ်၊ ဗိမ္ဗိသာရမင်းကလဲ မြတ်စွာဘုရားထက် ၅-နှစ်ငယ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် သူ၏အသက်အရွယ်ကို ၆၇-နှစ်လို့ ယူဆရပါတယ်။ ၆၇-နှစ်ဆိုတော့ တော်တော် အိုမင်းနေပါပြီ၊ သူသား အဇာတသတ်ဆိုတာလဲ ငယ်လှတော့မယ် မဟုတ်ပါဘူး၊ နောက်ပြီးတော့ အဇာတသတ်မင်းဟာ ပကတိအားဖြင့် ဆိုးသွမ်းတဲ့သူ မဟုတ်ပါဘူး၊ အင်မတန် စိတ်နှလုံးကောင်းတဲ့သူ ဖြစ်ပါတယ်၊ အဲဒါဟာ ခမည်းတော်မင်းကြီးကို ပြစ်မှားပြီးတဲ့နောက် လပိုင်းလောက်အတွင်းမှာဘဲ မြတ်စွာဘုရားထံ ဆည်းကပ်ပြီး ရိုရိုသေသေ လေးခေးစားစားနဲ့ ကြည်ညိုပုံ, ဘုရားဓာတ်တော်များကို အကြီးအကျယ်ပူဇော်ပြီး ဌာပနာပုံ, ပဌမသံဂါယနာတင်ရာ၌ အားပေးထောက်ပံ့ပုံများဖြင့် ထင်ရှားပါတယ်။ ဒါပေမဲ့ အရှင်ဒေဝဒတ်ဆိုတဲ့ ပါပမိတ္တနဲ့ ပေါင်းမိတဲ့အတွက် အဖကို သတ်တဲ့ ပိတုဃာတကံကို ကျူးလွန်မိသည်အထိ မှားယွင်းသွားရှာတယ်။ အဲဒါဟာ အကျိုးမဲ့ကို ညွှန်ပြတတ်တဲ့ ပါပမိတ္တခေါ် မိတ်ဆွေယုတ်ကို ဆရာတင်ပြီး မမှီဝဲမိအောင် အထူးသတိပြုစရာ အချက်ကြီးတခုပါဘဲ။

အဲဒီ ဗိမ္ဗိသာရမင်းကြီး နတ်ရှာစံတဲ့နေ့မှာဘဲ အဇာတသတ်မင်းရဲ့ မိဖုရားမှာ သားရတနာကို ဖွားမြင်တယ်၊ အဲဒီ သားရတနာ ဖွားမြင်တဲ့အကြောင်းကို အဇာတသတ်မင်းထံ သံတော်ဦးတင်တဲ့အခါ အဇာတသတ်မင်းမှာ သားအပေါ် ချစ်စိတ်တွေ ဖြစ်လာလိုက်တာ တကိုယ်လုံးကို တုန်လှုပ်ချောက်ချားစေပြီး ရိုးတွင်းခြင်ဆီကို ဆိုက်တည်သတဲ့။ ဒီတော့မှ အဇာတသတ်မင်းက "သြော် ငါ မေ့ဖွားတုန်းကလဲ ငါ့ဖခင်မှာ ဒီလိုဘဲ ချစ်ခြင်း ဖြစ်ပေလိမ့်မယ်"လို့ ဖခင်ရဲ့ ဂုဏ်ကျေးဇူးကို အမှတ်ရပြီးတော့ ငါ့ခမည်းတော်ကို လွှတ်လိုက်ကြ"လို့ မင်းချင်းများကို အမိန့်ပေးသတဲ့။ ဒီတော့ "အလာကောင်းသော်လဲ အခါနှောင်းပြီ" ဆိုတာလိုဘဲ ဖခင်ရဲ့ ဂုဏ်ကျေးဇူးကို အမှတ်ရတာကတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ခမည်းတော်မင်းကြီးမှာ နတ်ရှာစံသွားရှာပြီ ဖြစ်သောကြောင့်

အချိန်က နှောင်းသွားပြီ ဆိုတဲ့အကြောင်းကို အမတ်များက လျှောက်ကြားကြတယ်။

ဒီတော့မှ အဇာတသတ်မင်းဟာ ယူကျုံးမရဖြစ်ပြီး ငိုကြွေးမြည်တမ်းကာ မယ်တော်ကြီးထံသွားပြီး "မိမိ မွေးဖွားစဉ် အခါတုန်းက ခမည်းတော်မှာ ချစ်ခြင်းများ ဖြစ်ပါရဲ့လား"လို့ မေးပါတယ်။ ဒီတော့ မယ်တော်ကြီးက "ဟဲ့-သားမိုက်....ဘယ့်နှယ်ပြောတာလဲ၊ သင်ငယ်စဉ်တုန်းကလေ သင့်လက်ညှိုးမှာ အမာအဖု ပေါက်တယ်၊ သင်ဟာ နာလွန်းလို့ တင့်တည်း ငိုနေတယ်၊ ချော့လို့ မရဘူး၊ ဒါနဲ့ သင့်ခမည်းတော် မင်းကြီး တရားစီရင်နေရာ ရုံးခန်းကို ခေါ်ဆောင်သွားကြတယ်၊ အနာ သက်သာအောင်လို့ ခမည်းတော်မင်းကြီးက သင့်လက်ညှိုးကို ပါးစပ်နဲ့ ငုံထားတယ်၊ အဲဒီလို ငုံထားတုန်းမှာဘဲ အမာက ပြည်ပေါက်သွားတယ်၊ အဲဒီ ပြည်ပုပ် သွေးပုပ်တွေကို ထွေးမပစ်ပဲ သင့်ခမည်းတော်က မျိုချရှာတယ်၊ သင့်ခမည်းတော်ဟာ သင့်အပေါ်မှာ ဒီလောက်အထိ အချစ်ကြီးခဲ့ရှာပေတယ်ကွဲ့ သားမိုက်ရဲ့" စသည်ဖြင့် မယ်တော်မိဖုရားကြီးက မျက်ရည် စက်လက်နဲ့ ပြန်ပြောရှာတယ်။

ဒီတော့မှ မပြစ်မှားထိုက်တဲ့ အဖ ခမည်းတော်ကြီးကို ပြစ်မှားမိတဲ့အတွက် အဇာတသတ်မင်းမှာ အကြီးအကျယ် စိတ်နှလုံး ပူပန်ရတယ်။ ဗိမ္ဗိသာရ မင်းကြီးဆိုတာ သာမန် ပုဂ္ဂိုလ်မဟုတ်ဘူး၊ သောတာပန်လဲဖြစ်တယ်၊ မြတ်စွာဘုရား၏ ကျောင်းဒကာ, ပစ္စည်းလေးပါးဒကာ သာသနာ့ဒါယကာကြီးလဲ ဖြစ်တယ်၊ ဒီလို ဂုဏ်ကျေးဇူးတွေ ကြီးမားတဲ့ ခမည်းတော်ကို ပြစ်မှားမိတဲ့အတွက် အကြီးအကျယ် အလွန်အဂ၀ စိတ်ပူပန်ရတယ်။ စိတ်ပူပန်ရရုံတင်တောင် မကသေးဘူး၊ အိပ်ပြန်ယင်လဲ မှေးမှေး မှေးမှေးနဲ့ အိပ်ပျော်စပြုလိုက်ယင် ငရဲနိမိတ်တွေက ပေါ်လာကြတယ်၊ ငရဲထိန်းတွေက လှံတွေနဲ့ ဝိုင်းထိုးကြသလို ထင်ပြီး အလန့်တကြား နိုးလာတယ်၊ အိပ်လို့ကို မရဘဲ ဖြစ်နေသတဲ့။ ပဌမတုန်းကတော့ ခမည်းတော်သတ်ပြီး မင်းလုပ်လိုက်ရလျှင် အင်မတန် ပျော်ရလိမ့်မယ်၊ အင်မတန် စည်းစိမ်ရှိလိမ့်မယ်၊ အင်မတန်ချမ်းသာလိမ့်မယ်လို့ ဒီဆို မြော်လင့်ပြီး ခမည်းတော်မင်းကြီးကို သတ်ခဲ့တယ်။ ဒါပေမဲ့ သူ့ထင်မြင်ချက်နဲ့ အမျှားကြီးလွဲနေတယ်၊ မူလက အိမ်ရှေ့မင်းသားအဖြစ်နဲ့ နေစဉ်တုန်းက

တိုင်းရေး ပြည်ရေး အုပ်ချုပ်ရေးအတွက်လဲ သိပ်ပူစရာမရှိဘူး၊ နောင်သံသရာ ရေးအတွက်လဲ ပူစရာ မရှိဘူး၊ ကောင်းကောင်းစား, ကောင်းကောင်းအိပ်ပြီး ပျော်ပျော်ရှင်ရှင်နဲ့ နေနိုင်ခဲ့တယ်၊ ယခု ခမည်းတော်ကို လုပ်ကြံပြီးမှ စိတ်နှလုံး မှာလဲ ယူကျုံးမရဖြစ်ပြီး ပူပန်နေတယ်၊ အိပ်ပြန်ယင်လဲ ငရဲနိမိတ်တွေ ထင်နေ တာနဲ့ ကောင်းကောင်း မအိပ်ရဘူး၊ အကြီးအကျယ် ဒုက္ခရောက်နေတယ်။

ဒါကြောင့် အဲဒီနှစ် တန်ဆောင်မုန်းလပြည့်နေ့ညမှာ ဆရာ ဇီဝကကို ရှေ့ဆောင်ပြုပြီး မြတ်စွာဘုရားထံ ဆည်းကပ်ပါတယ်၊ အဲဒီတုန်းက မြတ်စွာ ဘုရား၏ ပတ်ဝန်းကျင်မှာ ရဟန်း သံဃာတော်တွေက တထောင့်နှစ်ရာ့ငါးဆယ် ခန့် ရှိပါတယ်၊ ဒီလောက် ရဟန်းတွေများပေမဲ့ ကိုယ့်တရားနဲ့ကိုယ် နှလုံးသွင်း နေကြတဲ့အတွက် အချင်းချင်း စကားပြောခြင်းလဲ မရှိဘူး၊ ကိုယ်လက်တွေ လှုပ်ရှားခြင်းလဲ မရှိဘူး၊ ချောင်းဟန့် ခြင်းတောင် မရှိဘဲနဲ့ အလွန်ငြိမ်သက် တိတ်ဆိတ်နေပါတယ်။ အဲဒါကို တွေ့ရတော့ အဇာတသတ်မင်းက အလွန်ဘဲ ကြည်ညိုသဒ္ဓါတွေ ဖြစ်လာပါတယ်။ ဒါကြောင့် နွတ်က ဒီလိုတောင် ရွတ်ဆို မိသွားသတဲ့—

မေ၊ ငါ၏။ ဥဒယဘဒ္ဒေါ ကုမာရော၊ ဥဒယဘဒ္ဒမည်သော သားသူငယ်သည်။ ဤမိနာ ဥပသမေန၊ ဤ ရဟန်းသံဃာတော်၏ ငြိမ်သက်သိမ်မွေ့ခြင်းမျိုးနှင့်။ သမန္နာဂတော ဟောတု၊ ပြည့်စုံပါစေသတည်း-လို့ ဝမ်းမြောက်ဝမ်းသာနဲ့ ရွတ်တရက် ရွတ်ဆိုမိသွားပါသတဲ့၊ အဲဒါကို ဥဒါန်းကျူးတယ်လို့ ခေါ်ပါတယ်။

ဒီလို ဥဒါန်းကျူးရာမှာ ရည်ရွယ်ချက်က ဒီလိုတဲ့၊ ငါ့သား ကြီးလာတဲ့အခါ အဖေအကြောင်း, အဖိုးအကြောင်းတွေကို မေးလိမ့်မယ်၊ အဖကိုသတ်ပြီး နန်းတက်တယ်ဆိုတဲ့အကြောင်း ကြားရလို့ရှိယင် ငါလဲ အဖကို သတ်ပြီး နန်းတက် ရမယ်လို့ ကြံစည် အားထုတ်လိမ့်မယ်ဆိုတဲ့ အကြောင်း စိုးရိမ်မကင်း ဖြစ်နေ တယ်၊ ဒါကြောင့် သားဖြစ်သူမှာ ဒီလို ငြိမ်သက်သိမ်မွေ့တဲ့ ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံစေချင်တဲ့အတွက် ဒီလို ဥဒါန်းကျူးမိပါတယ်-တဲ့။ ဒါပေမဲ့ သူ့သားက ကြီးလာတဲ့အခါ သူ့ကို သတ်ပြီး နန်းတက်တာပါဘဲ။ သူ့သားတွင်တောင် မကသေး ဘူး၊ သူ့ မြေး-မြစ် ၃-ဆက်တိုင်အောင် သားက အဖကို သတ်သတ်ပြီး

နန်းတက်ကြသေးတယ်။ "အတုမြင် အတတ်သင်" ဆိုတာလိုဘဲ ဒိဋ္ဌာနုဂတိ ဆိုတာ အတုလိုက်ပြီး ပြုလုပ်တတ်ကြတာဘဲ။

အဇာတသတ်မင်းဟာ အဲဒီလို ဥဒါန်းကျူးပြီးတဲ့နောက် သာမညဖလ ဆိုတဲ့ ရဟန်းပြုရခြင်း၏ မျက်မှောက်အကျိုးကို မေးလျှောက်ပါတယ်။မြတ်စွာဘုရားက ရဟန်းပြုရခြင်း၏ အကျိုးများကို ရဟန်းပြုရုံမျှဖြင့် ရနိုင်တဲ့ အရိုအသေ အပူဇော်ခံရတဲ့အကျိုး၊ သီလနှင့်ပြည့်စုံတဲ့အတွက် ရတဲ့အကျိုး၊ ပဌမဈာန်စသော လောကီသမာဓိနှင့် ပြည့်စုံတဲ့အတွက် ရတဲ့အကျိုး၊ ဝိပဿနာ အဘိညာဉ်တို့နှင့် ပြည့်စုံတဲ့အတွက် ရတဲ့အကျိုး၊ အာသဝက္ခယ မည်သော အရိယမဂ်နှင့် အရိယဖိုလ် ၄-ပါးဆိုတဲ့ အမြတ်ဆုံး သာမညဖိုလ်တရားအထိ ရဟန်းပြု၍ ကျင့်ခြင်းဖြင့် ရနိုင်ပုံကို အကျယ်တဝင့် ဖွင့်ပြ ဟောကြားတော်မူပါတယ်။

အဲဒီ သုတ်တရားတော်ကြီးကို ကြားနာပြီးတဲ့အခါ အဇာတသတ် မင်းမှာ အလွန် နှစ်သက်အားရ သဘောကျပြီး သရဏဂုမ် ဆောက်တည်ကာ ဥပါသကာ အဖြစ် ခံယူသွားပါတယ်၊ သို့သော်လဲ ပိတုဃာတက ကံကြီးကို ကျူးလွန်ထားမိတဲ့အတွက် အရိယမဂ်ဖိုလ် တရားထူးကိုတော့ မရရှာဘူး၊ အကယ်၍သာ အဲဒီကံကြီးကို မပြုမိယင်တော့ အဲဒီ သုတ်တရားတော်ကြီးကို နာစဉ်မှာ သောတာပန် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အဇာတသတ်မင်း ပြန်သွားတဲ့နောက် မကြာမီမှာပင် "ခတာယံ ဘိက္ခဝေ ရာဇာ"စသည်ဖြင့် ဒီအကြောင်းကို ထုတ်ဖော် မိန့်ကြားတော်မူပါတယ်—

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ရာဇာ၊ ဤ မင်းသည်။ ခတော၊ ကိုယ်ဟာ ကိုယ်ပင် အရိယမဂ်တရား ထောက်တည်ရာ မရအောင် တားဖြိုအပ်လေပြီ။ ဥပဟတော၊ ဖျက်ဆီးအပ်လေပြီ-လို့ မိန့်တော်မူပါတယ်။ အဲဒါကို အဋ္ဌကထာက ဒီလို ဖွင့်ပြထားပါတယ်—

ဣဒံ ဝုတ္တံ ဟောတိ၊ ပေါ်ပေါ်လွင်လွင်အားဖြင့် ဤသို့ ဆိုလို၏။ ဣမိနာ၊ ဤ အဇာတသတ်မင်းသည်။ ပိတာ ဃာတိတော၊ ဖခင်ကို သတ်မိသည်။ သစေ နာဘဝိဿ၊ အကယ်၍ မဖြစ်ခြားအုံ့။ ဣဒါနိ၊ ငါဘုရား တရားဟောစဉ် ယခုအခါ၌။ ဣဓေဝါသနေ၊ ဤ တရားနာလျက် ထိုင်နေရာ၌ပင်လျှင်။ နိသိန္နော၊

ထိုင်နေလျက်။ သောတာပတ္တိမဂ္ဂံ ပတ္တော၊ သောတာပတ္တိမဂ်သို့ ရောက်သည်။ အဘဝိယ၊ ဖြစ်လေရာ၏။ ပန၊ ထိုသို့ ရောက်နိုင်လောက်သော ပါရမီ ရှိပြီးသော်လည်း။ အယ၊ ထို အဇာတသတ်မင်းအား။ ပါပမိတ္တသံသဂ္ဂေန၊ ယုတ်ညံ့သော မိတ်ဆွေဖြစ်သော ဒေဝဒတ်နှင့် ပေါင်းမိခြင်းကြောင့်။ အန္ဓရာယော ဇာတော၊ မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်သွားရှာလေတော့သည်-လို့ ဆိုလိုပါသတဲ့။

ဒါပေမဲ့ တရားနာရဘဲ့အတွက် အဇာတသတ်မင်းမှာ ရသင့်သလောက်တော့ အကျိုးကို ရသွားပါသေးတယ်၊ ခမည်းတော်မင်းကြီးကို သတ်ပြီးကတည်းက တထိတ်ထိတ် တလန့်လန့်ဖြစ်ပြီး အိပ်စက်လို့မရဘဲ ရှိနေခဲ့တာဟာ အဲဒီ တရားနာပြီးတဲ့ နောက်မှာတော့ ထိတ်လန့်ခြင်း ကင်းပြီး ကောင်းကောင်း အိပ်နိုင်သွားပါတယ်၊ နောက်ပြီးတော့ သေသည်၏ အခြားမဲ့မှာ အဝီစိ ငရဲကြီးထဲ ကျရောက်ဖို့ ရှိနေသော်လဲ အဲဒီ အဝီစိငရဲကြီးထဲ မကျရဘဲ အပြင်ဘက်ကလောဟကုမ္ဘီခေါ် သံရည်ပွက်အိုး ငရဲထဲလောက်သာ ကျရတယ်၊ အဲဒီမှာလဲ အောက်သို့ နစ်ကျနေတာက အနှစ်သုံးသောင်း+အထက် ပြန်တက်လာတာက သုံးသောင်း=ပေါင်း အနှစ် ခြောက်သောင်းမျှ ကြာယင် အဲဒီ ငရဲမှ လွတ်မယ်၊ နောက်ပြီးတော့ တခုသောကမ္ဘာမှာ "ဝိဇိတာဝိ" အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်ပြီး ပရိနိဗ္ဗာန် စံရလိမ့်မယ်တဲ့၊ ဒီအကျိုးများကို တရားနာရတဲ့အတွက် ရသွားပါတယ်။

ယခုပြောခဲ့တဲ့ အဇာတသတ်မင်း ဝတ္ထုထဲမှာ ပြောလိုရင်းကတော့ မာတုဃာတကကံ, ပိတုဃာတကကံ အစရှိတဲ့ အကုသိုလ် ဂရုကံကြီး ရှိနေယင် မျက်မှောက်ဘဝမှာ ပါရမီ ပြည့်စုံနေသူ ဖြစ်သော်လဲ မဂ်ဖိုလ်ကို မရနိုင်ဘူး။ သေသည်၏ အခြားမဲ့မှာလဲ ငရဲကို မုချ ကျရောက်ရမယ်၊ ဘယ်ကုသိုလ်နဲ့မှ မပြုပြင်နိုင်တော့ဘူး၊ သက်သာရာလောက်သာ ရနိုင်တော့တယ် ဆိုတဲ့ အကြောင်းကို ပြောလိုရင်းပါဘဲ။

ကြွင်းသော ကံကြီး ၃-ပါး

နောက်ပြီးတော့ ရဟန္တာပုဂ္ဂိုလ်ကို သတ်ယင် အရဟန္တဃာတက ကံကြီးထိုက်တယ်၊ သက်တော်ထင်ရှား ရှိတော်မူတဲ့ မြတ်စွာဘုရားကို သွေးခြေအု

အောင် အနာတရဖြစ်အောင် ပြုယင် လောဟိတုပ္ပါဒကကံ ထိုက်တယ်၊ ဝိနည်းမှား တရားမှားကို နားသွင်းပြီး မဲခွဲသောအားဖြင့် သံဃာကို ဂိုဏ်းကွဲအောင် ပြုတဲ့ ရဟန်းမှာ သံဃဘေဒကကံ ထိုက်တယ်၊ ဒီကံ သုံးမျိုးကို ပြုမိယင်လဲ မျက်မှောက်ဘဝမှာ စျာန်မဂ်ဖိုလ် တရားထူးကို မရနိုင်တော့ဘူး၊ သေသည်၏ အခြားမဲ့မှာလဲ ငရဲကို မုချ ရောက်ရမယ်။ ဒါကြောင့် ဒီကံကြီးတွေကို အာနန္တရိယကံ-လို့ ခေါ်ပါတယ်။

အာစိဏ္ဏကံခေါ် ဗဟုလကံ

ယခု ပြောခဲ့တဲ့ ဂရုကံ မရှိယင်တော့ ဗဟုလကံက အကျိုးပေးတယ်၊ ဗဟုလကံဆိုတာ အကြိမ်များစွာ ခဏခဏ အထပ်ထပ် ဖြစ်နေတဲ့ ကံပါဘဲ၊ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းမှာတော့ ဒီကံကို "အာစိဏ္ဏကံ"လို့ အမည် ပေးထားပါတယ်၊ အမြဲမပြတ် လေ့ကျင့်ပြုလုပ်နေတဲ့ ကံလို့ ဆိုလိုပါတယ်။ သီလ ပျက်နေယင် အဲဒါဟာ မပြုပြင် မကုစားဘဲလဲ နေမယ်ဆိုယင် ဗဟုလကံဘဲ၊ အဲဒီလို သီလပျက်နေခိုက်မှာ သေသွားယင် သူက အကျိုးပေးလိမ့်မယ်။ ဒါကြောင့် လူများမှာ ငါးပါးသီလကို အမြဲတမ်း စင်ကြယ်အောင် စောင့်ရှောက်နေရတယ်၊ သိက္ခာပုဒ် တခုခု မတော်တဆ ပျက်သွားယင် နောင် ဒီလို မပျက်စေရတော့ဘူး-လို့ နှလုံးသွင်းပြီး ထပ်မံ ဆောက်တည်ရတယ်၊ စိတ်နဲ့ ဆောက်တည်ရုံနဲ့လဲ ပြီးစီးနိုင်ပါတယ်၊ ဒါပေမဲ့ နှုတ်နဲ့ ရွတ်ဆိုပြီး ဆောက်တည်တာက ပိုပြီး ကောင်းပါတယ်။ ဆောက်တည်ပြီးသည်က စပြီး သီလဟာ စင်ကြယ်သွားပါတယ်။

ရဟန်းများမှာလဲ ပါတိမောက်သီလကို အမြဲတမ်း စင်ကြယ်အောင် စောင့်ရှောက်နေရတယ်၊ သိက္ခာပုဒ် တခုခုကို လွန်ကျူးလိုတဲ့စိတ်နဲ့ မရှိမသေ ကျူးလွန်မိယင်, ဒေသနာပြောကြားခြင်း စသည်ဖြင့် မကုစားဘဲလဲနေယင် အဲဒါဟာ သီလ မစင်ကြယ်တဲ့ ဗဟုလကံ ဖြစ်နေတာဘဲ၊ ဒါကြောင့် ဒီလိုအမှုကို မပြုတော့ဘူးလို့ နှလုံးသွင်းပြီး ဒေသနာပြောကြားခြင်း စသည်ဖြင့် ကုစားရတယ်၊ ကုစားပြီးတဲ့ အချိန်ကစပြီး သီလစင်ကြယ်သွားတယ်၊ အဲဒါ သီလကုသိုလ် ဗဟုလကံပါဘဲ။ အဲဒီလို သီလစင်ကြယ်နေတုန်း သေသွားမယ်ဆိုယင် အဲဒီ သီလကုသိုလ်က အကျိုးပေးတယ်၊ လူ့ဘဝ နက်ဘဝ သုဂတိဘဝမှာ ဖြစ်စေတယ်။

နောက်ပြီးတော့ အမြဲမပြတ်ပေးကမ်းလှူဒါန်းခြင်း, မိဘ ဆရာ သမားတို့အား အမြဲဝတ်ပြုခြင်း, နေ့စဉ် ဘုရားဝတ်ပြုခြင်း, ဘုရားဂုဏ်တော် စသည်ကို အာရုံပြု၍ ပုတီးစိပ်ခြင်း, တရားအားထုတ်ခြင်း ဆိုတဲ့ ဒီလို အမြဲမပြတ် လေ့လာကျင့်သုံးနေတဲ့ ကုသိုလ်အမှုတွေလဲ ဗဟုလကံတွေပါဘဲ၊ ဒီဗဟုလကံတွေကလဲ ရှေးဦးစွာ အကျိုးပေးတတ်ပါတယ်။

အာသန္နကံ

အဲဒီ ဗဟုလကံလဲ မရှိယင်တော့ သေခါနီးမှာ ပြုတဲ့ကံက အကျိုးပေးတယ်၊ အဲဒီကံကို သေခါနီးမှာ ပြုတဲ့အတွက် အာသန္နကံလို့ ခေါ်တယ်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာတော့ ဒီအာသန္နကံက ဗဟုလကံထက် အားကောင်းတယ်ဆိုတဲ့အနေနဲ့ သူကို ရှေးဦးစွာ ပြဆိုထားပါတယ်။ ဒါပေမဲ့ အာသန္နကံက ဗဟုလကံကို လွှမ်းမိုးပြီး အကျိုးပေးတယ်ဆိုတာက တရံတခါလောက် ဖြစ်ဖွယ်ရှိပါတယ်၊ အမျှားအားဖြင့်တော့ အဋ္ဌကထာကြီးများက ပြထားတဲ့အတိုင်း အမြဲမပြတ် လေ့လာနေတဲ့ ဗဟုလကံကဘဲ လွှမ်းမိုးပြီး အကျိုးပေးဘွယ် ရှိပါတယ်။ ဒါကြောင့် ဒီမှာ အဲဒီ အဋ္ဌကထာကြီးများက ဆိုထားတဲ့အတိုင်းဘဲ ရှေနောက် စဉ်ပြီး ပြထားပါတယ်။

ဒါပေမဲ့ တမ္မဒါဋ္ဌိကဝတ္ထု စသည်ကို ထောက်ဆကြည့်လျှင် အာသန္နကံကလဲ အားကိုးရပါတယ်။ တမ္မဒါဋ္ဌိကဟာ ၅၅-နှစ်ပတ်လုံး လူတွေကို သတ်လာခဲ့တယ်၊ သေခါနီးမှာ အရှင်သာရိပုတြာအား နွားနို့ယာဂုကို လှူပြီး တရားနာတာနဲ့ သေသည်၏ အခြားမဲ့မှာ တုသိတာနတ်ပြည် ရောက်သွားရတယ်။ (ဓမ္မပဒ-ဋ္ဌ၊ ၁-၄၀၅-စသည်)

သီဟိုဠ်ကျွန်း မဓုအင်္ဂဏရွာမှာ ဒမိဋ္ဌ=တမယ်လ် လူမျိုး ဒါရဝမ်တယောက် ရှိသတဲ့၊ သူက နေ့စဉ် ငါးမျှားပြီး အနှစ်ငါးဆယ်ပတ်လုံး အသက်မွေးနေသတဲ့။ သေခါနီးကျတော့ စူဠပိဏ္ဍပါတိကတိသဏေရ်က သနားတာနဲ့ သွားပြီး သရဏဂုမ်နဲ့ ငါးပါးသီလကို ပေးတယ်၊ သရဏဂုမ်ကို ဆောက်တည်ပြီး မေးခိုင်သွားလို့ သီလကိုတော့ မဆောက်တည်နိုင်ရှာဘူး။ အဲဒီ ဒါရဝမ်ဟာ သေသွားတဲ့အခါ

သရဏာဂုမ် ဆောက်တည်တဲ့ကုသိုလ်ကြောင့် စတုမဟာရာဇ် နတ်ပြည်မှာ ဖြစ်ရသတဲ့။ (အံ-ဌ ၂၊၁၀၀၈)

ကုသိုလ်အာသန္နကံသာ မဟုတ်ဘူး အကုသိုလ်အာသန္နကံကလဲ အကျိုးပေးတာဘဲ။ သီဟိုဠ်ကျွန်း အနွှာရဂင်္ဂါ ဆိုတဲ့ အရပ်မှာ မဟာဝါစကာလအမည်ရှိတဲ့ ဥပါသကာဟာ အနှစ် ၃၀-ပတ်လုံး ဒွတ္တိ သာကာရကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး နှလုံးသွင်း အားထုတ်နေတယ်၊ ဒါပေမဲ့ အရောင်အလင်းကလေးလောက်တောင် မတွေ့ရတာနဲ့ ဗုဒ္ဓသာသနာတော်ဟာ ထွက်မြောက်စေနိုင်တဲ့ နိယျာနိကတရားမဟုတ်ဘူး-လို့ အယူလွဲပြီး သေသွားတဲ့အခါ မိကျောင်းပြိတ္တာကြီး ဖြစ်သွားရှာသတဲ့။ (အံ-ဌ ၂၊၁၀၀၈)

တရားအားထုတ်ရာမှာ အရောင်စသည်ကို မတွေ့တာကတော့ အားထုတ်တဲ့ နည်းလမ်းက မမှန်လို့လဲ ဖြစ်တတ်တယ်၊ အားထုတ်ပုံက အချိုးမကျလို့လဲ ဖြစ်တတ်တယ်၊ အခြေခံပါရမီက လိုနေလို့လဲ ဖြစ်တတ်တယ်။ မြတ်စွာဘုရားလက်ထက်တော်ကာလက သုနက္ခတ္တာဆိုတဲ့ ရဟန်းဟာ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုသာ ရတယ်၊ ဒိဗ္ဗသောတအဘိညာဉ်ကို ရဘို့အကြောင်းက ချိုယွင်းနေတယ်၊ အဲဒီ အဘိညာဉ်ကို မရနိုင်အောင် တားမြစ်တဲ့ အကုသိုလ်က ရှိနေတယ်၊ ဒါကြောင့် မြင်နိုင်တဲ့ အဘိညာဉ်ကို ရပါလျက် ကြားနိုင်တဲ့ အဘိညာဉ်ကိုတော့ မရနိုင်ဘဲ ရှိနေပါတယ်။ အဲဒါကို ထောက်ဆကြည့်ယင် ပါရမီအကြောင်းက လိုနေတာလဲ ရှိတတ်ပါတယ်။ ဒါကြောင့် တရားအားထုတ်ရာမှာ မိမိ အလိုရှိတဲ့အတိုင်း မဖြစ်ပေမဲ့ စိတ်တော့ မပျက်ရဘူး၊ ပါရမီကုသိုလ်တွေ ဖြစ်သွားတယ်လို့သာ အာရုံပြုရတယ်။

သုတရှင်တို့ စဉ်းစားဘွယ်

အများအားဖြင့်တော့ နည်းလမ်းမှန်အတိုင်း တရားအားထုတ်ယင် ထူးထူးခြားခြားတွေ့ကို တွေ့တာကဘဲ များပါတယ်၊ ဝိပဿနာရှုယင် စိတ်တည်ငြိမ်ပြီး စိတ္တဝိသုဒ္ဓိဖြစ်တဲ့အခါမှာ ရှုမှတ်ရတဲ့ အာရုံရုပ်က တခြား+ရှုမှတ်သိတဲ့ စိတ်က တခြား ကွဲပြားပြီး ထင်တယ်၊ အကြောင်းနဲ့ အကျိုး ဆက်သွယ်ပြီး ဖြစ်နေတာကိုလဲ တွေ့ရတယ်၊ ရှုမှတ်ရတဲ့ အာရုံရော+ရှုမှတ်သိနေတဲ့ စိတ်ရော ခဏမစဲ လျင်

မြန်စွာဖြစ်ပြီး ပျက်ပျက်သွားတာကိုလဲ တွေ့ရတယ်၊ အဲဒီလိုအခါမှာ အရောင်အလင်းတွေကို တွေ့ပြီး ပီတိသုခ စသည်တွေကိုလဲ ထူးထူးခြားခြား တွေ့ရတယ်၊ အရောင်းအလင်းကို ထင်ထင်ရှားရှား မတွေ့ရတောင် ပီတိသုခ စသည်ကိုတော့ တွေ့ရတာဘဲ။ ဘာကြောင့်လဲဆိုလျှင် ထူးခြားတဲ့ ပီတိ,ပဿဒ္ဓိ,သတိ,ဉာဏ်,ဝီရိယ,ဥပေက္ခာ ဆိုတာ တွေ့ဟာ ဗောဇ္ဈင်တရားတွေဘဲ၊ ဒီ ဗောဇ္ဈင်တရားတွေကို ထူးထူးခြားခြား တွေ့ရမှ ဝိပဿနာဟာ ထက်ထက်သန်သန် ဖြစ်နိုင်ပါတယ်။ သုတမယဉာဏ်နဲ့ ရူပ်နာမ်တရားတွေကို ဆင်ခြင်နေရုံမျှနဲ့တော့ ဒီလို ဗောဇ္ဈင်တရားတွေကို ထင်ရှားမတွေ့နိုင်ပေဘူး၊ အဲဒီလို မတွေ့ရယင်တော့ ကျေနပ်ဖွယ် မရှိပေဘူး။ အဲဒါဟာ ဆင်ခြင်နေရုံမျှနဲ့ ဗောဇ္ဈင်တရားတွေ ထင်ရှား ဖြစ် မဖြစ်ကို သုတရှင်တို့ စဉ်းစားဘို့ပါဘဲ။

ကဋ္ဌတ္ဘာက်

ယခုပြောခဲ့တဲ့ ဗဟုလကံ, အာသန္နကံတွေလဲ မရှိယင်တော့ ကဋ္ဌတ္ဘာက်ဆိုတာက အကျိုးပေးတယ်။ ကဋ္ဌတ္ဘာက်ဆိုတာ ဂရုကံ,ဗဟုလကံ,အာသန္နကံတို့၏ ဂုဏ်ထူးမျိုးမရှိဘဲ ပြုဘူးရုံမျှဖြစ်တဲ့ ကံပါဘဲ။ ဝိသုဒ္ဓိမဂ်ဋီကာမှာတော့ ရှေးဘဝများက ပြုခဲ့တဲ့ ကံကို ကဋ္ဌတ္ဘာကံလို့ ပြဆိုထားပါတယ်။ ဒီဘဝမှာလဲ သေခါနီး ပြုတာလဲ မဟုတ်၊ အထူးဆင်ခြင်တာလဲ မဟုတ်၊ ထပ်တလဲလဲ ပြုတာလဲ မဟုတ်၊ ထပ်တလဲလဲ နှလုံးသွင်းနေတဲ့ ကံလဲ မဟုတ်ပဲ တကြိမ်တခါမျှ ပြုထားတဲ့ ကံဆိုယင် ကဋ္ဌတ္ဘာကံလို့ဘဲ ယူသင့်ပါတယ်။

ဇာတိပေါ်လာပုံ

အဲ ယခု ပြောခဲ့တာဟာ ကမ္မဘဝဆိုတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံက ဘဝအသစ်ဖြစ်ခြင်း=ဇာတိဆိုတဲ့ အကျိုးကို ဖြစ်ပေါ်စေရာမှာ ကံများစွာ ရှိနေယင် ဘယ်လိုကံက အကျိုးပေးတယ်ဆိုတာကို ပြောလာတာ ဖြစ်တယ်၊ အဲဒါဟာ ပြည့်စုံသွားပါပြီ။ ဒါပေမဲ့ အဲဒီကံက ဘယ်လို ဖြစ်ပေါ်စေသလဲလို့ မေးစရာတော့ ရှိပါသေးတယ်။ အဲဒါကတော့ "သင်္ခါရပစ္စယာ ဝိညာဏံ = သင်္ခါရကြောင့် ဘဝသစ် ဝိညာဏ်ဖြစ်တယ်" ဆိုရာမှာ အကျယ်ပြောခဲ့ပါပြီ၊ အဲဒီတုန်းက ပြောခဲ့တဲ့အတိုင်းပါဘဲ၊ သေခါနီးမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်

ထင်စေတယ်၊ အဲဒီ အာရုံနိမိတ်ကို စွဲလမ်းနေရင်း နောက်ဆုံး စုတိစိတ်ဖြင့် စိတ်အစဉ် ပြတ်ပြီး သေသွားတဲ့အခါ အဲဒီ စွဲလမ်းခဲ့တဲ့ အာရုံနိမိတ်ကိုဘဲ စွဲမှီအာရုံပြုပြီး ဘဝသစ် စိတ်ဝိညာဏ်ဖြစ်တယ်၊ အဲဒီ စိတ်နဲ့အတူ ကမ္မဇရူပ်တွေလဲ ဖြစ်တယ်၊ အဲဒီ ရူပ်နာမ်ခန္ဓာတွေရဲ့ ရှေးဦးစွာ ဖြစ်ပေါ်မှုကို "ဇာတိ=ဘဝအသစ် ဖြစ်တယ်"လို့ ဆိုရတာဘဲ။

ဒါကြောင့် "တဏှာ ဇ-တန် ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း ကံဆင့်လောင်း၍ ဆိုးကောင်းဘဝ ဖြစ်ရပြန်ရာ"လို့ ဆောင်ပုဒ်က ဆိုထားပါတယ်။ အာရုံ ဇ-မျိုး အကောင်းနဲ့ အဆိုးကို ခံစားရလို့ တပ်မက်သာယာတဲ့ တဏှာ ဇ-ပါး ဖြစ်ပေါ်လာတယ်၊ အဲဒီ တဏှာက ရင့်လာတော့ စွဲလမ်းမှု ဥပါဒါန် ဖြစ်လာတယ်၊ မရသေးတာကို ရအောင်, ရပြီးတွေလဲ မပျောက်မပျက်ရအောင်, မခွဲမခွါရအောင် သတ်မှာဘဲ, ခိုးမှာဘဲ, လိမ်မှာဘဲ, ဂုံးတိုက်မှာဘဲ စသည်ဖြင့် မှားယွင်းစွာလဲ စွဲလမ်းတယ်၊ ကုသိုလ်ပြုမှာဘဲ, ဒါနပြုမှာဘဲ, သီလစောင့်မှာဘဲ, တရားနာမှာဘဲ, တရားအားထုတ်မှာဘဲ စသည်ဖြင့် မှန်ကန်စွာလဲ စွဲလမ်းတယ်၊ အဲဒီလို စွဲလမ်းတဲ့အတိုင်း ပြုလုပ်တယ်၊ အဲဒါဟာ ကမ္မဘဝဘဲ။ အဲဒီကံကြောင့် ဘဝအသစ် ဇာတိ ဖြစ်ပေါ်ရတယ်။ ကဲ အဲဒီဆောင်ပုဒ်ကို အစကဘဲစပြီး ဆိုလိုက်ကြဦးစို့—

အမှန်မသွား အမှားမြင်ကာ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး ရည်မြော်ကိုးလျက် သုံးမျိုးမှုကံ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရူပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာ ဇ-တန် ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍ ဆိုးကောင်းဘဝ ဖြစ်ရပြန်ရာ။

အဲဒါကို ဆောင်ပုဒ်အတိုမှာ "ခံစားသည့်တွက်–တပ်မက်ခင်မင်၊ မည်သို့ပြုငြား-ကောင်းစားမည်ထင်၊ ဝင်စားစွဲလမ်း ရှောရှမ်းပြုလျှင်၊ နောင်ဘဝ-ဖြစ်ရဇာတိပင်"လို့ ဆိုထားပါတယ်။ အဲဒါကိုလဲ ဆိုကြရမယ်—

ခံစားသည့်တွက် တပ်မက်ခင်မင်၊ (ဆို ၃-ခေါက်)
မည်သို့ပြုငြား ကောင်းစားမည်ထင်၊
ဝင်စားစွဲလမ်း ရှောရှမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်။

အဲဒါဟာ အနက်အဓိပ္ပါယ် ပေါ်လွင်ထင်ရှားနေပါပြီ။ ဒါပေမဲ့ ရှင်းသည်ထက် ရှင်းသွားအောင် နည်းနည်းထပ်ပြီး ပြောလိုက်ဦးမယ်။ ပဌမအပိုဒ်က အာရုံ ၆-ပါး ကို ခံစားရသည့်အတွက် တပ်မက်ခင်မင်မှု တဏှာ ၆-ပါး ဖြစ်တယ်လို့ ဆိုလိုပါတယ်၊ ကောင်းတာကို ခံစားရယင် အဲဒီ ကောင်းတဲ့အာရုံမျိုးကိုလဲ တပ်မက်တယ်၊ အဲဒါထက် ကောင်းတာကိုလဲ တပ်မက်တယ်၊ တခုရယင် ၂-ခု ရချင်တယ်၊ ၂-ခု ရပြန်ယင်လဲ သုံးခု လေးခု ရချင်တယ်၊ ဒီနည်းဖြင့် တိုးတိုးပြီးတော့ တပ်မက်လိုချင်မှုတဏှာ ဖြစ်တယ်၊ မကောင်းတာ ခံစားရပြန်ယင်လဲ ကောင်းတာကို လိုချင်တောင့်တတဲ့ တဏှာဖြစ်တယ်၊ အဲဒီလို ဖြစ်ပုံကိုရည်ပြီးတော့ "ခံစားသည့်တွက်-တပ်မက်ခင်မင်"လို့ ဆိုထားပါတယ်။

ဒုတိယအပိုဒ်ကတော့ သတ်ယင် ခိုးယင် လိမ်ယင် ပေးလှူယင် ကိုယ်နှုတ်နှလုံး စောင့်သုံးယင် မိမိ အလိုရှိတဲ့အတိုင်း ပြည့်စုံပြီး ကောင်းစားချမ်းသာ လိမ့်မယ်လို့ စွဲလမ်းမှု ဖြစ်ပုံကို ပြပါတယ်။ အဲဒါဟာ ကောင်းစားချမ်းသာချင်တဲ့ တဏှာက ရင့်လာတဲ့သဘောပါဘဲ။ အဲဒါကတော့ ထင်ရှားနေပါတယ်။

တတိယအပိုဒ်ကတော့ ဒုတိယအပိုဒ်က ပြခဲ့တဲ့အတိုင်း မည်သို့ပြုလုပ်လျှင် ကောင်းစားချမ်းသာလိမ့်မယ်လို့ စိတ်ဝင်စားပြီး စွဲလမ်းတဲ့အတွက် အဲဒီအတိုင်း ရော်ရမ်း-မြှော်မှန်းပြီး ပြုလုပ်တယ်လို့ ပြပါတယ်။ အဲဒီလို ပြုလုပ်ရာမှာ သတ်ခြင်း ခိုးခြင်း လိမ်ခြင်း စသည်ကို ပြုလုပ်လျှင် အကုသိုလ်ကမ္မဘဝ ဖြစ်တယ်၊ ပေးလှူခြင်း သရဏဂုမ်သီလ ဆောက်တည်ခြင်း စသည်ကို ပြုလုပ်လျှင် ကုသိုလ်ကမ္မဘဝ ဖြစ်တယ်။ အဲဒီလို စွဲလမ်းမှု ဥပါဒါန်နဲ့ကြောင့် ကမ္မဘဝဖြစ်ပုံကို ပြပါတယ်။ နောက်ဆုံးအပိုဒ်ကတော့ အဲဒီ ကမ္မဘဝကြောင့် ဘဝအသစ်ဖြစ်ခြင်း ဇာတိဆိုတဲ့ အကျိုးတရား တဖန် ပေါ်လာပုံကို ပြပါတယ်။

ဘဝသစ် ဖြစ်ခြင်း ဇာတိပေါ်လာယင် အဲဒီ တဘဝလုံးနဲ့ဆိုင်တဲ့ ဆင်းရဲတွေကို တွေ့ကြုံခံစား သွားရတော့မယ်။ ငရဲဇာတိပေါ်လာယင် ငရဲမီးအလောင် ခံရခြင်း, ငရဲထိန်းတို့၏ အနှိပ်အစက်ခံရခြင်း အစရှိတဲ့ ဆင်းရဲတွေကို နှစ်ပေါင်းသိန်းသောင်း မျှားစွာ ခံစားသွားရလိမ့်မယ်။ ပြိတ္တာဘုံမှာ ဇာတိပေါ်လာယင် နှစ်ပေါင်း သိန်းသောင်းမျှားစွာ ငတ်မွတ် ဆာလောင်နေခြင်း အစရှိသော ဆင်းရဲတွေကို ခံစားသွားရလိမ့်မယ်။ တိရစ္ဆာန်ဘုံမှာ ဇာတိပေါ်လာယင် နိုင်ရာ

နိုင်ရာက ညှဉ်းဆဲနှိပ်စက်ခြင်း အစရှိသော ဆင်းရဲတွေကို သူတသက်လုံး ခံစားသွားရလိမ့်မယ်။ အိုရ နာရ သေရတဲ့ ဆင်းရဲတွေကိုလဲ ခံစားသွားရလိမ့်မယ်။

လူ့ဘဝမှာ ဇာတိပေါ်လာယင် အမိဝမ်းတွင်းမှာ ရှိစဉ်ကတည်းက အမိဖြစ်သူက အပူအစပ်တွေကို စားသောက်လျှင် ပူလောင်ခြင်း, အအေးကို စားသောက်လျှင် အလွန်အေးခြင်း, အမိဖြစ်သူက နာဖျားလျှင် အနေဆိုးခြင်း အစရှိသော ဆင်းရဲတွေကို ခံစားရလိမ့်မယ်၊ မွေးဖွားတဲ့အခါလဲ နာကျင်ခြင်း အစရှိသော ဆင်းရဲတွေကို ခံစားရလိမ့်မယ်၊ မွေးဖွားပြီးတဲ့နောက်လဲ သူ့တဘဝလုံးနဲ့ဆိုင်တဲ့ ဆင်းရဲအမျိုးမျိုးကို ခံစားသွားရလိမ့်မယ်၊ ကံမကောင်းအကြောင်းမသင့်ယင် စားဝတ်နေရေးအတွက် အပန်းတကြီး ရှာဖွေလုပ်ကိုင်ရတဲ့ ဆင်းရဲတွေကို ခံစားသွားရလိမ့်မယ်၊ နိုင်သူတွေရဲ့ နှိပ်စက်ညှဉ်းပန်းခြင်းကိုလဲ ခံရလိမ့်မယ်၊ မည်သူမဆို အိုခြင်း သေခြင်း ဆိုတာတွေကိုတော့ မုချတွေ့ရလိမ့်မယ်၊ ဒါ့ကြောင့် "ဇာတိပစ္စယာ ဇရာမရဏံ"စသည်ဖြင့် ဟောတော်မူပါတယ်။

ဇာတိပစ္စယာ၊ ဘဝအသစ်ဖြစ်မှု ဇာတိဟူသောအကြောင်းကြောင့်။ ဇရာ-မရဏံ၊ အိုခြင်း သေခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝအသစ် ဖြစ်မိလို့ရှိယင် အိုခြင်းနဲ့ သေခြင်းဆိုတာကတော့ မုချ တွေ့ရတော့တာဘဲ၊ ဘယ်မှ ပြေးလို့ တိမ်းလို့ ရှောင်လို့ မရနိုင်ဘူး။ နာခြင်းဆိုတာကတော့ နတ်တွေ ဗြဟ္မာတွေမှာ မရှိတဲ့အတွက် ကေန်မုချ အကျိုးကိုပြတဲ့ ဒီအပိုဒ်ထဲမှာ ထည့်မထားဘူး။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ-ဆိုတဲ့ အနေကန်အကျိုးပြ အပိုဒ်ထဲမှာမှ ထည့်ထားတယ်၊ အဲဒီအပိုဒ်ထဲက ဒုက္ခ-ဆိုတာ ကိုယ်မှာတွေ့ရတဲ့ ဆင်းရဲတွေဟူသမျှ အကုန်လုံးပါဘဲ၊ မကျန်းမမာ နာဖျားပြီး အခံခက်တဲ့ ကိုယ်ဆင်းရဲတွေလဲ ပါပါတယ်၊ အဲဒါကို ဗျာဓိဒုက္ခလို့ ခေါ်တယ်။ လူ့ဘဝမှာ ဆိုယင်တော့ အဲဒီ နာဖျားပြီး ဆင်းရဲရတဲ့ဗျာဓိဒုက္ခလဲ မုချတွေ့ရတဲ့ ဆင်းရဲပါဘဲ။

လူ့ဘဝမှာဖြစ်မိယင် အို,နာ,သေကို ရှောင်လို့မရ

ဒါကြောင့် လူ့ဘဝအနေနဲ့ဆိုယင် အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ဒီဆင်းရဲသုံးမျိုးဟာ တိမ်းလို့ ရှောင်လို့ ပုန်းလို့ မရတဲ့ တရားဆိုးကြီးတွေဘဲ၊ ယနေ့ အမိ

ဝမ်းထဲ ရောက်ခါစ ကလေးတွေ မွေးဖွားပြီးခါစ ကလေးတွေ ဒီလို နုနုနယ်နယ် ကလေးတွေလဲ ခဏတိုင်း စက္ကန့်တိုင်း မိနစ်တိုင်း နာရီတိုင်း ရက်ပိုင်း လပိုင်းတိုင်း ရင့်ရင့် လာတာဘဲ၊ ဆံဖြူ သွားကျိုး ခါးကိုင်း နားထိုင်း မျက်စိမှုန်စသည်ဖြင့် အိုမင်းတဲ့ အဖိုးအို အမယ်အို အဖြစ်ဆီကို ချဉ်းကပ် ချဉ်းကပ် လာနေတာဘဲ၊ မကျန်းမမာ နာဖျားဘို့, နောက်ဆုံးမှာ သေလောက်အောင် မခံသာတဲ့ နာဖျားမှုနဲ့ တွေ့ဘို့ရာ ချဉ်းကပ်လာနေတာဘဲ၊ သေဘို့ရာဆီလဲ ချဉ်းကပ်လာနေတာဘဲ။ လူပုဂ္ဂိုလ်တွေက အိပ်ပြီး နားနေပေမယ်လို့ လူ့သန္တာန်က ရုပ်နာမ်တရားတွေကတော့ နားမနေကြဘူး၊ အိုဘို့ နာဘို့ သေဘို့ရာ တသွားတည်းသွားနေကြတာဘဲ။ လူတွေက သွားလိုက် လာလိုက် စားလိုက် သောက်လိုက်နဲ့ ပျော်ရွှင်နေကြပေမဲ့ ကိုယ်ထဲက ရုပ်နာမ်တွေကတော့ အိုဘို့ နာဘို့ သေဘို့ရာ တဖြည်းဖြည်း ကူးပြောင်းပြင်ဆင်နေကြတာဘဲ။ ဒါကြောင့် လူ့လောကမှာ ဘဝအသစ်ဖြစ်ခြင်းဆိုတဲ့ ဇာတိပေါ် လာယင် ဒီ အိုခြင်း, နာခြင်း, သေခြင်းဆိုတာတွေကတော့ မုချတွေ့ရတော့မှာဘဲ၊ ဘယ်ကိုမှ ပြေးလို့မလွတ်နိုင်ဘူး၊ တိမ်းလို့ ရှောင်လို့ ပုန်းလို့မရဘူး။ အဲဒီ အကြောင်းနဲ့စပ်ပြီး ကလေးဘဝတုန်းကဘုန်းကြီးတပါး တရားဟောတာကို ကြားဘူးတယ်၊ ဝတ္ထုကြောင်းကလေးတခုပါဘဲ။ အဲဒီ ဝတ္ထုဟာ ကျမ်းကြီး ကျမ်းခိုင်တွေမှာတော့ မတွေ့ရပါဘူး၊ ကျပင်းတရားစာ-ဆိုတဲ့ ကျမ်းကလေးထဲမှာသာ တွေ့ရပါတယ်။ ဒါပေမဲ့ အိုဘေး, နာဘေး, သေဘေးကို ရှောင်လို့ ပုန်းလို့ မလွတ်နိုင်ဘူးဆိုတဲ့ သဘောသဘာဝကိုတော့ ထင်ရှား ပေါ်စေပါတယ်။ ဒါကြောင့် အဲဒါကို အတိုချုပ် ပြောရဦးမယ်။

အို,နာ,သေဘေး ရှောင်ပြေးလို့မလွတ်

သာဝတ္ထိပြည်မှာ သုဒဿနရဲ့အဖက အိုရမှာကြောက်လို့ ပြဒါးရှင်လုံး ငုံပြီး ကောင်းကင်မှာ တက်ပုန်းနေသတဲ့။ ပြဒါးရှင်လုံးနဲ့ ကောင်းကင်ပျံတက်တယ်ဆိုတာ ယခုခေတ်အနေနဲ့တော့ ယုတ္တိမရှိဘူးလို့ တချို့က ဆိုကြပေလိမ့်မယ်၊ မယုံတဲ့သူတွေလဲ ဥပမာအဖြစ်နဲ့ ဆင်ခြင်ကြည့်လျှင် သတိသံဝေဂဖြစ်ပြီး အကျိုးမျှားနိုင်ပါတယ်။ ယခုခေတ်အနေနဲ့ ယုတ္တိရှိအောင် ဆိုယင်တော့ အာကာသယာဉ်နဲ့ ကောင်းကင်တက်ပြီး ပုန်းနေတယ်လို့လဲ ဆိုနိုင်ပါတယ်။နောက်ပြီးတော့ သုဘောဂ

ရဲ့ အဖကလဲ နာရမှာကြောက်လို့ သမုဒ္ဒရာထဲဆင်းပြီး ပုန်းနေသတဲ့။ ဒီနေရာမှာလဲ ယခုခေတ်အနေနဲ့ဆိုယင် ရေအောက်မှာ နေနိုင်တဲ့ စက်ယာဉ်နဲ့ ပင်လယ်အောက် ဆင်းနေတယ်လို့လဲ ဆိုနိုင်ပါတယ်။ နောက်ပြီးတော့ သုမနရဲ့ အဖကလဲ သေရမှာကြောက်လို့ ဟိမဝန္တာက တောင်ခေါင်းထဲဝင်ပြီး ပုန်းနေသတဲ့။

နောင်ကြာမြင့်တဲ့ အချိန်ကာလမှာ သားဖြစ်တဲ့ သုဒဿနက သူ့အဖ အကြောင်းသိချင်လို့ ကောင်းကင်ကိုတက်ပြီး ကြည့်သတဲ့။ အဲဒီလို ကြည့်တဲ့အခါမှာ သူ့အဖဟာ ဆံဖြူ သွားကျိုး နားထိုင်း ခါးကိုင်းလို့ အဖိုးအိုကြီး ဖြစ်နေတာကို တွေ့ရသတဲ့၊ အိုဘတ်တဲ့ ရုပ် နာမ်တရားတွေက ကိုယ်ထဲမှာ ရှိနေတော့ ဘယ်အရပ်ကိုဘဲသွားသွား ဒီ ရုပ် နာမ်တရားတွေက အိုမင်း ရင့်ရော်ပြီး လိုက်ပါလာကြမှာဘဲ၊ ယခုခေတ်မှာ အာကာသယာဉ်နဲ့ ကောင်းကင်မှာ တက်နေသည်ဖြစ်စေ, လဗိမာန်မှာ တက်နေသည်ဖြစ်စေ ကိုယ်ထဲက ရုပ်နာမ်တရားတွေကတော့ အိုချိန်ကျယင် အိုမင်းရင့်ရော်ကုန်ကြမှာဘဲ။ သုဘောဂကလဲ သူ့အဖကိုလိုက်ရှာတဲ့အခါ သမုဒ္ဒရာထဲမှာ ဘယလူသေခါနီး အကြီးအကျယ် နာနေတာကို တွေ့ရသတဲ့။ သုမနကလဲ သူ့အဖကို လိုက်ရှာတဲ့အခါ တောင်ခေါင်းထဲမှာ သေနေတာကို တွေ့ရသတဲ့။

ဒီ ဝတ္ထုကြောင်းကတော့ ယုတ္တိရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ, ဟုတ်သည်ဖြစ်ဆ,စေ, မဟုတ်သည်ဖြစ်စေ ဥပမာအဖြစ်နဲ့ သံဝေဂယူစရာတော့ ကောင်းပါတယ်။ လူ့လောကမှာ ဘဝအသစ်ဖြစ်ခြင်းဆိုတဲ့ ဇာတိပေါ်လာယင် အိုခြင်း, နာခြင်း, သေခြင်းဆိုတာတွေကတော့ တိမ်းလို့ ရှောင်လို့ ပုန်းလို့ မရနိုင်ဘူး၊ တနေ့ကျယင် မိမိတို့တွေ့မြင်နေကြတဲ့ အဖိုးအို, အဖွားအိုကြီးတွေလို့ လူအိုကြီးတွေ ဖြစ်ကြရမှာဘဲ၊ သေလောက်တဲ့ ရောဂါဝေဒနာဆိုးကြီးတွေကို မချိမဆန့် ခံစားနေရတဲ့ လူနာကြီးတွေလဲ ဖြစ်ကြရမှာဘဲ၊ နောက်ဆုံး တနေ့ကျတော့ သေပြီး အလောင်းကောင်ကြီးအဖြစ်ကို ရောက်ကြရမှာချည်းဘဲ။ ဒါကြောင့် မြတ်စွာဘုရားက ဓမ္မပဒမှာ သေခြင်းတရားမှ မလွတ်နိုင်ပုံကို ပဓာနပြုပြီး ဒီလို ဟောထားပါတယ်—

နဿ ဘန္ဓလိကော နဿ သမုဒ္ဒမဇ္ဈေ၊
နဿ ပဗ္ဗတာနံ ဝိဝရံ ပဝိသေ။
နဿ ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော၊
ယတ္ထ ဌိတံ နပ္ပသဟေယ္ယ မစ္စု။

ဘန္ဓလိကော၊ အာကာသအပြင် အထက်ကောင်းကင်၌။ (ဌိတောပိ၊ တည်နေသောသူသည်လည်း။ မစ္စုတော၊ သေခြင်းမှ။) နဿ မုစ္စေယ္ယ၊ မလွတ်နိုင်ချေ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌ ဝင်၍နေသောသူသည်လည်း။ နဿ၊ သေခြင်းမှ မလွတ်နိုင်။ ပဗ္ဗတာနံ ဝိဝရံ ပဝိသေ၊ တောင်တို့၏အကြား တောင်ခေါင်းသို့ ဝင်၍နေသောသူသည်လည်း။ နဿ၊ သေခြင်းမှ မလွတ်နိုင်ချေ။ ယတ္ထ ဌိတံ၊ အကြင် မြေပြင်, ရေပြင်, ကောင်းကင်အရပ်၌ တည်နေသောသူကို။ မစ္စု၊ သေခြင်းတရားသည်။ နပ္ပသဟေယ္ယ၊ မနှိပ်စက်နိုင်ရာ။ သော ဇဂတိပ္ပဒေသော၊ ထိုသို့ သေခြင်းတရား မနှိပ်စက်နိုင်ရာဖြစ်သော မြေပြင်အရပ်, ရေပြင်အရပ်, ကောင်းကင်အရပ်မည်သည်။ နဿ ဝိဇ္ဇတိ၊ မရှိသည်သာတည်း။

သေတတ် ပျက်တတ်တဲ့ ရုပ်နာမ်တရားတွေကိုပင် အထည်ကိုယ်ပြုလုပ်နေရတဲ့လောကထဲမှာ ဘဝအသစ်ဖြစ်ပေါ်လာယင် သေရမှာချည်းဘဲ၊ မြေပြင်မှာနေလဲ သေရမှာဘဲ၊ ရေထဲမှာ ဆင်းနေလဲ သေရမှာဘဲ၊ ကောင်းကင်မှာ တက်နေလဲ သေရမှာဘဲ၊ သေခြင်းတရားမှ လွတ်တဲ့နေရာဆိုတာ ဘယ်မှာမှ မရှိဘူး။ ထို့အတူပင် အိုခြင်းတရားမှ လွတ်တဲ့နေရာလဲ မရှိဘူး။ ဒါကြောင့် "ဇာတိပစ္စယာ၊ ဘဝအသစ်ဖြစ်မှုဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ အိုခြင်း သေခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်သည်"လို့ ဟောထားပါတယ်။

ဇာတိကြောင့် အိုခြင်း, သေခြင်းမျှသာ ဖြစ်တာမဟုတ်သေးဘူး၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ပင်ပန်းဆင်းရဲခြင်း, စိတ်ပင်ပန်းဆင်းရဲခြင်း, အပြင်းအထန် စိတ်နှလုံး ပူပန်ခြင်း ဆိုတာတွေလဲ ဇာတိကြောင့် ဖြစ်ပေါ်လာကြသေးတယ်။

စိုးရိမ်ပူဆွေးခြင်း

အဲဒီထဲမှာ စိုးရိမ်ပူဆွေးခြင်းဆိုတာ (၁) ဉာတိဗျန=ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ (၂) ဘောဂဗျသန=စီးပွါးဥစ္စာတို့၏ ပျက်စီးခြင်း၊ (၃) ရောဂဗျသ-

နေ=ရောဂါဆိုး စဲကပ်လျက် ကျန်းမာရေး ပျက်စီးခြင်း၊ (၄) သီလဗျသန=သီလ ပျက်စီးခြင်း၊ (၅) ဒိဋ္ဌိဗျသန=အယူ၏ ပျက်စီးခြင်းဆိုတဲ့ ဒီဗျသနတရားငါးပါးနဲ့ တွေ့ကြုံရတဲ့အခါလဲ ဖြစ်တတ်တယ်၊ (၆) ဆင်းရဲကြောင်း သေားရန် အန္တရာယ်တမျိုးမျိုးနဲ့ တွေ့ကြုံရတဲ့အခါလဲ ဖြစ်တတ်တယ်။ ဒါကြောင့် စိုးရိမ်ပူဆွေးမှု ဖြစ်စရာအကြောင်းဟာ အကျဉ်းချုပ်အားဖြင့် ၆-မျိုး ရှိတယ်လို့ မှတ်ရမယ်။

ဒီ ၆-မျိုးထဲက (၁) **ဥာတိဗျသန**-ဆိုတာ အလုပ်ချစ်ခင်ရင်းနှီးတဲ့ မိဘ, လင်မယား, သားသမီး, ညီအစ်ကို, ညီအစ်မအစရှိတဲ့ ဆွေမျိုး**သား**ချင်းတွေ သေကြေ ပျက်စီးခြင်းကို ဆိုပါတယ်၊ အဲဒီ မိဘ အစရှိတဲ့ ဆွေမျိုးသားချင်း ဖြစ်သူ သေကြေ ပျက်စီးသွားတာကို မြင်တွေ့ရယင် ကြားသိရယင် စိုးရိမ်ပူဆွေးမှုတွေ ဖြစ်ရတယ်၊ အထူးအားဖြင့် မှီခိုအားထားနေရတဲ့ အလုပ်အမင်း ချစ်မြတ်နိုးနေတဲ့သူ ဒီလိုပုဂ္ဂိုလ် သေကြေပျက်စီးသွားတဲ့အခါ သာပြီး စိုးရိမ်ပူဆွေးမှုက ဖြစ်တတ်တယ်။ မိဘကို အားကိုးနေရတဲ့ သားသမီးတွေမှာ မိဘသေဆုံးသွားယင် မနေတတ် မထိုင်တတ်ဖြစ်ပြီး အကြီးအကျယ် စိုးရိမ်ပူဆွေးကြရတယ်၊ လင်ယောကျ်ားကိုသာ အားကိုးနေရတဲ့ အမျိုးသမီးမှာလဲ အဲဒီ လင်ယောကျ်ား သေဆုံးသွားယင် အကြီးအကျယ် စိုးရိမ်ပူဆွေးရတယ်၊ အင်မတန် ချစ်မြတ်နိုးတဲ့ သားသမီး စသည် သေဆုံးသွားယင်လဲ ချစ်မြတ်နိုးတဲ့သူမှာ အကြီးအကျယ် စိုးရိမ်ပူဆွေးရတယ်။ အဲဒီလို ဖြစ်ရာမှာ ဇာတိကြောင့်ချည်း မဟုတ်ဘူး၊ ချစ်မြတ်နိုးခြင်းဆိုတဲ့ အကြောင်းကလဲ အားပေးနေတဲ့အတွက် စိုးရိမ်ပူဆွေးရတယ်။ ဒါကြောင့် "ပိယတော ဇာယတေ သောကော"လို့လဲ ဟောထားပါတယ်။ ပိယတော၊ ချစ်အပ်သူနှင့် ချစ်ခင်ခြင်းကြောင့်။ သောကော၊ စိုးရိမ်ပူဆွေးခြင်းသည်။ ဇာယတေ၊ ဖြစ်ပေါ်သည်-တဲ့။

(၂) **ဘောဂဗျသန**-ဆိုတာ ရာဇတော ဝါ=မင်းဆိုး အရာရှိဆိုးတို့ကြောင့် ဖြစ်စေ, စောရတော ဝါ=သူခိုး ဒမြတို့ကြောင့် ဖြစ်စေ, အဂ္ဂိတော ဝါ=မီးလောင်လို့ ဖြစ်စေ, ဥဒကတော ဝါ=ရေဘေး, လေဘေးကြောင့် ဖြစ်စေ, အပ္ပိယဒါယာဒတော=မချစ်အပ်တဲ့ အမွေခံဆိုးကြောင့် ဖြစ်စေ, စီးပွါးဥစ္စာတွေ ပျက်စီးဆုံးရှုံးသွားခြင်းပါဘဲ၊ အဲဒါဟာ နဲနဲပျက်စီးယင် နဲနဲ စိုးရိမ်ပူဆွေးရတယ်။

မျှားမျှားပျက်စီးယင် မျှားမျှား စိုးရိမ်ပူဆွေးရတယ်၊ ရှိသမျှပစ္စည်းတွေ အကုန်လုံး ပျက်စီးသွားယင်တော့ သေရသည်တိုင်အောင် စိုးရိမ် ပူဆွေးရတတ်ပါသေးတယ်။

(၃) **ရောဂဗျသန**-ဆိုတာ ရောဂါဆိုး စွဲကပ် နှိပ်စက်လို့ ကျန်းမာရေး ပျက်စီးခြင်းပါဘဲ၊ ရောဂါကင်းရှင်းပြီး ကျန်းမာနေရာက အနာရောဂါဆိုးတခုခု ဖြစ်ပေါ်လာယင် ကုဋ္ဌနှုနာတို့ နှလုံးရောဂါတို့ ကင်ဆာရောဂါတို့ ဒီလိုရောဂါဆိုးတခုခုဖြစ်ပြီး မနေသာ မထိုင်သာ ဖြစ်နေယင် စိတ်ဓာတ်တွေ ကျဆင်းပြီး အကြီးအကျယ် စိုးရိမ်ပူဆွေးခြင်း ဖြစ်တတ်တယ်၊ တချို့ပုဂ္ဂိုလ်မှာဆိုယင် စိုးရိမ်ပူဆွေးမှုအားကြီးတာနဲ့ တနေ့တခြား အားယုတ်ပြီး သေကြေပျက်စီးတောင် သွားတတ်သေးတယ်။

(၄) **သီလဗျသန**-ဆိုတာ သီလပျက်စီးခြင်းပါဘဲ၊ သီလကို ရိုရိုသေသေ စောင့်ထိန်းနေတဲ့ ရှင်ရဟန်းမျှား လူသူတော်ကောင်းများနဲ့ ဆိုင်ပါတယ်။ အဲဒီလို သီလကို အလေးပြုပြီး စောင့်ထိန်းနေတဲ့သူမှာ သီလပျက်စီးသွားယင် စိုးရိမ်ပူဆွေးမှု အကြီးအကျယ် ဖြစ်ပေါ်တတ်ပါတယ်၊ ရှင်ရဟန်းမျှားမှာ သာပြီးဖြစ်တတ်ပါတယ်၊ ဇာတ်နိပါတ်တော်ထဲမှာ အလမ္ဗုသာနုတ်သမီး၏ ဖြားယောင်းမှုကြောင့် သီလပျက်ရတဲ့ ဣသိသိင်္ဂရဟေမှာ အကြီးအကျယ် စိုးရိမ်ပူဆွေးမှု ဖြစ်ရတယ်၊ အဲဒီလို ဖြစ်ပုံမျိုးပါဘဲ။

(၅) **ဒိဋ္ဌဗျသန**-ဆိုတာ သမ္မာဒိဋ္ဌိအယူမှန်ရှိနေတဲ့သူမှာ မိစ္ဆာတရားကို ကြားနာရတဲ့အတွက် အယူဖောက်ပြန်သွားခြင်းပါဘဲ၊ အဲဒီလို ဖောက်ပြန်ရာမှာ အယူဖောက်ပြန်မှုန်း သိရယင် မှားလေစ့ မှားလေစ့-ဟု နောင်တပူပန်ပြီး ဝမ်းနည်းခြင်း, စိုးရိမ်ပူဆွေးခြင်း ဖြစ်တတ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေထဲမှာလဲ တရားမှား, ဆရာမှားတွေနောက် လိုက်မိတဲ့အတွက် စိုးရိမ်ပူဆွေးခြင်း ဖြစ်ရတဲ့သူတွေ ရှိပါတယ်။

(၆) ဆင်းရဲကြောင်း ဘေးအန္တရာယ်တွေဆိုတာကတော့ အလွန်မျှားပါတယ်၊ လူဆိုး သူဆိုး လူနိုင်တွေက နှိပ်စက်တာ၊ မီးလောင်တာ၊ ရေနစ်တာ၊ လိမ်ကျတာ၊ မြေ ကင်း စသည်ကိုက်ခဲတာ၊ စားဝတ်နေရေး အဆင်မပြေတာ၊

အလုပ်အကိုင် အဆင်မပြေတာ၊ ပြစ်မှုဖြင့် အစုပ်အစဲ့ ခံရတာ-ဒီလိုဟာမျိုးတွေ ပါဘဲ၊ အဲဒီလို ဘေးရန် အန္တရာယ်အမျိုးမျိုးနဲ့ တွေ့ရတဲ့အခါမှာလဲ ငါ့မှာ ကံဆိုးတယ်၊ ဘေးအန္တရာယ်များတယ် စသည်ဖြင့် ကြံတွေးပြီး စိုးရိမ်ပူဆွေးခြင်း ဖြစ်ရတတ်တယ်။

ငိုကြွေးရခြင်း

အဲဒီလို စိုးရိမ်ပူဆွေးရာက သည်းမခံနိုင်တော့ ငိုကြွေးခြင်း ဖြစ်ရပြန်တယ်၊ များသောအားဖြင့် အမျိုးသမီးတွေဟာ ဒီလို စိုးရိမ်ပူဆွေးစရာတွေနဲ့ တွေ့ရယင် စိုးရိမ်ပူဆွေးရုံတွင်မဟုတ်ပဲ ငိုကြွေးမြည်တမ်းမိသည်အထိ ရောက်သွားတတ်ကြတယ်။

ကိုယ်ဆင်းရဲ အမျိုးမျိုး

နောက်ပြီးတော့ ဆူးစူးခြင်း, ခလုတ်တိုက်ခြင်း, မီးလောင်ခြင်း, အရိုက်အနှက် အထိုးအခုတ်ခံရခြင်း, နာဖျားခြင်းစသည်ဖြင့် မကောင်းတဲ့ အတွေ့ဆိုးတွေနဲ့ တွေ့ရတဲ့အခါ ကိုယ်ထဲမှာမခံသာတဲ့ အခံရခက်တဲ့ ကိုယ်ဆင်းရဲတွေလဲ ဖြစ်ရတယ်။ ငရဲဘုံမှာဆိုယင် ငရဲမီးတွေလောင်ခြင်း, ငရဲထိန်းတို့၏ အနှိပ်အစက်ခံရခြင်းစသည်ဖြင့် ဒီကိုယ်ဆင်းရဲတွေကို မိနစ်စက္ကန့်မျှမခြားဘဲ အမြဲခံစားနေရတယ်။ ပြိတ္တာဘုံမှာလဲ ငရဲလိုဘဲဟာချို့က မီးလောင်ခံနေကြရတယ်၊ တချို့က သံဟူကြိုးတွေနဲ့ အထုခံရခြင်း, ဒေါပ်တွေနဲ့ အစူးခံရခြင်း, ဘီလူးလင်းတ ကျီးစသည်တို့၏ အထိုးအဆိတ်ခံရခြင်း စသည်ဖြင့် အတိုင်းမသိသော ကိုယ်ဆင်းရဲတွေကို ခံနေကြရတယ်၊ တချို့ကလဲ ပြိတ္တာဘဝ ရောက်ကတည်းက တခါမျှ မစားရ မသောက်ရတဲ့အတွက် အင်္ဂတန် ဆာလောင်ပြီး ဆင်းရဲဒုက္ခ ရောက်နေကြရတယ်။ တိရစ္ဆာန်ဘုံမှာကော့ နွားတွေ ကျွဲတွေ မြင်းတွေ ဒီလို အကောင်တွေမှာ အရိုက်အနှက်ခံရ လေးလံတဲ့ ဝန်ကိုရွန်းရ ဥယ်ထဲမှာ အိပ်ရ ခြင်မှက်စသည် အကိုက်ခံရစသည်ဖြင့် ကိုယ်ဆင်းရဲတွေ ခံစားနေကြရတယ်၊ ဒီအထဲမှာ တချို့ကလဲ ဆာလောင်နေပါလျက်နဲ့ အစာမစားရ ရေမသောက်ရနဲ့ ဒုက္ခရောက်နေရှာကြတယ်။ ဒီ ကျွဲ နွား မြင်းဆိုတာတွေကမှ စောင့်ရှောက်မည့်လူ ရှိသေးလို့ သက်သာရာ ရတန်သလောက် ရကြပါသေးတယ်၊ အဲဒီလို စောင့်

ရှောက်သူလုံးဝမရှိကြတဲ့ တိရစ္ဆာန်သတ္တဝါကလေးတွေမှာမှ သာပြီး ဆင်းရဲဒုက္ခ ရောက်ကြရတာဘဲ။ အဲဒီ ကိုယ်ဆင်းရဲတွေ ဟူသမျှဟာ ဘဝအသစ်ဖြစ်ခြင်းဆိုတဲ့ ဇာတိကြောင့် ဖြစ်ပေါ်လာတာချည်းဘဲ။

စိတ်ဆင်းရဲ အမျိုးမျိုး

နောက်ပြီးတော့ ဒေါမနဿဆိုတဲ့ စိတ်နှလုံးမသာမှု စိတ်ဆင်းရဲဆိုတာ မကောင်းတဲ့ အာရုံဆိုးတွေနဲ့ တွေ့ရတိုင်း ဖြစ်ပေါ်တတ်တယ်။ မမြင်ချင်တဲ့ဟာတွေကို မြင်ရတဲ့အခါ မကြားချင်တဲ့ အသံတွေ စကားတွေကို ကြားရတဲ့ အခါ အနံ့ဆိုးတွေကို နံရတဲ့အခါ မကောင်းတဲ့အစာကို စားရတဲ့အခါ အတွေ့ဆိုးတွေနဲ့ တွေ့ပြီး ဆင်းရဲဒုက္ခရောက်နေတဲ့အခါ အများအဘုံးဖြင့် စိတ်နှလုံးမသာမှု စိတ်ဆင်းရဲတွေဖြစ်တတ်တယ်။ အဲဒီလို ကိုယ်ဆင်းရဲဖြစ်●နရာမှာ စိတ်ဆင်းရဲထပ်ပြီးဖြစ်တာမျိုးကို မြတ်စွာဘုရားက ဆူးနှစ်ချောင်းစူးတာနဲ့ တူတယ်လို့ ဥပမာပေးထားပါတယ်။

ဆူး ၂-ချောင်း စူးတာနဲ့ တူတယ်

ဘယ်လိုလဲဆိုတော့ကာ–လက်မှာဖြစ်စေ, ခြေမှာဖြစ်စေ ဆူးငြောင့်စူးနေလို့ အဲဒီ ဆူးငြောင့်ကို ထုတ်တဲ့အခါ ထိုးကော်တဲ့ နောက်ထပ်ဆူးသစ်ကလဲ အသားထဲမှာ ကျိုးပြီးကျန်နေယင် ပဌမဘူးဝင်နေတဲ့ ဆူးငြောင့်ကြောင့်လဲ မြက်မြက်မြက်မြက်နဲ့ နာနေတယ်၊ ဒုတိယထိုးကော်တဲ့ ဆူးကျိုးကြောင့်လဲ မြက်မြက်မြက်မြက်နဲ့ နာနေတယ်၊ တနာပေါ်တနာထပ်ပြီး ၂-နာ ဖြစ်နေတယ်။ အဲဒါလိုဘဲ ဘာဝနာကင်းမဲ့တဲ့ သာမန်ပုဂ္ဂိုလ်တွေမှာ မကောင်းတဲ့ အာရုံတွေနဲ့ တွေ့ရလို့ကိုယ်ဆင်းရဲက ဖြစ်ပေါ်နေယင် အဲဒါကို သည်းမခံနိုင်တဲ့ အတွက် စိတ်ဆင်းရဲကလဲ ထပ်ပြီးဖြစ်ပြန်တယ်၊ သူ့အလိုလိုဖြစ်နေတဲ့ ကိုယ်ဆင်းရဲက တခု၊ သည်းမခံနိုင်တဲ့စိတ်ဆင်းရဲက တခုဆိုတော့ ဆင်းရဲ ၂-ခုဖြစ်နေတယ်၊ ခုတင်ကဲ ပြောခဲ့တဲ့ ဥပမာထဲကဆူး ၂-ချောင်းကြောင့် ၂-နာဖြစ်နေတာနဲ့ တူနေတာပေါ့။

အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များမှာတော့ သည်းမခံနိုင်တဲ့ ဒေါသက လုံးဝကင်းနေတဲ့အတွက် အတွေ့ဆိုးတွေနဲ့ တွေ့ပြီး ကိုယ်ဆင်းရဲ ဖြစ်ပေမဲ့ နှလုံးမသာ

တဲ့ စိတ်ဆင်းရဲကတော့ မဖြစ်ဘူး၊ ထို့အတူဘဲ ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်မှာလဲ ကိုယ်ဆင်းရဲဖြစ်ပေမဲ့ စိတ်ဆင်းရဲကတော့ မဖြစ်ဘူး၊ ကိုယ်ထဲက နာကျင်ကိုက်ခဲမှု ဖြစ်ပေါ်လာယင် "နာတယ် နာတယ်" စသည်ဖြင့် မှတ်ပြီး နာမှုစသည်ကို ဒုက္ခဝေဒနာ သဘောတရားမျှဘဲလို့ သိနေတယ်၊ ငါ နာတယ် ငါ အခံခက်တယ် စသည်ဖြင့် ငါကောင်အနေနဲ့ မစဉ်းလမ်းဘူး၊ သူ့အကြောင်းအားလျော်စွာ ဖြစ်ပျက်နေတဲ့ ဝေဒနာ သဘောတရားမျှဘဲလို့သာ သိနေတယ်၊ ဒါကြောင့် မခံချင်တဲ့ နှလုံးမသာတဲ့ စိတ်ဆင်းရဲဟာ မဖြစ်ရတော့ဘူး၊ ကိုယ်ဆင်းရဲ တမျိုးတည်းကို သာ ခံစားရတယ်၊ အဲဒါဟာ ဒုတိယဆူး ထပ်ပြီး မစူးဘဲ ပဌမဆူးတချောင်းရဲ့ ဒဏ်ကိုသာ ခံရတာနဲ့ တူပါတယ်တဲ့။ ဒါကြောင့် အနာဂါမ် ရဟန္တာမျှားလိုခံနိုင်ရည်ရှိအောင် အလိုအလျောက် ဒုက္ခဝေဒနာ ပေါ်လာယင် နောက်ထပ် ဒေါမနဿ ဝေဒနာ မပေါ်လာနိုင်အောင် ရှုမှတ်ပြီးသိဘို့ အရေးကြီးပါတယ်။ အဲဒီလို ရှုမှတ်ပြီး သိဘို့ရာ မြတ်စွာဘုရားက "ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော=ဒုက္ခဝေဒနာကို ခံစားရလျှင်လည်း၊ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ=ဒုက္ခဝေဒနာကို ခံစားသည်ဟူ၍၊ ပဇာနာတိ=သိ၏"လို့ ဟောထားပါတယ်။

အဲဒီလို မရှုနိုင်ယင်တော့ အာရုံဆိုးတွေကို ဖွေ့တိုင်း, ဒုက္ခဝေဒနာတွေ ဖြစ်တိုင်း ဒေါမနဿဆိုတဲ့ ဒီစိတ်ဆင်းရဲဟာ အနဲနဲအမျှား ဖြစ်နေမှာချည်းဘဲ။ ဒါလဲ ဘဝသစ် ဖြစ်ခြင်းဆိုတဲ့ ဇာတိကြောင့် ဖြစ်ပေါ်လာတဲ့ ဆင်းရဲဘဲ။

စိတ်ဆင်းရဲ၏ အကြောင်းမျှား

အထူးအားဖြင့်တော့ ဒီ စိတ်နှလုံးမသာမှု စိတ်ဆင်းရဲဟာ ရှေးကာလက ကိုယ့်အလိုအတိုင်း မပြည့်စုံဘဲ ဆင်းရဲဒုက္ခရောက်လာခဲ့တာတွေကို ပြန်တွေးပြီးတော့လဲ ဖြစ်တတ်တယ်၊ နောင်ကာလမှာ အဆင်မပြေမှာတွေ ဘေးဒုက္ခ တွေ့ရမှာတွေကို မြော်တွေးပြီးတော့လဲ စိတ်နှလုံးမသာခြင်း စိတ်ဆင်းရဲခြင်း ဝမ်းနည်းခြင်း ဖြစ်တတ်တယ်၊ ယခု လောလောဆယ်မှာ မပြည့်စုံတာတွေ ဆင်းရဲဒုက္ခ ရောက်နေတာတွေကို ဆင်ခြင်ပြီးတော့လဲ စိတ်နှလုံးမသာခြင်း စိတ်ဆင်းရဲခြင်း ဝမ်းနည်းခြင်း ဖြစ်တတ်တယ်။ ဒါတွေဟာလဲ ဇာတိကြောင့် ဖြစ်ပေါ်လာတဲ့ ဆင်းရဲတွေချည်းဘဲ။

စိတ်နှလုံး ပြင်းစွာ ပူပန်ခြင်း

နောက်ပြီးတော့ ဥပါယာသ-ဆိုတာ စိတ်နှလုံး၏ ပြင်းစွာ ပူပန်ခြင်းဘဲ၊ ကိုယ့်အတွက် ဖြစ်စေ, ကိုယ်နဲ့ စပ်တဲ့ သူတွေအတွက် ဖြစ်စေ ကိုယ်ဖြစ်စေချင်တဲ့ အတိုင်း မဖြစ်ပဲ မဖြစ်သင့်တာတွေချည်း ဖြစ်နေတဲ့အခါ, အလွန်ဆိုးတဲ့ ဒုက္ခ တွေနဲ့ တွေ့နေရတဲ့အခါမှာ ဖြစ်မှ ဖြစ်ရလေခြင်းလို့ တောက် တခေါက်ခေါက်နဲ့ စိတ်နှလုံး အလွန်အကဲ ပူပန်နေတာကို "ဥပါယာသ" လို့ ခေါ်ပါတယ်၊ တရားကိုယ် အားဖြင့်တော့ မခံချိမခံသာဖြစ်နေတဲ့ ဒေါသပါဘဲ၊ ဒီစိတ်ပူပန်မှုဟာလဲ ဇာတိ ကြောင့် ဖြစ်ပေါ်လာတာဘဲ။ ဒါကြောင့် "ဇာတိပစ္စယာ၊ ဘဝအသစ် ဖြစ်ခြင်း ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏာ၊ အိုခြင်း သေခြင်း သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ စိုးရိမ် ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ် ဆင်းရဲခြင်း, စိတ်နှလုံး မသာခြင်း, စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းတို့သည်လည်း။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏" လို့ ဟောထားပါတယ်။

အားလုံး ဆင်းရဲချည်းဘဲ

ဒီတော့ တဘဝ တဘဝမှာ ဇာတိမှားပြီး မရဏ–ဆိုတဲ့ သေသည်တိုင် အောင် ဖြစ်ဖြစ် သမျှတွေဟာ ဆင်းရဲတွေ မကောင်းတာတွေချည်းဘဲ၊ ကောင်းတာ ချမ်းသာတာလဲ မပါဘူး၊ အသက်ရှင်နေတဲ့ အတွေ့ကောင်ဆိုတာလဲ မပါဘူး၊ ဆင်းရဲအစု သက်သက်မျှသာ ဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရား က "ဝေါ၊ ဣသို့ ဆိုအပ်ခဲ့သော အစီအစဉ်ဖြင့်။ ကေဝလသ၊ ချမ်းသာသုခ နှင့်, အတ္တနှင့် မရောယှက်သော။ တေသ ဒုက္ခက္ခန္ဓသ၊ ဣဆင်းရဲအစု၏သာ လျှင်။ သမုဒယော၊ ဖြစ်ပွါးခြင်းသည်။ ဟောတိ၊ ဖြစ်သည်" လို့ ဟောတော်မူပါတယ်။

သာမန်လူတွေရဲ့ အမြင်နဲ့ဆိုယင်တော့ လူ့ဘဝမှာ ဖြစ်ရတယ်ဆိုယင် ကောင်းတယ်၊ နတ်ဘဝမှာ ဖြစ်ရတယ်ဆိုယင် သာပြီး ကောင်းတယ်၊ မသေမီ အတွင်းလဲ ကာမဂုဏ် အာရုံတွေကို ခံစားနေရလို့ ကောင်းတယ်၊ ချမ်းသာ တွေ အများကြီး ရှိတယ်-လို့လဲ ထင်နေကြတယ်။ အဲဒီလို လူ့ဘဝ နတ်ဘဝ

မှာ ဖြစ်ပြီး ခံစားနေရတာဟာ အသက်ရှင်နေတဲ့ အတ္တကောင် သတ္တဝါကောင်ဘဲ-လို့လဲ ထင်နေကြတယ်။ မြတ်စွာဘုရား၏ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဆိုယင်တော့ ယခုပြောခဲ့တဲ့အတိုင်း အကြောင်းနဲ့ အကျိုးမျှသာ ရှိတယ်၊ ဘဝ တခုတခုမှာ အဝိဇ္ဇာ အရင်းခံပြီး တဏှာ ဥပါဒါန် အထောက်အပံ့တွေကြောင့် သင်္ခါရဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်ခဲ့တယ်၊ အဲဒီကံကြောင့် နောက် တဘဝမှာ ဝိညာဏ်, နာမ်ရူပ်, သဠာယတန, ဖဿ, ဝေဒနာ-ဆိုတဲ့ အကျိုးတရားငါးပါး ဖြစ်ပေါ်လာတယ်၊ အဲဒီ အကျိုးတရားတွေရဲ့ အစဖြစ်ပေါ်မှုက ဇာတိဘဲ၊ အဆုံး ပျက်သွားတာက မရဏာဘဲ၊ အလယ်ပိုင်းမှာ အဆက်ဆက်ဖြစ်ပြီး တည်နေတာက ဇရာဘဲ၊ အဲဒီ ဇရာအခိုက်အတန့်ထဲမှာ ရုံဖန် ရုံခါ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ တရားဆိုးတွေလဲ ဖြစ်ပေါ်သေးတယ်။ ဒီတော့ ဘဝတိုင်း ဘဝတိုင်းဟာ အနှစ်သတ္တုချကြည့်ယင် ဖြစ်ခြင်း, အိုခြင်း, သေခြင်း, စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, စိတ်နှလုံး၏ ပြင်းစွာ ပူပန်ခြင်းဆိုတဲ့ ဒီတရားဆိုးတွေချည်းဘဲ၊ အဲဒါတွေဟာ ချမ်းသာလဲ မဟုတ်ဘူး၊ အသက်ရှင်နေတဲ့ အတ္တကောင်လဲ မဟုတ်ဘူး၊ ဆင်းရဲတွေချည်းဘဲ။ ဒါကြောင့် မူလရင်း ဆောင်ပုဒ်ကြီးမှာ—

အမှန်မသွား အမှားမြင်ကာ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး ရည်မြော်ကိုးလျက် သုံးမျိုးမှကံ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်။ပ။ တဏှာ ၆-တန် ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ ဖြစ်ရပြန်ရာ အိုကာသေရေး ပူအဆွေးနှင့် ငိုကြွေးကိုယ်နှမ်း စိတ်မချမ်းမြ ပူပန်ရသည် လုံးဝ ဆင်းရဲစုသာတည်း—လို့ ဆိုထားပါတယ်။ ရှစ်လုံးဖွဲ့ ဆောင်ပုဒ်မှာတော့ နောက်ဆုံး ၂-ပိုဒ်မှာ—

ခံစားသည့်တွက် တပ်မက်ခင်မင်၊
မည်သို့ပြုငြား ကောင်းစားမည်ထင်၊
ဝင်စားစဲ့လမ်း ရှောရှမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရဇာတိပင်။

ဘဝဇာတိ　သူရှိပြန်လျှင်၊
အို သေ ပူဆွေး　ငိုကြွေးထိုပြင်၊
ကိုယ်-စိတ်ဆင်းရဲ　ထန်သဲပူပင်၊
သို့ဖြစ်ရ　လုံးဝ　ဆင်းရဲပင်–

လို့ ဆိုထားပါတယ်။ အဲဒီ ရှစ်လုံးဖွဲ့ ဆောင်ပုဒ်မျှားကို ဆိုကြရမယ်–

ခံစားသည့်တုက်　တပ်မက်ခင်မင်။ပ။
နောင်ဘဝ ဖြစ်ရ ဇာတိပင်။
ဘဝဇာတိ　သူရှိပြန်လျှင်။ပ။
သို့ဖြစ်ရ လုံးဝ　ဆင်းရဲပင်။

ယခု ပြောလာခဲ့တာဟာ ကာမုပါဒါန်ကြောင့် အကုသိုလ်ကံ, ကာမဘဝစရ ကုသိုလ်ကံ ဆိုတဲ့ ကမ္မဘဝ ဖြစ်ပုံနဲ့ အဲဒီ ကမ္မဘဝကြောင့် အပါယ် လေးဘုံ မှာ ဖြစ်ပြီး ဆင်းရဲရပုံ, လူ့ဘုံမှာ ဖြစ်ပြီး အိုရ နာရ သေရ စိုးရိမ် ပူဆွေးရ စသည်ဖြင့် ဆင်းရဲရပုံတွေကို ပြောလာခဲ့တာဘဲ၊ အဲဒါ တော်တော် စုံသွားပါပြီ။

နတ်ဘဝ၌ ဇာတိ ဇရာ မရဏ စသည်ဖြစ်ပုံ

ယခု ပြောခဲ့တဲ့ ဒါန သီလ အစရှိသော ကုသိုလ်ကမ္မဘဝကြောင့် စတုမဟာရာဇ် တာဝတိံသာ အစရှိသော နတ်ပြည်မှာ ဘဝအသစ် ဖြစ်ရတာလဲ ရှိတယ်၊ အဲဒီ နတ်ဘဝတွေမှာလဲ လူ့ဘဝမှာလိုဘဲ အိုခြင်း သေခြင်း စိုးရိမ် ပူဆွေးခြင်း အစရှိတဲ့ ဆင်းရဲတွေ ရှိတာဘဲ၊ ဘုမဋ္ဌဒေဝတာ-ဆိုတဲ့ ဘုမ္မဇိုင်းနတ် မြေတည်နတ်တွေထဲမှာ တချို့နတ်တွေဟာ စားစရာမရှိ ဝတ်စရာမရှိ နေစရာမရှိနဲ့ လူတွေထက်တောင် ဆင်းရဲပါသေးတယ်၊ သူတို့ကို ဝိနိပါတိက နတ်တွေလို့ ခေါ်ပါတယ်၊ သုဂတိ ချမ်းသာမှု ပြုတ်ကျနေတဲ့ နတ်တွေလို့ ဆိုလိုပါတယ်၊ မြန်မာတွေက အစိမ်း တစ္ဆေ သရဲခေါ်တဲ့ နတ်ညံ့ကလေးတွေပါဘဲ။

ကောင်းကင်မှာ တည်တဲ့ နတ်တွေမှာလဲ သူတို့အလိုရှိတိုင်း မပြည့်စုံလို့ စိုးရိမ် ပူဆွေးရ စိတ်နှလုံး မသာရတဲ့ ဆင်းရဲတွေ ရှိနေပါတယ်၊ တချို့ နတ်တွေမှာ သူမျှားလို ဘုံဗိမာန် အခြေအရံ မပြည့်စုံလို့ စိတ်ဆင်းရဲရတယ်၊ တချို့ နတ်တွေ

မှာ သူများလို တန်ခိုးအရောင်အဝါနဲ့ မပြည့်စုံလို့ စိတ်ဆင်းရဲရတယ်၊ သိကြား မင်းကြီးရဲ့ ဖြစ်ပုံမျိုးပေါ့။

သိကြားမင်းကြီးက အရှင်မဟာကဿပကို ဆွမ်းလှူတဲ့အခါ ဒီလို လျှောက်တယ် "တပည့်တော်ဟာ နတ်ပြည်မှာ သိကြားမင်းကြီး ဖြစ်နေရပေမဲ့ ဆင်းရဲပါတယ်ဘုရား၊ တပည့်တော်ဟာ သာသနာပက ကုသိုလ်ပြုပြီး နတ်ဖြစ်ရလို့ ကိုယ်ရောင်ကိုယ်ဝါ သိပ်မတောက်ပပါ၊ သာသနာတွင်းက ကုသိုလ်ပြုပြီး နတ်ပြည်ကို ရောက်လာကြတဲ့ စူဠဒုရထနတ်သား, မဟာရထနတ်သား, အနေကဝဏ္ဏနတ်သား ဆိုတဲ့ ဒီနတ်သားကြီးတွေက တပည့်တော်ထက် တန်ခိုး အရောင်အဝါ ကြီးမားကြပါတယ်၊ သူတို့နဲ့ လမ်းမှာတွေ့ဆုံနေယင် အရောင်အဝါချင်း မယှဉ်ပြိုင်နိုင်လို့ တပည့်တော်က ပုန်းလျှိုး တိမ်းရှောင် နေရပါတယ်"လို့ လျှောက်ပါတယ်။ အဲဒါကို ထောက်ဆကြည့်ယင် နတ်ပြည်မှာလဲ ကိုယ်အလိုရှိ တိုင်း မပြည့်စုံလို့ စိတ်ဆင်းနေရတာတွေ အများကြီးရှိမယ် ဆိုတာ ယူဆနိုင်ပါတယ်။

အဲဒါထက် သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးတစုက အရှင်မဟာကဿပအား ဆွမ်းလှူဘုရာ အသနားခံကြတာက သာပြီး တင်ရှားပါသေးတယ်။ သူတို့ လျှောက်ပုံကတော့ "တပည့်တော်မတို့ဟာ သိကြားမင်းရဲ့ အလုပ်အကျွေး နတ်မိဖုရားကလေးတွေ ဖြစ်ရတာကတော့ မှန်ပါတယ်၊ ဒါပေမဲ့ တပည့်တော်မတို့ထက် အဆင့်အတန်းမြင့်တဲ့ နတ်မိဖုရားကြီးတွေက ဒုနဲ့ဒေးရှိနေတော့ တပည့်တော်မတို့ဟာ အင်မတန် ဆင်းရဲကြပါတယ်ဘုရား၊ ဒါကြောင့် **အ**ဆင့်အတန်း မြင့်ရအောင် အရှင်ဘုရားကို ဆွမ်းလှူလိုကြပါတယ်"လို့ လျှောက်ထား အသနားခံကြတယ်။ အဲဒါဟာ တော်တော်ယုတ္တိ ရှိပါတယ်၊ ဘာကြောင့်လဲဆိုတော့ သိကြားမင်းမှာ အလုပ်အကျွေး နတ်သမီးတွေက ကုဋေနဲ့ချီပြီး ရှိနေတယ်လို့ ဆိုပါဘယ်၊ ဒီတော့ သိကြားမင်းကြီးရဲ့ ပတ်ဝန်းကျင်မှာ နတ်မိဖုရားကြီးတွေက ရှိနေတဲ့အတွက် သာမန် အလုပ်အကျွေး နတ်သမီးတွေမှာ အနှားနှားတောင် ကပ်ရမှာ မဟုတ်ပေဘူး၊ အဲဒီလို နတ်သမီးတွေမှာ စိတ်အလိုအတိုင်း မပြည့်တဲ့အတွက် အင်မတန် ဆင်းရဲကြမှာဘဲ။ ဒီပြင်လဲ တန်ခိုးကြီးတဲ့ နတ်သားကြီးတွေမှာ အခြေအရံ နတ်သမီးတွေ ငါးရာ,တထောင်,

တသောင်းစသည်ဖြင့် ရှိနေကြပါတယ်၊ အဲဒီလို နတ်သမီးတွေ အစုထဲမှာလဲ နတ်သားကြီးနား ချဉ်းကပ်ခွင့် မရတဲ့ နတ်သမီးတွေ အများကြီး ရှိနေမှာဘဲ၊ အဲဒီလို နတ်သမီးတွေမှာလဲ စိတ်အလိုအတိုင်း မပြည့်လို့ ဆင်းရဲရှာကြမှာဘဲ။

ကခ္ဏိနတ်တွေမှာ စုတေခါနီးကျတော့ ပန်ဆင်ထားတဲ့ ပန်းတွေက ညှိုးနွမ်းကုန်တယ်၊ ဝတ်ထားတဲ့ အဝတ် အဆင် တန်းဆာတွေက ညစ်နွမ်းကုန်တယ်၊ လက်ကတီးကြားတို့မှ ချွေးတွေ ကျတယ်၊ အိုမင်းရုပ်တွေ ပေါ်လာတယ်၊ မပျော်မွေ့နိုင်ဘဲ ဖြစ်လာတယ် ဆိုတဲ့ ပဗ္ဗနိမိတ်တွေကို တွေ့ရတဲ့အတွက် ငါတော့ နတ်ဘဝမှ စုတေရတော့မယ် ဆိုတာကို မြော်တွေးပြီး အကြီးအကျယ် စိုးရိမ် ပူဆွေးရတယ်။

ကခ္ဏိနတ်တွေလဲ နတ်စည်းစိမ်တွေနဲ့ ပျော်မွေ့နေရင်း အမှတ်တမဲ့ စုတိစိတ် ကျပြီး သေသွားရကယ်၊ ယခု လူ့ပြည်မှာ ဗြုံးကနဲ လေ ဖြတ်ပြီး သေတာမျိုးလို့ ဆိုရမှာပေါ့၊ လူ့ပြည်က အသေမြန်တယ် ဆိုတာကတော့ နာရီပိုင်း မိနစ်ပိုင်း လောက်တော့ ကြာနေသေးတယ်၊ နတ်ပြည်က ရုတ်တရက် သေတယ်ဆိုတာကတော့ မိနစ်ပိုင်းတောင် ကြာနေဘာ မဟုတ်ဘူး၊ ဖရောင်းတိုင် မီးတောက်ကလေးများ ငြိမ်းသွားတာလို ချက်ခြင်းဘဲ သေသွားတာ။ အဲဒါဟာ သုဗြဟ္မနတ်သား၏ ဝတ္ထုဖြင့် ထင်ရှားပါတယ်။

သုဗြဟ္မနတ်သားဝတ္ထု

သုဗြဟ္မမည်တဲ့ နတ်သားဟာ အခြေအရံ နတ်သမီးတခေတာင်နှင့်တကွ နန္ဒဝန်ဥယျာဉ်ထဲမှာ ပျော်ပွဲ ခံနေတယ်၊ နတ်သမီးငါးရာက ပန်းပင်ပေါ်တက်ပြီး သီချင်းဆိုရင်း ပန်းတွေကို ချွေချနေကြတယ်၊ အဲဒီလို ချွေချနေရင်း ဥပစ္စေဒက ကံကြောင့် ရုတ်တရက် စုတေပြီး ငရဲ ရောက်သွားကြတယ်။ သီချင်းဆိုသံကို မကြားရတဲ့အတွက် နတ်သားကြီးက ဘယ်သွားကြပါလိမ့်မလဲ-လို့ ဆင်ခြင်ကြည့်လိုက်တဲ့အခါ နတ်ဘဝမှ စုတေပြီး ငရဲမှာ ကျရောက်လို့ ဒုက္ခရောက်နေကြတာကို တွေ့ရတယ်။ နောက်ပြီးတော့ မိမိအတွက် ဆင်ခြင်ကြည့်လိုက်တဲ့အခါ ကျန်တဲ့ နတ်သမီး ငါးရာနှင့်တကွ ၇-ရက် အတွင်းမှာ စုတေပြီး အဲဒီ ငရဲမှာ ဖြစ်ရမည့်

အရေးကို မြင်ရတယ်။ ဒီတော့ အလုန်ကြောက်လန့်ကာ စိတ်နှလုံးမသာဖြစ်ပြီး တော့ မြတ်စွာဘုရားထံ လာရောက်ပြီး ဒီလို မေးလျှောက်ပါတယ်—

နိစ္စံ ဥတြသ္တမိဒံ စိတ္တံ၊ နိစ္စံ ဥဇ္ဇိဂိဒံ မနော။
အနုပ္ပန္နေသု ကိဿ္ဓေသု၊ အထော ဥပ္ပတိတေသု စ။
သစေ အတ္ထိ အနုတြသ္တံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနုပ္ပန္နေသု၊ မဖြစ်ပေါ် ကုန်သေးသော။ ကိဿ္ဓေသု စ၊ ကျွန်ုပ်နှင့်တကွ ကျန်သော နတ်သမီးငါးရာတို့ ငရဲသို့ ကျရောက်ရမည့် ဆင်းရဲတို့ကြောင့်ရင်း။ အထော၊ ထို့မှတပါး။ ဥပ္ပတိတေသု၊ ဖြစ်ပေါ် ကုန်ပြီးသော။ ကိဿ္ဓေသု စ၊ ပန်းခူးရင်း စုတေ၍ ငရဲ၌ ကျရောက်နေကြသော နတ်သမီး ငါးရာတို့၏ ဆင်းရဲတို့ကြောင့်ရင်း။ ဣဒံ စိတ္တံ၊ ကျွန်ုပ်၏ ဥစိတ်သည်။ နိစ္စံ၊ အမြဲ။ ဥတြသ္တံ၊ ထိတ်လန့်နေပါသည် ဘုရား။ ဣဒံ မနော၊ ကျွန်ုပ်၏ ဥနှလုံးသည်။ နိစ္စံ၊ အမြဲ။ ဥဇ္ဇိဂိံ၊ ကြောက်ရွံ့ နေပါသည်ဘုရား။ အနုတြသ္တံ၊ မထိတ်လန့်ရာ မထိတ်လန့်ကြောင်းဖြစ်သော နည်းလမ်းကောင်း အရပ်ဒေသသည်။ သစေ အတ္ထိ၊ အကယ်၍ ရှိပြားအုံ့။ ဧဝံ သတိ၊ ဥသို့ ရှိလတ်သော်။ ပုစ္ဆိတော၊ မေးအပ်သော အရှင်ဘုရားသည်။ တံ၊ ထို ထိတ်လန့်မှု ငြိမ်းကြောင်း နည်းလမ်းကောင်း အရပ်ဒေသကို။ မေ၊ အကျွန်ုပ်အား။ အက္ခာဟိ၊ ဟောကြား ညွှန်ပြတော်မူပါဘုရား-တဲ့။

ဒီလို မေးလျှောက်တော့ မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူပါတယ်—

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိ ပဿာမိ ပါဏိနံ။

ဒေဝပုတ္တာ၊ သိလိုရေးနှင့် မေးလျှောက်လာသော အမောင်နတ်သား။ ဗောဇ္ဈာ၊ သိကြောင်းဖြစ်သော သတိ စသော ဗောဇ္ဈင်တရားအပေါင်းကို။ တပသာ၊ ကိလေသာကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေနိုင်သော ဓုတင်အကျင့် သမ္မပ္ပဓာန် အကျင့်ကို။ အညတြ၊ ကြဉ်ဖယ်ရှောင်ရှား၍ ။ ပါဏိနံ၊ သတ္တဝါတို့၏။

သောတ္ထိ ၊ ဘေးရန်ကင်းကွာ ချမ်းသာခြင်းကို။ နှ ပဿာမိ၊ ငါ မမြင်ပေ။ ဣန္ဒြိယသံဝရာ၊ ဣန္ဒြေ ၆-ပါး ၆-တံခါ တို့မှ ကိုယ်လေသာ မဖြစ်ပွါးရအောင် စောင့်ရှောက် ပိတ်ဆို့ခြင်းကို။ အညတြ၊ ကြည်ဖယ်ရှောင်ရှားမှ။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ ၊ ဘေးရန်ကင်းကွာ ချမ်းသာခြင်းကို။ နှ ပဿာမိ၊ ငါ မမြင်ပေ။ သဗ္ဗနိဿဂ္ဂါ၊ အလုံးစုံကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို။ အညတြ၊ ကြည်ဖယ်ရှောင်ရှားမှ။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ ၊ ဘေးရန်ကင်းကွာ ချမ်းသာခြင်းကို။ နှ ပဿာမိ၊ ငါ မမြင်ပေ-လို့—

ဒီလို ဟောကြားတော်မူလိုက်တဲ့ အခါ အခြေအရံ နတ်သမီး ငါးရာနှင့်တကွ သုဗြဟ္မ နတ်သားဟာ သောတာပန်ဖြစ်သွားပါသတဲ့။ ဒီ ဝတ္ထုထဲမှာ ပန်းခူးနေရင်း နတ်သမီးငါးရာ ရုတ်တရက် သေဆုံးသွားကြတာဟာ ဒီမှာ ပြောလိုရင်းပါဘဲ။ ဒီလိုပျော်နေရင်း အမှတ်တမဲ့ သေရတာဟာ အင်မတန် ကြောက်စရာ ကောင်းပါတယ်၊ အကုသိုလ်ဇောတွေနဲ့ သေသွားတော့ အဲဒီ နတ်သမီး ငါးရာလိုဘဲ ငရဲကို ကျရောက်သွားတတ်ပါတယ်။ ဒါကြောင့် နတ်ပြည်မှာ ဇာတိကြောင့် အမှတ်တမဲ့ သေရတဲ့ မရဏဟာ အင်မတန် ကြောက်စရာ ကောင်းပါတယ်။ ပုဗ္ဗနိမိတ်ထင်လို့ သေရမှာ စောစောက သိပြန်ယင်လဲ သေရမှာလဲကြောက်, အပါယ်ငရဲ ကျရမှာလဲ ကြောက်ပြီး စိတ်ဆင်းရဲတွေ မျှားစွာ ဖြစ်ရတယ်။ ဒါတွေဟာ နတ်ဘဝမှာ အသစ်ဖြစ်တဲ့ ဇာတိကြောင့် ဖြစ်ပေါ်လာတဲ့ ဇရာ မရဏ သောက အစရှိသော ဆင်းရဲတွေဘဲ။ ဒါကြောင့် ဒီ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ဘဝအသစ် ဖြစ်ခြင်းဆိုတဲ့ ဇာတိကြောင့် အိုခြင်း သေခြင်း စိုးရိမ်ပူဆွေးခြင်း အစရှိသော ဆင်းရဲတွေ ဖြစ်ပွါးရတယ်လို့ ဟောထားပေတာဘဲ။

ကာမုပါဒါန်ကြောင့် ကာမကမ္မဘဝဖြစ်ပြီး ကာမဘုံမှာ ဇာတိကြောင့် ဇရာ မရဏ သောက စသည် ဖြစ်ပုံတွေကတော့ အတော်စုံသွားပါပြီ။ ယခု ကာမုပါဒါန်ကြောင့် ရူပ, အရူပ ကမ္မဘဝ ဖြစ်ပြီး ဗြဟ္မာ့လောကဌ် ဇာတိကြောင့် ဇရာ မရဏ ဖြစ်ပုံကို ပြောရမယ်။

ကာမုပါဒါန်ကြောင့် ရူပ, အရူပ, ကမ္မဘဝ စသည်ဖြစ်ပုံ

ဗြဟ္မာ့လောကမှာ ကာမဘုံက အဖို့ အမတွေ့ ခံစားနေတဲ့ ကာမဂုဏ်မျိုး ဆိုတာ မရှိဘူး၊ အနံ့ အရသာ အတွေ့အထိ ဆိုတဲ့ ကာမဂုဏ်တွေဟာ လုံးဝ မရှိဘူး၊ မြင်ရ ကြားရ ကြံသိရတာလောက်ပဲ ရှိတယ်၊ အဲဒါတွေကလဲ အဖို့ အမ အနေနဲ့ သာယာရတဲ့ အာရုံမျိုးတွေ မဟုတ်ဘူး။ ဒါပေမဲ့ တချို့ပုဂ္ဂိုလ်က အဲဒီ ဗြဟ္မာ့လောကမှာ ကာမဂုဏ်အာရုံတွေက ပိုပြီး ပြည့်စုံ ကောင်းမြတ်တယ်လို့ ကြားဘူးလို့ဖြစ်စေ, မိမိ အလိုလို ကြုံဆပြီးတော့ဖြစ်စေ အဲဒီ ကာမဂုဏ်တွေကို ရချင်တဲ့ စဲ့လမ်းမှ ကာမုပါဒါန်ကြောင့် ရူပစျာန်, အရူပစျာန်တွေကို ဖြစ်ပွါးစေပါသတဲ့။ အဲဒီလို ဖြစ်ပွါးစေတဲ့ စျာန်စေတနာတွေကို ကမ္မဘဝလို့ ခေါ်ပါတယ်၊ အဲဒီ ကမ္မဘဝကြောင့် သေသည်၏ အခြားမဲ့မှာ ရူပ ဗြဟ္မာ့လောက, အရူပဗြဟ္မာ့လောကမှာ ဖြစ်ရတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ် (၃-၂၀၉) မှာ ဒီလို ပြဆိုထားပါတယ်—

အပရော၊ အခြားတပါးသော သူသည်။ ရူပါရူပဘဝေသု၊ ရူပဘဝ, အရူပဘဝတို့၌။ ကာမာ၊ ကာမဂုဏ်တို့သည်။ တတော၊ ထို လူ့ပြည် နတ်ပြည်ထက်။ သမိဒ္ဓတရာ၊ သာ၍ ပြည့်စုံ ကောင်းမြတ်ကုန်၏။ ဣတိ၊ ဤသို့။ သုတ္တာ ဝါ၊ ကြားဘူး၍ဖြစ်စေ။ ပရိကပ္ပေတ္တာ ဝါ၊ မိမိ အလိုလို ကြုံဆ၍ဖြစ်စေ။ ကာမုပါဒါနဝသေနေဝ၊ ကာမဂုဏ်တို့ကို လိုချင်စဲ့လမ်းမှ၏ အစွမ်းဖြင့်သာလျှင်။ (ဒီစကားထဲမှာ "ဧဝ=သာလျှင်"ဆိုတဲ့ ကန့်သတ်ချက်ကလေးပါတယ်၊ အဲဒီ ကန့်သတ်ချက်ဖြင့် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့၏ အစွမ်းအားဖြင့် ဖြစ်တာမဟုတ်ဘူး၊ ကာမုပါဒါန်သက်သက်၏ အစွမ်းအားဖြင့်သာလျှင် ဖြစ်တယ်လို့ ဖော်ပြပါတယ်။) ရူပါရူပသမာပတ္တိယော၊ ရူပစျာန်, အရူပစျာန် သမာပတ်တို့ကို။ နိဗ္ဗတ္တေတ္တာ၊ ဖြစ်ပွါးစေပြီး၍။ သမာပတ္တိဗလေန၊ ထို သမာပတ်တို့၏ အားအစွမ်းဖြင့်။ ရူပါရူပဗြဟ္မလောကေ၊ ရူပဗြဟ္မာ့လောက, အရူပဗြဟ္မာ့လောကဌ။ ဥပပဇ္ဇတိ၊ ဖြစ်၏—လို့ ပြဆိုထားပါတယ်။

ဒီနေရာမှာ ဗြဟ္မာ့လောကဌ ကာမဂုဏ်တွေ ရှိတဲ့အနေဖြင့် ကြားရခြင်း ကြုံစည်ခြင်းဟာ ဖြစ်သင့်ပါမည်လား—လို့ မေးစရာရှိပါတယ်၊ ဗုဒ္ဓတရားတော်ကို အမှန်အတိုင်း ကြားနာ မှတ်သားထားတဲ့ ပုဂ္ဂိုလ်တွေမှာတော့ မဖြစ်နိုင်ပါ

ဘူး။ တရားမှန်ကို မကြားရဘူးတဲ့ သူတွေမှာတော့ ဖြစ်နိုင်ပါတယ်။ ဘာကြောင့် လဲဆိုတော့– အိန္ဒိယက ဘာသာရေးကျမ်းတွေထဲမှာ ပြဟ္မာကိုလဲ မယားနဲ့ ယှဉ်တွဲပြီး ပြဆိုထားတာ ရှိပါတယ်။ နောက်ပြီးတော့ တချို့က နိဗ္ဗာန်မှာတောင် ဘုံနန်းပြာသာဒ်ကြီးတွေ ဥယျာဉ် ရေကန်တွေ စသည်နဲ့ မြို့ကြီး ပြည်ကြီးလို ထင်နေတာလဲ ရှိပါတယ်၊ တချို့က နိဗ္ဗာန်မှာလဲ သားမယား စသည် အခြေ အရံတွေနဲ့ နေရလိမ့်မယ်လို့ ထင်နေတာလဲ ရှိပါတယ်။ ဒါကြောင့် ပြဟ္မာ့လောကမှာ ကာမဂုဏ်တွေ သာပြီး ပြည့်စုံတယ်လို့ ယုံကြည်တဲ့သူ ကြိုးစည်တဲ့သူ စွဲလမ်းတဲ့သူလဲ ရှိနိုင်ပါတယ်။

အားကြီးတဲ့ တဏှာဟူသမျှကို ကာမုပါဒါန်ခေါ်သည်

တနည်းအားဖြင့် ဒီနေရာမှာ ကာမဥပါဒါန်ဆိုတာက ကာမတဏှာ တပါး တည်းကိုသာ ဆိုတာမဟုတ်ပါဘူး၊ ရူပတဏှာ, အရူပတဏှာတွေကိုလဲ စွဲလမ်းတဲ့ အနေနဲ့ ရင့်သန်လျှင် ကာမုပါဒါန်လို့ဘဲ ဆိုရပါတယ်။ ဒါကြောင့် ဒီ ကာမုပါ ဒါန်ကို အရဟတ္တမဂ်ကမှ ပယ်တယ်လို့ ပြဆိုထားတာလဲ ရှိပါတယ်။ ဘယ်လိုလဲ ဆိုယင်—

ဥပါဒါနသု၊ ဥပါဒါန် ၄-ပါးတို့ကတည်း။ သဗ္ဗေသမို့ လောကိယဓမ္မာနံ၊ လောကိ တရား အလုံးစုံတို့ကိုလည်း။ ဝတ္ထုကာမဝသေန၊ ဝတ္ထုအာရုံ ကာမဂုဏ်၏ အလိုအားဖြင့်။ ကာမာတိ၊ ကာမတို့ဟူ၍။ အာဂတတ္တာ၊ ဒေသနာတော်၌ လာသောကြောင့်။ ဝါ၊ ပေါဘဝေသောကြောင့်။ (ကိလေသကာမ, ဝတ္ထု ကာမအားဖြင့် နှစ်မျိုးခွဲပြီး ဟောတဲ့ ဒေသနာမှာ လိုချင်တပ်မက်သော တဏှာဟူသမျှကို ကိလေသာကာမဟူ၍ရင်း, လိုချင်တပ်မက်အပ်သော လောကီ တရားဟူသမျှကို ဝတ္ထုကာမဟူ၍ရင်း ဟောထားသောကြောင့်–လို့ ဆိုလိုပါ တယ်။) ရူပါရူပရာဂေါပိ၊ ရူပရာဂ, အရူပရာဂသည်လည်း။ ကာမုပါဒါနေ ပတတိ၊ ကာမုပါဒါန်၌ ကျရောက်၏–အတွင်းဝင်၏။ တသ္မာ၊ ထိုသို့ ရူပရာဂ, အရူပရာဂလဲ ကာမုပါဒါန်၌ အတွင်းဝင်သောကြောင့်။ တံ၊ ထိုကာမုပါဒါန်ကို။ စတုတ္ထဇ္ဈာနဝေဠေ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်၏–လို့ ပြဆိုထားပါတယ်။ (ဝိသုဒ္ဓိမဂ် ၃-၃၂၆)

ဒါကြောင့် ရူပစျာန် အရူပစျာန်ကို ရချင်ပြီး စဲ့လမ်းတာ ဗြဟ္မာ့ပြည်မှာ ဖြစ်ချင်ပြီး စဲ့လမ်းတာတော့ကိုလဲ ကာမုပါဒါန်လို့ဘဲ ခေါ်ရပါတယ်၊ ရူပုပါဒါန် အရူပုပါဒါန်ရယ်လို့ မရှိပါဘူး၊ ဒါကြောင့် ရူပစျာန် အရူပစျာန်ကို ရချင်လို့ ဖြစ်စေ, ရူပအရူပဗြဟ္မာ့ပြည်မှာ ဖြစ်ချင်လို့ဖြစ်စေ ရူပစျာန် အရူပစျာန်ကို ရအောင် အားထုတ်တာတော့ ဟူသမျှဟာ ကာမုပါဒါန်ကြောင့်ချည်းဘဲလို့ မှတ်ယူသင့်ပါတယ်။ အဲဒီလို အားထုတ်လို့ ဖြစ်ပေါ်လာတဲ့ ရူပစျာန် အရူပစျာန် ဟူသမျှတွေဟာလဲ ပုထုဇဉ် သေက္ခသန္တာန်မှာဆိုယင် ကာမုပါဒါန်ကြောင့်ဖြစ်တဲ့ ရူပကမ္မဘာဝ အရူပကမ္မဘာဝချည်းပါဘဲ။ အဲဒီ ရူပကမ္မဘာဝ အရူပကမ္မဘာဝတွေ ဖြစ်ပေါ်လာယင် အဲဒီ ကမ္မဘာဝကြောင့် ရူပဗြဟ္မာ့ပြည် အရူပဗြဟ္မာ့ပြည်မှာ ဘဝအသစ် ဖြစ်ရတယ်၊ အဲဒါဟာ ဇာတိဘဲ၊ အဲဒီဇာတိကြောင့် အဲဒီဘဝမှာ ရုပ်နာမ် ၂-ပါးလုံးဖြစ်စေ, ရုပ်သက်သက် ဖြစ်စေ, နာမ်သက်သက်ဖြစ်စေ ခဏမစဲ ရင့်ကျက်နေဘာဟာ ဇရာ=အိုခြင်းသဘောဘဲ။ ဒါပေမဲ့ ဒီဗြဟ္မာတွေရဲ့ အိုမင်းခြင်း ဇရာကတော့ လူ့သန္တာန်က ဇရာလို မထင်ရှားဘူး၊ ပတ္တမြားတုံး စိန်ဘုံးများမှာရှိတဲ့ ဇရာလိုဘဲ ဖြစ်နေတယ်၊ ဒါကြောင့် အဲ့ဒီလို ဇရာကို အပါကဋ္ဌဇရာ-လို့ ခေါ်ပါတယ်၊ မထင်ရှားတဲ့ အိုခြင်းလို့ ဆိုလိုပါတယ်။ ဒါပေမဲ့ ဒီဇရာ၏အစွမ်းဖြင့် ရင့်ရော်လိုက်နေတဲ့အတွက် သူတို့၏ အသက်တမ်း စေ့တဲ့ အခါကျတော့ စုတေရ သေပျက်သွားရတာပါဘဲ။ ဒါကြောင့် "ဇာတိပစ္စယာ၊ ဘဝအသစ်ဖြစ်ခြင်း ဇာတိ ဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ အိုခြင်း, သေခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်သည်"လို့ ဟောထားပါတယ်။

ဇရာမရဏကတော့ ဘယ်မှာဘဲဖြစ်ဖြစ် ရှိနေတာဘဲ

ဒီဗြဟ္မာ့ဘဝမှာတော့ ဒေါသမရှိတဲ့အတွက် သောက ပရိဒေဝ ဒေါမနဿ ဥပါယာသ ဆိုတာတွေကတော့ မရှိဘူး၊ ကာယပသာဒရူပ် မရှိတဲ့အတွက် ကိုယ်ဆင်းရဲ ဒုက္ခဆိုတာလဲ မရှိဘူး၊ ဇာတိနဲ့ ဇရာမရဏသာ ရှိပါတယ်။ ဒီဇာတိနဲ့ ဇရာမရဏကတော့ ဘယ်ဘဝမှာဘဲ ဖြစ်ဖြစ် ရှိနေတာဘဲ။ ဒါကြောင့် ဒီဇာတိနဲ့ ဇရာမရဏကတော့ ဘဝတိုင်း ဘဝတိုင်းနဲ့ ဆိုင်တယ်၊ ဘယ်ဘဝမှာဘဲဖြစ်ဖြစ် ဘဝသစ် ဖြစ်ပေါ်မိယင် ဇရာမရဏ=အိုခြင်းနဲ့ သေခြင်းမှာ အဆုံးသတ် သွားတာ ချည်းဘဲ။

ဒါကြောင့် အိုခြင်း သေခြင်းမှ လွတ်မြောက်ချင်လျှင် ဘဝအသစ်ဖြစ်မှု ဇာတိဖြစ်ပေါ်ခွင့် မရှိအောင် အားထုတ်ရမယ်၊ ဇာတိဖြစ်ခွင့် မရစေလိုလျှင် ကုသိုလ်ကံ, အကုသိုလ်ကံဆိုတဲ့ ကမ္မဘဝဖြစ်ခွင့် မရှိအောင် အားထုတ်ရမယ်၊ ကမ္မဘဝဖြစ်ခွင့် မရစေလိုလျှင် တဏှာနဲ့ ဥပါဒါန် မဖြစ်နိုင်အောင် အားထုတ်ရမယ်။ ဘယ်လို အားထုတ်ရမလဲဆိုလျှင် ဆဋ္ဌမပိုင်းတုန်းက ပြောခဲ့တဲ့အတိုင်း ဝေဒနာကြောင့် တဏှာ မဖြစ်အောင်, ဝေဒနာမျှတွင် ရင်တန့်သွားအောင် မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း ရှုမှတ်ရုံပါဘဲ။ အဲဒီလို ရှုမှတ်လို့ မြင်မှု ကြားမှု တွေ့သိမှု ခံစားမှု ဟူသမျှကို အနိစ္စ, ဒုက္ခ, အနတ္တ သဘောမျှဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိသိသွားလျှင် ခံစားမှု ဝေဒနာမျှသာဖြစ်ပြီး လိုချင်နှစ်သက်မှု တဏှာ ဖြစ်ပဲ ချုပ်ငြိမ် သွားပါလိမ့်မယ်၊ တဏှာချုပ်လျှင် တဏှာမှ ဆက်ပြီး ဖြစ်မည့် ဥပါဒါန်နဲ့ ကံတွေလဲ ချုပ်သွားကြပါလိမ့်မယ်၊ ကံချုပ်လျှင် ဘဝအသစ်ဖြစ်မှု ဇာတိ မရှိပါလာနိုင်တော့ဘူး၊ ဇာတိမရှိလျှင် ဇရာမရဏမရှိဘဲ ချုပ်ငြိမ်းသွားပါလိမ့်မယ်။ အဲဒါဟာ ရှုမိတဲ့ အာရုံနဲ့ စပ်ပြီး တဒင်္ဂအားဖြင့် ချုပ်ငြိမ်းပုံပါဘဲ။ ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့ အခါမှာ အရိယမဂ်ဉာဏ် ဖြစ်ပေါ်ပြီး သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းသွားဖေပါလိမ့်မယ်။ ကဲ ဒီကနေ့တော့ ဒီတွင်ဘဲ ရပ်နားကြဦးစို့၊ နောက်သီတင်းကျမှ ဒီဌပါဒါန်စသည်ကြောင့် ကမ္မဘဝစသည် ဖြစ်ပုံကို ဆက်ဟောရမယ်။

ဤပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကို ရှိသေစွာ နာယူမှတ်သားကြရသော။ပ။ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။

သာဓု ၊ သာဓု....၊ သာဓု။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး အဋ္ဌမပိုင်း ပြီး၏။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး

၁၃၂၄-ခု၊ တော်သလင်းလဆန်း (၇) ရက်နေ့ ဟောသည်။

နဝမပိုင်း

ဒိဋ္ဌုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ဝါခေါင်လဆုတ် (၇) ရက်နေ့က "ဥပါဒါနပစ္စယာ ဘဝေါ=ဥပါဒါန်ကြောင့် ဘဝဖြစ်သည်" ဆိုတဲ့အပိုဒ်ကို ဟောခဲ့တာဟာ ကာမုပါဒါန်ကြောင့် ဖြစ်ပုံလောက်သာ ပြီးခဲ့သေးတယ်၊ ဒီကနေ့ ဒိဋ္ဌုပါဒါန်ကြောင့် ဖြစ်ပုံက စပြီးဟောရမယ်။

ဒိဋ္ဌုပါဒါန်ဆိုတာ ကံ, ကံ၏အကျိုးမရှိ စသည်ဖြင့် ယူဆစွဲလမ်းမှုဖြစ်ကြောင်း သတ္တမပိုင်းမှာ ပြောခဲ့ပါပြီ၊ နောင်ဘဝ မရှိဘူးဆိုယင်လဲ ကံ, ကံ၏အကျိုးဆိုတာ မရှိနိုင်တော့ဘူး။ ဒါကြောင့် ယခု ဘဝက သေပြီးလျှင် ဘာမျှ မရှိတော့ဘူးလို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိဟာလဲ ဒီ ကံ, ကံ၏ အကျိုး မရှိဘူးလို့ ယူဆ စွဲလမ်းတဲ့ ဒိဋ္ဌိဥပါဒါန်ထဲမှာ အတွင်း ဝင်နေပါတယ်။ အဲဒီလို ကံ, ကံ၏ အကျိုး မရှိဘူး၊ နောင် ဘဝလဲ မရှိဘူးလို့ ယုံကြည် စွဲလမ်းနေတဲ့သူမှာ ကောင်းမှု ကုသိုလ်ကိုလဲ ပြုဘို့ မလိုဘူး၊ မကောင်းမှု အကုသိုလ်ကိုလဲ ရှောင်ကြဉ်ဘို့မလိုဘူး၊ အသက်ရှည်ရှည် နေရဘို့နဲ့ မသေမီအတွင်း ကောင်းစား ချမ်းသာဘို့ လောက်သာ ကြိုးစားအားထုတ်ဘို့ လိုတော့တယ်၊ အဲဒီလို အယူအစွဲ ရှိတဲ့သူတွေက ဒီလိုဘဲ ပြောကြပါတယ်၊ "မသေမီ ကာလအတွင်းမှာ ရတတ်သမျှနည်းနဲ့ ရှာကြံပြီး ခံစားရမယ်၊ ဒီလို ခံစားရသမျှဟာ အမြတ်ပဲ၊ လောက နိဗ္ဗာန်ဘဲ၊ နောင်ဘဝ အတွက် ရည်မြော်ပြီး အကုသိုလ် အလုပ်ဆိုတာတွေကို ရှောင်နေယင်, ကုသိုလ် အလုပ်ဆိုတာတွေကို လုပ်နေယင် အခွင့်အရေးဆုံးရှုံးရုံမျှဘဲ၊ အရှုံးမခံရဘူး" စသည်ဖြင့် ဒီ ဒိဋ္ဌုပါဒါန် ရှိတဲ့သူတွေက ပြောနေကြပါတယ်။

ဒါကြောင့် ကံ, ကံ၏ အကျိုးမရှိဘူး၊ နောင် တမလွန်ဘဝ မရှိဘူး·လို့ အယူအစွဲ ရှိတဲ့သူက မိမိကိုယ် ချမ်းသာကောင်းစားရေး အတွက်ရော မိမိနဲ့ စပ်

တဲ့သူတွေ ချမ်းသာ ကောင်းစားရေး အတွက်ရော ဖြစ်နိုင်သမျှ နည်းအမျိုးမျိုးဖြင့် ရှာကြံအားထုတ် ပြုလုပ်တယ်၊ အဲဒီလို ပြုလုပ်ရာမှာ မျှားသောအားဖြင့် အကုသိုလ်ကံတွေ ဖြစ်ပွားတယ်၊ အဲဒီ ကံတွေဟာ ဒိဋ္ဌဓမ္မဝေဒနီယကြောင့် ဖြစ်တဲ့ ကမ္မဘဝတွေပါဘဲ၊ အဲဒီကံတွေက အကြောင်းညီညွတ်ယင်း သေခါနီးမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ထင်စေပြီး အပါယ် ဘဝသစ်ကို ဖြစ်စေပါတယ်။ အဲဒါဟာ နန္ဒကပေတဝတ္ထုဖြင့် ထင်ရှားပါတယ်။

နန္ဒကပေတဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော် မူပြီးသည့်နောက် အနှစ် နှစ်ရာကျော် ကာလတုန်းက သုရဋ္ဌဆိုတဲ့ တိုင်းပြည်မှာ ပင်္ဂလဆိုတဲ့မင်း စိုးစံနေခဲ့ပါသတဲ့။ သုရဋ္ဌတိုင်းပြည်၏ တည်ရာဌာနကတော့ ယခု အိန္ဒိယပြည် အနောက်စွန်း ဘုံဘေနယ်ရဲ့ မြောက်ဖက် ကာတိယာဝါခေါ်တဲ့ ကျွန်းဆွယ်ကြီးပေါ်မှာ ဖြစ်ပါတယ်။ အဲဒီ ပင်္ဂလမင်းရဲ့ စစ်သူကြီးက နန္ဒက အမည်ရှိပါသတဲ့၊ မိစ္ဆာအယူလဲ ရှိပါသတဲ့။ ဒါကြောင့် ပေတဝတ္ထု အဋ္ဌကထာမှာ "တဿ၊ ထုပင်္ဂလမင်း၏။ သေနာပတိ၊ စစ်သူကြီးသည်။ နန္ဒကော နာမ၊ နန္ဒက အမည်ရှိ၏။ မိစ္ဆာ-ဒိဋ္ဌိ၊ မှားသောအယူ ရှိ၏။ ဝိပရိတဒဿနော၊ ဖောက်ပြန်သော အမြင်ရှိ၏။ ဝါ၊ အမြင်မှား၏။ နတ္ထိ ဒိန္နန္တိအာဒိနာ၊ ပေးလှူခြင်းသည် အကျိုးမရှိစသည်ဖြင့်။ မိစ္ဆာဂါဟံ၊ မှားသောအယူကို။ ပဂ္ဂယှ၊ ချီးမြှောက်အားပေး၍။ ဝါ၊ မြဲမြံစွာ ယူ၍။ ဝိစရိ၊ နေခဲ့လေသည်" လို့ ပြဆိုထားပါတယ်။

အဲဒီ နန္ဒကဟာ သေတဲ့အခါ ဝိဠုဒတာမှာ ပခြောင်ပင်ကြီးကို အမှီပြုပြီး နေရတဲ့ ပြိတ္တာကြီး ဖြစ်နေရှာတယ်။ အဲဒီအခါမှာ သူ့သမီး ဥတ္တရာက အိမ်ကို ဆွမ်းခံကြွလာတဲ့ ရဟန်းတော် တပါးအား ရေနဲ့ မုံ့မျှားကို လှူပြီး သူ့ဖခင်အား အမျှပေးဝေပါတယ်။ အဲဒီ အမျှပေးဝေလိုက်တဲ့ ကောင်းမှုကြောင့် နန္ဒက ပြိတ္တာကြီးမှာ နတ်ပြည်လောကဌ် ဖြစ်သော သောက်ရေတွေနဲ့ မုံ့တွေဟာ စားလို့ သုံးလို့ မဂ္ဂုန်နိုင်အောင် ဖြစ်ပေါ်လာပါသတဲ့။ အဲဒီတော့မှ နန္ဒက ပြိတ္တာကြီးဟာ ကံ, ကံ၏အကျိုး ရှိမှန်းသိပြီး သံဝေဂရတယ်၊ ပေးလှူတာ အကျိုးမရှိ စသည်ဖြင့် လူ့ဘဝတုန်းက ဟောပြော ညွှန်ကြားမိခဲ့တာ ဝါဒဖြန့်

မိခဲ့တာတွေဟာ မှားကုန်ပြီလို့ နောင်တ ရမိသတဲ့။ တနေ့သောအခါ ပိုင်လမင်းက ဓမ္မာသောကမင်းထံ အခွန်ဆက်ပြီး ပြန်လာတယ်၊ အဲဒီအခါမှာ အဲဒီနန္ဒက ပြိုတ္တာကြီးက သူ့ညောင်ပင်ကြီးဆီကို လမ်းဖန်ဆင်းပြတယ်။ အဲဒီ လမ်းအတိုင်း ပိုင်လမင်းက လိုက်လာတဲ့အခါ အဲဒီ ညောင်ပင်ကြီးအောက် ရောက်လာတယ်၊ အဲဒီအခါ နန္ဒကပြိုတ္တာက နောက်ပါ ပရိသတ်နှင့်တကွ ပိုင်လမင်းကို သောက်ရေနဲ့ မုံ့မျှ ားဖြင့် ညှဲ့ခံ ကျွေးမွေးတယ်၊ အဲဒီလို ကျွေးမွေးတဲ့အတွက် ပိုင်လမင်းက အုံ့သြပြီး တန်ခိုးကြီးတဲ့ နတ်လား, သိကြားလား စသည်ဖြင့် မေးပါတယ်။ အဲဒီအခါ နန္ဒကပြိုတ္တာက နတ်လဲမဟုတ်၊ သိကြားလဲမဟုတ်၊ သုရဋ္ဌတိုင်းပြည်က သေလာပြီး ပြိုတ္တာဖြစ်နေတဲ့အကြောင်း ပြောပါတယ်။ ဘယ်လိုအမှုကြောင့် ဒီလိုဖြစ်ရသလဲလို့ မေးပြန်တော့ နန္ဒကပြိုတ္တာက—

ဒေဝ၊ အရှင်မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ သုရဋ္ဌသို့ ၊ သုရဋ္ဌတိုင်းဌ။ ပါပစေတာသော ပုရိသော၊ ယုတ်မာသောစိတ် ရှိသောသူ ဖြစ်ခဲ့ပါ၏။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူ ရှိခဲ့ပါ၏။ ဒုဿီလော၊ သီလမဲ့သူ=ကိုယ်ကျင့်တရား ပျက်သူ ဖြစ်ခဲ့ပါ၏။ ကဒရိယော၊ နှမြော စေးနဲသည်ဖြစ်၍။ ပရိဘာသကော၊ အလှူခံ ပုဂ္ဂိုလ်နှင့် ပေးလှူသူတို့ကို ပက်ပက်စက်စက် ကဲ့ရဲ့ပြောဆိုတတ်သူ ဖြစ်ခဲ့ပါ၏-စသည်ဖြင့် ပြောပါတယ်။ ဒီလို မကောင်းမှုတွေ ပြုလာပါလျက် စားစရာသောက်စရာ ပြည့်ပြည့်စုံစုံနဲ့ တန်ခိုးကြီးတဲ့ နတ်လိုပင် ဖြစ်နေရတာ အကောင်းသားဘဲ လို့ ထင်စရာရှိတဲ့အတွက် မကြာမီပင် အကုသိုလ်က အကျိုးပေးတော့မည့် အကြောင်းကိုလဲ ဆက်ပြီး ဒီလို ပြောပြန်ပါသယ်—

သြရံ ဆဟိ မာသေဟိ၊ ဖ·လအတ္ထင်းဌ။ မေ၊ အကျွန်ုပ်၏။ ကာလကိရိယာ၊ ဣဘဝမှ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလတံ့။ ကာလံကတ္တာ၊ သေပြီး၍။ ဟေဋ္ဌကဋ္ဌကံ၊ စင်စစ် ခါးစပ်လှ–ဆင်းရဲလှစွာသော။ ဃောရံ၊ ကြောက်မက်ဖွယ် ကောင်းလှစွာသော။ နိရယံ၊ ငရဲသို့။ အဟံ ပပတိဿံ၊ အကျွန်ုပ် ကျရောက်ရပါတော့မည်–လို့ ပြောပြီးတော့ အဲဒီငရဲမှာ ကြောက်ဖွယ်ကောင်းပုံတွေကို ဆက်ပြီး ပြောသွားပါတယ်။ အဲဒီ ငရဲကြီးဟာ လေးထောင့် သံသေတ္တာကြီးလိုဘဲ အခင်း အကာ အမိုး အားလုံး သံဖြင့် ပြီးတဲ့အကြောင်း၊ မီးတွေ တဟုန်းဟုန်း တောက်လောင်နေတဲ့ အကြောင်း၊ နှစ်ပေါင်း တသိန်းကြာတဲ့

အခါ မောင်မင်းတို့....သင်တို့ ငရဲခံနေရတာ အနှစ်တသိန်း ရှိပြီဆိုတဲ့ အသံကို ကြားရတဲ့အကြောင်း၊ အဲဒီ အသံဟာ ငရဲခံရမည့်နှစ်ပေါင်း ကုဋေမျှားစွာရဲ့ မှတ်တိုင်တခု ဖြစ်ကြောင်း၊ မိစ္ဆာအယူရှိတဲ့ ဒုဿီလပုဂ္ဂိုလ်တွေ, အရိယာကို ပြစ်မှားတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီ ငရဲမှာ နှစ်ပေါင်း ကုဋေဘသိန်း ပတ်လုံး ခံရကြောင်း၊ အဲဒီ ငရဲမှာ ရှည်မြင့်ဖွဲ့သော ကာလပတ်လုံး ခံရမည့် အရေးကို မြော်တွေးပြီး သူမှာ စိုးရိမ်ပူပန် နေရတဲ့ အကြောင်းများကို ပြောပြီးတော့ သူမှာ နတ်ရေစင် နတ်မှုံများကို ရခြင်းအကြောင်းကိုလဲ ဆက်ပြောပြန်ပါတယ်။

သူသမီး ဥတ္တရာဟာ ဗုဒ္ဓသာသနာဝင် ဥပါသိကာမ ဖြစ်ပြီး သီတင်းသီလနဲ့ ပြည့်စုံတဲ့အကြောင်း၊ သီလနှင့် ပြည့်စုံသော ရဟန်းတပါး ဆွမ်းခံကြွလာတဲ့ အခါ သောက်ရေနဲ့ မှုံများကို လှူပြီးတော့ ဤ ကောင်းမှုသည် ကွယ်လွန်လေသော ဖခင်အား ဆိုက်ရောက်၍ ကျေးဇူးပြုပါစေလို့ ဆုတောင်း အမျှဝေတဲ့ အကြောင်း၊ အဲဒီလို ဆုတောင်း အမျှဝေသည်၏ ဒုခြားမဲ့မှာပင် ရေတွေ့မှုံတွေကို အလိုရှိတိုင်း သုံးဆောင်ရတဲ့ အကျိုးကို ခံစားရတဲ့ အကြောင်းများကို ပြောကြားပါတယ်။

ဒီဝတ္ထုထဲမှာ ပြောလိုရင်းကတော့ ကံ, ကံ၏ အကျိုးမရှိစသည်ဖြင့် ယူဆစွဲလမ်းတဲ့ ဒိဋ္ဌဥပါဒါန်ကြောင့် အကုသိုလ် ကမ္မဘဝဖြစ်ပုံနှင့် အဲဒီ အကုသိုလ်ကံကြောင့် အပါယ်ငရဲသို့ ကျရောက်ပြီး ဇာတိဖြစ်ပေါ်ပုံများပင် ဖြစ်ပါတယ်။

အဌကထာမှာတော့ နတ်ဘဝမှ ဖြစ်စေ, ဗြဟ္မာဘဝမှဖြစ်စေ သေတဲ့အခါ ဘဝပြတ်တယ်လို့ ယူဆစွဲလမ်းတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဥပါဒါန်ဖြင့် ထိုနတ်ဘဝ ဗြဟ္မာဘဝကို ရောက်စေတတ်တဲ့ ကံကို ပြုတယ်-လို့လဲ ပြဆိုထားပါတယ်။ နတ်ဘဝ ဗြဟ္မာဘဝရောက်ပြီးမှ ဘဝပြတ်တယ်လို့ ယူဆတဲ့ အစွဲအလမ်းမျိုးကတော့ ယခုနေအခါမှာဆိုလျှင် ရှိပုံမရပါဘူး။ ဒါကြောင့် အမျှားအားဖြင့် ခုတင်က ပြောခဲ့တဲ့အတိုင်း ယခုဘဝက သေပြီးယင် ဘာမှုမရှိတော့ဘူးလို့ ယူတဲ့ အစွဲအလမ်းဖြင့် အကုသိုလ်အမှုတွေပြုလုပ်တာကတဲ့ ထင်ရှားပါတယ်။

သဿတဒိဋ္ဌိပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံ

နောက်ပြီးတော့ သဿတဒိဋ္ဌိဥပါဒါန်ကြောင့်လဲ ကမ္မဘဝ ဖြစ်နိုင်ပါသေးတယ်။ ဘယ်လိုလဲဆိုယင် ယခုဘဝရော, နောင်သံသရာဘဝတွေမှာရော ကျင်လည်နေတာဟာ ငါတည်းတည်းဘဲ၊ ယခုဘဝက အကုသိုလ်ကံတွေကို ပြုယင် နောင်ဘဝတွေမှာ ငါဘဲ ဆင်းရဲရမယ်၊ ယခုဘဝက ကုသိုလ်ကံတွေကို ပြုယင်လဲ နောင်ဘဝတွေမှာ ငါဘဲ ချမ်းသာမယ်၊ ဒါကြောင့် နောင်ဘဝ သံသရာမှာ ချမ်းသာကြောင်းဖြစ်တဲ့ ကုသိုလ်ကံကို ပြုမယ်လို့ သဿတဒိဋ္ဌိဥပါဒါန်ဖြင့် စဲ့လမ်းပြီး ကုသိုလ်ကံလို့ ယုံကြည်ယူဆထားတဲ့ အမှုကံတွေကို ပြုတယ်၊ အဲဒီလိုပြုရာမှာ ကုသိုလ်အမှုနဲ့လဲ ပါမယ်၊ ကုသိုလ်အမှားလဲ ပါမယ်၊ ကုသိုလ်အမှားဆိုတာ အကုသိုလ်ပါဘဲ။ အဲဒီလို ပြုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေဟာ သဿတဒိဋ္ဌိဥပါဒါန်ကြောင့်ဖြစ်တဲ့ ကမ္မဘဝတွေဘဲ၊ အဲဒီ ကမ္မဘဝတွေကြောင့် ဘဝသစ်ဖြစ်ပေါ်ရလိမ့်မယ်၊ အဲဒါက ဇာတိပဲ၊ ဇာတိပေါ်လာတော့ အဲဒီ ဖြစ်ရာဘဝမှာ အိုခြင်း သေခြင်း စိုးရိမ်ပူဆွေးခြင်း အစရှိသော ဆင်းရဲတွေကို ခံစားသွားရလိမ့်မယ်။

ဒိဋ္ဌမင်္ဂလာအစဲ့ စသည်ကြောင့်လဲ ကမ္မဘဝဖြစ်သည်

နောက်ပြီးတော့ ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ အစရှိသော အယူအစဲ့တွေကြောင့်လဲ ကမ္မဘဝတွေဖြစ်တယ်။ ဘယ်လိုလဲ ဆိုယင် "သူယုတ်ကို မြင်ရယင် မကောင်းကျိုး ဖြစ်တတ်တယ်၊ အိမ်ကို ပျားစဲ့ယင် ဖုတ်တက်ယင် ဘေးသင့်တတ်တယ်"စသည်ဖြင့် ယုံကြည်စဲ့လမ်းမှု ရှိတဲ့သူက တွေ့မြင်ရတဲ့ သူယုတ်ကို ရှောင်ရှားဆဲနိုပ်စက်ဟတ်တယ်၊ ပျားအုံကို ဖုတ်တိုက်ကို ရှောင်ရှားဆဲတတ်တယ်။ ဒီပုံ ဒီနည်းဖြင့် မိမိ၏ ယုံကြည်စဲ့လမ်းချက် အားလျော်စွာ အမှုတစုံတရာကို ပြုလုပ်တတ်တယ်၊ အဲဒီလို ပြုတာဟာ အမင်္ဂလာ ဖြစ်တယ်လို့ ယူဆစဲ့လမ်းတဲ့ ဥပါဒါန်ကြောင့်ဘဲ။ အဲဒါကို စိတ္တသမ္ဘူတဇာတ် စသည်ဖြင့် သိနိုင်ပါတယ်။

စိတ္တသမ္ဘူတဇာတ် အကျဉ်း

အခါတပါးက ဘုရားအလောင်းတော်ဟာ ဥဇ္ဇေနီမြို့တံခါး၀ ဇလ္လာလရွာမှာ စလ္လာလမျိုးဌ် ဖြစ်ခဲ့ပါတယ်၊ စိတ္တ အမည်ရှိပါတယ်။ အရှင်အာနန္ဒာအလောင်း

ကလဲ ညီဝမ်းကွဲဖြစ်ခဲ့ပါတယ်၊ သမ္ဘူတ အမည်ရှိပါတယ်။ အရွယ်ရောက်တဲ့အခါ မှာ ဝါးလုံးဖြင့် ကပြတဲ့အတတ်ကို သင်ပြီး ကပြနေကြတယ်။ တနေ့သောအခါ မှာ တဦးက ဥဒေနိမြို့ရဲ့ မြောက်ဖက်တံခါးပေါက်မှာ အတတ်ပြနေတယ်၊ တဦးက အရှေ့ဖက်တံခါးပေါက်မှာ ပြနေတယ်။

အဲဒီမြို့မှာ သေဋ္ဌေးသမီးတယောက်နဲ့ ပုရောဟိတ်ပုဏ္ဏားသမီးတယောက်ဟာ ဒိဋ္ဌမင်္ဂလာ အယူရှိတယ်၊ ဒိဋ္ဌမင်္ဂလာ အယူဆိုတာ ကောင်းမြတ်တာကို မြင်ရလျှင် ကောင်းကျိုးရတယ်၊ လာဘ်ကောင်းတယ်၊ အယုတ်အညံ့ကို မြင်ရလျှင် မကောင်းကျိုးရတယ်၊ လာဘ်တိတ်တယ်လို့ ယူဆတာပါဘဲ။ အဲဒီ အမျိုးသမီး ၂-ယောက်ဟာ အဲဒီနေ့မှာ အခြေအရံတွေနဲ့ ပျော်ပွဲစား ထွက်ကြတယ်၊ တယောက်က မြောက်တံခါးမှထွက်တယ်၊ တယောက်က အရှေ့တံခါးမှ ထွက်တယ်။ စိတ္တနှင့် သမ္ဘူတတို့ စဏ္ဍာလအတတ် ပြနေတာကို တွေ့ရတဲ့အခါ အမင်္ဂလာကို မြင်ရတယ်၊ အတိတ်နိမိတ် မကောင်းဘူးဆိုပြီးတော့ နံ့သာရေနဲ့ မျက်နှာသစ်ပြီး ပြန်သွားကြတယ်၊ သူတို့ရဲ့ အခြေအရံတွေက ပျော်ပွဲပျက်တယ်ဆိုပြီး စိတ္တနဲ့ သမ္ဘူတတို့ကို ဝိုင်းရိုက်ကြတယ်။

စိတ္တနဲ့ သမ္ဘူတတို့ဟာ အချင်းချင်း ဆုံမိတဲ့အခါ ဒီလို အနှိပ်စက်ခံရတာဟာ အမျိုးဇာတ်ကြောင့် ဖြစ်ရတာဘဲ၊ ဇာတ်မြုပ်ပြီး ဗြာဟ္မဏအမျိုးအနေနဲ့ တက္ကသိုလ်သွားပြီး ပညာသင်ကြစို့-လို့ တိုင်ပင်ပြီး တက္ကသိုလ်မှာ ပညာသင်နေကြတယ်။ ဘုရားအလောင်း စိတ္တဟာ ပညာပြည့်စုံတဲ့အတွက် ကျောင်းသားခေါင်းဆောင် ဖြစ်နေတယ်။ အဲဒီအခါ ဆရာကြီးက စိတ္တကို ခေါင်းဆောင်အဖြစ်နဲ့ တာဝန်လွှဲပြီး စေလွှတ်လိုက်လို့ တနေ့ရာမှာ ပုဏ္ဏားတို့၏ မင်္ဂလာပရိတ်ရွတ်ဖို့ သွားရောက်ကြရတယ်။ သမ္ဘူတ-က နို့ဆွမ်းပူပူကြီးကို အေးတယ်ထင်ပြီး ရွတ်တရက် သောက်မိလို့ ပါးစပ်ကို အပူလောင်တာနဲ့ သတိမပြုနိုင်ဘဲ ဒုန်းစဏ္ဍားဘာသာဖြင့် "ခဋ္ဌ ခဋ္ဌ"လို့ ဆိုမိသတဲ့၊ စိတ္တ-ကလဲ သတိမပြုမိဘဲ ဒုန်းစဏ္ဍားဘာသာဖြင့်ပင် "နိဂ္ဂလ နိဂ္ဂလ=ထွေးလိုက် ထွေးလိုက်"လို့ ပြန်ပြောမိသတဲ့။ အဲဒီတော့ ဇာတ်မြင့် ဗြာဟ္မဏကျောင်းသားတွေက သမ္ဘူတနဲ့ စိတ္တတို့ ပြောတဲ့စကားဟာ မည်သည့် ဘာသာစကားလဲလို့ စိစစ်ကြတယ်၊ စိစစ်တဲ့အခါ ဒုန်းစဏ္ဍား ဘာသာမှန်း သိကြတော့ ဒီအကောင် ၂-ယောက်ဟာ ဒုန်းစဏ္ဍား အမျိုး

ယုတ်တော့ဘဲ၊ ဗြာဟ္မဏမျိုးအနေနဲ့ ငါတို့ကို လိမ်တယ်ဆိုပြီး ဝိုင်းရိုက်ကြတယ်၊ ကျောင်းမှလဲ နှင်ထုတ်ခံကြရတယ်။

အဲဒီက နောက် ဆရာကြီး၏ ညွှန်ကြားချက်အရ ရသေ့ပြုလုပ်ကြတယ်။ အဲဒီ ဘဝက သေတဲ့အခါ နေရဉ္ဇရာမြစ်အနီးမှာ သမင်ညီနောင် ဖြစ်ကြတယ်၊ မူဆိုး၏ လုံချက်ကြောင့် အဲဒီ ဘဝက သေရပြန်တဲ့အခါ နမ္မဒါမြစ်ကမ်းမှာ ဝန်လိုင်ဂက် ညီနောင် ဖြစ်ကြရပြန်တယ်။ အဲဒီ ဘဝကလဲ မူဆိုးက ဖမ်းပြီးသတ်လို့ သေရပြန်တဲ့အခါ စိတ္တ-က ကောသမ္မီပြည်မှာ ပုရောဟိတ် ပုဏ္ဏားသား ဖြစ်တယ်၊ ဘဝ ဟောင်း ၃-ခုလုံးကို အမှတ်ရပြီး သိနေတယ်၊ အရွယ်ရောက်တဲ့အခါ ရသေ့ရဟန်း ပြုပြီး စျာန်အဘိညာဉ်တွေဖြင့် ပျော်မွေ့နေတယ်။ သမ္ဘူတကတော့ ဥတ္တရပဉ္စာလ ပြည်မှာ မင်းသားဖြစ်တယ်၊ ဒွန်းစဏ္ဍားဖြစ်ခဲ့တဲ့ တဘဝကိုသာအမှတ်ရပြီး သိနိုင်တယ်၊ အရွယ်ရောက်တဲ့အခါ မင်းဖြစ်ပြီး ကာမဂုဏ်အာရုံတွေဖြင့် ပျော်မွေ့နေတယ်။

စိတ္တရသေ့က အဘိညာဉ်ဖြင့် ကြည့်လိုက်တဲ့အခါ ရှေးဘဝက သူ့ညီဖြစ်တဲ့ သမ္ဘူတဟာ မင်းဖြစ်ပြီး မင်းစည်းစိမ်ဖြင့် ပျော်မွေ့နေတာကို တွေ့ရတယ်၊ ငယ်ရွယ်ပျိုနုစဉ်မှာ တရားဘက်ကို လိုက်နိုင်မည့် အခြေအနေ မရှိသေးတာနဲ့ အနှစ် ၅၀-တိုင်အောင် စောင့်ဆိုင်းနေတယ်၊ အနှစ် ၅၀-ကျော်တဲ့ အခါကျတော့ စိတ္တရသေ့ကြီးက အဘိညာဉ်တန်ခိုးဖြင့် ပဉ္စာလမင်း၏ ဥယျာဉ်ကို ကြွလာတယ်၊ သူငယ်တယောက်ထံမှ ရသေ့ကြီး၏ ဂုဏ်သတင်းကို ကြားရလို့ သမ္ဘူတ မင်းကြီးက ရသေ့ကြီးထံလာရောက်တယ်၊ မြင်လျှင် မြင်ချင်း ငါ့အစ်ကို စိတ္တဘဲ လို့ ယုံကြည်ယူဆပြီး မြတ်သောနေရာကို ခင်းပေးတယ်၊ ရင်းရင်းနှီးနှီး အာလာပ သလ္လာပ စကားမျှားကို ပြောတယ်၊ အတူတကွ မင်းစည်းစိမ်ကို ခံစားဘို့ရာလဲ ဖိတ်မန္တ္တက ပြုတယ်။ ဒီတော့ ဘုရားအလောင်း ရသေ့ကြီးက ကောင်းမှု မကောင်းမှု နှစ်ပါးလုံး၏ အကျိုးအပြစ်ကို သိမြင်သောကြောင့် မိမိကိုယ်ကို စောင့်စည်းသွားတော့မယ်၊ သားမယား ဥစ္စာစသော လောကီစည်းစိမ်ကို မလိုလား မတောင့်တတော့ဘူးစသည်ဖြင့် ပြောပြပြီးတော့ သံဝေဂရစေရန် ဒီလိုလဲ ပြောကြားလိုက်ပါတယ်—

စက္ခာလောဟုမှ အဝန္ဓိသု၊ မိဂါ နေရဉ္ဇရံ ပတိ။
ဥက္ကုသာ နမ္မဒါတီရေ၊ တျဇ ဗြာဟ္မဏခတ္တိယာ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ မယံ၊ သင်နှင့်ငါနှစ်ဦးတို့သည်။ အဝန္ဓိသု၊ အဝန္ဓိတိုင်းပြည်၌။ (ပါဠိနည်းအားဖြင့် ဗဟုဝုစ် နှင့်ဆိုသော်လည်း တပြည်တည်းဖြစ်သောကြောင့်ရင်း, မြန်မာဘာသာတွင် ဤသို့သော အရာ၌ ကေဝုစ်ဖြင့်သာ ဆိုလေ့ရှိသောကြောင့်ရင်း ကေဝုစ်အနက်ပြန်သည်။) စက္ခာလာ၊ လူ့အောက်တန်းစား ဒုန်းစက္ကားမျိုးတို့သည်။ အဟုမှ၊ ဖြစ်ဘူးခဲ့ကြပြီ။ နေရဉ္ဇရံ-ပတိ၊ နေရဉ္ဇရာမြစ်အနီး၌။ မိဂါ၊ သမင်ညီနောင်တို့သည်။ ဒဟုမှ၊ ဖြစ်ဘူးခဲ့ကြပြီ။ နမ္မဒါတီရေ၊ နမ္မဒါမြစ်ကမ်း၌။ ဥက္ကုသာ၊ ဝန်လိုင့်ကံညီနောင်တို့သည်။ အဟုမှ၊ ဖြစ်ဘူးခဲ့ကြပြီ။ တေ၊ ဒုန်းစက္ကားညီနောင်, သမင်ညီနောင်, ဝန်လိုင့်ကံညီနောင် ဖြစ်ခဲ့ဘူးသော ထိုငါတို့ ၂-ဦးသည်။ အဇ၊ ယခုအခါ၌။ ဗြာဟ္မဏခတ္တိ-ယာ၊ အထက်တန်းလွှာဖြစ်သော ပုဏ္ဏားမျိုး မင်းမျိုးတို့ ဖြစ်လာကြကုန်သည် မင်းကြီး....လို့ သတိ သံဝေဂ ရစေရန် ရှေးဟောင်းနှောင်းဖြစ်တွေကို ဖော်ပြော ပါတယ်။

ဒီလိုပြောတဲ့ စကားထဲမှာ နက်နဲတဲ့ ရည်ရွယ်ချက်တွေပါပါတယ်။ အကုသိုလ်ကြောင့် ဒုန်းစက္ကားဘဝ သမင်ဘဝ ငှက်ဘဝတွေရောက်ပြီး အောက်တန်းကျခဲ့ရတယ်၊ မျက်နှာငယ်ခဲ့ရတယ်၊ ရသေ့ ရဟန်း ပြုခြင်းစသော ကုသိုလ်ကြောင့် ငါလဲ အထက်တန်းကျတဲ့ ပုဏ္ဏားမျိုးမှာဖြစ်ရတယ်၊ သင်လဲ မင်းမျိုးမှာဖြစ်ရတယ်။ ဒါကြောင့် မိမိ၏ဘဝကို မြင့်သည်ထက် မြင့်အောင် ရသေ့ ရဟန်းပြုပြီး ကုသိုလ်တရားကို ပွါးများချိန် တန်နေပြီလို့ ဆိုလိုပါတယ်။

ဒါပေမဲ့ မင်းစည်းစိမ်တွေကို စွန့်ပြီး ရဟန်းပြုဘို့ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ပေဘူး။ ဒါကြောင့် သမ္ဘူတမင်းက ရသေ့ရဟန်း မပြုနိုင်ကြောင်းပြော ပါတယ်။ အဲဒီအခါ သင့်လျော်တဲ့ သြဝါဒတွေကို ပေးပြီး ဘုရားအလောင်းဟော် က "မင်းကြီး....သင် နေရစ်ပေတော့၊ ငါသွားတော့မယ်"ဆိုကာ ကောင်းကင် ခရီးဖြင့် ဟိမဝန္တာသို့ အထင်အရှားကြွသွားပါတယ်။ ဒီတော့မှ သမ္ဘူတမင်းလဲ သတိသံဝေဂရပြီးတော့ ထီးနန်းကို သားအား လွှဲအပ်ပြီး တောထွက်ပါတယ်။ ဘုရားအလောင်း စိတ္တရသေ့ကြီးကလဲ တပည့်ပရိသတ်တွေနှင့်တကွ ခရီးဦးကြိုဆို

ပြီး ရသေ့ သခ်မ်းကျောင်းသို့ ခေါ်ဆောင်သွားတယ်၊ ကသိုဏ်း ပရိကံကို သင်ပြ ပေးတယ်။ ဒါကြောင့် အဲဒီ သမ္ဘူတရသေ့လဲ စျာန်အဘိညာဉ်နဲ့ ပြည့်စုံသွားပါတယ်-တဲ့။

ဒီ ဇာတ်ဝတ္ထုထဲမှာ ပြောလိုရင်းကတော့ ဒုန်းစက္ကား သူယုတ်ကို မြင်ရတာ နိမိတ်မကောင်းဘူးစသည်ဖြင့် စဲ့လမ်းတဲ့ ဒိဋ္ဌမင်္ဂလာအစဲ့ကြောင့် အကုသိုလ်ဖြစ်တာရယ်၊ ဒုန်းစက္ကားသူယုတ်နဲ့ မပေါင်းနိုင်ဘူးဆိုတဲ့ အနေနဲ့ စဲ့လမ်းပြီး ရိုက်ကြပုတ်ခတ်ကြတာရယ် – ဒါတွေဟာ ဒိဋ္ဌပါဒါန်ကြောင့်ဖြစ်တဲ့ အကုသိုလ်ကံတွေလို့ ပြောလိုရင်းပါဘဲ။ ကျန်တဲ့ ဝတ္ထုကြောင်းတွေကတော့ သံဝေဂရှာဘွယ် မှတ်ဖွယ်ကောင်းလို့ ပြလက်စရှိတဲ့ အတိုင်း အဆုံးတိုင်အောင် ပြလိုက်ခြင်း ဖြစ်ပါတယ်။

နောက်ပြီးတော့ ကောကခေါ်တဲ့ မူဆိုး၏ ဝတ္ထုဖြင့်လဲ ဒိဋ္ဌမင်္ဂလာအစဲ့ အလမ်းကြောင့် အကုသိုလ်ကမ္မဘဝ ဖြစ်တတ်ဟယ်ဆိုတာကို သိနိုင်ပါတယ်။

ကောကမူဆိုးဝတ္ထု

မြက်စ္စာဘုရား လက်ထက်တော်ကာလက ရှာတရှာမှာ ကောကဆိုတဲ့ မူဆိုးတယောက်ရှိတယ်၊ ကနေ့သောအခါမှာ အဲဒီ ကောကဆိုတဲ့ မူဆိုးက လေးမြားကို စဲ့ကိုင်ပြီး သားလိုက်မွေးတွေနဲ့ တောလိုက်ဖိုထွက်လာတယ်၊ လမ်းမှာဆွမ်းခံကြွလာတဲ့ ရဟန်းတပါးနဲ့ ရင်ဆိုင်တွေ့ရတယ်၊ ဒီလိုတွေ့ရတော့ မူဆိုးက ဆင်ခြင်တယ်၊ ယနေ့ဖိုးကတုံးသူယုတ်ကို နံနက်စောစောကြီးမှာ တွေ့ရတယ်၊ ဒါကြောင့် ဒီကနေ့ ဘာကောင်မှ ရမှာမဟုတ်တော့ပါဘူးလို့ ဆင်ခြင်ပြီးသွားတယ်၊ သူနိမိတ်ဖတ်ဆားတဲ့ အတိုင်းဘဲ ဘာကောင်မှ မရဘဲနဲ့ အချိန်ကုန်တော့ ပြန်လာရတယ်။ အဲဒီလို ပြန်လာတဲ့အခါမှာလဲ နံနက်ကတွေ့ခဲ့ရသော ရဟန်းက ရှာမှကျောင်းသို့ ပြန်လာတာကို ရင်ဆိုင် တွေ့ရပြန်တယ်။ တွေ့ရတော့ ယနေ့ ငါဟာ ဒီ သူယုတ်ဖိုးကတုံးကို တွေ့ရတဲ့အတွက် တောမှာ ဘာတကောင်မျှ မရခဲ့ဘူး၊ ယခုလဲ သူ ငါ့ရှေ့ ရောက်လာပြန်ပြီ၊ ဒီအကောင်ကို ခွေးတွေနဲ့ ကိုက်စေမယ်ဆိုပြီး ခွေးတွေနဲ့ တိုက်ပေးတယ်။

ဒီတော့ ရဟန်းက "ဥပါသကာ....ဒီလိုမလုပ်ပါနဲ့"လို့ အသာတကြည်တောင်းပန်ပါတယ်။ ဒါပေမဲ့ မရဘူး၊ သူက သူ့ခွေးတွေကို လွှတ်ပြီး တိုက်တာဘဲ။

ဒီတော့ ရဟန်းက အလျင်အမြန်ပြေးပြီး သစ်ပင်တပင်ပေါ် တက်နေရတယ်၊ သစ်ပင်ကလဲ သိပ်မမြင့်လှဘူး၊ လူ့တရပ်ကျော်ကျော် သစ်ကိုင်းပေါ်မှာ ထိုင်နေရတယ်။ ခွေးတွေက အောက်က ဝိုင်းနေတယ်၊ မူဆိုးက ရဟန်းရဲ့ ခြေထောက်ကို မြားချန်နဲ့ထိုးတယ်၊ ရဟန်းက "ဒီလိုမလုပ်ပါနဲ့"လို့ အတန်တန် တောင်းပန်တယ်၊ မူဆိုးက နောက်မဆုတ်ဘူး၊ ထိုးမြဲ ထိုးနေတာဘဲ။ ရဟန်းတော်မှာ အလွန်နာကျင်ပြီးဗယ်ဘက်ခြေ မြောက်ထားလိုက်၊ ညာဘက်ခြေ မြောက်ထားလိုက်နဲ့ အလူးအလဲ ခံနေရရှာတယ်၊ ကြာတော့ မထိန်းသိမ်းနိုင်တာနဲ့ ကိုယ်မှာ ရုံထားတဲ့ သင်္ကန်းက လျှောကျသွားတယ်၊ အဲဒီ သင်္ကန်းက မူဆိုးအပေါ် အုပ်လျက်ခြုံလျက် ဖြစ်နေပါတယ်၊ ဒါကြောင့် ခွေးတွေက ရဟန်းကျလာတယ် ထင်ပြီး မူဆိုးကို ဝိုင်းကိုက်ပြီး စားကြတယ်၊ အရိုးမျှသာ ကျန်တော့တယ်လို့ ဆိုပါတယ်။

အဲဒီအခါ ရဟန်းက သစ်ကိုင်းခြောက်တခုကို ချိုးပြီး ခွေးတွေကို ချောက်လိုက်တယ်၊ ဒီတော့မှ ခွေးတွေက သူတို့ သခင်ကို သူတို့ ကိုက်စားမိပြီဆိုတာ သိတာနဲ့ ပြေးကုန်ကြသတဲ့။ အဲဒီ အကြောင်းကို ရဟန်းက မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူပါတယ်—

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဃဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

ယော ဗာလော၊ အကြင်လူမိုက်သည်။ အပ္ပဒုဋ္ဌဿ နရဿ၊ သူတပါးအားမပြစ်မှားတတ်သော သူကို။ ဒုဿတိ၊ ပြစ်မှား၏။ သုဒ္ဓဿ အနင်္ဃဿ၊ စိတ်အညစ်အကြေးကင်းရှင်းစင်ကြယ်သော။ ပေါသဿ၊ ပုဂ္ဂိုလ်ကို။ ဒုဿတိ၊ ပြစ်မှား၏။ ပါပံ၊ ထိုသူပြုသော မကောင်းမှုသည်။ တမေဝ ဗာလံ၊ ထိုလူမိုက်သို့သာလျှင်။ ပစ္စေတိ၊ ပြန်လာ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူ။ သုခုမော ရဇော၊ သိမ်မွေ့သော မှုန့်သည်။ ပဋိဝါတံ ခိတ္တော၊ လေညာဘက်သို့ ပစ်လွှင့်အပ်သည်ရှိသော်။ တမေဝ၊ ထို ပစ်လွှင့်သူထံသို့သာလျှင်။ ပစ္စေတိ ဣဝ၊ ပြန်လာသကဲ့သို့ပင်တည်း–လို့ ဟောတော်မူပါတယ်။

ဒီ ကောကမူဆိုး ဝတ္ထုထဲမှာ ပြောလိုရင်းကတော့ သူယုတ်ကို မြင်ရလို နိမိတ်မကောင်းဘူး လာဘ်တိတ်တယ်လို့ ထင်မှတ်စဲ့လမ်းပြီး ရဟန်းကို ပြစ်မှား တာဟာ ပြောလိုရင်းပါဘဲ၊ အဲဒီမှာ ရဟန်းကို မြင်ရလို့ လာဘ်တိတ်ကယ် ထင်မှတ်တာဟာ ဒိဋ္ဌမင်္ဂလာ အယူအစဲ့ဘဲ၊ အဲဒီ အယူအစဲ့ကြောင့် ရဟန်းကို ခေါ်းတွေ့နဲ့လဲ တိုက်တယ်၊ မြားနဲ့လဲ ထိုးတယ်၊ ဒါတွေ့ဟာ ဒိဋ္ဌပါဒါန်ကြောင့် ဖြစ်တဲ့ အကုသိုလ်ကမ္မဘဝတွေ့ဘဲ၊ အဲဒီ အကုသိုလ်ကမ္မဘဝကြောင့် အပါယ် ငရဲမှာ ဖြစ်ရမယ်၊ အဲဒါက ဇာတိဘဲ၊ ဇာတိကြောင့် အဲဒီ ဖြစ်ရာဘဝမှာ အိုခြင်း သေခြင်း စိုးရိမ်ပူဆွေးခြင်း ငိုကြွေးရခြင်း ငရဲမီးလောင်မှု စသည်ကြောင့် ကိုယ် ဆင်းရဲရခြင်း စိတ်ဆင်းရဲရခြင်း စိတ်နှလုံး ပြင်းစွာ ပူပန်ရခြင်းဆိုတဲ့ ဆင်းရဲတွေ အတိုင်းမသိ ဖြစ်သွားမယ်၊ ကြောက်စရာပါဘဲ။

ဒိဋ္ဌမင်္ဂလာ အစဲ့စသည်ကြောင့် ကုသိုလ်ကံလဲ ဖြစ်နိုင်ပါဘယ်

ယခုပြောခဲ့တာတွေ့ကတော့ အကုသိုလ်ကံ ဖြစ်ပုံတွေ့ဘဲ၊ ကုသိုလ်ကံ ဖြစ်နိုင် တာတွေ့လဲ ရှိပါတယ်။ ဘယ်လိုလဲဆိုယင်–တခ္ခါမှာ ဂြိုဟ်စီးဂြိုဟ်နင်း ရှိတယ်၊ ဇာတာ ညှိုးနေတယ်၊ အဲဒါ ပရေါက်သွားအောင် ယတြာချေရမယ်လို့ ဗေဒင် ဆရာတွေ့က ဟောတာနဲ့ မြတ်စွာဘုရားအား ဆီမီး ရေချမ်း ပန်းနံ့သာ စသည် ဖြင့် ပူဇော်ကြတယ်၊ ရဟန်းသံဃာတော်တို့အား လှူဒါန်းကြတယ်၊ ပရိတ်တော် တရားတော်တို့ကို နာကြားကြတယ်၊ သီလ စောင့်ကြတယ်၊ ဟရား အားထုတ် ကြတယ်။ တခ္ခါကလဲ အိပ်မက်မကောင်းဘူးလို့ ယူဆပြီး ပရိတ်ရွတ်ခြင်း စသည် ကို ပြုလုပ်ကြတယ်။ ဒီလိုဟာတွေ့ကတော့ ဒိဋ္ဌမင်္ဂလာ အစဲ့အလမ်းကြောင့် ကုသိုလ်ကမ္မဘဝတွေ့ ဖြစ်တာပါဘဲ၊ အဲဒီ ကုသိုလ်ကံကြောင့် သုဂတိဘဝမှာ ဖြစ်နိုင်ပါတယ်၊ အဲဒါက ဇာတိဘဲ၊ ဇာတိရှိတော့ ဇရာမရဏ စသည်တွေ့လဲ ဖြစ်တော့မှာဘဲ။

ဒီ ယတြာချေရာမှာ အကုသိုလ်ဖြစ်တာလဲ ရှိတယ်၊ သတ္တဝါတွေ့ကို သတ် ဖြတ်ပြီး ယတြာချေယင် အကုသိုလ်ဖြစ်တယ်၊ ဒီလိုဟာ ရှိပါ့မလားလို့ ဆိုယင် ရှိပါတယ်၊ ဇာတ်နိပါတ်တော်တွေ့ထဲမှာ သဗ္ဗစတုက္ကယဇ်, သဗ္ဗအဋ္ဌကယဇ် စသည်တွေ့ကို စီမံပြီး ယတြာချေကြတဲ့ မင်းတွေ့အကြောင်း ထင်ရှားရှိပါတယ်။

သဗ္ဗစတုက္ကယင် ဆိုတာ ဆိတ် ၄-ကောင် နွားနဲ့ ၄-ကောင် မြင်း ၄-ကောင် လူ ၄-ယောက် စသည်ဖြင့် သတ္တဝါမျိုးစုံ ၄-ကောင်စီ သတ်ပြီး ယင်နှတ် ပူဇော်ကြတာပါဘဲ။ သဗ္ဗအဒ္ဓကယင်ဆိုတာလဲ နည်းတူပါဘဲ၊ ရှစ်ကောင်စီ သတ်ပြီး ပူဇော်တဲ့ ယင်ပါဘဲ။ အဲဒါ မြတ်စွာဘုရား လက်ထက်က ပဝေနဒီကောသလမင်းကြီး ယင်ပူဇော်ရန် စီမံပုံဖြင့် ထင်ရှားပါတယ်။

ကောသလမင်း၏ ယင်အစိအရင်

ကောသလမင်းကြီးဟာ သာဝတ္ထိမြို့သား တုယောက်၏ မယားကို အလိုရှိတာနဲ့ အဲဒီ မြို့သားကို သူထံမှာ ခစားစေတယ်၊ အပြစ်တွေ့ယင် သေဒဏ်ပေးပြီး သူ့မယားကို သိမ်းပိုက်ဖို့ ကြံစည်တာပါဘဲ။ ဒါပေမဲ့ အဲဒီ အမျိုးသားက အထူးသတိပြုပြီး ဆောင်ရွက်နေတာနဲ့ အပြစ်ရှာလို့ မရဘူး။ ဒါကြောင့် တနေ့သော အခါမှာ တယူဇနာလောက် ဝေးတဲ့အရပ်မှာရှိတဲ့ ကြာပန်းနဲ့ အရွက်အဆင်းရှိတဲ့ အရုဏာဝတီမြေညက်(ရုံ)ကို နေ့ချင်းပြန် အယူခိုင်းတယ်၊ ညနေမရောက်လာယင် အပြစ်ပေးမယ်လို့လဲ ပြောတယ်။ အဲဒီ အမျိုးသားကလဲ တမင် အပြစ်ရှာတဲ့အကြောင်းကို သိတာနဲ့ နေ့ချင်းပြန်ရောက်နိုင်အောင် အမြန်ပြေးသွားတယ်၊ ကံအားလျော်စွာ နေမဝင်မီဘဲ မြို့တံခါးဝကို ပြန်ရောက်လာတယ်။ ဒါပေမဲ့ မင်းက တံခါးကို စောစောပိတ်ဖို့ အမိန့်ပေးထားတဲ့အတွက် တံခါးက ပိတ်ပြီး ဖြစ်နေလို့ မြို့တွင်း မဝင်ရရှာတော့ဘူး၊ ဒါကြောင့် စိတ်သက်သာရာရအောင် ဇောတဝန်ကျောင်း သွားပြီး အိပ်နေတယ်။

ကောသလမင်းကြီးဟာ အဲဒီ ညဉ့်မှာ ကာမဝိတက်, ဗျာပါဒဝိတက်တွေ အားကြီးနေတဲ့အတွက် အိပ်လို့မပျော်နိုင်ဘဲ ရှိနေတယ်။ အဲဒီလို အိပ်မပျော်ဘဲ ရှိနေရာမှ ဒု-ဆိုတဲ့ အသံတခု၊ သ-ဆိုတဲ့ အသံတခု၊ နှ-ဆိုတဲ့ အသံတခု၊ သော-ဆိုတဲ့ အသံတခု ဒီအသံကြီး ၄-ခုကို ကြားရတယ်။ အဲဒီ အသံကြီးတွေက တခြားမဟုတ်ပါဘူး၊ ကာမေသုမိစ္ဆာစာရကံ အားကြီးတဲ့ သေဌေးသား ၄-ယောက် လောဟကုမ္ဘီ၏ရဲအိုးထဲ ကျရောက်နေရာမှာ ၎င်းအိုးနှုတ်ခမ်းဝ ပေါ်လာခိုက် အချင်းချင်း ပြောဆိုတဲ့ တဂါထာ, တဂါထာမှ အစတလုံး တလုံး ဖြစ်ပါတယ်။ အဲဒီ တလုံး တလုံးမျှကိုသာ ရှုတ်ဆိုနိုင်ပြီး ၎င်းအိုးထဲပြန်ပြီး မြုပ်သွားကြတယ်။

အဲဒီငရဲက ရှုတ်ဆိုတဲ့အသံဟာလဲ ပကတိအတိုင်းသာဆိုယင်တော့ လူ့လောကမှ မကြားနိုင်ပါဘူး၊ အကျိုးကျေးဇူး ဖြစ်ဖွယ်ရှိတဲ့အတွက် မြတ်စွာဘုရား၏ အဓိဋ္ဌာန် တန်ခိုးတော်ကြောင့် ကြားခြင်း ဖြစ်တယ်လို့ ယူရပါတယ်။ အဲဒီလို အလွန် စူးရှ ပြင်းထန်တဲ့ အသံကြီး ၄-ခုကို ကြားရတဲ့အတွက် မင်းကြီးမှာ ဘယ်လိုဘေးရန် ဖြစ်မှာပါလိမ့်မလဲလို့ တွေးပြီး အလွန် ကြောက်နေတယ်၊ ဒါကြောင့် နံနက်စောစောမှာ ပုရောဟိတ်ကို ခေါ်ပြီး အဲဒီ အကြောင်းကို ပြောတယ်။ ပုရောဟိတ်က ဝန်လေးတဲ့ နိမိတ် ဖြစ်တဲ့အကြောင်း အသက် အန္တရာယ် ဖြစ်နိုင်တဲ့အကြောင်းကို ပြောတော့ မင်းကြီးက သာပြီး ကြောက်တဲ့အတွက် ကုစားနိုင်တဲ့ နည်းမျှား ရှိပါသေးသလားလို့ မေးတယ်။ ဒီတော့ ပုရောဟိတ်က "ခင်ဗျ အကောင်တရာ မြင်းအကောင်တရာ စသည်ဖြင့် အလုံးစုံ အကောင်တရာစီ သတ်ပြီး သဗ္ဗသတကယဇ်ကို ပူဇော်ရမယ်"လို့ ညွှန်ကြားတယ်၊ အဲဒါဟာ ယတြာချေဘို့ ညွှန်ကြားတာပါဘဲ။

မင်းကြီးကလဲ အကြောက် လွန်နေတာနဲ့ ဘာမျှ မစဉ်းစားနိုင်တော့ဘူး၊ ပုရောဟိတ်ဆရာ ပြောတဲ့အတိုင်း ဆင်, မြင်း စသည်တွေကို ယဇ်ပူဇော်ဘို့ အကောင်တရာစီ ယဇ်တိုင်မှာ ချည်ထားတယ်။ ဒီနေရာမှာ လူ့ရဲစိတ်ခတ်ဟာ ဘယ်လောက်ရက်စက်သလဲဆိုတာ စဉ်းစားကြည့်ရမယ်၊ ကိုယ်တည်းရဲ့ အသက်ဘေးကို ကာကွယ်ဘို့ သတ္တဝါတွေ ရာထောင်မျှားစွာကို သတ်ပြီး ယဇ်ပူဇော်မယ်ကြံတာဟာ အလွန်အလွန်ဘဲ ရက်စက်လှပါပေတယ်။ အဲဒီလို ယဇ်တိုင်မှာ ချည်ထားတဲ့ သတ္တဝါတွေထဲမှာ တိရစ္ဆာန်တွေကတော့ သိရှာကြမယ် မဟုတ်ဘူး၊ လူတွေကကော့ သိနေတယ်၊ ဒါကြောင့် စပ်ဆိုင်ရာ ခွေးမျိုး သားချင်းတွေမှာ မျက်ရည်စက်လက်နဲ့ ငိုယိုမြည်တမ်း နေရှာကြသတဲ့။ အဲဒီအခါမှာ မလ္လိကာဆိုတဲ့ မိဖုရားက ဒီအသံဆိုးတွေ ကြားရတာနဲ့ စပ်ပြီး အကျိုးအပြစ်ကို မြတ်စွာဘုရားအား မေးလျှောက်ပါဦးလို့ သတိပေးတာနဲ့ မင်းကြီးက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မေးလျှောက်ပါတယ်။

မြတ်စွာဘုရားက အဲဒီ ကြားရတဲ့ အသံတွေဟာ မင်းကြီးနဲ့ ဘာမျှ မသက်ဆိုင်ဘူး၊ ကဿပဘုရား လက်ထက်က သေဌေးသား ၄-ယောက်ဟာ ငွေဖြင့် ဖြားယောင်းပြီး သူတပါးတို့၏ သားမယားတွေကို ကျူးလွန်ခဲ့ကြတဲ့ ကာမေသု

မိစ္ဆာစာရက်ကြောင့် အဝိစိ ငရဲကြီးထဲမှာ ကျရောက်ပြီး ဘုရား နှစ်ဆူတို့၏ အကြား ကာလပတ်လုံး ငရဲမီးဖြင့် အလောင်ခံနေခဲ့ကြရတယ်၊ အဲဒီ ငရဲကြီးမှ လွတ်လာပြန်တော့လဲ ကံက မကုန်သေးလို့ လောဟကုမ္ဘီခေါ်တဲ့ သံရည်ပွက်အိုး ငရဲမှာ ကျရောက်နေကြရပြန်တယ်၊ ညက အဲဒီ ငရဲအိုးကြီးရဲ့ နှုတ်ခမ်းဝမှာ လေးယောက်လုံး ပေါ်လာခိုက် ဆုံမိကြလို့ အချင်းချင်း တဂါကာစီ ရွတ်ဆိုပြီး ပြောဘို့ အားထုတ်ကြရာမှာ တလုံးစီမျှ ရွတ်ဆိုပြီး တဖန် နှစ်မြုပ်သွားကြရတယ် စသည်ဖြင့် အကြောင်းမှန်ကို မိန့်ကြားတော်မူပါတယ်။

ဒု-သ-နု-သော ၏ အဓိပ္ပါယ်

အဲဒီ အသံကြီး ၄-ခုထဲက ဒု-ဆိုတဲ့ အသံက "ဒုဋ္ဌိဝိဟမဇိဝိမှ" စသည်ဖြင့် ဆိုလိုပါသတဲ့။ မြန်မာလို အကျဉ်းချုပ်အားဖြင့်တော့ ငါတို့ဟာ သောဋ္ဌေးသား ဘဝတုန်းက မကောင်းသဖြင့် အသက်မွေးခဲ့ကြတယ်၊ ပစ္စည်းဥစ္စာတွေ ပေါမျှားပါလျက်နဲ့ မပေးမလှူခဲ့ကြဘူး၊ ဘဝ၏ ထောက်တည်ရာ ကောင်းမှုကို မပြုမိခဲ့ကြဘူး-လို့ ဆိုလိုပါတယ်။

သ – ဆိုတဲ့ အသံကတော့ "သဒ္ဓိဝဿသဟဿာနိ" စသည်ဖြင့် ဆိုလိုပါသတဲ့။ မြန်မာလိုကတော့ ငါတို့ လောဟကုမ္ဘီ ငရဲအိုးထဲ ကျနေတာဟာ အိုးနှုတ်ခမ်းမှ အောက်စအထိ နှစ်မြုပ်သွားနေတာက အနှစ် သုံးသောင်း + တဖန် ပြန်တက်လာတာက အနှစ် သုံးသောင်း ၂-ရပ်ပေါင်း အနှစ် ခြောက်သောင်း ကြာပြီ၊ ဘယ်တော့မှ ဒီငရဲအိုးမှ လွတ်ရပါမည်လဲ-လို့ ဆိုလိုပါတယ်။

နု-ဆိုတဲ့ အသံကတော့ "နတ္ထိ အန္တော ကုတော အန္တော" စသည်ဖြင့် ဆိုလိုပါသတဲ့။ မြန်မာလိုကတော့ ငါတို့မှာ ဒီငရဲမှ လွတ်ဖို့ရာ အဆုံးအပိုင်းအခြား မရှိတော့ဘူး၊ အကြောင်းကဟာ့ ငါနှင့်သင်တို့ဟာ ဟိုဘဝတုန်းက မကောင်းမှုတွေကို များစွာ ပြုခဲ့ကြလို့ပါဘဲ မောင်တို့-လို့ ဆိုလိုပါတယ်။

သော-ဆိုတဲ့ အသံကတော့ "သောဟံ နုန ဣတော ဂန္တွာ" စသည်ဖြင့် ဆိုလိုပါသတဲ့။ မြန်မာလိုကတော့ ငါတော့ ဒီငရဲမှ လွတ်ပြီး လူဖြစ်လို့ရှိလျှင် သီလကို ကောင်းကောင်းစောင့်ပြီး ပေးလှူမယ်၊ ကုသိုလ်ကို အများကြီးပြုမယ်-လို့ ဆိုလိုပါသတဲ့။

အဲဒါတွေဟာ "ခလုပ်ထိမှ အမိတ" ဆိုတာလိုဘဲ ဘေးဒုက္ခရောက်နေမှ သတိရတဲ့ သဘောပါဘဲ၊ အဲဒီလို ဘေးဒုက္ခ ရောက်နေမှတော့ ဘယ်နှယ်မှ မပြုပြင်နိုင်တော့ဘူး၊ အဲဒါလဲ အထူး သတိပြုစရာပါဘဲ။

အသံကြီး ၄-ခုနဲ့ စပ်ပြီး မြတ်စွာဘုရား မိန့်တော်မူတာကို ကြားရတဲ့အခါ ပဿေနဒီကောသလမင်းကြီးဟာ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကို အလွန်ကြောက်ရွံ့သွားတယ်၊ ဒါကြောင့် ဒီကနေ့ကစပြီး သူတပါး မယားတို့ဥ စိတ်ဖြင့်ပင် မပြစ်မှားတော့ဘူးလို့ ဆောက်တည်ပြီးတော့ ညက အိပ်မပျော်ဘဲရှိနေလို့ ညတာရှည်တာကို သိရတဲ့အကြောင်း မြတ်စွာဘုရားအား လျှောက်ထားပါတယ်။ အဲဒီအခါ ကြာနဲ့ မြေညက်ကို နေ့ချင်းပြန် သွားယူရတဲ့ သူကလဲ အလျင်နေ့က တယူဇနာဝေးရှိး ရှည်ဝေးတာကို သိခဲ့ရတဲ့ အကြောင်း လျှောက်ထားပါတယ်။ ဒီတော့ မြတ်စွာဘုရားက အဲဒီစကား နှစ်ရပ်နဲ့ စပ်ပြီးတော့ တရားဂါထာတပုဒ်ကို ဒီလို ဟောကြားတော်မူပါတယ်—

ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တသ ယောဇနံ။
ဒီဃော ဗာလာနံ သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

'ဇာဂရတော၊ အိုပ်မပျော်ဘဲ နိုးနေသောသူအား။ ရတ္တိ၊ ညဥ့်သည်။ ဒီဃာ၊ ရှည်လျှစ်၏။ သန္တသ၊ ခရီးပန်းသော သူအား။ ယောဇနံ၊ တယူဇနာ ခရီးသည်။ ဒီဃံ၊ ရှည်လျှဝေးလျှစ်၏။ သဒ္ဓမ္မံ အဝိဇာနတံ၊ သူတော်ကောင်းတရားကို မသိကုန်သော။ ဗာလာနံ၊ လူမိုက်တို့အား။ သံသာရော၊ သံသရာသည်။ ဒီဃော၊ ရှည်လျှစ်၏-တဲ့။

ဒီတရားဂါထာကို ကြားနာရတဲ့အတွက် ကြာနဲ့မြေညက်ကို နေ့ချင်းပြန် သွားယူရတဲ့ အမျိုးသားဟာ သောတာပန်ဖြစ်သွားပါတယ်၊ အခြားသူတွေများစွာလဲ သောတာပန်စသည် ဖြစ်သွားကြပါတယ်။ မင်းကြီးလဲ ယင်ပူဇော်ဘို့ ချည်နှောင်ထားတဲ့ ယင်ကောင်တွေကို အကုန်လုံး လွှတ်စေလိုက်ပါတယ်။

ဒီ ဝတ္ထုထဲမှာ ပြောလိုရင်းကတော့ အမင်္ဂလာ အသံဆိုးတွေကို ကြားရတဲ့အတွက် ဘေးရန်အန္တရာယ် ပပျောက်အောင် ယင်ပူဇော်ပြီး ယတြာချေဘို့

စိမ်ံတဲ့အကြောင်းပါဘဲ။ အဲဒီမှာ မြတ်စွာဘုရားထံမှ အဖြေမှန်ကို မကြားရယင် သုတမင်္ဂလာ အယူအစွဲကြောင့် သတ္တဝါများကို သတ်တဲ့ အကုသိုလ် ကမ္မဘဝ တွေ ဖြစ်တော့မယ်၊ အဲဒါတွေဟာ သုတမင်္ဂလာအယူဆိုတဲ့ ဒိဋ္ဌဥပါဒါန်ကြောင့် ဖြစ်တဲ့ ကမ္မဘဝတွေဘဲ။ ဒါကြောင့် သတ်မှုစသည်ကို ပြုပြီး ယတြာချယင် ဒိဋ္ဌမင်္ဂလာအယူအစွဲ အစရှိသော ဥပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝ ဖြစ်နိုင်တယ်ဆိုတာကိုလဲ မှတ်ထားကြရမယ်။

ဘာသာအယူအစွဲကြောင့်လဲ ကမ္မဘဝဖြစ်နိုင်တယ်

နောက်ပြီးတော့ ဘာသာအယူဝါဒ အစွဲအလမ်းတွေကြောင့်လဲ ကမ္မဘဝ တွေ ဖြစ်နိုင်တယ်။ ဘယ်လိုလဲဆိုယင်–လူတွေဟာ မိမိတို့ကြိုက်နှစ်သက်တဲ့ ဘာသာအယူကိုသာ မှန်တယ်၊ ဒီပြင် အယူဘာသာတွေ ဟူသမျှဟာ မှားတယ် လို့ ဒီလိုခုည်းဘဲ အများအားဖြင့် ယူဆစွဲလမ်းကြတယ်။ ဒါကြောင့် မိမိတို့ ကြိုက်နှစ်သက်တဲ့ ဘာသာအယူဝါဒကို ဝါဒဖြန့်တယ်၊ ဟောပြောတယ်၊ သူတပါး အား အတင်းအဓမ္မလဲ တိုက်တွန်းတတ်ကြတယ်၊ တချို့က မိမိတို့ အယူဘာသာ ကို လက်မခံယင် နှိပ်စက်ညှဉ်းဆဲတတ်ကြတယ်၊ သတ်ပစ်တာတွေလဲ ရှိတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနှစ်ရာကျော်ဆီကဆိုယင် လူတွေကို ဓားမိုးပြီးတော့လဲ မိမိတို့ ဘာသာထဲ သွင်းတာတွေ ရှိခဲ့တယ်၊ တချို့ ဘာသာဝင်တွေမှာဆိုယင် ဘာသာရေးကြောင့် စစ်ပွဲတွေလဲ ဖြစ်ခဲ့ကြတယ်။ အဲဒါတွေဟာ ဘာသာအယူ အစွဲအလမ်းဆိုတဲ့ ဒိဋ္ဌဥပါဒါန်ကြောင့်ဖြစ်တဲ့ အကုသိုလ်ကမ္မဘဝ တွေပါဘဲ။

ဝါဒစွဲကြောင့်လဲ ကမ္မဘဝဖြစ်နိုင်တယ်

နောက်ပြီးတော့ လောကရေးရာနဲ့စပ်တဲ့ ဝါဒစွဲတွေကြောင့် ကမ္မဘဝဖြစ် တာလဲ ရှိတယ်၊ ဘယ်လိုလဲဆိုယင် မိမိတို့ကြိုက်နှစ်သက်တဲ့ စိမ်ံခန့်ခဲ့ရေး ပြုပြင် ရေးဝါဒကို အခြားသူများအား လက်ခံစေချင်တယ်၊ အခြားသူတွေ လက်ခံ အောင်ဖြစ်နိုင်တဲ့ နည်းအမျိုးမျိုးဖြင့် အားထုတ်တယ်၊ အမျိုးမျိုးဝါဒဖြန့် တယ်၊ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေအပေါ် အယုံအကြည်ကင်းမဲ့အောင် အကြည် ညိုပျက်အောင် ဂုံးတိုက်စကားတွေကို ပြောတယ်၊ ညီညွတ်နေတဲ့သူတွေ ကွဲပြား

အောင်လဲ ပြောတယ်။ ဒါတွေဟာလဲ ဥပါဒါန်ကြောင့်ဖြစ်တဲ့ ကမ္မဘဝတွေလို့ ဆိုရမှာဘဲ။

အချုပ်အားဖြင့် ဆိုလျှင် အကျင့်စဲ့, အတွေ့စဲ့ မဟုတ်တဲ့ အယူဝါဒစဲ့ဟူသမျှ ဟာ ဒိဋ္ဌဥပါဒါန်သဘောချည်းပါဘဲ၊ အဲဒီလို အယူဝါဒစဲ့ကြောင့် ပြုမှုဟူသမျှ ဟာလဲ ဒိဋ္ဌဥပါဒါန်ကြောင့်ဖြစ်တဲ့ ကမ္မဘဝချည်းပါဘဲ။

ဒိဋ္ဌိ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံကတော့ တော်တော် ပြည့်စုံသွားပါပြီ၊ ယခု သီလဗွတုပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပုံကို ပြောရမယ်။

သီလဗွတုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

သစ္စာ ၄-ပါးကို သိမြင်ရေးမဟုတ်တဲ့ အလေ့အကျင့် တစုံတခုကို လေ့ကျင့်ရုံမျှဖြင့် သံသရာဝဋ္ဌဆင်းရဲမှ လွတ်မြောက်တယ်၊ အမြဲတမ်း ချမ်းသာရာ နိဗ္ဗာန်သို့ ရောက်တယ်လို့ ယုံကြည် စဲ့လမ်းတာကို သီလဗွတုပါဒါန်ခေါ်တဲ့အကြောင်း ဝါခေါင်လဆန်း (၇) ရက်နေ့ (သတ္တမပိုင်း) တုန်းက အကျယ် ပြောခဲ့ပါပြီ။ ဘယ်လိုပြောခဲ့သလဲ ဆိုယင် – ဆင်းရဲငြိမ်းကြောင်း နိဗ္ဗာန်ရောက်ကြောင်း မဟုတ်တဲ့ အကျင့်မှားတွေကို ဆင်းရဲငြိမ်းကြောင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်မှန် အနေနဲ့ ယူဆစဲ့လမ်းတာကို သီလဗွတုပါဒါန်ခေါ်တယ် – စသည်ဖြင့် ပြောခဲ့တယ်။ အဲဒီမှာ နွားနဲ့ ခွေး စသည်တို့ကို အတုလိုက်ပြီး ကျင့်တာရော၊ နွားနဲ့ ခွေးစသည်တို့ကို ကိုးကွယ်ပူဇော်တဲ့ အကျင့်ရော၊ ရေစိမ်ခြင်း, နေလှန်းခြင်း, မီးကင်ခြင်း, ဂင်္ဂါမြစ်ရေကို ချိုးခြင်း အစရှိတဲ့ အကျင့်တွေရော၊ အဲဒါတွေကို ယုံကြည် စဲ့လမ်းတာဟာ သီလဗွတုပါဒါန် မည်တဲ့အကြောင်း ပြောခဲ့တယ်။

အဲဒီလို အတုလိုက်ပြီး ကျင့်ခြင်း, ကိုးကွယ် ပူဇော်ခြင်း စသည်ကို စဲ့လမ်းတာနဲ့ ကမ္မဘဝ ဖြစ်တာဟာ ဘယ်လို စပ်ဆိုင်ပါသလဲ ဆိုယင်—အဲဒါကို ဝိသုဒ္ဓိမဂ် (၃-၂၀၉)က ဒီလိုပြဆိုထားပါတယ်။

အပရော၊ ဆိုခဲ့ပြီး ပုဂ္ဂိုလ်မျှားမှ တပါးသော ပုဂ္ဂိုလ်သည်။ ဣဒံ သီလဗွတံ-နာမ၊ ဤအလေ့အကျင့် မည်သည်မှာ။ ကာမာဝစရသမ္ပတ္တိဘဝေ ဝါ၊ ပြည့်စုံ

ချမ်းသာသော လူ့ဘဝနတ်ဘဝ၌သော်၎င်း။ ရူပါရူပဘဝါနှံ အညတရသို့ ဝါ၊ ရူပဘဝ, အရူပဘဝ တခုခု၌ သော်၎င်း။ ပရိပူဏ္ဏသ၊ ဖြည့်ကျင့်သော သူအား။ သုခံ၊ ချမ်းသာစွာ။ ပါရိပူရိ၊ လုံးဝပြည့်စုံခြင်းသို့။ ဂစ္ဆတိ၊ ရောက်သည်ဟူ၍။ သီလဗွတုပါဒါနဝသေန၊ နှား, ခွေး စသည်တို့၏ အလေ့အကျင့်ကို သံသရာ လွတ်မြောက်ကြောင်းဟု စွဲလမ်းသည်၏အစွမ်းဖြင့်။ တဒုပဓံ ကမ္မံ၊ ထိုလူ့ဘဝ, နတ်ဘဝ, ရူပဘဝ, အရူပဘဝသို့ ရောက်စေတတ်သော အမှုကံကို။ ကရောတိ၊ ပြု၏-စသည်ဖြင့် ပြဆိုထားပါတယ်။

ဒီ ဝိသုဒ္ဓိမဂ် စကားဖြင့် လူ့ပြည် နတ်ပြည်ရောက်ကြောင်း ဗြဟ္မာ့ပြည် ရောက်ကြောင်း ကံကိုသာ ပြထားတယ်၊ အပါယ် ၄-ပါး ရောက်ကြောင်း ကံကို တော့ ပြမထားဘူး။ ဒါကြောင့် သီလဗွတုပါဒါန်၏ အစွမ်းဖြင့် အကုသိုလ်ကမ္မ-ဘဝ မဖြစ်နိုင်ဘူးလို့ ယူရမလိုလို ဖြစ်နေပါတယ်။ ဒါပေမဲ့ အဲဒီလိုတော့ မဆိုလို ပါဘူး၊ သီလဗွတုပါဒါန်၏ အစွမ်းဖြင့် အကုသိုလ်ကမ္မဘဝသာ ဖြစ်တာ မဟုတ်သေးဘူး၊ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ရောက်ကြောင်း ကုသိုလ် ကမ္မဘဝလဲ ဖြစ်နိုင်သေးတယ်-လို့သာ ဆိုလိုရင်း ဖြစ်ပါတယ်။

ဒီနေရာမှာ အကုသိုလ် ဖြစ်ပုံကိုတော့ ဘာကြောင့် မပြသလဲဆိုယင်–ထင်ရှားနေလို့ သိလွယ်တဲ့အတွက် မပြတာလို့ ယူရပါတယ်။ ဘယ်လို ထင်ရှားနေသလဲဆိုယင်–နှား, ခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်ခြင်းဖြင့် သံသရာမှ လွတ်မြောက်တယ်၊ နောင်ကာလ နောင်ဘဝမှာ အမြဲတမ်း ချမ်းသာသွားတယ်လို့ အယူအစွဲရှိတဲ့ သူဟာ အဲဒီ အလေ့အကျင့်တွေကို ကိုယ်ဖြင့်လဲ အချိုးကျအောင် လေ့ကျင့်တယ်၊ နှုတ်ဖြင့်လဲ အချိုးကျအောင် လေ့ကျင့်တယ်၊ စိတ်ဖြင့်လဲ ကြံစည်လေ့ကျင့်တယ်၊ အဲဒီလို လေ့ကျင့်တိုင်း ဒီဋ္ဌိသမ္ပယုတ် လောဘမူ အကုသိုလ်ကံတွေ ဖြစ်တယ်။ "အဲဒီကံတွေကြောင့် ပြည့်ပြည့်စုံစုံကျင့်လျှင် နှား, ခွေး စသည် ဖြစ်တယ်၊ အကျင့်မပြည့်စုံလျှင် မှားယွင်းတဲ့ အယူကြောင့် ငရဲနဲ့ တိရစ္ဆာန်တဘုံဘုံမှာ ဖြစ်တယ်"လို့ ကုက္ကုရဝတိကသုတ် စသည်မှာ ဟောထားပါတယ်။ ဒီတော့ နှား,ခွေး စသည်တို့၏ အလေ့အကျင့်ဖြင့် သံသရာမှ လွတ်မြောက်တယ်၊ နောင်ကာလ၌ အမြဲတမ်း ချမ်းသာသွားတယ်လို့ စွဲလမ်းတာက သီလဗွတုပါဒါန်၊ အချိုးကျအောင် လေ့ကျင့်တာက အဲဒီဥပါဒါန်ကြောင့်ဖြစ်တဲ့

အကုသိုလ်ကမ္မဘာဝ၊ အဲဒီကံကြောင့် နွားနှင့်ခွေး စသည် ဖြစ်တာက ဇာတိ၊ အဲဒီ ဇာတိကြောင့် နွားနှင့်ခွေး စသည် တာဘဝလုံး တွေ့ကြုံခံစားသွားရမည့် ဆင်းရဲ တွေက ဇရာမရဏ စသည်တွေဘဲ၊ ဒီလို ထင်ရှားနေပါတယ်။

နောက်ပြီးတော့ နွားကျွဲ စသည်ကို သတ်ပြီး နတ်မင်းကြီး အရှင်သခင် ကြီးကို ပူဇော်ခြင်းဖြင့် မကောင်းမှု အပြစ်တွေ ကင်းစင်ပြီး ချမ်းသာကို ရနိုင် တယ်လို့ ယုံကြည်စွဲလမ်းတဲ့အတွက် နွားကျွဲ စသည်ကို သတ်ပြီး ပူဇော်ယင် သီလဗဟုတုပါဒါန်ကြောင့် အကုသိုလ် ကမ္မဘာဝ ဖြစ်တယ်၊ အဲဒီ ကမ္မဘာဝကြောင့် အပါယ် ၄-ပါး ဘဝဇာတိ ဖြစ်ရမယ်။ ဒီလိုလဲ ထင်ရှားနေပါတယ်။

နတ်မင်းကြီး အရှင်သခင်ကြီးကို ယုံကြည် ကိုးကွယ်လိုက်ယင် ရှိခိုးပူဇော် လိုက်ယင် အကုသိုလ်အပြစ်တွေ ကင်းပျောက်သွားမှာဘဲလို့ ယုံကြည်အားကိုး ပြီး မတော်တဲ့အမှုတွေကို ပြုယင် ဒီဥပါဒါန်ကြောင့် အကုသိုလ်ကမ္မဘာဝဖြစ် တယ်၊ ဂင်္ဂါမြစ်ရေချိုးလိုက်ယင် အကုသိုလ်အပြစ်တွေ ကင်းပျောက်သွားမှာဘဲ လို့ ယုံကြည် အားကိုးပြီး မတော်တဲ့ အမှုတွေကို ပြုယင်လဲ ဒီ ဥပါဒါန်ကြောင့် အကုသိုလ်ကမ္မဘာဝ ဖြစ်တယ်၊ "ဒီပုံဒီနည်းဖြင့် သတ်ယင် အပြစ်မဖြစ်ဘူး"လို့ ယုံကြည် အားကိုးပြီး သံပြားပူကို နင်းခြင်း စသည်ကို ပြုလျက် သတ်ယင်လဲ ဒီ ဥပါဒါန်ကြောင့် အကုသိုလ်ကမ္မဘာဝ ဖြစ်တယ်၊ ဒီလိုလဲ ထင်ရှားပါတယ်။

အတိုချုပ် ပြောရယင် အပြစ်ပျောက်ကြောင်း ချမ်းသာရကြောင်း မဟုတ် တဲ့ နည်းလမ်းမှား အကျင့်မှားတွေကို နည်းလမ်းမှန် အကျင့်မှန်အနေနဲ့ ယုံကြည် စွဲလမ်းတာ ဟူသမျှဟာ သီလဗဟုတုပါဒါန်ချည်းဘဲ၊ အဲဒီ ဥပါဒါန်ကို အခြေခံပြီး ပြုလုပ်မှုဟူသမျှဟာ သီလဗဟုတုပါဒါန်ကြောင့် ဖြစ်တဲ့ ကမ္မဘာဝချည်းပါဘဲ၊ ဒါကြောင့် သတ္တမပိုင်း (နှာ-၉၁)မှာ ဝိပဿနာမဂ် အရိယာမဂ် မပါဘဲ လောကီသီလသက်သက် လောကီစျာန်သက်သက်မျှနဲ့ သံသရာမှ လွတ်မြောက် တယ်လို့ ယူဆ စွဲလမ်းတာကိုကောင် သီလဗဟုတုပါဒါန် မည်တယ်ဆိုတဲ့ အကြောင်း ဝိသုဒ္ဓိမဂ် မဟာဋီကာ သာဓကနှင့်တကွ ပြခဲ့တယ်၊ အာဠာရရသေ့နှင့် ဥဒက ရသေ့တို့ ရတဲ့ အရူပစျာန်တွေလဲ ဒီ သီလဗဟုတုပါဒါန်ကြောင့် ဖြစ်တယ်ဆိုတဲ့ အကြောင်းလဲ ပြခဲ့တယ်။

ကောင်းကင်ဘုံက ဘုရားသခင်ကို ယုံကြည် အားကိုးပြီး ဘုရားသခင်၏ အလိုတော်ကျအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုတဲ့အမှုဟူသမျှဟာလဲ ဒီဥပါဒါန်ကြောင့် ဖြစ်တဲ့ ကမ္မဘဝချည်းဘဲ၊ အဲဒီ ကမ္မဘဝကြောင့် ဘဝအသစ်မှာ ဇာတိဖြစ်ပေါ်မယ်၊ ဇာတိကြောင့် ဇရာ မရဏ စသည် ဆင်းရဲအစုတွေ ဖြစ်ပေါ်သွားမယ်။

သီလဗဟုတုပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပုံ အကြောင်းကတော့ သတ္တမပိုင်းကလဲ ပြောခဲ့ပြီးဖြစ်နေတဲ့အတွက် ဒါလောက်ဆိုယင် ပြည့်စုံလောက်ပါပြီ၊ ယခု အတ္တဝါဒုပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပုံကို ပြောရမယ်။

အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

အတ္တစ္ဆဲ–အတ္တဝါဒုပါဒါန် အကြောင်းကိုတော့ သတ္တမပိုင်းတုန်းက အကျယ်ရှင်းလင်းပြီး ပြောခဲ့ပါပြီ၊ အကျဉ်းချုပ်အားဖြင့် ဆိုယင်တော့ ကိုယ်ထဲမှာ အသက်ရှင်နေတဲ့ အတ္တကောင် ငါကောင် ရှိတယ်၊ ဒီ အတ္တကောင် ငါကောင်က တသက်လုံး အမြဲတမ်း တည်ရှိနေတယ်၊ ကိုယ်အမှုအရာကို ပြုတိုင်း၊ နှုတ်ကပြောဆိုတိုင်း၊ မြင်မှု, ကြားမှု, ထိသိမှု, ကြံသိမှု စသော စိတ်အမှုအရာဖြစ်တိုင်း၊ အကောင်းအဆိုးကို ခံစားတိုင်း အတ္တကောင် ငါကောင်၏ အမှုချည်းဘဲ-လို့ ယုံကြည် စွဲလမ်းတာဟာ အတ္တဝါဒုပါဒါန်ပါဘဲ။ (မရှင်းသေးလျှင် သတ္တမပိုင်းနှာ ၉၃-စသည်ကို ပြန်ကြည့်ပါ။)

အတ္တဝါဒုပါဒါန်နဲ့ အတ္တဒိဋ္ဌဟာ အတူတူဘဲ၊ ဒီ အတ္တဒိဋ္ဌက ကင်းခဲ့တဲ့ အကြောင်းလဲ ဒုတိယပိုင်းတုန်းက ပြောခဲ့ပြီ၊ (ပဌမတဲ့ နှာ ၇၀ မှာကြည့်ပါ) ဒါကြောင့် သာမန် ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ မြင်ယင်လဲ ငါက မြင်တယ်၊ မြင်တာဟာ ငါဘဲလို့ ထင်မှတ်နေကြတယ်၊ ကြားယင်လဲ ငါက ကြားတယ်၊ ကြားတာဟာ ငါဘဲ-လို့ ထင်မှတ်နေကြတယ်၊ နံယင် စားသိယင်လဲ ထို့အတူပင် ငါက နံတယ်၊ ငါက အရသာကို သိတယ်၊ နံတာ အရသာ သိတာဟာ ငါဘဲလို့ ထင်မှတ်နေကြတယ်၊ တွေ့ထိယင်လဲ ငါက တွေ့ထိတယ်၊ ထိသိတာဟာ ငါဘဲလို့ ထင်မှတ်နေကြတယ်၊ကွေးမှု ဆန့်မှု လှုပ်ရှား သွားလာမှု အစရှိတဲ့ ကိုယ်အမှုအရာတွေ ဖြစ်ပေါ်တဲ့ အခါမှာလဲ ငါက ကွေးသည် ဆန့်သည် လှုပ်သည် သွားသည် စသည်

ဖြင့် ထင်မှတ်နေကြတယ်၊ စိတ်ကူးစဉ်းစားကြံစည်တဲ့အခါလဲ ငါက စိတ်ကူးတယ် စဉ်းစားတယ် ကြံစည်တယ်လို့ ထင်မှတ်နေကြတယ်၊ ကိုယ်ထဲ စိတ်ထဲမှာ ဆင်းရဲမှု ချမ်းသာမှု ပေါ်လာယင်လဲ ငါ ဆင်းရဲတယ်၊ ငါချမ်းသာတယ်၊ ဆင်းရဲတာ ချမ်းသာတာမှာ ငါဘဲလို့ ထင်မှတ်နေကြတယ်။ အဲဒီလို ကိုယ့်ကိုယ်ကို ငါကောင် သတ္တဝါကောင် အနေနဲ့ ထင်မှတ်တော့ သူတပါးတွေကိုလဲ အသက်ရှင်နေတဲ့ အတ္တကောင် သတ္တဝါကောင်လို့ ထင်မှတ်တော့တာဘဲ။ အဲဒါတွေဟာ အတ္တစဲ့ အတ္တဝါဒုပါဒါန်တွေပါဘဲ။

ဒီလို မိမိကိုယ်ရော သူတပါးကိုယ်ရော အတ္တကောင် သတ္တဝါကော့င်လို့ ထင်မှတ်ပြီးတော့ သတ္တဝါတွေဟာ ကိုယ့်ကိုယ်ကိုသာ ပိုပြီး ချစ်ကြတယ်၊ ကိုယ့်ကိုယ် ချမ်းသာ ကောင်းစားရေးကိုသာ ပိုပြီး ဂရုစိုက်ကြတယ်။ အဲဒီလို ကိုယ့်ကိုယ်ဟာ အချစ်ဆုံး ဖြစ်တယ်ဆိုတဲ့ အချက်ကို ကောသလမင်းက မေးလို့ မလ္လိကာ မိဖုရား၏ ဖြေဆိုချက်ဖြင့် ထင်ရှားပါတယ်။

ကောသလ အမေးနှင့် မလ္လိကာ အဖြေ

ကောသလမင်းကြီးမှာ မလ္လိကာမှ တပါး အခြားမင်းမျိုးမိဖုရားကြီးတွေလဲ ရှိပါတယ်၊ မလ္လိကာဆိုတာကတော့ မင်းမျိုးထဲက မဟုတ်ဘူး၊ ပန်းသည်ရဲ့ သမီးဖြစ်တယ်၊ သူ မိဖုရားအဖြစ် ရောက်လာပုံကတော့ တနေ့သောအခါမှာ မလ္လိကာဟာ ပန်းခူးဘို့ ပန်းခြံကို သွားတယ်၊ လမ်းမှာ ဆွမ်းခံကြွလာတဲ့ မြတ်စွာဘုရားကို ဖူးမြင်ရတယ်၊ ဖူးမြင်ရတော့ အလွန် သဒ္ဓါကြည်ညိုဖြစ်ပြီး မိမိ၏ ခါးပိုက်ကြားမှာ ယူလာခဲ့တဲ့ မုံ့ကို မြတ်စွာဘုရားအား လှူပါတယ်၊ အရှင် အာနန္ဒာက နေရာခင်းပေးတယ်၊ မြတ်စွာဘုရားက အဲဒီနေရာမှာ ထိုင်တော်မူပြီး မလ္လိကာလှူတဲ့ မုံ့ကို သူ့ရှေ့မှာဘဲ ဘုဉ်းပေးတော်မူတယ်၊ ဘုဉ်းပေးပြီး ပြုံးတော်မူတဲ့အတွက် မုံ့အလှူရှင်မှာ ဘယ်လို အကျိုးများ ဖြစ်ပါမည်လဲလို့ အရှင် အာနန္ဒာက မေးလျှောက်ပါတယ်၊ ဒီတော့ မြတ်စွာဘုရားက "မလ္လိကာဟာ ဒီကနေ့ ငါဘုရားအား ဆွမ်းဦးလှူတယ်၊ သူဟာ ဒီကနေ့ဘဲ ကောသလမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်လိမ့်မယ်" လို့ မိန့်တော်မူပါတယ်။

အဲဒီနေ့မှာဘဲ ကောသလမင်းဟာ စစ်ပွဲမှာ ရှုံးလို့ တကိုယ်တည်း မြင်းစီးပြီး ထွက်ပြေးလာခဲ့ရတယ်၊ ပန်းခြံရောက်တော့ အဲဒီပန်းခြံထဲမှာ နားရင်းနောက်ပါ အခြေအရံတွေကို စောင့်နေတယ်။ အဲဒီလို အလွန် ပင်ပန်းနေတဲ့အချိန် ပြုစုမည့်သူ မရှိတဲ့အချိန်မှာ မလ္လိကာက မင်းကြီးကို ယုယုယယ ပြုစုစောင့်ရှောက်ပါတယ်၊ အဲဒီလို ပြုစုစောင့်ရှောက်ပုံကို သဘောကျတာနဲ့ မလ္လိကာကို နန်းတော်တွင်းသို့ ဆောင်ယူစေပြီး အဂ္ဂမဟေသီ မိဖုကြီးအဖြစ်နဲ့ မင်းကြီးက ချီးမြှောက်ထားပါတယ်။ ဒီနေရာမှာ အထူးမှတ်သားဘွယ်ကတော့ မလ္လိကာမှာ မိဖုရားဖြစ်ဖို့ရာ ရှေးကံဟောင်းကလဲ ရှိတယ်၊ ပစ္စုပ္ပန်ကံကလဲ ထူးခြားတယ်၊ ဒီအကြောင်း နှစ်ပါးကြောင့် မိဖုရားဖြစ်ရတယ်လို့ မှတ်ရမယ်။

သို့သော် ရုပ်ရည်ကတော့ နန်းတွင်းသူ အခြား မိဖုရားများလောက် လှုပခြင်း မရှိဘူးလို့ ဆိုပါတယ်၊ နောက်ပြီးတော့ ဆင်းရဲသား ပန်းသည်၏ သွီးဆိုတော့ နန်းတော်တွင်းမှာ ဆွေမရှိ မျိုးမရှိ တကောင်ကြွက်ဆိုတာလို ဖြစ်နေတဲ့အတွက် စိတ်အား ငယ်နေစရာလဲ ရှိပါတယ်။ ဒါကြောင့် မင်းကြီးက တနေ့သောအခါမှာ ဒီလို ကြုံတွေ့မိတယ်၊ "ရှင်မိဖုရား....သင့်မှာ ကိုယ့်ကိုယ်ထက် ပိုပြီးချစ်တဲ့သူ ရှိသလား ဘယ်သူကို အချစ်ဆုံးလဲ"လို့ မလ္လိကာကို မေးမယ်၊ ဒီတော့ သူက "အရှင်မင်းကြီး ရှိပါတယ်၊ အရှင်မင်းကြီးကို ကျမကိုယ်ထက် ပိုပြီး ချစ်ပါတယ်၊ အရှင်မင်းကြီးကို အချစ်ဆုံးပါဘဲ"လို့ ပြောလိမ့်မယ်။ အဲဒီအခါ ငါကလဲ ရှင်မိဖုရားကို အချစ်ဆုံးဘဲ-လို့ ပြောမယ်၊ ဒီလို အပြန်အလှန် ပြောခြင်းဖြင့် ရင်းရင်းနှီးနှီး အကျွမ်းတဝင်ဖြစ်ပြီး ပြောရဲ ဆိုရဲ နေရဲ ထိုင်ရဲ ဖြစ်လာမယ်-လို့ ကြုံတွေ့မိပါသတဲ့။ အဲဒီလို ကြုံတွေ့ပြီးတော့ တနေ့သောအခါမှာ မင်းကြီးက "ရှင်မိဖုရားရေ....သင့်မှာ ကိုယ့်ကိုယ်ထက် ပိုပြီး ချစ်တဲ့သူ ရှိသလား၊ ဘယ်သူကို အချစ်ဆုံးလဲ"လို့ မေးပါတယ်။

ကိုယ့်ကိုယ်ဟာ အချစ်ဆုံး

ဒီတော့ မလ္လိကာမိဖုရားက စဉ်းစားဆင်ခြင်ဉာဏ် ထက်မြက်တဲ့ အမျိုးသမီးဖြစ်တဲ့အတွက် ဒီလို ဆင်ခြင်ပါတယ်၊ ဒီမေးခွန်းဟာ ကိုယ့်ကိုယ်ထက် ပိုပြီး ချစ်တဲ့သူ ရှိပါတယ်၊ အရှင်မင်းကြီးကို ပိုပြီး ချစ်ပါတယ်၊ အချစ်ဆုံးပါဘဲ-လို့ ပြောစေချင်လို့ ပစ်လိုက်တဲ့ မေးခွန်းဘဲ၊ ဒါပေမဲ့ သတ္တဝါတိုင်းဟာ ကိုယ့်ကိုယ်

ထက် ပိုပြီး ချစ်တဲ့သူရယ်-လို့ လောကမှာ မရှိဘူး၊ ကိုယ့်ကိုယ်သာ အချစ်ဆုံး ဖြစ်တယ်၊ ဒါကြောင့် မင်းကြီး၏ အလိုအကြိုက်ကို လိုက်ပြီးပြောလို့တော့ မတော်ဘူး၊ အမှန်အတိုင်း ပြောမှဘဲ သင့်တော်မယ် လို့ ဆင်ခြင်ပြီးတော့ ကျမ မှာ ကိုယ့်ကိုယ်ထက်ပိုပြီး ချစ်တဲ့သူရယ်လို့ မရှိပါ၊ ကျမ ကိုယ်ကို ကျမ အချစ် ဆုံးပါဘဲ-လို့ ရဲရဲရင့်ရင့် အဖြေပေးလိုက်တယ်။ ဒီတော့ မင်းကြီးက စဉ်းစား ကြည့်လိုက်တဲ့အခါမှာ ကိုယ့်ကိုယ်သာလျှင် အချစ်ဆုံးဖြစ်နေတာ မှန်ကန် ကြောင်း တွေ့ရတယ်၊ ဒါကြောင့် ရှေ့ကိုဆက်ပြီး ပြောစရာမရှိဘဲ ဖြစ်နေသတဲ့။

အဲဒီအခါမှာ မလ္လိကာက မင်းကြီးကို ပြန်ပြီး မေးခွန်းထုတ်လိုက်ပြန်တယ်၊ အရှင်မင်းကြီးမှာကော ကိုယ့်ကိုယ်ထက် ပိုပြီး ချစ်တဲ့သူ ရှိပါသလား၊ ဘယ်သူ ကို အချစ်ဆုံးပါလဲ-တဲ့။ ဒီတော့ မင်းကြီးကလဲ မူလက ကြုံထားတဲ့အတိုင်း ရှင်မိဖုရားကို ကိုယ့်ကိုယ်ထက် ပိုပြီး ချစ်ပါတယ်၊ ရှင်မိဖုရားကို အချစ်ဆုံးပါဘဲ ဆိုတဲ့ အဖြေကို ပေလို့တော့ မဖြစ်တာနဲ့ မလ္လိကာရဲ့ အဖြေအတိုင်းပင် "ငါ့မှာ လဲ ကိုယ့်ကိုယ်ထက် ပိုပြီး ချစ်တဲ့သူ မရှိဘူး၊ ငါ့ကိုယ်ကို ငါအချစ်ဆုံးဘဲ"လို့ သာ ဖြေရသတဲ့။

အဲဒီ အမေး အဖြေ တစုံကို ကောသလမင်းကြီးက မြတ်စွာဘုရားအား လျှောက်ထားပါတယ်။ ဒီနေရာမှာ နန်းတွင်းက အရေးတော်ကို မြတ်စွာဘုရား ထံ လျှောက်တာဟာ မသင့်လျော်ဘူးလို့ ထင်ချင်လဲ ထင်ကြပေလိမ့်မယ်။ ဒါပေမဲ့ ဒီ အမေး အဖြေတွေကတော့ တရားသဘောကို အထောက်အကူပြုတဲ့ သာဓက ဖြစ်နေတဲ့အတွက် လျှောက်သင့်တဲ့စကားပါဘဲ။ ဒါကြောင့် မြတ်စွာ ဘုရားက အဲဒီအချက်နှင့်စပ်ပြီး ဒီလို အဆုံးအဖြတ် ပေးတော်မူပါတယ်။

သဗ္ဗာ ဒိသာ အနုပရိဂမ္မ စေတသာ၊
နေဝဇ္ဈဂါ ပိယတရမတ္တနာ ကွစိ။
ဧवံ ပိယော ပုထု အတ္တာ ပရေသံ၊
တသ္မာ နဟိ ံသေ ပရမတ္တကာမော။

သဗ္ဗာ ဒိသာ၊ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို။ စေတသာ အနု-ပရိဂမ္မ၊ စိတ်ဖြင့် လှည့်လည်၍ ရှာဖွေခဲ့သော်။ အတ္တနာ ပိယတရံ၊ မိမိကိုယ်

ထက် ပို၍ ချစ်အပ်သောသူကို။ ကွစိ၊ တစုံတခုသော အရပ်ဌမျှ။ နေ၀ အဗျာဂါ၊ မရနိုင် မတွေ့နိုင်သည်သာတည်း။ ဧ၀ံ၊ ဤသို့ မိမိကိုယ်ကို မိမိချစ်သည်နှင့် အတူပင်လျှင်။ ပရေသံ၊ သူတပါးတို့သည်လည်း။ ပုထု အတ္တာ၊ အသီးအသီး သော သူတို့၏ကိုယ်ကို။ ပိယာ၊ ချစ်အပ်သည်သာတည်း။ တသ္မာ၊ ထိုသို့ သတ္တ၀ါတိုင်းပင် ကိုယ့်ကိုယ်ကို ချစ်သောကြောင့်။ ၀ါ၊ ကိုယ့်ကိုယ်သည် အချစ်ဆုံး ဖြစ်သောကြောင့်။ အတ္တကာမော၊ မိမိကိုယ်ကို ချစ်သောသူသည်။ ၀ါ၊ မိမိ၏ အကျိုးစီးပွါးကို လိုလားသောသူသည်။ ပရံ၊ သူတပါးကို။ နဟိ ံသေ၊ ကိုယ်မျင်းစာသောအားဖြင့် မညှဉ်းဆဲ မနှိပ်စက်ရာသည်သာတည်း။

လောကဝေါဟာရ အတ္တကို ရည်ရွယ်ပါတယ်

ဒီဒေသနာမှာ အတ္တ ဆိုတာက ဒီဋ္ဌိဖြင့် စွဲလမ်းအပ်တဲ့ အတ္တရယ်လို့တော့ မဆိုလိုပါဘူး၊ လောကဝေါဟာရ အတ္တကိုသာ ဆိုလိုပါတယ်၊ လောကမှာ သတ္တ၀ါတွေ အသီးအသီးက မိမိကိုယ်ကို အတ္တ, သူတပါးကိုတော့ ပရ-လို့ ပြောဆိုကြပါတယ်၊ အဲဒီလို ဖြေဆိုကြတဲ့ အသီးအသီးသော မိမိကိုယ်ကို ရည်ရွယ်ပါတယ်။ ဒါပေမဲ့ အတ္တစွဲရှိတဲ့ ပုထုဇဉ်အနေနဲ့ ဆိုယင်လဲ မိမိကိုယ်ကို ဒီအတိုင်းဘဲ အချစ်ဆုံး ဖြစ်နေပါတယ်၊ အတ္တစွဲ အားကြီးလေလေ မိမိကိုယ်ကို သာပြီး ချစ်လေလေ ပါဘဲ။ ဒါကြောင့် အတ္တစွဲကို ပြောနေရာမှာ ကောသလမင်း အမေးနဲ့ မလ္လိကာအဖြေ ဆိုင်ရာတရားကို ထည့်သွင်း ပြဆိုခြင်း ဖြစ်ပါတယ်။

အဲဒီ ဒေသနာမှာ ပြထားတဲ့အတိုင်း သတ္တ၀ါတွေဟာ မိမိကိုယ်ကို အချစ်ဆုံး ဘဲ၊ မိမိကိုယ်ထက် ပိုပြီး ချစ်တဲ့သူရယ်လို့ ဘယ်မှာမျှမရှိဘူး၊ လင်မယား သားသမီး ကို ချစ်တယ်ဆိုတာလဲ အချစ်ဆုံးဖြစ်တဲ့ မိမိကိုယ်ရဲ့ အကူအညီ အခြွေအရံ အထောက်အပံ့အနေနဲ့ ချစ်ကြတာဘဲ။ ဥပမာအားဖြင့် ရွှေ ငွေ စိန်ကျောက် အစရှိတဲ့ အဖိုးတန်ပစ္စည်းတွေကို ချစ်မြတ်နိုးတာနဲ့ တူပါတယ်။ ဒါကြောင့် တစုံတယောက်က ကိုယ့်ကိုယ်ထက် ပိုပြီး ချစ်ပါတယ်လို့ ပြောယင် အဲဒါကို ချင့်ပြီးယုံရမယ်၊ တကယ့် အရေးကျတော့ အမိကတောင်မှ သားကို မငဲ့နိုင်ဘဲ ရှိတတ်ပါတယ်။ အဲဒါကို သဲကန္တာရမှာ ဖြစ်ဘူးတဲ့ ဝတ္ထုတခုဖြင့် သိရတယ်။

အမိသော်မှ သားတော်ခဲ

တခါက လှည်းကုန်သည်တွေနဲ့ လိုက်ပါလာတဲ့ မိန်းမတယောက်ဟာ လှည်းထွက်ချိန်မှာအိပ်ပျော်နေလို့ သာယယ်ကလေးနဲ့ သဲကန္တာရထဲမှာ ကျန်နေရစ်သတဲ့။ သဲကန္တာရဆိုတာ ပတ်ဝန်းကျင်မှာ သစ်ပင် မြက်ပင် မရှိဘူး၊ ရေမရှိဘူး၊ သဲ ကျောက်ခဲနဲ့ တောင်တွေလောက်သာ ရှိတယ်၊ အဲဒီမှာ နေပူရှိန်ကဒီဂရီ ၁၂၀-မက အလွန်ပူပြင်းတဲ့အတွက် နေ့ပိုင်းမှာဆိုယင် ရွက်ထည်စသည်ဖြင့် မိုးကာပြီး နေခိုနေရတယ်။ ညပိုင်းအေးတဲ့အခါမှ ခရီးသွားနိုင်တယ်။ ဒါကြောင့် လှည်းကုန်သည်စုမှ ကျန်နေရစ်တဲ့ မိန်းမဟာ နေထွက်လာတဲ့ အခါကျတော့ ဘာမျှ အကာအကွယ်မရှိဘဲ နေပူခံနေရတယ်၊ နေမြင့်လေလေ အပူရှိန်ကပြင်းလေလေ ဖြစ်လာတယ်၊ အောက်က သဲတွေကလဲ အလွန်ပူလာတော့ ခေါင်းပေါ်က တောင်းကိုချပြီး တက်နေရတယ်၊ အဲဒီ ခြင်းတောင်းက ပူလာပြန်တော့ အဲဒီတောင်းပေါ် အဝတ်တင်ပြီး အဲဒီအဝတ်ပေါ်မှာ တက်နေရတယ်၊ အဲဒါက ပူလွန်းမက ပူလာပြန်တော့ ရင်ခွင်ထဲက သားကလေးကို အော်ပြီး ငိုနေပါလျက် တက်နင်းပြီး နေရသတဲ့၊ အဲဒီလိုနေရင်းဘဲ သားရော အမိရော အပူလောင်ပြီး သေဆုံးသွားကြရသတဲ့။ အဲဒါကို အကြောင်းပြုပြီးတော့ "အမိသော်မှ သားတော်ခဲ"ဆိုတဲ့ စကားပုံကို ပြောစမှတ် ပြုကြပါတယ်။ (သမ္မောဟဝိနောဒနီ ၅၊ သံ-ဋ္ဌ ၂-၂၆၈)။

အတ္တစဲကြောင့် ကံဖြစ်ပုံ

ယခုပြောခဲ့တဲ့အတိုင်း မိမိကိုယ်ဟာ အချစ်ဆုံးဖြစ်တဲ့အတွက် အတ္တစဲရှိတဲ့သူဟာ မိမိကိုယ် ကောင်းစား ချမ်းသာရေးအတွက်, မိမိနဲ့ စပ်တဲ့သူတွေ ကောင်းစား ချမ်းသာရေးအတွက် ဖြစ်နိုင်သမျှ နည်းမျိုးစုံဖြင့် ရှာဖွေအားထုတ်တယ်၊ သတ်ခြင်း လုယက်ခိုးယူခြင်း လိမ်ခြင်း ဂုံးတိုက်ခြင်းအစရှိတဲ့ မကောင်းမှုဒုစရိုက်တွေကိုလဲ ပြုပြီး ရှာဖွေအားထုတ်တယ်၊ အဲဒါတွေဟာ အတ္တဝါဒုပါဒါန်ကြောင့် ဖြစ်တဲ့ အကုသိုလ်ကမ္မဘဝတွေဘဲ။

ယခုဘဝက ပြုတဲ့ ကုသိုလ်ကောင်းမှု၏ အကျိုးကို နောင်ဘဝမှာ ငါ၏ဒီအတ္တသည်ပင် ခံစားရမယ်၊ ချမ်းသာတဲ့ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝရောက်

ပြီး ငါ၏ ဒီအတ္တဟာ ချမ်းသာသွားမယ်လို့ ယုံကြည် စွဲလမ်းတဲ့သူက ဒါန သီလ အစရှိသော ကာမာဝစရကုသိုလ်, ရူပ အရူပစျာန် ကုသိုလ်တွေကိုပြုလုပ်တယ် ဖြစ်ပွါးစေတယ်၊ အဲဒါတွေဟာ အတ္တဝါဒုပါဒါန်ကြောင့်ဖြစ်တဲ့ ကုသိုလ်ကမ္မဘဝ တွေဘဲ၊ အဲဒီ ကမ္မဘဝတွေကြောင့် လူ.ဘဝ နတ်ဘဝ ဗြဟ္မာဘဝ၌ ဖြစ်ရတယ်၊ အဲဒါက ဇာတိဘဲ၊ အဲဒီ ဇာတိကြောင့် ဇရာ မရဏ သောကစသည် ထိုက်သည် အားလျော်စွာ ဖြစ်ရတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ် (၃-၂၀၉)မှာ ဒီလို ပြဆို ထားပါတယ်။—

အပရော၊ ပြဆိုခဲ့ပြီးမှ တပါးသော ပုဂ္ဂိုလ်သည်။ အယံ အတ္တာ နာမ၊ ဤ အတ္တမည်သည်။ ကာမာဝစရသမ္ဘတ္တိဘဝေ ဝါ ပြည့်စုံချမ်းသာသော လူ.ဘဝ နတ်ဘဝ၌သော်၎င်း။ ရူပါ-ရူပဘဝါနံ အညတရသ္မိံ ဝါ၊ ရူပဘဝ အရူပဘဝ တခုခု၌ သော်၎င်း။ သုခီ၊ ချမ်းသာနှင့်ပြည့်စုံသည်။ ဝိဂတပရိဒ္ဒါဟော၊ ပူပန် ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ စွဲလမ်းသော။ အတ္တဝါ-ဒုပါဒါနေန၊ အတ္တဝါဒုပါဒါန်ဖြင့်။ တဒုပဂံ ကမ္မံ၊ ထိုလူ.ဘဝ နတ်ဘဝ ရူပ အရူပဘဝသို့ ရောက်စေတတ်သော အမှုကံကို။ ကရောတိ၊ ပြု၏–စသည်ဖြင့် ပြဆိုထားပါတယ်။

အချုပ်အားဖြင့်တော့ မိမိကိုယ် ယခုဘဝတွင် ချမ်းသာ ကောင်းစားအောင် ဖြစ်စေ, နောင်ဘဝတွေမှာ ချမ်းသာကောင်းစားအောင် ဖြစ်စေ ပြုလုပ် အားထုတ်တာတွေဟာ အတ္တဝါဒုပါဒါန်ကြောင့်ဖြစ်တဲ့ ကမ္မဘဝချည်းပါဘဲ။

ဒီနေရာမှာ ကာမုပါဒါန်ကြောင့် ဖြစ်တာနဲ့ ဘယ်လို ထူးသလဲဆိုယင် ကာမဂုဏ်ချမ်းသာ ဘဝချမ်းသာတွေကို လိုချင်စွဲလမ်းပြီး ပြုလျှင် ကာမုပါဒါန် ကြောင့် ဖြစ်တယ်၊ မိမိကိုယ် ချမ်းသာ ကောင်းစားရေးကို စွဲလမ်းပြီးပြုလျှင် အတ္တဝါဒုပါဒါန်ကြောင့် ဖြစ်တယ်။ ဒီလို ထူးခြားပါတယ်။ ဒါပေမဲ့ အတ္တစွဲ အားကြီးတဲ့ ပုထုဇဉ်တွေအနေနဲ့ ဆိုယင်တော့ ကာမဂုဏ်ချမ်းသာကို ခံစားဘို့ ရည်ရွယ်ပြီး ပြုရာမှာလဲ အတ္တစွဲ-အတ္တဝါဒုပါဒါန်က ပါနေတာပါဘဲ။

အရိယာမှာ ကာမုပါဒါန်သာ ရှိတယ်

အရိယာပုဂ္ဂိုလ်တွေမှာတော့ ဒိဋ္ဌိက လုံးဝကင်းနေတဲ့အတွက် ဒါန သီလ အစရှိသော ကုသိုလ်အမှုကိုပြုယင် ကာမုပါဒါန်တပါးတည်းနဲ့သာ ဆိုင်တယ်။ ဒါကြောင့် အနာဂုဏပိဏ္ဍိ ဝိသာခါ, မဟာနာမ်မင်း အစရှိသော သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တွေက လှူဒါန်းတဲ့အခါ သီလဆောက်တည်၊ ကျင့်သုံးတဲ့အခါ ဗုဒ္ဓါနုဿတိအစရှိသော သမထဘာဝနာကို ပွါးများတဲ့အခါ တရားနာတဲ့အခါ ဝေယျာဝစ္စဆောင်ရွက်တဲ့အခါ ရိုသေထိုက်တဲ့သူကို အရိုအသေပြုတဲ့အခါ စသည်မှာ ဖြစ်တဲ့ ကုသိုလ်ကံတွေဟာ ကာမုပါဒါန်ကြောင့် ဖြစ်တယ်လို့သာ ဆိုဘွယ်ရှိတယ်။ ဘယ်လို ကာမုပါဒါန်လဲဆိုယင် လူနတ်ဗြဟ္မာ ချမ်းသာကို လိုလားတောင့်တတဲ့ ကာမုပါဒါန်လဲ ဖြစ်နိုင်တယ်၊ မရဏေးတဲ့ မဂ်ဖိုလ်ချမ်းသာကို လိုလားတောင့်တတဲ့ကာမုပါဒါန်လဲ ဖြစ်နိုင်တယ်။ မရဏေးတဲ့ မဂ်ဖိုလ်ကို လိုလားတောင့်တပုံကိုတော့ ဒုတိယပိုင်း (ပဌမတဲ့ နှာ ၆၆-စသည်မှာ)တုန်းက ပြုခဲ့တဲ့ ဝိသာခါဝတ္ထုဖြင့်လဲ သိနိုင်ပါတယ်။ အဲဒီမှာ ပေးလှူခြင်းကို အကြောင်းပြုပြီး ဂ္ဂန္ဒြေဖိုလ် ဗောဇ္ဈင်တို့ကို ပွါးစေတဲ့ ဘာဝနာ ဖြစ်ပါလိမ့်မယ်လို့ ဆိုထားပါတယ်၊ အဲဒီ ဘာဝနာ ရင့်သန်ပြည့်စုံတဲ့ အခါမှာ အထက်မဂ်ဖိုလ်တွေကို ရသွားမယ်၊ အဲဒီလို ရသွားဘို့ရည်ရွယ်ရင်း ဖြစ်ပါတယ်။

အနာဂါမ်ပုဂ္ဂိုလ်မှာ ဆိုယင်တော့ ရူပဘဝ အရူပဘဝ ချမ်းသာကို သာယာစဲ့လမ်းတဲ့ ကာမုပါဒါန်နဲ့ အရဟတ္တမဂ်ဖိုလ်ကို လိုလား တောင့်တတဲ့ ကာမုပါဒါန်တို့ကြောင့် ကုသိုလ်ကမ္မဘဝ ဖြစ်တယ်လို့သာ ဆိုဘွယ်ရှိတယ်။ ဒီနေရာမှာ ကာမုပါဒါန်ဆိုတာ အရဟတ္တမဂ်ဖြင့် ပယ်သတ်ရမည့် တဏှာ ဖြစ်ကြောင်းကို ရှေး(အဌမပိုင်း နှာ-၁၅၃)၌ ပြောခဲ့ပါပြီ။ ဒါန စသည်ကို ပြုရာမှာ အနာဂါမ်က အရဟတ္တမဂ်,ဖိုလ် လိုလား တောင့်တတဲ့ အကြောင်းကတော့ ဥဂ္ဂါသူကြွယ် ဝတ္ထုဖြင့် ထင်ရှားပါတယ်။

ဥဂ္ဂါသူကြွယ်ဝတ္ထု

ဝေသာလီပြည်မှာ ဥဂ္ဂါဆိုတဲ့ သူကြွယ် ရှိခဲ့ပါတယ်၊ အဲဒီ ဥဂ္ဂါသူကြွယ်ကို မြတ်စွာဘုရားက အံ့ဘွယ် ဂုဏ်ထူး ရှစ်ပါးနဲ့ ပြည့်စုံတဲ့ အကြောင်း ရဟန်း

ပရိသတ်အား မိန့်ကြားတော်မူပါတယ်။ အဲဒီတော့ ရဟန်း တပါးက သိချင်တာနဲ့ ဥဂ္ဂါသူကြွယ် အိမ်ကို သွားပြီးတော့ "ဒါယကာဥဂ္ဂါ....သင့်မှာ အုံ့ဘွယ်ဂုဏ်ထူးရှစ်ပါးနဲ့ ပြည့်စုံတယ်လို့ မြတ်စွာဘုရားက မိန့်တော်မူပါတယ်၊ ဘယ်လို အုံ့ဘွယ်ဂုဏ်ထူး ရှစ်ပါးနဲ့ ပြည့်စုံပါသလဲ"လို့ မေးပါတယ်။ ဒီတော့ ဥဂ္ဂါသူကြွယ်က ဒီလို ပြန်ကြား လျှောက်ထားပါတယ်—

မြတ်စွာဘုရားက ဘယ်လို အုံ့ဘွယ်ရှစ်ပါးကို ရည်ရွယ်ပြီး မိန့်ကြားတော်မူတယ် ဆိုတာကိုတော့ တပည့်တော် မသိရပါ၊ သို့သော် တပည့်တော်မှာ ထင်ရှားရှိနေတဲ့ အုံ့ဘွယ် ဂုဏ်ထူး ရှစ်ပါးကတော့—

(၁) မြတ်စွာဘုရားကို ပဌမဆုံး ဖူးမြင်ရကတည်းက သမ္မာသမ္ဗုဒ္ဓဘုရား အစစ်ပဲလို့ တထစ်ချ ယုံကြည် ဆုံးဖြတ်နိုင်ခဲ့ပါတယ်၊ အဲဒါက တပါးပါ။

(၂) အဲဒီလို ယုံကြည် ဆုံးဖြတ်ပြီးတော့ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားကို နာရင်း သစ္စာ ၄-ပါးကို သိမြင်တဲ့ တရားမျက်စိ(အနာဂါမိ မဂ်ဉာဏ်)ကို ရခဲ့ပါတယ်၊ ဗြဟ္မစရိယပဋိပတ္တိမသီလကိုလဲ ဆောက်တည်ခဲ့ပါတယ်၊ (ဗြဟ္မစရိယပဋိပတ္တိမသီလဆိုတာ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အစား မေထုန် အမှုမှ လုံးဝ ကြဉ်ရှောင်တဲ့ သိက္ခာပုဒ်ကို ထည့်ပြီး ဆောက်တည်တဲ့ ငါးပါးသီလ ပါဘဲ။) အဲဒါက တပါးပါ။

(၃) တပည့်တော်မှာ ပျိုပျိုရွယ်ရွယ် မယား ၄-ယောက် ရှိပါတယ်၊ အဲဒီ မယား ၄-ယောက်ကို တပည့်တော်က ဒီလို ပြောပါတယ်— "နှမတို့....ငါတော့ ဗြဟ္မစရိယပဋိပတ္တိ သီလကို ဆောက်တည်လာပြီ၊ ငါဟာ သင်တို့နှင့် လင်မယား အဖြစ်ဖြင့် ဆက်ဆံခြင်းကို မပြုတော့ဘူး၊ ဒါကြောင့် ဒီအိမ်မှာဘဲ ဆက်ပြီး နေလိုလျှင် မောင်နှမလို သဘောထားပြီး နေကြပေတော့၊ မိဘအိမ်ကို ပြန်ချင်လဲ ပြန်ကြ၊ ကိုယ်သဘောကျနေတဲ့ ယောကျ်ား ရှိလျှင်လဲ ပြောကြ၊ အဲဒီ ယောကျ်ားထံ အပ်ပေးမယ်"လို့ တပည့်တော်က ပြောပါတယ်။ ဒီတော့ အကြီးဆုံး မယားက သူကြိုက်တဲ့ ယောကျ်ားထံ အပ်ပေးဘို့ ပြောပါတယ်။ တပည့်တော်က နုနုပျိုပျို အရွယ်ကောင်း ဖြစ်တဲ့ အဲဒီ မယားကြီးကို ဗယ်လက်ဖြင့် ကိုင်ပြီး ညာလက်ဖြင့် ရေကရားမှ ရေစက်သွန်းချပြီး အဲဒီ ယောကျ်ားလက်သို့

ပေးအပ်လိုက်ပါတယ်၊ ဒီလို ပေးအပ်ရာ၌ တပည့်တော်၏ စိတ်မှာ တစုံတရာ ဖောက်ပြန်ခြင်း မရှိပါ၊ အဲဒါက တပါးပါ။

(၄) တပည့်တော်မှာ ရှိသမျှ စီးပွါးဥစ္စာတွေကို သီလနှင့် ပြည့်စုံပြီး ကိုယ်ကျင့်တရား ပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေနဲ့ မခွဲခြားဘဲ သုံးစွဲဘို့ သတ်မှတ်ထားပါတယ်၊ အဲဒါက တပါးပါ။

(၅) ရဟန်းတော်ကို ဆည်းကပ်ယင် ရိုရိုသေသေသာ ဆည်းကပ်ပါတယ်၊ အဲဒါက တပါးပါ။

(၆) အဲဒီ ရဟန်းတော်က တရားဟောယင် ရိုရိုသေသေ နာပါတယ်၊ အဲဒီ ရဟန်းတော်က မဟောယင်လဲ တပည့်တော်က ဟောပါတယ်၊ အဲဒါက တပါးပါ။

(၇) နတ်တွေက တပည့်တော်ထံ လာပြီးတော့ "သူကြွယ်....မြတ်စွာဘုရား၏ တရားတော်ဟာ ကောင်းစွာ ဟောအပ်တဲ့ သွာက္ခာတတရားဘဲ"လို့ ပြောကြပါတယ်၊ ဒီတော့ တပည့်တော်က"မောင်တို့ နတ်တွေက 'သွာက္ခာတတရားဘဲ–လို့ ပြောသည်ဖြစ်စေ, မပြောသည်ဖြစ်စေ မြတ်စွာဘုရား၏ တရားတော်ဟာ သွာက္ခာတ တရားပါဘဲ"လို့ သူတို့အား ပြန်ပြောလိုက်ပါတယ်၊ အဲဒီလို နတ်တွေနဲ့ အပြန်အလှန် စကားပြောရတဲ့အတွက် တပည့်တော်မှာ အထင်ကြီးခြင်း, စိတ်ကြီးဝင်ခြင်း မရှိပါ၊ အဲဒါက တပါးပါ။

(၈) အောက်ပိုင်း ကာမ သံသရာမှာလည်စေတတ်တဲ့ သံယောဇဉ်တွေလို့ မြတ်စွာဘုရား ဟောထားတဲ့ (သက္ကာယဒိट္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂ ဗျာပါဒ-ဆိုတဲ့) သြရမ္ဘာဂိယ သံယောဇဉ်ငါးပါးလုံး တပည့်တော်မှာ ကင်းနေတာကို တွေ့ရပါတယ်၊ အဲဒါက တပါးပါ။ တပည့်တော်မှာ ထင်ရှား ရှိနေတဲ့ အုံ့ဘွယ် ဂုဏ်ထူးတွေကတော့ ဒီ ရှစ်ပါးပါဘဲ – လို့ ပြန်ကြား လျှောက်ထားလိုက်ပါတယ်။

အဲဒီလို အုံ့ဘွယ်ဂုဏ်ထူး ရှစ်ပါးနဲ့ ပြည့်စုံတဲ့ အနာဂါမ် ဥဂ္ဂါသူကြွယ်ဟာ တနေ့သောအခါမှာ မိမိအိမ်သို့ ကြွရောက်တော်မူလာတဲ့ မြတ်စွာဘုရားအား ဒီလို လျှောက်ထားပြီး ခဲဘွယ် စသည်ကို ဆက်ကပ်ပါတယ်။

မြတ်နိုးဘွယ် ကိုယ့်အကြိုက်ကို ပေးလှူလျှင် မြတ်နိုးဘွယ် ကိုယ့်အကြိုက်ကို ရတယ်လို့ မြတ်စွာဘုရား ဟောတာကို ကိုယ်တိုင် ကြားဘူးပါတယ်၊ တပည့်တော်က အင်ကြင်းပန်း (အဆင်းရှိသော) မုံ့ခဲဘွယ်ကို မြတ်နိုးပါတယ်၊ ကြိုက်နှစ်သက်ပါတယ်၊ အဲဒီ မုံ့ခဲဘွယ်ကို သနားသဖြင့် အလှူခံတော်မူပါ။ ဆီးသီး ချဉ်ရေနှင့် ချက်ထားတဲ့ ဝက်သားဟင်းကိုလဲ ကြိုက်နှစ်သက်ပါတယ်၊ အဲဒီ ဟင်းကိုလဲ လက်ခံတော်မူပါ။ ကန်စွန်းရွက် ဆီပြန်ကြော်ကိုလဲ ကြိုက်နှစ်သက်ပါတယ်၊ အဲဒီ ဆီပြန်ကြော်ကိုလဲ လက်ခံတော်မူပါ။ အရေသောက်ဟင်း, စားမဲ ဟင်းလျှာ အမျိုးမျိုးနှင့်တကွ သလေး ထမင်းကိုလဲ ကြိုက်နှစ်သက်ပါတယ်၊ အဲဒီ ဟင်းအမျိုးမျိုးနှင့် သလေးဆွမ်းကိုလဲ လက်ခံတော်မူပါ။ ကာသီတိုင်းဖြစ် သိမ်းဆွမ်းသော အဝတ်အထည်များကိုလဲ ကြိုက်နှစ်သက်ပါတယ်၊ အဲဒီ အဝတ်အထည်များကိုလဲ လက်ခံတော်မူပါ—စသည်ဖြင့် လျှောက်ထားပြီး သူမြတ်နိုးတဲ့ စားဖွယ်, သောက်ဖွယ်, လုံးဆောင်ဖွယ်တွေကို ဆက်ကပ်လှူဒါန်း ပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ဒီလို အနုမောဒနာတရားကို ဟော်ကြားတော်မူပါတယ်—

မနာပဒါယီ လာဘတေ မနာပံ၊
ယော ဥဇုဘူတေသု ဒဒါတိ ဒါနံ။ပ။
သော ဒုစ္စဇံ သပ္ပုရိသော စဇိတ္ဝာ၊
မနာပဒါယီ လာဘတေ မနာပံ။

မနာပဒါယီ၊ စိတ်နှလုံးကို ပွါးစေတတ်သောပဋ္ဌာန်းကို ပေးလှူသောသူသည်။ ဝါ၊ နှစ်သက်မြတ်နိုးအပ်သော ဝတ္ထုကို ပေးလှူသော သူသည်။ မနာပံ၊ နှစ်သက်မြတ်နိုးဘွယ်ကို။ လာဘတေ၊ ရတတ်၏။ ယော၊ အကြင်သူသည်။ ဥဇုဘူတေသု၊ ဖြောင့်မတ်စွာဖြစ်သော အရိယာပုဂ္ဂိုလ်တို့၌။ ဆန္ဒသာ၊ ထက်-သန်သောဆန္ဒဖြင့်။ ဒဒါတိ၊ ပေးလှူ၏။ပ။ မနာပဒါယီ၊ နှစ်သက်မြတ်နိုးဘွယ်ကို ပေးလှူသော။ သော သပ္ပုရိသော၊ ထိုသူတော်ကောင်းသည်။ ဒုစ္စဇံ-စဇိတ္ဝာ၊ စွန့်နိုင်ခဲ့သည်ကို စွန့်လှူသောကြောင့်။ မနာပံ၊ နှစ်သက်မြတ်နိုးဘွယ်ကို။ လာဘတေ၊ ရလေတော့သတည်း—လို့ ဟောကြားတော်မူပါတယ်။

နောင် နှစ်ပေါင်းအတန်ကြာသောအခါမှာ အဲဒီ ဥဂ္ဂါသူကြွယ်ဟာ လူ့ဘဝမှ စုတေပြီး သုဒ္ဓါဝါသ ဗြဟ္မာ့ပြည်သို့ ရောက်သွားပါတယ်။ ရောက်ပြီး မကြာခင်ဘဲ မြတ်စွာဘုရားထံလာပြီး ကန်တော့ပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက "ဘယ့်နှယ်လဲ ဥဂ္ဂါ....သင့်အလိုအတိုင်း ပြည့်စုံပါရဲ့လား"လို့ မေးတော်မူပါတယ်။ ဥဂ္ဂါသူကြွယ်က လူ့ဘဝတုန်းက အရဟတ္တမဂ်ဖိုလ်ကို အလိုရှိနေပါတယ်၊ အဲဒါကို ရည်ရွယ်ပြီး မေးတာပါဘဲ။

ဒီတော့ ဥဂ္ဂါဗြဟ္မာကလဲ "မှန်ပါဘုရား....အလိုရှိတဲ့အတိုင်းဘဲ ပြည့်စုံပါတယ်"လို့ လျှောက်တားပါတယ်။ ဒီမှာလဲ မြတ်နိုးဘွယ်ကို လှူယင် မြတ်နိုးတာကို ရတယ်ဆိုတဲ့ ဒေသနာတော်အရ သူ့မြတ်နိုးတဲ့ အရဟတ္တဖိုလ်ကို ရည်ရွယ်ပြီး မြတ်နိုးတဲ့ စားသောက်ဖွယ်စသည်ကို လူ့ဘဝတုန်းက လှူခဲ့ပါတယ်။ ဗြဟ္မာ့ပြည်ရောက်တဲ့အခါ သူ့မြတ်နိုးတဲ့ အရဟတ္တဖိုလ်ကိုရောက်ပြီး ရဟန္တာဖြစ်နေတဲ့အတွက် အလိုရှိတဲ့အတိုင်း ပြည့်စုံတဲ့အကြောင်း ဝန်ခံလျှောက်ထားခြင်းဖြစ်ပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက ဒီလို ထပ်မံပြီး ဟောကြားတော်မူပြန်ပါတယ်—

မနာပဒါယိ လဘတေ မနာပံ၊
အဂ္ဂဿ ဒါတာ လဘတေ ပုနဂ္ဂံ။
ဝရဿ ဒါတာ ဝရလာဘီ ဟောတိ၊
သေဋ္ဌံ ဒဒေါ သေဋ္ဌမုပေတိ ဌာနံ။

မနာပဒါယိ၊ နှစ်သက်အပ် မြတ်နိုးအပ်သော ဝတ္ထုကို ပေးလှူသော သူသည်။ မနာပံ၊ နှစ်သက်မြတ်နိုးအပ်သောအကျိုးကို။ လဘတေ၊ ရတတ်၏။ အဂ္ဂဿ၊ အထွတ်အမြတ်ကို။ ဒါတာ၊ ပေးလှူသောသူသည်။ အဂ္ဂံ၊ အထွတ်အမြတ်ကို။ ပုနဲ လဘတေ၊ တဖန်ပြန်၍ ရတတ်၏။ ဝရဿ၊ သူတကာတို့တောင့်တအပ်စမြဲ ရနိုင်ခဲသော အရာကို။ ဒါတာ၊ ပေးလှူသောသူသည်။ ဝရလာဘီ၊ တောင့်တအပ်စမြဲရနိုင်ခဲသောအရာကို ရတတ်သည်။ ဟောတိ၊ ဖြစ်၏။ သေဋ္ဌံ၊ အထူးသဖြင့် ချီးမွမ်းအပ်သောအရာကို။ ဒဒေါ၊ ပေးလှူသော သူသည်။ သေဋ္ဌံ ဌာနံ၊ အထူးသဖြင့် ချီးမွမ်းအပ်သော အရာဌာနသို့။ ဥပေတိ၊ ရောက်တတ်ပေ၏—လို့ ဟောတော်မူပါတယ်။

ဒီ ဒေသနာတော်မှာလဲ မြတ်နိုးအပ်သော အထွတ်အမြတ်ဆုံး ဖြစ်သော သူတကာတို့ တောင့်တအပ်စမြဲ ရခဲလှစ္စာသော အထူးသဖြင့် ချီးမွမ်းအပ်သော စားသောက် သုံးဆောင်ဘွယ်ကို လှူခဲ့သည့်အတွက် ဥဂ္ဂါပြဟ္မာမှာ မြတ်နိုးအပ်သော အထွတ်အမြတ်ဆုံးဖြစ်သော တောင့်တအပ်စမြဲ ရနိုင်ခဲ့လှစ္စာသော အထူးသဖြင့် ချီးမွမ်းအပ်သော အရဟတ္တဖိုလ်တိုင်အောင် အကျိုးရသည်ကို ကိုယ်တွေ့အားဖြင့် ထင်ရှားစေလျက် ဖော်ပြထားပါတယ်။

ဒီ ဥဂ္ဂါသူကြွယ်ဝတ္ထုမှာ ပြောလိုရင်းကတော့ ဥဂ္ဂါသူကြွယ်ဟာ လှူဒါန တုန်းကတော့ အရဟတ္တဖိုလ်ကို အမြတ်တနိုး လိုချင်တောင့်တပြီး မြတ်နိုးအပ်တဲ့ စားသောက်ဖွယ် သုံးဆောင်ဘွယ်တွေကို လှူခဲ့တယ်၊ အဲဒီလို လှူရာမှာ အရဟတ္တဖိုလ်ကို လိုချင်တောင့်တမှုကြောင့် လှူဒါန်းမှု ဒါနကုသိုလ်ဖြစ်ခဲ့တယ်။ အဲဒီ ကုသိုလ်ကဟာ "ဥပါဒါနပစ္စယာ ဘဝေါ=ဥပါဒါန်ကြောင့် ဘဝဖြစ်သည်" ဆိုတဲ့ ဒေသနာတော်နှင့်အညီ ဘယ်ဥပါဒါန်ကြောင့် ဖြစ်သလဲဆိုယင် ကာမုပါဒါန်ကြောင့်ဖြစ်တယ်လို့ဘဲ ဆိုရပေလိမ့်မည်။ ဘယ်ကာမုပါဒါန်ကြောင့်လဲဆိုယင် အဲဒီလို လှူစဉ်က အရဟတ္တဖိုလ်ကို တောင့်တမှုသာ ထင်ရှားရှိတယ်၊ ဒါကြောင့် အရဟတ္တဖိုလ်ကို တောင့်တမှု ကာမုပါဒါန်ကြောင့် ဖြစ်တယ်လို့ ယူဆဘွယ် ရှိပါတယ်။ အဲဒါဟာ "အနုတ္တရေသု ဝိမောက္ခေသု ပိဟံ ဥပဋ္ဌာပယတော=အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်တို့၌ တောင့်တခြင်းကို ဖြစ်စေသောသူမှာ" (မ ၁၊ ၃၇၈။ မ ၃-၂၆၁)ဟု ဆိုသောပါဠိကို မှီပြီး ယူဆပုံပါဘဲ။

ဒီမှာ ထုတ်ပြထားတဲ့ ဝိသာခါဥပါသိကာမကြီးတို့ ဥဂ္ဂါသူကြွယ်တို့ကဲ့သို့သော အရိယာပုဂ္ဂိုလ်တွေမှာ မရှေးတဲ့ မဂ်ဖိုလ်ကို လိုလံုး တောင့်တတာဟာ ကာမုပါဒါန်မဖြစ်သင့်ဘူး၊ ကုသိုလ်ဆန္ဒသာ ဖြစ်သင့်တယ်လို့ ဆိုယင်တော့ အရိယာပုဂ္ဂိုလ်တို့သန္တာန်မှာဖြစ်တဲ့ ဒါနအစရှိသော ကုသိုလ်တွေဟာ ဘယ်ဥပါဒါန်ကြောင့်လဲဆိုတာ ဖြေရှင်းပြရလိမ့်မယ်၊ အဲဒါကို အဲဒီ အရိယာတို့၏ သန္တာန်မှာ မကင်းသေးတဲ့ ကာမုပါဒါန်ကြောင့် ဖြစ်တယ်လို့ ဖြေရှင်းလျှင် သဘောကျစရာရှိပါတယ်။

ဝိပဿနာကုသိုလ်ကံက ဘယ်ဥပါဒါန်ကြောင့်ဖြစ်သလဲ

ဒီနေရာမှာ ဝိပဿနာကုသိုလ်ကံတော့ ဘယ်ဥပါဒါန်ကြောင့်ဖြစ်သလဲ–လို့ မေးစရာရှိပါတယ်။ အိုခြင်း နာခြင်း သေခြင်း ကင်းပြီး အမြဲတမ်း ချမ်းသာချင်တဲ့ ကာမုပါဒါန်ကြောင့် ဖြစ်တယ်လို့လဲ ယူဘွယ် ရှိပါတယ်။ နောက်တနည်းအားဖြင့်ဆိုယင်တော့ ပုထုဇဉ်မှာ ဥပါဒါန် ၄-ပါးလုံးကင်းငြိမ်းအောင် ဝိပဿနာရှုရတယ်၊အရိယာမျှားမှာတော့ ကဲာမုပါဒါန် ကင်းငြိမ်းအောင်ရှုရတယ်၊ ဒါကြောင့် အဲဒီ ကင်းငြိမ်းစေလိုအပ်တဲ့ ဥပါဒါန်တွေကြောင့် ဝိပဿနာကုသိုလ်ကံ ဖြစ်တယ်လို့လဲ ယူဘွယ် ရှိပါတယ်။ အဲဒီ ၂-နည်းထဲက ဒုတိယနည်းယူပုံဟာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံကို ပြတဲ့ ဝိသုဒ္ဓိမဂ် (၃-၁၇၃), သမ္မောဟဝိနောဒနီ (၁၃၉) အဆိုမျှားနှင့် ညီညွတ်ပါတယ်။ အဲဒီမှာ ဆိုထားပုံကတော့—

အဝိဇ္ဇာသမတိက္ကမတ္ထာယ၊ အဝိဇ္ဇာကို လွန်မြောက်ခြင်းအကျိုးငှါ။ ဒါနာ-ဒီနိ၊ ပေးလှူခြင်းအစရှိကုန်သော။ ကာမာဝစရပုညကိရိယဝတ္ထူနိ၊ ကာမာဝ-စရပုညကြိယဝတ္ထုတို့ကို။ ပူရေန္တိသေ စေဝ၊ ဖြည့်ဆည်းပူးသောသူအားရင်း။ ရူပါဝစရဇ္ဈာနာနိ၊ ရူပါဝစရဈာန်တို့ကို။ ဥပ္ပါဒေန္တိသေ စ၊ ဖြစ်စေသော သူအားရင်း။ ဒ္ဒိန္ဒမ္ပိ တေသံ၊ ကာမကုသိုလ် ရူပကုသိုလ် ဟူသော ထိုပုညာဘိ-သင်္ခါရ ၂-ပါးတို့အားလည်း။ အဝိဇ္ဇာ၊ လွန်မြောက်လိုအပ်သော အဝိဇ္ဇာသည်။ ဥပနိဿယပစ္စယေန၊ ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်ပေ၏–လို့ ဆိုထားပါတယ်။

ဒီအဋ္ဌကထာ ၂-ရပ်အဆိုထဲမှာ မလွန်မြောက်သေး မကင်းသေးတဲ့ အဝိဇ္ဇာကို လွန်မြောက်ရန်အတွက် ကာမကုသိုလ်တို့ကို ဖြည့်ကျင့်ဆည်းပူးတယ်လို့ ဆိုရာမှာ ဘာဝနာကုသိုလ်လဲ ပါတယ်၊ အဲဒီဘာဝနာကုသိုလ်ထဲမှာ ဝိပဿနာလဲ ပါတယ်။ ဒါကြောင့် အဲဒီ အဋ္ဌကထာမှာ အဝိဇ္ဇာကို လွန်မြောက်ရန်အတွက် ဝိပဿနာကို ဖြည့်ဆည်းပူးယင် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ ဖြစ်တယ်လို့ ဆိုတာနဲ့ ယခု ဒီမှာ ဥပါဒါန်ကင်းငြိမ်းရန်အတွက် ရှုတဲ့ ဝိပဿနာ ကုသိုလ်ဟာ ဥပါဒါန်ကြောင့် ဖြစ်တယ်လို့ ဆိုတာဟာ တူညီနေပါတယ်။

ဝိပဿနာက်ကြောင့် ဘဝသစ်ဖြစ်ပါသေးသလား

ဒါ့ဖြင့် ဝိပဿနာ ကုသိုလ်ကြောင့် ဘဝသစ် ဖြစ်နိုင်ပါသေးသလား-လို့ဆိုယင် ကျမ်းဂန်များအရ အားဖြင့် ဖြစ်နိုင်သေးတယ်-လို့ ဖြေရမှာဘဲ။ ဘယ်ကျမ်းဂန်များ အရလဲ ဆိုလျှင်–အင်္ဂုတ္တရ အဋ္ဌကထာနဲ့ ပဋ္ဌာန်းပါဠိ အဋ္ဌကထာ-များ အရပါဘဲ။

အင်္ဂုတ္တရ အဋ္ဌကထာ (ပ-၃၆၉)မှာ သမ္မာဒိဋ္ဌိ ၅-မျိုးကို ထုတ်ပြပြီးတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိက ပြည့်စုံ ကောင်းမြတ်သော သုဂတိဘဝကို ၎င်းတယ် ဖြစ်စေတယ်၊ ဈာနသမ္မာဒိဋ္ဌိက ရူပဘဝ, အရူပဘဝ၌ ပဋိသန္ဓေကို ပေးတယ်၊ မဂ်သမ္မာဒိဋ္ဌိက ဝဋ်ကို ဖျက်ဆီးတယ်၊ ဖိုလ်သမ္မာဒိဋ္ဌိက ဘဝကို တားမြစ်တယ်၊ ဝိပဿနာ သမ္မာဒိဋ္ဌိကလဲ ပဋိသန္ဓေကို မငင်တတ် မဖြစ်စေတတ်ဘူး-လို့ ဆိုပြီး တိပိဋကစူဠဘဘယ မထေရ်ရဲ့ အလိုအားဖြင့် အရဟတ္တဖိုလ် မရောက်သေးယင် (၇) ဘဝအကျိုးပေးသေးတယ်-လို့ ပြဆိုထားပါတယ်။

ပဋ္ဌာန်း ပါဠိတော် (၃-၃၅၇) မှာ မဂ်ဖိုလ် နိဗ္ဗာန် ဆိုတဲ့ အပွမာဏတရားကို အာရုံပြုတဲ့ ကုသိုလ်စေတနာက ကာမကို အာရုံပြုတဲ့ ဝိပါက်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်-လို့ ဟောထားပါတယ်။ အဲဒီမှာ အဋ္ဌကထာ (၄၇၉) က အပွမာဏကို အာရုံပြုတဲ့ စေတနာဆိုတာ ဂေါတြဘူ စေတနာ ပစ္စဝေက္ခဏာ စေတနာကို ယူရမယ်-လို့ ဖွင့်ပြထားပါတယ်။ အဲဒီ အဋ္ဌကထာအရ ဂေါတြဘူ စေတနာကတော၎င် ဝိပါက်ခန္ဓာ အကျိုးကို ဖြစ်စေတယ် ဆိုတော့ အရဟတ္တဖိုလ်သို့ မရောက်သေးယင် ဝိပဿနာ ကုသိုလ်က ဘဝအကျိုးကို ပေးနိုင်တယ် ဆိုတာဟာ အသင့် ယုတ္တိ ရှိပါတယ်။

ဝိပဿနာက ဘဝမှ လွတ်မြောက်စေပုံ

ဒါ့ဖြင့် ဝိပဿနာက ဘယ်ပုံ ဘယ်နည်းဖြင့် ဘဝသံသရာမှ လွတ်မြောက်စေသလဲလို့ဆိုတော့ ရှုမိတဲ့ အာရုံတိုင်းမှာ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေကို အမှန်အတိုင်း သိသိသွားတဲ့အတွက် အဲဒီ ရှုမိတဲ့ အာရုံတွေမှာ နိစ္စ, သုခ, အတ္တ-လို့ စွဲလမ်းမည့် ကိလေသာတွေ မဖြစ်နိုင်တော့ဘူး၊ အဲဒီလို ကိလေသာ

မဖြစ်တော့ အဲဒီ အာရုံတွေနဲ့ စပ်ပြီး ကံအသစ်လဲ မဖြစ်ရတော့ဘူး၊ ကံ မဖြစ်ရတော့ အဲဒီ ကံ၏အကျိုး ဘဝသစ် ခန္ဓာတွေဆိုတာလဲ မဖြစ်ရတော့ဘူး။ အဲဒါဟာ ဝိပဿနာဉာဏ်က ကိလေသာ ကံ ဝိပါက် ခန္ဓာတွေကို တဒင်္ဂပဟာန်အားဖြင့် ပယ်ပုံပါဘဲ။

နောက်ပြီးတော့ မရှုမိတဲ့ တေဘူမကသင်္ခါရ တရားတွေကိုလဲ ရှုမိတဲ့ အာရုံနဲ့ နှိုင်းဆပြီး အနိစ္စ, ဒုက္ခ, အနတ္တမျှဘဲလို့ အနုမာနအားဖြင့် သိမြင်သဘောကျနေပါတယ်၊ ဒါကြောင့် မရှုမိတဲ့ အဲဒီ တေဘူမက သင်္ခါရတွေမှာလဲ နိစ္စ, သုခ,အတ္တလို့ စွဲလမ်းပြီး ဖြစ်မည့် ကိလေသာတွေဟာ အမျှားအားဖြင့် မဖြစ်နိုင်ဘဲ ဝေးကွာသွားပါတယ်၊ ဒါကြောင့် ဝိပဿနာဉာဏ် ထက်ထက်သန်သန် ဖြစ်နေတဲ့ ယောဂီမှာ လောဘ, ဒေါသ ကိလေသာကြမ်းတွေ မဖြစ်တော့ဘူးလို့တောင် ထင်ရတတ်ပါတယ်၊ အဲဒီလို ကိလေသာအဖြစ် ဝေးသွားတော့ ကံလဲ အဖြစ် ဝေးသွားပါတယ်၊ အကျိုးဝိပါက်တွေလဲ ဝေးသွားတယ် ကျဲသွားတယ်လို့ဘဲ ဆိုရပါတယ်။ အဲဒါကတော့ ဝိပဿနာက ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ပုံပါဘဲ။

အဲဒီလို ဝိပဿနာက တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်ပြီးတဲ့အခါမှာ အရိယာမဂ်ဉာဏ် ဖြစ်ပေါ်ပြီး သူ့ဆိုင်ရာ ကိလေသာတွေကို အကြွင်းမဲ့ ပယ်ဖြတ်သွားပါတယ်။ ဥပမာအားဖြင့် ရုံးအလုပ်များ ဆောင်ရွက်ရတာနဲ့လဲ တူပါတယ်၊ ရုံးအလုပ်များမှာ အောက်လက်ပုဂ္ဂိုလ်တွေက အဆင့်ဆင့်ရေးသား လုပ်ကိုင်လာပြီးတဲ့အခါ အကြီးဆုံး အရာရှိက လက်မှတ်ထိုးပြီး အဆုံးသတ်ရတယ်၊ အဲဒီလို အဆုံးသတ် ပြီးစေရာမှာ အောက်လက်က ပုဂ္ဂိုလ်တွေရဲ့ ဆောင်ရွက်ချက်လဲ ပါဝင်နေပါတယ်၊ ပါဝင်တာမှ အမျှားဆုံး ဖြစ်ပါတယ်။ အဲဒီလိုဘဲ အရိယာမဂ်က ကိလေသာတွေကို အကြွင်းမဲ့ ပယ်သတ်ရာမှာ ဝိပဿနာက အမျှားဆုံး ဆောင်ရွက်ခဲ့ရပါတယ်။

နောက်ပြီးတော့ သစ်ပင်ကို လှဖြင့် ဖြတ်တာနဲ့လဲ တူပါတယ်၊ အသီးမသီးသေးတဲ့ သစ်ပင်ကို လှဖြင့် ဖြတ်ရာမှာ ဆွဲတိုင်း တွန်းတိုင်း နဲနဲတော့ ပြတ်ပြတ်သွားပါတယ်၊ နောက်ဆုံးတချက်ကျတော့ အကုန်လုံး ပြတ်ပြီး သစ်ပင်ကြီးလဲကျသွားတယ်၊ အဲဒီ သစ်ပင်မှာ အသီးတွေ ဖြစ်ပေါ်ခွင့် မရှိဘူး၊ အဲဒီမှာ

နောက်ဆုံးတချက်ကျမှ လုံးဝပြတ်သွားပေမဲ့ ရှေးရှေး လွှချက်တွေကြောင့် ပြက်တာကတဲ့ မျှားနေသလိုပါဘဲ၊ **အ**ရိယာမဂ်က ကိုလေသာတွေကို နောက်ဆုံးမှာ အကြွင်းမဲ့ ပယ်သတ်တယ်ဆိုပေမဲ့ ဌာပိုင်းက ဝိပဿနာတွေကတော့ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့ဖြင့် မျှားစွာ ပယ်သွားရပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ (၃-၅၀၃)မှာ—

ပဌမံ၊ ရှေးဦးစွာ။ လောကိယဉာဏေန၊ လောကီဝိပဿနာဉာဏ်ဖြင့်။ ယထာဗလံ၊ အားအစွမ်းရှိသလောက်။ ဝါ၊ **အ**စွမ်းကုန်။ ပဟာနမေव၊ ပယ်အပ်ပြီးသော ကိုလေသာကိုသာလျှင်။ လောကုတ္တရဉာဏံ၊ လောကုတ္တရာ မဂ်ဉာဏ်သည်။ ပဇဟတိ၊ ပယ်သည်-လို့ ဆိုထားပါတယ်။

ဝိပဿနာ မရှုနိုင်လျှင် သံသရာစက် လည်သည်

ဝိပဿနာ မရှုနိုင်တဲ့ သူတွေမှာတော့ မြင်ကိုင်း ကြားကိုင်း တွေ့ကိုင်း သိကိုင်းသော အာရုံဟော့မှာ မြဲတဲ့အနေ ချမ်းသာကောင်းစားတဲ့အနေ အတ္တကောင် ငါကောင် သတ္တဝါကောင်အနေနဲ့သာ ထင်နေတယ်၊ အဲဒါဟာ အဝိဇ္ဇာဘဲ၊ ဒါကြောင့် အဲဒီ မြင်ကြားတွေ့သိရတဲ့ အာရုံမှာ ဖြစ်စေ, တခြားအာရုံမှာ ဖြစ်ဈေ တပ်မက်သာယာတဲ့ တဏှာ ဖြစ်တယ်။ တဏှာက ရင့်လာတော့ ဥပါဒါန် ဖြစ်တယ်၊ ဥပါဒါန်နဲ့ စွဲလမ်းတော့ ကိုယ့်အလိုအတိုင်း ပြီးစီး ပြည့်စုံအောင် ကြံတယ်, ပြောတယ်, ပြုတယ်၊ အဲဒါက ကမ္မဘဝနဲ့ သင်္ခါရတွေဘဲ၊ အဲဒီကံနဲ့ သင်္ခါရ တွေကြောင့် သေခါနီးမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဖက်ပေါ်ပြီး ဘဝသစ် ဝိညာဏ်ဖြစ်ရတယ်။ အဲဒီဖြစ်ရာဘဝမှာ အိုရ, သေရ, စိုးရိမ်ပူဆွေးရ အစရှိတဲ့ ဆင်းရဲတွေကို ခံစားရတယ်၊ ဒီပုံဒီနည်းဖြင့် သံသရာဝဋ်ဆင် ရဲတွေ ကဝဲလည်လည် ဖြစ်နေရတယ်။ ဒါကြောင့် မူလဆောင်ပုဒ်ကြီးမှာ—

အမှန်မသွား အမှားမြင်ကာ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး ရည်မြော်ကိုးလျက် သုံးမျိုးမှုကံ ပြုခဲမ်ရှ၊ ဝိညာဏ်တွယ်စပ်။ပ။ တဏှာ ၆-တန် ဥပါဒါန်နှင့် ဖြစ်ရန်အခကြောင်.ကံ ဆင့်လောင်းရှ၊ ဆိုးဂေါဝင်းဘာ ပြခ်ရပြန်ရာ အိုကာသေရေး ပူအဆွေးနှင့် ဝိုကြေးကိုယ်နှမ်း စိတ်မချမ်းမြ ပူပန်ရသည် လုံးဝဆင်းရဲစုသာတည်း–လို့ ဆိုထားပါတယ်။

ရှစ်လုံးဖွဲ့ ဆောင်ပုဒ်မျှားထဲက နောက် ၂-ပုဒ်မှာလဲ—

ခံစားသည့်တွက် တပ်မက်ခင်မင်၊
မည်သို့ ပြုပြား ကောင်းစားမည်ထင်၊
ဝင်စားစွဲလမ်း ရောက်ရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်။

ဘဝဇာတိ သူ့ရှိပြန်လျှင်၊
အိုသေ ပူဆွေး ငိုကြွေး ထိုပြင်၊
ကိုယ်-စိတ်ဆင်းရဲ ထန်သဲပူပင်၊
သို့ဖြစ်ရ လုံးဝ ဆင်းရဲပင်—

လို့ ဆိုထားပါတယ်။ ကဲ ဒီ ဆောင်ပုဒ်ကလေး ၂-ပုဒ်ကို ဆိုပြီး ဒီကနေ့ တရား သိမ်းကြဦးစို့။ လိုက်ဆိုကြ—

ခံစားသည့်တွက် တပ်မက်ခင်မင်၊
မည်သို့ပြုပြား ကောင်းစားမည် ထင်၊
ဝင်စားစွဲလမ်း ရောက်ရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်။

ဘဝဇာတိ သူ့ရှိပြန်လျှင်၊
အိုသေ ပူဆွေး ငိုကြွေး ထိုပြင်၊
ကိုယ်-စိတ်ဆင်းရဲ ထန်သဲပူပင်၊
သို့ဖြစ်ရ လုံးဝ ဆင်းရဲပင်။

ဤ ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကြီးကို ရှိသေစွာ နာယူ မှတ်သားကြရသော ဓမ္မသဝနကုသိုလ်တို့ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့်။ပ။ နိဗ္ဗာန် ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု....၊ သာဓု....၊ သာဓု—။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး နဝမပိုင်း ပြီး၏။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး

၁၃၂၄-ခု၊ တော်သလင်း လပြည့်နေ့ ဟောသည်။

ဒသမဝိုဋ်း

အင်္ဂါ ၁၂-ပါး

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို ဟောလာတာ ၉-သီတင်း ၉-ကြိမ် ရှိခဲ့ပြီ၊ တော်တော်လဲ ပြည့်စုံသွားပါပြီ၊ ကြေကြေညက်ညက် ဖြစ်သွားအောင် ထပ်ပြောဘို့နဲ့ မှတ်ဖွယ် အထူးများကို ပြောဘို့လောက်သာ လိုပါတော့တယ်၊ အဲဒါတွေကို ဒီကနေ့ ပြောရမယ်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ=အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကြသည်-စသည် ဖြင့် ဟောထားတဲ့ ဒီ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ အကြောင်းအကျိုး အင်္ဂါက ၁၂-ပါးရှိတယ်။ ဘယ်ဟာတွေလဲဆိုလျှင်-(၁) အဝိဇ္ဇာ၊ (၂) သင်္ခါရ၊ (၃) ဝိညာဏ်၊ (၄) နာမ်ရူပ်၊ (၅) သဠာယတန၊ (၆) ဖဿ၊ (၇) ဝေဒနာ၊ (၈) တဏှာ၊ (၉) ဥပါဒါန်၊ (၁၀) ဘဝ၊ (၁၁) ဇာတိ၊ (၁၂) ဇရာမရဏာ-ဆိုတဲ့ ဒီ ၁၂-ပါးပါဘဲ။

မူလ ၂-ပါးနဲ့ ဘဝစက် ၂-ပါး

နောက်ပြီးတော့ ဒီ ဒေသနာမှာ မူလရင်း အမြစ်မကြီးတွေက အဝိဇ္ဇာနဲ့ တဏှာရယ်လို့ ၂-ပါးရှိတယ်၊ ဘဝစက်ကလဲ ရှေ့ပိုင်း ဘဝစက် နောက်ပိုင်း ဘဝစက်ရယ်လို့ ၂-ပါး ရှိတယ်။ ရှေ့ပိုင်းဘဝစက်မှာ အဝိဇ္ဇာက မူလရင်း အမြစ်မကြီး ဖြစ်တယ်၊ ဝေဒနာမှာ အဆုံးသတ်သွားတယ်။ နောက်ပိုင်း ဘဝစက်မှာ တဏှာက မူလရင်း အမြစ်မကြီး ဖြစ်တယ်၊ ဇရာမရဏာမှာ အဆုံးသတ်သွားတယ်။ ရှေ့ပိုင်း ဘဝစက်မှာ အဝိဇ္ဇာနဲ့ သင်္ခါရဆိုတဲ့ အတိတ်အကြောင်း

ကြောင့် ယခု ပစ္စုပ္ပန် ဘဝအကျိုး ဖြစ်ပေါ်လာပုံကို ပြထားတယ်။ နောက်ပိုင်း ဘဝစက်မှာတော့ တဏှာ ဥပါဒါန် ဘဝ ဆိုတဲ့ ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ်ဘဝအကျိုး ဖြစ်ပေါ်ပုံကို ပြထားတယ်။

အဲဒီလို ဘဝစက် ၂-ပါးနဲ့ ပြလိုက်တဲ့အတွက် ယခုဘဝကနေပြီး ကြည့်လိုက်ယင် အတိတ်ဘဝက အကြောင်းကြောင့် ယခုဘဝ ဖြစ်လာရတယ်၊ ယခုဘဝက အကြောင်းကြောင့် နောင်အနာဂတ်ဘဝ ဖြစ်ရမယ်ဆိုတာ သိရသလိုဘဲ၊ အခြားမဲ့အနာဂတ် ဘဝကနေပြီး ကြည့်လိုက်လျှင်လဲ ယခုဘဝကို အတိတ်ဘဝ အနေအားဖြင့် မြင်ပြီးတော့ အတိတ်ဘဝက အကြောင်းကြောင့် လက်ရှိ ဘဝ ဖြစ်ရတယ်၊ အဲဒီ ဘဝက အကြောင်းကြောင့် နောင်အနာဂတ် တဘဝ ဖြစ်ရမယ်ဆိုတာ နည်းတူပင် မြင်သွားနိုင်ပါတယ်။ အဲဒီက နောက်ဘဝတွေမှာလဲ နည်းတူဘဲ မြင်မြင်သွားနိုင်ပါတယ်။ ဒီတော့ တခုခုသော ဘဝက ပြုမိတဲ့ကံကြောင့် နောက်ဘဝတွေ အဆက်ဆက် ဒီပုံ ဒီနည်းဖြင့် ရှေးကာလက အဆက်မပြတ် ဖြစ်လာခဲ့တယ်၊ နောင်လဲ အဆက်မပြတ် ဖြစ်သွားမယ်ဆိုတာကို ကောင်းကောင်းကြီး သဘော ပေါက်နိုင်ပါတယ်၊ အဲဒီလို သဘော ပေါက်အောင်လိုဘဲ ဘဝစက် ၂-ပါးနဲ့ ဒီ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာကို ဟောထားခြင်း ဖြစ်ပါတယ် ။

ကာလ ၃-ပါး

နောက်ပြီးတော့ ဒီဒေသနာတော်မှာ အဝိဇ္ဇာနဲ့ သင်္ခါရ-က အတိတ်ဘဝကပြီးခဲ့လို့ အတိတ်ကာလ တရားလို့ ဆိုရပါတယ်၊ ဝိညာဏ်မှစပြီး ကမ္မဘဝတိုင်အောင် ရှစ်ပါးကတော့ ပစ္စုပ္ပန် ဘဝမှာဖြစ်လို့ ပစ္စုပ္ပန်ကာလတရားလို့ ဆိုရပါတယ်၊ ဇာတိနဲ့ ဇရာမရဏကတော့ အနာဂတ်ဘဝမှာ ဖြစ်မှာမို့ အနာဂတ်ကာလတရားလို့ ဆိုရပါတယ်။ ဒါကြောင့် ဒီ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ကာလအားဖြင့် ၃-ပါး ရှိပါတယ်။

အတိတ်အကြောင်း၁ါးပါး

အဲဒီမှာ အတိတ်ကာလ အတိတ်ဘဝက အကြောင်းကို အဝိဇ္ဇာနဲ့ သင်္ခါရ ဒီ ၂-ပါးတည်း ပြထားတာကတော့ ပြခဏန်းတဲ့ အကြောင်းလောက်သာ ပြလို

တဲ့အတွက် ဖြစ်ပါတယ်၊ အမှန်စင်စစ်ကတော့ အဝိဇ္ဇာ ဖြစ်တယ်ဆိုယင် တဏှာနဲ့ ဥပါဒါန်လဲ ဖြစ်တော့တာဘဲ၊ သင်္ခါရ ဖြစ်တယ်ဆိုယင်လဲ ကမ္မဘဝက ဖြစ်တော့တာဘဲ။ ဒါကြောင့် ပစ္စုပ္ပန်ဘဝ ရုပ်နာမ် ခန္ဓာတွေရဲ့ အတိတ်အကြောင်းကို အပြည့်အစုံပြတဲ့ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်(နှာ ၅၀)မှာ တဏှာ ဥပါဒါန် ကမ္မ ဘဝ ဆိုတဲ့ အကြောင်း ၃-ပါးကိုလဲ ထည့်ပြီး ဒီလို ပြထားပါတယ်။

ပုရိမကမ္မဘဝသို့၊ ရှေးဘဝတွင် ဖြစ်ကြောင်းကံကို ပြုစဉ်ကာလ၌။ မောဟာ၊ မှန်စွာမသိ–မှားယွင်းစွာသိခြင်း ဟူသော တွေ့ဝေခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာပေတည်း။ အာယူဟနာ၊ စုပေါင်းခြင်း အားထုတ်ခြင်းတို့သည်။ သင်္ခါ-ရာ၊ သင်္ခါရတို့ပေတည်း။ နိကန္တိ၊ ပြုလုပ်မှု၏ မျက်မှောက်အကျိုး နောင်ဘဝ အကျိုးကို လိုလား တောင့်တခြင်းသည်။ တဏှာ၊ တဏှာပေတည်း။ ဥပဂမနံ၊ မည်သို့ပြုလျှင် မည်သို့ခံစားရမည် စသည်ဖြင့် ချဉ်းကပ်စဲ့လမ်းခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်ပေတည်း။ စေတနာ၊ စေ့ဆော်တိုက်တွန်းခြင်းသည်။ ဘဝေါ၊ ဖြစ်ကြောင်းကံ ဟူသော ကမ္မဘဝ ပေတည်း။ ဣတိ၊ ဤသို့။ ပုရိမကမ္မဘဝ-သို့၊ ရှေးဘဝကံကို ပြုစဉ်၌ ပြီးစီးခဲ့ ဖြစ်ခဲ့ကုန်သော။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသော တရားတို့သည်။ ဣဓ ပဋိသန္ဓိယာ၊ ယခုဘဝ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့ပေတည်း လို့ ပြထားပါတယ်။

ဒါကြောင့် အတိတ် အကြောင်းတရားကြီးဟာ အပြည့်အစုံဆိုပေါင် အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ ဒီငါးပါးလုံးပင် ဖြစ်ပါတယ်။ ကဲ အဲဒါကို ဆိုကြရမယ်—

> အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝ—ဤ ငါးပါးကို အတိတ်အကြောင်း ငါးပါး-ဟု ခေါ်သည်။

(ကိလေသဝဋ်နှင့် ကမ္မဝဋ် မရောစေရန် ဖြစ်စဉ်အတိုင်းစီစဉ်ထားသည်။)

အဲဒီ ငါးပါးထဲမှာ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့ ဒီသုံးပါးကို ကိလေသဝဋ် ခေါ်တယ်၊ သင်္ခါရနဲ့ ကမ္မဘဝကို ကမ္မဝဋ် ခေါ်တယ်။ ဒီ သင်္ခါရနဲ့ ကမ္မဘဝကို အသီးအသီး ခွဲယူချင်ယင် ဘယ်လို ယူရပါသလဲလို့ဆိုတော့ အဋ္ဌကထာမှာ သုံးနည်း ခွဲပြထားပါတယ်။

သခ်ၢိရန့ၣ် ကမ္မဘဝ ခဲ့ပုံ

ပဌမနည်းမှာ ပြုပုံကတော့ အမှုကံ တခုခုကို ပြုတဲ့အခါ ရှေးအဖို့က ကြံစည်အားထုတ်တဲ့ စေတနာတွေကို သခ်ၢိရခေါ်တယ်၊ နောက်ဆုံး အပြီးသတ် ပြုလုပ်တဲ့ စေတနာကို ကမ္မဘဝခေါ်တယ်။ ဥပမာ ဒါနမှုကို ပြုတယ်ဆိုယင် လှူစရာပစ္စည်းတွေကို ရှာကြံသည်မှ စပြီး တလလုံး တနှစ်လုံး စသည်ဖြင့် ရှေးအဖို့က ဖြစ်ခဲ့တဲ့ စေတနာတွေကို သခ်ၢိရ ခေါ်တယ်၊ အလှူခံပုဂ္ဂိုလ်၏ လက်ထဲမှာ ထည့်ဆဲ လှူဆဲ ခဏဘဲ့ ဖြစ်သော စေတနာကို ကမ္မဘဝခေါ်တယ်။ ပါဏာတိ-ပါတအမှုကို ပြုတယ်ဆိုယင်လဲ သတ်စရာ လက်နက်စသည်ကို ရှာကြံသည်မှ စပြီး ရှေးအဖို့က ဖြစ်ခဲ့တဲ့ စေတနာတွေကို သခ်ၢိရခေါ်တယ်၊ သတ်ဆဲခဏဘဲ့ ဖြစ်တဲ့စေတနာကို ကမ္မဘဝခေါ်တယ်။ ဒီပြင် ကုသိုလ် အကုသိုလ်အမှုတွေကို ပြုရာမှာလဲ နည်းတူပါဘဲ။

ဒုတိယနည်းမှာ ပြုပုံကတော့ ပေးလှူမှု စသည်ကို ပြုတဲ့အခါမှာ ကုသိုလ်ဇော(၇)ကြိမ် ဖြစ်တယ်၊ သတ်မှုစသည်ကို ပြုတဲ့အခါမှာ အကုသိုလ်ဇော (၇) ကြိမ် ဖြစ်တယ်၊ အဲဒီဇော (၇) ကြိမ်ထဲမှာ ရှေ့ဇော ၆-ကြိမ်ကို သခ်ၢိရ ခေါ်တယ်၊ နောက်ဆုံး ဇောဟာကြိမ်ကို ကမ္မဘဝ ခေါ်တယ်။

တတိယနည်းမှာ ပြုပုံကတော့ စေတနာကို ကမ္မဘဝခေါ်တယ်၊ စေတနာနဲ့ ယှဉ်တဲ့ တရားတွေကို သခ်ၢိရခေါ်တယ်။

ဒီသုံးနည်းထဲမှာ ရူပကုသိုလ် အရူပကုသိုလ်အတွက် ဆိုယင် တတိယနည်းဖြင့် ပြောမှ ရှင်းလင်းပါတယ်၊ ကာမကုသိုလ် အကုသိုလ်အတွက် ဆိုယင်တော့ သုံးနည်းလုံးဘဲ ရှင်းလင်းပါတယ်။ သုတနည်းတဲ့ သူမျှားအတွက် ဆိုယင်တော့ ပဌမနည်းဟာ အရှင်းဆုံးပါဘဲ။ ဒါကြောင့် သုတနည်းတဲ့ သူတွေမှာ (ဒီလိုမှတ်ထားကြရမယ်) ကုသိုလ်အမှုဖြစ်စေ, အကုသိုလ်အမှုဖြစ်စေ အမှုကံ တခုခုကို ပြုရာမှာ ရှေးအဖို့က ရှာကြံ အားထုတ်နေတာတွေက သခ်ၢိရ၊ နောက်ဆုံးပြီးစေတာက ကမ္မဘဝ-လို့ ဒီလိုမှတ်ထားကြရမယ်။

တနည်းအားဖြင့် ဝိသုဒ္ဓိမဂ် (၃-၁၇၂)၌ သခ်ၢိရကြောင့် ပဋ္ဌိသန္ဓေဝိညာဏ်ဖြစ်ပုံကိုပြရာမှာ သေခါနီးဆဲဆဲတွင် ထင်ပေါ်လာတဲ့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်

ကို အာရုံပြုပြီး ဖြစ်နေကြတဲ့ သခ်ၸိရဘော့က စိတ်ကို ဘဝသစ်သို့ ပစ်ချကြတယ်လို့ ဆိုထားပါတယ်။ အဲဒီ အဆိုအရအားဖြင့် ကုသိုလ်အမှု အကုသိုလ်အမှုကို ပြုခဲ့စဉ်ကာလက ဖြစ်ခဲ့သော စေတနာကံက ကမ္မဘဝ၊ သေခါနီး ဇောတွေ့က သခ်ၸိရ·လို့ ဒီလိုလဲ ခွဲသင့်ပါတယ်။

အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်ပုံ

ယခုပြောခဲ့တဲ့ ကိလေသဝဋ်နှင့် ကမ္မဝဋ်လို့ခေါ်တဲ့ အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေစိတ် အစရှိတဲ့ ဝိပါက်ဝိညာဏ်တွေ မပြတ်ဖြစ်နေတယ်၊ အဲဒီလို ဝိပါက်ဝိညာဏ်ဖြစ်ယင် နာမ်ရုပ် အာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရားတွေလဲ သူနဲ့တပါတည်း ဖြစ်ကြတော့တာဘဲ၊ အဲဒီ အကျိုးတရား ငါးပါးကိုတော့ ဝိပါကဝဋ်လို့ ခေါ်တယ်။ အဲဒီလို ဖြစ်ပုံကို ရှစ်လုံးဖွဲ့ ဆောင်ပုဒ်မှာ—

အမှန်မသွား　　အမှားသိမြင်၊
အဝိဇ္ဇာဖုံး　　ကောင်းလုံးမှတ်ထင်၊
စိတ်–ကိုယ်–နှုတ်မှု　　ကြံ–ပြု–ပြောလျှင်၊
ဝိညာဏ်စပ်　　နောက်ထပ်　　သန္ဓေရှင်——

စသည်ဖြင့် ဆိုထားပါတယ်။

အဲဒီမှာ အမှန်အတိုင်းမသိဘဲ အလွဲအမှားတွေကို သိနေတဲ့ အဝိဇ္ဇာက ဖုံးကွယ်ထားလို့ ကောင်းတယ် ချမ်းသာတယ်လို့ချည်း ထင်နေတယ်၊ မြင်ရတာလဲကောင်း ကြားရတာလဲကောင်း နံရတာလဲကောင်း စားရတာလဲကောင်း တွေ့ထိရတာလဲကောင်း ကေ့ားလိုက် ဆန့်လိုက် ထိုင်လိုက် ထလိုက် ပြောဆိုလိုက် စသည်ဖြင့် ပြုလုပ်နေရတာလဲကောင်း စိတ်ကူးစဉ်းစား ကြံစည်နေရတာလဲကောင်း အားလုံး အကောင်းတွေချည်းဘဲလို့ ထင်နေတယ်။ အဲဒီလို အကောင်းတွေသင်တော့ အဲဒီအကောင်းတွေကို သာယာနှစ်သက်တဲ့ တဏှာက ဖြစ်တော့တာဘဲ၊ သာယာနှစ်သက်တော့ စွဲလမ်းတယ်။ စွဲလမ်းတော့ ကိုယ်အလို ရှိတဲ့အတိုင်း ပြီးစီးပြည့်စုံအောင် အားထုတ်တယ်၊ အားထုတ်တော့ ပြုလုပ်မှု

ကံ ပြီးမြောက်သွားတယ်။ ဒါတွေဟာ အဝိဇ္ဇာ တဏှာ ဥပါဒါန် သခ်ါရကမ္မဘဝ ဆိုတဲ့ အတိတ်အကြောင်း ငါးပါးတွေဘဲ။ အဲဒီ အတိတ် အကြောင်းတွေကြောင့် ပစ္စုပ္ပန်အကျိုးငါးပါး ပေါ်လာရတယ်။ အဲဒီလို ဆက်စပ်ပုံကို "စိတ်, ကိုယ်, နှုတ်မှု ကြံပြုပြောလျှင်၊ ဝိညာဏ်စပ် နောက်ထပ် သန္ဓေရှင်" လို့ ဆိုထားပါတယ်။

ပစ္စုပ္ပန်အကျိုးငါးပါး

အဲဒီ ဝိညာဏ် ဖြစ်ယင် သူနဲ့ တပါတည်းပင် နာမ်ရုပ် အာယတန ဖဿ ဝေဒနာဆိုတာတွေလဲ ဖြစ်တော့တာဘဲ။ အဲဒါကိုလဲ ရှစ်လုံးဖွဲ့ ဆောင်ပုဒ်မှာ–

ဝိညာဏ်မျိုးစေ့ စရ၍ ဖြစ်လျှင်၊
နာမ်နှင့်ရုပ်လဲ ပူးတွဲပါဝင်။
အာယတန ဖဿ ပေါ်ထင်၊
ကောင်းဆိုးမျှား ခံစားမိရိုးပင်—

လို့ ပြဆိုသားပါတယ်။

ပဋ္ဌိသန္ဓေမှ စပြီး စိတ်ဝိညာဏ်ဆိုတဲ့ ဘဝမျိုးစေ့ကလေးက စပြီး ပေါ်လာလို့ ရှိယင် သူနဲ့အတူတွဲပြီး စေတသိက်နာမ်တွေနဲ့ တကိုယ်လုံး ရုပ်တွေလဲ ဖြစ်နေတယ်၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ်နှလုံး ဆိုတဲ့ အာယတနတွေလဲ ဖြစ်နေတယ်၊ ထင်ပေါ်လာတဲ့ အာရုံ ၆-ပါးနဲ့ တွေ့တဲ့ ဖဿလဲ ဖြစ်တယ်၊ အဲဒီ တွေ့ရတဲ့ အာရုံကို ခံစားတဲ့ ဝေဒနာလဲ ဖြစ်တယ်-လို့ ဆိုလိုပါတယ်။ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာတော့ ပြခဲ့နှုန်းတဲ့ အကြောင်းနဲ့ အကျိုးတွေကို အသီးအသီး ထင်ရှားစေလိုတဲ့အတွက် ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် အာယတနဖြစ်တယ်၊ အာယတနကြောင့် ဖဿ ဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်-လို့ ဒီလို အသေးစိတ် ခွဲခြားပြီး ဟောထားပါတယ်။ အလုံးလိုက် ပြောရမယ် ဆိုယင်တော့ အဲဒီ ငါးပါးလုံးဟာ ကံသခ်ါရ၏ အကျိုးချည်းပါဘဲ။ ကံ သခ်ါရကြောင့် ဝိညာဏ်နှင့်အတူ တပေါင်းတည်း ဖြစ်ပေါ်တဲ့ အကျိုးတရားချည်းပါဘဲ။

ဒါကြောင့် ကိုယ်တိုင်မျက်မှောက် မတွေ့နိုင်တဲ့ ပဋ္ဌိသန္ဓေစိတ် စုတိစိတ်တွေကို ချန်ပြီး ကိုယ်တိုင် မျက်မှောက် တွေ့ပြီး သိနိုင်တဲ့ အကျိုးတရား ဖြစ်ပုံကို ပြောရမယ်ဆိုယင် ယခု မြင်တိုင်း ကြားတိုင်း နံတိုင်း အရသာကို စားသောက်တိုင်း ကိုယ်ဖြင့် ထိသိတိုင်း စိတ်ဖြင့် ကြံသိတိုင်း ရှေးဘဝက ကံ သင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် အာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးငါးပါးတွေ ဖြစ်နေတယ်၊ အိပ်ပျော်ပြီး ဘဝင်ကျနေတဲ့ အခါလဲ ဘဝင်စိတ်နှင့်တကွ အဲဒီ အကျိုးကရားတွေ ဖြစ်နေတာဘဲ။ အဲဒါတွေကိုဘဲ ငါမြင်ဟယ် ငါကြားတယ် ငါနံတယ် ငါစားတယ် ငါတွေ့ထိတယ် ငါကြံသိတယ် ငါအိပ်ပျော်တယ် စသည်ဖြင့် စဉ်းမမ်းနေကြတယ်။ အမှန်ကတော့ ရှေးဘဝက ပြီးခဲ့တဲ့ အကြောင်းတရား ငါးပါးကြောင့် အသစ် အသစ် ဖြစ်နေတဲ့ အကျိုးတရား ငါးပါးမျှသာ ရှိတယ်။ ဥပမာ အားဖြင့် ဆီရယ် မီးစာရယ် မီးမျိုးဇေရယ် လေရယ် တည်ရာခွက်ရယ် ဒီအကြောင်း ငါးပါးကြောင့် မီးလျှံ မီးတောက်ကလေး အသစ် အသစ် ဖြစ်နေသလိုပါဘဲ။ ထူးတာကတော့ အကောင်းတွေကို မြင်ရ ကြားရတဲ့ အခါ စသည်မှာ ကုသိုလ်ကံ သင်္ခါရကြောင့် ကုသလဝိပါက်ခေါ်တဲ့ ကောင်းကျိုးတရားတွေ ဖြစ်နေတယ်၊ မကောင်းတာတွေကို မြင်ရ ကြားရတဲ့အခါ စသည်မှာ အကုသိုလ်ကံ သင်္ခါရကြောင့် အကုသလဝိပါက် ခေါ်တဲ့ မကောင်းကျိုးတရားတွေ ဖြစ်နေတယ်၊ ဒါလောက်ပဲ ထူးပါတယ်။ ကောင်းတာ မကောင်းတာတွေကို ခံစားတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ စင်စစ်အားဖြင့် မရှိဘူး၊ အဲဒီလို ခံစားရအောင် ပြုလုပ်ပေးတဲ့ ပုဂ္ဂိုလ်, ဖန်ဆင်းပေးတဲ့ ပုဂ္ဂိုလ်ရယ်လို့လဲ မရှိဘူး၊ အမှန်စင်စစ် ရှိတာကတော့ ရှေးဘဝက ပြီးခဲ့တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဆိုတဲ့ အတိတ်အကြောင်း ငါးပါးနဲ့ ယခုဘဝမှာ မြင်တိုင်း,ကြားတိုင်း,တွေ့တိုင်း, သိတိုင်း ဖြစ်ပေါ်နေတဲ့ ဝိညာဏ် နာမ်ရုပ် အာယတန ဖဿ ဝေဒနာ ဆိုတဲ့ ပစ္စုပ္ပန် အကျိုးတရား ငါးပါးမျှသာ အဆက်ဆက် ဖြစ်ပေါ်လျက် ရှိနေတယ်။ ဂဲ ဒီအကျိုးငါးပါးကို နှုတ်တက်ရအောင် ဆိုလိုက်ကြဦး—

ပဋ္ဌိသန္ဓေခဏမှ စ၍ မပြတ်ဖြစ်ပေါ်နေသော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့ကို ပစ္စုပ္ပန်အကျိုးငါးပါး-ဟု ခေါ်သည်။

အဲဒါက တဘဝလုံးအတွက် အကျိုး ငါးပါးတဲ့။ မိမိတို့ မျက်မှောက်တွေ့နိုင်တဲ့ အကျိုး တရားတွေကတော့ မြင်မှု, ကြားမှု, အစရှိတဲ့ သဘော တရားတွေဘဲ။ အဲဒါတွေကိုလဲ ဆိုကြရဦးမယ်—

> မြင်ခိုက်, ကြားခိုက် စသည်၌ ထင်ရှား ဖြစ်ပေါ်နေသော မြင်သိမှု, ကြားသိမှု အစရှိသော ဝိညာဏ် နာမ်ရုပ် အာယတန ဖဿ ဝေဒနာ တို့ကို ပစ္စုပ္ပန် အကျိုးငါးပါး-ဟု ခေါ်သည်။

ခေါင်းစဉ် အမည်လောက် ရထားတဲ့သူက အထင်သေးတတ်တယ်

ဒီခေါင်းစဉ် အမည်ကလေးတွေကိုလဲ နှုတ်တက်ရနေယင် ကောင်းတယ်၊ အဲဒီလို နှုတ်တက်မရလို့ဘာမျှ မပြောတတ်ယင် ဒီလို ခေါင်းစဉ် အမည်လောက်ကို ကျက်မှတ်ပြီး ရထားတဲ့ သူတွေက အထင်သေးတတ်တယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်ကို မသိဘဲ တရားအားထုတ်လို့ မဖြစ်ဘူး စသည်ဖြင့်လဲ နှိမ်ချပြီး ပြောတတ်တယ်။ ထို့အတူဘဲ အဘိဓမ္မာ သရုပ်သဘောကို အတော်အတန် လေ့လာဘူးတဲ့ သူတွေကလဲ အဘိဓမ္မာသဘောကို မသင်ဘူးဘဲ တရားအားထုတ်လို့ မဖြစ်ဘူး စသည်ဖြင့် နှိမ်ချပြီး ပြောတတ်ကြတယ်။

အမှန်ကတော့ တတ်သိ လိမ္မာတဲ့ ဆရာသမားထံမှာ အားထုတ်တဲ့ ယောဂီဆိုယင် အဘိဓမ္မာသဘောတွေ အကြီးအကျယ် သင်နေဘို့မလိုပါဘူး၊ရုပ်နာမ် ၂-ပါးမျှသာရှိတယ်၊ အနိစ္စ ဒုက္ခ အနတ္တ သဘောမျှသာ ရှိတယ်လို့ ဒါလောက်ကို ကြားနာမှတ်သားဘူးယင် ဆရာသမား ညွှန်ကြားတဲ့အတိုင်း အားထုတ်နိုင်ပါတယ်။ အဲဒါဟာ ရဟန္တာဖြစ်အောင် အားထုတ်လိုတဲ့သူအတွက် အကျဉ်းချုပ် အားဖြင့် ပြည့်စုံသင့်တဲ့ သုတမယဉာဏ် ဖြစ်ပုံကို စူဠတဏှာသခ်ယသုတ်မှာ မြတ်စွာဘုရား ဟောတော်မူတာနဲ့ အညီပါဘဲ။ ဟောထားပုံကတော့—

အကျဉ်းချုပ် သုတမယဉာဏ်

> တဏှာကုန်ရာ နိဗ္ဗာန်၌ လွတ်မြောက်တဲ့ရဟန္တာ ဖြစ်အောင် အဘယ်မျှလောက် အားထုတ်ရပါသလဲ၊ အကျဉ်းချုပ် ဟောတော်မူပါလို့ သိကြားမင်းက တောင်းပန်တယ်။ အဲဒီတော့ မြတ်စွာဘုရားက—

ဣဒ ဒေဝါနမိန္ဒ ဘိက္ခုနော သုတံ ဟောတိ သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာတိ–

လို့ လိုအပ်တဲ့ သုတမယဉ္ဇာဏ်ကို ရှေးဦးစွာ ပြတော်မူပါတယ်။

ဒေဝါနမိန္ဒ၊ နတ်တို့၏အရှင် သိကြားမင်း။ ဣဒ၊ ဤသာသနာတော်၌။ ဘိက္ခုနော၊ ရဟန်းသည်။ သဗ္ဗေ ဓမ္မာ နာ အလံ အဘိနိဝေသာယာတိ၊ အလုံးစုံသော တရားတို့သည် မြဲသည် ချမ်းသာသည် ငါကောင် ဟုတ်သည်ဟု နှလုံးသွင်းဝင်စားရန် မထိုက်တန်ကုန်ဟူ၍။ သုတံ၊ ကြားနာဘူးသည်။ ဟောတိ၊ ဖြစ်၏။—တဲ့။

ရဟန္တာဖြစ်အောင် အားထုတ်လိုတဲ့သူဟာ တရားအလုံးစုံကို မြဲသည် ချမ်းသာသည် ငါကောင်ဘဲလို့ မစဲ့လမ်းထိုက်၊ မမြဲ ဆင်းရဲ ငါကောင်မဟုတ် သဘောတရားမျှဘဲလို့သာ နှလုံးသွင်းထိုက်သည်ဟု ဒါလောက် ကြားနာဘူးယင် သုတမယဉ္ဇာဏ် အကျဉ်းအားဖြင့် ပြည့်စုံပြီလို့ ဆိုရပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီကနောက်မှာ–"သော၊ ထိုမျှလောက် ကြားနာဘူးသော ရဟန်းသည်။ သဗ္ဗံ ဓမ္မံ၊ အလုံးစုံသော ရူပနာမ်တရားကို။ အဘိဇာနာတိ၊ ရှေးရှုပြု၍ သိ၏။ ဝါ၊ ရှုမှတ်၍ သိ၏–"လို့ ဝိပဿနာလုပ်ငန်းစဉ်ကို ဆက်ပြီး ဟောသွားပါတယ်။ အဲဒီမှာ "အဘိဇာနာတိ"ဟူသော ဒေသနာစကားဖြင့် ဉာတပရိညာကို ပြတယ်လို့ အဋ္ဌကထာက ဖွင့်ပြပါတယ်။ ဉာတပရိညာဆိုတာ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ဆိုပါဘယ်။

အဲဒီကနောက် မြတ်စွာဘုရားက "သဗ္ဗံ ဓမ္မံ အဘိညာယ၊ အလုံးစုံသော တရားကို ရှုမှတ်သိပြီး၍။ သဗ္ဗံ ဓမ္မံ ပရိဇာနာတိ၊ အလုံးစုံသော တရားကို အနိစ္စ ဒုက္ခ အနတ္တဟု ပိုင်းခြား၍ သိ၏"လို့ ဆက်လက်ပြီး ဟောသွားပြန်ပါတယ်။ အဲဒီမှာလဲ "ပရိဇာနာတိ"ဆိုတဲ့ စကားဖြင့် တီရဏပရိညာကို ပြတယ်လို့ အဋ္ဌကထာက ဖွင့်ပြပါတယ်။ တီရဏပရိညာဆိုတာ သမ္မသနဉာဏ်အစရှိတဲ့ ဝိပဿနာဉာဏ်တွေပါဘဲ။ အဲဒါကို အလွယ်တကူနှင့် မှတ်သားရအောင်လို့ ဆောင်ပုဒ်ကလေးတွေ စီထားပါတယ်—

(၁) လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။
ဤရှေ့ ဤမျှ၊ ကြားဘူးက၊ သုတလုံလောက်ပါ။
(၂) ဉာဏ်ဖြင့် ရှေးရှု၊ ရူပ်နာမ်စု၊ မှတ်ပြုသိလေရာ။
(၃) မမြဲ ဆင်းရဲ၊ သဘောဘဲ၊ သိမြဲ ပိုင်းခြားကာ-တဲ့။

အဲဒီဆောင်ပုဒ်မျှားကို ဘိုကြရမယ်—

(၁) လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။
ဤရှေ့ ဤမျှ၊ ကြားဘူးက၊ သုတလုံလောက်ပါ။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း ထင်ရှားပေါ်နေတဲ့ ·တရား အလုံးစုံဟာ အနိစ္စ=မမြဲတဲ့တရား၊ ဒုက္ခ=ဆင်းရဲတဲ့တရား၊ အနတ္တ=အတ္တ ကောင် ငါကောင် မဟုတ်တဲ့ သဘောတရားမျှဘဲ-လို့ ဒါလောက် ကြားဘူးယင် အကျဉ်းချုပ်အားဖြင့် သုတမယဉာဏ်ပြည့်စုံပြီလို့ ဆိုလိုပါတယ်။ ကဲ ဆိုကြရဦးမယ်—

(၂) ဉာဏ်ဖြင့်ရှေးရှု၊ ရူပ်နာမ်စု၊ မှတ်ပြုသိလေရာ။

သင့်ဇံ ဓမ္မံ အဘိဇာနာတိ၊ အလုံးစုံသော တရားကို ရှေးရှုပြု၍ သိ၏-ရှုမှတ်၍ သိ၏-ဆိုတဲ့ အပိုဒ်ရဲ့ ဆောင်ပုဒ်ပါဘဲ။ အဲဒီမှာ အလုံးစုံသော တရားဆိုတာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြုံသိတိုင်း ထင်ရှားပေါ်နေတဲ့ ရူပ်နာမ်တရား အလုံးစုံကို ဆိုလိုပါတယ်၊ အဲဒီ တရားအလုံးစုံကို ရှုမှတ်ပြီး သိဘို့ပါဘဲ။ ရှေးရှုပြု သိတယ်ဆိုတာနဲ့ ရှုမှတ် သိတယ်ဆိုတာ အတူတူပါဘဲ။ ကဲ ဆိုကြရဦးမယ်—

(၃) မမြဲ ဆင်းရဲ၊ သဘောဘဲ၊ သိမြဲပိုင်းခြားကာ။

သင့်ဇံ ဓမ္မံ ပရိဇာနာတိ၊ အလုံးစုံသောတရားကို ပိုင်းခြား၍ သိ၏-ဆိုတဲ့ အပိုဒ်ရဲ့ ဆောင်ပုဒ်ပါဘဲ။ ဒီမှာလဲ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်ပြီး မမြဲ ဆင်းရဲ အတ္တကောင်မဟုတ်တဲ့ သဘောတရား အနေအားဖြင့် ပိုင်းခြားပြီး သိဘို့ရန် ညွှန်ပြတာပါဘဲ။ ဒီကနောက်လဲ အဲဒီ သုတ်မှာ အနိစ္စာနုပဿနာစသည် ပြည့်စုံပြီး အရဟတ္တဖိုလ်အထိ ရောက်ပုံကို အကျဉ်းချုပ် ပြထားပါတယ်။

ဒီတော့ အဲဒီ စူဠတဏှာသခ်ၤယသုတ်ကို ထောက်ဆသောအားဖြင့် အဘိဓမ္မာ ကျမ်းဂန် သဘောတွေကို အကျယ်အာ.ဖြင့် မသင်ကြားဘူးသော်လဲ ရုပ်နာမ်မျှ အနိစ္စ ဒုက္ခ အနတ္တသဘောတရားမျှသာ ရှိတယ်လို့ ဒါလောက် ကြားနာဘူးယင်လဲ တရားအားထုတ်နိုင်တယ်ဆိုတာ ထင်ရှားပါ၁ယ်။

နောက်ပြီးတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုရာမှာလဲ အကြောင်းနဲ့ အကျိုးမျှ ရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ စင်ကြယ်အားဖြင့် မရှိဘူးလို့ ဒါလောက် သိထားဘို့ လိုပါတယ်၊ ဒေသနာတော်အရ အင်္ဂါ ၁၂-ပါး၊ အခြင်းအရာ ၂၀-တို့ဆိုတဲ့ အကျယ်ဝိတ္ထာရတွေကို အပြည့်အစုံ သိထားဘို့ကတော့ ပုဂ္ဂိုလ်တိုင်းမှာ မလိုပါဘူး။ အကယ်၍ ပုဂ္ဂိုလ်တိုင်းမှာ အဲဒီလို အကျယ်အားဖြင့် သိပြီးမှ တရားအားထုတ်ရမယ်ဆိုယင် အရှင်စူဠပန်လို ပုဂ္ဂိုလ်မှာ အားထုတ်နိုင်ဘို့ အခွင့်အရေး မရှိတော့ဘူး။ အရှင်စူဠပန်ဟာ အကွာရာ ၄၄-လုံးသာရှိတဲ့ ၁၁-လုံးဘဲ့ ဂါထာကို ၄-လပတ်လုံး ကျက်တာတောင် မရဘူးတဲ့။ ဒီတော့ ပဋ္ဌိစ္စသမုပ္ပါဒ်အကျယ်, အဘိဓမ္မာ သဘော အကျယ်တွေကို လေ့လာ ကျက်မှတ်ဖို့ဆိုတာ ဘယ် ဖြစ်နိုင်တော့မလဲ။ ဒါပေမဲ့ မြတ်စွာဘုရားညွှန်ကြားတဲ့အတိုင်း အတော်ပိုင်းကလေးကို ဆုပ်နယ်ရင်း "ရဇောဟရဏံ ရဇောဟရဏံ"လို့ ဆိုပြီး နှုလုံးသွင်းတာနဲ့ တနံနက်ခင်း အတွင်းမှာဘဲ ရဟန္တာ ဖြစ်တော်မူပါတယ်။

နောက်ပြီးတော့ မာတိကမာတာဆိုတဲ့ ဒါယိကာမကြီးဟာလဲ ရဟန်းတရားကို အားထုတ်တယ်ဆိုတာ ဘယ်လိုဟာလဲလို့တောင် မသိခဲ့ဘူး၊ အဲဒီ တရားကို လူဝတ်ကြောင်များ အားထုတ်ကောင်းတယ်လို့လဲ မသိခဲ့ဘူး၊ ဒါပေမဲ့ ရဟန်းတော်များထံမှ နည်းယူပြီး အိမ်မှာနေရင်း အားထုတ်လိုက်တာ အဲဒီ ကမ္မဋ္ဌာန်းပေးတဲ့ ရဟန်းတွေထက်တောင် အလျင်ကျပြီး အနာဂါမ် ဖြစ်သွားပါသေးတယ်။ အဲဒီ မာတိကမာတာ ဒါယိကာမကြီးလဲ အဘိဓမ္မာသဘော ပဋ္ဌိစ္စသမုပ္ပါဒ် သဘော အကျယ်တွေ လေ့လာသင်ကြားနိုင်ခွင့် မရှိကြောင်း ထင်ရှားပါတယ်။ ဒီပြင်လဲ အလားတူ သာဓကတွေ များစွာရှိပါတယ်။ ဒါကြောင့် တတ်သိလိမ္မာတဲ့ ဆရာသမားထံမှ နည်းယူပြီး အားထုတ်ယင် အဘိဓမ္မာသဘော ပဋ္ဌိစ္စသမုပ္ပါဒ် သဘော အကျယ်တွေ လေ့လာကျက်မှတ်မထားပေမဲ့ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်နေရင်း ကိုယ်တိုင်တွေ့ သိမြင်ခြင်းဖြင့်ပင် ကိစ္စပြီးတယ်လို့ မြဲမြံစွာ မှတ်ထားကြ

ရမယ်။ ဒါပေမဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် အကြောင်း အကျိုး တရားခေါင်းစဉ် ကလေးတွေကို နှုတ်တက် ရထားယင် သာပြီး ကောင်းပါတယ်။ ဒါကြောင့် အဲဒါ ကလေးတွေကို ထပ်ပြီး ဆိုလိုက်ကြရဦးမယ်—

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဤငါးပါးကို အတိတ် အကြောင်းဟု ခေါ်သည်။

ပဋ္ဌိသန္ဓေခဏမှစ၍ မပြတ်ဖြစ်ပေါ်နေသော ပိညာဏ် နာမ်ရုပ် သဠာယတန နဟသ ဖဿ ဝေဒနာ ဟူသော ဤငါးပါးကို ပစ္စုပ္ပန်အကျိုး-ဟု ခေါ်သည်။

အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုး ငါးပါး ဖြစ်ပေါ်နေသည်။

မြင်သိတာ ပစ္စုပ္ပန်အကျိုး ငါးပါး၊ ကြားသိတာ ပစ္စုပ္ပန်အကျိုး ငါးပါး၊ နံသိတာ ပစ္စုပ္ပန်အကျိုး ငါးပါ၊ စားသိတာ ပစ္စုပ္ပန်အကျိုး ငါးပါး၊ ထိသိတာ ပစ္စုပ္ပန်အကျိုး ငါးပါး၊ ကြံသိတာ ပစ္စုပ္ပန်အကျိုး ငါးပါး၊ အကြောင်းနှင့် အကျိုးမျှသာ ရှိသည်၊ ပြုလုပ်တတ် ဖန်ဆင်းတတ်သောသူ မရှိ၊ ခံစားတတ်သောသူ မရှိ၊ အကြောင်းကြောင့် ဖြစ်သော အကျိုးသဘောမျှသာ ရှိသည်။

ပစ္စုပ္ပန်အကြောင်းငါးပါး ဖြစ်ပေါ်လာပုံ

အဲဒီ အကြောင်းကြောင့် ဖြစ်တဲ့ မြင်မှု, ကြားမှု အစရှိသော အကျိုးတရားတွေကို အမှန်အတိုင်းသိအောင် မရှုနိုင်လျှင် မြင်တာဟာ ငါဘဲ၊ ငါက မြင်တယ်၊ ကြားတာဟာ ငါဘဲ၊ ငါက ကြားတယ်–စသည်ဖြင့်လဲ အလွဲအမှားတွေကို သိသိ သွားတယ်။ မြင်ရတာ ကောင်းတယ်၊ ကြားရတာ ကောင်းတယ်၊ ခံစားရတာ ကောင်းတယ်–စသည်ဖြင့်လဲ မှားယွင်းစွာ ထင်မှတ်နေတတ်တယ်၊ အဲဒီလို အသိလွဲတာ အထင်လွဲတာကတော့ အဝိဇ္ဇာဘဲ။ အဲဒီလို အသိလွဲ အထင်လွဲတဲ့အတွက် ခံစားရတဲ့ အကောင်းအဆိုး ဝေဒနာကြောင့် နှစ်သက် သာယာမှု တဏှာ ဖြစ်လာတယ်၊ အဲဒီ တဏှာဖြစ်ရာက စွဲလမ်းတဲ့ ဥပါဒါန် ဖြစ်လာတယ်၊ စွဲလမ်းတဲ့ ဥပါဒါန်ကြောင့် မိမိစွဲလမ်းတဲ့အတိုင်း ပြုစီး

ပြည့်စုံအောင် ကြံစည်ပြုလုပ်တယ်၊ အဲဒါက ကမ္မဘဝတဲ့။ အဲဒီ ကမ္မဘဝကြောင့် ဘဝ အသစ် တဖန် ဖြစ်ရပြန်တယ်။ ဒါကြောင့် ရှစ်လုံးဖွဲ့ ဆောင်ပုဒ်မှာ—

ခံစားသည်တွက် တပ်မက်ခင်မင်၊
မည်သို့ပြုငြား ကောင်းစားမည်ထင်၊
ဝင်စားစွဲလမ်း ရောရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်–

လို့ ဆိုထားပါတယ်။

မြင်လို့ကောင်းတာ မကောင်းတာ အစရှိတဲ့ ခံစားမှု ဝေဒနာကို အမှန် အတိုင်း မသိတာက အဝိဇ္ဇာ၊ တပ်မက်ခင်မင်တာ သာယာနှစ်သက်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ အားထုတ်ပြုလုပ်တာက သင်္ခါရနှင့် ကမ္မဘဝ၊ ဒီ ငါးပါးဟာ ယခုဘဝ အကျိုးငါးပါးကို မှီပြီး ဖြစ်ပေါ်လာတယ်၊ နောင် ဘဝသစ် ဖြစ်ဖို့ရာ အကြောင်းတရားတွေဘဲ။ ဒါကြောင့် ဒီ ငါးပါးကို ပစ္စုပ္ပန် အကြောင်း ငါးပါးလို့ ခေါ်တယ်။ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာတော့ "ဝေဒနာပစ္စယာ တဏှာ=ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာပစ္စယာ ဥပါဒါနံ=တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါနပစ္စယာ ဘဝေါ=ဥပါဒါန် ကြောင့် ဘဝဖြစ်တယ်"လို့ ပြခဲ့တဲ့ အကြောင်း ၃-ပါးကိုသာ ပြထားပါ တယ်။ ဒါပေမဲ့ အပြည့်အစုံဆိုယင်တော့ အတိတ်အကြောင်းမျှားလိုပင် ငါးပါး ဘဲ ဖြစ်ပါတယ်။ နှစ်သက်သာယာတဲ့ တဏှာနဲ့ ဥပါဒါန်ဟာ အဝိဇ္ဇာရှိမှဘဲ ဖြစ်ကြတယ်၊ အဝိဇ္ဇာမရှိဘဲ မဖြစ်နိုင်ဘူး၊ ဒါကြောင့် တဏှာနဲ့ ဥပါဒါန် ဖြစ် တယ်ဆိုယင် အဝိဇ္ဇာလဲ ဖြစ်လျက် ရှိနေတော့တာပါဘဲ။ ကမ္မဘဝဖြစ်ယင် သင်္ခါရလဲ ဖြစ်တော့တာပါဘဲ။ ဒါကြောင့် ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော် (နှာ-၅၀) မှာ အဲဒီ အဝိဇ္ဇာနဲ့ သင်္ခါရပါ ထည့်ပြီး ပစ္စုပ္ပန်အကြောင်း ငါးပါးလုံး အပြည့်အစုံ ပြထားပါတယ်။ ပြထားပုံကတော့—

ဣဓ၊ ယခု ပစ္စုပ္ပန်ဘဝ၌။ အာယတနာနံ ပရိပဏ္ဏတ္တာ၊ မျက်စိ နှား စသော အာယတနတို့၏ ရင့်ကျက်သောကြောင့် (အမှုကံကို ပြုစဉ်၌)။ (ဘဝကို ဖြစ်စေနိုင်တဲ့ကံဟာ မျက်စိ နှားစသော အာယတနတွေ ရင့်ကျက်တဲ့

အခါမှာမှ အမျှားအားဖြင့် ဖြစ်တတ်တယ်၊ ဒါကြောင့် "အာယတနတွေ ရင့်ကျက်တဲ့အခါမှာ အမှုကံကို ပြုတယ်၊ အဲဒီလို ပြုတဲ့အခါမှာ"လို့ ဆိုလိုပါတယ်။) မောဟာ၊ မှုန်စုဝမသိ မှားယွင်းစွာ သိခြင်းဟူသော တွေဝေခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာပေတည်း။ အာယူဟနာ၊ စုပေါင်း အားထုတ်ခြင်းတို့သည်။ သင်္ခါရာ၊ သင်္ခါရတို့ပေတည်း။ နိကန္တိ၊ ပြုလုပ်မှု၏ မျက်မှောက် အကျိုး, နောင်ဘဝအကျိုးကို လိုလားတောင့်တခြင်းသည်။ တဏှာ၊ တဏှာပေတည်း။ ဥပဓိမနုံ၊ မည်သို့ပြုလျှင် မည်သို့ခံစားရမည် စသည်ဖြင့် ချဉ်းကပ်စဉ်လမ်ခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်ပေတည်း။ စေတနာ၊ စေ့ဆော်တိုက်တွန်းခြင်းသည်။ ဘဝေါ၊ ကမ္မဘဝခေါ် ဖြစ်ကြောင်း ကံပေတည်း။ ဣတိ၊ ဤသို့။ ဣဒ၊ ယခုဘဝ၌။ ကမ္မဘဝသို့၊ ဖြစ်ကြောင်းကံကို ပြုစဉ်၌ ပြီးစီးကုန်သော။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသော တရားတို့သည်။ အာယတိ ပဋိသန္ဓိယာ၊ နောင်ဘဝ၌ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတရားတို့ ပေတည်း–လို့ ပြထားပါတယ်။

ဒါကြောင့် အပြည့်အစုံဆိုယင် ပစ္စုပ္ပန်အကြောင်းတရားတွေဟာ အတိတ်အကြောင်းလိုပင် ငါးပါးဘဲ ဖြစ်ပါတယ်။ ဂဲ ဆိုကြရမယ်—

ယခုဘဝ၌ ဝေဒနာကို မသိ၍ ဖြစ်ပေါ်လာသော အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရ ဤငါးပါးကို ပစ္စုပ္ပန် အကြောင်းငါးပါးဟု ခေါ်သည်။ (ကိလေသဝဋ်နှင့် ကမ္မဝဋ်၏ မရောယှက်စေရန် တမျိုးစဉ်ထားသည်။)

ပါဏာတိပါတ အစရှိသော အကုသိုလ်ကံကို ပြုတိုင်း, ဒါန သီလ အစရှိသော ကုသိုလ်ကံကိုပြုတိုင်း ဒီပစ္စုပ္ပန်အကြောင်းတရား ငါးပါး ပြီးစီးပြည့်စုံတယ်၊ တဘဝ ဘဘဝအတွင်းမှာ ဒီလို ပြီးစီးပြည့်စုံသွားတဲ့ အကြောင်းငါးပါး အစုံအစုံတွေဟာ ရာ, ထောင်, သောင်း, သိန်း များစွာ ရှိတယ်။ အဲဒီအထဲက အကြောင်းညီညွတ်တဲ့ တစုံက သေသည်၏အခြားမဲ့မှာ ဘဝအကျိုးကို ဖြစ်စေမယ်၊ ကျန်တဲ့ အကြောင်းစုံတွေကတော့ အကြောင်းညီညွတ်လျှင် တတိယဘဝ စသည်ကို ဖြစ်စေလိမ့်မယ်။ အဲဒီလို ဖြစ်စေတော့ ဖြစ်ရာဘဝတိုင်း ဘဝတိုင်းမှာ အိုရခြင်း သေရခြင်း စိုးရိမ်ပူဆွေးရခြင်း အစရှိတဲ့

ဆင်းရဲတွေကို ခံစားသွားရမယ်။ အဲဒီလို ဆင်းရဲတွေကို အလိုမရှိလျှင် ဒီ ပစ္စုပ္ပန်အကြောင်း ငါးပါးကို ပယ်ရလိမ့်မယ်။

ပစ္စုပ္ပန်အကြောင်းကို ပယ်ပုံ

ဘယ်လိုပယ်ရမလဲ ဆိုယင်— အရိယမဂ်ဉာဏ်ဖြင့် အမြစ်ပြတ်ပယ်နိုင်အောင် ရှေးဦးစွာ ဝိပဿနာရှုပြီး တဒင်္ဂပဟာန်ဖြင့် ပယ်ရမယ်။ ဘယ်လိုလဲဆိုယင်— အဲဒီ ပယ်ပုံကို ဆဋ္ဌမပိုင်းတုန်းက ဝိပဿနာဖြင့်လဲ တဒင်္ဂတော့ ငြိမ်းပါတယ် (နှာ ၂၅)ဆိုတဲ့ ခေါင်းစဉ်နဲ့ရော, ရှုတိုင်းရှုတိုင်း ကိလေသာ, ကံ, ဝိပါက်ငြိမ်း တယ်(နှာ ၃၂)ဆိုတဲ့ ခေါင်းစဉ်နဲ့ရော အကျယ်တဝင့် ရှင်းလင်း ပြောခဲ့ပါပြီ။ ဒါပေမဲ့ ဒီနေရာမှာ အကျဉ်းချုပ်တော့ ထပ်ပြီး ပြောပါဦးမယ်။

မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း မြင်တယ် ကြားတယ်-စသည်ဖြင့် ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်လို့ သမာဓိ ဉာဏ်ရင့်သန်လာတဲ့ အခါမှာ မြင်တယ်လို့ မှတ်လိုက်ယင် မြင်တာလဲ ချက်ခြင်းဘဲ ပျောက်သွားတယ်၊ မှတ်သိတာလဲ ချက်ခြင်းဘဲ ပျောက်သွားတယ်၊ မြင်တာနဲ့ သိတာနှစ်ခုလုံး ချက်ခြင်းဘဲ ပျောက်သွားလို့ မမြဲဘူးလို့လဲ သိရတယ်၊ ဆင်းရဲမျှဘဲ နှစ်သက်ဖွယ် အားကိုးဘွယ် မရှိဘူးလို့လဲ သိရတယ်၊ သူသဘောအတိုင်းသူ ဖြစ်ပျက်သွားတဲ့ သဘောတရားမျှဘဲလို့လဲ သိရတယ်။ အဲဒီလို အမှန်အတိုင်း သိရတဲ့ အတွက် အဲဒီ မြင်မှုနဲ့စပ်ပြီး မြဲတယ်လို့လဲ မထင်ဘူး၊ ချမ်းသာတယ် ကောင်းတယ်လို့လဲ မထင်ဘူး၊ အတ္တကောင်ဘဲ ငါဘဲလို့လဲ မထင်ဘူး၊ အဲဒါဟာ မှတ်သိမှုကြောင့် အဝိဇ္ဇာကင်းသွားတာဘဲ။ အဲဒီလို မြဲတယ် ချမ်းသာတယ် ငါဘဲလို့ မထင်တဲ့ အတွက် အဲဒီ မြင်မှုနဲ့စပ်ပြီး တပ်မက်သာယာတဲ့ တဏှာလဲ မဖြစ်လာတော့ဘူး၊ တပ်မက်သာယာခြင်း မရှိတဲ့ အတွက် အဲဒီ မြင်မှုနဲ့စပ်ပြီး (ဒီဟာကလေးကို မြင်ချင်သေးတယ် ဘယ်လိုလုပ်ယင် မြင်ရဦးမှာဘဲ ဘယ်လိုလုပ်သင့်တယ်-စသည်ဖြင့်) စဲ့လမ်းခြင်းလဲ မဖြစ်တော့ဘူး၊ အဲဒါတွေဟာ တဏှာ ဥပါဒါန်ကင်းပြတ်သွားပုံပါဘဲ။ အဲဒီလို မစဲ့လမ်းတော့ အဲဒီအမြင်နဲ့စပ်ပြီး ကြံစည်အားထုတ်ခြင်းလဲ မရှိတော့ဘူး၊ အဲဒါ သခ်ါရနဲ့ကမ္မဘဝ ကင်းသွားပုံပါဘဲ။

ယခု ပြောခဲ့တာဟာ မြင်ခိုက်၌ မြင်တယ်လို့ ရှုမှတ်ပြီး အမှန်အတိုင်း သိခြင်းဖြင့် (မရှုမိလျှင် ဖြစ်ပေါ်လာကြမည့်) အဝိဇ္ဇာ တဏှာ ဥပါဒါန် သခ်ါရ ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်း ငါးပါး ကင်းငြိမ်း ပြတ်စဲ သွားပုံပါဘဲ။

ထို့အတူပင် ကြားခိုက်စသည်မှာလဲ ကြားတယ်စသည်ဖြင့် ရှုမှတ်ပြီး အမှန်အတိုင်း သိသိသွားယင် ကြားမှုစသည်နှင့်စပ်ပြီး အဝိဇ္ဇာ တဏှာ ဥပါဒါန် သခ်ါရ ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်း ငါးပါး ငါးပါးတွေလဲ ဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်း ပြတ်စဲသွားပါတယ်။ အဲဒီလို ပစ္စုပ္ပန်အကြောင်း ငါးပါး တရားတွေ မဖြစ်ပေါ်လာဘဲ ကင်းငြိမ်းနေလျှင် အဲဒီ မြင်မှု ကြားမှု စသည်နှင့် စပ်ပြီး ဘဝအသစ်ဖြစ်မှု ဇာတိဆိုတာလဲ ပေါ်လာခွင့်မရှိတော့ဘူး၊ ဇာတိမရှိ လျှင် ဇရာ, မရဏ, သောက စသည်တွေလဲ ပေါ်လာခွင့် မရှိတော့ဘူး။

အဲဒါဟာ တခါမြင် တခါကြားစသည်နှင့် စပ်ပြီး မရှုမိလျှင် ဖြစ်နိုင်သည့် ကိလေသာ, ကံ, ဝိပါက်ခဏာတွေဟာ ရှုမှတ်ပြီး အမှန်အတိုင်း သိသိ သွားတဲ့ အဘွဲ့ကဲ့ ဖြစ်ခွင့်မရှိဘဲ ငြိမ်းသွားပုံပါဘဲ၊ အဲဒီလို ငြိမ်းတာကို တဒင်္ဂပဟာန=ရှုမှတ်မှု ဝိပဿနာတစိတ်ဖြင့် ကိလေသာတစိတ်ကို ပယ်တယ် လို့လဲ ဆိုရပါတယ်၊ တဒင်္ဂနိဗ္ဗုတိ=ရှုမှတ်မှု တစိတ်ဖြင့် ကိလေသာတစိတ် ငြိမ်းတယ်လို့လဲ ဆိုရပါတယ်။

အဲဒီလို မြင်တိုင်း ကြားတိုင်း ဘွေ့ဘိုင်း သိတိုင်း ရှုမှတ် ရှုမှတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တသဘောမှန်ကို သိခြင်းဖြင့် တဒင်္ဂအားဖြင့် ပယ်သင့်သမျှကို ပယ်ပြီးတဲ့ အခါမှာ သခ်ါရခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အရိယမဂ် ညာဏ် ဖြစ်ပေါ်ပါတယ်၊ အဲဒီ အခါမှာ သမုစ္ဆေဒ ပဟာန်အားဖြင့် ကိလေသာနဲ့ ကံတွေကို အကြွင်းမဲ့ ပယ်သွားပါတယ်။ ဘယ်လိုလဲဆိုလျှင် သောတာပတ္တိမဂ် က အပါယ်ဘဝကို ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့ ကံတွေကိုလဲ ပယ်တယ်၊ သုဂတိ ဘုံမှာ ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့ ကံတွေကိုလဲ ပယ်တယ်။ သကဒါဂါမိမဂ်က ၂-ဘဝထက် ပိုလွန်ပြီး ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့ ကံတွေကို ပယ်တယ်။ အနာဂါမိမဂ်က ကာမဘဝကို ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့ ကံတွေကို ပယ်တယ်။ အရဟတ္တမဂ်ကတော့ ဘဝကို ဖြစ်စေနိုင်တဲ့ (ကြွင်းတဲ့) ကိလေသာနဲ့ ကံတွေကို အကြွင်းမဲ့ ပယ်တယ်။ အဲဒီလို ကိလေသာတွေကို

အကြင်းမဲ့ပယ်ပြီးတဲ့အခါမှာ ရဟန္တာဖြစ်တယ်။ ရဟန္တာဆိုတာ ကိလေသာရန်သူတို့ကို ပယ်သတ်ပြီးသော ပုဂ္ဂိုလ်, ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သော ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်၊ အဲဒီလို ကိလေသာ ကင်းတဲ့အတွက် အပူဇော်ခံထိုက်တဲ့ ပုဂ္ဂိုလ်လို့လဲ ဆိုလိုပါတယ်။

ရဟန္တာ၏ အမြင်

အဲဒီလို ကိုးလသာတွေ လုံးဝကင်းစင်နေတဲ့အတွက် ရဟန္တာပုဂ္ဂိုလ်မှာ လောကီအာရုံတွေဆိုယင် ဘယ်ဟာကိုမျှ ကောင်းတယ်လို့ မထင်ဘူး၊ မြင်သမျှ, ကြားသမျှ, တွေ့သမျှ, သိသမျှတွေ အကုန်လုံးကို ဆင်းရဲတွေ့ မကောင်းတဲ့ တရားတွေလို့သာ ထင်နေပါတယ်။ အဲဒါဟာ အဝိဇ္ဇာကင်းသွားလို့ ဒုက္ခသစ္စာ တရားမှန်တွေကို အမှန်အတိုင်း သိနေတဲ့သဘောပါဘဲ။ ဒါကြောင့် မြင်မှု,ကြားမှု စသည်တွေ ဘယ်ဟာကိုမျှ မနှစ်သက် မသာယာတော့ဘူး၊ ခန္ဓာဝန်ကြီးက ရှိနေလို့ မလွဲမကင်းသာလို့သာ ခန္ဓာဝန်ကြီးကို ထမ်းဆောင်နေရတယ်၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ကျွေးခြင်း, ဆန့်ခြင်း စသည်ဖြင့် ပြုပြင်တန်သမျှ ပြုပြင်ပေးနေရတယ်၊ မျက်နှာသစ်ရခြင်း, ရေချိုးရခြင်း, ဆွမ်းခံသွားရခြင်း, အစာအာဟာရ သုံးဆောင်ရခြင်း, ကိုယ် အညစ်အကြေးကို သုတ်သင်ရခြင်း စသည်ဖြင့် ခန္ဓာဝန်ကြီးကို ထမ်းဆောင်နေရတယ်၊ အဲဒါတွေ အားလုံးဟာ မလွဲမရှောင်သာလို့ တာဝန်ဝတ်တရားအနေနဲ့ ဆောင်ရွက်နေရတာတွေဘဲ၊ ဘယ်ဟာကိုမှ နှစ်သက်ဖွယ် သာယာဖွယ် မထင်ဘူး၊ သခ်ါရဒုက္ခတွေချည်းဘဲလို့သာ ထင်မြင်နေတယ်။

ဒါဖြင့် ဒီ သခ်ါရဒုက္ခတွေ ငြိမ်းသွားအောင် မြန်မြန်သေယင် မကောင်းပေဘူးလား-လို့ မေးစရာရှိပါတယ်။ အဲဒီလို မြန်မြန်သေခြင်း, ပျက်ခြင်း အလိုရှိယင် အဲဒါကလဲ ဒေါသကိလေသာဘဲ၊ ရဟန္တာမှာ အဲဒီလို သေပျက်စေချင်တဲ့ ဒေါသ ကိလေသာလဲ မရှိပါဘူး။ ဒါကြောင့် ရဟန္တာ အရှင်မြတ်များက ဒီလို မိန့်တော်မူကြပါတယ်—

ပဋ္ဌိစ္စသမုပ္ပါဒ် (ဒု)၁၄—ပ မ-သ-စ

သေရတာလဲ အလိုမရှိ၊ နေရတာလဲ အလိုမရှိ

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗေသံ ဘတကော ယထာ။

(ထေရဂါထာ-၃၀၇)

မရဏံ၊ သေရခြင်းကို။ နာဘိနန္ဒာမိ၊ မနှစ်သက်ပါ။ ဇီဝိတံ၊ အသက်ရှင်နေရခြင်းကိုလဲ။ နာဘိနန္ဒာမိ၊ မနှစ်သက်ပါ။

ခဏမစဲ ဖြစ်ပျက်နေတဲ့ ဆင်းရဲအစု ခန္ဓာဝန်ကြီးကို ထမ်းဆောင်နေရုံမျှသာ ဖြစ်တဲ့အတွက် ကြာမြင့်စွာ အသက်ရှင်နေရတာကိုလဲ အလိုမရှိပါဘူး-တဲ့။ ဟုတ်တယ် နှစ်သက်သာယွယာမှု မရှိတဲ့ပုဂ္ဂိုလ်မှာ ဒီခန္ဓာဝန်ကြီးဟာ ဘာမျှအားကိုးစရာ မရှိဘူး၊ အမြဲမပြတ် ပြိုပြင်ပေးနေရတာဘဲ၊ ပြိုပြင်ပေးနေပေမယ်လို့လဲ ဒီခန္ဓာဝန်ကြီးက ကိုယ့်အလိုအတိုင်းဘာမှ ဖြစ်တာမဟုတ်ဘူး။ စဉ်းစားကြည့်ပါ၊ ဒီခန္ဓာဝန်ကြီးကို ရလာကြတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်လိုအားကိုးဘွယ် အနှစ်သာရတွေကို ရနေပြီလဲ။ ရှေးဘဝတွေကိုတော့ မမှတ်မိလို့ မသိနိုင်လို့ ထားလိုက်ပါဦးတော့၊ ယခုဘဝတွင်ဘဲ တချို့မှာ အနှစ် ၂၀-ကျော်, ၃၀-ကျော် ရှိနေပြီ၊ တချို့မှာလဲ အနှစ် လေး ငါး ခြောက်ဆယ်ကျော် ရှိနေပြီ၊ မိမိတို့ အလိုရှိတဲ့အတိုင်း ဘာတွေမျှား ရနေပြီလဲ၊ မြဲတည်နေတာ ရှိရဲ့လား၊ ချမ်းသာတာ ကောင်းတာတွေ ရှိရဲ့လား၊ တနေ့ထက် တနေ့ တလထက် တလ တနှစ်ထက် တနှစ် ပိုပိုပြီး ကောင်းလာရဲ့လား၊ ဘယ်ဟာမှ မကောင်းပါဘူး၊ တနေ့ထက် တနေ့ အိုမင်းရင့်ယော်လာတယ်၊ ကျန်းမာရေးတွေလဲ ဆုတ်ယုတ်လာတယ်၊ နောက်ဆုံးတနေ့ကျတော့ လုံးဝပျက်စီးပြီး သေဘေးဘဲရှိတယ်။ ဒါပေမဲ့ အထင်လွဲတဲ့ အဝိဇ္ဇာနှင့် သာယာတတ်တဲ့ တဏှာက ရှိနေတဲ့အတွက် ယခု လူတွေမှာ သာယာစရာတွေလို့ ထင်မှတ်ပြီး သာယာနေကြတာဘဲ၊ ရဟန္တာမှာတော့ အဲဒီအထင်မှားမှုနဲ့ သာယာမှုက လုံးဝ မရှိတော့ဘူး၊ ဒါကြောင့် ဘယ်ဟာကိုမှ မသာယာတော့ဘူး၊ အကုန်လုံး ပျင်းရိ ငြီးငွေ့စရာချည်း ဖြစ်နေတယ်။ ဒါကြောင့် အသက်ရှင်နေရတာကိုလဲ ရဟန္တာပုဂ္ဂိုလ်က အလိုမရှိပါဘူး-တဲ့။

အသက်ရှင်နေရတာကို အလိုမရှိယင် သေရတာကို အလိုရှိနေပါသလားလို့ ဆိုတော့ အဲဒီလို သေရတာကိုလဲ အလိုမရှိပါဘူးတဲ့၊ ခန္ဓာကိုယ်ကြီး ပျက်စေချင်တယ်၊ သေစေချင်တယ်ဆိုတာ မုန်းတဲ့ ဒေါသ သဘောဘဲ၊ ရဟန္တာမှာ အဲဒီလို မုန်းတဲ့ သေပျက်စေချင်တဲ့ ဒေါသကလဲ လုံးဝကင်းနေတယ်။ ဒါကြောင့် သေရခြင်းကိုလဲ မနှစ်သက် အလိုမရှိဘူးလို့ ဆိုပါတယ်။ ဒါဖြင့် ဘာကို အလိုရှိပါသလဲ-လို့ ဆိုဖော့—

ကာလဠ၊ ပရိနိဗ္ဗာန် ဝင်စံရမည့် ကာလကို သာလျှင်။ ပဋ္ဌိကခ်ါမိ၊ လိုလားလျက်ရှိပါ၏။ ကိမိဝ၊ ဥပမာပုံဆို အဘယ်လိုပါနည်းဟူမူ။ ဘတကော၊ နေ့စား, လစား အလုပ်သမားသည်။ *နိဗ္ဗေသံ ယထာ၊ နေ့စား, လစားအလုပ်ခကို အလိုရှိသကဲ့သို့ပင်တည်း-တဲ့။

နေ့စား, လစား အလုပ်သမားဟာ ပင်ပင်ပန်းပန်း အလုပ်လုပ်ရတာကိုလဲ မကြိုက်ဘူး၊ စားဝတ်နေရေးအတွက် မလွဲသာလို့သာ လုပ်နေရတယ်၊ အလုပ်မရှိဘဲ အလုပ်လက်မဲ့ ဖြစ်နေမှာလဲ မကြိုက်ဘူး၊ ဘာကိုကြိုက်သလဲလို့ ဆိုတော့ နေ့စားခ လစားခ ရတာကို ကြိုက်တယ်၊ အဲဒီ နေ့ခ လခထုတ်ယူရမည့် အချိန်ကိုသာ မြော်လင့် တောင့်တနေတယ်၊ အဲဒါလိုဘဲ ရုမ်နာမ်ခန္ဓာ အကြင်းမရှိဘဲ ချုပ်ငြိမ်းပြီး ပရိနိဗ္ဗာန် ဝင်စံရမည့် အချိန်ကာလကိုသာ အလိုရှိတယ်၊ အဲဒီ အချိန်ကိုသာ မြော်လင့်နေပါတယ်-တဲ့။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်များဟာ မိမိတို့၏ အာယုသင်္ခါရကို ကြည့်တဲ့အခါမှာ "ကိုဝစိရံ နု ခေါ အယံ ဒုက္ခဘာရော ဝဟိတဗ္ဗော=ဒီ ရုပ် နာမ် ဒုက္ခဝန်ကြီးကို ဘယ်လောက်ကြာအောင် ထမ်းဆောင်ရဦးမှာပါလိမ့်မလဲ"လို့ ဆင်ခြင်တော်မူကြပါတယ်။

ယခု ပြောလာခဲ့တာဟာ မြင်ခိုက်, ကြားခိုက် စသည်မှာ ရှုမှတ်ပြီး ကိလေသာနဲ့ ကံ-ဆိုတဲ့ ပစ္စုပ္ပန် အကြောင်းတရားကို တဒင်္ဂပဟာန်ဖြင့် ပယ်ပို့, အရိယမဂ်ဉာဏ်ဖြင့် အကြင်းမဲ့ပယ်ပို့, ရဟန္တာပုဂ္ဂိုလ်မှာ မြင်တိုင်း, ကြားတိုင်း စသည်ကို သင်္ခါရဒုက္ခထင်နေပုံတွေကို ပြောလာခဲ့တယ်။ အဲဒီလို သာယာဘွယ်

---

* ပါဠိစာအုပ်တို့၌ နိဗ္ဗိသံ-ဟု ရှိ၏။ ထေရဂါထာအဋ္ဌကထာ၌ နိဗ္ဗိသန္တော-ဟု အဖွင့် ရှိ၏။ သို့သော် အဘိဓာန်ကျမ်းတို့နှင့်အညီ လုပ်ခဟော နိဗ္ဗေသံ-ဟူ၍သာ သင့်သည်။

မရှိဘဲ သင်္ခါရဒုက္ခချည်း ထင်နေတဲ့အတွက် ရဟန္တာ ပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ဘဝသစ် ရုပ်နာမ်တွေ လုံးဝမဖြစ်ပေါ်လာတော့ဘဲ အပြီးတိုင် ငြိမ်းသွားတယ်။ အဲဒါကို အနုပါဒိသေသ နိဗ္ဗာန် ဝင်စံသွားတယ်-လို့ ဆိုရတယ်။

ပုဂ္ဂိုလ်သေပျက်တာမဟုတ်၊ ဆင်းရဲငြိမ်းတာ

အဲဒါကို အဟောဒိုဏ်အစဉ် ကိုးတဲ့သူတွေက ပုဂ္ဂိုလ်ကြီးအလိုက် သေပျောက်ပျက်စီးသွားတယ်-လို့ ထင်မှတ်ပြီး အသေကြီး သေသွားတယ်လို့လဲ ကဲ့ရဲ့စပ်စဲ့ကြတယ်၊ အမှန်ကတော့ ထင်းမီးစာ အစရှိတဲ့ အကြောင်းကို စွဲမှီပြီး တောက်လောင်နေတဲ့ မီးလျှံ မီးတောက်ကြီးဟာ ထင်းမီးစာ အစရှိတဲ့ အကြောင်း မရှိတဲ့အခါ ငြိမ်းပျောက်သွားတာလို့ ကိုလေသာနဲ့ ကံ-ဆိုတဲ့ အကြောင်းတရားကို ဌာပြီး အစဉ်မပြတ် ဖြစ်နေတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယ-တန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရား ဒုက္ခ အစုအပုံကြီးဟာ ကိုလေသာနဲ့ ကံ-ဆိုတဲ့အကြောင်းတရား လုံးဝ မရှိတော့တဲ့အတွက် အသစ် မဖြစ်ပေါ်လာတော့ဘဲ ငြိမ်းသွားရုံမျှပါဘဲ၊ ဆင်းရဲအစုအပုံကြီးမျှ ငြိမ်းသွားတာပါဘဲ။ ဒါကြောင့် မြတ်စွာဘုရားက—

တဿာယေဝ တဏှာယ၊ အကောင်းအဆိုးကိုခံစားမှုကြောင့် ဖြစ်ကတ်သော ထိုတဏှာ၏ ပင်လျှင်။ အသေသဝိရာဂနိရောဓာ၊ အရိယမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ ဝါ၊ အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့်။ ဥပါဒါန-နိရောဓာ၊ စွဲလမ်းမှု ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိရောဓာ၊ ဥပါဒါန်၏ ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝသစ်ဖြစ်ကြောင်း ကံ၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝသစ်ဖြစ်ကြောင်း ကံ၏ချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဘဝသစ်ဖြစ်မှု ဇာတိ၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိရောဓာ၊ ဇာတိ၏ချုပ်ခြင်းကြောင့်။ ဇရာမရဏံ၊ အိုခြင်း သေခြင်းသည်ရင်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းတို့သည်ရင်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဧवं၊ ဤဆိုခဲ့သော အခြင်းအရာဖြင့်။ ဧတဿ ကेवလဿ ဒုက္ခက္ခန္ဓဿ၊ ဤ ဆင်းရဲအစုမျှ

သက်သက်၏ သာလျှင်။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်သည်-လို့ ဟောထားပါတယ်။

အဲဒီမှာ ချုပ်တယ်ဆိုတာ လုံးဝမဖြစ်ပေါ်လာနိုင်ဘဲ ကင်းငြိမ်းသွားတာကို ဆိုပါတယ်။ အရိယမဂ်၏ အစွမ်းကြောင့် တဏှာမဖြစ်နိုင်ဘဲ ကင်းငြိမ်းသွားယင် အဲဒီတဏှာမှ ဆက်ပြီးဖြစ်မည့် ဥပါဒါန်နဲ့ ကံ-ဆိုတာတွေလဲ မဖြစ်နိုင်တော့ဘူး၊ အဲဒီအကြောင်းကံ မဖြစ်ပေါ်နိုင်ဘဲ ကင်းငြိမ်းသွားယင် ဘဝအသစ်လဲ မဖြစ်နိုင်တော့ဘူး၊ ကင်းငြိမ်း ပြတ်စဲသွားတယ်၊ ဘဝအသစ်မဖြစ်တော့ အိုခြင်း သေခြင်းအစရှိသော ဆင်းရဲတွေလဲ ကင်းပြတ် ချုပ်ငြိမ်းသွားတယ်။

အဲဒီမှာ ဖြစ်ခြင်း အိုခြင်း သေခြင်း ဆိုတာတွေဟာ ပုဂ္ဂိုလ်သတ္တဝါ၏ ဖြစ်ခြင်း အိုခြင်း သေခြင်းလို့ လူတွေကထင်နေပေမဲ့ အမှန်စင်စစ်တော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရား ငါးပါးတို့၏ ဖြစ်ခြင်း အိုခြင်း သေခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ဘဝအသစ် ဖြစ်ခြင်း အိုခြင်း သေခြင်းတွေ ရှိနေစဉ်မှာလဲ အမှန်စင်စစ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ရှိတာမဟုတ်ဘူး၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးဟာရားတို့သာ ရှိတယ်။ ပရိနိဗ္ဗာန်ဝင်စံသောအခါ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရဆိုတဲ့ အကြောင်းတရားတွေ မရှိတဲ့အတွက် ဘဝအသစ် မဖြစ်ပေါ်လာဘဲ ပြတ်စဲချုပ်ငြိမ်းသွားတဲ့အခါမှာလဲ ပုဂ္ဂိုလ်သတ္တဝါပျောက်သွားတာမဟုတ်ပါဘူး၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုး ဝဋ္ဋဆင်းရဲတရားကွေ့ မဖြစ်ပေါ်လာဘဲ ပြတ်စဲ ချုပ်ငြိမ်းသွားရုံမျှပါဘဲ။ နောက်ပြီးတော့ မလိုလားအပ်တဲ့ အိုခြင်း သေခြင်း စိုးရိမ် ပူဆွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းဆိုတဲ့ ဆင်းရဲအစု သက်သက်မျှ ချုပ်ငြိမ်း ပြတ်စဲသွားခြင်းသာဖြစ်ပါတယ်။

၊ ပရိနိဗ္ဗာန်ကို သဘောမပေါက်လျှင် ဥစ္ဆေဒဒိट्ठိဖြစ်တတ်သည်

ဒီနေရာမှာ အသိဉာဏ် မသက်ဝင်နိုင်လျှင် "ပုဂ္ဂိုလ် သတ္တဝါ အကောင်လိုက် ပျောက်ပျက်သွားတယ်"လို့ ထင်တတ်ပါတယ်၊ အဲဒီလို ထင်လျှင် ဥစ္ဆေဒဒိट्ठိ ဖြစ်တယ်။ အသိဉာဏ်ကောင်းကောင်း သက်ဝင်လျှင်တော့ "ဘဝအသစ်

ဖြစ်နေရတယ်ဆိုတာလဲ ဆင်းရဲအစုမျှဘဲ၊ ဘဝအသစ် မဖြစ်ရတော့ဘဲ ပြတ်စဲ ချုပ်ငြိမ်းသွားတယ်ဆိုတာလဲ ဆင်းရဲအစုမျှဘဲ" ဆိုတာ ရှင်းနေပါတယ်။ အဲဒါကို ယမက မည်သောရဟန်း၏ ဝတ္ထုစသည်ဖြင့် သိနိုင်ပါတယ်။

ယမကရဟန်းဝတ္ထု

မြတ်စွာဘုရား လက်ထက်တော် ကာလက ယမကဆိုတဲ့ ရဟန်းမှာ "ရဟန္တာ ပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက် ပြတ်စဲသွားတယ်၊ ပျောက်သွားတယ်၊ ဘာမျှ မရှိ တော့ဘူး" လို့ ဒီလိုအယူမှားနေပါတယ်။ သူ့ကို အခြားရဟန်းတော်များက တရား လမ်းမှန်ကို ဟောပြကြသော်လဲ သူ့အယူအတိုင်းဘဲ သူက ပြောနေပါတယ်။ ဒါနဲ့ နောက်ဆုံးမှာ သူ့ ကို အရှင်သာရိပုတြားထံ ခေါ်သွားကြပါတယ်၊ အရှင် သာရိပုတြာက မေးတော့လဲ သူ့ အယူအတိုင်းဘဲ ဝန်ခံပါတယ်။ အဲဒီတော့ အရှင်သာရိပုတြာက ဒီလို စစ်ကမ်းထုတ်ပြီး ဟောကြားပါတယ်—

ငါ့ရှင် ယမက....ရူပ်သည် မြဲသလော မမြဲသလော၊ မမြဲပါအရှင်ဘုရား။ ဝေဒနာသည် မြဲသလော မမြဲသလော၊ မမြဲပါ။ သညာသည် မြဲသလော မမြဲသ လော၊ မမြဲပါ။ သင်္ခါရတို့သည် မြဲကြသလော မမြဲကြသလော၊ မမြဲကြပါ။ ဝိညာဏ်သည် မြဲသလော မမြဲသလော၊ မမြဲပါ အရှင်ဘုရား။

မမြဲသောတရားသည် ဆင်းရဲလော ချမ်းသာလော၊ ဆင်းရဲပါ အရှင်ဘုရား။ မမြဲ ဆင်းရဲ ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါ့ဥစ္စာဟူ၍ရင်း, ငါ ဟူ၍ရင်း, ငါ၏အတ္တဟူ၍ရင်း ရှုရန် သင့်ပါမည်လော၊ မသင့်ပါ အရှင်ဘုရား။

ငါ့ရှင် ယမက....သို့ဖြစ်သောကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်း အပ အကြမ်း အနု အယုတ် အမြတ် အဝေး အနီး ရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသမျှကို ငါ့ဥစ္စာ မဟုတ်, ငါမဟုတ်, ငါ၏အတ္တ မဟုတ်ဟု အမှန်အတိုင်း မြင်အောင် ရှုရမည်။

ငါ့ရှင် ယမက....ဤသို့ မြင်လျှင် ရူပ်၌လဲ ငြီးငွေ့သည်၊ ဝေဒနာ၌လဲ၊ သညာ ၌လဲ၊ သင်္ခါရတို့၌လဲ၊ ဝိညာဏ်၌လဲ ငြီးငွေ့သည်၊ ငြီးငွေ့လျှင် တပ်မက်ကင်းသည်၊ တပ်မက်ကင်းခြင်းကြောင့် လွတ်မြောက်သည်၊ လွတ်မြောက်လျှင် လွတ်မြောက်

ပြီဟု အသိဉာဏ်ဖြစ်သည်၊ ဘဝအသစ်ဖြစ်မှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဘွယ်ကိစ္စဟူသမျှကို ပြုပြီးပြီ၊ ဤကိစ္စအတွက် အခြားတပါး ပြုဘွယ်မရှိတော့ပြီဟု ဆင်ခြင်လျက် သိလေတော့သည်-ဟု အရှင် သာရိပုတြာက စစ်ဆေးဟောကြားတော်မူပါတယ်။

ထိုတရားကို ကြားနာစဉ်မှာပင် အရှင် ယမကဟာ သောတာပန် ဖြစ်သွားပါတယ်၊ သောတာပန် ဖြစ်တဲ့အခါ အယူမှား ကင်းသွားပြီဖြစ်၍ သဘောမှန်အတိုင်း ဖြေကြားရန် ထပ်မံ၍ စိစစ်တော်မူပါတယ်။ စိစစ်ပုံကတော့—

ငါ့ရှင် ယမက....ရူပ်၌ ဘုရားရဟန္တာပုဂ္ဂိုလ်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ (တထာဂတော-ပုဒ်ကို သတ္တဝါ-ဟု ပြန်ကြသည်၊ ဤ၌ကား မူလကခီဏာသဝပုဂ္ဂိုလ်၏ ပြတ်စဲခြင်းကို စွဲလမ်းပြောဆိုခဲ့သည်နှင့် ညီစေရန် ဘုရားရဟန္တာပုဂ္ဂိုလ်-ဟု ဝိသေသပြု၍ ပြန်သည်။) ရူပ်မှ တခြား၌ ရူပ်မရှိဘဲ ဘုရားရဟန္တာပုဂ္ဂိုလ် တည်ရှိသည်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ ဝေဒနာ၌၊ သညာ၌၊ သင်္ခါရတို့၌၊ ဝိညာဏ်၌ ဘုရားရဟန္တာပုဂ္ဂိုလ်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ ဝိညာဏ်မှ တခြား၌ ဝိညာဏ်မရှိဘဲ ဘုရားရဟန္တာပုဂ္ဂိုလ် တည်ရှိသည်ဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။ ငါ့ရှင် ယမက....ဘုရားရဟန္တာမှာ ရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်မရှိဟု ထင်သလော၊ မထင်ပါ အရှင်ဘုရား။

ငါ့ရှင် ယမက... ဤရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော တရားအပေါင်းဝယ် မသေမီ မျက်မှောက်၌ပင် အမှန်စင်စစ်အားဖြင့် ဘုရား ရဟန္တာပုဂ္ဂိုလ် သတ္တဝါ အကောင်ရယ်လို့ မရှိပါဘဲလျက် ရဟန္တာပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက် ပြတ်စဲသွားတယ်၊ ပျောက်သွားတယ်၊ ဘာမျှ မရှိတော့ဘူးလို့ ပြောကြားရန် သင့်ပါမည်လောလို့ မေးပါတယ်။

ထိုအခါ အရှင်ယမက-က တပည့်တော်မှာ မသိ မလိမ္မာမီ ရှေးအခါက အဲဒီယုတ်ညံ့တဲ့ မိစ္ဆာအယူ ရှိခဲ့ပါသည်၊ ယခု အရှင်၏ တရားကိုနာရသဖြင့် အဲဒီအယူလဲ ကင်းသွားပါပြီ၊ တရားထူးကိုလဲ သိရပါပြီ-ဟု လျှောက်ထားတယ်။

ထိုအခါ အရှင်သာရိပုတြာက ရဟန္တာအဖြစ်နဲ့ ဖြေကြားစေလိုတဲ့အတွက် ဆက်ပြီး မေးခွန်းထုတ်ပြန်ပါတယ်—

ငါ့ရှင် ယမက....ရဟန္တာပုဂ္ဂိုလ် သေသွားလျှင် ဘယ်လိုရှိသလဲလို့ တစုံတယောက်က မေးခဲ့သော် ဘယ်လို ဖြေကြားပါမည်လဲ။ ရူပ်သည် မမြဲ၊ မမြဲသောတရားသည် ဆင်းရဲပင်၊ ထိုဆင်းရဲ ချုပ်ပျောက်သွားခြင်းပင် ဖြစ်သည်၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် မမြဲ၊ မမြဲသောတရားသည် ဆင်းရဲပင်၊ ထိုဆင်းရဲ ချုပ်ပျောက်သွားခြင်းပင် ဖြစ်သည်-ဟု ဖြေကြားပါမည်·လို့ ပြန်ကြား လျှောက်ထားပါတယ်။

ထိုအခါ အရှင်သာရိပုတြာက သာဓုခေါ်ပြီး ဆက်လက်ဟောကြားပါတယ်။ ခန္ဓာငါးပါးသည် မိတ်ဆွေယောင်ဆောင်နေသော သူသတ်သမားနှင့် တူကြောင်း၊ ခန္ဓာငါးပါးကို အတ္တအနေအားဖြင့် သာယာလက်ခံနေလျှင် သူသတ်သမားကို လက်ခံထားသည်နှင့် တူကြောင်း-စသည်များကို ဆက်လက်ပြီး ဟောကြားတော်မူပါတယ်။

ဒီဝတ္ထုထဲမှာ အရှင်ယမကဟာ တရားသဘော မသိမီက ခန္ဓာငါးပါးကိုပင် ပုဂ္ဂိုလ်သတ္တဝါဟု ထင်မြင်စွဲလမ်းနေခဲ့တယ်၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်သေသွားလျှင် ပြတ်စဲသွားတယ်၊ ပျောက်သွားတယ်၊ ဘာမျှ မရှိတော့ဘူးလို့ ပြောခဲ့တယ်။ အဲဒီလို ပြောရာမှာ မသေခင်ကတော့ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်လိုက် တကယ်ရှိနေတယ်လို့ စွဲလမ်းတာဘဲ။ ဒါကြောင့် သေပြီးတဲ့နောက် ဘာမျှ မရှိတော့ဘူး-လို့ ယူဆစွဲလမ်းတာကို ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်ရပါတယ်။ အမှန်တရားကို သိပြီး သောတာပန် ဖြစ်သွားတဲ့အခါကျသော့ အရှင်ယမက-က "ရဟန္တာပုဂ္ဂိုလ် သေသွားလျှင် မမြဲလို့ ဆင်းရဲမျှဖြစ်တဲ့ ခန္ဓာငါးပါး, ဆင်းရဲတရားမျှ ချုပ်ပျောက်သွားခြင်းပင် ဖြစ်တယ်"လို့ ပြောကြားပါတယ်။ အဲဒါဟာ ဒီနေရာမှာ မှတ်သားဘို့ရာ လိုရင်းပါဘဲ။

ယခု ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်မှာလဲ "ဝေါ၊ (တဏှာ ဥပါဒါန် ကံ ချုပ်ငြိမ်းကင်းပြတ်သွားလျှင် ဇာတိ ဇရာ မရဏစသည် ချုပ်ငြိမ်းကင်းပြတ်သွားသည်ဟု ပြဆိုခဲ့သော) ဤ အခြင်းအရာအားဖြင့်။ တေသ ဂေဝလသ ဒုက္ခက္ခန္ဓသ၊

ဤ ဆင်းရဲအစုမျှ သက်သက်၏သာလျှင်။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်သည်”လို့ ရဟန္တာ ပရိနိဗ္ဗာန် ဝင်စံတဲ့အခါ ဆင်းရဲအစုမျှ ချုပ်သွားခြင်း ဖြစ်ကြောင်း ပြဆိုထားပါတယ်။

ဆင်းရဲငြိမ်းပုံ အကျဉ်းချုပ်

ဒီနေရာမှာ အကျဉ်းချုပ် မှတ်ဖို့ကတော့ မြင်မှု ကြားမှုစသော ဖြစ်ခိုက် နာမ်ရုပ်ကို မရှုမမှတ်နိုင်လျှင် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရဆိုတဲ့ ပစ္စုပ္ပန် အကြောင်းငါးပါး ဖြစ်ပေါ်သည်၊ ထို အကြောင်းငါးပါးကြောင့် ဇာတိ ဇရာ မရဏ-ဟု ခေါ်သော အနာဂတ် အကျိုးငါးပါး ဆင်းရဲအစုများ ဖြစ်ပွါးသွားမည်။ မြင်ခိုက် ကြားခိုက် စသည်၌ ရှုမှတ်နိုင်လျှင် ပစ္စုပ္ပန်အကြောင်းငါးပါး ဖြစ်ခွင့်မရတဲ့ ချုပ်သွားသောကြောင့် ဇာတိ ဇရာမရဏ-ဟု ခေါ်သော အနာဂတ်အကျိုးငါးပါး ဆင်းရဲအစုများ ဖြစ်ခွင့်မရတဲ့ ချုပ်ငြိမ်းသွားမည်။ ဒါကြောင့် ဖြစ်ခိုက်တရားကို မရှုလျှင် အကြောင်းငါးပါးပေါ်၍ အကျိုးငါးပါး ဆင်းရဲအစုများ ဖြစ်ပွါးမည်၊ ဖြစ်ခိုက်တရားကိုရှုလျှင် အကြောင်းငါးပါး ချုပ်၍ အကျိုးငါးပါး ဆင်းရဲအစုများ ချုပ်ငြိမ်းမည်။ အဲဒါကို ဆိုကြရမည်—

> ဖြစ်ခိုက်တရားကို မရှုလျှင် အကြောင်းငါးပါးပေါ်၍ အကျိုးငါးပါး ဆင်းရဲအစုများ ဖြစ်ပွါးမည်။ ဖြစ်ခိုက် တရားကိုရှုလျှင် အကြောင်းငါးပါးချုပ်၍ အကျိုးငါးပါး ဆင်းရဲအစုများ ချုပ်ငြိမ်းမည်။

ဝဇီရာထေရီဝတ္ထု

နောက်ပြီးတော့ ဝဇီရာထေရီ၏ ဖြေကြားပုံဖြင့်လဲ ဆင်းရဲအစုမျှသာ ချုပ်ခြင်းဖြစ်ကြောင်း ထင်ရှားပါတယ်။ အခါတပါးမှာ ဝဇီရာဆိုတဲ့ ရဟန္တာထေရီမက ဇေတဝန်ကျောင်းတိုက်၏ မြောက်ဖက်မှာရှိတဲ့ အန္ဓတောထဲ သစ်ပင်တခု အောက်မှာ နေ့သန့်စင်နေပါတယ်။ အဲဒီအခါ မာရ်နတ်က ကြောက်လန့်ပြီး သမာဓိပျက်စေလိုတဲ့အတွက် “ဟဲ့ ရဟန်းမိန်းမ....ဒီ သတ္တဝါကို ဘယ်သူက ပြုလုပ်ဖန်ဆင်းသလဲ၊ ဖန်ဆင်းတဲ့သူ ဘယ်မှာရှိနေသလဲ၊ သတ္တဝါဟာ ဘယ်မှာ

ဖြစ်ပေါ်လာခဲ့သလဲ၊ ဘယ်မှာ ချုပ်ပျောက်သွားမလဲ”လို့ ထေရိမကို မေးပါတယ်။ ဒီတော့ ဝဇိရာထေရိမ-က ဒီလို ပြန်ကြားလိုက်ပါတယ်—

ကိုံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။
သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တူပလဗ္ဘတိ။

မာရ၊ ဟဲ့ မာရ်နတ်။ တုံ့၊ သင်သည်။ ကိုံ၊ ဘယ်အရာကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပစ္စေသိ နု၊ ယုံကြည်ထင်မှတ်ပါသနည်း။ တေ၊ သင်၏။ ဒိဋ္ဌိဂတံ နု၊ အယူမှား မဟုတ်လော။ အယံ၊ အမျှားက သတ္တဝါဟု ထင်မှတ်နေသော ဤအရာသည်။ သုဒ္ဓသင်္ခါရပုဉ္ဇော၊ သင်္ခါရတရား အစုအပုံ သက်သက်မျှသာတည်း။ ဣဓ၊ ဤ သင်္ခါရတရားအစု၌။ သတ္တော၊ သတ္တဝါကို။ နု ဥပလဗ္ဘတိ၊ မရအပ်သည်သာတည်း။ ဝါ၊ သတ္တဝါမရှိသည်သာတည်း။

ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧवं ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

ဟိ၊ ဥပမာဖြင့် ထင်စဉ်ပြအံ့။ အင်္ဂသမ္ဘာရာ၊ ဘီး ဝင်ရိုး အစရှိသော အစိတ်အပိုင်းတို့၏ ပေါင်းစုမိခြင်းကြောင့်။ ဝါ၊ ပေါင်းစုမိလတ်သော်။ ရထော ဣတိ သဒ္ဒေါ၊ ရထားဟူသော သဒ္ဒါအမည်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧवံ၊ ဤ ဥပမာအတူပင်လျှင်။ ခန္ဓေသု၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာငါးပါးတို့သည်။ သန္တေသု၊ ရှိကုန်လတ်သော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟူသော အမည်ပညတ်သည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဒုက္ခမေव ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

ဟိ၊ သတ္တဝါဟူ၍မရှိ, သင်္ခါရတရားအစု ခန္ဓာငါးပါးမျှသာ ရှိသည်ဟုဆိုသော ထိုစကား မှန်ပေ၏။ ဒုက္ခမေव၊ ရုပ် နာမ် ခန္ဓာ ဆင်းရဲတရားမျှသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်ပေါ်၏။ ဒုက္ခံ၊ ဆင်းရဲတရားမျှသည်သာလျှင်။ တိဋ္ဌတိ၊ အဆက်ဆက်ဖြစ်လျက် တည်လည်း တည်နေ၏။ ဝေတိ စ၊ ပျောက်လည်း ပျောက်ကွယ်

ပျက်စီး၏။ အညတြ ဒုက္ခာ၊ ဆင်းရဲတရားကို ကြဉ်၍။ ဝါ၊ ဆင်းရဲမှုတပါး။ နိ သမ္ဘောတိ၊ ဖြစ်သည်မဟုတ်။ ဒုက္ခာ အညံ၊ ဆင်းရဲမှု တခြားတပါးသော အရာသည်။ နိ နိရုဇ္ဈတိ၊ ချုပ်ပျက်သည်လည်း မဟုတ်–လို့ ဖြေရှင်း ပြန်ကြား လိုက်ပါတယ်။

အဲဒီမှာ ဖြစ်လျှင်လဲ ဆင်းရဲမျှသာ ဖြစ်ပေါ်လာတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ပေါ်လာတာ မဟုတ်၊ တည်နေတယ်ဆိုတာလဲ ဆင်းရဲသာလျှင် အဆက်ဆက်ဖြစ်ပြီး တည်နေတယ်၊ ပုဂ္ဂိုလ် သတ္တဝါ အကောင်လိုက် တကြွံတည်း တည်နေတာ မဟုတ်၊ ပျောက်ပျက်သွားလျှင်လဲ ဆင်းရဲမျှသာလျှင် ပျောက်ကွယ် ပျက်စီးသွားတယ်၊ ပုဂ္ဂိုလ် သတ္တဝါ အကောင်လိုက် သေပျက်သွားတာမဟုတ်လို့ ဆိုတဲ့ စကားဟာ အလွန် ပြတ်သား ရှင်းလင်းနေပါတယ်။

ပရမတ္ထအားဖြင့် ရုပ်နာမ် အကြောင်းအကျိုးမျှသာ ရှိသည်

ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါဆိုတာ လောကဝေါဟာရအားဖြင့်သာ ပြောဆိုနေရတာဘဲ၊ ပရမတ္ထအားဖြင့်တော့ ထင်ရှားရှိတာ မဟုတ်ဘူး၊ ပရမတ္ထအားဖြင့်တော့ ရုပ်နှင့် နာမ်မျှသာ ရှိတယ်၊ ရှေးဘဝက ပြီးခဲ့တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရဆိုတဲ့ **အ**ကြောင်းငါးပါးကြောင့် မပြတ်ဖြစ်လျက် တည်ရှိနေတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရား ငါးပါးသာ ရှိတယ်၊ အဲဒီ အကျိုးငါးပါးကို မှီပြီးတော့ **အ**ထူးအားဖြင့် ဝေဒနာကို အကြောင်းပြုပြီးတော့ အဝိဇ္ဇာ သင်္ခါရတို့နှင့် တက္ဍ တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန် အကြောင်းငါးပါး တဖန်ထပ်ပြီး ဖြစ်ပေါ်လာပြန်တယ်၊ အဲဒီ အကြောင်းငါးပါး ကြောင့် နောင်ဘဝမှာ ဇာတိ ဇရာမရဏဆိုတဲ့ **အ**မည်ဖြင့် ဟောထားတဲ့ ဝိညာဏ် **နာ**မ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးငါးပါး ဖြစ်ပေါ်သွားဦးမယ်၊ ဒီပုံ ဒီနည်းဖြင့် **အ**ကြောင်းအကျိုး ရုပ်နာမ် သင်္ခါရ ဆင်းရဲစုံမျှသာ ဘဝအဆက်ဆက် ဖြစ်သွားနေတယ်။ ကဲ-ကြေသွားအောင် ဆိုလိုက်ကြဦးစို့—

အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရဆိုတဲ့ **အ**တိတ်**အ**ကြောင်းငါးပါးကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ပစ္စုပ္ပန် အကျိုးငါးပါး ဖြစ်ပေါ်လျက်ရှိသည်။

ပစ္စုပ္ပန် အကျိုးငါးပါးကို မရှုနိုင်လျှင် ထိုအကျိုးငါးပါးကို မှီ၍ ပစ္စုပ္ပန်အကြောင်းငါးပါး ဖြစ်ပြန်သည်၊ ထိုအကြောင်း ငါးပါးကြောင့် အနာဂတ်အကျိုးငါးပါး ဖြစ်ပွါးသွားမည်။ ဒီပုံ ဒီနည်းဖြင့် တဘဝပြီး တဘဝ ရုပ်နာမ် ဆင်းရဲ အစုမျှသာ မပြတ် ဖြစ်ပေါ်လျက်ရှိသည်။

မြင်မှု ကြားမှု အစရှိသော ပစ္စုပ္ပန် အကျိုးငါးပါးကို ရှုနိုင်လျှင် ရှုတိုင်း ရှုတိုင်း ပစ္စုပ္ပန် အကြောင်းငါးပါး ဖြစ်ခွင့်မရှိဘဲ ချုပ်သည်၊ ထိုသို့ရှု၍ အရိယာမဂ်ဉာဏ် ဖြစ်ပေါ်လာလျှင် ပစ္စုပ္ပန်အကြောင်းများ ဖြစ်ခွင့် မရှိတော့ဘဲ လုံးဝ ချုပ်ငြိမ်းသည်၊ ပစ္စုပ္ပန်အကြောင်း ချုပ်ငြိမ်းလျှင် အနာဂတ် အကျိုးငါးပါး မဖြစ်ပေါ်လာတော့ဘဲ ပြတ်စဲ ချုပ်ငြိမ်းသည်။

အဝိဇ္ဇာ အစရှိသော အကြောင်းငါးပါးကြောင့် ဝိညာဏ် အစရှိသော အကျိုးငါးပါး ဆင်းရဲတရား အစုသာ မပြတ် ဖြစ်လျက်ရှိသည်။

အဝိဇ္ဇာ အစရှိသော အကြောင်းငါးပါးမရှိလျှင် ဝိညာဏ်အစရှိသော အကျိုးငါးပါး ဆင်းရဲတရားအစု မဖြစ်ပေါ် လာတော့ဘဲ ချုပ်ငြိမ်း ပြတ်စဲသည်။

အဲဒါဟာ ပဋ္ဌိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပုံနှင့် ချုပ်ပြတ်ပုံ အကျဉ်းချုပ်ပါဘဲ။ ဒါ့ကြောင့် ဆက်စပ်ပုံကိုပြတဲ့ ဆောင်ပုဒ်ရှည်မှာ—

"အမှန်မသွား အမှားမြင်ကာ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး ရည်မြှော်ကိုးလျက် သုံးမျိုးမှုကံ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ၆-ရပ် အာယတန၊ ဖဿ ၆-ဖြာ၊ ဝေဒနာကြောင့် တဏှာ ၆-တန်"လို့ ဝေဒနာကြောင့် တဏှာဖြစ်တတ်ကြောင်းကို ပြထားပါတယ်။ နောက်ပြီးတော့ တဏှာဖြစ်မိလျှင် ဥပါဒါန် ကံ ဖြစ်ပြီး တဖန် ဘဝသစ် ဖြစ်တော့တာဘဲ။ ဒါကြောင့် "တဏှာ ၆-တန် ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း ကံဆင့်လောင်း၍ ဆိုးကောင်းဘဝ ဖြစ်ရပြန်ရာ"လို့ ဆိုထားပါတယ်။ အဲဒီလို ဘဝအသစ် ဖြစ်မိပြန်ယင် အိုခြင်း သေခြင်း အစရှိသော ဆင်းရဲအစုတွေ ဖြစ်တော့တာဘဲ။ ဒါကြောင့် "ဆိုးကောင်းဘဝ

ဖြစ်ရပြန်ရာ အိုကာသေရေး ပူအာဆွေးနှင့် ငိုကြွေးကိုယ်နွမ်း စိတ်မချမ်းမြေ ပူပန်ရသည် လုံးဝဆင်းရဲစုသာတည်း"လို့ ဆိုထားပါတယ်။

ရှစ်လုံးဖွဲ့ဆောင်ပုဒ်မျှားမှာလဲ နောက် ၂-ပုဒ်မှာ—
ခံစားသည့်တွက် တပ်မက်ခင်မင်၊
မည်သို့ပြုငြား ကောင်းစားမည်ထင်၊
ဝင်စားစွဲလမ်း ရော်ရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်။
ဘဝဇာတိ သူ ရှိပြန်လျှင်၊
အို, သေ, ပူဆွေး ငိုကြွေး ထိုပြင်၊
ကိုယ်–စိတ် ဆင်းရဲ ထန်သဲပူပင်၊
သို့ဖြစ်ရ လုံးဝ ဆင်းရဲပင်——

လို့ ဆိုထားပါတယ်။

အဲဒီလို အကြောင်းအကျိုး ဆက်စပ်ဖြစ်နေပုံကို သိရယင် အကျိုးဆင်းရဲတွေကို အလိုမရှိပါက သူ့ဆိုင်ရာအကြောင်းတွေ ငြိမ်းသွားအောင် ကျင့်ရမယ် ဆိုတာ သဘောပေါက်နိုင်ပါပြီ။ ဒါကြောင့် ဆင်းရဲငြိမ်းပုံကိုတော့ သီးခြားဆောင်ပုဒ်ဖြင့် မပြတော့ဘူး။

အလ္လာ ၄-ခု

နောက်ပြီးတော့ ယခု ပြောခဲ့တဲ့အတိုင်း ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ အတိတ်အကြောင်းက တစုတပုံ၊ ပစ္စုပ္ပန်အကျိုးက တစုတပုံ၊ ပစ္စုပ္ပန်အကြောင်းက တစုတပုံ၊ အနာဂတ်အကျိုးက တစုတပုံ– ဒီလို ၄-စု ၄-ပုံ ရှိပါတယ်၊ ပါဠိလို သင်္ဂဟ ၄-ပါးလို့လဲ ခေါ်တယ်၊ သခေါ်ပ ၄-ပါးလို့လဲ ခေါ်တယ်၊ အဲဒါကို အလ္လာ ၄-ခုလို့လဲ ပြန်ဆိုကြ ခေါ်ဝေါ်ကြတယ်။

အဲဒီလို ၄-စု ၄-ပုံ ၄-လ္ဘာဆိုတော့ အဆက်အစပ်က ၃-စပ်ရှိတယ်၊ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးကြားမှာ တစပ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတဲ့ အစပ်ပါဘဲ။ ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်းကြားမှာ တစပ်၊

ဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတဲ့ အစပ်ပါဘဲ။ ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ် အကျိုးကြားမှာ တစပ်၊ ဘဝကြောင့် ဇာတိဖြစ်တယ်ဆိုတဲ့ အစပ်ပါဘဲ။

အခြင်းအရာ သရုပ် ၂၀-ရှိတယ်

နောက်ပြီးတော့ အာကာရခေါ်တဲ့ အခြင်းအရာ သရုပ်က ၂၀-ရှိပါတယ်၊ အတိတ်အကြောင်းက ငါးပါး၊ ခုတင်ကပြောခဲ့တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဆိုတဲ့ ငါးပါးပါဘဲ။ ပစ္စုပ္ပန်အကျိုးက ငါးပါး၊ ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ငါးပါးပါဘဲ။ ဒီ ၂-ရပ်ပေါင်းက ၁၀၊ နောက်ပြီးတော့ ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်အကျိုးမျှားကလဲ ထို့အတူပင် ၅-ပါးစီ ၁၀-ဖြစ်ပါတယ်၊ အကုန်လုံးပေါင်းလိုက်ယင် အခြင်းအရာ သရုပ် ၂၀-ဖြစ်ပါတယ်။

ဝဋ် ၃-ပါး လည်နေပုံ

နောက်ပြီးတော့ ဒီ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် – ဆိုတဲ့ ဝဋ်သုံးပါးလဲ ပါဝင်ပါတယ်။ ရှေးဘဝက မြင်မှု ကြားမှု စသည်ကို အမှန်အတိုင်းမသိဘဲ ချမ်းသာတွေ့ အကောင်းတွေ့လို့ ထင်ခဲ့တာက အဝိဇ္ဇာ၊ အဲဒါတွေ့ကို သာယာနှစ်သက်ခဲ့တာက တဏှာ၊ စွဲလမ်းခဲ့တာက ဥပါဒါန်၊ ဒီ သုံးပါးကို ကိလေသဝဋ်လို့ ခေါ်တယ်။ အဲဒီ ကိလေသဝဋ်ဖြင့် အသိမှားပြီး သာယာစွဲလမ်းတဲ့အတွက် ချမ်းသာကောင်းစားအောင် ရည်ရွယ်ပြီး အားထုတ်ခဲ့တာက သင်္ခါရ၊ အမှုကံ ပြီးမြောက်ခဲ့တာက ကမ္မဘဝ၊ ဒီ သင်္ခါရနဲ့ ကမ္မဘဝကို ကမ္မဝဋ်-လို့ ခေါ်တယ်။ ဒီ ကံ, သင်္ခါရကြောင့် ပဋ္ဌိသန္ဓေခဏမှစပြီး ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရားငါးပါးဟာ ခဏမစဲ မပြတ်ဖြစ်နေတယ်၊ အဲဒီ ငါးပါးကို ဝိပါကဝဋ်-လို့ ခေါ်တယ်။ ယခု မြင်လိုက် ကြားလိုက် စသည်ဖြင့် ဒွါရ ၆-ပါးက ထင်ရှားပေါ်နေတဲ့ တရားတွေ့ပါဘဲ။

အဲဒီ ဝိပါကဝဋ်တရားတွေ့ကိုပင် ငါ မြင်တယ်၊ ငါ ကြားတယ်၊ ငါ တွေ့တယ်၊ ငါ သိတယ်၊ ငါ ခံစားတယ် – စသည်ဖြင့် ထင်ပြန်တယ်၊ အဲဒါက အဝိဇ္ဇာဘဲ။ အဲဒီလို ထင်တဲ့အတွက် သာယာနှစ်သက်ပြန်တယ်၊ အဲဒါက တဏှာဘဲ။ သာယာနှစ်သက်တော့ စွဲလမ်းတယ်၊ အဲဒါက ဥပါဒါန်ဘဲ။ ဒီသုံးပါးက ယခုဘဝမှာ

ဝိပါကဝဋ္ဋကိုမှီပြီး တပတ်လည်လာတဲ့ ကိလေသဝဋ္ဋပဲ။ အဲဒီလို စဲ့လမ်းတော့ အားထုတ်ပြန်တယ်၊ အားထုတ်တော့ အမှုကံ ပြီးမြောက်သွားပြန်တယ်၊ သခ်ၸိရနဲ့ ကမ္မဘဝပါဘဲ၊ ဒီ ၂-ပါးက ကိလေသဝဋ္ဋမှ တပတ်လည်လာတဲ့ ကမ္မဝဋ္ဋပါဘဲ။ အဲဒီ ကမ္မဘဝကြောင့် နောင်ဘဝမှာ ဇာတိပေါ်လာပြီး ဇရာ မရဏ စသည်တွေ ဖြစ်ရတယ်၊ အဲဒါတွေကတော့ တရားကိုယ်အားဖြင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ဝိပါက ဝဋ္ဋတရားတွေ တပတ်လည်ပြီး ဖြစ်လာကြတာတွေပါဘဲ။ အဲဒီက နောက်လဲ ရှေးနည်းတူဘဲ မြင်မှု ကြားမှု အစရှိသော ဝိပါကဝဋ္ဋကိုမှီပြီး ကိလေသဝဋ္ဋ ဖြစ်မယ်၊ အဲဒီ ကိလေသဝဋ္ဋကြောင့် ကမ္မဝဋ္ဋဖြစ်မယ်၊ အဲဒီ ကံမှဝဋ္ဋကြောင့် ဝိပါကဝဋ္ဋဖြစ်မယ်၊ ဒီပုံ ဒီနည်းဖြင့် ကိလေသာ ကံ ဝိပါက်ဆိုတဲ့ ဝဋ္ဋသုံးပါးဟာ တပြန်စီ လည်ပြီး မပြတ်ဖြစ်နေပါတယ်။

အဲဒါတွေကို သံသရာဝဋ္ဋဆင်းရဲလို့ ခေါ်တာပါဘဲ။ အကြောင်းအကျိုး ရုပ်နာမ်ခန္ဓာတွေ မပြတ်ဆက်စပ်ပြီး ဖြစ်နေတာကို သံသရာလို့ ခေါ်ပါတယ်။ မြင်တာကို အမှန်အကိုင်းမသိယင် အဲဒါကို မြဲတယ် ချမ်းသာတယ် ကောင်းတယ် စသည်ဖြင့် အထင်မှားတယ်၊ အဲဒါက် အဝိဇ္ဇာဘဲ၊ အထင်မှားတော့ သာယာနှစ်သက်တယ်၊ တဏှာဘဲ၊ သာယာနှစ်သက်တော့ စဲ့လမ်းတယ်၊ ဥပါဒါန်ဘဲ၊ စဲ့လမ်းတော့ အားထုတ်ပြုလုပ်တယ်၊ သခ်ၸိရနဲ့ ကမ္မဘဝဘဲ၊ အဲဒီ ကမ္မဘဝကြောင့် ဇာတိ ဖြစ်တယ်၊ ဝိညာဏ်အစရှိသော အကျိုးငါးပါး ဝိပါကဝဋ္ဋတရားတွေဘဲ၊ အဲဒါဟာ မြင်ရုကနေပြီး ရုပ်နာမ် ခန္ဓာအစဉ် သံသရာလည် သွားပုံပါဘဲ။ထို့အတူပင် ကြားရာ နံရာ စားသိရာ ထိသိရာ ကြံသိရာတွေကလဲ သံသရာလည်သွားတယ်။ ဒီပုံ ဒီနည်းဖြင့် သံသရာလည်ပြီး ဝဋ္ဋသုံးပါးဆင်းရဲတွေ ဖြစ်နေရာမှာ အဲဒီ သံသရာဝဋ္ဋဆင်းရဲမှ ထွက်မြောက်ရအောင်လို့ "သံသာရဝဋ္ဋဒုက္ခတောမောစနတ္ထာယ"စသည်ဖြင့် ဆိုပြီး ကုသိုလ်ကောင်းမှုတွေကို ပြုကြရတယ်။

သံသရာဝဋ္ဋဆင်းရဲ ပြတ်ပုံ

အဲဒီလို ပြုထားတဲ့ ဝိဝဋ္ဋနိဿိတကုသိုလ်ကံကြောင့် ယခုလို လူ့ဘဝကိုရတယ်၊ မြတ်စွာဘုရားဟောတော်မူတဲ့ တရားတော်တွေကို ကြားနာရတယ်၊ အထူးအား

ဖြင့် သစ္စာ ၄-ပါးကို သိကြောင်းဖြစ်တဲ့ တရားကို ကြားနာရတယ်။ ဒီလို ကြားနာရတဲ့အတွက် မြင်ခိုက် ကြားခိုက်စသည်မှာ ရှုမှတ်ရတဲ့ ဝိပဿနာ အလုပ်ကို အားထုတ်ရတယ်။ အားထုတ်တော့ မြင်တိုင်းမြင်တိုင်း ရှုမှတ်ပြီး ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နဲ့နာမ် သဘောတရားမျှဘဲဆိုတာကို အမှန်အတိုင်း သိတယ်၊ အဲဒါက ဝိပဿနာ ပိဋ္ဌာဘာဏ်ဘဲ၊ အဲဒီလို အမှန်အတိုင်း သိတော့ အသိမှား အဝိဇ္ဇာ ဖြစ်ခွင့်မရှိဘဲ တဒင်္ဂအားဖြင့် ကင်းသွားတယ်၊ အဝိဇ္ဇာကင်းတော့ သူ့နောက်လိုက် တဏှာနဲ့ ဥပါဒါန်လဲ ကင်းတယ်၊ ဥပါဒါန် ကင်းတော့ သင်္ခါရနဲ့ ကမ္မဘဝလဲ ဖြစ်ခွင့်မရှိဘဲ ကင်းသွားတယ်၊ ကမ္မဘဝ ကင်းတော့ ဝိညာဏ် အစရှိသော အကျိုးငါးပါး၏ ဖြစ်ပေါ်မှု ဇာတိလဲ ကင်းတယ်၊ ဇာတိကင်းတော့ ဇရာ မရဏစသည်လဲ ကင်းတယ်။ အဲဒါဟာ မြင်ရာမှာ ရှုမှတ်ပြီး တဒင်္ဂအားဖြင့် သံသရာဝဋ္ဋဆင်းရဲ ချုပ်ငြိမ်းသွားပုံပါဘဲ။ ထို့အတူပင် ကြားရာစသည်မှာလဲ ရှုမှတ်ပြီး သံသရာဝဋ္ဋဆင်းရဲ ချုပ်ငြိမ်းပါတယ်။ အဲဒီလို ရှုမှတ်မှုဖြင့် တဒင်္ဂ တဒင်္ဂ ချုပ်ငြိမ်းပြီး ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ်ဖြင့် သံသရာဝဋ္ဋဆင်းရဲတွေကို အကြွင်းမဲ့ ချုပ်ငြိမ်းစေနိုင်ပါတယ်။

ကမ္မဝဋ်, ဝိပါကဝဋ်မျှဖြင့် ဉာဏ်ဖြစ်ပုံ

ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံကို ပြတဲ့ ဝိသုဒ္ဓိမဂ် (၃-၂၃၇)မှာတော့ ကိုလေသဝဋ်ကိုလဲ ကံ၏ အကူအညီ အဖော်သဟဲ ဖြစ်တဲ့အတွက် ကမ္မဝဋ်ထဲမှာ ထည့်ပြီး ဆင်ခြင်ပုံကို ဒီလိုပြထားပါတယ်-—

ဧကော၊ တဉ်းသော ယောဂိသည်။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန၊ ကမ္မဝဋ်, ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့်။ နာမရူပဿ ပစ္စယပရိဂ္ဂဟံ၊ နာမ်ရုပ်၏ အကြောင်း သိမ်းဆည်းခြင်းကို။ ကရောတိ၊ ပြု၏။ပ။ ဣတိ၊ ဤသို့။ ကမ္မဉ္စေဝ ကမ္မဝိပါကော စ၊ ကံနှင့် ကံ၏အကျိုးသာ ရှိသည်ဟူ၍ရင်း။ ကမ္မဝဋ္ဋဉ္စ ဝိပါက-ဝဋ္ဋဉ္စ၊ ကမ္မဝဋ်နှင့် ဝိပါကဝဋ်သာ ရှိသည်ဟူ၍ရင်း။ ကမ္မပ္ပဝတ္တဉ္စ ဝိပါကပ္ပဝတ္တဉ္စ၊ ကံဖြစ်စဉ်နှင့် ဝိပါက်ဖြစ်စဉ်သာ ရှိသည်ဟူ၍ရင်း။ ကမ္မသန္တတိ စ ဝိပါက-

သန္တာတိ ၀၊ ကံအစဉ်နှင့် ဝိပါက်အစဉ်သာ ရှိသည်ဟူ၍ရင်း။ ကိရိယာ စ ကိရိယာဖလဟု၊ ပြုမှုနှင့် ပြုမှု၏အကျိုးသာ ရှိသည်ဟူ၍ရင်း။ သမနုပဿတိ၊ ရှုမြင်၏-လို ပြပြီးတော့—

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊
ဝိပါကော ကမ္မသမ္ဘဝေါ။
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊
ဧवं လောကော ပဝတ္တတိတိ သမနုပဿတိ—

လို့လဲ ဆိုထားပါတယ်။

ကမ္မာ၊ ရှေးအကြောင်းကံကြောင့်။ ဝိပါကာ၊ အကျိုး ရုပ်နာမ်တို့သည်။ ဝတ္တန္တိ၊ ယခု ပစ္စုပ္ပန်၌ ဖြစ်ကုန်၏။ ဝိပါကော၊ ယခုဘ၀အကျိုး ရုပ်နာမ်သည်။ ကမ္မသမ္ဘဝေါ၊ ပစ္စုပ္ပန်ကံ၏ ဖြစ်ကြောင်းပေတည်း။ ဝါ၊ ပစ္စုပ္ပန်ကံကို ဖြစ်စေတတ်၏။ (သမ္ဘဝတိ ဘေနာတိ သမ္ဘဝေါ၊ ကမ္မဿ သမ္ဘဝေါ ကမ္မသမ္ဘဝေါ-ဟု ဝစနတ္ထပြု) ကမ္မာ၊ ပစ္စုပ္ပန်ကံကြောင့်။ ပုနဗ္ဘဝေါ၊ တဖန် ဘ၀သစ်သည်။ ဟောတိ၊ ဖြစ်၏။ ဧवं၊ ဤပုံ ဤနည်းဖြင့်။ လောကော၊ လောကဟု ခေါ်သော ရုပ်နာမ် အစဉ် (သတ္တ၀ါ) သည်။ ပ၀တ္တတိ၊ အဆက်သက် မပြတ် ဖြစ်နေ၏။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ ရှုမြင်၏ – တဲ့။

ရှေးကံကြောင့် ပစ္စုပ္ပန်ဘ၀ ရုပ်နာမ်အကျိုးတရားတွေ ဖြစ်နေတယ်၊ ယခုမြင်လိုက် ကြားလိုက်စသည်ဖြင့် မပြတ်ဖြစ်နေတာကို ဆိုတာပါဘဲ။ မြင်မှု ကြားမှု အစရှိသော ပစ္စုပ္ပန်အကျိုး ရုပ်နာမ်ကြောင့် **ကိုလေသ၀ဋ်**နှင့် တကွ ကံဖြစ်လာတယ်။ အဲဒီ ကံကြောင့် တဖန် ဘ၀သစ်ဖြစ်တယ်၊ ဒီပုံဒီနည်းဖြင့် ကံနှင့် အကျိုးတရား တပြန်စီလည်ပြီး လောက, သတ္တ၀ါလို့ ခေါ်တဲ့ ရုပ်နာမ်အစဉ် မပြတ်ဖြစ်နေတယ်-လို့ တဦးသော ယောဂိက ဒီလို သိမြင်သာဘောကျပါသတဲ့။ အဲဒီလို သိမြင် သဘောကျလျှင် ပစ္စယပရိဂ္ဂဟဉာဏ်လဲ ပြည့်စုံတယ်၊ ကခ်ီ ဝိတရဏ၀ိသုဒ္ဓိလဲ ပြီးစီးတယ်-လို့ ဝိသုဒ္ဓိမဂ်မှာ ဆိုထားပါတယ်။ အဲဒါ အကျယ်ခွဲချင်တဲ့ ပညာရှိတွေ အထူးသတိပြုစရာပါဘဲ။

ကဲ ဒီ ဝိသုဒ္ဓိမဂ် ပြဆိုပုံကို လိုက်ဆိုကြရမယ်—

ရှေးကံကြောင့် ယခုဘဝအကျိုး ရုပ်နာမ်မပြတ် ဖြစ်နေသည်၊ ယခုဘဝအကျိုး ရုပ်နာမ်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်ပြန်သည်၊ အဲဒီကံကြောင့် ဘဝအသစ် နောင်တဖန် ဖြစ်မည်၊ ဒီပုံ ဒီနည်းဖြင့် ကံနှင့် အကျိုးတပြန်စီလည်လျက် မပြတ် ဖြစ်နေသည်။ ဒီလို သိလျှင် ပစ္စယပရိဂ္ဂဟဉာဏ် ပြည့်စုံသည်၊ ကခ်ေါဝိတရဏဝိသုဒ္ဓိလဲ ပြီးစီးသည်။

နည်းလေးပါး

ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်နှင့်စပ်ပြီး မှတ်ဖွယ်တွေလဲ တော်တော် စုံသွားပါပြီ၊ ဂမ္ဘီရတာ-ဆိုတဲ့ နက်နဲခြင်းလေးပါးအကြောင်းကတော့ စတုတ္ထပိုင်း (ပဌမတဲ့ ၂၀၁)တုန်းက ပြောခဲ့ပါပြီ။ ယခု နည်းလေးပါးကို ပြောရမယ်။ နည်းလေးပါးဆိုတာ ဂေတ္တနည်း, နာနတ္တနည်း, အဗျာပါရနည်း, ဝေါဓမ္မတာနည်းဆိုတဲ့ ဒီလေးပါးပါဘဲ။

ဂေတ္တနည်း

ဂေတ္တနည်းဆိုတာ အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကြသည်၊ သင်္ခါရကြောင့် ဘဝသစ် ဝိညာဏ်ဖြစ်သည်-စသည်ဖြင့် အကြောင်းအကျိုးဆက်စပ်ပြီး ပြထားရာမှာ အဝိဇ္ဇာသင်္ခါရ အစရှိသော အကြောင်းဖြစ်နေစဉ်က တယောက်၊ သင်္ခါရ ဝိညာဏ်အစရှိသော အကျိုးဖြစ်နေစဉ်မှာ တယောက်-လို့ ဒီလိုစင်စစ်အားဖြင့် ကွဲပြားတယ်လို့ မယူရဘူး၊ အဲဒီလို ယူယင် ဘဝဟောင်းမှာ ကံကိုပြုခဲ့တဲ့သူက တယောက်၊ ဘဝသစ်မှာဖြစ်ပြီး ကောင်းကျိုး, ဆိုးပြစ်ကို ခံစားရတဲ့သူက တယောက်လို့ ယူရလိမ့်မယ်၊ ဒီလိုယူတော့ ကံပြုတဲ့သူ သေတဲ့အခါ လုံးလုံးပျောက်သွားဘယ်-လို့ ယူတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်။ ဒါကြောင့် အဲဒီလို မယူဘဲ သရက်စေ့က သရက်ညောက်၊ အဲဒီ သရက်ညောက်က သရက်ပင်ကလေး၊ အဲဒီ သရက်ပင်ကလေးက သရက်ပင်ကြီး ဖြစ်လာရာမှာ အကြောင်းနဲ့ အကျိုးဟာ တဆက်တည်း တသန္တာန်တည်း ဖြစ်တဲ့အတွက် ဒီ အစေ့ကဘဲ ဒီ အပင်ကလေး ဖြစ်လာတယ်၊ ဒီ အပင်ကလေးကဘဲ ဒီ အပင်ကြီး ဖြစ်လာတယ်၊ ဒီ အစေ့ ဒီအပင်ကလေးနဲ့ ဒီအပင်ကြီးဟာ တခုတည်းဘဲ တပင်တည်းဘဲ-လို့ ဆိုရယူရသလို

အဝိဇ္ဇာ သခ်ၢိရ ဝိညာဏ် အစရှိသော အကြောင်းအကျိုး အဆက်ဆက်တို့ဟာ တဆက်တည်း, တစဉ်တည်း, တသန္တာန်တည်း ဖြစ်တဲ့အတွက် အဝိဇ္ဇာ ဖြစ်နေတာလဲ ဒီပုဂ္ဂိုလ်ဘဲ၊ သခ်ၢိရ ကံကိုပြုလုပ်နေတာလဲ ဒီပုဂ္ဂိုလ်ဘဲ၊ ဘဝသစ် ဝိညာဏ် ဖြစ်နေတာလဲ ဒီပုဂ္ဂိုလ်ဘဲ၊ တဦးတည်း, တယောက်တည်းဘဲ-လို့ ဆိုရ ယူရပါတယ်။ အရှင်ဒေဝဒတ် သံဃဘေဒက ကံကြောင့် အဝီစိငရဲ ကျသွားတယ်၊ အဇာတသတ်မင်း ပိတုဃာတကကံကြောင့် လောဟကုမ္ဘီ ငရဲကျသွားရတယ်၊ ပိမ္မိသာရမင်း ကုသိုလ်ကံကြောင့် ဇနဝသဘမည်သော နတ်ဖြစ်ရတယ်၊ အနာထပိဏ်သေဋ္ဌေးကြီး တုသိတာ နတ်ပြည်ရောက်ရတယ်၊ ဝိသာခါ နီမ္မာနရတီ နတ်ပြည်ရောက်ရတယ်၊ အနာဂါမ်ဖြစ်တဲ့ ဥဂ္ဂါသူကြွယ် သုဒ္ဓါဝါသ ဗြဟ္မာ့ပြည် ရောက်ရတယ် စသည်ဖြင့် ပြောဆိုရတာတွေဟာ ဒီ ကေတ္တနည်းအရ ပြောရတာဘဲ။ ယခု ပြောခဲ့တဲ့အတိုင်း ဘဝပင် ခြားနေသော်လဲ အကြောင်း အကျိုး တဆက်တည်း, တသန္တာန်တည်း ဖြစ်တဲ့အကွက် တယောက်တည်းဘဲ-လို့ ယူရတဲ့ ကေတ္တနည်းကို အမှန်အတိုင်း သိမြင်လျင် သေပြီးတဲ့နောက် ဘာမျှမရှိတော့ဘူး-လို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိ ကင်းတယ်၊ တဘဝမှ တဘဝသို့ အကောင်လိုက် ပြောင်းရွှေ့သွားတယ်-လို့ မှားယွင်းစွာ ယူလျှင်တော့ သဿတဒိဋ္ဌိ ဖြစ်တယ်။ အဲဒါကို သာတိမည်တဲ့ ရဟန်း၏ ဝတ္ထုဖြင့် သိနိုင်ပါတယ်။

သာတိရဟန်းဝတ္ထု

မြတ်စွာဘုရား လက်ထက်တော် ကာလက သာတိ ဆိုတဲ့ ရဟန်းမှာ ဒီလို မိစ္ဆာအယူ ဖြစ်နေတယ်၊ သူ ယူဆပုံကတော့ ဒီလိုတဲ့—

ယထာ၊ အကြင် အခြင်း အရာဖြင့်။ တဒေဝ၊ ဟိုရှေးက ရှိခဲ့သည့် ဝိညာဏ်သာလျှင် ဖြစ်သော။ ဣဒံ ဝိညာဏံ၊ ယခု လက်ရှိ ဤ ဝိညာဏ်သည်။ သန္ဓာဝတိ သံသရတိ၊ တဘဝမှ တဘဝသို့ ပြေးသွား ကျင်လည်၏။ အနည်း၊ ရှေးက ရှိခဲ့သည့် ဝိညာဏ်မှ တခြားတပါး မဟုတ်။ တထာ၊ ထိုအခြင်းအရာ ဖြင့်။ ဘဂဝတာ ဓမ္မံ ဒေသိတံ၊ မြတ်စွာဘုရား ဟောအပ်သည့် တရားကို။ အဟံ အာဇာနာမိ၊ ငါသိ၏၊ သဘောပေါက်၏-လို့ ဒီလို ယူဆ ပြောဆိုနေပါသတဲ့။

အဲဒီ ရဟန်းက ဇာတ် နိပါတ် ဝတ္ထုတွေကို လေ့လာနေတော့ ဘူရိဒတ် နဂါးမင်းက ဘုရားဖြစ်လာတယ်၊ ဆဒ္ဒန်ဆင်မင်းက ဘုရားဖြစ်လာတယ်၊ ဟသ်ာ မင်းက ဘုရားဖြစ်လာတယ်၊ ရှေဉဒေါင်းမင်းက ဘုရားဖြစ်လာတယ်၊ တေမိမင်း သားက ဘုရားဖြစ်လာတယ်၊ နေမိမင်းကြီးက ဘုရားဖြစ်လာတယ်၊ မဟောသ ဓာ ပညာရှိက ဘုရားဖြစ်လာတယ်၊ နာရဒဗြဟ္မာကြီးက ဘုရားဖြစ်လာတယ်၊ ဝေဿန္တရာမင်းက ဘုရားဖြစ်လာတယ်— စသည်ဖြင့် ဇာတ်ပေါင်းခဏ်းတွေကို ကြားရတဲ့အခါ ဘုရားအလောင်းရဲ့ ရုပ်ကိုယ်ကြီးတွေကတော့ ထိုထိုဘဝတွင်ဘဲ ပျက်စီးသွားတယ်၊ ဒါကြောင့် ဘုရားလောင်းရဲ့ နောက်ဆုံးဘဝမှာ ရှေးက ဖြစ် ခဲ့ဘူးတဲ့ နဂါးရုပ်, ဆင်ရုပ်, ငှက်ရုပ်, တေမိ, နေမိမင်း စသည်တို့၏ လူရုပ် နတ် ဗြဟ္မာရုပ် ဆိုတာတွေ ဘာတခုမျှ မပါလာဘူး၊ နောက်ဆုံးဘဝအထိ မပျက်စီးဘဲ ပါလာတာကတော့ စိတ် ဝိညာဏ်ကလေးဘဲ၊ ဒီ စိတ် ဝိညာဏ်ကလေးသည်ပင် လျှင် တရုံတခါ နဂါး,ဆင် စသော တိရစ္ဆာန်ဘဝ တိရစ္ဆာန် ရုပ်ကိုယ်ထဲမှာ ဖြစ် ခဲ့တယ်၊ တခါတရံ တေမိမင်းသား စသော လူ့ ရုပ် ကိုယ်ထဲမှာ ဖြစ်ခဲ့တယ်၊ တ ခါတရံ နတ်ရုပ်ကိုယ် ဗြဟ္မာ့ရုပ်ကိုယ်ထဲမှာ ဖြစ်ခဲ့တယ်၊ ဘဝဟောင်း ရုပ်ကိုယ်က ပျက်သွားယင် ဘဝသစ်ရုပ်ကိုယ်ထဲမှာ ပြောင်းရွှေ့ ပြောင်းရွှေ့ပြီး ဖြစ်လာခဲ့ တယ်၊ ဒီ စိတ်ဝိညာဏ်ကတော့ ဘယ်တော့မှ မပျက်စီးဘူး၊ အခြား ပုဂ္ဂိုလ်တွေ မှာလဲ ဒီနည်းအတိုင်းဘဲ၊ ဘဝတိုင်း ဘဝတိုင်း ရုပ်ကိုယ်သာ ပျက်စီးတယ်၊ ဒီစိတ် ဝိညာဏ်ကတော့မပျက်စီးဘူး၊ ဘဝဟောင်းကရုပ်ကိုယ်ပျက်စီးသွားယင် ဘဝသစ် ရုပ်ကိုယ်သစ်ထဲမှာ ပြောင်းပြောင်းပြီး ဖြစ်နေတယ်လို့ သူက ဒီလို ယူဆပြီး ပြောဆိုနေပါတယ်။

မြတ်စွာဘုရားက ဇာတ်ပေါင်းပြီး ဟောတာကတော့ ယခု ပြောနေတဲ့ ဧကတ္တနည်းအရဖြင့် ဟောခြင်း ဖြစ်ပါတယ်၊ ရှေးရှေးဘဝက ကိလေသာ ကံ အကြောင်းတရားနဲ့ နောက်နောက် ဘဝမှာ ဖြစ်တဲ့ အကျိုးဝိပါက် ရုပ်နာမ်တွေ ဟာ အကြောင်းအကျိုး တဆက်တည်း, တစဉ်တည်း, တသန္တာန်တည်း ဖြစ်တဲ့ အတွက် တယောက်တည်း အနေဖြင့် ဟောကြားခြင်း ဖြစ်ပါတယ်၊ ရှေး ဘဝက စိတ်ဝိညာဏ်ဖြစ်စေ, အခြား တရား ဖြစ်စေ နောက်ဘဝသို့ အခြေ မပျက် ပြောင်းရွှေ့လာတာရယ်လို့ မရှိပါဘူး၊ ထိုထိုဘဝ ထိုထိုခဏမှာ ပျက်

သွားကြတာချည်းပါဘဲ၊ ဒါပေမဲ့ ရှေးရှေးစိတ်နဲ့ နောက်နောက်စိတ် ရှေးရှေး ရှိပ်နဲ့ နောက်နောက်ရှိပ် အကြောင်းအကျိုး ဆက်စပ်ပြီး တသန္တာန်တည်းမှာ ဖြစ်နေတဲ့ အတွက် ဒီကေတ္တာနည်း အရဖြင့် တေမိ, နေမိ, ဘူရိဒတ် စသော ရှေးရှေး ဘဝတွေမှ နောက်ဆုံး သိဒ္ဓတ္ထ မင်းသားဘဝသို့ ရောက်လာကြောင်း ဟောထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက သာတိရဟန်းကို မေးစစ်ပြီးသောအခါမှာ စိတ်ဝိညာဏ်ဟာ အကြောင်းကို စွဲမှီ၍ ဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရား ဖြစ်ကြောင်း၊ အကြောင်းမရှိလျှင် စိတ်ဝိညာဏ် မဖြစ်နိုင်တဲ့ အကြောင်းများကို ဒီလိုလဲ ဟောတော်မူပါတယ်—

ရဟန်းတို့....ဥပမာ ပြရလျှင် မီးစာဟစုံတခုကို စွဲမှီ၍ မီးတောက်လောင်နေလျှင် ထိုမီးကို ထိုထိုစွဲမှီရာ မီးစာဖြင့် ခေါ်ရ၏၊ ထင်းကို စွဲမှီ၍ တောက်လောင်နေလျှင် ထင်းမီးဟု ခေါ်ရ၏။ ဝါးခြမ်းစိတ်ကို စွဲမှီ၍ တောက်လောင်နေလျှင် ဝါးခြမ်းစိတ်မီးဟု ခေါ်ရ၏၊ မြက်ကို စွဲမှီ၍ တောက်လောင်နေလျှင် မြက်မီးဟု ခေါ်ရ၏၊ နွားချေးခြောက်ကို စွဲမှီ၍ တောက်လောင်နေလျှင် နွားချေးခြောက်မီးဟု ခေါ်ရ၏၊ ဖဲ့ကို စွဲမှီ၍ တောက်လောင်နေလျှင် ဖဲ့မီးဟု ခေါ်ရ၏၊ အမှိုက်ကို စွဲမှီ၍ တောက်လောင်နေလျှင် အမှိုက်မီးဟု ခေါ်ရ၏၊ ဤအတူပင်လျှင် တစုံတခုသော အကြောင်းကို စွဲမှီ၍ ဝိညာဏ်ဖြစ်လျှင် ထို ဝိညာဏ်ကို ထိုထို စွဲမှီရာ အကြောင်းဖြင့် ခေါ်ရ၏၊ မျက်စိနှင့် အဆင်းတို့ကို စွဲမှီ၍ ဝိညာဏ် ဖြစ်လျှင် စက္ခုဝိညာဏ်=မြင်သိမှုဟု ခေါ်ရ၏၊ နားနှင့်အသံတို့ကို စွဲမှီ၍ ဝိညာဏ် ဖြစ်လျှင် သောတဝိညာဏ်=ကြားသိမှုဟု ခေါ်ရ၏၊ နှာခေါင်းနှင့်အနံ့တို့ကို စွဲမှီ၍ ဝိညာဏ် ဖြစ်လျှင် ဃာနဝိညာဏ်=နံသိမှုဟု ခေါ်ရ၏၊ လျှာနှင့် အရသာတို့ကို စွဲမှီ၍ ဝိညာဏ်ဖြစ်လျှင် ဇိဝှါဝိညာဏ်=အရသာသိမှုဟု ခေါ်ရ၏၊ ကိုယ်နှင့် အတွေ့တို့ကို စွဲမှီ၍ ဝိညာဏ်ဖြစ်လျှင် ကာယဝိညာဏ်=ထိသိမှုဟု ခေါ်ရ၏၊ နှလုံးနှင့် သဘောအာရုံတို့ကို စွဲမှီ၍ ဝိညာဏ်ဖြစ်လျှင် မနောဝိညာဏ်=ကြံသိမှုဟု ခေါ်ရ၏။ (ဤ၌ စက္ခုဝိညာဏ်-စသည်တို့ကို မျက်စိအသိ ဟူ၍ရင်း, မြင်သိစိတ် ဟူ၍ရင်း ဤသို့ စသည်ဖြင့်လည်း ပြန်ဆိုနိုင်ပါသည်။)

အထက်ပါ ဥပမာ,ဥပမေယျတို့ဖြင့် ဒီလို သိစေလိုပါတယ်၊ မီးသည် ထင်းကို စွဲလောင်နေစဉ် ထင်းမီးဟု ခေါ်ရသည်၊ ထို မီးသည်ပင်လျှင် ဝါးခြမ်းစိတ်ကို

ကူးစက်ပြီးလောင်သောအခါ ထင်းမီး မဟုတ်တော့ပေ၊ ဝါးခြမ်းစိတ်မီး အသစ်သာ ဖြစ်သည်၊ အဲဒီက တဖန် မြက်စသည်ကို ကူးစက်လောင်သွားသော အခါ မျှားခ္ဍလည်း ဝါးခြမ်းစိတ်မီး မဟုတ်တော့ပေ၊ မြက်မီး စသည်သာ ဖြစ်သွားသည်။ သို့အတူပင် အသိစိတ်သည်လည်း မျက်စိကို မှီ၍ အဆင်းကို မြင်သောအခါ အဲဒီစိတ်ကို စက္ခုဝိညာဏ်စိတ်, မျက်စိအသိစိတ်, မြင်သိစိတ်ဟု ခေါ်ရသည်၊ နှားကို မှီ၍ အသံကို ကြားသိသောအခါ မြင်သိစိတ် မဟုတ်တော့ပေ၊ ကြားသိစိတ် အသစ်သာ ဖြစ်သည်၊ နှာခေါင်းကို မှီ၍ အနံ့ကို နံ့သိသောအခါ ကြားသိစိတ် မဟုတ်တော့ပေ၊ နံ့သိစိတ် အသစ်သာ ဖြစ်သည်၊ လျှာကိုမှီ၍ အရသာကို သိသောအခါ နံ့သိစိတ် မဟုတ်တော့ပေ၊ အရသာ သိစိတ်အသစ်သာ ဖြစ်သည်၊ ကိုယ်အကြည်ကို မှီ၍ အတွေ့ အာရုံကို ထိသိသောအခါ အရသာ သိစိတ် မဟုတ်တော့ပေ၊ ထိသိစိတ် အသစ်သာ ဖြစ်သည်၊ နှလုံးကို မှီ၍ စိတ်ကူးအာရုံကို ကြံသိသောအခါ ထိသိစိတ် မဟုတ်တော့ပေ၊ ကြံသိစိတ် အသစ်သာ ဖြစ်သည်၊ ဒီလို ဒွါရ အာရုံ ပြောင်းတိုင်း ပြောင်းတိုင်း စိတ်အသစ်အသစ်သာ ဖြစ်ကြောင်း သိစေလိုပါတယ်။ ထို့ပြင် ဒွါရ အာရုံ တူလျက် အထပ်ထပ် ဖြစ်သော စိတ်မျှားကိုလဲ နည်းတူပင် အသစ် အသစ် ဖြစ်ကြောင်း သိစေလိုပါတယ်။ ယခု ပြောခဲ့တာဟာ ကေတ္တာနည်းနှင့်စပ်ပြီး မှန်စွာ သိမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ ကင်းကြောင်း, မှားယွင်းစွာ သိမြင်လျှင် သဿတဒိဋ္ဌိ ဖြစ်တတ်ကြောင်းကို ပြဆိုချက် ဖြစ်ပါတယ်။

နာနတ္တနည်း

အဝိဇ္ဇာသည် သင်္ခါရတို့ဖြစ်ကြောင်း သဘောတရားတခု ဖြစ်သည်၊ သင်္ခါရသည် ဘဝသစ်ဝိညာဏ် ဖြစ်ကြောင်း သဘောတရား တခု ဖြစ်သည် စသည်ဖြင့် အဝိဇ္ဇာ သင်္ခါရ အစရှိသော တရားတို့၏ သဘောလက္ခဏာတွေ အသီးအသီး ကဲပြားခြင်းကို နာနတ္တနည်းလို့ ခေါ်ပါတယ်။ ဒီ နာနတ္တနည်းကို အမှန်အတိုင်း သိမြင် သဘောပေါက်လျှင် အဝိဇ္ဇာ အစရှိသော အကြောင်း တရားကြောင့် သင်္ခါရ အစရှိသော အကျိုးတရား အသစ်အသစ် ဖြစ်ပေါ် နေသည်ကို မြင်ရတဲ့ အတွက် တယောက်တည်း တကိုယ်တည်း အမြဲတမ်း တည်နေတယ်လို့ ယူတဲ့ သဿတဒိဋ္ဌိ ကင်းတယ်၊ အထူး အားဖြင့် ရှေးဘဝက ကံ သင်္ခါရ ဆိုတဲ့

အကြောင်းကြောင့် ယခုဘဝမှာ ပဋ္ဌိသန္ဓေ ဝိညာဏ် အစရှိသော အကျိုးတရား အသစ်တွေ ဖြစ်နေတယ်၊ ယခုဘဝက ကမ္မဘဝကြောင့် နောင်ဘဝမှာ ဇာတိ အစရှိသော အကျိုးတရား အသစ်တွေ ဖြစ်သွားမယ် ဆိုတာကို သဘောပေါက်လျှင် "ရှေးဘဝမှ ငါကောင်းကင်ပင် ဒီဘဝရောက်လာတယ်၊ ဒီဘဝမှ ငါကောင်းကင်ပင် နောင်ဘဝကို ပြောင်းသွားမယ်" စသည်ဖြင့် ယူတဲ့ သဿတဒိဋ္ဌိဟာ ဖြစ်ခွင့် မရှိတော့ဘူး ကင်းငြိမ်းသွားတယ်။ ဒီ နာနတ္တနည်းကို မှားယွင်းစွာ မြင်လျှင်တော့ အကြောင်းအကျိုး ရုပ်နာမ် အစဉ် တဆက်တည်း ဖြစ်ပါလျက် အဝိဇ္ဇာ ဖြစ်နေတာက တယောက်၊ သင်္ခါရ ဖြစ်နေတာက တယောက်၊ ဘဝသစ် ဝိညာဏ်ဖြစ်နေတာက တယောက် စသည်ဖြင့် သန္တာန်ကွဲရာမှာ ယူသာကွဲသို့ ယူတဲ့ အတွက် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်၊ အထူးအားဖြင့် ရှေးဘဝမှာကံပြုခဲ့သူကတယောက်၊ ယခုဘဝမှာ ဖြစ်ပြီး ကောင်းကျိုး ဆိုးပြစ်ကို ခံစားတဲ့သူက တယောက် စသည်ဖြင့် ရုပ်နာမ်အစဉ် သန္တာန်ကွဲရာမှာလိုပင် ယူလျှင် ကေတ္တနည်းမှာ ပြောခဲ့သလိုဘဲ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်။

ဒါကြောင့် အဝိဇ္ဇာ အစရှိသော အကြောင်းတရားနဲ့ သင်္ခါရ အစရှိသော အကျိုးတရားဟာ စင်စစ် ကွဲပြားတယ်၊ တခြားစီဘဲ ဘာမျှမဆိုင်ဘူးလို့ ဒီလိုလဲ မယူရဘူး၊ အဝိဇ္ဇာကဘဲ သင်္ခါရ ဖြစ်လာတယ်၊ သင်္ခါရကဘဲ ဘဝသစ်ဝိညာဏ် ဖြစ်လာတယ် စသည်ဖြင့် တသားတည်း တယောက်တည်း တကိုယ်တည်း စင်စစ် တူနေတယ်လို့လဲ မယူရဘူး၊ အထူးအားဖြင့် ရှေးဘဝက အဝိဇ္ဇာ သင်္ခါရတွေကဘဲ ယခုဘဝ ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာတွေ ဖြစ်လာတယ်၊ ရှေးဘဝမှာ အဝိဇ္ဇာ သင်္ခါရ ဖြစ်စဉ်ကလဲ ငါဘဲ၊ ယခုဘဝမှာ ဝိညာဏ် နာမ်ရုပ် စသည် ဖြစ်နေတာလဲ ငါဘဲ၊ ယခုဘဝမှာ တဏှာ ဥပါဒါန် ကမ္မဘဝ ဖြစ်နေတာလဲ ငါဘဲ၊ ဒီ ငါကဘဲ နောင်ဘဝမှာ ဖြစ်သွားမယ်လို့ ဒီလို တယောက်တည်း တကိုယ်တည်း အနေနဲ့ မယူရဘူး၊ သို့သော် အကြောင်းက တခြား အကျိုးက တခြား၊ ရှေးဘဝက အကြောင်းဖြစ်စဉ်က တယောက်၊ ယခုဘဝ အကျိုးဖြစ်နေတာက တယောက်လို့ ဒီလို အဆက်အစပ်မရှိဘဲ စင်စစ် ကွဲပြားတဲ့အနေနဲ့လဲ မယူရဘူး။

အမှန် ယူသင့်တာကတော့ ရှေးဘဝက အကြောင်းကြောင့် ယခုဘဝမှာ ဝိညာဏ် နာမ်ရုပ်စသော အကျိုးတရားတွေ အဆက်မပြတ် ဖြစ်နေတယ်၊ ဒါကြောင့် ရှေးဘဝက အကြောင်း ရုပ်နာမ်အစဉ်နှင့် ယခုဘဝ အကျိုး ရုပ်နာမ်အစဉ်ဟာ တဆက်တည်း တသန္တာန်တည်း ဖြစ်နေတဲ့အတွက် ဧကတ္တနည်းအရအားဖြင့် တယောက်တည်းဘဲလို့ ဆိုရတယ်၊ ဒီလို ယူတာဟာ ကဲ့, ကံ၏ အကျိုးပေးပုံကို ပြရာမှာ ကျေးဇူးမျှားပါတယ်။ ဒါပေမဲ့ ရှေးဘဝက ရုပ်နာမ်ဖြစ်စေ, ဝါကောင်ဖြစ်စေ ဒီဘဝကို ပြောင်းလာတယ်လို့တော့ မယူရဘူး၊ ရှေးဘဝက ဖြစ်ခဲ့တဲ့ ရုပ်နာမ်တွေက ရှေးဘဝတွင်ဘဲ ချုပ်ခဲ့ပြီ၊ ရှေးကံ၏ အစွမ်းကြောင့် ယခုဘဝမှာ ရုပ်နာမ်အသစ်မျှားလာ ဖြစ်ပေါ်နေတယ်လို့ ယူရပါတယ်၊ ဒါက နာနတ္တနည်းအရအားဖြင့် ယူပုံဘဲ၊ ဒီ နာနတ္တနည်းအရ ယူပုံဟာလဲ ဝိပဿနာအရာမှာ အလွန်ကျေးဇူးမျှားပါတယ်။

ဖြစ်ခိုက် ရုပ်နာမ်တွေကို မပြတ်လိုက်ပြီး ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဒီ ဧကတ္တနည်းနဲ့ နာနတ္တနည်းဟာ တင်ရှားနေပါတယ်။ ဘယ်လိုလဲဆိုလျှင် မြင်ရတဲ့အာရုံ, ကြားရတဲ့အာရုံ စသည်နဲ့စပ်ပြီး မရှုမိတဲ့အခါ ကောင်းတယ်လို့ ထင်သွားတာလဲ ရှိပါတယ်၊ ကောင်းတယ်ထင်လို့ နှစ်သက်သွားတာလဲ ရှိပါတယ်၊ နှစ်သက်လို့ စွဲလမ်းတာ, ရုန်အောင် အားထုတ်တာလဲ ရှိပါတယ်၊ အဲဒီလို ဖြစ်သွားတာတွေကို ရှုမှတ်ပြီးတော့ "ကောင်းတယ်ထင်လို့ နှစ်သက်တယ်"ဆိုတာကိုလဲ သိပါတယ်၊ အဝိဇ္ဇာကြောင့် တဏှာဖြစ်ပုံကို သိတာပါဘဲ။ "နှစ်သက်လို့ စွဲလမ်းတယ်၊ စွဲလမ်းလို့ အားထုတ်တယ်" ဆိုတာတွေကိုလဲ သိတယ်၊ အဲဒါတွေဟာ တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ, ဥပါဒါန်ကြောင့် သင်္ခါရ, ဘဝဖြစ်ပုံကို သိတာပါဘဲ။ အဲဒီတော့ သူဆိုင်ရာ ဆိုင်ရာ အကြောင်းကြောင့် သူဆိုင်ရာ ဆိုင်ရာ အကျိုးတွေ အဆက်ဆက် ဖြစ်နေတာကို တွေ့ရတဲ့အတွက် အကြောင်း အကျိုး အစဉ်အားဖြင့် တဆက်တည်းဘဲ တစဉ်တည်းဘဲ တသန္တာန်တည်းဘဲလို့ သိရပါတယ်၊ ဒါဟာ ရှုမှတ်နေရင်း ဧကတ္တနည်းကို သိပုံပါဘဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ် (၃-၂၆၈)မှာ ဒီလို ဆိုထားပါတယ်—

ပစ္စယတော၊ အကြောင်းအားဖြင့်။ ဝါ၊ အကြောင်းကြောင့်။ ဥဒယ-ဒဿနေန၊ ဖြစ်ခြင်းကို မြင်သဖြင့်။ အသ၊ အဖြစ်အပျက်ကို ရှုမြင်နေသော

ထိုယောဂီအား။ ကေတ္တနယော၊ ကေတ္တနည်းသည်။ ပါဂဋ္ဌော ဟောတိ၊ ထင်ရှား၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ ဟေတုဖလသမ္ပယုတ္တေန၊ အကြောင်းနှင့်အကျိုး ဆက်စပ်သောအားဖြင့်။ သန္တာနသ၊ ရူပ်နာမ် အစဉ် သန္တာန်၏။ အနုပစ္ဆေဒါဝဟောဝတော၊ ပပြတ်စ်ခြင်းကို သဘောပေါက် သိမြင်သောကြောင့် ပေတည်း။ အထ၊ ထိုသို့ သိမြင်သောအခါ၌။ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို။ သုဒ္ဓုတရံ ပဇဟတိ၊ သာ၍ ကောင်းစွာ ပယ်၏။ (ဒိဋ္ဌိဝိသုဒ္ဓိဖြင့် အကြမ်းစား ဒိဋ္ဌိကို ပယ်ခဲ့တယ်၊ ဟခု ဒီ ဥဒယဗ္ဗယညာဏ်အရာမှာတော့ သိမ်မွေ့တဲ့ ဒိဋ္ဌိကို ထပ်ပြီး ပယ်တယ်၊ ဒါကြောင့် သာ၍ ကောင်းစွာ ပယ်တယ်လို့ ဆိုပါတယ်။)

နောက်ပြီးတော့ မှတ်တိုင်း မှက်တိုင်း အသစ်အသစ်ချည်း ဖြစ်ပေါ် ဖြစ်ပေါ်လာတာကို တွေ့ရတဲ့အတွက် မြင်တာက တခြား၊ ကြားတာကတခြား၊ မှတ်သိတာကတခြား စသည်ဖြင့် ပိုင်းခြားပြီး သိတယ်၊ ကောင်းတယ် ချမ်းသာတယ်ထင်တာက တခြား၊ နှစ်သက်တာက တခြား၊ စဲ့လမ်းတာက တခြား၊ ကြံစည်အားထုတ်တာက တခြား၊ မှတ်သိတာက တခြား စသည်ဖြင့်လဲ ပိုင်းခြားပြီးသိတယ်၊ ဒီတော့ ရူပ်နာမ်တရားတွေဟာ တစဉ်ဟည်း တဆက်တည်း ဖြစ်နေပေမယ်လို့ တယောက်တည်းလဲ မဟုတ်ဘူး၊ သဘောတရား တခုတည်းလဲ မဟုတ်ဘူး၊ အသီးအသီး တခြားစီဘဲလို့လဲ သဘောပေါက် သိမြင်ပါတယ်၊ အဲဒါဟာ နာနတ္တနည်းကို သိဟာပါဘဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ် (၃-၂၆ဂ)မှာဘဲ ဒီလိုလဲ ဆိုထားပါတယ်—

ခဏတော၊ ဖြစ်ခိုက်ခဏအားဖြင့်။ ဥဒယဒဿနေန၊ ဖြစ်ခြင်းကို မြင်သဖြင့်။ နာနတ္တနယော၊ နာနတ္တနည်းသည်။ ပါဂဋ္ဌော ဟောတိ၊ ထင်ရှား၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ နဝနဝါနံ၊ မြင်မှု ကြားမှု အစရှိသော အသစ်အသစ် တရားတို့၏။ ဥပ္ပါဒါဝဟောဝတော၊ ဖြစ်ခြင်းကို သိခြင်းကြောင့်တည်း။ အထ၊ ထိုသို့ သိသောအခါ၌။ သဿတဒိဋ္ဌိ၊ သဿတဒိဋ္ဌိကို။ သုဒ္ဓုတရံ ပဇဟတိ၊ သာ၍ ကောင်းစွာ ပယ်၏-တဲ့။

အဗျာပါရနည်း

အဝိဇ္ဇာမှာ သခ်ါရတို့ကို ဖြစ်စေမယ်လို့ ကြောင့်ကြစိုက်မှု မရှိဘူး၊ သခ်ါရတို့မှာ ဘဝသစ်ဝိညာဏ်ကို ဖြစ်စေမယ်လို့ ကြောင့်ကြစိုက်မှု မရှိဘူး–ဒီနည်းဖြင့် အကြောင်းတရားတို့မှာ အကျိုးတရား ဖြစ်ပေါ်ရေးအတွက် ကြောင့်ကြစိုက်မှု မရှိတာကို အဗျာပါရနည်းလို့ ခေါ်ပါတယ်။ ဒီနည်းကို အမှန်အတိုင်းသိလျှင် မြင်မှု စသည်ဖြစ်အောင် ပြုသူ=ကာရကပုဂ္ဂိုလ်ရယ်လို့ မရှိတာကို သဘောပေါက် သိမြင်တဲ့အတွက် အတ္တဒိဋ္ဌိ ကင်းတယ်၊ မြင်မှု ကြားမှု စသည်ဖြစ်အောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ မျက်စိ အဆင်း နှလုံးသွင်းမှု စသော အကြောင်းကြောင့် မြင်မှုအစရှိတဲ့ သဘောတရားမျှ ဖြစ်နေတယ်ဆိုတာကို သိမြင်သဘောကျတဲ့အတွက် အတ္တစဲ့ကင်းတဲ့ သဘောပါဘဲ။ အဲဒါကို မှားယွင်းစွာ ယူလျှင်တော့ သူအကြောင်းနဲ့ သူအကျိုး ပုံတော်သလို ဖြစ်နေတာဘဲ၊ ကောင်းအောင် ဆိုးအောင် ကုသိုလ် အကုသိုလ်ကို ပြုလိုလဲ မဖြစ်ဘူး လို့ယူတဲ့ အကိရိယဒိဋ္ဌိ ဖြစ်တာတယ်လို့ ဝိသုဒ္ဓိမဂ် ပဋ္ဌိစ္စသမုပ္ပါဒ်အဖွင့်မှာ ဆိုထားပါတယ်။

ဝိပဿနာရှုနေတဲ့ ယောဂီမှာတော့ ရှုမှတ်တိုင်း ခဏမစဲ ဖြစ်ပျက်နေတာ တွေ့ရတဲ့အခါ အဝိဇ္ဇာ သခ်ါရ အစရှိသော အကြောင်းကြောင့် ဖြစ်ပျက်နေတာဘဲလို့ သဘောကျတဲ့အတွက် ဒီ အဗျာပါရနည်း ထင်ရှားပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်(၃-၂၆၇) မှာ ဒီလိုဆိုထားပါတယ်—

ပစ္စယတော၊ အကြောင်းအားဖြင့်။ ဝါ၊ အကြောင်းကြောင့်။ ဥဒဗ္ဗယ-ဒဿနေန၊ အဖြစ်အပျက်ကို မြင်သဖြင့်။ (အဝိဇ္ဇာ အစရှိသော အကြောင်းရှိလျှင် အကျိုး ရုပ်နာမ်ဖြစ်တယ်၊ အကြောင်းမရှိလျှင်တော့ မဖြစ်နိုင်ဘူးလို့ ဒီလိုသဘောပေါက်ပြီး သိမြင်တာကို ဆိုလိုပါတယ်။) အဗျာပါရနယော၊ အဗျာပါရနည်းသည်။ အဿ၊ ထိုယောဂီအား။ ပါကဋော ဟောတိ၊ ထင်ရှား၏။ ကဿ၊ အဘယ်ကြောင့်နည်းဟူမူ။ ဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ အဝသဝတ္တိ-ဘာဝါဝဟေတုတော၊ အလိုအတိုင်း မဖြစ်ခြင်းကို သဘောပေါက် သိမြင်သောကြောင့်ပေတည်း။ (အလိုရှိကာမျှနဲ့ မဖြစ်၊ သူဆိုင်ရာ အကြောင်းရှိမှ ဖြစ်သည်၊ အကြောင်းမရှိလျှင် မဖြစ်ဟု သိသောကြောင့်လို့ ဆိုလိုပါတယ်။)

အစ၊ ထိုသို့သိမြင်သောအခါ၌။ အတ္တဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကို။ သုဋ္ဌုတရံ ပဇဟတိ၊ သာ၍ကောင်းစွာ ပယ်၏—တဲ့။

ဝေဝံမမ္မတာနည်း

အဝိဇ္ဇာအစရှိသော သူ့ဆိုင်ရာ အကြောင်းများကြောင့် သခ်ါရအစရှိသော သူ့ဆိုင်ရာအကျိုးများသာလျှင် ဖြစ်တယ်၊ မဆိုင်သောအကျိုးတော့ မဖြစ်ဘူးဆိုတဲ့ ဓမ္မတာသဘောကို ဝေဝံမမ္မတာနည်းလို့ ခေါ်ပါတယ်။ ဒီဖြစ်ရိုးဖြစ်စဉ် ဝေဝံမမ္မတာနည်းကို မှန်စွာသိမြင်လျှင် အကြောင်းအားလျော်စွာ အကျိုးဖြစ်ပုံကို သဘောပေါက်သိမြင်တဲ့အတွက် အကြောင်းမရှိဘူးလို့ ယူတဲ့ အဟေတုကဒိဋ္ဌိလဲ ကင်းတယ်၊ ကောင်းအောင် ဆိုးအောင်ပြုလို့ မဖြစ်ဘူးလို့ယူတဲ့ အကိရိယဒိဋ္ဌိလဲ ကင်းတယ်၊ မှားယွင်းစွာမြင်လျှင်တော့ သဲမှုဆီမထွက်ခြင်း, ကြံမှ နို့ရည်မထွက်ခြင်းဆိုတဲ့ မဆိုင်တဲ့ အကြောင်းကြောင့် မဆိုင်တဲ့အကျိုးတွေ့ မဖြစ်နိုင်တာကို အခြေခံပြုပြီး အဟေတုကဒိဋ္ဌိလဲဖြစ်တတ်တယ်၊ ကိန်းသေး သတ်မှတ်ပြီးရှိနေတဲ့ ဖြစ်စဉ်အကိုင်းသာ ဖြစ်ရတယ်လို့ ယူဆတဲ့ နိယတဝါဒလဲ ဖြစ်တတ်တယ်လို့ ဝိသုဒ္ဓိမဂ် ပဋ္ဌိစ္စသမုပ္ပါဒ်အဖွင့်မှာ ပြဆိုထားပါတယ်။

ဝိပဿနာရှုနေတဲ့ ယောဂီမှာတော့ အဝိဇ္ဇာအစရှိသော အကြောင်းကြောင့် အကျိုးတရားတွေ့ ဖြစ်ပေါ်နေတာကို ဇတ္တုမြင်ရတဲ့အတွက် အကြောင်းအားလျော်စွာ အကျိုးတရားဖြစ်တယ်ဆိုတဲ့ ဝေဝံမမ္မတာ နည်းဟာ ထင်ရှားပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်(၃-၂၆၈)မှာ ဒီလို ဆိုထားပါတယ်—

ပစ္စယတော၊ အကြောင်းအားဖြင့်။ ဝါ၊ အကြောင်းကြောင့်။ ဥဒယဒဿနေန၊ ဖြစ်ခြင်းကိုမြင်သဖြင့်။ ဝေဝံမမ္မတာ နယော၊ ဝေဝံမမ္မတာ နည်းသည်။ ပါဂတော ဟောတိ၊ ထင်ရှား၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ ပစ္စယာနုရူပေန၊ အကြောင်းအားလျော်သဖြင့်။ ဝါ၊ အကြောင်းအားလျော်စွာ။ ဖလဿ၊ အကျိုး၏။ ဥပ္ပါဒါဝေါဓတော၊ ဖြစ်ခြင်းကို သဘောပေါက် သိမြင်ခြင်းကြောင့်တည်း။ အထ၊ ထိုသို့သိမြင်သောအခါ၌။ အကိရိယဒိဋ္ဌိ၊ ကောင်းအောင်ဆိုးအောင်ပြုလုပ်၍ မဖြစ်ဟု·ယူသော အကိရိယဒိဋ္ဌိကို။ သုဋ္ဌုတရံ ပဇဟတိ၊ သာ၍ ကောင်းစွာပယ်၏—တဲ့။

ပါရမီဉာဏ်အားလျော်စွာ သိဘို့က လိုရင်းဘဲ

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်နှင့်စပ်ပြီး သိသင့် သိထိုက်တဲ့ အချက်အလက်တွေ တော်တော် ပြည့်စုံသွားပါပြီ၊ တရားဘက်လိုက်စားတဲ့ ပုဂ္ဂိုလ်တွေမှာဆိုယင် မိမိတို့ သိနားလည်ပြီးတွေနဲ့ နှီးနှောဆင်ခြင်ကြည့်လျှင် အကြောင်းအကျိုးဆက်စပ်ပုံတွေဟာ ပေါ်လွင်ထင်ရှားလောက်ပါပြီ၊ ဖြစ်ခိုက်ရုပ်နာမ်ကိုရှုမှတ်လို့ ရုပ်နာမ် အဖြစ်အပျက်တွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိနေတဲ့ပုဂ္ဂိုလ်တွေမှာတော့ မိမိတို့၏ ကိုယ်တွေနဲ့ တိုက်ဆိုင်ကြည့်ယင် ကောင်းကောင်းကြီးကို ပေါ်လွင်ထင်ရှားနေပါလိမ့်မယ်။ ဒါပေမဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်က အလွန်နက်နဲတဲ့ တရားတော် ဖြစ်တဲ့အတွက် မိမိတို့၏ ပါရမီဉာဏ်ရှိသလောက်သာ သိနိုင်မယ်၊ ပါရမီဉာဏ်နဲ့ မမှီနိုင်လောက်တဲ့ အချက်တွေတော့ သဘောမပေါက်နိုင်ဘဲ ရှိနေဦးမှာဘဲ။ အကုန်လုံးအကြင်းမဲ့ သိတယ်ဆိုတာကတော့ သဗ္ဗညုမြတ်စွာဘုရားတို့နှင့်သာ ဆိုင်ပါတယ်၊ လိုရင်းကတော့ မိမိတို့၏ ပါရမီဉာဏ်အားလျော်စွာ အပြည့်အစုံ သိဘို့က လိုရင်းပါဘဲ။ ဒါကြောင့် သိသင့်သိထိုက်သမျှကို သုတမယဉာဏ်ဖြင့် ကြားနာမှတ်သားပြီးတော့လဲ သိအောင် လေ့လာသင့်ပါတယ်၊ စိန္တာမယဉာဏ်ဖြင့် အဖန်တလဲလဲ ဆင်ခြင်စဉ်းစားပြီးတော့လဲ လေ့လာ သင့်ပါတယ်။ ဘာဝနာမယဉာဏ်ဖြင့် ကိုယ်တိုင်တွေ့ သိရအောင် မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ဖြစ်ခိုက် ဖြစ်ခိုက်မှာ ရှုမှတ်သောအားဖြင့်လဲ လေ့လာသင့်ပါတယ်။

ဘာဝနာမယဉာဏ်က အရေးအကြီးဆုံး

ဒီလေ့လာနည်း ၃-ပါးထဲမှာ ဘာဝနာမယဉာဏ်ဖြင့် လေ့လာတာက အရေးအကြီးဆုံးဘဲ၊ ဘာကြောင့်လဲဆိုလျှင် ဝိပဿနာဘာဝနာမယဉာဏ် ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ် ၄-ပါးဖြစ်တယ်၊ အဲဒီ အရိယမဂ်ဉာဏ် ၄-ပါးနဲ့ ပြည့်စုံယင် "အပါယ် ဒုဂ္ဂတိ ဝိနိပါတ် သံသာရံ နာတိဝတ္တတိ"လို့ ဟောထားတဲ့ ဒေသနာတော်မှ ပြောင်းပြန်ပြန်ပြီး အပါယ် ဒုဂ္ဂတိ ဝိနိပါတ သံသရာကြီးကို လွန်မြောက်သွားတော့တာဘဲ။ ဒါကြောင့် သုတမယ, စိန္တာမယဖြင့် လေ့လာ သင့်အမျှ လေ့လာပြီးတော့ ဘာဝနာမယဉာဏ်ဖြင့် အပြည့်အစုံ သိအောင် လေ့လာကြရန် အထူးသတိပေး တိုက်တွန်းပါတယ်။ ဂဲ ဒီကနေ့ တရားသိမ်းကြစို့။

ဤ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို ရှိသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ကိုယ်၏ ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ၍ အကြောင်းအကျိုး ဆက်စပ်လျက် မပြတ်ဖြစ်နေသော ရုပ်နာမ်တရားတို့ကို အမှန်အတိုင်းသိအောင် ရှုမှတ်ပွါးများ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ် ဉာဏ်အစဉ်ဖြင့် နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။

သာဓု....၊သာဓု....၊သာဓု။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး ဒသမပိုင်း ပြီးဆုံး။

ပဋ္ဌိစ္စသမุပ္ပါဒ်တရားတော်ကြီး

၁၃၂၄-ခု၊ တော်သလင်းလဆုတ် (၈) ရက်နေ့ ဟောသည်။

ဇေယျသမ္ဘိုဝိုင်း

တရားအနုသနေ့

ပဋ္ဌိစ္စသမุပ္ပါဒ်တရားကို ဟောလေတာ ဒီကနေ့ ၁၁-သီတင်းမြောက် ၁၁-ကြိမ်မြောက်ပဲ၊ ဒီကနေ့တော့ အရဟံဂုဏ်တော်အဖွင့် နိဂုံးချုပ်ပြီး အပြီးသတ်ရမယ်။

ပဋ္ဌိစ္စသမุပ္ပါဒ်ဒေသနာတော်မှာ အင်္ဂါအားဖြင့် အဝိဇ္ဇာမှ အဆုံးဇရာမရဏအထိ အင်္ဂါ ၁၂-ပါး ရှိတယ်၊ အဝိဇ္ဇာနဲ့တဏှာဆိုတဲ့ အမြစ်အရင်း မူလ ၂-ပါး ရှိတယ်၊ ရှေ့ပိုင်း ဘဝစက်က တခု၊ နောက်ပိုင်း ဘဝစက်က တခုအားဖြင့် ဘဝစက် ၂-ခု ရှိတယ်၊ ရှေ့ပိုင်း ဘဝစက်မှာ အဝိဇ္ဇာမှစပြီး ဝေဒနာမှာ အဆုံးသတ်တယ်၊ နောက်ပိုင်းဘဝစက်မှာ တဏှာမှစပြီး ဇရာမရဏမှာ အဆုံးသတ်တယ်၊ သောကပရိဒေဝစသည်တို့ကတော့ ဗြဟ္မာ့လောကမှာ မရှိတဲ့အတွက် ဇာတိ၏ကေန်မှုချ အကျိုးမဟုတ်ဘူး၊ ဒါကြောင့် အဲဒီ သောကပရိဒေဝ စသည်ကိုတော့ ပဋ္ဌိစ္စသမุပ္ပါဒ်အင်္ဂါထဲမှာ ထည့်သွင်းပြီး မရေတွက်ဘူး။

နောက်ပြီးတော့ ရှေ့ပိုင်းဘဝစက်မှာ အဝိဇ္ဇာနဲ့သင်္ခါရဆိုတဲ့ ဒီအကြောင်း ၂-ပါးကိုသာ တိုက်ရိုက် ပြထားတယ်၊ ဒါပေမဲ့ အဝိဇ္ဇာဖြစ်လျှင် တဏှာနဲ့ ဥပါဒါန်လဲ ဖြစ်တော့တာဘဲ၊ သင်္ခါရဖြစ်လျှင် ကမ္မဘဝလဲ ဖြစ်တော့တာဘဲ၊ ဒါကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝဆိုတဲ့ ဒီ ငါးပါးလုံးကို အတိတ်ဘဝက ပြီးခဲ့တဲ့အကြောင်းမျှားလို့ ယူရတယ်၊ ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ဒီ ငါးပါးကို ပစ္စုပ္ပန်အကျိုးမျှားလို့ ယူရတယ်၊ အဲဒီ ငါးပါးကတော့ ယခု မြင်ခိုက် ကြားခိုက် စသည်မှာ ထင်ရှား တွေ့နေရတဲ့

ကောင်းကျိုး မကောင်းကျိုးတရားတွေပါဘဲ။ နောက်ပိုင်း ဘဝစက်မှာ တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ ဒီအကြောင်း ၃-ပါးကိုသာ တိုက်ရိုက် ပြထားတယ်၊ ဒါပေမဲ့ တဏှာဥပါဒါန်ဖြစ်လျှင် အဝိဇ္ဇာလဲ ဖြစ်တော့တာဘဲ၊ ကမ္မဘဝဖြစ်လျှင် သင်္ခါရလဲဖြစ်တော့တာဘဲ၊ ဒါကြောင့် ဒီပစ္စုပ္ပန်မှာလဲ အတိတ်ကလိုဘဲ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝဆိုတဲ့ တရားငါးပါးလုံးကို ပစ္စုပ္ပန်အကြောင်း မျှားလို့ ယူရပါတယ်။ ဒီပစ္စုပ္ပန်အကြောင်းကြောင့် ဖြစ်မည့်အနာဂတ်အကျိုး ကိုတော့ ဇာတိနဲ့ ဇရာမရဏာ ဒီ ၂-ပါးကို ပြထားပါတယ်၊ ရှေးဦးစွာ ဖြစ်ပေါ်ခြင်းနဲ့ အိုခြင်း သေခြင်းပါဘဲ၊ ဒီ ဖြစ်ခြင်းနဲ့ အိုခြင်း, သေခြင်းဟာ ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးငါးပါး၏ ဖြစ်ခြင်းနဲ့ အိုခြင်း, သေခြင်းပါဘဲ၊ ဒါကြောင့် ဖြစ်ခြင်းနဲ့ အိုခြင်း, သေခြင်းကို ယူသဖြင့် ဝိညာဏ်အစရှိသော အကျိုးငါးပါးကိုပင် ယူရပါတယ်၊ ဒီလို ယူရတဲ့အတွက် အနာဂတ်အကျိုးလဲ ပစ္စုပ္ပန်အကျိုးလိုပင် ငါးပါးဘဲ ဖြစ်ပါတယ်။

အဲဒီတော့ အတိတ် အကြောင်း ငါးပါးက တစု တပုံ တလွှာ၊ ပစ္စုပ္ပန် အကျိုးငါးပါးက တစု တပုံ တလွှာ၊ ပစ္စုပ္ပန် အကြောင်းငါးပါးက တစု တပုံ တလွှာ၊ အနာဂတ်အကျိုးငါးပါးက တစု တပုံ တလွှာ၊ အားလုံး အစု အပုံ အလွှာက ၄-ခုရှိတယ်။ ၄-လွှာဆိုတော့ တလွှာနဲ့ တလွှာ အကြားအစပ်က ၃-စပ်ရှိတယ်၊ လက်မကို ဖယ်ပြီး လက်ချောင်း ၄-ခုကို ထောင်ကြည့်ယင် လက်ညှိုးနဲ့ လက်ခလယ် အကြားက တစပ်၊ လက်ခလယ်နဲ့ လက်သူကြွယ်အကြားက တစပ်၊ လက်သူကြွယ်နဲ့ လက်သန်းအကြားက တစပ် ပေါင်း ၃-စပ် တွေ့ရတယ်၊ အဲဒါလိုပါဘဲ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုး အကြားမှာ တစပ်၊ ရှေးဘဝက ကံသင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ် ဖြစ်တယ်ဆိုတဲ့ အစပ်ပါဘဲ၊ အဲဒါကို အကြောင်းနဲ့ အကျိုး အစပ်လို့ ခေါ်တယ်၊အတိတ်နဲ့ ပစ္စုပ္ပန်အစပ်လို့လဲ ခေါ်နိုင်ပါတယ်။ တဖန် ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်းအကြားမှာ တစပ်၊ ဝေဒနာကြောင့် တဏှာ ဖြစ်တယ် ဆိုတဲ့ အစပ်ပါဘဲ၊ အဲဒါကို အကျိုးနဲ့ အကြောင်း အစပ်လို့ ခေါ်တယ်၊ ပစ္စုပ္ပန်ချင်း အစပ်လို့လဲ ခေါ်နိုင်ပါတယ်။ ဘဖန် ပစ္စုပ္ပန် အကြောင်းနဲ့ အနာဂတ်အကျိုး အကြားမှာ တစပ်၊ ကမ္မဘဝကြောင့် ဇာတိ

ဖြစ်ပေါ်တယ် ဆိုတဲ့ အစပ်ပါဘဲ၊ အဲဒါကို အကြောင်းနဲ့အကျိုး အစပ်လို့ဘဲခေါ်တယ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ် အစပ်လို့လဲ ခေါ်နိုင်ပါတယ်။

အဲဒီလို အလွှာ ၄-ဘူး၊ အစပ် ၃-ပါး ဆက်စပ်ပြီး ဖြစ်ပုံကို ပြတာဟာ တခြားကြောင့် မဟုတ်ဘူး၊ ဒီပုံ ဒီနည်းဖြင့် တလွှာပြီးတလွှာ ဆက်စပ်ပြီး မပြတ် ဖြစ်နေတယ် ဆိုဟာကို သိပေလိုယောဟကြောင့်ပင် ဖြစ်ပါတယ်၊ ရှေးဘဝက ပြီးခဲ့တဲ့ အတိတ် အကြောင်းလွှာကြောင့် ပစ္စုပ္ပန်ဘဝ အကျိုးလွှာ ဖြစ်ပေါ်လာတယ်၊ အဲဒီ အကျိုးလွှာကို မှီပြီး ပစ္စုပ္ပန် အကြောင်းလွှာ တဖန် ဖြစ်ပြန်တယ်၊ အဲဒီ အကြောင်းလွှာကြောင့် အနာဂတ်ဘဝ အကျိုးလွှာ ဖြစ်ပြန်တယ်၊ အနာဂတ်ဘဝ ဆိုတာလဲ ဖြစ်နေခိုက်မှာတော့ ပစ္စုပ္ပန်ပါဘဲ၊ ဒါကြောင့် အဲဒီမှာလဲ အကျိုးလွှာကို ပြီးပြီး အကြောင်းလွှာထပ်ပြီး ဖြစ်ဦးမယ်၊ အဲဒီ အကြောင်းလွှာကြောင့် တဖန် အနာဂတ်ဘဝ အကျိုးလွှာ ဖြစ်သွားဦးမယ်၊ ဒီပုံ ဒီနည်းဖြင့် အကြောင်း အကျိုး တလွှာပြီး တလွှာ အဆက်မပြတ် ဖြစ်နေတယ် ဆိုတာကို သိရပါတယ်။

နောက်ပြီးဘဝ တလွှာ တလွှာမှာ အကြောင်းတရားဆိုယင်လဲ ငါးပါးစီ၊ အကျိုးတရားဆိုယင်လဲ ငါးပါးစီ ရှိနေတဲ့အတွက် အတိတ်အကြောင်း, ပစ္စုပ္ပန် အကျိုး, ပစ္စုပ္ပန်အကြောင်း, အနာဂတ်အကျိုး ၄-လွှာမှာ အကြောင်းအကျိုး အစိတ်အပိုင်းပေါင်း ၂၀-ရှိပါတယ်၊ အဲဒါကို အာကာရခေါ်တဲ့ အခြင်းအရာ သရုပ် ၂၀-လို့ ခေါ်ပါတယ်။

ဝဋ်သုံးပါး လည်နေပုံ

နောက်ပြီးတော့ ဒီ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ရယ်-လို့ ဝဋ် ၃-ပါး ရှိပါတယ်။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဒီ ၃-ပါးကို ကိလေသဝဋ်လို့ ခေါ်ပါတယ်၊ သင်္ခါရနှင့် ကမ္မဘဝ ဒီ ၂-ပါးကို ကမ္မဝဋ်လို့ ခေါ်ပါတယ်၊ ဝိညာဏ် နာမ်ရုပ် သဠာယတယန ဖဿ ဝေဒနာဆိုတဲ့ ဒီ အကျိုးငါးပါးကို ဝိပါကဝဋ်လို့ ခေါ်ပါတယ်၊ အနာဂတ် ဘဝမှာ ဇာတိနှင့် ဇရာမရဏ ဆိုတာလဲ တရားကိုယ်အာဒီးဖြင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ဒီအကျိုး ငါးပါးပင် ဖြစ်၍ ဝိပါကဝဋ်ပါဘဲ။ အတိတ်ဘဝက မြင်မှု ကြားမှု

စသည်ကို အမှန်အတိုင်း မသိဘဲ အလွဲသိခဲ့တာက အဝိဇ္ဇာ၊ အဲဒီလို အသိလွဲ အထင်လွဲခဲ့တဲ့အတွက် တပ်မက်သ ၁ယ ၁ခဲ့တာက တဏှာ၊စွဲလမ်းခဲ့တာက ဥပါဒါန်၊ ဒီ သုံးပါးဟာ အတိတ်ဘဝတုန်းက ပြီးခဲ့တဲ့ ကိလေသဝဋ္ဋပဲ။ အဲဒီလို ကိလေသ ဝဋ္ဋဖြင့် စွဲလမ်းခဲ့တဲ့အတွက် ကိုယ့်အလိုအတိုင်း ပြီးစီးပြည့်စုံအောင် ကြံစည် အားထုတ် ပြုလုပ်ခဲ့တယ်၊ သင်္ခါရနှင့် ကမ္မဘဝဘဲ၊ အဲဒီ ၂-ပါးက အတိတ်ဘဝက ပြီးခဲ့တဲ့ ကမ္မဝဋ္ဋပဲ။ အဲဒီ ကမ္မဝဋ္ဋကြောင့် ယခုဘဝမှာ ပဋိသန္ဓေ ဝိညာဏ်မှ စပြီး ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရား ငါးပါး အဆက်ဆက် ဖြစ်နေတယ်၊ ယခု မြင်လိုက် ကြားလိုက် စသည်ဖြင့် ထင်ရှားပေါ် နေတဲ့ တရားတွေပါဘဲ၊ အဲဒီ ငါးပါးက ဝိပါကဝဋ္ဋပဲ။

တဖန် ယခုဘဝမှာလဲ မြင်မှု ကြားမှု စသည်ကို အမှန်အတိုင်း မသိဘဲ အသိလွဲ အထင်လွဲ နေပြန်တယ်၊ အဝိဇ္ဇာပါဘဲ။ အထင်လွဲလို့ တပ်မက် သာယာ နေပြန်တယ်၊ တဏှာပါဘဲ။ စွဲလမ်းနေပြန်တယ်၊ ဥပါဒါန်ပါဘဲ။ အဲဒါ ကိလေသ ဝဋ္ဋတွေ ကဖန် ဖြစ်ပြန်တာပါဘဲ။ စွဲလမ်းတဲ့အတွက် ကြံစည်အားထုတ် ပြုလုပ်နေ ပြန်တယ်၊ သင်္ခါရ ကမ္မဘဝတွေပါဘဲ၊ အဲဒါဟာ ကမ္မဝဋ္ဋတွေ တဖန် ဖြစ်ပြန်တာ ပါဘဲ။ ယခု ပြုတဲ့ အဲဒီ ကမ္မဝဋ္ဋကြောင့် နောင်ဘဝမှာ ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးငါးပါး ဖြစ်ပြီး အိုရ, သေရဦးမယ်၊ သောက စသည်လဲ ဖြစ်ရဦးမယ်၊ ဝိပါကဝဋ္ဋတွေ တဖန် ဖြစ်ပြန်တာပါဘဲ။ ယခု ပြောခဲ့တဲ့ အတိုင်း တဘဝက ကိလေသဝဋ္ဋကြောင့် ကမ္မဝဋ္ဋ ဖြစ်ပြီး အဲဒီ ကမ္မဝဋ္ဋ ကြောင့် နောင်ဘဝမှာ အကျိုးငါးပါး ဝိပါကဝဋ္ဋ ဖြစ်ရတယ်၊ အဲဒီဘဝမှာလဲ ဝိပါကဝဋ္ဋကို မှီပြီး ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋတွေ ဖြစ်ပြန်တယ်၊ အဲဒီ ကမ္မဝဋ္ဋ ကြောင့် တဖန် နောက်ဘဝမှာ ဝိပါကဝဋ္ဋ ဖြစ်ပြန်တယ်၊ ဒီပုံ ဒီနည်းဖြင့် ကိလေသဝဋ္ဋကြောင့် ကမ္မဝဋ္ဋ ဖြစ်တယ်၊ ကမ္မဝဋ္ဋကြောင့် ဝိပါကဝဋ္ဋ ဖြစ် တယ်၊ အဲဒီ ဝိပါကဝဋ္ဋကြောင့် တဖန် ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋတွေ ဖြစ်ပြန် တယ်၊ အဲဒီ ကမ္မဝဋ္ဋကြောင့် တဖန် ဝိပါကဝဋ္ဋ ဖြစ်ပြန်တယ်၊ ဒီလို ဝဋ္ဋသုံးပါး တပြန်စီ လှည့်ပြီး မပြတ် ဖြစ်နေတာဟာ အရိယာမက်ဖြင့် ကိလေသဝဋ္ဋကို မပယ် နိုင်လျှင် ပြတ်စဲခြင်း မရှိတော့ဘူး၊ တလည်ထဲ လည်နေတော့တာဘဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ်(၃-၂၁၆)မှာ—

ပဋိစ္စသမုပ္ပါဒ် (၃) ၁၆—ပ-မ-သ-စ

ဤမေဟိ တိဟိ ဝဋ္ဋေဟိ၊ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋဟူသော ဤသုံးပါးသော ဝဋ္ဋတို့ဖြင့်။ တိဝဋ္ဋံ၊ ဝဋ္ဋသုံးပါးပျံ့သော။ ဤဒံ ဘဝစက္ကံ၊ ဤပဋ္ဌိစ္စသမုပ္ပါဒ် ဘဝ စက်သည်။ ယာဝ ကိလေသဝဋ္ဋံ နု ဥပစ္ဆိဇ္ဇတိ တာဝ၊ အရိယာမဂ်ဖြင့် ကိလေသဝဋ္ဋ မပြတ်စဲသေးလျှင် ကာလပတ်လုံး။ အနုပစ္ဆိန္နပစ္စယတ္တာ၊ အကြောင်းတရား မပြတ်စဲသေးသည်၏ အဖြစ်ကြောင့်။ အနဝဋ္ဌိတံ၊ ရပ်နားခြင်းမရှိဘဲ။ ပုနပ္ပုနံ ပရိဝတ္တနတော၊ အဖန်ဖန် တလှည့်ပြီ လည်သောအားဖြင့်။ ဘမတိယေဝ၊ တလည်တည်း လည်နေကော့လည်သာတည်း-လို ပြဆိုထားပါတယ်။

အပါယ်ဘုံမှာ လည်ဘို့က မျှားသည်

အဲဒီလို မပြတ်လည်နေရာမှာ ကုသိုလ်ကမ္မဝဋ္ဋရှိတဲ့အခါ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝမှာဖြစ်ပြီး လည်ရတယ်၊ အဲဒါကို ကောင်းတယ်လို့ ထင်နေကြပါဟယ်။ အကုသိုလ် ကမ္မဝဋ္ဋ ရှိတဲ့အခါ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပါယ် ၄-ဘုံမှာ ဖြစ်ပြီး လည်ရတယ်၊ ဒုက္ခ ဝိပါက ခေါ်တဲ့ ဆင်းရဲအကျိုးတွေကို ခံစားနေရတာပါဘဲ။ သံသရာမှာ ကျင်လည်နေရတဲ့ သူတွေဟာ ကလျာဏမိတ္တခေါ်တဲ့ ဆရာကောင်းကို မှီပဲရတဲ့ အခါလောက်သာ ကုသိုလ်ကို ပြုနိုင်တယ်၊ ကလျာဏ-မိတ္တ ဆိုတာကလဲ ရခဲပါ။ ယ်၊ ဒါကြောင့် အမျှားအားဖြင့် အကုသိုလ် ကမ္မဘဝတွေကို ပြုမိတာကတော့ မျှားတွယ်ရှိပါတယ်၊ ဒီလောဝ့ အကုသိုလ်ကမ္မဝဋ္ဋကြောင့် အပါယ် ၄-ဘုံမှာ အကုသိုလ်၏အကျိုး ဝိပါကဝဋ္ဋတွေသာ မျှားမျှားဖြစ်ဘို့ ရှိပါတယ်။ လူ့ဘဝ ရောက်လာပြီးတာင် အဲဒီ အကုသိုလ် ကမ္မဝဋ္ဋကြောင့် အသက်တို ခြင်း, ဘဏ္ဍာမျှားခြင်း, အကြွေးအကုန်မဲ့ခြင်း, မဲ့ပြာကျခြင်း အစရှိသော အကုသိုလ် အကျိုး ဝိပါကဝဋ္ဋတွေ လည်နေဘို့က မျှားနေပါတယ်၊ အဲဒီလို ဆိုးကျိုးတွေ ဖြစ်နေတာကိုဘဲ ဝိပါက်လိုက်လာတယ်၊ ဝဋ္ဋကြွေးခံရတယ်လို့ ပြောနေကြပါတယ်။ အရိယာဖြစ်သွားလျှင်တော့ အပါယ်ငရဲ မကျနိုင်တော့ဘူး၊ ဒါပေမဲ့ ဒီ အကုသိုလ်၏အကျိုး ဝိပါကဝဋ္ဋ ဆိုတာကတော့ ဘုရား ရဟန္တာမျှားမှာတောင် လိုက်ဖြစ်သေးတာဘဲ။ ဒါကြောင့် "ဝဋ္ဋအမြဲ ငရဲအပ"လို့လဲ ပြောဆိုလေ့ ရှိကြပါတယ်။

အကြောင်း ကိလေသဝဋ်ကို ဖြတ်ရမယ်

အဲဒီ ဝဋ်သုံးပါး မလည်စေချင်ယင်တော့ ကိလေသဝဋ်ဆိုတဲ့ အကြောင်းကို ဖြတ်ရလိမ့်မယ်၊ ဖြတ်ရမယ် ဆိုပေမဲ့ ရှေးကဖြစ်ခဲ့ပြီးတော့ကိုတော့ ဖြတ်လို့ မရတော့ဘူး၊ မြင်မှု, ကြားမှု အစရှိတဲ့ ဝိပါကဝဋ် တရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း အဲဒီ မြင်မှု, ကြားမှု စသည်ကို အကြောင်းပြုပြီး ကိလေသဝဋ်တွေ ဖြစ်ခွင့်မရအောင် ရှုမှတ်ရတယ်၊ ယခု ဒီ သာသနာ့ရိပ်သာမှာ ဖြစ်ခိုက်တရားကို လိုက်ပြီး မပြတ် ရှုမှတ်နေကြတာဟာ အဲဒီ ကိလေသဝဋ်တရားတွေ ဖြစ်ခွင့်မရအောင် အားထုတ်နေကြတာပါဘဲ။

ကိလေသဝဋ်ကို ဖြတ်ပုံ

ဘယ်လိုလဲဆိုလျှင်၊ မြင်ခိုက်မှာ မရှုမမှတ်မိလျှင် အဲဒီ မြင်မှုနှင့် စပ်ပြီး မြဲတယ်, ချမ်းသာတယ်, ကောင်းတယ်, တင့်တယ်တယ်, ငါဘဲစသည်ဖြင့် ထင်မှတ်တယ်၊ အဲဒါဟာ အဝိဇ္ဇာဘဲ၊ အဝိဇ္ဇာဖြစ်ယင် တဏှာ ဥပါဒါန် ဆိုတဲ့ ကိလေသဝဋ်တွေလဲ ဖြစ်တော့တာဘဲ၊ သင်္ခါရ ကမ္မဘဝဆိုတဲ့ ကမ္မဝဋ်တွေလဲ ဖြစ်တော့တာဘဲ။ ကမ္မဝဋ် ဖြစ်လျှင် အကြောင်းညီညွတ်တဲ့ အခါ သူ့၏အကျိုးဖြစ်တဲ့ ဝိပါကဝဋ်လဲ ဖြစ်တော့တာဘဲ။ ဒါကြောင့် အဲဒီလို ဝဋ်သုံးပါး မဖြစ်ရ, မလည်ရအောင် မြင်တိုင်း မြင်တိုင်း ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်တော့ သမာဓိဉာဏ် ရင့်သန်တဲ့အခါမှာ မှတ်တိုင်းမှတ်တိုင်း မြင်တာ့ရော, မြင်ရတာရော, မှတ်သိတာရော တခဏချင်း ပျောက်ပျောက် သွားတာကိုသာ တွေ့ရတယ်၊ အဲဒီလို တွေ့ရတော့ မမြဲဘူးလို့လဲ သိရတယ်၊ ဆင်းရဲမျှဘဲလို့လဲ သိရတယ်၊ ငါကောင်မဟုတ်တဲ့ သဘောတရားမျှဘဲလို့လဲ သိရတယ်၊ ဒါကြောင့် အဲဒီလို သိရတဲ့တရားနှင့်စပ်ပြီး မြဲတယ်၊ ချမ်းသာတယ် စသည်ဖြင့် အသိမှား အထင်မှားဟာ ဖြစ်ခွင့်မရှိဘဲ ကင်းသွားတယ်၊ အဲဒါ အဝိဇ္ဇာကင်းတာဘဲ။ အဲဒီလို အဝိဇ္ဇာကင်းတော့ တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝ ဆိုတာတွေလဲ အဲဒီ အမြင်နှင့်စပ်ပြီး ဖြစ်ခွင့်မရဘဲ ကင်းပြတ်သွားကြတယ်၊ အဲဒါဟာ ကိလေသဝဋ်နဲ့ ကမ္မဝဋ် ကင်းပြတ်ပုံပါဘဲ။ ဒီလို ကမ္မဝဋ် ကင်းသွားတော့ အဲဒီကံကြောင့် ဖြစ်မည့် ဝိပါကဝဋ်လဲ မဖြစ်ရတော့ဘဲ ပြတ်စဲသွားတယ်။ ဒါဟာ မြင်ရုက ရှုမှတ်ပြီး တဒင်္ဂအားဖြင့် ဝဋ်သုံးပါး ကင်းငြိမ်းပုံပါဘဲ။

ကြားခိုက် စသည်မှာလဲ ရှုမှတ်လျှင် နည်းတူပင် ဝဋ်သုံးပါး ကင်းငြိမ်းပါတယ်။ အဲဒီလို ဝိပဿနာက မြင်မှု, ကြားမှု အစရှိတဲ့ ဝိပါကဝဋ်နဲ့ စပ်ပြီး ဖြစ်မည့် ဝဋ်သုံးပါးကို တဒင်္ဂအားဖြင့် အပြည့်အစုံ ပယ်ပြီးသော အခါမှာ အရိယမဂ် ဖြစ်ပေါ်လာပြီး အဲဒီ ဝဋ်သုံးပါးကို အကြင်းမဲ့ ပယ်ဖြတ်သွားပါတယ်။ ဒီလို ဖြတ်ပုံကို ရှေးကလဲ အကြိမ်ကြိမ် ပြောခဲ့ပါပြီ၊ ဒါပေမဲ့ ဒီဝဋ် သုံးပါးလည်ပုံနဲ့ စပ်ပြီး မလည်နိုင်အောင် အားထုတ်ပုံကိုလဲ ဒီနေရာမှာဘဲ အလွယ်တကူနဲ့ သဘောပေါက် နားလည်စေချင်လို့ ထပ်ပြီး ပြောရခြင်း ဖြစ်ပါတယ်။ ယခု ဒီထိုအောင် ဒီကနေ့ ပြောလာခဲ့တာတွေဟာ လပြည့်နေ့က ပြောခဲ့ပြီး ချည်းပါဘဲ၊ ဒါပေမဲ့ ဒီကနေ့ ပြောမည့် အရဟံ-ဂုဏ်တော်အဖွဲ့နှင့် ဆက်စပ်ပြီး နားလည်လွယ်အောင် ထပ်ပြီး အကျဉ်းချုပ် ပြောရပါတယ်၊ ဒီက စပြီး အရဟံ-ဂုဏ်တော်ဖွဲ့ကို ပြောမယ်။

အရဟံ ဂုဏ်တော်ဖွဲ့

အာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရိန် သော မုနိ။
ဟတသံသာရစက္ကာရော၊ ပစ္စယာဒီန စာရဟော။
နိ ရဟော ကရောတိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိ။

(ဝိသုဒ္ဓိမဂ် ပ-၁၉၅၊ ဝိ ဋ္ဌ-ပ-၈၇)

အာရကတ္တာ စ၊ ကိလေသာတို့မှ ဝေးကွာတော်မူသည်၏ အဖြစ်ကြောင့်ရင်း။ ကိလေသာရိန် ဟတတ္တာ စ၊ ကိလေသာ ရန်သူတို့ကို ပယ်သတ်တော်မူပြီးသည်၏ အဖြစ်ကြောင့်ရင်း။ သော မုနိ၊ ထိုမြတ်စွာဘုရားကို။ အရဟံ၊ အရဟံ ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ ယော၊ အကြင်မြတ်စွာဘုရားသည်။ ဟတသံသာရစက္ကာရော။ ချိုးဖျက်အပ်ပြီးသော သံသရာစက်၏ သောက်အကန်ရှိတော်မူ၏။ ပစ္စယာဒီနံ စ၊ ပစ္စည်းစသည် တို့ကိုလည်း။ အရဟော၊ ထိုက်တန်တော်မူပေ၏။ ရဟော၊ ဆိတ်ကွယ်ရာ၌လည်း။ ပါပါနိ၊ မကောင်းမှုတို့ကို။ နိ ကရောတိ၊ ပြုတော်မမူ။ တေန၊ ထိုသုံးပါးသော ဂုဏ်သကတ်ကြောင့်လည်း။ သော မုနိ၊ ထိုမြတ်စွာဘုရားကို။ အရဟံ၊ အရဟံဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။

အရဟံ ဆိုတဲ့ ပုဒ်က သဒ္ဒါနည်းအားဖြင့် ငါးမျိုး ပြီးနိုင်ပါတယ်။ (၁) အာရကာ-ပုဒ်က=အရဟံ ဖြစ်လာတယ်။ (၂) အရိ+ဟ-ပုဒ်က=အရဟံဖြစ်လာတယ်။ (၃) အရ+ဟ-ပုဒ်က=အရဟံ ဖြစ်လာတယ်။ (၄) ထိုက်တန်ခြင်းဟော အရဟန္တ-မှ=အရဟံ ဖြစ်လာတယ်။ (၅) အ+ရဟ-မှ=အရဟံဖြစ်လာတယ်။ ဒီလို ငါးနည်း ပုဒ်ပြီး ပုံကို ပြပါတယ်။

(၁) အရဟံဂုဏ်တော်

အဲဒီ ငါးနည်းထဲမှာ အာရကာ-ပုဒ်က ဖြစ်လာတဲ့ အရဟံပုဒ်ရဲ့ အနက်ကတော့ ကိလေသာတို့မှ ဝေးကွာတော်မူတယ်လို့ ဆိုလိုပါတယ်။ ဒီလို ဆိုယင် ရဟန္တာပုဂ္ဂိုလ်တွေမှာလဲ ကိလေသာတို့မှ ကင်းဝေး စင်ကြယ်နေတာဘဲ၊ ဘယ်လို ထူးသေးသလဲလို့ ဆိုတော့ ရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာ ကင်းသော်လဲ ကိလေသာရှိစဉ်က အထုန်အကျင့်ပါနေတဲ့ ဝါသနာကတော့ မကင်းဘဲ ရှိနေတတ်တယ်။ အဲဒါကို ပိလိန္ဒဝစ္ဆမထေရ်၏ ဝတ္ထုဖြင့် သိနိုင်ပါတယ်။

ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထု

နုတ်တွေက အချစ်မြတ်နိုးဆုံးဖြစ်၍ ဇာဒဂ်ဂုဏ်ထူးဖြင့် မြတ်စွာဘုရားက ချီးကျူးတော်မူအပ်သော ပိလိန္ဒဝစ္ဆမည်တဲ့ ရဟန္တာမထေရ်ဟာ လူဝတ်ကြောင်တွေနဲ့ဖြစ်စေ, ရဟန်းတွေနဲ့ ဖြစ်စေ ပြောဆိုတဲ့အခါမှာ "ဟေ့ ဝသလ=ဟေ့ သူယုတ်....လာခဲ့၊ ဂစ္ဆ ဝသလ=သူယုတ်....သွားတော့"စသည်ဖြင့် သူတပါးကို သူယုတ်လို့ခေါ်ပြီး ပြောဆိုလေ့ ရှိပါသတဲ့။ ဗမာ့အသုံးနဲ့ဆိုယင် "ဟေ့-အကောင်"လို့ ပြောတာမျိုးပါဘဲ။ တနေ့သော အခါမှာ လူတယောက်က ပိတ်ချင်းသီးခြောက်တွေ လှည်းနဲ့ တင်ပြီး ရောင်းဘို့ ရာဇဂြိုဟ်မြို့ထဲ ယူလာခဲ့တယ်၊ ဂနေရာမှာ လှည်းချွတ်ထားခဲ့ပြီး စံနမူနာပြဘို့ ပိတ်ချင်းသီး အနည်းငယ်ကို ခွက်နဲ့စျေးသို့ ယူလာခဲ့တယ်၊ အဲဒီအခါ အရှင်ပိလိန္ဒဝစ္ဆကလဲ ဆွမ်းခံကြွလာခိုက် ဖြစ်တဲ့အတွက် လမ်းမှာရင်ဆိုင် တွေ့ရတော့ "ဟေ့-အကောင်ယုတ် .. ဘာတွေလဲ" လို့ အရှင်ပိလိန္ဒဝစ္ဆမထေရ်က မေးလိုက်တယ်၊ ဒီတော့ အမေးခံရတဲ့ လူမှာ အတော် စိတ် မချမ်းမသာ ဖြစ်သွားတယ်၊ ကိုယ်တော်ကြီးနှယ် နံနက်စောစော

ကြီး ရှုန့်ရင်း ကြမ်းတမ်းတဲ့ စကားနဲ့ ငါ့ကို ပြောရက်ဘိတယ်၊ နိမိတ်မကောင်း လိုက်တာ၊ သူ့အမေးနဲ့ ထိုက်တန်အောင် ပြန်ပြောမှာဘဲ·လို့ စိတ်ကူးပြီးတော့ အဲဒီလူက "ခွက်ထဲကဟာတွေ ကြွက်ချေးတွေပါ ဘုရား"လို့ ငေါ့ပြီး ပြောလိုက်တယ်။ အဲဒီတော့ မထေရ်က "အေး.... ဒီအတိုင်းဘဲ ဖြစ်ပါလိမ့်မယ် အကောင်ယုတ်ရယ်"လို့ ပြောပြီး ကြွသွားတယ်။ အဲဒီလို ပြောပြီး ကြွသွားတဲ့အခါ ဟိုလူ့ရဲ့ ပိတ်ချင်းသီးတွေဟာ အကုန်လုံး ကြွက်ချေးတွေ ဖြစ်ကုန်ပါသတဲ့။

ဒီတော့ အဲဒီလူက ခွက်ထဲမှ ပိတ်ချင်းသီးတွေ ကြွက်ချေးဖြစ်ကုန်တာကို တွေ့ရတဲ့အတွက် အမျိုးမျိုး စုံစမ်းကြည့်တယ်၊ တကယ် ကြွက်ချေးဖြစ်နေကြောင်း တွေ့ရတော့ လှည်းပေါ်မှာ ရှိတဲ့ ပိတ်ချင်းသီးတွေကိုလဲ မသက်သာလို့ သွားကြည့်တယ်၊ အဲဒါတွေလဲ အကုန် ကြွက်ချေးဖြစ်နေတာကို တွေ့ရတော့ အလွန် စိတ်နှလုံး ပူပန်ခြင်း ဖြစ်ရရှာတယ်။ အဲဒီလို စိုးရိမ် ပူပန်ပြီး ကိုးတို ကြမ်းတမ်းသွားနေတယ်၊ အဲဒီလို သွားနေတာကို မြင်ရတော့ အခြားလူတယောက်က သူ့ကို မေးမြန်းတယ်၊ မထေရ်တပါးနဲ့ တွေ့ရပုံ, မေးပုံ, ဖြေပုံနှင့်တကွ ပိတ်ချင်းသီးတွေ ကြွက်ချေး ဖြစ်ကုန်ပုံ အလုံးစုံကို အဲဒီ ပိတ်ချင်းသီးရှင်က ပြောပြပါတယ်၊ ဒီတော့ မေးမြန်းတဲ့သူက "ဟာ....ဒီလိုဆိုယင် ဘာမျှ မစိုးရိမ်နဲ့ ကျွန်ုပ်ရဲ့ဆရာ ပိုလိန္ဒဝစ္ဆမထေရ်ဖြစ်ပါလိမ့်မယ်၊ခင်ဗျားဟာ အဲဒီ ခွက်နဲ့ ပိတ်ချင်းသီးတွေ ယူပြီး ပိုလိန္ဒဝစ္ဆမထေရ်ရှေ့မှာ ရပ်နေပါ၊ 'ဟေ့-အကောင်ယုတ်....အဲဒါ ဘာလဲ' လို့ မေးလိမ့်မယ်၊ 'ပိတ်ချင်းသီးတွေပါ ဘုရား'လို့ ခင်ဗျားလျှောက်ပါ၊ 'အေး.... ဒီအတိုင်းဘဲ ဖြစ်ပါလိမ့်မယ် အကောင်ယုတ်ရယ်'လို့ မထေရ်က ဆိုလိမ့်မယ်၊ အဲဒီအခါ ခင်ဗျား ပိတ်ချင်းသီးတွေဟာ မူရင်းအတိုင်း ပိတ်ချင်းသီးတွေဘဲ ပြန်ဖြစ်ကြပါလိမ့်မယ်"လို့ ညွှန်ကြားလိုက်တယ်။ အဲဒီ ညွှန်ကြားချက်အတိုင်း ပြုလုပ်တဲ့အခါ ပိတ်ချင်းသီးတွေ ပြန်ဖြစ်ကြပါသတဲ့။

အဲဒီလို အရှင်ပိလိန္ဒဝစ္ဆဟာ အပြောအဆို ကြမ်းတဲ့အတွက် အချို့ ပုထုဇဉ်ရဟန်းတွေက မြတ်စွာဘုရားကို ဟိုင်ကြား လျှောက်ထားကြတယ်။ 'ဒီဟာ့ မြတ်စွာဘုရားက ပိလိန္ဒဝစ္ဆဟာ ဘဝပေါင်း ငါးရာပတ်လုံး ဗြာဟ္မဏမျိုးမှာ ဖြစ်လာခဲ့လို့ သူတပါးကို ရှုန့်ရင်းစွာ ပြောတတ်တဲ့ ဝါသနာပါလာကြောင်း၊ ကိလေ

သာကုန်ခန်း ရဟန္တာဖြစ်နေတဲ့အတွက် စိတ်စေတနာရင်းကတော့ နှုးညံ့ဖြူစင်ကြောင်း စသည်ကို မိန့်ကြားတော်မူပါတယ်။

မြတ်စွာဘုရားမှာတော့ ဝါသနာလဲ ကင်းတယ်

မြတ်စွာဘုရားမှာတော့ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်တော်မူသည့် အချိန်ကစပြီး ရှေးရှေးကာလ ရှေးရှေးဘဝတွေမှ ပါလာခဲ့တဲ့ ကိုယ်လေသာအရှိန်အဝါ ဝါသနာတွေပါ ကင်းသွားတယ်။ ဒီနေရာမှာ ပြောလိုရင်းကတော့ ရဟန္တာပုဂ္ဂိုလ်တိုင်းဘဲ ကိုယ်လေသာ အာသဝေါတရားတွေ လုံးဝကင်းနေလို့ ကိုယ်လေသာတို့မှ ကင်းဝေးစင်ကြယ်တယ်လို့ အနက်အဓိပ္ပါယ်ရှိတဲ့ အရဟံဆိုတဲ့ ဘွဲ့အမည်ကို ရပါတယ်၊ ဒါပေမဲ့ ကိုယ်လေသာရှိစဉ်တုန်းက အလေ့အလာမျိုးလို့ အကျင့်ပါလာတဲ့ ဝါသနာကတော့ မကင်းဘဲ ရှိနေတတ်ပါတယ်။ မြတ်စွာဘုရားမှာတော့ ကိုယ်လေသာ အာသဝေါတရားတွေ ကင်းရုံမျှမကဘဲ အဲဒီ ဝါသနာပါ လုံးဝကင်းနေပါတယ်၊ ဒါကြောင့် အရဟံဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးကို အထူးသဖြင့် ရရှိတော်မူပါတယ်။ ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တပြိုင်နက် ဒီ ဘွဲ့ထူးဂုဏ်ထူးကို ရတော်မူခဲ့ပါတယ်။

အဲဒီ ဂုဏ်တော်ကို ဘုန်းကြီးက ဘုရားရှိခိုးအဖြစ်နဲ့ နှလုံးသွင်းဘိုရာ စီထားပါတယ်၊ အဲဒါဟာ ယခုမှ မဟုတ်ပါဘူး၊ ကြာလှပါပြီ၊ လွန်ခဲ့တဲ့အနှစ် ၃၀-ကျော်လောက်ကပါ၊ အဲဒီတုန်းက ဘုန်းကြီးက ဒီလို စဉ်းစားမိတယ်—"ငယ်ငယ်က ရထားတဲ့ ဘုရားရှိခိုးတွေက အင်မတန်နှုတ်တက်လွန်းအားကြီးနေတယ်၊ ဘုရားရှိခိုးတဲ့အခါမှာ စိတ်က နှလုံးမသွင်းရဘဲ နှုတ်က သူဟာသူ ဆိုဆိုသွားသလို ဖြစ်နေတယ်၊ စိတ်နဲ့ အထူးအာရုံပြုပြီးဆိုတဲ့အခါမှာ အစ ပျောက်ပျောက်လဲ သွားတတ်တယ်၊ ဒီတော့ ဘုရားရှိခိုး အာသစ်ပြောင်းဦးမှာဘဲ၊ ပြောင်းတော့လဲ 'ဣတိပိသော'ထဲမှာပါတဲ့ ဂုဏ်တော် ၉-ပါးအဖွင့်ရေးပြီး ပြောင်းမှာဘဲ၊ ပါဠိမပါဘဲ မြန်မာစကားပြင် သက်သက်ရေးပြီး ဘုရားရှိခိုးမယ်"လို့ ဒီလို စဉ်းစားပြီး ရေးစီခဲ့ပါတယ်၊ အဲဒီအတိုင်းလဲ ရှုတ်ဆို အာရုံပြုပြီး ဘုရားရှိခိုးနေပါတယ်။ အဲဒီမှာ အာရကာ-ပုဒ်မှ ပြီးတဲ့ အရဟံဂုဏ်တော်အတွက် ဒီလို စီထားပါတယ်—

ကိုလေသာ ရှိစဉ်က အလေ့အလာ အထုံဝါသနာနှင့်တကွ ကိုလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသော ကြောင့် ရဂေတော်မူသော အရဟံဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား... တဲ့။

မြတ်စွာဘုရား၏ သန္တာန်မှာ လောဘ ဒေါသ မောဟ အစရှိသော စိတ်အညစ်အကြေး ကိုလေသာတွေ တစွန်းတစ တမှုန်မျှ မရှိအောင် သန့်ရှင်းစင်ကြယ်နေတယ်၊ ကိုလေသာရဲ့ အရိပ်အရောင်သဖွယ်ဖြစ်တဲ့ ဝါသနာကောင် မရှိဘဲ ဝင်းဝင်းတောက် စင်ကြယ်နေပါတယ်၊ ဒါကြောင့် ဘယ်လိုကောင်းတဲ့ အာရုံနဲ့တွေ့ရသော်လဲ နှစ်သက်မှု သာယာမှု မဖြစ်ဘူး၊ နှစ်သက်သာယာတဲ့ အရိပ်အရောင်တောင် မပေါ်လာဘူး။ ဘယ်လိုမှုန်းဘွယ် ရှုံ့ဘွယ်ကောင်းတဲ့ အာရုံနဲ့ တွေ့ရသော်လဲ စိတ်ပျက်မှု မှုန်းမှု ရှုံ့မှု မဖြစ်ဘူး၊ စိတ်ဆိုးခြင်းရဲ့ အရိပ်အရောင်တောင် မပေါ်လာဘူး။ ဒါကြောင့် အဲဒီ ဂုဏ်တော်ဖွင့်ထဲမှာ—

"ကိုလေသာ ရှိစဉ်က အလေ့အလာ အထုံဝါသနာနှင့်တကွ ကိုလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသောကြောင့် ရဂေတော်မူတယ်" လို့ ဆိုထားပါတယ်။ မိုးစွန်ဘဝဂ် မဆန့်အောင် ပို့နှံ့တက်တယ်ဆိုတဲ့ အာဒိပ္ပါယ်ကိုတော့ နောက်ဆုံးကျမှ ပြောရမယ်။ ဂဲ အဲဒီဂုဏ်တော်ဖွင့်ကို ရှုတ်ဆိုပြီး ဘုရားကို အာရုံပြုကြဦးစို့—

ကိုလေသာ ရှိစဉ်က အလေ့အလာ အထုံဝါသနာနှင့်တကွ ကိုလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသောကြောင့် ရဂေတော်မူသော အရဟံဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက်ကျော်စောတော် မူပေသော မြတ်စွာဘုရား....။

အဲဒီမှာ ကိုလေသာအညစ်အကြေးတွေမှ ကင်းတယ်ဆိုတာ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာမှာ ပြထားတဲ့ ကိုလေသဝဋ်တွေ ကင်းတာပါဘဲ၊ ကိုလေသဝဋ် ကင်းတော့ ကမ္မဝဋ်, ဝိပါကဝဋ်တွေလဲ အကုန်လုံးကင်းတယ်။ ဒါကြောင့် ဒီအရဟံ

ဂုဏ်ပုဒ်ဖြင့် မြတ်စွာဘုရားမှာ ဝင့်သုံးပါးလုံး ကင်းတော်မူတယ်လို့ ပြပါတယ်။ ထို့အတူပင် ရဟန္တာပုဂ္ဂိုလ်များမှာလဲ အရဟံဆိုတဲ့ သာမညအမည်ကို ရတော်မူကြတဲ့အတွက် ဝင့်သုံးပါးလုံး ကင်းတာချည်းဘဲ။ ဒါကြောင့် ဘုရားရဟန္တာပုဂ္ဂိုလ်များမှာ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ဇာတိ ဇရာ မရဏ အစရှိတဲ့ ဝိပါကဝင့်တွေ မဖြစ်ပေါ်လာတော့ဘဲ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းသွားတယ်။ ရဟန္တာအဖြစ်သို့ မရောက်သေးတဲ့ ဝေနေယျသတ္တဝါဟူသမျှလဲ ပဋိစ္စသမုပ္ပါဒ်ဘဝစက်မှ ကိလေသဝင့် ချုပ်ငြိမ်းအောင် ဝိပဿနာ ရှုခြင်းဖြင့် နည်းတူပင် တနေ့တချိန်မှာ ရဟန္တာဖြစ်ပြီး ဝင့်ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းစေရမှာချည်းဘဲ။

(၂) အရဟံဂုဏ်တော်

ယခု (၂) အရိ+ဟ-မှ ဖြစ်လာတဲ့ အရဟံ-ပုဒ်ရဲ့ အနက်ကို ပြောရမယ်။အရိ=ကိလေသာရန်သူတို့ကို၊ ဟန္တ-ဟ=ပယ်သတ်တော်မူပြီးသောကြောင့် အရဟံမည်တော်မူပါတယ်တဲ့။ လူတွေက သူခိုး ဒမြ လူဆိုး ပြေ့ ကင်း သစ် ကျား အစရှိတဲ့ အပြင်ရန်သူကိုသာ သိပြီး ကြောက်လေ့ ရှိကြတယ်၊ မိမိတို့ကိုယ်တွင်းမှာ ရှိနေတဲ့ ရန်သူကိုတော့ မသိလို့ မကြောက်ကြဘူး၊ အမှန်အားဖြင့်တော့ ကိုယ်တွင်းရန်သူကမှ သာပြီး ကြောက်စရာ ကောင်းတာ၊ ဘယ်လို ရန်သူတွေလဲဆိုယင် မိမိတို့ကိုယ်ထဲမှာ ရှိနေတဲ့ ရုပ်နာမ်ခန္ဓာတွေနဲ့ ကိလေသာတွေပါဘဲ၊ ယခုသတ္တဝါတွေ အိုရ နာရ သေရ ကိုယ်ဆင်းရဲရ စိတ်ဆင်းရဲရနဲ့ ဒုက္ခရောက်နေကြတာဟာ ဒီရုပ်နာမ် ခန္ဓာတွေနဲ့ ကိလေသာတွေ ရှိနေလို့ပါဘဲ၊ဒီဟာထဲမှာလဲ ကိလေသာတွေက အရင်းခံဘဲ၊ ကိလေသာတွေ ရှိနေလို့ ဘဝအသစ်အသစ် အဖန်ဖန် ဖြစ်နေကြရတယ်၊ ဖြစ်ရာ ဖြစ်ရာ ဘဝတိုင်းမှာ အိုရ နာရ သေရ အစရှိသော ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံခံစားနေကြရတယ်၊ ဒါကြောင့် ကိလေသာတွေဟာ ကြောက်စရာအကောင်းဆုံး ရန်သူတွေဘာ။ အဒ ကိလေသာတွေက ဘယ်ဟာတွေလဲ ဆိုယင် (၁) လောဘ=လိုချင်နှစ်သက်မှု၊ (၂) ဒေါသ=စိတ်ဆိုးပြစ်မှားမှု၊ (၃) မောဟ=မသိမှု-သိမှားမှု၊ (၄) မာန=တက်ကြွ ထောင်လွှားမှု-အထင်ကြီးမှု၊ (၅) ဒိट्ठ=အမြင်မှား အယူမှားမှု၊ (၆) ဝိစိကိစ္ဆာ=ယုံမှားမှု၊ (၇) ထိန=ထိုင်းမှိုင်းပျင်းရိမှု၊ (၈) ဥद्ध စ=ပျံ့လွင့်မှု၊ (၉) အဟိရိက=အကုသိုလ်မှ မရှက်မှု၊ (၁၀) အနောတ္တပ=အကုသိုလ်မှ မကြောက်လန့်မှုဆိုတဲ့ ဒီ ၁၀-ပါးပါဘဲ။ ကြောက်စရာ

အကောင်းဆုံး ဖြစ်တဲ့ ဒီကိလေသာရန်သူ ၁၀-ပါးကို မြတ်စွာဘုရားဟာ အရ-ဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်တော်မူခဲ့ပါတယ်၊ ဒါကြောင့်လဲ အရဟံ ဆိုတဲ့ ဂုဏ်တော်ကို ရတော်မူပါတယ်၊ အဲဒါကိုလဲ ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလို စိတ်ထားပါတယ်—

လောဘကိလေသာ, ဒေါသကိလေသာ, မောဟကိလေသာ, မာန-ကိလေလာ, ဒိဋ္ဌိကိလေသာ, ဝိစိကိစ္ဆာကိလေသာ, ထိနကိလေသာ, ဥဒ္ဓစ္စကိလေသာ, အဟိရိကကိလေသာ, အနောတ္တပ္ပကိလေသာ တည်းဟူသော သရုပ်အားဖြင့် ကိလေသာ ဆယ်ပါး၊ အကျယ်ပွါးလျှင် တဏှာင့်ငါးရာ ပျားလှစ္စာသော ကိလေသာ ရန်သူတို့ကို အရဟတ္တမဂ် ဓားလက်နက်ဖြင့် အကြွင်းမဲ့ ခုတ်ဖြတ် ပယ်သတ်တော်မူပြီးသောကြောင့် ရတော်မူသော အရ-ဟံ ဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှုံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား....တဲ့။

ကဲ—အဲဒါကို ဆိုကြရမယ်—

လောဘ ကိလေသာ။ ပ။ နှုံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား....။

တဏှာင့်ငါးရာ ကိလေသာ

အဲဒီမှာ ကိလေသာတွေဟာ အသီးအသီး သရုပ်တရားကိုယ်အားဖြင့်တော့ ၁၀-ပါးဘဲ ရှိပါတယ်။ ဒါပေမဲ့ ဒီ ကိလေသာတွေက မိမိသန္တာန်က ရုပ်နာမ်တွေကိုလဲ အာရုံပြုပြီး ဖြစ်တယ်၊ သူတပါးသန္တာန်က ရုပ်နာမ်တွေကိုလဲ အာရုံပြုပြီး ဖြစ်တယ်။ မိမိသန္တာန်က ရုပ်နာမ်တွေဆိုတာကလဲ စိတ်စေတသိက် နာမ်တရားက ၅၃-ပါး၊ နိပ္ဖန္နရုပ်ဆိုတာက ၁၈-ပါး၊ အာကာသဓာတ်က ၁-ပါး၊ ဇာတိ ဇရတာ အနိစ္စတာ ဆိုတဲ့ လက္ခဏာရုပ်က ၃-ပါး၊ (ဥပစယနှင့် သန္တတိကို ပေါင်းတွက်ထားသည်၊ အနုဋ္ဌီ ၁၊၁၉) အဲဒါ အားလုံး ပေါင်း ၇၅-ပါး ရှိတယ်။ သူတပါးသန္တာန်ကလဲ ၇၅-ပါးဘဲ၊ အဲဒါ ၂-ရပ်ပေါင်းလျှင် ၁၅၀-ရှိတယ်၊ အဲဒီ ရုပ်နာမ်

၁၅၀-ထဲက တပါးတပါးကို အာရုံပြုပြီး ကိလေသာ ၁၀-ပါး ၁၀-ပါး ဖြစ်နိုင်တယ်၊ ဒါကြောင့် အဲဒီသန္တာန် ၂-ရပ်က ရုပ်နာမ်အာရုံ ၁၅၀-ကို ကိလေသာ ၁၀-ပါးနှင့် မြှောက်ပွါးလိုက်ယင် ကိလေသာ ၁၅၀၀-ဖြစ်ပါတယ်။ အဲဒါကို တိုတိုနဲ့မှတ်ထားချင်ယင် "နာမ်-နိ-အာ-လက်၊ ပေါင်းလျက် တည်ထား၊ သန်-ကိ ပွါး၊ မှတ်သား ထောင့်ငါးရာ"လို့ မှတ်ထားကြရမယ်၊ ကိလေသာ တထောင့်ငါးရာ တွက်ပုံ တွက်နည်းတွေကတော့ ဒီပြင်လဲ ရှိပါသေးတယ်၊ ဒါပေမဲ့ အဲဒီနည်းတွေကတော့ ဒီနည်းလို ပြောဘို့ မှတ်ဘို့ မလွယ်ဘူး။

အမှတ် (၃) အရ+ဟ-မှ ဖြစ်လာတဲ့ အရဟံ ပုဒ်ကတော့ ဒီမှာ ပြောလိုရင်း ဖြစ်ပါတယ်၊ တော်တော်မျှားမျှားလဲ ပြောရလိမ့်မယ်၊ ဒါကြောင့် နောက်ဆုံး ကျမှ ပြောရမယ်။

(၄) အရဟံဂုဏ်တော်

အမှတ် (၄) အရဟန္တ-ပုဒ်မှ ဖြစ်လာတဲ့ အရဟံ-ပုဒ်၏ အနက်ကတော့ "အရဟတိတိ=ထိုက်တန်တော်မူသောကြောင့်။ အရဟံ=အရဟံ မည်တော်မူ၏"လို့ ဆိုတဲ့ ဝစနတ္ထနှင့်အညီ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့က လှူဒါန်း ပူဇော်တဲ့ ပစ္စည်းကို အလှူခံရန် ထိုက်တန်တော်မူတယ်၊ အရိုအသေပြုခြင်း ပူဇော်ခြင်းအထူးကိုခံရန် ထိုက်တန်တော်မူတယ်လို့ ဆိုလိုပါတယ်။ လောကမှာ လူတွေက ပေးလှူပူဇော်ကြတယ်၊ အရိုအသေပြုကြတယ် ဆိုတာဟာ ရည်ရွယ်ချက် မြှော်လင့်ချက် ရှိကြပါတယ်၊ ဘယ်လိုလဲဆိုယင် ချမ်းသာကြီးပွါး ကောင်းစားချင်တဲ့ ရည်ရွယ်ချက် မြှော်လင့်ချက်တွေပါဟဲ့၊ မထိုက်တန်တဲ့ ပုဂ္ဂိုလ်ကို လှူဒါန်းပူဇော်ယင် အရိုအသေပြုယင် ရည်ရွယ် မြှော်လင့်တဲ့အတိုင်း အကျိုး မရဘူး၊ ပစ္စည်းကုန် လူပန်းရုံမျှသာ ရှိပါတယ်။ မြတ်စွာဘုရားမှာတော့ လွန်ကဲ ထူးမြတ်တဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ် ကျေးဇူးတွေနဲ့ လုံးဝညီသုံ ပြည့်စုံတော်မူတဲ့အတွက် မြတ်စွာဘုရားအား ပေးလှူ ပူဇော်ယင် အရိုအသေပြုယင် အဲဒီ ပုဂ္ဂိုလ်တွေမှာ မိမိတို့ရည်ရွယ်ချက်အတိုင်း ချမ်းသာကြီးပွါး ကောင်းစားခြင်း အကျိုးတွေကို အပြည့်အဝ ရကြပါတယ်၊ အဲဒီလို ရည်ရွယ်ချက် အပြည့်အဝ ရစေနိုင်တဲ့ ဂုဏ်ထူးတွေနဲ့ ပြည့်စုံကော်မူ

သောကြောင့် မြတ်စွာဘုရားဟာ ပူဇော်အထူးကို ခံထိုက်တဲ့ အရဟံ မည်တော်မူပါတယ်၊ အဲဒါကိုလဲ ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလို စီထားပါတယ်—

လွန်ကဲထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူမင်းနတ်မင်း ဗြဟ္မာမင်းဟု ကမ္ဘာအတွင်း၌ သမ္ဘာရင်းထူ ဂုဏ်လင်းသူတို့မှ စ၍ အနန္တမဆုံး လောကကြီးတခုလုံး၏ ညွှတ်ရိုးဖူးမြော် ပူဇော်ခြင်း ဝိသေသ ထူးမြတ်သော သက္ကာရတို့ကို တောင့်တတဲ့ ချမ်းသာ လိုရာရာ အကျိုးများဖြင့် တိုးပွါးမသွေ ချမ်းသာစေ ရည်မြော်လျက် ခံယူတော်မူထိုက်သောကြောင့် ရတော်မူသော အရဟံ-ဟူသော အမည်တော်နှင့် ဝိသေသဂုဏ်တံဆိပ်ဖြင့် မိုးစွန်ဘဝက် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား....တဲ့။

အဲဒီမှာ "ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍" ဆိုတဲ့ ပုဒ်ကို "ခံယူတော်မူထိုက်သောကြောင့်"ဆိုတဲ့ပုဒ်နှင့် ဆက်စပ်ပြီး ပေါ်ရမယ်၊ **သမ္ဘာရင်းထူ** ဆိုတာက ပုညသမ္ဘာရ-ခေါ်တဲ့ ကောင်းမှု အဆောက်အဦတွေ များပြားထူပြောတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုလိုပါတယ်၊ **လောကကြီးတခုလုံး**ဆိုတာက သတ္တဝါ**လောကကြီး**တခုလုံး သတ္တဝါတွေအကုန်လုံးလို့ ဆိုလိုပါတယ်။ ကဲ အဲဒီ ဂုဏ်တော်ဖွင့်ကို ရှုတ်ထိုပြီး အာရုံပြုကြဦးစို့—

လွန်ကဲထူးမြတ်သော သီလဂုဏ်။ပ။မှုပေသော မြတ်စွာဘုရား....။

(၅) အရဟံဂုဏ်တော်

အမှတ် (၅) အ+ရဟမ် ဖြစ်လာတဲ့ အရဟံပုဒ်၏ အနက်ကတော့ "ဆိတ်ကွယ်ရာမရှိဘူး"လို့ ဆိုလိုပါတယ်။ စိတ်နှလုံး မစင်ကြယ်တဲ့ သူတွေဟာ အမျိုး၏ မျက်မှောက်မှာတော့ ကဲ့ရဲ့ဘွယ်မရှိအောင် အစစအရာရာ စောင့်စည်းနေတယ်၊ သူဘော်ကောင်းယောင်ဟန်ဆောင်နေပေးယဲ့ သူတပါး မမြင်လောက် မကြားလောက် မသိလောက်ဘူးလို့ ထင်ရတဲ့ မျက်ကွယ်ကျတော့ သူပင်ကိုယ်ရင်း စိတ်သဘောအတိုင်း မတော်တာတွေ့ မကောင်းမှုတွေကိုပြုတယ်၊ ဥပမာ

သူခိုးတွေဟာ ရဲအစောင့်အရှောက်တွေ, လူအများတွေ မမြင်နိုင် မသိနိုင်ဘူးလို့ ထင်ရတဲ့ နေရာမှာ ခိုးတတ်တယ်၊ လူငယ်သူငယ်တွေဟာ လူကြီး, မိဘတွေ မမြင်လောက်တဲ့နေရာမှာ သူတို့အလိုရှိရာတွေကို ပြုလုပ်တတ်တယ်၊ လူကြီး, လူကောင်းတွေဆိုတာလဲ အများ မမြင်လောက်တဲ့ နေရာမှာ မတော်မသင့်တာကို ပြုလုပ်တာရှိတတ်တယ်၊ အဲဒါဟာ ဃရာဝါသ-အိမ်ထောင်မှုက ထင်ရှားသက်သေ ခံနေပါတယ်၊ ဒီ စကားပုံ ထည့်ပြောရတာကတော့ တခြားကြောင့် မဟုတ်ပါဘူး၊ ဘုန်းကြီး ရဟန်းငယ်ဘဝတုန်းက လူတယောက်က သူ့မှာ ဆိတ်ကွယ်ရာ၌ မကောင်းမှုပြုတာ မရှိဘူးလို့ဆိုပြီး သူက ဒီ အရဟံဂုဏ်တော်ကို ထူးခြားတယ်လို့ မထင်ဘဲ ရှိနေတာကို တွေ့ဘူးတဲ့အတွက် ပြောရခြင်းဖြစ်ပါတယ်၊ တချို့လူတွေက မသိနားမလည်ယင် အလဲအမှားတွေကို အဟုတ်ထင်နေ တတ်ပါတယ်၊ ကိုယ့်မှာရှိနေတဲ့ အပြစ်ကိုလဲ မမြင်တတ်ဘူး၊ သူတပါးမှာ ရှိနေတဲ့ ဂုဏ်ကိုလဲ မမြင်တတ်ဘူး။ ရသေ့, ရဟန်း, သူတော်ကောင်းပညာရှိလို့ ဝန်ခံနေတဲ့ ပုဂ္ဂိုလ်တွေမှာ စိတ်မစင်ကြယ်ယင် ဒီလို မျက်ကွယ်မှာ မတော်တာတွေကို ပြုတတ်ကြပါတယ်။

အမှန်ကတော့ မျက်ကွယ် ဆိတ်ငြိမ်ရာအရပ်ဆိုတာ မရှိပါဘူး၊ လူတွေက မမြင်ပေမဲ့ နတ်တွေက မြင်နေတာပါဘဲ၊ ဒါကြောင့် အရှင်သုဒိန် ပဌမပါရာဇိကအမှုကို ပြုစဉ်က မြေတည်နတ်မှုစပြီး နတ်တွေက မြင်တွေ့လို့ ကြားကြောက်လိုက်ကြတာ တခဏချင်း ဗြဟ္မာ့ပြည် ရောက်သွားတယ်လို့ ဆိုပါတယ်။ နောက်ပြီးတော့ လူတွေ, နတ်တွေ ဘယ်သူမှ မမြင်နဲ့ဦးတော့ ကိုယ့်ဟာကိုယ်တော့ သိနေတာဘဲ၊ အဲဒါဟာ အကောင်းဆုံး အခိုင်လုံဆုံး သက်သေလို့ ဆိုပါတယ်၊ ဒါ့ကြောင့် အပါယ်လားကြောင်းကံကို ပြုထားယင် ဘယ်သူမှ မသိပေမဲ့ ကိုယ့်ဟာကိုယ် သိနေတဲ့အတွက် သေခါနီးမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ထင်ပြီး အပါယ်ဘဝ ကျရောက်သွားနိုင်ပါတယ်၊ အဲဒါ ကိုယ့်ဟာကိုယ် သက်သေခံသွားတာပါဘဲ။

မြတ်စွာဘုရားမှာတော့ စိတ်အညစ်အကြေး ကိလေသာဟူသမျှကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်တော်မူပြီးဖြစ်တဲ့ အတွက် စိတ်နှလုံးတော် အခါခပ်သိမ်း အမြဲတမ်း စင်ကြယ်နေပါတယ်၊ မကောင်းမှုကိုပြုလိုတဲ့စိတ်, ကြံလိုတဲ့စိတ်ဆို

တာ လုံးဝမရှိပါဘူး။ ဒါကြောင့် အမျှားရဲ့ မျက်မှောက်မှာ ကိုယ်နှုတ်နှလုံး သုံးပါးလုံး စင်ကြယ်နေသလို ကပါးတည်း သီတင်းသုံးနေတဲ့ အခါလဲ စင်ကြယ်နေပါတယ်၊ ဆိတ်ကွယ်ရာကို အလိုမရှိဘူး၊ ဆိတ်ကွယ်ရာရယ်လို့ အထူးမရှိဘူး၊ အမြဲတမ်းစင်ကြယ်နေတာဘဲ။ ဒါကြောင့် "အရဟံ=ဆိတ်ကွယ်ရာမရှိဘူး" ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးကို ရရှိတော်မူတယ်။ အဲဒါကိုလဲ ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလို စီးပြားပါတယ် —

> မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ငြိမ်ကွယ်ရာ မရှိကော် မူသောကြောင့် ရတော်မူသော **အ-ရဟံ-ဟူ**သော အမည်ခေါ်နှာမ ပေါ်သောဂုဏ်တံခွန်ဖြင့် မိုးစွန် ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား ...တဲ့။

ဒါလဲ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာမှ ကိလေသဝဋ်ကင်းနေတဲ့ အကြောင်းကို ထင်ရှားပြတဲ့ ဂုဏ်တော်ပါဘဲ၊ **အ**လွန်ကြည်ညိုဘွယ် ကောင်းလှပါပေတယ်။ အဲဒါကို ရှုတ်ဆိုပြီး ကြည်ညိုကြဦးစို့—

> မျက်မှောက် မျက်ကွယ်။ပ။မူပေသော မြတ်စွာဘုရား....။

(၃) အရဟံဂုဏ်တော်

ယခု **အ**မှတ် (၃) လိုရင်းဂုဏ်ပုဒ်ကို ပြောရမယ်။ လှည်းဘီး ရထားဘီး စက်ဘီးများ၏ ထောက် (စပုတ်) တိုင်ကို ပါဠိလို 'အရ'လို့ ခေါ်ပါတယ်။ ဟန္တ=ဟ-ပုဒ်က ဖျက်တယ်လို့ အနက်ရှိတယ်။ အရ-နဲ့ ဟ ပေါင်းလိုက်တဲ့ အခါ **အ**ရဟံ=ဘီး၏ ထောက်-**အ**ကန့်တို့ကို ခုတ်ဖြတ်ဖျက်ဆီးတယ်လို့ အနက်ရတယ်၊ ဘယ်လို ထောက်-အကန့်တွေကို ဘယ်လိုခုတ်ဖြတ် ဖျက်ဆီးသလဲဆိုယင် ပဋ္ဌိစ္စသမုပ္ပါဒ် သံသရာစက်ဘီး၏ ထောက်-အကန့်တွေကို **အ**ရဟာတ္တမဂ်ဉာဏ်သန်လျက်ဖြင့် ခုတ်ဖြတ်ဖျက်ဆီးတော်မူပါတယ်။

ဖျက်ဆီးပုံကတော့- ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာမှာလာတဲ့ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ဆိုတဲ့ ဝဋ်သုံးပါး တလှည့်စီ မပြတ်လည်ပြီး ဖြစ်နေတာကို သံသရာစက်-လို့ ခေါ်ပါတယ်၊ အဲဒီ သံသရာစက်ဘီးမှာ အဝိဇ္ဇာက မူလရင်းဖြစ်

သောကြောင့် ဘီး၏ ပုံတောင်းနဲ့ တူပါတယ်၊ ဇရာမရဏကတော့ အဆုံးစွန် ဖြစ်သောကြောင့် ဘီး၏ ဘေးပတ်လည် အဝိုင်း-အကွပ်နဲ့ တူပါတယ်၊ သခ်ါရမှ ဇာတိကျအောင် အလယ်ပိုင်း အင်္ဂါ ၁၀-ပါးကတော့ ဘီး၏ထောက်တိုင် (အကန့်)တွေနဲ့တူပါတယ်။ လှည်းဘီး, ရထားဘီး စက်ဘီးများဟာ အလည်က ထောက်တိုင်တွေ ကျိုးပြတ်ကုန်ယင် ပုံတောင်းနဲ့ အကွပ်တခြားစီ ဖြစ်ပြီးမလိမ့်နိုင်, မလည်နိုင်, မသွားနိုင်တော့ဘူး၊ အဲဒါလိုဘဲ ဒီပဋိစ္စသမုပ္ပါဒ် သံသရာစက်ဘီးကြီးမှာလဲ ပုံ တောင်းသဖွယ် ဖြစ်တဲ့ အဝိဇ္ဇာနဲ့ အကွပ်သဖွယ်ဖြစ်တဲ့ ဇရာမရဏတို့ကို ဆက်သွယ်ပေးတဲ့ သခ်ါရမှ ဇာတိကျအောင် အလယ်ပိုင်းတရားတွေကို ပယ်ဖျက်လိုက်ယင် မလည်နိုင်တော့ပါဘူး။ အဲဒီလို သံသရာစက်ကြီး မလည်နိုင်အောင် ထောက်အကန့်နဲ့တူတဲ့ သခ်ါရ အစရှိသော အလယ်ပိုင်းက အင်္ဂါတွေကို မြတ်စွာဘုရားက အရဟတ္တမဂ် ဉာဏ်တော်ဖြင့် စွန့်ပယ် ဖျက်ဆီးတော်မူပါတယ်။ အဲဒါကို ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလိုစီထားပါတယ်—

> ပုံတောင်းတူစွာ အဝိဇ္ဇာတရပ် အကွပ်ပမာ ဇရာမရဏ ပတ်လည် ခသည့် ပဋိစ္စသမုပ္ပါဒ် ရဟတ်သံသရာ ဘီးစကြာဝဠာ သခ်ါရမှ ဇာတိကျအောင် အလယ်က ဆယ်တန့် ထောက်အကန့်တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် မဆက်မစပ် အကုန်လုံးပြတ်အောင် ခုတ်ဖြတ်ဖျက်ဆီး စွန့်ပယ်တော်မူပြီးသောကြောင့် ရတော်မူသော အရ-ဟံ ဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝက် မဆန့်တက်အောင် နှံ့လျက်ကျော်စောတော်မူပေသော မြတ်စွာဘုရား....တဲ့။

အဲဒီမှာ အလယ်က ဆယ်တန့် ထောက်-အကန့်တွေဆိုတာ (၁) သခ်ါရ၊ (၂) ဝိညာဏ်၊ (၃) နာမ်ရူပ်၊ (၄) သဠာယတန၊ (၅) ဖဿ၊ (၆) ဝေဒနာ၊ (၇) တဏှာ၊ (၈) ဥပါဒါန်၊ (၉) ဘဝ၊ (၁၀) ဇာတိ ဆိုတဲ့ ဒီဆယ်ပါးပါဘဲ။ ဒီနေရာမှာ သခ်ါရမှ ဇာတိကျအောင် အလယ်က အင်္ဂါ၁၀-ပါးကို ပယ်တယ်ဆိုတော့ အဝိဇ္ဇာနဲ့ ဇရာမရဏကတော့ ကျန်နေပါသေးသလား—လို့ မေးစရာရှိပါတယ်။ အဲဒီ ၂-ပါးလဲ မကျန်ပါဘူး၊ ဇာတိကို ပယ်လိုက်ယင် ဇရာမရဏဆိုတာလဲ မရှိနိုင်တော့ဘူး၊ ဝိညာဏ် နာမ်ရူပ် စသည်ကို ပယ်လိုက်ယင် အဝိဇ္ဇာလဲ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမဲ့ အရဟံပုဒ်ထဲမှာပါတဲ့ "အရ"သဒ္ဒါကထောက်

တိုင်လို့သော အနုက်ရှိတဲ့အတွက် ထောက်–တိုင်နဲ့တူတဲ့ အလယ်က အင်္ဂါဆယ်ပါးကို ဖျက်ဆီးကယ်လို့သော ဆိုရခြင်းဖြစ်ပါတယ်၊ ဝေါဟာရမျှပါဘဲ၊ စင်စစ်အားဖြင့် ကျရောက်တဲ့ အနုက်ကတော့ အလယ်ကအင်္ဂါတွေမရှိယင် အဝိဇ္ဇာနဲ့ ဇရာမရဏတို့လဲ မဖြစ်နိုင်တော့တဲ့အတွက် ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါ၁၂-ပါးလုံးကို ပယ်ဖျက်တယ်လို့ဘဲ ဆိုလိုခြင်း ဖြစ်ပါတယ်။

ထောက်အကန့်တို့ကို ပယ်ဖျက်ပုံ

ပယ်ပုံအားဖြင့် ပြောရမယ်ဆိုယင် ကိလေသဝဋ္ဋထဲမှာ မူလရင်း အချုပ်အခြာဖြစ်တဲ့ အဝိဇ္ဇာကစပြီး ပယ်ရပါတယ်၊ အဲဒီ အဝိဇ္ဇာကို မပယ်နိုင်ယင်တော့ အဲဒီ အဝိဇ္ဇာကြောင့် သင်္ခါရ ပိညာဏ် အစရှိတဲ့ နောက်လိုက် အင်္ဂါတွေ အကုန်လုံး ဖြစ်ပွါးသွားမယ်။ ဘယ်လိုလဲဆိုယင် အပါယ်၄-ပါး, လူ, ဘဝ, နတ်ဘဝဆိုတဲ့ ကာမဘဝဋ္ဌ မသိမှု–သိမှားမှု အဝိဇ္ဇာရှိလျှင် ကာမဘဝကို ဖြစ်စေတတ်တဲ့ ကာမကုသိုလ် အကုသိုလ်ကံ သင်္ခါရတွေဖြစ်တယ်၊ ဒါနသီလ အစရှိသော ကာမကုသိုလ်ကံတွေ, ပါဏာတိပါတ အစရှိသော အကုသိုလ်ကံတွေပါဘဲ။ အဲဒီကံ သင်္ခါရကြောင့် ကာမဘဝဋ္ဋ ပဋိသန္ဓေဝိညာဏ် ဖြစ်တယ်၊ အပါယ်၄-ပါး ပဋိသန္ဓေ, လူ့ပဋိသန္ဓေ, နတ်ပဋိသန္ဓေ, ဝိညာဏ်တွေပါဘဲ။ အဲဒီ ပဋိ-သန္ဓေ ဝိညာဏ်ဖြစ်ယင် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရား၄-ပါးလဲ ဖြစ်တော့တာဘဲ။ အဲဒီလို အကျိုးတရားတွေ ဖြစ်နေချိန်မှာ မသိမှု–သိမှားမှု အဝိဇ္ဇာ ဖြစ်ပြန်လျှင် တဏှာ ဥပါဒါန်ဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်းတရားတွေလဲ ဖြစ်ဦးမယ်၊ တဖန် ကမ္မဘဝကြောင့် အနာဂတ်ဘဝဋ္ဌ ဇာတိ ဇရာမရဏလဲ ဖြစ်သွားဦးမယ်။ ဒါက ကာမဘဝကို မသိတဲ့ အဝိဇ္ဇာမှ စပြီး သံသရာစက် လည်သွားပုံဘဲ။

နောက်ပြီးတော့ ရူပဗြဟ္မာဘဝဋ္ဌ မသိမှု–သိမှားမှု အဝိဇ္ဇာရှိလျှင် အဲဒီ ရူပဘဝဖြစ်စေတဲ့ ရူပစျာန် ကုသိုလ်သင်္ခါရတွေကို ဖြစ်အောင် အားထုတ်တယ်၊ အဲဒီ ရူပစျာန် သင်္ခါရကြောင့် ရူပဗြဟ္မာဘဝဋ္ဌ ပဋိသန္ဓေဝိညာဏ် ဖြစ်တယ်။ အဲဒီ ဝိညာဏ်နှင့်အတူ နာမ်ရုပ် အာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုး၄-ပါးလဲ ဖြစ်တယ်၊ အဲဒီ အကျိုးတရားတွေကို အနိစ္စ စသည်ဖြင့် အမှန်အတိုင်း

မသိတဲ့ အဝိဇ္ဇာဖြစ်ပြန်လျှင် တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်း တရားတွေလဲ ဖြစ်မယ်၊ အဲဒီ ကမ္မဘဝကြောင့် အနာဂတ်ဘဝ၌ ဇာတိ ဇရာ မရဏ ဆိုတဲ့ အကျိုးတရားတွေလဲ ဖြစ်သွားမယ်။ အဲဒီလို ဖြစ်ပုံကို ဗဟုဗြဟ္မာ ကြီးဝတ္ထုဖြင့် သိနိုင်ပါတယ်။

ဗဟုဗြဟ္မာဝတ္ထု

ပဌမစျာန် ဗြဟ္မာ့ဘုံမှာ ဗဟုဆိုတဲ့ မဟာဗြဟ္မာကြီးရှိတယ်၊ သူက ရှေးဘဝ တုန်းက ရသေ့ပြုပြီး ကသိုဏ်း ပရိကံကိုပြုလို့ စတုတ္ထစျာန်ကို ရခဲ့ဝယ်၊ အဲဒီ စျာန် သခ်ါရ၏အစွမ်းကြောင့် ဝေဟပ္ဖုလ်ခေါ်တဲ့ စတုတ္ထစျာန်ဘုံမှာ ဖြစ်ခဲ့တယ်၊ အဲဒီ ဘုံမှာ ကမ္ဘာပေါင်း ငါးရာပတ်လုံး တည်နေခဲ့တယ်။ အဲဒီ ဘဝမှာ တတိယ စျာန်ကို ပွါးစေခဲ့လို့ အဲဒီ ဘဝမှ စုတေတဲ့အခါ သုဘကိဏ္ဏာ ဆိုတဲ့ တတိယ စျာန်ဘုံမှာ ဖဏ-ကမ္ဘာ အသက်ရှည်တဲ့ ဗြဟ္မာကြီးဖြစ်ခဲ့တယ်။ အဲဒီ ဘဝမှာလဲ ဒုတိယစျာန်ကို ပွါးစေခဲ့လို့ အဲဒီဘုံမှ စုတေတဲ့အခါ အာဘဿရာ ဆိုတဲ့ ဒုတိယ စျာန်ဘုံမှာ ရှစ်ကမ္ဘာ အသက်ရှည်တဲ့ ဗြဟ္မာကြီး ဖြစ်ခဲ့ပြန်တယ်။ အဲဒီ ဘဝ မှာလဲ ပဌမစျာန်ကို အထူးအပြုတဲ့ ပွါးစေခဲ့တဲ့အတွက် အဲဒီဘုံမှ စုတေတဲ့အခါ ပဌမစျာန်ဘုံမှာ မဟာဗြဟ္မာကြီး ဖြစ်နေပါတယ်။ အစ ပဌမတုန်းကတော့ မည်သည့် ကုသိုလ်ကြောင့် မည်သည့်ဘုံမှာ ဖြစ်ခဲ့ရတယ်၊ မည်မျှ အသက်ရှည် ခဲ့တယ်ဆိုတာ သိခဲ့တယ်၊ ကာလကကြာတော့ အဲဒါကိုမေ့ပြီး သူ့ဘဝဟာ မအို, မသေ, ထာဝရမြဲနေတယ်လို့ အထင် အယူရှိလာပါသတဲ့။ အဲဒါကို မူလပဏ္ဏာသ ပါဠိ(၄၀၁)မှာ ဒီလို ပြထားပါတယ်—

ဘိက္ခဝေ၊ ရဟန်းတို့။ တဲနု ခေါ် ပန သမယေန၊ ထိုသို့ ငါသည် ဥက္ကဋ္ဌမြို့ အနီး သုဘဂ တောင် သီတင်းသုံးနေစဉ်ကာလ၌။ ဗကဿ ဗြဟ္မုနော၊ ဗက ဗြဟ္မာအား။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ပါပကံ၊ ယုတ်ညံ့သော။ ဒိဋ္ဌိ-ဂတံ၊ အယူမှားသည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်၏။ ဣဒံ နိစ္စံ၊ ဤကိုယ် ဤ ဌာနသည် မြဲ၏။ ဣဒံ ဓုဝံ ဣဒံ သဿတံ၊ ဤ ကိုယ် ဤဌာနသည် ခိုင်ခံ့၏ အမြဲတမ်းတည်၏။ ဣဒံ ကေဝလံ၊ ဤကိုယ် ဤဌာနသည် လိုးလေသေးမရှိ ပြည့်စုံ၏။ ဣဒံ အစဝနမမ်ံ၊ ဤကိုယ် ဤဌာနသည် စုတေခြင်း သေခြင်းသဘော

မရှိ။ ဣဒံ နိ ဇာယတိ နိ ဇီယတိ နိ မီယတိ၊ ဤကိုယ် ဤဌာနသည် မဖြစ်, မအို, မသေ။ နိ စဝတိ နိ ဥပပဇ္ဇတိ၊ မစုတေ ကပ်ရောက်၍ မဖြစ်။ ဣတော စ ပနညံ ဥတ္တရိ နိဿရဏံ နတ္ထိ၊ ဤကိုယ် ဤဌာနမှ တခြားတပါးသော ထွက်မြောက်ရာလည်း မရှိတော့ပြီ။ ဣတိ၊ ဤသို့ အယူမှား ဖြစ်ပေါ်၏–လို့ ပြဆိုထားပါတယ်။

အဲဒီအခါမှာ အဲဒီ ဗြဟ္မာကြီး၏ မိစ္ဆာအယူကို ဖြေရှင်းပယ်ဖျောက်ဖို့ မြတ်စွာဘုရားက အဲဒီ ဗြဟ္မာ့ဘုံကို အဘိညာဉ်တန်ခိုးဖြင့် ကြွတော်မူပါတယ်။ အဲဒီ ရောက်တဲ့အခါကျတော့ ဗကဗြဟ္မာကြီးက မြတ်စွာဘုရားကို ဒီလို ဖိတ်ခေါ်ပါတယ်၊ "လာပါ အရှင်ဂေါတမ....ကောင်းသော လာခြင်းပါဘဲ၊ ဒီကို လာတို့အလှည့်က နောက်ကျသကိုး၊ ဒီဘုံဌာနက မြဲပါတယ် ခိုင်ခံ့ပါတယ်၊ အမြဲတမ်း တည်နေပါဘယ်၊ လိုလေသေးမရှိ ပြည့်စုံပါတယ်၊ စုတေခြင်းသဘော မရှိပါ၊ ဒီဘုံဌာနမှာ မဖြစ်, မအို, မသေပါ, မစုတေပါ, ကပ်၍ မဖြစ်ပါ၊ ဒီဌာနမှ တပါးလဲ လွန်ကဲထူးမြတ်သော ထွက်မြောက်ရာ မရှိတော့ပါဘူး"–လို့ ဖိတ်ခေါ်ပါတယ်။

ဒီတော့ မြတ်စွာဘုရားက အခြား ဗြဟ္မာတွေအား ပြောကြားပါတယ်၊ အို ဗြဟ္မာတို့....ဗကဗြဟ္မာဟာ မသိမှု သိမှားမှု အဝိဇ္ဇာ အားကြီးလှ၏၊ မမြဲတာ, မခိုင်တာ, မတည်တာကိုပင် မြဲသည် ခိုင်သည် တည်သည်ဟု ဆိုဘိ၏၊ မပြည့်စုံတာကို ပြည့်စုံသည်ဟု ဆိုဘိ၏၊ စုတေခြင်း သေခြင်းသဘော ရှိနေတာကိုပင် စုတေခြင်း သေခြင်းသဘော မရှိဟု ဆိုဘိ၏၊ ဖြစ်ရာ, အိုရာ, သေရာ, စုတေရာ, ကပ်၍ ဖြစ်ရာဌာနကိုပင် ဤဌာနမှာမဖြစ်, မအို, မသေ, မစုတေ, ကပ်၍မဖြစ်ဟု ဆိုဘိ၏၊ ဤဌာနမှ တခြားတပါး လွန်ကဲထူးမြတ်သော ထွက်မြောက်ရာ ရှိနေပါလျက် မရှိဟု ဆိုဘိ၏၊ ထို့ကြောင့် မသိမှု အားကြီးလှသည်–ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။

ဒီလို မိန့်တော်မူတဲ့အခါ ဗကဗြဟ္မာက သူ့စကားမှန်တဲ့အကြောင်း၊ သူ့ဌာနမှတပါး ထွက်မြောက်ရာ မရှိတဲ့အကြောင်း၊ တခြားထွက်မြောက်ရာကို မြော်လင့်ပြီး အားထုတ်နေလျှင် ဆင်းရဲပင်ပန်းရုံမျှသာ ရှိမည့်အကြောင်း၊ သူ့ဌာနက ပထဝီ အာပေါ တေဇော ဝါယောနှင့် ဘူတ ဒေဝ ပဇာပတိ

တို့ကို လက်ခံသိမ်းပိုက်လျှင် သူ၏အနီးနေ သူ၏နောက်လိုက်အဖြစ်ဖြင့် နေရမည့်အကြောင်း၊ သူက အလိုရှိတိုင်း စိမ်ဖန်ဆင်းနိုင်ကြောင်းများကို ပြန်ပြောပါတယ်။

ဒီတော့ မြတ်စွာဘုရားက "ဗကပြဟ္မာ....သင်၏အကျိုးပေးပုံနဲ့ တန်ခိုးအစွမ်းကို ငါသိပါသည်၊ နေတစင်းနှင့် လတို့ထွန်းလင်းရာ အရပ်ကို စကြာဝဠာတခု ခေါ်သည်၊ အဲဒီလို စကြဝဠာတထောင်မှာ သင်၏ အလိုအတိုင်းဖြစ်နိုင်သည်၊ (သူ၏စကားကို သူ့အောက် ပြဟ္မာများ နတ်များက နာခံကြသည်ဟု ဆိုလို၏။) သင့်ဘုံထက် မြင့်မြတ်သော အာဘာသရာဘုံဆိုတာ ရှိသည်၊ အဲဒီဘုံကို သင်မသိဘူး၊ သင်ဟာ တချိန်က အဲဒီဘုံမှာ ဖြစ်ခဲ့တယ်၊ အဲဒီဘုံမှ စုတေပြီး သင်ဟာ ဒီဘုံမှာ ဖြစ်နေတယ်၊ ကာလ ကြာမြင့်သွားသောကြောင့် အဲဒီဘုံ၌ ဖြစ်ခဲ့တာကို သင်မေ့သွားတယ်၊ အဲဒီ အကြောင်းကို ငါသိတယ်။ အဲဒီ အာဘာသရာဘုံထက် မြင့်မြတ်သော သုဘကိဏ္ဏာဘုံ ဆိုတာလဲရှိတယ်၊ အဲဒါထက် မြင့်မြတ်သော ဝေဟပ္ဖလ်ဘုံ ဆိုတာလဲ ရှိတယ်၊ အဘိဘူမည်သော အသည္ဍသတ် ပြဟ္မာအပေါင်းလဲ ရှိတယ်၊ အဲဒီပြဟ္မာ့ဘုံတွေကို သင်မသိ မမြင်ဘူး၊ ငါသိတယ် မြင်တယ်၊ ဒါကြောင့် ငါဟာ သင့်အောက်လဲ မကျဘူး၊ သင်နှင့်တန်းတူလဲ မဟုတ်ဘူး၊ သင့်ထက် မြင့်မြတ်တယ် စသည်ဖြင့်ထုတ်ဖော်ပြီး မိန့်ကြားတော်မူပါတယ်။

နောက်ပြီးတော့ ဗကပြဟ္မာဟာ ရှေးဘဝတွေက အသက်ရှည်ကြောင်း ကောင်းမှုတွေကို ပြုခဲ့တဲ့ အကြောင်းများကိုလဲ ထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။ အဲဒီလို ရှေးဟောင်း နှောင်းဖြစ်တွေကို ထုတ်ဖော်ပြတော့ ဗကပြဟ္မာက ဟုတ်ကောင်း ဟုတ်ပေလိမ့်မယ်လို့ နဲနဲ ယုံကြည် သက်ဝင်လာတယ်။ ဒါတောင် စိတ်နှလုံး တုံးတုံးကျ ယုံကြည်တာ မဟုတ်သေးဘူး၊ သူက ပိုပြီးတန်ခိုးကြီးတယ်လို့ ထင်နေသေးတယ်။ ဒါကြောင့် သူက ဘယ်သူမှ မမြင်ရအောင် တန်ခိုးဖြင့် ပုန်းကွယ်လိုက်တော့မယ်လို့ ပြောတယ်။ ဒီတော့ မြတ်စွာဘုရားက ကောင်းပြီ ဗကပြဟ္မာ တတ်နိုင်လျှင် ပုန်းကွယ်ပါ-လို့ မိန့်တော်မူပါတယ်။ ဗကပြဟ္မာက သူ့အစွမ်းရှိသမျှ မြတ်စွာဘုရားနှင့် အခြားပြဟ္မာတွေ မမြင်ရအောင် ပုန်းကွယ်ပါတယ်၊ အခါတိုင်းဆိုယင် သူ့ကို အခြားပြဟ္မာတွေက

မမြင်ရဘူး၊ သူကပြမှသာ မြင်ရတယ်၊ ယခုတော့ မြတ်စွာဘုရားက မပျောက်မကွယ်နိုင်အောင် အဓိဋ္ဌာန်ပြုထားပါတယ်။ ဒါကြောင့် အခြားဗြဟ္မာတွေကပါ ဗကဗြဟ္မာကိုမြင်နေကြတယ်၊ ဟော ဗကဗြဟ္မာကြီး ဘယ်နေရာမှာထိုင်နေတယ်၊ ရပ်နေတယ် စသည်ဖြင့် အခြားဗြဟ္မာတွေက ပြောကြတယ်၊ အဲဒီလို ဗကဗြဟ္မာ မပုန်းကွယ်နိုင်ကြောင်း ထင်ရှားတဲ့ အခါမှာ မြတ်စွာဘုရားက ငါပုန်းကွယ်မယ်လို့ မိန့်တော်မူပြီး အဲဒီ ဗြဟ္မာတွေရဲ့အနီး မျက်မှောက်မှာဘဲ တန်ခိုးဖြင့် ပုန်းကွယ်နေတော်မူပါတယ်၊ ဗြဟ္မာတွေက မမြင်ရပေမဲ့ အနီးမျက်မှောက်တွင်ဘဲ ရှိတယ်ဆိုတာကိုသိရအောင်လို့ တရားဂါထာ တပုဒ်ကိုလဲ ရွတ်ဆို ဟောကြားတော်မူပါတယ်။

ဘဝေဝါဟံ ဘယံ ဒိသ္မာ၊ ဘဝဠ္ဠ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိ ကဠ္ဠိ၊ နန္ဒိဠ္ဠ နုပါဒိယိ။

ဘဝေ၊ ကာမ ရူပ အရူပ ဟူသော သုံးပါးသော ဘဝ၌။ ဘယံ၊ ဖြစ်ခြင်း, အိုခြင်း, သေခြင်း အစရှိသော ကြောက်ဖွယ်ဘေးကို။ ဒိသ္မာ ဝေ၊ မြင်သောကြောင့်သာလျှင်။ ဝိဘဝေသိနံ၊ ဘဝကင်းရာ (နိဗ္ဗာန်)ကို ရှာမှီးသော ပုဂ္ဂိုလ်တို့၏။ ဘဝဠ္ဠ၊ ဘဝ၌သာလျှင် ဖြစ်နေရခြင်းကိုလည်း။ ဒိသ္မာ ဝေ၊ မြင်သောကြောင့်သာလျှင်။ ကဠ္ဠိ ဘဝံ၊ ကစုံတခုသော ဘဝကိုမျှ။ အဟံ၊ ငါသည်။ နာဘိဝဒိ၊ မချီးမွမ်းသတည်း။ နန္ဒိဠ္ဠ၊ ဘဝ၌နှစ်သက်ပျော်ကာ တွယ်တာသော တဏှာကိုလည်း။ နုပါဒိယိ၊ ဆုပ်ကိုင်မထားဘဲ စွန့်လွှတ်ခဲ့ပေသတည်း-လို့ ရွတ်ဆို ဟောကြားတော်မူပါတယ်။

ဒီဂါထာဟာ အလွန်လေးနက်တဲ့ အဓိပ္ပါယ် ရှိပါတယ်။ ဗကဗြဟ္မာက သူ့ဘဝ သူ့ဌာနကို ကောင်းလှပြီ မအိုတော့ဘူး၊ မသေမပျက်တော့ဘူး၊ ဒါထက် ကောင်းတဲ့တရား ကောင်းတဲ့ဌာနလဲ မရှိတော့ဘူးလို့ အထင်ရှိနေတယ်၊ ဒီလိုထင်တဲ့ အခြားဗြဟ္မာတွေလဲ နည်းလှမယ် မဟုတ်ဘူး။ ဘာကြောင့်လဲဆိုယင် သူတို့က ကမ္ဘာနဲ့ချီပြီး အသက်ရှည်နေတော့ မသေတော့ဘူးလို့ ထင်စရာ ဖြစ်နေပါတယ်၊ လူ့လောကမှာတောင် အသက်တသိန်းတန်းက ကျော်တဲ့အခါမှာ လူတွေဟာ အနိစ္စသဘော သေခြင်းတရား ထင်မြင်ခဲတဲ့အတွက် ဘုရားမပွင့်ဘူးလို့

အဆိုရှိပါတယ်။ ယခုနေ အခါမှာတောင် တချို့လူတွေဟာ အရှယ်ကလေး ကောင်းတုန်းမှာ ပစ္စည်းဥစ္စာ အခြွေအရံ အလုပ်အကိုင် စသည်ကလေးအဆင် ပြေနေမယ် ဆိုယင် အိုခြင်း, နာခြင်း, သေခြင်း ဆိုတာတွေဟာ သူတို့နှင့် မဆိုင် သလိုလိုဘဲ ဖြစ်နေတယ်၊ ဘာမျှ ဂရုမစိုက်ဘူး၊ အမြဲ တည်နေရမလောက်ပဲ သူတို့ကိုယ် သူတို့အထင် ကြီးနေကြတယ်။ အဲဒီလို ကိုယ့်ဘဝနဲ့ ကိုယ့်ဌာနကို အထင်ကြီးပြီး အားကိုးနေကြတဲ့ ဗကဗြဟ္မာအစရှိတဲ့ ဗြဟ္မာတွေကို သတိသံဝေဂရစေရန် မြတ်စွာဘုရားက ဒီဂါထာဖြင့် ဟောကြား တော်မူပါတယ်။

အကျဉ်းချုပ်ဆိုလိုတာကတော့ ဘဝ သုံးပါးမှာ ကြောက်ဖွယ်ဘေးတွေကိုလဲ မြင်ပါတယ်၊ ဘဝကို အပြစ်မြင်ပြီး ဘဝမှ လွတ်မြောက်ရာကို ရှာကြံတဲ့ သူတွေလဲ ရူပဘဝ အရူပဘဝတွေကို နိဗ္ဗာန်ထင်မှတ်ပြီး အဲဒီဌာနတွေ ရောက်ရအောင် အားထုတ်တဲ့အတွက် အဲဒီ ရူပ အရူပဘဝထဲမှာဘဲ ပြန်ကျနေတာကိုလဲ မြင်ပါတယ်၊ ဒါကြောင့် ဘယ်ဘဝကိုမှ ကောင်းတယ် မြဲတယ် ချမ်းသာတယ်လို့ မချီးမွမ်းပါဘူးတဲ့၊ ဘဝထဲမှာ ပျော်မွေ့နှစ်သက်တတ်တဲ့ တဏှာကိုလဲ ဆုပ်ကိုင် မထားတော့ဘဲ လုံးလုံးစွန့်လွှတ်လိုက်ပါတယ်တဲ့။

ဗကဗြဟ္မာဟာ အသက် ရှည်ကြောင်း ကံကို ဆည်းပူးခဲ့တဲ့ ဘဝတုန်းက ရသေ့ပြုပြီး သမထဘာဝနာကို အားထုတ်ခဲ့တယ်။ အဲဒါဟာ သာမည ရည်ရွယ်ချက်နဲ့ မဟုတ်ဘူး၊ ဇာတိ ဇရာ ဗျာဓိ မရဏာသ၊ ပဋိသန္ဓေတည်နေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း၏။ အနှီ၊ အဆုံးဖြစ်သော တရားထူးကို။ကရိသာ-မီတိ၊ ပြုအံ့ ဟူ၍ ရည်ရွယ်လျက်။ နိက္ခမ္မ၊ တောထွက်၍။ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတ္တာ၊ ရသေ့ရဟန်း ပြု၍။ သမာပတ္တိယော နိဗ္ဗတ္တေတ္တာ၊ ဈာန်သမာပတ်တို့ကို ဖြစ်စေ၍။ပ။ ဈာနရတိယာ၊ ဈာန် ဟူသော ပျော်မွေ့ခြင်းဖြင့်။ ဝိတိနာမေတိ၊ အချိန်ကုန်စေတယ်-လို့ ဆိုထားပါတယ်။ ဒါကြောင့် အဲဒီတုန်းက ရထားတဲ့ ဈာန်နဲ့ နောက်ကာလမှာရတဲ့ ဗြဟ္မာ့ဘဝကို လမ်းဆုံးတရား အမြတ်ဆုံးဌာနလို့ ယူဆထားကြောင်း ထင်ရှားပါတယ်။ ဒါကြောင့်ဘဲ သူက ဤဘဝ ဤဌာနဟာ မြဲတယ် စသည်ဖြင့် ချီးမွမ်းတာပါဘဲ။

မြတ်စွာဘုရားကတော့ အဲဒီ ဗကဗြဟ္မာရဲ့ ဘဝကိုလဲ မချီးမွမ်းဘူး၊ အဲဒါထက် မြင့်မြတ်တဲ့ ဗြဟ္မာဘဝတွေကိုလဲ မချီးမွမ်းဘူး၊ ဘာကြောင့်လဲ အဲဒီဘဝ

တွေ့မှာ ကြောက်ဖွယ်ဘေးတွေကို မြင်နေလို့ပါဘဲ၊ ဗြဟ္မာဘဝမှာ နာခြင်းဆိုတာ မရှိဘူး၊ အိုခြင်းဆိုတာလဲ မထင်ရှားဘူး၊ ဒါပေမဲ့ အသက်တမ်းကုန်တဲ့ အခါမှာ သေကြရမှာချည်းဘဲ။ သူတို့ရဲ့ အသက်တမ်းက အခ္ဆုိမှာ အသခ်ေ့ယျကပ် တကပ်လောက်ပဲ ရှိပါတယ်၊ အခ္ဆုိမှာ မဟာကပ်ကြီး နှစ်ကပ်မှ စပြီး ငါးရာအထိ လဲ ရှိပါတယ်။ သုဒ္ဓါဝါသမှာ တထောင်မှစပြီး တသောင်းခြောက်ထောင်အထိ လဲ ရှိပါတယ်၊ အရူပ လေးဘုံမှာတော့ နှစ်သောင်း လေးသောင်း ခြောက် သောင်းနှင့် ရှစ်သောင်းလေးထောင် အသီးအသီး ရှိပါတယ်။ ဗဟုဗြဟ္မာကြီး ကတော့ ပဌမစျာန်ဘုံက ဖြစ်တဲ့အတွက် မဟာကပ်၏ လေးပုံတပုံရှိတဲ့ အသခ်ေ့ယျ တကပ်သာ အသက်တမ်း ရှိပါတယ်။ အဲဒီ အသက်တမ်းကုန်လို့ စုတေတဲ့အခါ ဘာဖြစ်ရမလဲ ဆိုယင် ရူပစျာန်တွေ ရယင်တော့ အဲဒီ ရူပစျာန်ဘုံတွေမှာဘဲ ဆက်ပြီး ဖြစ်မှာပါဘဲ။ ဒါပေမဲ့ မိမိဘဝကို မြဲတယ် ထင်နေတော့ နောက်ဘဝ အကွက် ဘာမျှ အားထုတ်မယ် မဟုတ်ပါဘူး။ အဲဒီတော့ အဲဒီဘဝက စုတေ တဲ့အခါမှာ လူ့ဘဝ နတ်ဘဝမှာ ဖြစ်ဖို့ဘဲ ရှိပါတယ်၊ အဲဒီ လူ့ဘဝ နတ်ဘဝ ရောက်တဲ့အခါ ကုသိုလ်ကံကို ပြုလျှင် သုဂတိဘဝတွေမှာ ဖြစ်သွားနိုင်ပါတယ်၊ အကုသိုလ်ကံတွေ ပြုမိယင်တော့ အပါယ်လေးပါးလဲ ကျသွားနိုင်သေးတာဘဲ။ ဒီပုံ ဒီနည်းဖြင့် သံသရာ ဆင်းရဲဘေးကို တွေ့သွားရမယ်။ ဒီလို ဘဝ၏ အပြစ်တွေ ကို မြင်တော်မူတဲ့ အတွက်လဲ မြတ်စွာဘုရားက ဘဝကို မချီးမွမ်းတာပါဘဲ၊ မချီးမွမ်းရုံမျှ မဟုတ်သေးဘူး၊ ကဲ့ရဲ့လဲ ကဲ့ရဲ့ရှုတ်ချတော်မူပါတယ်၊ ကဘဝဖြစ် ယင် အိုခြင်း နာခြင်း သေခြင်း ဆင်းရဲကို တကြိမ်တွေ့ရမယ်၊ ဆယ်ဘဝဖြစ်ယင် ဆယ်ကြိမ် တွေ့ရမယ်၊ ဘဝတရာ ဖြစ်ယင် အကြိမ်တရာ တွေ့ရမယ် စသည်ဖြင့် ကဲ့ရဲ့ ရှုတ်ချတော်မူပါတယ်။

အဲဒီ ဂါထာဖြင့် ဟောလိုက်ဟဲ့အခါမှာ ဗြဟ္မာတွေ တရားထူး ရကြပုံကို အဋ္ဌကထာ (မ-ဋ္ဌ ၂-၃၁၁)မှာ "ဒေသနာပရိယောသာနေ၊ ဒေသနာတော်၏ အဆုံး၌။ ဒေသနာနုသာရေန၊ ဒေသနာတော်ကို အစဉ် လျှောက်သဖြင့်။ ဝိပဿနာဂဗ္ဘံ၊ ဝိပဿနာကိုယ်ဝန်ကို။ ဂါဟာပေတ္ဝာ၊ ယူစေကုန်၍။ ဒသမတ္တာနိ ဗြဟ္မသဟဿာနိ၊ တသောင်းခန့်မျှသော ဗြဟ္မာတို့သည်။ မဂ္ဂဖလာမတပါနံ၊ မဂ်ဖိုလ် ဟူသော အမြိုက်အဖျော်ကို။ ပိဝိံသု၊ သောက်ကြလေကုန်ပြီ"လို့ ပြဆို

ထားပါတယ်။ အဲဒီမှာ ဝိပဿနာကိုယ်ဝန်ကို ယူစေတယ် ဆိုတဲ့ စကားကို အထူးသတိပြုပြီး မှတ်ထားကြရမယ်၊ တရားနာရင်း မင်ဖိုလ် ရောက်တယ်ဆိုတာ ဒီပုံဒီနည်း ချည်းပါဘဲ၊ တရားနာရင်း ဝိပဿနာရှုပြီး ရောက်ကြတာချည်းပါဘဲ။

ယခု ပြောခဲ့တဲ့ ဗကဗြဟ္မာဝတ္ထုထဲမှ သိစေလိုရင်းကဘာ၊ ရူပဗြဟ္မာဘဝကို သေခြင်းကင်းတဲ့ အမြတ်ဆုံးဌာန ထင်နေတယ်၊ အဲဒါ အဝိဇ္ဇာဘဲ၊ အဲဒီအဝိဇ္ဇာကြောင့် တဏှာ ဥပါဒါန်ဖြစ်ပြီး ရူပစတုတ္ထစျာန် သင်္ခါရကမ္မဘာဝတွေ ဖြစ်ခဲ့တယ်၊အဲဒီ ကမ္မဘာဝကြောင့် ဝေဟပ္ဖုလ်ဘုံ ရောက်ခဲ့တယ်၊အဲဒီမှာ တဖန် တတိယစျာန် သင်္ခါရ ကမ္မဘာဝ ဖြစ်စေခဲ့တဲ့အတွက် တတိယစျာန်ဘုံကို ရောက်ရတယ်၊ အဲဒီမှာ ဒုတိယစျာန် သင်္ခါရ ကမ္မဘာဝကို ဖြစ်စေခဲ့တဲ့အတွက် ဒုတိယစျာန်ဘုံကို ရောက်ခဲ့တယ်၊ အဲဒီမှာ ပဌမစျာန်သင်္ခါရကမ္မဘာဝကို ဖြစ်စေခဲ့တဲ့ အတွက် ပဌမစျာန်ဘုံမှာ မဟာဗြဟ္မာကြီးဖြစ်ပြီး အဲဒီ ဘုံဌာနကို မြဲတယ် စသည်ဖြင့် ယူဆစဲ့လမ်းပြီး ပြောဆိုနေတယ်၊ ဒါဟာ ဒီနေရာမှာ သိစေလိုရင်းပါဘဲ။

အရူပဘဝနှင့် စပ်၍ အဝိဇ္ဇာ စသည် ဖြစ်ပုံ

နောက်ပြီးတော့ အရူပဘဝ၌ မသိမှု သိမှားမှု အဝိဇ္ဇာရှိလျှင် အဲဒီ အရူပဘဝကို ဖြစ်စေတတ်တဲ့ အရူပစျာန်ကို ကုသိုလ်သင်္ခါရတွေ ဖြစ်အောင် အားထုတ်တယ်၊ အဲဒီ အရူပစျာန်သင်္ခါရကြောင့် အရူပဘဝ၌ ပဋိသန္ဓေ ဝိညာဏ် ဖြစ်တယ်၊ အဲဒီ ဝိညာဏ်နှင့်အတူ နာမ်ရယ် အာယတနရယ် ဖဿရယ် ဝေဒနာရယ် ဒီအကျိုးတရားတွေဖြစ်တယ်။ အဲဒီ အကျိုးတရားတွေကို အနိစ္စ စသည်ဖြင့် အမှန်အတိုင်း မသိတဲ့ အဝိဇ္ဇာဖြစ်လျှင် တဏှာ ဥပါဒါန် ကမ္မဘာဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်း တရားတွေလဲ ဖြစ်မယ်။ အဲဒီ ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်ဘဝ၌ ဇာတိ ဇရာ မရဏဆိုတဲ့ အကျိုးတရားတွေလဲ ဖြစ်သွားမယ်။ အဲဒီ အရူပဘဝ၌ အဝိဇ္ဇာ စသည် ဖြစ်ပုံကို အာဠာရ ဥဒက အစရှိသော သာသနာပရသေ့တို့၏ အကြောင်းအရာဖြင့် သိနိုင်ပါတယ်။

အာဠာရ ရသေ့က အာကိဉ္စညာဘုံကို အမြတ်ဆုံးဌာန အနေနဲ့ ထင်မှတ်တယ်၊ အဲဒီဘုံကို ရောက်စေတတ်တဲ့ အာကိဉ္စညာယတနစျာန်ကိုလဲ အမြတ်ဆုံးတရားအနေနဲ့ဘဲ အသိအမှတ် ပြုထားတယ်၊ အဲဒါဟာ အဝိဇ္ဇာဘဲ။ အဲဒီ

အဝိဇ္ဇာကြောင့် အဲဒီ ဘုံနဲ့စျာန်ကို နှစ်သက်လိုချင်တဲ့ တဏှာဖြစ်တယ်၊ စွဲလမ်းတဲ့ ဥပါဒါန် ဖြစ်တယ်၊ အဲဒီ ဥပါဒါန်ကြောင့် အာကိုဉ္စညာယတနစျာန်ကို ရအောင် အားထုတ်တယ်၊ အဲဒီ စျာန်သခ်ါရကြောင့် အာကိုဉ္စညာဘုံမှာ ဝိညာဏ်အစရှိသော အကျိုးတရား ငါးပါး ဖြစ်ရတယ်၊ အဲဒီ အကျိုးငါးပါး ရှေးဦးစွာ ဖြစ်တာက ဇာတိဘဲ၊ ကမ္ဘာပေါင်း ၆-သောင်းပတ်လုံး ရင့်ကျက်နေတာက ဇရာဘဲ၊ နောက်ဆုံး သေပျက်မှာက မရဏာဘဲ၊ အဲဒါဟာ အဝိဇ္ဇာကစပြီး မရဏမှာ အဆုံးသတ်သွားမည့် သံသရာစက် လည်ပုံပါဘဲ။ ဥဒကရသေ့မှာလဲ အဝိဇ္ဇာ စသည်ဖြစ်ပုံ နည်းတူပါဘဲ၊ နေဝသညာဘုံနဲ့ နေဝသညာစျာန်ကို အမြတ်ဆုံးထင်တာရယ်၊ နေဝသညာစျာန်ကို ရအောင် အားထုတ်တာရယ်၊ နေဝသညာဘုံ၌ ဝိညာဏ်စသည် ဖြစ်တာရယ်၊ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်ပတ်လုံး ရင့်ကျက်နေတာရယ် ဒါတွေလောက်ပဲ ထူးပါတယ်။

ယခု ပြောလာခဲ့တာဟာ ကာမဘဝ ရူပဘဝ အရူပဘဝ ဆိုတဲ့ ဘဝသုံးပါးမှာ မသိမှု သိမှားမှု အဝိဇ္ဇာဖြစ်ယင် တဏှာ ဥပါဒါန် သခ်ါရ ကမ္မဘဝဆိုတဲ့ အကြောင်းတရားတွေ ဖြစ်ပြီး အဲဒီ အကြောင်းတရားတွေကြောင့် ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရားတွေ ဖြစ်ပုံနဲ့ အဲဒီ အကျိုးတရားတွေဆိုတာလဲ အစပိုင်းက ဇာတိ, အလယ်ပိုင်းက ဇရာ, အဆုံးပိုင်းက မရဏဆိုတဲ့ ဆင်းရဲအစုမျှသာ ဖြစ်ပုံတွေကို ပြောလာခဲ့တာဘဲ။ အဟိုချုပ်အားဖြင့်ဆိုယင် အဝိဇ္ဇာကစပြီး ဇရာမရဏမှာ အဆုံးသတ်တဲ့ သံသရာစက်ရဟတ် လည်ပုံပါဘဲ။

ထောက်အကန့်တို့ကို ပယ်ဖျက်ပုံ နိဂုံးချုပ်

အဲဒီ သံသရာစက်မှာ ယနေ့ တရားအစပိုင်းတုန်းက ပြောခဲ့တဲ့အတိုင်း အတိတ်အကြောင်း, ပစ္စုပ္ပန်အကျိုး, ပစ္စုပ္ပန်အကြောင်း, အနာဂတ်အကျိုး အားဖြင့် ၄-လွှာရှိတယ်၊ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးအကြားတစပ်၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း အကြားတစပ်၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးအကြား တစပ်အားဖြင့် ၃-စပ်ရှိတယ်၊ အတိတ် ပစ္စုပ္ပန် အနာဂတ်အားဖြင့် အဓွန့်ကာလက ၃-ပါးရှိတယ်၊ အတိတ်အကြောင်းငါးပါး

ပစ္စုပ္ပန်အကျိုး ငါးပါး စသည်ဖြင့် အခြင်းအရာ သရုပ် ၂၀-ရှိတယ်၊ အဲ့ဒီလို ၄-လွှာ, ၃-စပ်, ကာလ ၃-ပါး, သရုပ် ၂၀-ရှိတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ကို မြတ်စွာဘုရားဟာ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူပါတယ်၊ အဲ့ဒီလို သိတော်မူပြီးတော့ အဲ့ဒီ သံသရာစက်၏ သခ်ါရမှ ဇာတိကျအောင် အလယ်ကဆယ်တန့် ထောက်အကန့်တို့ကို ဖျက်ဆီးတော်မူခဲ့ပါတယ်၊ ဘယ်လိုဖျက်ဆီးသလဲဆိုလျှင် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အရ သစ္စာ ၄-ပါးကို သိသောအားဖြင့် ဖျက်ဆီးတော်မူတာပါဘဲ၊ တဲ့တဲ့ပြောရယင် သစ္စာ ၄-ပါးကို သိတော်မူတာနဲ့ အဲ့ဒီ ထောက်အကန့်တွေကို ဖျက်ဆီးပြီး ဖြစ်သွားတာပါဘဲ။ ဒါကြောင့် ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ——

ပုံတောင်းတူစွာ အဝိဇ္ဇာတရပ် အကွပ်ပမာ ဇရာမရဏ ပတ်လည်ခသည့် ပဋ္ဌိစ္စသမုပ္ပါဒ် ရဟတ်သံသရာ ဘီးစကြာဝဠာ သခ်ါရမှ ဇာတိကျအောင် အလယ်ကဆယ်တန့် ထောက်အကန့်တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် မဆက်မစပ် အကုန်လုံး ပြတ်အောင် ခုတ်ဖြတ်ဖျက်ဆီး စွန့်ပယ်တော်မူပြီးသောကြောင့် ရတော်မူသော **အရ-ဟံ** ဟူသော အမည်တော် နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား....လို့ ဆိုထားပါတယ်။ အဲ့ဒါကို ရှုတ်ဆိုပြီး ကြည်ညိုကြဦးစို့——

ပုံတောင်းတူစွာ အဝိဇ္ဇာတရပ်။ပ။ ကျော်စောတော် မူပေသော မြတ်စွာဘုရား....။

ဒီဂုဏ်တော်ဖွင့် အနက်ကို ဝိသုဒ္ဓိမဂ်မှာ ဂါထာတပုဒ်ဖြင့် အကျဉ်းချုပ်ပြီး ဒီလိုပြဆိုထားပါတယ်——

အရာ သံသာရစက္ကသ၊ ဟတာ ဉာဏာသိနာ ယတော။
လောကနာထေန တေနေသ၊ အရဟန္တိ ပဝုစ္စတိ-တဲ့။

လောကနာထေန၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းဟူသော တလောကလုံး၏ အားကိုးရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သံသာရ-

စက္ကဿ၊ ပုံတောင်းတူစ္စာ အဝိဇ္ဇာတရပ် အကုပ်ပမာ ဇရာ မရဏ ပတ်လည်ခဲသည့် ပဋ္ဌိစ္စသမုပ္ပါဒ် ရဟတ်သံသရာ ဘီးစကြာ၏။ အရာ။ သခ်ါရမှ ဇာတိကျအောင် အလယ်ကဆယ်တန့် ထောက်အကန့်တို့ကို။ ဉာဏသိနှ၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသော ဓားသန်လျက်ဖြင့်။ ယတော၊ အကြင့်ကြောင့်။ ဟတ၊ ခုတ်ဖြတ်ဖျက်ဆီးလျက် စွန့်ပယ်တော် မူအပ်လေပြီ။ တေန၊ ထိုသို့သံသရာစက်၏ ထောက်အကန့်တို့ကို ခုတ်ဖြတ်ဖျက်ဆီး စွန့်ပယ်တော်မူပြီးသော အကြောင်း ဂုဏ်သကတ်ကြောင့်။ သေ၊ ဤမြတ်စွာဘုရားကို။ အရဟန္တိ၊ အရဟံ ဟူ၍။ ပဘုစ္စတိ၊ ရှိသေလေးမြတ် ခေါ်ဆိုအပ်ပေသတည်း။

အဲဒီ ဂါထာထဲမှာ "ဉာဏသိနှ=အရဟတ္တမဂ် ဉာဏ်သန်လျက်" ဆိုတာက သူတပါးထံ နည်းမခံဘဲ ကိုယ်တိုင်မှန်ကန်စွာ သိတော်မူတဲ့ သမ္မာသမ္ဗောဓိဉာဏ်တော်ကို ဆိုလိုပါတယ်။ ဒါကြောင့် ဒီနေရာမှာ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကိုလဲ ထည့်သွင်းပြီး ပြောဦးမယ်။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

သမ္မာသမ္ဗုဒ္ဓေါ-ပုဒ်မှာ သမ္မာက-မှန်စွာလို့ အနက်ရှိတယ်၊ သံ-က ကိုယ်တိုင်လို့ အနက်ရှိတယ်၊ ဗုဒ္ဓေါ-က သိတယ်လို့ အနက်ရှိတယ်၊ ၃-ပုဒ် ပေါင်းလိုက်တော့ ကိုယ်တိုင်လဲသိတယ် မှန်စွာလဲသိတယ်လို့ အနက်ရတယ်။ သာဝကတွေမှာ ကိုယ်တိုင် မသိနိုင်ဘူး၊ မြတ်စွာဘုရားဟောတဲ့ တရားကို ကြားနာရမှ သစ္စာ ၄-ပါး တရားကို သိနိုင်တယ်၊ အရှင်သာရိပုတြာမထေရ်တောင် အရှင်အဿဇိထံမှ မြတ်စွာဘုရား ဟောထားတဲ့ တရားကို ကြားနာရမှ တရားထူးကို သိတယ်၊ ဒါကြောင့် သမ္မာသမ္ဗုဒ္ဓ မမည်ဘူး။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေဟာ သူတပါးထံမှ နည်းမခံရဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သစ္စာ ၄-ပါး တရားကို သိတော်မူကြပါ့တယ်၊ ဒါပေမဲ့ မြတ်စွာဘုရားလို အရာရာမှာ အပြည့်အစုံ မှန်ကန်စွာ မသိနိုင်ကြဘူး၊ မိမိတို့ သိထားတဲ့ တရားကို သူတပါး နားလည်အောင် ဘယ်လို ဟောရမယ်ဆိုတာကို မသိနိုင်ကြဘူး။ ဒါကြောင့် သမ္မာသမ္ဗုဒ္ဓ မမည်ကြဘူး၊ ဗုဒ္ဓမြတ်စွာဘုရားမှာဟော့ သစ္စာ ၄-ပါး တရားတွေကို သူတပါး

ထံမှ နည်းမခံရဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် အပြည့်အစုံမှန်ကန်စွာ သိတော်မူတယ်၊ ဒါကြောင့် သမ္မာသမ္မုဒ္ဓမည်တော်မူပါတယ်။

သိတော်မူတဲ့ တရားတွေက ဘယ်ဟာတွေလဲဆိုယင် (၁) ထူးသောဉာဏ်ဖြင့် သိသင့် သိထိုက်တဲ့ သစ္စာ ၄-ပါးဆိုတဲ့ အဘိညေယျတရား၊ (၂) ပိုင်းခြားရှု သိသင့် သိထိုက်တဲ့ ဒုက္ခာသစ္စာဆိုတဲ့ ပရိညေယျတရား၊ (၃) ပယ်သင့်ပယ်ထိုက်တဲ့ သမုဒယသစ္စာဆိုတဲ့ ပဟာတဗ္ဗတရား၊ (၄) မျက်မှောက်သိမြင်သင့် သိမြင်ထိုက်ဟဲ့ နိရောဓသစ္စာဆိုတဲ့ သစ္ဆိကာတဗ္ဗတရား၊ (၅) မိမိသန္တာန်၌ ဖြစ်ပွါးစေသင့် ဖြစ်ပွါးစေထိုက်တဲ့ မဂ္ဂသစ္စာဆိုတဲ့ ဘာဝေတဗ္ဗတရား-ဒီတရားတွေပါဘဲ။ အဲဒီ တရားတွေကို မြတ်စွာဘုရားဟာ ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ပဋ္ဌိစ္စသမุပ္ပါဒ်တရားတွေကို ရှေးဦးစွာ ဆင်ခြင်တော်မူပြီးတော့ ဥပါဒါနက္ခန္ဓာငါးပါးဆိုတဲ့ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ရှုရှင်း အရဟတ္တမဂ်ဉာဏ်ဖြင့် အပြည့်အစုံ သိမြင်တော်မူလျက် သမ္မာသမ္မုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။ အဲဒါဟာ အာဠာဝရ, ဥဒကတို့ထံက ရခဲ့တဲ့ နည်းနဲ့ သိတာမဟုတ်ဘူး၊ ဘယ်သူထံက ရခဲ့တဲ့နည်းနဲ့မှ သိတာ မဟုတ်ဘူး၊ အဲဒီ ခေတ်ကာလတုန်းက ပဋ္ဌိစ္စသမุပ္ပါဒ်ဆိုတာ အသံတောင် မကြားရသေးဘူး၊ ဥပါဒါနက္ခန္ဓာ ငါးပါး၏ အဖြစ်အပျက်ကို ရှုရတယ် ဆိုတာလဲ အသံကောင် မကြားရသေးဘူး။ လူ့လောကမှာသာမဟုတ်သေးဘူး၊ နတ်လောက ဗြဟ္မာလောကတွေမှာလဲ အဲဒီလို ရှုပုံရှုနည်းတွေကို ဘယ်သူမှ မဟောပြောနိုင်ကြသေးဘူး။

ဘုရားအလောင်းတော်ဟာ "အိုခြင်း, သေခြင်းဟာ ဘာကြောင့်ရှိရသလဲ၊ ဘဝအသစ်ဖြစ်လို့ ရှိရတယ်၊ ဘဝအသစ်ဟာလဲ ဘာကြောင့် ဖြစ်ရသလဲ၊ ဖြစ်ကြောင်းကံရှိလို့ ဖြစ်ရတယ်၊ ကံဟာလဲ ဘာကြောင့်ဖြစ်ရသလဲ၊ စဲ့လမ်းလို့ ဖြစ်ရတယ်၊ ဘာကြောင့် စဲ့လမ်းရသလဲ၊ တပ်မက်လိုချင်တဲ့ တဏှာရှိလို့ စဲ့လမ်းတယ်၊ ဘာကြောင့် တပ်မက်လိုချင်ရသလဲ၊ အကောင်းအဆိုးကို ခံစားရလို့ တပ်မက်လိုချင်တယ်" စသည်ဖြင့် ပဋ္ဌိစ္စသမุပ္ပါဒ် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပုံတွေကို မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်ပြီး ခဏမစဲ ဖြစ်ပျက်နေတဲ့ ဥပါဒါ-နက္ခန္ဓာ ငါးပါး၏ အဖြစ်အပျက်ကို ရှုတော်မူတယ်၊ ဒီလို ရှုနေရင်း ဝိပဿနာ

ဉာဏ် အရိယာမဂ်ဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး အရဟတ္တမဂ်ဉာဏ်ယူဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာ ၄-ပါး အမှန်တရားတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် အမှန်အတိုင်း သိတော်မူပါတယ်၊ ဒီလို သိသည်နှင့်တပြိုင်နက် အလုံးစုံကို သိနိုင်တဲ့ သဗ္ဗညုတဉာဏ် အစရှိသော ဗုဒ္ဓမြတ်စွာဘုရားတို့၏ ဂုဏ်အလုံးစုံကိုလဲ ရတော်မူပါတယ်။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်က ဒီလို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိပြီး ဘုရားအဖြစ်သို့ ရောက်တော်မူပုံကို ဖော်ပြပါတယ်၊ အဲဒီ ဂုဏ်တော်ဖွင့်ကို ဒီလို စီသားပါတယ်—

ထူးသောဉာဏ်ဖြင့် သိသင့် သိထိုက်တဲ့ သစ္စာ ၄-ပါးတည်းဟူသော အဘိညေယျတရား၊ ပိုင်းခြားရ သိသင့် သိထိုက်တဲ့ ဒုက္ခသစ္စာတည်းဟူသော ပရိညေယျတရား၊ ပယ်သင့် ပယ်ထိုက်တဲ့ သမုဒယသစ္စာတည်းဟူသော ပဟာတဗ္ဗတရား၊ မျက်မှောက်ထင်ထင် ဆိုက်ရောက်၍ သိမြင်သင့် သိမြင်ထိုက်တဲ့ နိရောဓသစ္စာတည်းဟူသော သစ္ဆိကာတဗ္ဗတရား၊ ပွါးများသင့် ပွါးများထိုက်တဲ့ မဂ္ဂသစ္စာတည်းဟူသော ဘာဝေတဗ္ဗတရားအားဖြင့် သစ္စာ ၄-ပါး ခပ်သိမ်းသောတရားတို့ကို သူတပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စူးစမ်း ရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုဒ္ဓဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံဆွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား....တဲ့။ ဂဲ-အဲဒီ ဂုဏ်တော်ဖွင့်ကို ရွတ်ဆိုပြီး ကြည်ညိုကြရမယ်—

ထူးသောဉာဏ်ဖြင့် သိသင့် သိထိုက်တဲ့ ။ပ။ ကျော်စောတော်မူပေသော မြတ်စွာဘုရား။

အဲဒီ ဂုဏ်ပုဒ်ထဲမှာ သစ္စာ ၄-ပါးကို သိတယ်ဆိုတာဟာ အရဟတ္တမဂ်ခဏမှာတော့ နိဗ္ဗာန်ဆိုတဲ့ နိရောဓ သစ္စာကို မျက်မှောက်တွေ့ပြီး သိလိုက်တာနဲ့ ကျန်တဲ့သစ္စာ ၃-ပါးကို ပိုင်းခြားပြီး သိခြင်းကိစ္စ, ပယ်ခြင်းကိစ္စ, ပွါးစေခြင်းကိစ္စတွေ ပြီးသွားတာကို ဆိုတာပါဘဲ။ အဲဒီလို သိခြင်းကိစ္စပြီးပုံတွေကို ဝိသုဒ္ဓိမဂ် (ပ-၁၉၆)မှာ—

စက္ခု=မျက်စိရုပ်သည် ဒုက္ခသစ္စာ၊ ထိုရုပ်၏ အကြောင်းအဖြစ်ဖြင့် ရှေးဘဝက ပြီးခဲ့သောတဏှာသည် သမုဒယသစ္စာ၊ ထိုအကြောင်းအကျိုး ၂-ပါးတို့ မဖြစ်ပေါ်ဘဲ ချုပ်ခြင်းသည် နိရောဓသစ္စာ၊ ထိုနိရောဓကို မျက်မှောက်သိခြင်းသည် မဂ္ဂသစ္စာ စသည်ဖြင့်—

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဆိုတဲ့ ဒွါရ ၆-ပါး၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘော–ဆိုတဲ့အာရုံ ၆-ပါး၊ မြင်သိ, ကြားသိ, နံသိ, စားသိ, ထိသိ, ကြံသိ–ဆိုတဲ့ ဝိညာဏ် ၆-ပါး၊ မြင်တွေ့မှု အစရှိသော ဖဿ ၆-ပါး၊ မြင်ခံစားမှုအစရှိသော ဝေဒနာ ၆-ပါး၊ ထိုအတူ သညာ ၆-ပါး၊ စေတနာ ၆-ပါး၊ တဏှာ ၆-ပါး၊ ဝိတက် ၆-ပါး၊ ဝိစာရ ၆-ပါး၊ ခန္ဓာ ၅-ပါး၊ ကသိုဏ်းဈာန် ၁၀-ပါး၊ အနုသယတိ ၁၀-ပါး၊ အသုဘသညာ ၁၀-ပါး၊ ကောသာ စသည် ၃၂-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ဘဝ ၉-ပါး၊ ရူပဈာန် ၄-ပါး၊ အပ္ပမညာ ၄-ပါး၊ အရူပဈာန် ၄-ပါး၊ ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးဆိုတဲ့ တရားတော်ထဲမှ တခုတခုကို ဒုက္ခသစ္စာအဖြစ်ဖြင့် မှုတည်ပြီး သစ္စာ ၄-ပါးတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ခွဲခြမ်း ဝေဘန်၍ မှန်ကန်စွာ သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူပုံကို အသေးစိတ် ခွဲ၍ သိရန် ညွှန်ပြထားပါတယ်။

အင်္ဂါ ၁၂-ပါးကို သစ္စာ ၄-ပါးဖြင့် ပိုင်းခြားသိပုံ

အဲဒီတရားတော်ထဲက ယခုဒီမှာ ဟောနေတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်တရားနှင့်စပ်ပြီး အင်္ဂါ ၁၂-ပါးကို ထုတ်ပြီး ပြောမယ်။ အဆုံး ဇရာမရဏပုဒ်ကိုတော့ ဝိသုဒ္ဓိမဂ်မှာဘဲ နည်းပြအနေနဲ့ ဒီလိုပြထားပါတယ်။ အိုခြင်း သေခြင်းက အကျိုး ဒုက္ခသစ္စာ၊ ဘဝအသစ်ဖြစ်ခြင်းက အကြောင်း သမုဒယသစ္စာ၊ ထိုအကြောင်းအကျိုး ၂-မျိုးလုံး ထွက်မြောက်ရာ မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ-တဲ့။ အဲဒါကို ဆိုကြရမယ်—

> အိုခြင်း သေခြင်းက အကျိုး ဒုက္ခသစ္စာ၊ ဘဝအသစ် ဖြစ်ခြင်းက အကြောင်း သမုဒယသစ္စာ၊ ထို အကြောင်းအကျိုး ၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

ဘဝအသစ် ဖြစ်ခြင်းက ဒုက္ခသစ္စာ၊ ဖြစ်ကြောင်းကံက သမုဒယသစ္စာ၊ ထို၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

ဖြစ်ကြောင်း ကံက ဒုက္ခသစ္စာ၊ စဲ့လမ်းတာက သမုဒယသစ္စာ၊ ထို၂-မျိုးလုံး မဖြစ်ရာက နိရောဓ သစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

စဲ့လမ်းတာက ဒုက္ခသစ္စာ၊ တပ်မက်တာက သမုဒယသစ္စာ၊ ထို၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

တပ်မက်ဘာက ဒုက္ခသစ္စာ၊ ခံစားတာက သမုဒယသစ္စာ၊ ထို၂-မျိုးလုံး မဖြစ်ရာက နိဝရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

ဒီနေရာမှာ တပ်မက်တဲ့ဟာကျောကို ဒုက္ခသစ္စာလို့ ဆိုတဲ့စကားကို သဘောမကျဘဲ ရှိတတ်ပါတယ်၊ ယခုဘဝက တကျောဟာ နောင်ဘဝအကျိုးနဲ့ ဆက်စပ်ကြည့်တဲ့ အခါမှာ သမုဒယသစ္စာ-အကြောင်းသစ္စာ ဖြစ်တာ မှန်ပါတယ်၊ ရှေးဘဝက ပြီးခဲ့တဲ့ အကြောင်းတကျောနဲ့ ဆက်စပ်ကြည့်ယင်တော့ ယခုဘဝအတွင်းမှာဖြစ်တဲ့ လောကီကုသိုလ် ကြိုယာ အကုသိုလ်တွေရော ရုပ်နာမ်တွေ အားလုံးဟာ ဒုက္ခသစ္စာမည်တာချည်းပါဘဲ၊ ဘာကြောင့်လဲဆိုလျှင် ရှေးဘဝက ပြီးခဲ့တဲ့ တကျောကြောင့် ဖြစ်တာလဲ ဟုတ်တယ်၊ ဖြစ်ခြင်း ပျက်ခြင်းက နှိပ်စက်အပ်တာလဲ ဟုတ်တယ်၊ ဒါကြောင့်ပါဘဲ။ ပဋ္ဌိစ္စသမုပ္ပါဒ်အရာမှာတော့ အနီးကပ်အကြောင်းကို သမုဒယသစ္စာလို့ အဌကထာဆရာက ကောက်ယူပါတယ်၊ ဒါကြောင့် တကျော၏ ပဒဋ္ဌာန်ဖြစ်တဲ့ ဝေဒနာကိုဘဲ ဒီနေရာမှာ သမုဒယသစ္စာလို့ ဆိုထားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ဇာတ်ကို ဇရာမရဏ၏ သမုဒယသစ္စာလို့ ပြပြီး ဇဝံ-ဤနည်းအတူဘဲလို့ ညွှန်ပြတဲ့ အဌကထာစကားကို အထူး သတိပြုသင့်ပါတယ်။

ခံစားတာက ဒုက္ခသစ္စာ၊ တွေ့တာက သမုဒယသစ္စာ၊ ထို၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

တွေ့တာက ဒုက္ခသစ္စာ၊ အာယတနက သမုဒယသစ္စာ၊ ထို၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

အာယတနခေါ်တဲ့ တွေ့ကြောင်းအင်္ဂါက ဒုက္ခသစ္စာ၊ နာမ်ရူပ်က သမုဒယသစ္စာ၊ ထို ၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

နာမ်ရူပ်က ဒုက္ခသစ္စာ၊ ဝိညာဏ်က သမုဒယသစ္စာ၊ ထို ၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

ဝိညာဏ်က ဒုက္ခသစ္စာ၊ သင်္ခါရက သမုဒယသစ္စာ၊ ထို ၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

သင်္ခါရက ဒုက္ခသစ္စာ၊ အဝိဇ္ဇာက သမုဒယသစ္စာ၊ ထို ၂-မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

အဝိဇ္ဇာကိုတော့ ဒုက္ခသစ္စာအဖြစ်နဲ့ ဋ္ဌိကာမှာ ထုတ်ပြမထားဘူး၊ ထုတ်ချင်ယင်လဲ ထုတ်နိုင်ပါတယ်၊ ဘယ်လိုလဲဆိုယင် အဝိဇ္ဇာက ဒုက္ခသစ္စာ၊ အာသဝက သမုဒယသစ္စာ စသည်ဖြင့် ထုတ်နိုင်ပါတယ်။ အာသဝဆိုတာ-ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝအားဖြင့် ၄-ပါး ရှိပါတယ်။ ကာမာသဝဆိုတာ-လိုချင် နှစ်သက်ဖွယ် ကာမအာရုံတွေကို လိုချင် နှစ်သက်တဲ့ ကာမရာဂပါဘဲ။ အာသဝဟမုဒယာ အဝိဇ္ဇာသမုဒယော=အာသဝ၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်သည်-လို့ ဟောထားတဲ့ ဒေသနာနှင့်အညီ အဲဒီ ကာမအာရုံတွေကို လိုချင်နှစ်သက် မက်မောခြင်းကြောင့်လဲ မသိမှု သိမှားမှု အဝိဇ္ဇာဖြစ်ပါတယ်။ ဘဝါသဝဆိုတာ-ဘဝကို သာယာနှစ်သက်တဲ့ ရာဂပါဘဲ။ အဲဒီဘဝကို သာယာနှစ်သက်မှုကြောင့်လဲ မသိမှု သိမှားမှုဖြစ်တယ်။ ဒိဋ္ဌာသဝဆိုတာ အယူမှားဘဲ၊ အဲဒီ အယူမှားကြောင့်လဲ မသိမှု သိမှားမှုဖြစ်တယ်။ အဝိဇ္ဇာသဝဆိုတာကတော့-အဝိဇ္ဇာမောဟပါဘဲ။ ရှေးရှေးက ဖြစ်ခဲ့တဲ့ အဲဒီ အဝိဇ္ဇာကြောင့်လဲ နောက်နောက် အဝိဇ္ဇာ ဖြစ်တယ်။ ဒါကြောင့် အဲဒီ အာသဝတရား ၄-ပါးကိုဘဲ ဒီနေရာမှာ အဝိဇ္ဇာ၏အကြောင်း သစ္စာအဖြစ်ဖြင့် ယူရပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားဟာ အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သစ္စာ ၄-ပါး တရားအလုံးစုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသောကြောင့် သမ္မာသမ္မုဒ္ဓဆိုတဲ့ ဂုဏ်ထူး ဘွဲ့ထူး အမည်တော်ကြီးကို

ရတော်မူပါတယ်။ အဲဒီလို သစ္စာ ၄-ပါးကို သိတော်မူရာမှာ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတွေကိုလဲ ဒုက္ခသစ္စာ=ဆင်းရဲအစစ်အမှန်အဖြစ်ဖြင့်လဲ သိတော်မူပါတယ်၊ သမုဒယသစ္စာ=ဆင်းရဲဖြစ်ပွါးကြောင်း အစစ်အမှန်အဖြစ်ဖြင့်လဲ သိတော်မူပါတယ်၊ အဲဒီလို သိတော်မူတဲ့အတွက် အဲဒီ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတွေမှာ မပျော်မမွေ့ငြီးငွေ့တော်မူပါတယ်၊ ငြီးငွေ့တော့ သာယာတပ်မက်ခြင်း ကင်းတော်မူပါတယ်၊ တပ်မက်ခြင်းကင်းတော့ အဲဒီတရားတွေကို လွတ်လွတ်ကြီး စွန့်ပယ်နိုင်ပါတယ်၊ အဲဒီတရားတွေမှလဲ လွတ်မြောက်တော်မူပါတယ်။ ဒီပုံ ဒီနည်းဖြင့် သံသရာစက်၏ ထောက်အကန့်သဖွယ် ဖြစ်သော ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါတရားတွေကို ပယ်ဖျက်တော်မူခဲ့ပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် (ပ–၁၉၄)မှာ—

ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ တေ ဓမ္မေ၊ ထိုပဋ္ဌိစ္စသမုပ္ပါဒ်တရားတို့ကို။ ယထာဘူတံ ဥ တ္တာ၊ ဟုတ်တိုင်းမှန်စွာသိတော်မူပြီး၍။ တေသု၊ ထိုပဋ္ဌိစ္စသမုပ္ပါဒ်တရားတို့၌။ နိ ဗ္ဗိန္ဒန္တော၊ မပျော်မမွေ့ ငြီးငွေ့တော်မူလျက်။ ဝိရဇ္ဇန္တော၊ တပ်မက်သာယာ ကင်းကွာတော်မူလျက်။ ဝိမုစ္စန္တော၊ လွတ်မြောက်တော်မူလျက်။ ဝုတ္တပ္ပကာရဿ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ဣမဿ သံသာရစက္ကဿ၊ ဤသံသရာစက်ဘီး၏။ အရေ၊ ထောက်အကန့်တို့ကို။ ဟနိ ဝိဟနိ ဝိဒ္ဓံသေသိ၊ ခုတ်ဖြတ်ဖျက်ဆီးတော်မူခဲ့လေပြီ။ ဧဝံ၊ ဤပုံ ဤနည်းဖြင့်။ အရာနံ ဟတတ္တာဝပိ၊ သံသရာစက်ဘီး၏ ထောက်အကန့်တို့ကို ဖျက်ဆီးတော်မူပြီးသည်၏ အဖြစ်ကြောင့်လည်း။ အရဟံ၊ အရဟံမည်တော်မူပေသည်လို့ ဆိုထားပါတယ်။

ကဲ....အဲဒီ အရဟံဂုဏ်ပုဒ်နဲ့ သမ္မာသမ္မုဒ္ဓဂုဏ်ပုဒ်တွေကို အစဉ်အတိုင်း ရှုတ်ဆိုပြီး ကြည်ညိုကြဦးစို့။

အရဟံဂုဏ်တော်ဖွင့်မျှား

ကိလေသာရှိစဉ်က အလေ့အလာ အထုံဝါသနာနှင့်တကွ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသောကြောင့် ရတော်မူသော အရဟံဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံဆွန်ဖြင့် မိုးစွန်

ဘဝဂ် မဆန့်တက်အောင် နှုံ့လျက် ကျော်စောတော် မူပေသော မြတ်စွာဘုရား....။ (၁)

လောဘကိလေသာ ဒေါသကိလေသာ မောဟကိလေသာ မာနကိလေသာ ဒိဋ္ဌိကိလေသာ ဝိစိကိစ္ဆာကိလေသာ ထိနကိလေသာ ဥဒ္ဓစ္စကိလေသာ အဟိရိကကိလေသာ အနောတ္တပ္ပကိလေသာ တည်းဟူသော သရုပ်အားဖြင့် ကိလေသာဆယ်ပါး၊ အကျယ်ပွါးလျှင် တထောင့်ငါးရာ မျှားလှစ္စာသော ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဓားလက်နက်ဖြင့် အကြွင်းမဲ့ခုတ်ဖြတ် ပယ်သတ်တော်မူပြီးသောကြောင့် ရတော်မူသော အရ-ဟံဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံဆွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှုံ့လျက် ကျော်စောတော် မူပေသော မြတ်စွာဘုရား....။ (၂)

ပုံတောင်းတူစွာ အဝိဇ္ဇာတရုပ် အကွပ်ပမာ ဇရာမရဏ ပတ်လည်ခသည့် ပဋိစ္စသမုပ္ပါဒ် ရဟတ်သံသရာ ဘီးစကြာဝဠာ သခ်ါရမှ ဇာတိကျအောင် အလယ်ကဆယ်တန့် တောက်အကန့်တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် မဆက်မစပ် အကုန်လုံးပြတ်အောင် ခုတ်ဖြတ် ဖျက်ဆီး စွန့်ပယ်တော်မူပြီးသောကြောင့် ရတော်မူသော အရ-ဟံဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံဆွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှုံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား....။ (၃)

လွန်ကဲထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍, လူမင်းနတ်မင်း ဗြဟ္မာမင်းဟု ကမ္ဘာအတွင်း၌ သမ္ဘာရင်းထူ ဂုဏ်လင်းသူတို့မှ စ၍ အနန္တမဆုံး လောကကြီးတခုလုံး၏ ညွှတ်ရိုးဖူးမြော် ပူဇော်ခြင်း ဝိသေသ ထူးမြတ်သော သက္ကာရတို့ကို တောင့်တတဲ့ချမ်းသာ လိုရာရာ အကျိုးမျှားဖြင့် တိုးပွါးမသွေ ချမ်းသာစေ ရည်မြော်လျက် ခံယူတော်မူ ထိုက်သောကြောင့် ရတော်မူသော အရဟံဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံဆွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှုံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား....။ (၄)

မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာမရှိ တော်မူသောကြောင့် ရတော်မူသော အရ-ဟံဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား....။ (၅)

ဘဝဂ်တိုင်အောင် ကျော်စောပုံ

ဘဝဂ်တိုင်အောင် ပျံ့နှံ့ကျော်စောပုံကတော့ (၁) လောရောက်နိုင်တဲ့ဘုံမျိုးမှ လာရောက်ပြီး တရားနာခြင်းဖြင့်လဲ မြတ်စွာဘုရား၏ ဂုဏ်သတင်းဟာ အဲဒီဘုံတွေအထိ ပျံ့နှံ့ကျော်စောပါတယ်၊ (၂) မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွရောက်ပြီး ဟောတော်မူခြင်းဖြင့်လဲ ပျံ့နှံ့ကျော်စောတော်မူပါတယ်၊ (၃) မြတ်စွာဘုရား၏ အဆုံးအမဖြင့် တရားထူးရပြီး ထိုထိုဘုံမှာ ရောက်နေကြတဲ့ တပည့်သာဝကတို့ အလိုအားဖြင့်လဲ ပျံ့နှံ့ကျော်စောတော်မူပါတယ်။

အဲဒီ သုံးမျိုးထဲမှာ ပဌမအမျိုးအားဖြင့် ပျံ့နှံ့ကျော်စောပုံကတော့ အထူးပြောဘို့မလိုပါဘူး၊ ထင်ရှားနေပါပြီ။ ဒုတိယအမျိုးအားဖြင့် ပျံ့နှံ့ကျော်စောပုံကတော့ အခါတပါးဌ မြတ်စွာဘုရားဟာ ဥက္ကဋ္ဌမြို့အနီး သုဘဂမည်သော တောထဲက အင်ကြင်းပင်ကြီးအောက်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီ အခါ မြတ်စွာဘုရားမှာ ဒီလို အကြံဖြစ်ပါတယ်၊ အစမထင်အောင် ရှည်စွာသော သံသရာလောကကြီးအတွင်းမှာ သုဒ္ဓါဝါသဘုံမှတပါး ငါမရောက်ဘူး မဖြစ်ဘူးသေးသော ဘုံဌာနမည်သည် မရှိတော့ပေ၊ သုဒ္ဓါဝါသဘုံများကိုကား မရောက်ဘူး မဖြစ်ဘူးသေးပေ၊ ထိုကြောင့် သုဒ္ဓါဝါသဘုံများသို့ သွားရလျှင် ကောင်းပေလိမ့်မည်ဟု အကြံအစည် ဖြစ်ပါသတဲ့။

ဘုံ ၃၁-ရှိတဲ့အနက်က သုဒ္ဓါဝါသ ၅-ဘုံကို ဖယ်ပြီး ကျန်တဲ့ ၂၆-ဘုံမှာ ဘုရားအလောင်းတော်ဘဝက မဖြစ်ဘူးတဲ့ ဘုံရယ်လို့ မရှိဘူး၊ ဖြစ်ခဲ့ဘူးတဲ့ ဘုံတွေချည်းဘဲ။ သုဒ္ဓါဝါသ ၅-ဘုံဆိုတာကတော့ အနာဂါမ်ပုဂ္ဂိုလ်များသာ ဖြစ်နိုင်တယ်၊ ဘုရားအလောင်းတော်ဆိုတာ ဘုရားဖြစ်မည့်နောက်ဆုံးဘဝကျမှ ဗောဓိပင်အောက် အပရာဇိတပလ္လင်ထက်မှာမှ အရိယမဂ် ၄-ပါးကို တထိုင်အတွင်းမှာဘဲရပြီး ဘုရားအဖြစ်သို့ ရောက်တော်မူရမြဲဖြစ်တယ်၊ အဲဒီထက် ရှေးကျတဲ့

ဘဝတွေမှာ သောတာပန် သကဒါဂါမ် အနာဂါမ် မဖြစ်နိုင်ဘူး။ ဒါကြောင့် မြတ်စွာဘုရားဟာ သုဒ္ဓါဝါသဘုံမှာ မဖြစ်ဘူးခဲ့ဘူး။ ဝေဟပ္ဖုလ်ဘုံ ဆိုတာမှာ ဖြစ်ဘူးသော်လဲ အဲဒီအောက်ဘုံက အထက်ဖြစ်တဲ့ သုဒ္ဓါဝါသဘုံတွေကို မသွားနိုင်ဘူး၊ လူတွေက နတ်ဘုံတွေ နတ်တွေကို မမြင်နိုင်တာလို အောက်ဗြဟ္မာတွေကလဲ အဲဒီ သုဒ္ဓါဝါသဘုံတွေနဲ့ သုဒ္ဓါဝါသဗြဟ္မာတွေကို မမြင်နိုင်ဘူး။ ဒါကြောင့် မြတ်စွာဘုရားမှာ အဲဒီ သုဒ္ဓါဝါသဘုံတွေကို မရောက်ဘူးဘဲ ရှိနေခဲ့ပါတယ်။ မရောက်ဘူးတဲ့ အဲဒီဘုံတွေ ကြွသွားဘို့ အကြံအစည်ဖြစ်တာကလဲ ယခုလူတွေ အထူးအဆန်းကြည့်ဘို့ အရပ်တပါး အလည်သွားကြတာမျိုး မဟုတ်ပါဘူး၊ အဲဒီ မရောက်ဘူးသေးတဲ့ ဘုံတွေကို ကိုယ်တိုင်ရောက်ပြီး အဲဒီဘုံက ဗြဟ္မာတွေရဲ့ အကြောင်းအရာတွေကို နတ်လူအမျှားအား ဟောကြားဘို့ ရည်ရွယ်ပြီး အကြံအစည် ဖြစ်တာပါဘဲ။

အဲဒီလို ကြံစည်တော်မူပြီးတော့ မြတ်စွာဘုရားဟာ ကွေးထားတဲ့ လက်ကို ဆန့်လိုက်သလို ဆန့်ထားတဲ့လက်ကို ကွေးလိုက်သလို အဘိညာဉ်တန်ခိုးတော်ဖြင့် တခဏချင်းပင် အဝီဟာခေါ်တဲ့ အောက်ဆုံး သုဒ္ဓါဝါသဘုံသို့ ကြွရောက်တော်မူပါတယ်။ အဲဒီဘုံရောက်တဲ့အခါ အဲဒီဘုံက ထောင်သောင်းသိန်းမျှားစွာသော ဗြဟ္မာတွေက မြတ်စွာဘုရားထံ လာရောက်ပြီး ရှိခိုးကန်တော့ကြပါတယ်၊ ရှိခိုးကန်တော့ပြီး သူတို့၏ အကြောင်းအရာမျှားကို လျှောက်ထားကြပါတယ်၊ လွန်ခဲ့တဲ့ ဧဝ-ကမ္ဘာထက်က ဝိပဿီအမည်ရှိသော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူခဲ့ကြောင်း၊ ထိုမြတ်စွာဘုရား၏ အမျိုးအနွယ် အသက်တမ်း ဗေဒါပင် အဂ္ဂသာဝကစသည်တို့က မည်သို့ မည်သို့ ဖြစ်ကြောင်းမျှားကို လျှောက်ထားကြပြီးတော့ သူတို့ဟာ အဲဒီ ဝိပဿီဘုရားသာသနာတော်မှာ မြတ်သောအကျင့်ကို ကျင့်သုံးပြီး အနာဂါမ်ဖြစ်လို့ အဲဒီအဝီဟာဘုံကို ရောက်နေကြကြောင်းကို လျှောက်ထားကြပါတယ်။ အဲဒါက ဝိပဿီမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ အဝီဟာဗြဟ္မာတွေက လျှောက်ထားပုံပါဘဲ။

ထို့အတူပင် သိခီမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဗြဟ္မာတွေ၊ ဝေဿဘူမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဗြဟ္မာတွေ၊ ကကုသန်မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဗြဟ္မာတွေ၊ ကောဏာဂုံမြတ်စွာဘုရား၏ တပည့်သာဝက

ဖြစ်တဲ့ ဗြဟ္မာတွေ၊ ကဿပမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဗြဟ္မာတွေ ကလဲ အကြောင်းအရာ အလုံးစုံကို (နည်းတူဘဲ) လျှောက်ထားကြပါတယ်။

နောက်ဆုံးမှာ ဘုန်းကြီးတို့၏ ကိုးကွယ်ရာဖြစ်တဲ့ ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝက ဗြဟ္မာတွေကလဲ ယခုအခါမှာ ဂေါတမမည်သော မြတ်စွာဘုရား လောကဌ် ပွင့်တော်မူလျက်ရှိကြောင်းမှ အစပြုပြီး သူတို့ဟာ ဒီ ဘုရားသာသနာ မှာဘဲ မြတ်သောအကျင့်ကို ကျင့်သုံးပြီး အနာဂါမ်ဖြစ်လို့ အဲဒီ အဝိဟာဘုံကို ရောက်နေကြကြောင်းအထိ အကြောင်းစုံကို လျှောက်ထားကြပါတယ်။

အဲဒီက နောက် မြတ်စွာဘုရားဟာ အတပ္ပါဘုံကို ကွတော်မူပါတယ်၊ အဲဒီက နောက် သုဒဿာဘုံကို ကွတော်မူပါတယ်၊ အဲဒီက နောက် သုဒဿီဘုံ ကို ကွတော်မူပါတယ်၊ အဲဒီက နောက် အကနိဋ္ဌာဘုံကို ကွတော်မူပါတယ်၊ အဲဒီဘုံတွေမှာလဲ ဘုရားခုနစ်ဆူတို့၏ တပည့်သာဝကဖြစ်ကြတဲ့ ထောင် သောင်း သိန်း များစွာသော ဗြဟ္မာတွေက သူတို့၏ ဆရာ ဘုရား အကြောင်းနှင့် သူတို့၏ အကြောင်းအရာ အလုံးစုံကို နည်းတူဘဲ လျှောက်ထားကြပါတယ်။

အဲဒါဟာ မြတ်စွာဘုရားက ထိုထိုဘုံများသို့ ကွသွားခြင်းဖြင့် မြတ်စွာ ဘုရား၏ဂုဏ်သတင်းပြန့်နှံ့ကျော်စောပုံ သာဓကပါဘဲ။ အဲဒီ အထဲမှာ မြတ်စွာ ဘုရား၏ အဆုံးအမအတိုင်း ကျင့်သုံးပြီး အဲဒီဘုံတွေကို ရောက်နေကြတဲ့ တပည့်သာဝကတွေ အလိုအားဖြင့် ပြန့်နှံ့ကျော်စောပုံလဲ ပါသွားပါတယ်။

ဒါပေမဲ့ အဲဒီလို ရူပ်ရှိတဲ့ ဘုံတွေမှာ ကျော်စောပုံကတော့ သိလွယ်ပါတယ်၊ ရူပ်ကိုယ်မရှိတဲ့ အရူပဘုံတွေကိုတော့ ဘယ်လို ပြန့်နှံ့ကျော်စောသလဲလို့ စဉ်းစား စရာ ရှိပါတယ်။ ဘာကြောင့်လဲဆိုယင် အဲဒီဘုံတွေမှ ဗြဟ္မာတွေကလဲ ဘုရားထံ ကို မလာနိုင်ကြဘူး၊ ဘုရားကလဲ အဲဒီဘုံတွေ သွားပြီး ဟောပြောလို့ မဖြစ်ဘူး၊ ဒါကြောင့် အဲဒီအရူပဘုံက ဗြဟ္မာတွေဟာ ဘုရားဂုဏ်တွေကို ဘယ်လိုလုပ်ပြီး သိနိုင်ပါမည်လဲလို့ စဉ်းစားစရာ ရှိပါတယ်။ အဲဒါကို ရှင်းပြပါမယ်၊ ကာမဘုံ ရူပဘုံမှာ မြတ်စွာဘုရား အဆုံးအမအတိုင်း ကျင့်သုံးပြီး သောတာပန် သကဒါ ဂါမ် အနာဂါမ် ဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ အရူပစျာန်ကိုရပြီး စုတေသွား လျှင်, အဲဒီဘုံတွေမှာ ဖြစ်လိုတဲ့ဆန္ဒလဲရှိလျှင် အဲဒီ အရူပဘုံတွေမှာ ဖြစ်နိုင်

ပါတယ်၊ အဲဒီလို ဖြစ်သွားတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရား၏ အရဟံ–အစရှိသော ဂုဏ်တော်တွေကို ထင်ရှား သိမြဲသိနေကြပါတယ်၊ "မိမိတို့ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စိတ် စေတသိက် နာမ်တရားတွေကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ပြီး သိခြင်းဖြင့် ဣန္ဒြေငါးပါး ရင့်ကျက်ပြီးမရသေးတဲ့ တရား ထူးကို ရနိုင်တယ်" ဆိုတာလဲ ထင်ရှားသိနေကြပါတယ်၊ အဲဒီလို သိတဲ့အတွက် မိမိတို့ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စိတ် စေတသိက် နာမ်တရားတွေကို အကြောင်းညီညွတ်တဲ့အခါမှာ ရှုမှတ်ကြပါတယ်၊ ဒီလို ရှုမှတ်ခြင်းဖြင့် ဣန္ဒြေ ရင့်ကျက်ပြီး အရဟတ္တမဂ်ဉာဏ် ရောက်ကြတယ်၊ ကိလေသာ အာသဝေါ ကုန်ခန်းပြီး ရဟန္တာ ဖြစ်ကြတယ်၊ အာကာသာနဉ္စာယတနဘုံမှာ ဖြစ်နေတဲ့ အရိယာတွေဟာ အဲဒီဘုံမှာဘဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲ ရှိတယ်၊ အဲဒီမှာ ရဟန္တာမဖြစ်သေးယင် ဝိညာဏဉ္စာယတနဘုံမှာ ဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲ ရှိတယ်၊ အဲဒီမှာ မဖြစ်သေးယင် အာကိဉ္စညာယတနဘုံမှာ ဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလဲ ရှိတယ်၊ အဲဒီမှာ မဖြစ်သေးယင် နေဝသညာနာသညာယတန ဆိုတဲ့ အထက်ဆုံးဘဝဂ်ဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတယ်၊ ဒီဘုံမှာတော့ ကေန်ဘဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရတယ်။ အဲဒီလို အရူပဘုံကို ရောက်နေတဲ့ အရိယာပုဂ္ဂိုလ်မှာ မြတ်စွာဘုရား၏ ဂုဏ်တော်တွေ ထင်ရှားနေတဲ့အတွက် မိုးစွန်ဘဝဂ်ထိအောင် ပြန့်နှံ့တက်ပြီး ကျော်စောတောင်မူတယ်လို့ ဆိုထားပါတယ်။ အင်း–မိုးစွန်ဘဝဂ် မဆန့်တက်ပုံတော့ ရှင်းလောက်ပါပြီ၊ သမ္မာသမ္မုဒ္ဓဂုဏ်တော်ဖွင့်ကို ရှတ်ဆိုပြီး အာရုံပြုလိုက်ကြဦးစို့။

သမ္မာသမ္မုဒ္ဓဂုဏ်တော်ဖွင့်

ထူးသောဉာဏ်ဖြင့် သိသင့်သိထိုက်တဲ့ သစ္စာ ၄-ပါး တည်းဟူသော အဘိညေယျတရား၊ ပိုင်းခြားရှု သိသင့် သိထိုက်တဲ့ ဒုက္ခသစ္စာ တည်းဟူသော ပရိညေယျတရား၊ ပယ်သင့် ပယ်ထိုက်တဲ့ သမုဒယသစ္စာ တည်းဟူသော ပဟာတဗ္ဗတရား၊ မျက်မှောက်ထင်ထင် ဆိုက်ရောက်၍ သိမြင်သင့် သိမြင်ထိုက်တဲ့ နိရောဓသစ္စာတည်းဟူသော သစ္ဆိကာတဗ္ဗ တရား၊ ပွါးများသင့် ပွါးများထိုက်တဲ့ မဂ္ဂသစ္စာတည်းဟူသော ဘာဝေ-တဗ္ဗ တရားအားဖြင့် သစ္စာ ၄-ပါး ခပ်သိမ်းသောတရားတို့ကို သူတပါး

ထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့် ရတော်မူသော **သမ္မာသမ္ဗုဒ္ဓ** ဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံဆွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား....။

သစ္စာ ၄-ပါး အကျဉ်းချုပ်

ဒီ ဂုဏ်ပုဒ်နှင့်စပ်ပြီး သစ္စာ ၄-ပါး သိတော်မူပုံကို အသေးစိတ်အားဖြင့် အကျယ်ပြခဲ့ပြီ၊ ယခု အကျဉ်းမှတ်ဖို့ ပြောဦးမယ်။ ကျမ်းဂန်များ အဆိုအားဖြင့် ကာမ, ရူပ, အရူပ ဆိုတဲ့ ဘုံသုံးပါးဌာဖြစ်နေသော ရုပ်နာမ်တရားထဲက တဏှာကို ဖယ်ပြီး ကျန်တဲ့ တရားဟူသမျှကို ဒုက္ခသစ္စာ ခေါ်တယ်၊ တဏှာကို သမုဒယသစ္စာ ခေါ်တယ်၊ နိဗ္ဗာန်ကို နိရောဓသစ္စာ ခေါ်တယ်၊ အရိယမဂ်ကို မဂ္ဂ**သစ္စာ**ခေါ်တယ်။

ပုဂ္ဂိုလ် တဦး တဦး**အ**တွက်ဆိုယင် တဏှာမှတပါး မိမိသန္တာန်မှာ ဖြစ်နေသော လောကီရုပ်နာမ် အပေါင်းကို ဒုက္ခသစ္စာခေါ်တယ်၊ မိမိက အပါယ် ၄-ဘုံ လူ့ဘုံ နတ်ပြည် ၆-ဘုံမှာ ဖြစ်နေခိုက်ဆိုယင် ကာမတရားတွေပေါ့၊ ရူပဗြဟ္မာဘုံမှာ ဖြစ်နေခိုက်ဆိုယင် ရူပတရားတွေပေါ့၊ အရူပဘုံမှာ ဖြစ်နေခိုက်ဆိုယင် အရူပတရားတွေပေါ့၊ အဲဒါကိုဘဲ 'တေဘူမက = ဘုံသုံးပါးဌာ ဖြစ်နေသော သင်္ခါရတရား''လို့ ဆိုပါတယ်။ အဲဒါကို အဘိဓမ္မတ္ထ သင်္ဂဟကျမ်းမှာ "ဒုက္ခံ တေဘူမကံ ဝဋ္ဋံ''လို့ တိုတိုကလေး ပြဆိုထားပါတယ်။

တေဘူမကံ၊ ဘုံသုံးပါးဌာဖြစ်သော။ ဝဋ္ဋံ၊ ဝဋ္ဋဆင်းရဲတရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်ပါတယ်တဲ့။ တဏှာမှတပါး အဝိဇ္ဇာအစရှိသော ကိလေသာတွေက ကိလေသဝဋ္ဋ, ကုသိုလ်အကုသိုလ်ကံက ကမ္မဝဋ္ဋ, ဝိညာဏ် နာမ်ရုပ် သဠာယတနဖဿ ဝေဒနာဆိုတဲ့ အကျိုးငါးပါးက ဝိပါကဝဋ္ဋ–ဒီဝဋ္ဋသုံးပါးဘဲ တလှည့်စီ ဖြစ်နေတယ်၊ အဲဒီ ဝဋ္ဋသုံးပါးဟာ ခဏမစဲ ဖြစ်မှုပျက်မှုက နှိပ်စက်နေလို့ ဆင်းရဲအစစ် ဒုက္ခ**သ**စ္စာချည်းပါဘဲ၊ ဆင်းရဲ အစုအဝေးမျှပါဘဲ-တဲ့။ လူ့**သ**န္တာန်မှာ ဖြစ်နေတာလဲ ဆင်းရဲဘဲ၊ နတ် ဗြဟ္မာသန္တာန်မှာ ဖြစ်နေတာလဲ ဆင်းရဲဘဲ၊ အပါယ်သတ္တဝါ သန္တာန်မှာတော့ **အ**ထူးပြောစရာ မလိုပါဘူး။

အဲဒီ ဒုက္ခသစ္စာ ဆင်းရဲတရားတွေဟာ ဘာကြောင့် ဖြစ်ရသလဲဆိုယင် ကိုယ့်ဘဝ ကိုယ့်အခြေအနေနှင့်စပ်ပြီး နှစ်သက်သာယာ တွယ်တာနေတဲ့ တဏှာ ရှိနေလို့ ဖြစ်ရတာပါဘဲ၊ ဒါကြောင့် တဏှာဟာ ဝဋ္ဌသုံးပါး ဆင်းရဲ၏ဖြစ်ကြောင်း အစစ် သမုဒယသစ္စာ မည်ပါတယ်။ အရိယမဂ်ဉာဏ်၏ အစွမ်းကြောင့် အဲဒီ တဏှာ မဖြစ်ပေါ်လာနိုင်တော့ဘဲ ငြိမ်းသွားယင် ဝဋ္ဌသုံးပါး ဆင်းရဲလဲ မဖြစ်ပေါ်လာတော့ဘဲ အပြီးတိုင် ငြိမ်းသွားပါတယ်။ အဲဒီလို တဏှာနှင့် ဝဋ္ဌသုံးပါး ဆင်းရဲတွေ ငြိမ်းတာဟာ နိရောဓသစ္စာ မည်ပါတယ်၊ အဲဒါကို ဆင်းရဲ ငြိမ်းရာ လို့လဲ ခေါ်ဝေါ် ပြောဆိုရပါတယ်။ ဒါကြောင့် တဏှာနဲ့ ဆင်းရဲအားလုံး ချုပ်ငြိမ်းရာသဘောကို နိရောဓသစ္စာလို့ မှတ်ရမယ်။ အဲဒီ ချုပ်ငြိမ်းရာ နိရောဓကို ဆိုက်ရောက်ပြီး မျက်မှောက်သိမြင်တဲ့ မဂ္ဂင်ရှစ်ပါးတရားက မဂ္ဂသစ္စာ-တဲ့။ ဘယ်လို ဆိုက်ရောက်ပြီး သိမြင်သလဲဆိုယင် ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံနေတဲ့ ယောဂီပုဂ္ဂိုလ်မှာ ခဏမစဲ ဖြစ်ပျက်နေတဲ့ ရူပ်နာမ်တရားတွေကို ရှုသိနေရင်း ဖြစ်ပျက်နေတဲ့ သင်္ခါရအာရုံခံတွေရော ရှုသိနေတဲ့ ဝိပဿနာ သင်္ခါရတွေရော အားလုံး ကုန်ဆုံး ချုပ်ငြိမ်းတဲ့သဘောထဲကို အသိဉာဏ်က ရောက်သွားတယ်၊ အကုန်လုံး ချုပ်ငြိမ်းသွားတယ်လို့ တွေ့ရတယ်။ အဲဒီလို ဆိုက်ရောက်ပြီး မျက်မှောက် တွေ့ရပါတယ်။ အဲဒီလို မျက်မှောက်တွေ့မြင်တဲ့ သဘောဟာ မဂ္ဂသစ္စာပါဘဲ။ ကဲ ဆိုကြရမယ်—

ဘုံသုံးပါးဌ ပါဝင်သော ရူပ်နာမ်သင်္ခါရတရား ဟူသမျှက ဒုက္ခသစ္စာ၊ တဏှာက သမုဒယသစ္စာ၊ ထိုဒုက္ခ, သမုဒယ နှစ်ပါးလုံး ချုပ်ငြိမ်းရာက နိရောဓသစ္စာ၊ နိရောဓကို မျက်မှောက် သိမြင်တာက မဂ္ဂသစ္စာ။

အဲဒါက ကျမ်းဂန်တွေအရ ခွဲခြားပုံဘဲ။ ယောဂီ၏ အတွေ့အားဖြင့် ဆိုယင်တော့ ခဏမစဲ ဖြစ်ပျက်နေတဲ့ ရူပ်သင်္ခါရတွေက ဒုက္ခသစ္စာ၊ အဲဒီ သင်္ခါရတွေကို အကောင်းတွေထင်ပြီး နှစ်သက်သာယာနေတာက သမုဒယသစ္စာ၊ အဲဒီ ဒုက္ခနှင့် သမုဒယ နှစ်ပါးလုံး ချုပ်ငြိမ်းတာက နိရောဓသစ္စာ၊ အဲဒီ ချုပ်ငြိမ်းတာကို ဆိုက်ရောက်ပြီး တွေ့မြင်တာက မဂ္ဂသစ္စာ-လို့ ဒီလို မှတ်ရမယ်၊ အဲဒါကိုလဲ ဆိုကြရမယ်—

ခဏမစဲ ဖြစ်ပျက်နေတာတွေက ဒုက္ခသစ္စာ၊ အဲဒါတွေကိုပင် နှစ်သက်သာယာတာက သမုဒယသစ္စာ၊ အဲဒီ နှစ်မျိုးလုံး ချုပ်ငြိမ်းတာ့ကနိဗ္ဗာန်သစ္စာ၊ အဲဒီ ချုပ်ငြိမ်းရာကို ဆိုက်ရောက်သွားတာက မဂ္ဂသစ္စာ။

၁။ ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာတည်း။

၂။ သင်္ခါရတွင်၊ အကောင်းထင်၊ ခင်မင် သမုတည်း။

၃။ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံး နိဗ္ဗာန်တည်း။

၄။ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင် မင်ပေတည်း။

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်နှင့်စပ်ပြီး အရဟံ ဂုဏ်တော်ကိုလဲ ပြောပြီးပြီ၊ အရဟံဂုဏ်တော်မှာ ကိလေသာတွေ ထောက်အကန့်တွေကို ပယ်ဖျက်ပုံနှင့်စပ်ပြီး သမ္မာသမ္မုဒ္ဓဂုဏ်တော်မှ အရဟတ္တမဂ်ဖြင့် သစ္စာ ၄-ပါးကို သိပုံလဲ ပြောပြီးပြီ။ ဒါပေမဲ့ သမ္မာသမ္မုဒ္ဓဂုဏ်တော်ကလဲ သစ္စာ ၄-ပါး တရားအလုံးစုံကို အကုန်သိတယ်-လို့ အနက်အဓိပ္ပါယ်ရှိတယ်၊ ဗုဒ္ဓဆိုတဲ့ ဂုဏ်တော်ကလဲ တရားအလုံးစုံကို အကုန်သိတယ်လို့ အနက်အဓိပ္ပါယ် ရှိတယ်၊ ဘယ်လို ထူးခြားပါသလဲလို့ မေးစရာရှိပါတယ်၊ အဲဒီ အချက်တခုလောက်ပဲ ရှင်းစရာ လိုပါတော့တယ်။

ဗုဒ္ဓဂုဏ်တော်

သမ္မာသမ္မုဒ္ဓ ဂုဏ်တော်က ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ကြံ အားထုတ်ပြီး သစ္စာ ၄-ပါး တရားအလုံးစုံကို အရဟတ္တမဂ်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူပုံကို ပြပါတယ်။ ဗုဒ္ဓဂုဏ်တော်ကတော့ သဗ္ဗညုတဉာဏ်တော်အစရှိတဲ့ ဗုဒ္ဓဉာဏ်တော်တို့ဖြင့် သင်္ခတနှင့် **အ**သင်္ခတတရားအလုံးစုံကို အကြွင်းမဲ့ သိတော်မူပုံကို ပြပါတယ်။ ဗုဒ္ဓဉာဏ်တော်ဆိုတာ သစ္စာ ၄-ပါးကို သိတဲ့ဉာဏ်က ၄-ပါး၊ ပဋ္ဌိသမ္ဘိဒါဉာဏ်က ၄-ပါး၊ သာဝကတို့နှင့် မဆက်ဆံတဲ့ အသာဓာရဏဉာဏ်က ၆-ပါး၊ ဒီဉာဏ်တော် ၁၄-ပါးပါတဲ့။ အဲဒီထဲမှာ အသာဓာရဏ ဉာဏ်တော် ၆-ပါးဆိုတာက ၁-ဝေနေယျသတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို သိသော ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ ၂-သတ္တဝါတို့၏ အလို အကြိုက် အာသယနှင့် ကိန်းဝပ်နေသော အနုသယတို့ကိုသိသော အာသယာ

နုသယဉာဏ်၊ ၃-ရေ မီးအစရှိသော အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ဖန်ဆင်းနိုင်သော ယမကပါဋိဟိရဉာဏ်၊ ၄-သတ္တဝါတို့အား သနားခြင်းနှင့် ယှဉ်သော မဟာကရုဏာသမာပတ္တိဉာဏ်၊ ၅-အလုံးစုံကို သိသော သဗ္ဗညုတဉာဏ်၊ ၆-သိလိုရာကို ဆင်ခြင်လျှင် အပိတ်အပင် အကွယ်အခြား အဆီးအတား မရှိ သိနိုင်သော အနာဝရဏဉာဏ်ဆိုတဲ့ ဒီဉာဏ်တော် ၆-ပါးပါဘဲ။

သခ်ၣာတရားဆိုတာ ဆိုင်ရာဆိုင်ရာအကြောင်းတရားတို့က ပေါင်းစု ညီညွတ်ပြီး ပြုအပ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေပါဘဲ၊ တဲ့တဲ့ပြောရမယ်ဆိုယင် အကြောင်း ညီညွတ်မှု ဖြစ်တဲ့ တရားတွေပါဘဲ၊ ဥပမာ ဒုတ်, သံချောင်းအစရှိသော မာသော အရာဝတ္ထုနှစ်ခု တိုက်ခိုက်တဲ့အခါ အသံမြည်လာတယ်၊ အဲဒါ မျိုးပါဘဲ၊ အဲဒီ အသံလဲ သခ်ၣာတရားပါဘဲ။ အသခ်ၣာတရားဆိုတာ အကြောင်းတရားနှင့် မဆိုင်တဲ့ တရားပါဘဲ၊ အဲဒါဟာ တကယ်ရှိတဲ့ ပရမတ္ထအားဖြင့် ဆိုယင် နိဗ္ဗာန်တရား တပါးတည်းသာ ရှိပါတယ်၊ ပရမတ္ထ မဟုတ်တဲ့ ပညတ် အနေအားဖြင့်ဆိုယင်တော့ အမည်ပညတ်, သန္ဌာန်ပညတ်, ပုံသဏ္ဌာန်ပညတ် စသည်ဖြင့် ပညတ်အမျိုးမျိုးတွေ မျှားစွာရှိပါတယ်။ အဲဒီတော့ သခ်ၣာတရားဆိုတာ အကြောင်းကြောင့်ဖြစ်တဲ့ ရုပ်နာမ်တရား၊ အသခ်ၣာ တရားဆိုတာ နိဗ္ဗာန်နဲ့ ပညတ်တရားလို့ ဒီလို မှတ်ထားကြရမယ်။ သိစရာဟာ အကျဉ်းအားဖြင့်ဆိုယင် ဒီနှစ်မျိုးဘဲ ရှိပါတယ်။ ဒါကြောင့် ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်မှာ သဗ္ဗညုတဉာဏ်ကို ဒီလို ပြထားပါတယ်။

သဗ္ဗံ၊ **အ**လုံးစုံသော။ **သ**ခ်ၣံ၊ **သ**ခ်ၣတရားကိုရင်း။ **အ**သခ်ၣံ၊ **အ**သခ်ၣတရားကိုရင်း။ **အ**နဝသေသံ ဇာနာတီတိ၊ **အ**ကြွင်းမဲ့သိတတ်သောကြောင့်။ **သ**ဗ္ဗညုတဉာဏံ၊ **သ**ဗ္ဗညုတဉာဏ် **မ**ည်၏-လို့ **အ**ကျဉ်းချုပ် ပြထားပါတယ်။

အဲဒီလို အကျဉ်းပြပြီးတော့ **အ**တိတ် အနာဂတ် ပစ္စုပ္ပန်တရားအလုံးစုံကို သိပုံ၊ စက္ခုနှင့် ရူပ**စ**သည်ဖြင့် ဒွါရ ၆-ပါးနှင့် **အ**ာရုံ ၆-ပါး အလုံးစုံကို သိပုံ၊ **အ**နိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို အကြွင်းမဲ့သိပုံ၊ **အ**ဘိညာ ပရိညာ ပဟာန ဘာဝနာသစ္ဆိကိရိယာတို့၏ သဘောကို အကြွင်းမဲ့သိပုံ၊ ခန္ဓာ **အ**ာယတန ဓာတ် **သ**ခ်ၣ **အ**သခ်ၣတို့၏ သဘောကို အကြွင်းမဲ့သိပုံ၊ ကုသိုလ် အကုသိုလ် **အ**ဗျာကတ ကာမာဝစရ ရူပါဝစရ အရူပါဝစရ လောကုတ္တရာတရားတို့ကို

အကြင်းမဲ့သိပုံ၊ သစ္စာ ၄-ပါး ပဋ္ဌိသမ္ဘိဒါ ၄-ပါး အသာမာရကဉာဏ် ၆-ပါး ဆိုင်ရာတရားတို့ကို အကြင်းမဲ့သိပုံ၊ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့ မြင်သမျှ ကြားသမျှ ဖွေ့သမျှ သိသမျှ ရှာကြံသမျှတို့ကို အကြင်းမဲ့ သိပုံတို့ဖြင့် အကျယ်ဖွင့်ပြသွားပါတယ်။

ဥေ္ဃယျခံ ငါးပါး

အဲဒီလို အကျဉ်းအကျယ်ပြဆားတဲ့ တရားတွေကိုပင် ဥေ္ဃယျဓမ္မ=ဥေ္ဃယျခံ တရား ငါးပါးလို့ ပြဆိုကြပါတယ်၊ အဲဒါတွေက ဘယ်ဟာတွေလဲဆိုယင် (၁) သခ်ၸိရ=အကြောင်းကြောင့်ဖြစ်တဲ့ နိပ္ဖန္နရူပ် ၁၈-ပါးနဲ့ စိတ်စေတသိက် ၅၃-ပါး၊ ခုတင်ကပြခဲ့တဲ့ သခ်ၸတတရားတွေပါဘဲ။ (၂) ဝိကာရ=နိပ္ဖန္နရူပ်တို့၏ အမူအရာ အထူး၊ ကာယဝိညတ် ဝစီဝိညတ် လဟုတာ မုဒုတာ ကမ္မညတာဆိုတဲ့ ဒီအနိပ္ဖန္နရူပ် ငါးပါး ပါဘဲ။ (၃) လက္ခဏ=ရူပ်နာမ်တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာနှင့် ဥပါဒ်, ဋ္ဌိ, ဘင် ဆိုတဲ့ သခ်ၸတလက္ခဏာတွေပါဘဲ။ (၄) နိဗ္ဗာန်=ခုတင်ကပြခဲ့တဲ့ အသခ်ၸတတရားထဲက နိဗ္ဗာန်ပါဘဲ။ (၅) ပညတ်=အမည်သဒ္ဒါပညတ်အမျိုးမျိုး ရူပ်နာမ်အစဉ် သန္တာန်ပညတ်အမျိုးမျိုး ပုံသဏ္ဌာန်ပညတ်အမျိုးမျိုး အရပ် မျက်နှာပညတ် ကာလပညတ် အခိုက်အတန့်ပညတ် ဘုံဌာနပညတ် ပုဂ္ဂိုလ် သတ္တဝါပညတ် စသည်ဖြင့် လူနတ်ဗြဟ္မာ သတ္တဝါတွေက အသိအမှတ်ပြုထားတဲ့ ပညတ်အမျိုးမျိုးပါဘဲ။ အာကာသဓာတ်ဆိုတဲ့ အနိပ္ဖန္နရူပ်လဲ အဲဒီပညတ်ထဲမှာ ပါဝင်တယ်လို့ ယူရပါတယ်။ အဲဒီ ဥေ္ဃယျခံတရား ငါးပါးဟာ သခ်ၸတနှင့်အသခ်ၸတ ၂-ပါးထဲ အတွင်းဝင်ပါတယ်။ ဒါကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ (၃၄၀)မှာ ဒီလို ပြဆိုသွားပါတယ်။

ပဋ္ဌနေယျပထပ္ပဘေဒံ၊ ဥေ္ဃယျခံငါးပါး အပြားရှိသော။ သဗ္ဗံ၊ အလုံးစုံကို။ အညာသိ၊ သိတော်မူလေပြီ။ ဣတိ၊ ဤအကြောင်းကြောင့်။ သဗ္ဗညူ၊ သဗ္ဗညူမည် တော်မူ၏။ ဟိ၊ မှန်ပေ၏။ သခ်ၸတာသခ်ၸတာဒိဘေဒါ၊ သခ်ၸတ အသခ်ၸတစသည် အပြားရှိကုန်သော။ သဗ္ဗမမ္မာ၊ အလုံးစုံသော တရားတို့သည်။ သခ်ၸိရော ဝိကာရော လက္ခဏံ နိဗ္ဗာနံ ပညတ္တိတိ၊ သခ်ၸိရတရား, ဝိကာရတရား, လက္ခဏာ တရား, နိဗ္ဗာန်တရား, ပညတ်တရားဟူ၍။ ပဋ္ဌေဝ နေယျပထာ၊ ဥေ္ဃယျခံတရား ငါးပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏–လို့ ပြဆိုထားပါတယ်။

အဲဒီ ဥယျဓံတရား ငါးပါးကို သိရာမှာ ဝေနေယျသတ္တဝါတို့၏ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့်ကို သိတာလဲ ပါတယ်၊ အလိုအကြိုက်အာသယနှင့် အနုသယကိလေသာတို့ကို သိတာလဲ ပါတယ်၊ အဲဒီလို သိတဲ့ ဣန္ဒြိယပရောပရိယတ္တဉာဏ်နဲ့ အာသယာနုသယဉာဏ်ဆိုတဲ့ ဒီ ဉာဏ် ၂-ပါးကို ဗုဒ္ဓစက္ခု=ဘုရားမျက်စိလို့ ခေါ်တယ်၊ အဲဒီ ဘုရားမျက်စိဖြင့် ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်ရှု ရှေးချယ်တော်မူပါတယ်၊ အဲဒီလို ရှေးချယ်ပြီး အဲဒီ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ဟောသင့်တဲ့ အချိန်မှာ ဟောသင့်တဲ့ တရားကို ဟောတော်မူပါတယ်။ ဒါကြောင့် "အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေးမခက်ပါ" ဆိုသလိုပင် မြတ်စွာဘုရား၏တရားတော်ကို နာရတဲ့ ပုဂ္ဂိုလ်တွေဟာ အလျင်အမြန် တရားထူးကို ရသွားကြပါတယ်။

အဲဒီလို တရားဟောရာမှာ ဝေနေယျ သတ္တဝါတို့၏ အခြေအနေကို သိတာရယ်၊ ဟောသင့်တဲ့တရားကို သိတာရယ်၊ ဘယ်လို ဟောရမယ်ဆိုတဲ့ ဟောသင့်တဲ့ အခြင်းအရာကို သိတာရယ် ဒီသုံးပါးလဲ ဗုဒ္ဓဂုဏ်တော်ရဲ့ စွမ်းရည်သတ္တိတွေပါဘဲ။ ဒါကြောင့် "ပဇာယ၊ ဝေနေယျသတ္တဝါ အပေါင်းကို။ ဗောဓေတာ၊ သိစေတော်မူတတ်၏။ ဝါ၊ တရားထူးကို သိအောင် ဟောတော်မူတတ်၏။ ဣတိ၊ ဤအကြောင်းကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူတယ်လို့လဲ ဖွင့်ပြတော်မူပါတယ်၊ ဒါကြောင့် ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလို စီထားပါတယ်။

ဗုဒ္ဓဂုဏ်တော်ဖွင့်

စိတ်တခုယူတ် ကိုးဆယ်၊ စေတသိက် ၅၂-ပါး၊ နိုပ္ပန္နရူပ် ၁၈-ပါး ဟူသော သခ်ါရတရား၊ ဝိကာရရူပ် ငါးပါး ဟူသော ဝိကာရတရား၊ သခ်တလက္ခဏာ, သာမညလက္ခဏာ ဟူသော လက္ခဏာတရား၊ နဗ္ဗာန်တရား၊ အမျိုးမျိုးသော ပညတ် တရား အားဖြင့် ပိုင်းခြားရှု သိသင့်သိထိုက်သော ဥယျဓံတရား ငါးပါး၊ သခ်တ, အသခ်တ စသည် ပြားသော တရား အလုံးစုံကို ကိုယ်တော်တိုင် သိတော်မူပြီးရှု ဝေနေယျ မျှားစွာ ဗြဟ္မာနတ်လူ သုံးဘုံသူတို့အားလဲ ဟောကြားညွှန်ပြလျက် သိသင့်သမျှ သိစေတော်မူတတ်သောကြောင့် ရတော်မူသော ဗုဒ္ဓ ဟူသော အမည်

တော်နှာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား တဲ့။

အဲဒါကို ရှုတ်ဆိုပြီး ကြည်ညိုကြရမယ်—

စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ၅၂-ပါး။ပ။ ကျော်စောတော်မူပေသော မြတ်စွာဘုရား....။

အရဟံဂုဏ်တော်ဖြင့် နိုဂုံးချုပ်ခြင်း အကြောင်း

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို **အ**ရဟံ ဂုဏ်တော်ဖွင့်ဖြင့် နိုဂုံးချုပ်ပြီး ဟောခြင်း၏ အကြောင်းကတော့ မြတ်စွာဘုရားမှာ **အ**ရဟံ ဂုဏ်တော်ကြီးနဲ့ အထူးဝိသေသ ပြည့်စုံတော်မူတယ်ဆိုတာကိုလဲ ကြည်ညိုကြစေလိုတယ်၊ နောက်ပြီးတော့ သာဝကရဟန္တာတွေမှာလဲ ဒီအရဟံဂုဏ်နဲ့ သာမည အားဖြင့် ပြည့်စုံကြတယ်ဆိုတာကိုလဲ သိပြီး အဲဒီလို ပြည့်စုံအောင် အားထုတ်ရမယ် ဆိုတာကိုလဲ သိစေလိုပါတယ်၊ ဒါကြောင့်ပါဘဲ။ ရဟန္တာ**အ**ရှင်မြတ်တွေဟာ ကိလေသာ လုံးဝကင်းငြိမ်းပြီးချည်း ဖြစ်တော်မူကြပါတယ်၊ ဒါကြောင့်ကိလေသာတို့မှ ကင်းဝေးစင်ကြယ်တဲ့ အရဟံဂုဏ်၊ ကိလေသာ ရန်သူကို ပယ်သတ်တဲ့ **အ**ရဟံဂုဏ်၊ သံသရာစက်၏ ထောက်အကန့်တို့ကို ဖျက်ဆီးတဲ့ အရဟံဂုဏ်၊ ပူဇော်အထူးကို ခံထိုက်တဲ့ အရဟံဂုဏ်၊ ဆိတ်ကွယ်ရာ မရှိတဲ့ အရဟံဂုဏ်ဆိုတာတွေကို သာဝကရဟန္တာ အရှင်မြတ်တွေလဲ သာမန်အနေ**အ**ားဖြင့် ရတော်မူကြပါတယ်၊ ရဟန္တာဆိုယင် အရဟံဆိုတဲ့ အမည်ကိုတော့ ရတာချည်းဘဲ၊ ဒါကြောင့် ပါဠိတော်မှာ ရဟန္တာ ပုဂ္ဂိုလ်ကို "အရဟံ ခီဏာသဝေါ"လို့ ဌာနပေါင်း မျိုးစုံမှာ ဟောထားပါတယ်၊ အဲဒီ "အရဟံ=**အ**ရဟန္တ"ဆိုတဲ့ ပါဠိမှ ရဟန္တံ့လို့ မြန်မာပြန်ဆိုထားခြင်းဖြစ်ပါတယ်။

ဒါကြောင့် နောက်ဆုံးတချိန်မှာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီး အဲဒီ အရဟံဆိုတဲ့ ဘွဲ့အမည်ကို ခံယူကြရအောင် ဒွါရ ၆-ပါးမှ ထင်ရှားပေါ်လာသော ရုပ်နာမ်တရားတို့ကို ရှုမှတ်သောအားဖြင့် ကိလေသာတွေကို ပယ်ကြရမယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဘီးကြီး၏ ထောက်အကန့်တွေကိုလဲ ပယ်ဖျက်ကြရမယ်၊ မျက်မှောက် မျက်ကွယ် စင်ကြယ်နိုင်သမျှ စင်ကြယ်အောင်လဲ ကြိုးစားကြရမယ်။

ကဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ဆောင်ပုဒ်မျှားဆိုပြီး နိဂုံးချုပ်ကြစို့။

မြန်မာပြန် ဆောင်ပုဒ်

အဝိဇ္ဇာကြောင့် အားထုတ်မှု သင်္ခါရတို့ဖြစ်ကြသည်၊ သင်္ခါရကြောင့် ဘဝသစ်ဝိညာဏ် ဖြစ်သည်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်၊ နာမ်ရုပ်ကြောင့် အာယတန ၆-ပါးဖြစ်သည်၊ အာယတနကြောင့် အာရုံကို တွေ့မှု ဖဿဖြစ်သည်၊ ဖဿကြောင့် အကောင်း အဆိုး ခံစားမှု ဝေဒနာ ဖြစ်သည်၊ ဝေဒနာကြောင့် တပ်မက်ဆာလောင်မှု တဏှာဖြစ်သည်၊ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန် ဖြစ်သည်၊ ဥပါဒါန်ကြောင့် ဖြစ်ကြောင်းကံ ဘဝ ဖြစ်သည်၊ ဖြစ်ကြောင်း ကံကြောင့် ဘဝအသစ်ဖြစ်မှု ဇာတိ ပေါ်လာသည်၊ ဇာတိကြောင့် အိုခြင်း သေခြင်း ပေါ်လာသည်၊ စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းတို့ ဖြစ်ပေါ်လာကြသည်။ ဤအစဉ်ဖြင့် ချမ်းသာနှင့် မရောမယှက် သက်သက် ဆင်းရဲအစုသာလျှင် ဖြစ်ပေါ်လျက်ရှိခဲ့သည်။

ခေါင်းစဉ် မူလဆောင်ပုဒ်ကြီး

အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မြော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ၆-ရပ် အာယတန၊ ဖဿ ၆-ဖြာ၊ ဝေဒနာကြောင့်၊ တဏှာ ၆-တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန် အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အိုကာသေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေးကိုယ်နှမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်၊ လုံးဝ ဆင်းရဲစုသာတည်း။

အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးပေါ်ပုံ

အမှန်မသွား အမှားသိမြင်၊
အဝိဇ္ဇာဖုံး ကောင်းလုံး မှတ်ထင်၊
စိတ်–ကိုယ်–နှုတ်မှု ကြံ–ပြု–ပြောလျှင်၊
ဝိညာဏ်စပ် နောက်ထပ်သန္ဓေရှင်။

ပစ္စုပ္ပန်အကျိုး ငါးပါး ပေါ်လာပုံ

ဝိညာဏ်မျိုးစေ့ စဉ်ဖြစ်လျှင်၊
နာမ်နှင့်ရုပ်လဲ ပူးတွဲပါဝင်၊
အာယတန ဖဿပေါ်ထင်၊
ကောင်းဆိုးမျှား ခံစားမိရိုးပင်။

ပစ္စုပ္ပန်အကျိုးနှင့်စပ်၍ အကြောင်းအသစ်ပေါ်လာပုံ

ခံစားသည့်တွက် တပ်မက်ခင်မင်၊
မည်သို့ပြုငြား ကောင်းစားမည်ထင်၊
ဝင်စားစွဲလမ်း ရော်ရမ်းပြုလျှင်၊
နောင်ဘဝ ဖြစ်ရ ဇာတိပင်။

အနာဂတ်အကျိုးမျှား ပေါ်လာပုံ

ဘဝဇာတိ သူရှိပြန်လျှင်၊
အို သေ ပူဆွေး ငိုကြွေး ထို့ပြင်၊
ကိုယ်–စိတ်ဆင်းရဲ ထန်သဲပူပင်၊
သို့ဖြစ်ရ လုံးဝ ဆင်းရဲပင်။

နိဂုံးချုပ် အာသီသ ဆုတောင်းပတ္ထနာ

ဤ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ရှိသေစွာ နာယူမှတ်သား ကြရသော ဓမ္မသဝနဥက္ကဋ္ဌကုသိုလ်ကံစေတနာတို့၏ အစွမ်း အာနုဘော်ကြောင့် တရားနာ

ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် ရုပ် နာမ်တရားတို့ကို ရှုမှတ် နှလုံးသွင်းသောအားဖြင့် အကြောင်း အကျိုး ဆက်စပ်လျက် မပြတ် ဖြစ်သောပဋ္ဌိစ္စသမုပ္ပါဒ်တရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိမြင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....၊ သာဓု....၊ သာဓု....၊

ကောဒသမပိုင်း ပြီး၏။

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး ပြီး၏။

အမှတ် ၁-ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းပုံ

ပဋ္ဌိစ္စသမုပ္ပါဒ် ၁၂ ပါး
ကာမဘဝ
ရူပဘဝ
အရူပဘဝ

ထားသည်၊ ထိုနည်းဖြင့်ပင် ရူပပုညာဘိသင်္ခါရကို ၃-ကန့်၊ အပုညာဘိသင်္ခါရကို ၂-ကန့်၊ အာနေဉ္ဇာဘိသင်္ခါရကို ၂-ကန့် ခွဲ၍ ပြထားသည်။

အနု အနု အမတဂ္ဂံ-ဟူသော ဋ္ဌိကာအဖွင့်နှင့်အညီ အနမတဂ္ဂ-အစမထင် ပုံမှာ—

(၁) အပင်တွေ့ဘီ၊ မျိုးစေ့ရှိ၊ ကြံ့သိန့်ပေသည်။

(၂) မျိုးစေ့ရှိက၊ သူ့ပင်မ၊ ရှိရပြန်ချေသည်။

(၃) ဤနည်းအရ၊ ရှာကြံက၊ အစ မထင်ပြီ။

(၄) နည်းတူရှာက၊ သံသာရ၊ အစ မထင်ပြီ။

(၅) ယခုဘဝ၊ ကျိုးဖြစ်ရ၊ ရှေးက ကြောင်းရှိသည်။

(၆) ထိုကြောင်းမှီရာ၊ ကျိုးငါးဖြာ၊ ထိုခါ ရှိခဲ့သည်။

(၇) ထိုကျိုးဖြစ်ဖွယ်၊ ကြောင်းငါးသွယ်၊ ရှေးဝယ် ရှိခဲ့သည်။

(၈) ဤနည်းအရ၊ ရှာကြံက၊ အစ မထင်ပြီ။

ကမ္ဘာ့ဗဟိုဝင်ရိုး
ကမ္ဘာ့ဗဟိုဝင်ရိုး
ကမ္ဘာ့ဗဟိုဝင်ရိုး

သူမှာ၊ ဝေဒနာကြောင့်၊ တဏှာဝင်္ဂမြစ်၊ မဖြစ်လှာပဲ၊ စက်ပြတ်စဲသည်-ဆင်းရဲချုပ်ငြိမ်း လေသတည်း။

ရှိသိသူမှာ တဏှာမှစ၍ ချုပ်ပုံရှင်းပြချက်

အထက်ပါ အကျဉ်းချုပ်လင်္ကာ၌ "အင်္ဂါငါးတန် ပစ္စုပ္ပန်တရား အကျိုးများကို ထင်ရှားမိမိ ရှိသိသူမှာ" ဟူရာဝယ် ဆိုလိုသည်မှာ–ယခု မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ဖြစ်ပေါ်နေသော မြင်သိဝိညာဏ် အစရှိသော ဝိညာဏ်နှင့်တကွ နာမ်ရုပ် အာယတန ဖဿ ဝေဒနာဟူသော ပစ္စုပ္ပန် အကျိုးငါးပါးတို့ကို ဖြစ်တိုင်း ဖြစ်တိုင်း သဘာဝလက္ခဏာ, အဖြစ်အပျက်, အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ဖြင့် ထင်ထင် ရှားရှား ထိထိ မိမိ ရှိသိနေသောသူမှာ-ဟု ဆိုလို၏။

"ဝေဒနာကြောင့် တဏှာဝင်္ဂမြစ် မဖြစ်လှာပဲ" စသည်၌ ဆိုလိုသည်မှာ – ထိုသို့ ထိထိမိမိ ရှိသိနေသောသူမှာ ရှိသိတိုင်း ရှိသိတိုင်း အနိစ္စအခြင်းအရာ စသည်ဖြင့် မှန်စွာသိရသော ရုပ်နာမ်အာရုံ၌ အာရမ္မဏာနုသယခေါ် ဖြစ်ထိုက်သော တဏှာသည် တဒင်္ဂအားဖြင့် ချုပ်ငြိမ်း၏၊ ထိုကြောင့် ထိုတဏှာမှ ဆက်၍ဖြစ်မည့် ဥပါဒါန် ၁၁၀ ဇာတိ ဇရာမရဏတို့သည်လည်း ချုပ်ငြိမ်းကြလေသည်၊ ဤသို့ဝိပဿနာဖြင့် ချုပ်ငြိမ်းပြီးနောက် အရိယမဂ်ခဏ၌ သန္တာနာနုသယ တဏှာသည်လည်း သမုစ္ဆေဒအားဖြင့် ချုပ်ငြိမ်း၍ ဥပါဒါန်စသည်တို့သည်လည်း အပြီးတိုင် ချုပ်ငြိမ်းသွားကြလေသည်ဟု ဆိုလို၏။ ဤသို့ ချုပ်ငြိမ်းပုံကိုပင် ရည်၍ နိဒါနဝဂ္ဂသံယုတ် သမ္မသသုတ် (နာ ၃၃၃) ၌–

> ယံ လောကေ ပိယရူပံ သာတရူပံ၊ တံ အနိစ္စတော ပဿန္တိ၊ ဒုက္ခတော အနတ္တတော ပဿန္တိ၊ တေ တဏှံ ပဇဟန္တိ ဥပဓိံ ပဇဟန္တိ ဒုက္ခံ ပဇဟန္တိ=ချစ်ဖွယ် သာယာဖွယ်သဘောဟု ဆိုအပ်သော မြင်မှု ကြားမှု စသည်ကို အနိစ္စ ဒုက္ခ အနတ္တဟု ရှိသိသောသူတို့သည် တဏှာကို ပယ်စွန့်ကုန်၏၊ ဥပဓိမည်သော ခန္ဓာကိုယ်ကို ပယ်စွန့်ကုန်၏၊ ဆင်းရဲကို ပယ်စွန့်ကုန်၏–စသည်ဖြင့် ဟောတော်မူလေသည်။

ထိုနိဒါနဝဂ္ဂသံယုတ် (နှာ-၃၀၀)ဒုက္ခသုတ်စသည်တို့၌လည်း –

တဿာ ယေဝ တဏှာယ အသေသဝိရာဂနိရောဓာ ဥပါဒါနနိရောဓော = (ဝေဒနာကြောင့်ဖြစ်ထိုက်သော) ထိုတဏှာ၏ ပင်လျှင် အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့် ဥပါဒါန်၏ ချုပ်ခြင်း ဖြစ်မြောက်ပြီးစီးသည် – စသည်ဖြင့် ဟောတော်မူလေသည်။

ဝေဒနာနိရောဓာ တဏှာနိရောဓော–ဟု ဝေဒနာကစ၍ ချုပ်ပုံကို ဟောသော ဒေသနာကား မရှိပေ၊ ရှိရန်လည်း မသင့်ပေ။ အဘယ့်ကြောင့်နည်းဟူမူ—အကျိုးတရားဖြစ်သော ဝေဒနာကို ချုပ်စေရန် ရဟန္တာများပင် မစွမ်းနိုင်၊ ရဟန္တာများ သန္တာန်၌လည်း အကျိုးဝေဒနာဖြစ်လျက် ရှိသောကြောင့် ပေတည်း။

ထိုပဋ္ဌိစ္စသမုပ္ပါဒ်စက်၌ တဏှာအစရှိသော ပစ္စုပ္ပန် အကြောင်းတရားနှင့် အနာဂတ် အကျိုးတရားတို့ကိုပယ်၍ ဆင်းရဲမှု လွတ်လိုလျှင် သမ္မသသုတ်၌ ပြထားသည့်အတိုင်း ပိယရူပ သာတရူပ-ဟု ခေါ်သော ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာဟူသော အကျိုးတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု မှန်ကန်စွာ ရှုသိရပေမည်။ ထိုသို့ ရှုသိရမည့် အကျိုးတရားတို့တွင်—

(၁) ဝိညာဏ်ဟူသည်မှာ မြင်သိဝိညာဏ် ကြားသိဝိညာဏ် နံသိဝိညာဏ် စားသိဝိညာဏ် ထိသိဝိညာဏ် ကြံသိဝိညာဏ် ဤ ၆-ပါးတို့ပင် ဖြစ်သည်။

(၂) နာမ်ဟူသည်မှာ ထိုဝိညာဏ်တို့နှင့် ယှဉ်သော တပေါင်းတည်းဖြစ်သော စေတသိက်တရားတို့ပင် ဖြစ်သည်။ ရူပ်ဟူသည်မှာလည်း ထိုဝိညာဏ်နှင့်တကွ ထင်ရှားဖြစ်ပေါ်လာသော ရူပ်များပင် ဖြစ်သည်။

(၃) သဠာယတနဟူသည်မှာ မျက်စိ နား နှာ လျှာ ကိုယ် စိတ်–ဟူသော အတွင်း အာယတန ၆-ပါးနှင့် မြင်ရသည့်အဆင်း၊ ကြားရ

သည့်အသံ၊ နံ့ရသည့်အနံ့၊ စားသိုက်သည့်အရသာ၊ ထိသိုက်သည့်အတွေ့၊ ကြံသိုက်သည့် သဘောအာရုံ–ဟူသော အပြင်အာယတန ၆-ပါးတို့ပင် ဖြစ်သည်။

(၄) ဖဿဟူသည်မှာ မြင်တွေ့မှု ကြားတွေ့မှု နံတွေ့မှု စားတွေ့မှု ထိတွေ့မှု ကြံတွေ့မှု ဟူသော အာရုံနှင့် ထင်ရှားတွေ့မှု ၆-ပါးတို့ပင် ဖြစ်သည်။

(၅) ဝေဒနာဟူသည်မှာ မြင်တွေ့၍ ကောင်းခြင်း ဆိုးခြင်း မကောင်းမဆိုး ရိုးရိုးဖြစ်ခြင်း၊ ကြားတွေ့၍ ကောင်းခြင်း ဆိုးခြင်း မကောင်းမဆိုး ရိုးရိုးဖြစ်ခြင်း၊ နံတွေ့၍ ကောင်းခြင်း....၊စားတွေ့၍ ကောင်းခြင်း....၊ထိတွေ့၍ ကောင်းခြင်း....၊ကြံတွေ့၍ ကောင်းခြင်း ဆိုးခြင်း မကောင်းမဆိုး ရိုးရိုးဖြစ်ခြင်း ဟူသော ဤ ၆-ပါးတို့ပင် ဖြစ်သည်။

ဤမျှဖြင့် သံသရာစက်လည်ပုံ သံသရာစက်ပြတ်ပုံ သံသရာစက် ပြတ်အောင် ရှုပုံတို့ကို အကျဉ်းအားဖြင့် သိနားလည်လောက်ပေပြီ။

အသေးစိတ် ရှင်းပြချက်

၁။ **မူလနှစ်ဖြာ** .....အဝိဇ္ဇာနှင့် တဏှာ။

၂။ **ဒွေးသစ္စာ** .....သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ။

၃။ **အလွှာလေးထပ်**....(၁) အတိတ် အကြောင်းလွှာ – အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ငါးပါး။

(၂) ပစ္စုပ္ပန်အကျိုးလွှာ–ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ငါးပါး။

(၃) ပစ္စုပ္ပန်အကြောင်းလွှာ–တဏှာ ဥပါဒါန် ကမ္မ-ဘဝ **အဝိဇ္ဇာ** သင်္ခါရ ငါးပါး။

(၄) အနာဂတ်အကျိုးလွှာ – ဇာတိ ဇရာမရဏာ၊ ဝိညာဏ် စသည် အကျိုးငါးပါး။

၄။ ဝဋ္ဌသုံးရပ်.....(၁) ကိလေသဝဋ္ဌ – အဝိဇ္ဇာ တဏှာ ဥပါဒါန်။

(၂) ကမ္မဝဋ္ဌ – သင်္ခါရ ကမ္မဘဝ။

(၃) ဝိပါကဝဋ္ဌ – ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာမရဏာ။

၅။ အစပ်သုံးဖြာ .... အတိတ်အကြောင်း သင်္ခါရနှင့် ပစ္စုပ္ပန်အကျိုး ဝိညာဏ်အကြား ၁ – စပ်။
ပစ္စုပ္ပန်အကျိုး ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း တဏှာအကြား ၁ – စပ်။
ပစ္စုပ္ပန်အကြောင်းဘဝနှင့် အနာဂတ်အကျိုး ဇာတိ အကြား ၁ – စပ်။

၆။ အင်္ဂါဆဲ့နှစ်ဝ .....(၁) အဝိဇ္ဇာ၊ (၂) သင်္ခါရ၊....(၁၂)ဇရာမရဏာ။

၇။ ကာလ သုံးသွယ် ....(၁) အတိတ်အဓွန့်ကာလ – အဝိဇ္ဇာ သင်္ခါရ။

(၂) ပစ္စုပ္ပန် အဓွန့်ကာလ – ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ။

(၃) အနာဂတ် အဓွန့်ကာလ – ဇာတိ ဇရာမရဏာ။

၈။ နှစ်ဆယ်ခြင်းရာ... .....အတိတ်အကြောင်းလွှာ ငါးပါး၊
ပစ္စုပ္ပန်အကျိုးလွှာ ငါးပါး၊
ပစ္စုပ္ပန်အကြောင်းလွှာ ငါးပါး၊
အနာဂတ်အကျိုးလွှာ ငါးပါး၊ ပေါင်း ၂၀ ဖြစ်သည်။

ပြန်ကြားရေးဦးစီးဌာန
ဗဟိုတောင်တန်းကားပြန်ပြုပြင်ရေးကုမ္ပဏီ
အမှတ် ၂-၄-၂-၆-၂
ရက်စွဲ.....

ပ-မ-သ-စ—၆၄၆—၁၆-၉-၂၅—၃၀၀၀-အုပ်

ဗုဒ္ဓ
ဓမ္မ
သံဃာ
ဥတု
ဗီဇ
ဝိညာဏ်
ငါးပါးတည်း